မြန်မာ့ခေတ်



# မြူတိမ်ဝေဝေ တောင်ခိုးဝေးဝေး

ပြေ (ဆေး-၂)

# Twilight Over Burma

## My Life As A Shan Princess

Inge Sargent

www.facebook.com/NyisayEbookCreator

www.nyisay.com

မြန်မာ့ခေတ်

**မြန်မာ့ခေတ်စာအုပ်တိုက်**

အမှတ် ၂၄၄-၂၅၄၊ အခန်း (R-၉၄)၊ ဆိပ်ကမ်းသာလမ်း (အထက်)၊
ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း ၀၉-၄၂၂၅၄၀၅၉၆၊ ၀၉-၇၃၁၀၃၂၄၃
E-mail : themyanmaage.books@gmail.com
Website : twww.themyanmaage.com

www.nyisay.com

မြန်မာ့ခေတ်စာအုပ် (၃)

# မြူတိမ်ဝေဝေ တောင်ခိုးဝေးဝေး

ပြေ (ဆေး-၂)

မြန်မာပြန်

# Twilight Over Burma

## My Life As A Shan Princess

Inge Sargent

www.nyisay.com


## ပုံနှိပ်မှတ်တမ်း

| | | |
|---|---|---|
| ပုံနှိပ်ခြင်း | – | ၂၀၁၃ ၊ ဖေဖော်ဝါရီ (ပထမအကြိမ်) |
| ထုတ်ဝေသူ | – | မလှလှဝင်း (မြန်မာ့ခေတ်စာပေ) (၁၇၆၈)၊ အမှတ် (၂၅၆/၂၆၆)၊ ဆိပ်ကမ်းသာလမ်း(အထက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ |
| ပုံနှိပ်သူ | – | ဦးတင်အောင်ကျော် (မြ ၀၇၀၅၃)၊ စွယ်တော်ပုံနှိပ်တိုက်၊ အမှတ် (၁၄၇)၊ ၅၁–လမ်း၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့။ |
| မျက်နှာဖုံး | – | မအေးဖြူအောင် |
| အုပ်ရေ | – | ၅၀၀ အုပ် |
| တန်ဖိုး | – | ၄၀၀၀ ကျပ် |
| ဖြန့်ချိရေး | – | မြန်မာ့ခေတ် မီဒီယာဂရု(ဖ်)<br>၀၉–၄၂၂၅၄၀၅၉၆ ၊ ၀၉–၈၇၂၁၀၁၈ |

ပြေ (ဆေး–၂) ၈၉၅ ∘ ၈၃

မြူတိမ်ဝေဝေ တောင်နိုးဝေးဝေး၊ ပြေ (ဆေး–၂)၊ ရန်ကုန်
မြန်မာ့ခေတ်စာပေ၊ ပထမအကြိမ်၊ ၂၀၁၃။
စာ– (၃၆၇)၊ ၁၃ x ၂၁ စင်တီ
(၁) မြူတိမ်ဝေဝေ တောင်နိုးဝေးဝေး

www.nyisay.com



၁၉၆၂ ခု မတ်လ ၂ ရက်နေ့ တပ်မတော်မှ အာဏာသိမ်းချိန်တွင် ပျောက်ဆုံးသွားသော သီပေါစော်ဘွား စဝ်ကြာဆိုင်အား ဤစာအုပ်ဖြင့် ရည်ညွှန်းပါသည်။

❖

# ဇာတ်လမ်း အစ

၁၉၆၆ နေခြည်ပွင့်သော ဖွန်နွေးနွေးလယ်ခင်းတွင် လိပ်ခုံးဘီးတဲလ် ဘောက်ဝပ်ဂွန်းကားလေးသည် ၁၅ ခုမြောက် ဒိစကြိတ်၊ ဩစတြီးယား နိုင်ငံ၏ မြို့တော် ဗီယင်နာမြို့ရှိ ၁၇ ရာစု ဥရောပအနုပညာဖြင့် ဆောက်လုပ်ထားသော ရဲတိုက်ပုံ ရှဲလောစ်လော်ဒွန်ဖိမ်ခံဟိုတယ်သို့ ဦးတည်ပြီး သွားနေလေသည်။ သံတံခါးဂိတ်တွင် ရဲသားအစောင့်က ကားပေါ်တွင်ပါလာသော ဗီယင်နာရှိ ထိုင်းသံရုံးက သံဝန်ထမ်းတစ်ဦး၏ ကတ်ပြားကိုကြည့်ပြီးနောက် ဟိုတယ်တွင်းသို့ ဝင်ခွင့်ပြုလိုက်သည်။

လိပ်ခုံးကားလေးသည် ကျောက်စရစ်ခင်းလမ်းလေးပေါ်တကျိုကျို မြည်ရင်းလှပသပ်ရပ်သော ဥယျာဉ်လေးကိုဖြတ်ပြီး ဟိုတယ်ရှေ့တွင် ရပ်လိုက်သည်။ အရှေ့တောင်အာရှသူဟန် ဆံစများကို စုစည်းထားသော ဥရောပ အမျိုးသမီးငယ်တစ်ယောက်သည် ကားပေါ်မှဆင်းလိုက်ပြီး ဟိုတယ်ရှေ့က ဝင်ပေါက် မာဘယ်လ်ကျောက်ပြားလှေကားပေါ်တက်လိုက်သည်။ ဥရောပ အာရှနွယ် ၁၀ နှစ်အရွယ် မိန်းကလေးနှင့် ၇ နှစ်အရွယ် မိန်းကလေးတို့ကို သူမ လက်တစ်ဖက်စီတွင် တင်းတင်းဆုပ်ကိုင် ထားလေသည်။

ဟိုတယ်၏ကြီးမားကျယ်ဝန်းသော အဝင်ခန်းမကြီးထဲ ဝင်လိုက်သည်။ ခန်းမကြီးထဲတွင် ၁၈ ရာစုနှစ်ဟန် ပရိဘောဂများဖြင့် ပြင်ဆင်ထားလေသည်။

ဟိုတယ်ထဲရှိ အာရှသားဧည့်သည်များသည် ဝင်လာကြသော သူ တို့ကို မျက်လုံးသန်းဝိုင်းစက်စက်ဖြင့် စူးစူးစေးကြည့်နေကြလေသည်။ ကလေး နှစ်ယောက်လက်ကို မြဲမြဲဆုပ်ကိုင်ထားရင်း သူမသည် ထိုဧည့်သည်များဆီ

www.nyisay.com



တည့်တည့်ဦးတည်ပြီး သွားလိုက်သည်။ အာရှအမျိုးသမီးတစ်ယောက်၏ ရှေ့ရောက်လျှင် သူမရပ်လိုက်ပြီး ဗမာစကားပီပီသသဖြင့် ...

"ကျွန်မ မိုလ်ချုပ်နဲ့တွေ့ချင်ပါတယ်"

အာရှအမျိုးသမီးသည်သူမကို ငဲ့စောင်းကြည့်ပြီးနောက် ဒုတိယထပ်ရှိ ဝရန်တာဆီ သုတ်သုတ်လျှောက်သွားလိုက်လေသည်။ ဥရောပအမျိုးသမီးသည် ဝရန်တာပေါ်တွင်ရပ်နေသော အရပ်ရှည်ရှည် အာရှသား အမျိုးသားကြီး တစ်ယောက်ကို ဖျတ်ခနဲ အသေအချာမြင်လိုက်ရသည်။ ထိုအမျိုးသားကြီးသည် ဝရန်တာလက်ရန်းတိုင်လုံးနောက်ကို ကွယ်လိုက်သည်။ ထို့နောက် သူသည် အခန်းတစ်ခုအတွင်းသို့ ပြေးဝင်ပျောက်ကွယ် သွားလေသည်။ သူက အခန်းတံခါးကို လုံးလုံးပိတ်လိုက်သည်။

"ကျေးဇူးပြုပြီးထိုင်ပါဦး။ လက်ဖက်ရည်သောက်ပါဦး"ဟု အာရှအမျိုးသမီးက စိတ်လှုပ်ရှားစွာဖြင့် ပြောလေသည်။

"ကျေးဇူးပါပဲ၊ မသောက်တော့ပါဘူး။ ကျွန်မလာတာက ကိုယ်ရေးကိုယ်တာကိစ္စ ဆွေးနွေးချင်လို့ မိုလ်ချုပ်နဲ့တွေ့ပါရစေ"

ကလေးနှစ်ယောက်လက်ကို မြဲမြဲဆုပ်ကိုင်ထားရင်း သူမပြော လိုက်သည်။

"အာ ... အာ ... မိုလ်ချုပ်ကြီး နေမကောင်းပါဘူး။ အခု အနားယူနေပါတယ်။ သိပါတယ်နော်"

အာရှအမျိုးသမီးက တွန့်ဆုတ်ဆုတ် ပြန်ဖြေသည်။

"သူနေမကောင်းဘူး ဟုတ်လား။ အခုပဲ သူအပေါ်ထပ်က အခန်းထဲပြေးဝင်သွားတာ ကျွန်မမြင်လိုက်တာပဲ"

သူမစိတ်ဆိုးမာန်ဆိုး ပြန်ပြောလိုက်သည်။

ဒုတိယထပ်က အခန်းတစ်ခုထဲ ပြေးဝင်ပျောက်ကွယ်သွားသော အမျိုးသားကြီးသည် မြန်မာပြည်က စစ်အာဏာရှင် မိုလ်ချုပ်နေဝင်းဖြစ်လေသည်။ ဥရောပအမျိုးသမီးကို လက်ခံစကားပြောနေသူမှာ မိုလ်ချုပ်၏ဇနီးသည် ဒေါ်ခင်မေသန်းဖြစ်ပြီး မိုလ်ချုပ်နေဝင်းသည် သူ၏စိတ်ရောဂါ ကိုကုသရန် ဩစတြီးယားနိုင်ငံသို့ ရောက်ရှိနေခြင်းဖြစ်လေသည်။

သူသည် ဟိုတယ်တစ်ခုလုံးကို ငှားထားလိုက်ပြီး ဩစတြီးယားနိုင်ငံရှိ နာမည်ကြီးစိတ်ရောဂါ အထူးကုဆရာဝန်ကြီး ဒေါက်တာဟန်းဟောဖ့်၏ ကုသမှု

www.nyisay.com



ကို နေ့စဉ်ခံယူနေခြင်းဖြစ်လေသည်။

မိုလ်ချုပ်နေဝင်းကိုတွေ့ရန် ရောက်လာသူ အရပ်မြင့်မြင့် ဥရောပ သူသည် Inge Eberhard အင်းဂ်အီဘာဟတ်ဒ်ဖြစ်သည်။ သူမသည် စဝ်နန်း သုစန္ဒီဟုကျော်ကြားပြီး အရှေ့မြောက်တောင်တန်းများကိုအုပ်စိုးခဲ့သော သီပေါ စော်ဘွားကြီး၏ မဟာဒေဝီတစ်ပါးဖြစ်လေသည်။ သူမ၏ မောင်တော်သည် စဝ်ကြာဆိုင်ဖြစ်ပြီး လက်ထဲ မြဲမြဲဆုပ်ကိုင်ထားသော ကလေးနှစ်ယောက်မှာ မာယာရီနှင့် ကိန္နရီဖြစ်လေသည်။

❖

www.nyisay.com



## အခန်း ၁

အေးတိတ်ငြိမ်သက်နေသော နံနက်ခင်းကို ထူးထူးခြားခြား အသံတွေက ဖျက်ဆီးပစ်လိုက်ကြောင်း သုစန္ဒီ သိလိုက်ရလေသည်။ သူမအိပ်မက်တွေပျက်ရလေပြီ။ သည်လိုဖြစ်လာလိမ့်မည်ဟု ဟိုးလွန်ခဲ့သော နှစ်တွေကပင် သူတို့ မျှော်တွေးနေခဲ့ကြဖူးလေသည်။ အခုတော့ ရောက်လာခဲ့သည်။ သူမ တံခါးမကြီးကို အသာဖွင့်ပြီး ဝရန်တာကို ကြည့်လိုက်သည်။ သေချာအောင် သူမသမီးတွေကို ကြည့်လိုက်သည်။ သူတို့က ကုတင်ပေါ်တွင် သူ့ အဖေဘက်မှာ နှစ်နှစ်ခြိုက်ခြိုက် အိပ်ပျော်နေကြလေသည်။ သူမသည် ဝရန်တာမှနေ၍ ဟော်နန်းတော်ရှေ့ဘက်ကို ကြည့်လိုက်သည်။ လက်နက်ကိုင် ဗမာစစ်သားတစ်ရာလောက်က ဝိုင်းထားသည်။

ကျောက်တုံးများဖြင့် အခိုင်အမာဆောက်လုပ်ထားသော တံတိုင်းအတွင်းက ဟော်နန်းကို သရဲ၊ သဘက်အုပ်ကြီးက ဝိုင်းထားလေသည်။ စီတန်းရပ်နေကြသော တူညီယူနီဖောင်းနှင့် ဦးထုပ်ဆောင်းထားကြသော ဗမာစစ်သားများသည် တံတိုင်းနောက်မှာ ထိုးထွက်နေကြသည်။ ချုံပုတ်ခြောက်တွေပေါ် စစ်ဖိနပ်ဖြင့်နင်းသည့် ချွတ်ချွတ်မြည်သံ၊ တိုပြတ်ပြတ်အမိန့်ပေးသံတွေ တိတ်ဆိတ်နေသော လင်းအရုဏ်စောစောမှာ ပေါ်ထွက်လာသည်။ သည်အချိန်လေးမှာပဲ သုစန္ဒီ ကိုယ့်ကိုယ်ကိုယ်ပင် မယုံကြည်နိုင်လောက်အောင် ခံစားလိုက်ရလေသည်။ သူတကယ့်ကို တစ်ယောက်တည်းပါလား။ သူ့ကိုယ်

www.nyisay.com



သူ မတ်မတ်ရပ် အသက်ပြင်းပြင်းရှူလိုက်ပြီး အဆင်သင့်ဖြစ်မှ သူ့ရန်သူတွေနှင့် အိမ်ကလူတွေကို တွေ့ဖို့ပြင်လေသည်။ သူမ၏မောင်တော်စော်ဘွား အသက် သူမသမီးလေးနှစ်ယောက်နှင့် ရှမ်းလူထုကြီးကို ကာကွယ်ဖို့ အင်အားတွေ ဖြစ်လာပြီး အကောင်းဘက်က တွေးလိုက်မိလေသည်။

သူစန္ဒီ အပေါ်ထပ်မှ ဆင်းလာသောအခါ အခန်းပေါက်ဝမှာ လူယုံ တော် သက်တော်စောင့်လူကြီး ဘူကောင်းနှင့် နှစ်ဒါဇင်မျှသော အိမ်တော်ပါ တွေကို မြင်လိုက်ရသည်။ မဟာဒေဝီများ အလိုလိုသိနေတာ များလားဟု ဘူကောင်း အသေအချာတွေးနေမိလေသည်။

စစ်သားတွေက အရှေ့ဟော်ကိုဝင်ရှာဖို့ မဟာဒေဝီထံမှ ခွင့်ပြုချက် ကို လိုချင်နေသည်။ သူမအိမ်ကလူတွေက သူမ၏ဆုံးဖြတ်ချက်ကို စောင့် စားနေကြလေသည်။ သူတို့၏ကံကြမ္မာသည် သူမ၏လက်ထဲတွင် ရှိနေသဖြင့် သူမ လေးလေးနက်နက် ဆုံးဖြတ်ရတော့မည်။ ထိုအချိန်လေးအတွင်းမှာပင် စစ်သားတွေ၏တုံ့ပြန်မှုကြောင့် သူမစိတ်ထဲ ထောင်းခနဲ ဒေါသထွက်သွား ခဲ့သော်လည်း သူမ၏မောင်တော် မျက်နှာကိုထောက်ထားလိုက်ပြီး ဂုဏ်သိက္ခာ ရှိစွာဖြင့် ပြုမူပြောဆိုလေသည်။ ထိုအချိန်မှစ၍ စော်ဘွား၏ နိုင်ငံခြားသူ မဟာဒေဝီသည် တစ်ယောက်တည်းဖြင့် ရှမ်းလူထု ကောင်းစားဖို့ အင်အား အပြည့်ဖြင့် မားမားမတ်မတ် ရပ်တည်ပေးရတော့မည်ဖြစ်ကြောင်းကို ရှင်းရှင်း သိလိုက်ရလေသည်။ သူမသည် သူ့သမီးလေး နှစ်ယောက်ကို ကာကွယ် စောင့်ရှောက်ရင်းက သူတို့အဖေ ပြန်အလာကို စောင့်နေခဲ့ရသည်။ သူ နိုင်ငံ ရပ်ခြားသို့များ ထွက်သွားခဲ့ပြီလား။ သူအိမ်အပြန်လမ်းပေါ်မှာပဲ ရှိနေသေးတာ လား။ သူမ၏ မျှော်လင့်ချက် အတွေးတွေသည် ဖရိုဖရဲ ပြိုကွဲလွင့် ပျက်နေ တော့သည်။

ဗမာစစ်တပ်ခေါင်းဆောင်နှင့် သူ့တပ်ကိုရင်ဆိုင်ဖို့ သူမ ပြင်ဆင်ခဲ့ သည်။ သူမနောက်တွင် ဟော်နန်းကလူတွေ ရပ်နေကြသည်။ သူမသည် စစ်သားတွေနှင့်တွေ့ဖို့ သူမ၏တာဝန်ကို သူမယူဖို့ ဟော်နန်းအရှေ့ကို ထွက်လိုက်သည်။ သူမဘေးနှင့် သူတို့စစ်ဗိုလ်၏ နောက်ဘက်မှာ ဒါဇင်ပေါင်း များစွာသော စစ်သားများရပ်နေကြသည်။ သူတို့မျက်နှာတွေက ခြိမ်းခြောက် နေပုံပေါ်နေပြီး လက်ထဲက စတင်းဂန်းသေနတ်များကလည်း ပစ်ဖို့ အသင့်

www.nyisay.com



အနေအထားမှာရှိနေသည်။ ဟော်ပိုင်ရှင် သုစန္ဒီက ကျူးကျော်ဝင်ရောက်လာကြသော သူများ၏ ရှင်းပြချက်ကို တောင်းဆိုလိုက်သည်။ သူမ ချက်ချင်းသင်ခန်းစာရလိုက်သည်မှာ သူတို့ ဘာတစ်ခွန်းမှမပြောဘဲ မိန်းမ တစ်ယောက်နှင့် ကလေးနှစ်ယောက်ကို ဆန့်ကျင်ပြီး မလျှော်ကန်သော အပြုအမူများကိုသာ စစ်သားများက ပြုလုပ်ပြလိုက်လေသည်။ စစ်ဗိုလ်နှင့် သူ့လူတွေက စကားတစ်လုံးမှမထွက်။ သူတို့က မြန်မာစကားကို ကောင်းကောင်း ပြင်းပြင်းထန်ထန်ပြောတတ်သော မိန်းမတစ်ယောက်ကို မတွေ့လိုဘဲ မျက်ရည်အရွှဲသားဖြင့်ဆောက်တည်ရာမရဖြစ်နေသော နိုင်ငံခြားသူ တစ်ယောက်ကိုသာ တွေ့လိုပုံရှိလေသည်။

ထိုလှုပ်လှုပ်ရှားရှားဖြစ်နေချိန်တွင် သူမ၏သမီးနှစ်ယောက်ကို သူတို့၏ နာနီကပြုစုစောင့်ရှောက် အကာအကွယ်ပေးထားသည်။ သုစန္ဒီမှာမတတ်သာတော့ဘဲ သူတို့ကို ဟော်အတွင်း ဝင်ရောက်ရှာဖွေခွင့်ပေးလိုက်ရတော့သည်။ သူတို့ကို သူမ မျက်စိအောက်တွင်ပင် တစ်ခန်းဝင် တစ်ခန်းထွက် ရှာဖွေစေလေရာ နာရီပေါင်းများစွာ ကုန်လွန်သွားခဲ့လေသည်။ သူတို့သည် ဒုတိယထပ်တွင်ရှိသော သူမ၏ ကြီးမားခမ်းနားသော အိပ်ခန်းကိုအထူးသတိထား ရှာဖွေကြသည်။ အဝတ်ဗီရိုတွင်းမှ အဝတ်အစားအားလုံးကိုထုတ်ပစ်ပြီး လှန်လှောရှာသည်။ ကြမ်းပြင်က သိုးမွှေးကော်ဇောတွေကိုလိပ်ရှာသည်။ ပါကေးကြမ်းပြင်ကို လေးဖက်ထောက် ကုန်းခေါက်ရှာလေသည်။ မာဘယ်ကျောက်ခင်း ရေချိုးခန်းတွင်းက အုတ်ကြွပ်ကအစ နေရာမလပ်ရှာဖွေကြသည်။ သူတို့ဘာကိုမျှော်ကိုးပြီးများ ရှာဖွေနေကြတာပါလိမ့်။ ဘူကောင်းကသူ့တွင်ရှိသော လက်နက်နှင့်ခဲယမ်းများကို အပ်လိုက်ပြီးဖြစ်သည်။ သူတို့သည်ကိုယ်ပိုင်သီးသန့်ရုံးခန်းတွင်းရှိ ပစ္စည်းများကို စိတ်ဝင်စားပုံမရ။ သူတို့ကအိပ်ရာအောက်ကို အသေအချာရှာသည်။

ဝရန်တာ၊ အခန်းငယ်လေးတွေ၊ ကြောင်အိမ်၊ စာအုပ်စင်နောက်နှင့်မွေ့ရာထဲကိုပင် အသေးစိပ်ရှာကြသည်။ စိတ်အားတက်ကြွနေသော စစ်သားတစ်ယောက်က သံခရင်းလေးခွကြီးဖြင့် မွေ့ရာတွေကို လိုက်ထိုးနေလေသည်။

ကလေးတွေနေသော အခန်းထဲ၌မူ စင်ပေါ်က ဂွမ်းသွပ်ထားသော တိရစ္ဆာန်အရုပ်လေးများကိုပါမကျန် သူ့သံချွန်ဖြင့် ထိုးနေလေသည်။ သူ

www.nyisay.com



တပ်သားတွေက သံချွန်ဖြင့်ထိုးသွင်းထားရာ အတွင်းမှ ဝွမ်း၊ အဝတ်စများ အပြင်သို့ထိုးထွက်နေသော တက်ဒီဝက်ဝံရုပ်လေးကို အခြားထိုးဖောက်ထားသော အရုပ်တွေပေါ်ပစ်တင်လိုက်ပုံမှာ သူတို့အတွက် ရယ်စရာတစ်ခု ဖြစ်သွားခဲ့လေသည်။

နောက်ဆုံးမှာတော့ သူတို့ဘာကြောင့် သည်နေရာရောက်နေကြသလဲဆိုတာကို သဘောပေါက် နားလည်သွားခဲ့ရတော့သည်။

သူတို့ ရှစ်နေရာရှာဖွေဖို့ရာ ပထမတစ်ခုပြီးသွားသောအခါ သူမသည် သူတို့အပေါ် သံသယရှိခြင်းနှင့် သူမ၏မျှော်လင့်ချက်ကို သေချာသွားစေလေသည်။ သူမ သူတို့ကို မကြောက်ရွံ့တော့ဘဲ အားအင်များပြည့်လာစေတော့သည်။ စစ်သားတွေ၏ခေါင်းဆောင်က . . .

''စော်ဘွားကြီးစဝ်ကြာဆိုင် ဘယ်မှာရှိနေတယ်ဆိုတာ ကျွန်တော်တို့ကို ပြောပြနိုင်မလား''

သုစန္ဒီသည် လက်ပိုက်လိုက်ပြီး ခေါင်းဆောင်ကို တည့်တည့်စူးစူးကြည့်လိုက်သည်။ သူမ မဖြေမီ ၁၀ အထိ ဖြည်းဖြည်းလေး ရေရွတ်လိုက်သည်။ ပြီးမှ . . .

''ကျွန်မယောကျ်ားက ရန်ကုန်မှာလေ လွှတ်တော် တက်နေတယ်''

''သူအဲဒီမှာ မရှိပါဘူး။ ကျွန်တော်တို့ စုံစမ်းပြီးပါပြီ''

သူ ဒေါသတကြီး ပြန်ပြောသည်။

''ကောင်းပြီလေ၊ သူအခု ဒီမှာပုန်းနေတာမှ မဟုတ်တာ ရှင်တို့ သဘောပေါက်သင့်ပါတယ်''

ပြောပြီးသောအခါ သူတို့၏ နိုင်ထက်စီးနင်းလုပ်ခြင်းမှ သက်သာစေဖို့ သူမ ထိုနေရာမှ ထွက်ချသွားလိုက်သည်။

သူမကလေးတွေကို သုစန္ဒီသွားရှာသည်။ သူမ ကြားလိုက်ရတဲ့ သတင်းကောင်းကို ကလေးတွေဆီသွား အသိပေးရပေဦးမည် ဖြစ်လေသည်။ သူတို့အဖေသည် အခု လွတ်မြောက်နေသေးသည်။ အသက်မသေသေး။ ဗမာစစ်သားတွေလက်ထဲမှာ ရောက်မနေသေးတာ သေချာသွားပေသည်။ ထိုအဓိပ္ပာယ်မှာ သူတို့ အခြေအနေကောင်း နေသေးသည်။ သူတို့ အသက်ဆက်ရှင်နေနိုင်သေးသည်။ အလုပ်တွေ အတူဆက်လုပ်နေနိုင်သေးသည်။

www.nyisay.com



စစ်၏ တာဝန်ဝတ္တရားတချို့အတွက် လုပ်ရမည့် လိုအပ်သောကိစ္စများကို သူမ စိတ်ထဲချက်ချင်း အသိရလိုက်သည်။

'တိုင်း'သတ္တုတူးဖော်ရေး ကုမ္ပဏီလုပ်ငန်းအတွက် ပထမလိုအပ်သော သဘော်ာမှ စက်ပစ္စည်းများ၊ ပဲခူးက ဆားထုတ်လုပ်ရေးသည် အဆင်သင့်ဖြစ်နေပြီ။ လွိုင်ကော်ရွာတွင် စမ်းသပ်စိုက်ပျိုးထားသော ကော်ဖီပင်များ အောင်မြင်နေမှု၊ ပြီးတော့ သီပေါစော်ဘွားဖောင်ဒေးရှင်းက ထူးချွန်သော ရှမ်းကျောင်းသားများကို နိုင်ငံခြားသို့ ပညာသင်လွှတ်ရေးကိစ္စတို့ ဖြစ်လေသည်။

ဘာသာစကားသုံးမျိုးပြော ဖောင်ဒေးရှင်းကျောင်း၊ သီပေါ မိခင်နှင့် ကလေးစောင့်ရှောက်ရေးအဖွဲ့အစည်းများကို နှစ်ပေါင်းများစွာ သုစန္ဒီကိုယ်တိုင် ဦးစီးလုပ်ဆောင်ခဲ့ပြီးဖြစ်လေသည်။ သုစန္ဒီက ရှမ်းလူထုအတွက် တိုးတက်ကြီးပွားသာယာရေးကို ပြုစုပျိုးထောင်သည်။

သည်စီမံကိန်းတွေအားလုံး ဆက်လုပ်သွားနိုင်လိမ့်မည်ဟုလည်း မျှော်လင့်နေခဲ့လေသည်။ သူမသည် သည်မြေ၏မိခင်တစ်ယောက် ဖြစ်နေသလို တကယ်လည်း သမီးနှစ်ယောက်၏ သာမန်မိခင်တစ်ယောက်လည်း ဖြစ်နေခဲ့လေသည်။

ထိုနေ့သည် မတ်လ နံနက်ခင်း ၈ နာရီဖြစ်ပြီး မဆုံးနိုင်သော နေ့တစ်နေ့ဟု ထင်မိလေသည်။ မနက်ခင်းက နာကျင်မှုတွေ ပြီးဆုံးသွားခဲ့သည်။ အရာရာအားလုံးသည် ငြိမ်သက်သွားပြီး ပုံမှန်ဖြစ်သွားခဲ့သည်ဟု ထင်ရလေသည်။

ဝင်းတံခါးက ရှမ်းသက်တော်စောင့်နေရာတွင် ဗမာစစ်သားတွေက နေရာဝင်ယူလိုက်ကြလေပြီ၊ ဂိတ်ဝက အစောင့်၏ကာကီရောင်ဝတ်စုံမှ အစိမ်းရောင်ဝတ်စုံသို့ ပြောင်းသွားခဲ့ရပြီ။ ထိုအသစ်ရောက်လာသူ နှစ်ယောက် မျက်နှာတွေက မည်းညစ်နေသည်။ ဈေးဝယ်ပြန်လာသော ထမင်းချက်စီးလာသည့် စက်ဘီးကို ဂိတ်ဝရှိအစောင့်က ရပ်ခိုင်းပြီး ဈေးခြင်းတောင်းကိုရှာဖွေသည်။ ထို့ကြောင့် အိမ်သားများသည် ဟော်နန်းရှေ့မှ ထွက်ရဖို့ကို အားငယ်နေကြတော့သည်။ ဤအပြုအမူများသည် သူမကို သတိပေးတာထက်ပို၍ စိတ်ဆိုးဒေါသထွက်စေလေသည်။ ပုံမှန် မနက်ခင်း မြန်မာ့အသံလိုင်းနားထောင်ဖို့ သူမ ရေဒီယိုဖွင့်လိုက်သည်။ သတင်းထဲတွင် ထူးခြားသော

www.nyisay.com



သတင်းများပါမလာချေ။ သတင်းစာကလည်း ရောက်မလာသေး။ သုစန္ဒီ တယ်လီဖုန်းဆက်ဖို့ ကြိုးစားသည်။ တယ်လီဖုန်းကရသည်။ ရန်ကုန်ရောက် လျှင် စဝ်တည်းတတ်သောအိမ်ရှင် သူမသူငယ်ချင်းများထံ သူမခေါ်လိုက်သည်။ သူတို့သူငယ်ချင်း ဂျင်မီ၏အသံက တိုးတိမ်တုန်ခါ နေသည်။

"ဒီမနက် ကိုယ်တို့တစ်အိမ်လုံး ဗြောင်းဆန်နေတာပဲ"

"ဘာတွေဖြစ်နေတာလဲ ဂျင်မီ"

ဖုန်းလိုင်းမကြည်လင်တော့ သုစန္ဒီက အသံကို တအားအော်ပြော သည်။

"စဝ် မနေ့ကပဲ ရန်ကုန်ကထွက်သွားတယ်"

လိုင်းပြတ်သွားတော့သည်။

သူမ ကြားလိုက်ရတာ အကုန်ပဲဖြစ်လေသည်။ စဝ်သည် တောင်ကြီး တွင် အသည်းအသန်ဖြစ်နေသော သူ့အစ်မတော်ထံ ရန်ကုန်မှ အပြန်ဝင် မည်ကို သူမသိသည်။ သူသည် မိုင်လေးရာအကွာတွင် ရှိနေသည်။ အခု လောက်ဆို သူ့အစ်ကိုတော်အိမ်တွင် နံနက်စာစားနေလောက်မည်။ ပြည်နယ်၏ မြို့တော်ဖြစ်သော တောင်ကြီးနှင့် တယ်လီဖုန်းအဆက်အသွယ်က လိုင်းမရှိ။

ထို့ကြောင့် သုစန္ဒီလားရှိုးသို့သွားဖို့ ဆုံးဖြတ်ချက်ချလိုက်သည်။ အင်္ဂါနေ့ဆို လားရှိုးတွင် ရန်ကုန်၊ မန္တလေး၊ တောင်ကြီးသွား လေယာဉ်ဆိုက် သည်။ သူပါချင်ပါလာ။ ဒါမှမဟုတ် အခြားလူတစ်ယောက်ယောက်၊ သူ့ အတွင်းရေးမှူးဖြစ်ဖြစ်ပါလာပြီး သတင်းရနိုင်သည်။ သူမ နောက်သုံးနာရီအထိ ထွက်ဖို့မလိုသေး။ တစ်ပတ်နှစ်ကြိမ်လာသော လေယာဉ်သည် လားရှိုးလေဆိပ် ကို နေ့ခင်းတစ်နာရီမှ ဆိုက်မည်ဖြစ်လေသည်။ သုစန္ဒီ မနက်စာစားဖို့ပြင် သည်။ ကလေးတွေ ကျောင်းကို လမ်းလျှောက်ပို့ ပေးသည်။ အချိန်ဖြုန်း လိုက်သည်။ သူမသမီးတွေက မနက်ခင်းက အံ့ဖြစ်တွေကို မေ့သွားကြသည်။ သူတို့ကို သူမငေးကြည့်နေရင်းက ထိုနေ့အတွက် ပထမဆုံး ပြုံးမိလေသည်။ ဆံစနက်နက်အုပ်အုပ်လေးတွေ၊ ယဉ်ယဉ်ကျေးကျေးအမူအရာ၊ မျက်ဝန်း မည်းမည်း အပြုံးလေးတွေက သူတို့အဖေဆီက ရတာဖြစ်သည်။ လူတစ်ရပ်စာ မှန်ပြတင်းပေါက်ကို ဖြတ်ဝင်လာသော နံနက်ခင်းနေခြည်နုသည် ပြောင်လက် နေသော ထမင်းစားပွဲပေါ် စူးစူးထိုးကျနေသည်။ စားပွဲက လူနှစ်ဆယ်စာ

www.nyisay.com



ထိုင်စားလို့ရသည်။ သုစန္ဒီသည် ဘဲဥပုံစားပွဲတွင် ထိုင်လိုက်သည်။ ခေါင်း အသာညိတ်ပြလိုက်လျှင် စားပွဲထိုးကောလိန်က စားစရာများကို ပြင်ဆင်ပေးသည်။ သည်မနက်ကအဖြစ်ကြောင့် စိတ်မပျက်ဘဲ နံနက်စာကို ပြုံးပြီး စားစေလိုလေသည်။ သူတို့၏အရှင်သခင်သည် သူတို့ အသက်နှင့် ပိုင်ဆိုင်မှုတွေကို ကာကွယ်ပေးနိုင်၊ အန္တရာယ်များ မဝင်ရောက်လာအောင် ကာကွယ်ပေးနိုင်သည်ဟု ယုံကြည်သည်။ ကောလိန် တစ်ကိုယ်လုံး ခေါင်းကစလို့ ခြေဖျားထိ ဆေးမင်ကြောင်များထိုးထားသည်။ ထိုဆေးတွေက သူ့ကို မကောင်းသော ဝိညာဉ်တွေမှကာကွယ်ပေးသည်ဟု သူယုံလေသည်။ အဝိုင်းပုံ လှိုင်းပုံတွေလှလှပပ ရေးထိုးထားသည်မှာ မျက်နှာ၊ လည်ပင်းနှင့် လက်ဖဝါး၊ ခြေဖဝါးမှလွဲပြီး ခန္ဓာအနှံ့ထိုးထားသည်။ ကောလိန်၏ ယုံကြည်မှုသည် ကူးစက်သွားခဲ့လေသည်။ သုစန္ဒီက ပန်းကန်ထဲက အသီးကို တမြုံ့မြုံ့ဝါးနေရင်း တွေးနေမိလေသည်။

မာလကာသီးယိုကို လှမ်းတို့လိုက်စဉ် ဟော်နန်းရှေ့တွင် ဂျစ်ကားသံများကို ကြားလိုက်ရလေသည်။ သုစန္ဒီအတွင်းစိတ်က ချက်ချင်းပင် သတိပေးသံ ခေါင်းလောင်းက ကျယ်လောင်စွာ မြည်ဟီးလာသည်။ သူတို့တစ်တွေ နောက်တစ်ကြိမ် လာကြပြန်လေပြီ။

သူမအထင် မှန်သည်။ ဟော်နန်းရှေ့ပတ်ပတ်လည်တွင် ဗမာစစ်သားများ ပြည့်နှက်နေလေသည်။ စစ်ဗိုလ်သုံးယောက်က ဘုကောင်းကို အိမ်ရှိ သက်တော်စောင့်များနှင့် ဒရိုက်ဘာများကို စုခိုင်းလိုက်သည်။ သုစန္ဒီက ချက်ချင်းပင် နာနီအား ကလေးတွေ ကျောင်းအမြန်သွားပို့ဖို့ ဟော်ရှေ့ဂိတ်ကနေ ထွက်ခိုင်းလိုက်သည်။ သူမ၏ သက်တော်စောင့်များနှင့် ဒရိုင်ဘာများကို လက်ထိပ်ခတ်နေတာကို သူမရှေ့မှာ မြင်နေရသည်။ ထို့ပြင် သူတို့၏ သေနတ်ဒင်များဖြင့် ထုနှက်နေကြပြန်သည်။ သို့သော်ငြားလည်း သူမ၏ ဟော်နန်းကလူများသည် တွန့်ဆုတ်ခြင်း မရှိကြဘဲ သည်းခံနေကြလေသည်။ သုစန္ဒီကတော့ ကြာရှည်စောင့်ကြည့် သည်းခံမနေနိုင်တော့ချေ။

''ရပ်ကြစမ်း။ မင်းတို့ ငါ့ဟော်ကလူတွေကို လုပ်စရာမလိုဘူး''

သူမ အော်လိုက်သည်။ ထိုအခါ စစ်ဗိုလ်က အမိန့်ဩဇာသံခပ်မာမာဖြင့် ...

''ဒီသံသယရှိတဲ့လူတွေကို ထိန်းသိမ်းကာကွယ်ထားဖို့ ကျုပ် အမိန့်

www.nyisay.com



ပေးနေတာ။ ကျုပ်တို့က အခု သီပေါနယ်တစ်ခုလုံး သိမ်းလိုက်ပြီဖြစ်လို့ ခင်ဗျားတို့ လုံခြုံရေးအတွက် စက်ပြင်ဆရာကနေ အိမ်ကလူကြီးထိ အားလုံး မေးစရာရှိတာ မေးရမယ်''

သည့်လို ကျက်သရေမရှိ အော်ပြောနေသော အသံကို သုစန္ဒီ မတုံ့ပြန်ဘဲနေသည်။ သူမ သူ့ဟော်နန်းကလူတွေဘက် လှည့်လိုက်သည်။

''မင်းတို့ကလေးနဲ့ မိန်းမတွေကို စိတ်မပူကြနဲ့။ မင်းတို့ မိသားစုတွေအားလုံးကို ငါ့မိသားစုလို သဘောထားပြီး စောင့်ရှောက်မယ်''

သို့သော် စစ်ဗိုလ်က သူ့အမိန့်ပေးတာကို မရပ်သေး။ သုစန္ဒီက သူ့ကို နားမလည်နိုင်အောင်ပင်ဖြစ်ကာ ငေးသာကြည့်နေလိုက်လေသည်။ သူက ဆက်ပြောပြန်သည်။

''ဒါ ကျုပ် တာဝန်ပါ မဟာဒေဝီ။ ဒီတားမြစ်ချက်တွေကို ဖတ်ကြည့်ပါ။ ဒါ ကျုပ်တို့ဗိုလ်မှူးက ထုတ်ထားတဲ့အမိန့်ပဲ''

သူမသည် သူ့ကို စကားတစ်လုံးမှ မပြောဘဲ စူးစူးကြည့်နေလိုက်သည်။

''ဗိုလ်မှူး၏ အထူးခွင့်ပြုချက်မရဘဲ ဟော်အပြင်ဘက်သို့ သင်မထွက်ရ။ ပြင်ပကလာသောဧည့်သည်များကို သင် လက်ခံတွေ့ဆုံခြင်းမပြုရ။ သို့မဟုတ် တယ်လီဖုန်း ဆက်သွယ်ပြောဆိုခြင်းကို မပြုလုပ်ရ။ သင့်ထံ စာတိုက်မှလာသော စာမှန်သမျှ နယ်မြေတပ်ထံတင်ပြပြီးမှပို့ရမည်''

''နောက်ကော …''

သူမက ခပ်ဆတ်ဆတ်လေး ပြောလိုက်သည်။

''မရှိတော့ပါဘူး မဟာဒေဝီ''

စစ်ဗိုလ်က သိမ်မွေ့စွာပြောလေသည်။ သုစန္ဒီသည် ဟော်နန်းရှေ့ကနေ သူတို့ခေါင်းတွေကို ခပ်မော့မော့ဖြတ်လျှောက်ပြီး အိမ်ထဲဝင်သွားသည်။ စိတ်ထဲမတော့ ဒီလိုရယ်စရာကောင်းတဲ့အမိန့်တွေကို အစကတည်းက ချိုးဖောက်ဖို့ ဆုံးဖြတ်ချက်ချလိုက်မိလေသည်။ သူမတစ်ယောက်တည်း အခန်းထဲပြန်ရောက်မှ အိပ်ရာပေါ်တွင် သူမရင်ထဲက အစိုင်အခဲတွေကို မျက်ရည်အဖြစ် အတားမဆီးမရှိ သွန်ချလိုက်လေတော့သည်။

✦ ✦ ✦

www.nyisay.com



စဝ်သည် သူ့ဝါးတဲလေးအတွင်းမှ အပြင်ကို မမြင်ရသော်လည်း သူတို့ခြေသံကိုတော့ ကြားနေရလေသည်။ တဲတစ်လုံး အကျဉ်းသားတစ်ယောက်စီကို တဲထောင့်လေးထောင့်မှာ အစောင့်ချထားသည်။ ရှေ့နောက်ခြေလှမ်းတိုင်းမှာရှိနေသည်။ သူဘယ်လိုမှ ထွက်ပြေးလို့မရမှန်း သိလိုက်သည်။ ထွက်ပြေးလို့ အစောင့်ကသတိမိလျှင် သူတို့အစောင့်ကို ခွင့်လွှတ်မည်ထင်ရလေသည်။ သူ့ဇနီးနှင့် ကလေးတွေဆီပြန်ဖို့ လွတ်လမ်းကို သူခုထိရှာနေတုန်းဖြစ်သည်။ နံနက်ခင်းသည် သူမျှော်လင့်ချက်ကို သယ်ဆောင်လာပြီး သူလည်း လွတ်မြောက်ပေလိမ့်မည်ဟု ထင်နေသည်။

သူအခုလို အဖမ်းခံနေရတာကို ဝန်ကြီးချုပ်လည်း ကြားပြီးလောက်ပြီထင်သည်။ အခု ညရောက်လာပြီ။ မနက်ဖြန်အတွက် သူအားမွေးရပေဦးမည်။ ဖျာကြမ်းပေါ် သူခြေဆန့်လိုက်သည်။ သို့သော် သူအိပ်လို့မပျော်။ တဝီဝီမြည်သော ခြင်ရိုင်းတွေက သူ့ခေါင်းနားမှာ ရစ်ဝဲနေကြသည်။ စဝ်ကအရှုံးမပေးဘဲ ခဏလေး ဆေးလိပ်သောက် နေလိုက်သည်။ သူတရားထိုင်ဖို့ကြိုးစားသည်။ အရင်ကဆိုလျှင် သူ့ရင်ထဲက စိုးရိမ်ပူပန်မှုတွေ အမြဲပြေပျောက်သွားတတ်သော်လည်း သည်ညတော့ ခြားနားစွာ သူတရားမှတ်လို့မရချေ။ သူသည် ဘာကြောင့်မှန်းမသိရဘဲ တရားစီရင်ခြင်းမရှိဘဲ အကျဉ်းကျခံနေရသည်။ သူတစ်ခါက ဗမာစစ်တပ်က ဗိုလ်ချုပ်နေဝင်းနှင့် အခန့်မသင့်ဖြစ်ခဲ့ဖူးရာ ထိုအကြောင်းလေးနှင့် သည်လို သူ့ကားကိုလမ်းမှာ ရပ်ခိုင်းပြီး အတင်း ဖမ်းဆီးခေါ်ဆောင်လာခဲ့သည်။ သူမသိသော တောတွင်း တစ်နေရာတွင်ဖြစ်လေသည်။ ထိုညတွင် အပြင်က တုံ့ပြန်မှုမရှိသော အစောင့်တွေထံမှ အဖြေမှန်ကို သိရလိမ့်မည်မဟုတ်မှန်း သူသိခဲ့သည်။

သူ့အတွေးတွေက သုစန္ဒီဆီ ရောက်သွားသည်။ သူမ၏ဇာတိ ဩစတြီးယားနိုင်ငံကိုစွန့်ခွာပြီး သူ့နောက် သည်ရှမ်းတောင်တန်းဆီ လိုက်လာခဲ့သည်။ သူ့ဇနီးအဖြစ်နေလာခဲ့သည်မှာ ဆယ်နှစ်တောင်ကျော်ပြီဖြစ်လေသည်။ အခုချိန်ဆို ခုတင်ပေါ်က သူ့ဘေးမှာ ကလေးနှစ်ယောက်နှင့်အတူ သူမလည်း အိပ်ပျော်နိုင်လိမ့်မည်မထင်။ သူမ၏အရပ်မြင့်မြင့် သွယ်လျလျကိုယ်လေးကို သိုးမွှေးစောင်ပုံအောက်မှာ ကွေးကွေးလေးအိပ်နေမည့် ပုံကိုဖော်ကြည့်သည်။ သူမ၏ ဒူးထိရှည်လျားသော သစ်အယ်သီးရောင် ဆံစနီညိုညို

www.nyisay.com



တထွေးကို ညအိပ်တဲ့အခါ ရစ်ပတ်ထားမည်။ ဘယ်သူကမှ သူမကို အနှောင့် အယှက်ပေးမည်မဟုတ်တာ သေချာသည်။ သူသည်လို ဖမ်းဆီးခံရသော စက်ဆုတ်ဒေါသထွက်ဖွယ်သတင်းကို သူမလည်း ကြားလောက်ပြီဟု တွေးကြည့် ပြီး သူ စိတ်သက်သာရာ ရစေလေသည်။ သူ သူမကို ချစ်ရတဲ့ အကြောင်းရင်း များစွာရှိခဲ့သည်။ သို့သော် ခဏလေး အတွင်းမှာပင် သူမ၏ ခိုင်မာသောစိတ်ဓာတ်ဖြင့် မှန်ကန်သော ဆုံးဖြတ်ချက်ကိုချနိုင်သော သူမ စိတ်ကို သူက အချစ်ဆုံးဖြစ်ရသည်။ ပထမဆုံးသော ကြောက်မက်ဖွယ်ရာ အကောင်းဆုံးနေ့တစ်နေ့မှာပဲ သူ့အတွေးခံစားမှုကြောင့် မျက်နှာပြင်မှာ အပြုံးက ဖုံးလွှမ်းသွားလေသည်။

မကြာခင်လေးကပဲ သူမသည် မကောင်းမှုကိုတိုက်ခိုက်ဆန့်ကျင်ပြီး ငါးလေးတစ်ကောင်အသက်ကို ကယ်တင်လိုက်သည်ကို သူအမှတ်ရလေသည်။ စားဖိုမှူးက ညစာအတွက် ယူဆောင်လာသော ဆော်လမွန်ငါးတစ်ကောင်သည် နောက်ဆုံးအနေဖြင့် ရေပြာပြာ ရေကူးကန်ထဲတွင် ရှေ့တိုးနောက်ငင် လူးခါနေလေသည်။ သုစန္ဒီက သည်နမွတူမြစ်ထဲ ပြန်ကူးသွားနိုင်သည့် အားအင်ပြည့်လာသည်အထိ ရေကန်ကို ပိတ်ဆို့ထားလိုက်သည်။ သူမကလေးတွေက စိတ်မကောင်းဖြစ်ကြသော်လည်း သူမ၏ ငါးလေးကို ကယ်ဆယ်ဖို့ ကြိုးပမ်းအားထုတ်မှုသည် အောင်မြင်ခဲ့လေသည်။ ထို့အတွက် သူမကို သူချစ်ရလေသည်။

သူမ ဘေးကင်းလုံခြုံနေသည်ဟု သူခိုင်ခိုင်မာမာယုံကြည် နေသော်လည်း သူမနှင့် ပြန်မှတွေ့ရပါမလား သူအဖို့ မသေချာချေ။ သူတို့တွေ တောခရီးထွက်ကြသည့်အခါ သူက သတ္တဝါများကိုလိုက်ရှာဖွေ၊ သူမကတော့ အပင်ကြီးတွေပေါ်က သစ်ခွပန်းတွေကိုလက်ညှိုးထိုး တောကောင်လေးတွေကို လိုက်ငေးနေမည်။ သူတို့ညအခါ ဝါးတဲလေးမှာ အိပ်ကြသည်။ အခုလို အဖမ်းခံနေရတာမျိုးတော့ မဟုတ်ချေ။ သူတို့တဲလေးကို ကျားရန်မှ သူတို့ သက်တော်စောင့်တွေက စောင့်ရှောက် ကာကွယ်ပေးထားသည်။ တဝီဝီမြည်သော ခြင်တွေရန်မှကာကွယ်ရန် ခြင်ထောင်ထောင်ပေးထားသည်။ သူတို့ နှစ်ယောက် လွတ်လွတ်လပ်လပ် အေးဆေးစွာ အိပ်စက်နိုင်ခဲ့ကြတာကို သူသွားအောက်မေ့မိလေသည်။ သူမ၏ ကိုယ်ငွေ့နွေးနွေးလေး သူမ၏ ရယ်သံ

www.nyisay.com



လွင်လွင်လေးတွေကို မတွေ့ရတော့ပြီ။ သူမသည် သူ့ကိုရအောင် ရှာဖွေနိုင်လိမ့်မည်ဟု သူထင်မိလေသည်။

သူရုတ်ချည်း လန့်ဖျပ်ပြီး အိပ်ရာမှ ထထိုင်လိုက်မိသည်။ တဲအတွင်း သူ့ဖျာဘေးတွင် လူတစ်ယောက်အိပ်နေသည်။ သူ နာရီအနည်းငယ် ကြာအောင် မေးခနဲအိပ်ပျော်သွားခဲ့သည်။ ညကတော့ တိတ်ဆိတ်နေသည်။ အစောင့်တွေအသံတောင်မှ မကြားရ။ မှောင်မည်းနေသော တဲထဲတွင် သူ့ဘေးကလူသည် ယူနီဖောင်းဝတ်ထားသူတစ်ယောက် ဖြစ်မှန်းသူသိနေသည်။ သည်လူက သူ့ကိုနှိပ်စက်ဖို့လား ဒါမှမဟုတ် အကူညီပေးမလို့လား။ သူငြိမ်နေလိုက်သော်လည်း အလွန်သတိထား နေလိုက်သည်။

''ကျွန်တော်က ဒီကအစောင့်တစ်ယောက်ပါပဲ ဆရာ။ ဒါပေမဲ့ ကျွန်တော်က ကချင်လူမျိုးပါ။ ကျွန်တော့်ဦးလေးက ဆရာ့ပုလိပ်တပ်မှာ နှစ်အကြာကြီး အမှုထမ်းခဲ့ဖူးပါတယ်''

ထိုလူက သူ့ဘေးနားကပ်ပြီး မြန်မာလို တိုးတိုးသတိထားပြောသည်။

''ဘာလို့ ကျွန်တော့်ကို ဒါလာပြောနေရတာလဲ''

စဝ်က သံသယစိတ်ဖြင့် မေးလိုက်သည်။

''ကျွန်တော်တို့ရဲဘော်တွေ အိပ်ပျော်နေပြီ။ ကျွန်တော် ဆရာ့ကို ကူညီချင်လို့ပါ''

''ဒီကနေ ကျွန်တော့်ကို ထုတ်သွားနိုင်မှာလား''

စဝ်က မေးလိုက်သည်။

''မဟုတ်ဘူး ဆရာ၊ ဒါမဖြစ်နိုင်ပါဘူး။ သီပေါမှာရှိတဲ့ မဟာဒေဝီ ဆီ ကျွန်တော် ဆရာ့စာကို အရောက်ပို့ပေးနိုင်ပါတယ်''

သူ ဒီလိုအခွင့်အရေးကို လုပ်နိုင်မည်ဆိုတာကိုတော့ စဝ်သံသယမဖြစ်မိ။ သူဘယ်မှာရှိနေတယ်ဆိုတာ ဘယ်သူကမှ တိတိကျကျ သိသေးမှာမဟုတ်ဘူးဆိုတာ စဝ်သိသည်။ သူဘယ်မှာ ရှိနေတယ်ဆိုတာသိမှလည်း ကယ်ဖို့လွတ်မြောက်ဖို့ လမ်းသိရမှာမဟုတ်လား။ တကယ်လို့ ဒါဟာသူ့ကို ထောင်ချောက်ဆင်တယ်ဆိုရင်လည်း သူ့အဖို့ ဒီထက်ပိုဆိုး စရာမရှိတော့။ သူ့ပိုက်ဆံအိတ်ထဲက အိတ်ဆောင်ပြက္ခဒိန်စာရွက်လေးကို ဆုတ်ဖြဲလိုက်ပြီး သူ့ဇနီးထံ သူစာရေးလိုက်သည်။

www.nyisay.com



''မတ်လ ၂၊ ၁၉၆၂ အချစ် ကိုယ်အခု ဗထူးတပ်မြို့မှာ ဗမာစစ်သားတွေရဲ့ အဖမ်းခံထားရတယ် နေကောင်းတယ်။ စဝ်'

ဟု ရေးလိုက်သည်။

ကချင်အစောင့်က သနပ်ဖက်ဆေးပေါ့လိပ်ကို မီးညှိလိုက်သဖြင့် အမှောင်ထဲမှာ မီးဖွားလေးတွေ လင်းနေသည်။ ဒီစာကို စာအိတ်ထဲထည့်ပြီး အရှေ့သီပေါဟော်ကို အရောက်ပို့ပေးဖို့ မှာလေသည်။

စဝ်ပေးသော တစ်ရာတန်ပိုက်ဆံကို မယူပါရစေနှင့်ဟု သူကငြင်းသည်။ ပိုက်ဆံကိုလက်မခံဘဲ ဒီလောက်အန္တရာယ်ကြီးတဲ့အလုပ် ဘာလို့လုပ်ရတာလဲဆိုရင် ကျွန်တော်လည်း နှစ်ပေါင်းများစွာ ဒုက္ခတွေခံရတဲ့ တောင်ပေါ်သားတစ်ယောက်ဖြစ်နေလို့ပါဟု သူကဖြေသည်။

အစောင့် သူ့ဘေးက ခိုးထွက်သွားပြီးနောက်မှာတော့ စဝ်တစ်ယောက်တည်း ကျန်ရစ်ခဲ့တော့သည်။ သူ့ကို တောင်ကြီးအထွက်ဂိတ်မှာ သူ့အစ်ကိုတော်၏ ကားပေါ်မှ ဆွဲခေါ်လာပြီး ဒီရောက်ခဲ့သည်အထိ စိတ်တွေ ဆင်းရဲလေးလံနေခဲ့ရာ အခုအစောင့်ကြောင့် သူ့စိတ်ဓာတ်တွေ တက်ကြွလာပြီး မျှော်လင့်ချက်လေးတော့ရပြီဟု တွေးပြီးခံစားရလေသည်။ သူ့အသိတွေ ပိုမိုနိုးကြားလာပြန်သည်။ သူညီနှင့် ထိုနေ့က ထုံးစံအတိုင်း မနက်စာ စားအပြီး အိမ်မှထွက်အလာ လမ်းမှာ အခုလိုအဖမ်းခံခဲ့ရခြင်းကို ပြန်တွေးနေမိသည်။

သူ့မရီးက သူ့အစ်ကိုတော်ကို ထိုနေ့မနက် ၄ နာရီတွင် ရှမ်းပြည်လုံခြုံရေးကောင်စီ အစည်းဝေးတက်ဖို့ရှိသည်ဟု ပြောခဲ့သည်။ ထိုမနက်တွင် မည်သူတစ်ယောက်ကမှ သတိမထားခဲ့မိကြချေ။ နံနက်စာစားအပြီး စဝ်က သူညီကားပေါ်တက်ပြီး ဟဲဟိုးလေဆိပ်မှာလေယာဉ်စီးဖို့ရာ ကားဖြင့် အိမ်မှထွက်ခဲ့သည်။ လမ်းတစ်လျှောက်လုံးတွင် လမ်းမပေါ်မှာ ကားတွေ၊ လူတွေ လှုပ်လှုပ်ရွရွဖြစ်နေသော်လည်း လမ်းပိတ်ရလောက်အောင်တော့ မဖြစ်ဘဲ ကားသည် တောင်ကြီးမြို့အထွက် ဂိတ်သို့ရောက်ခဲ့လေသည်။ ထိုဂိတ်တွင် ကားတန်းကြီးသည် ရှည်လျားစွာရပ်စောင့်နေခဲ့ရသည်။ ဗမာစစ်သားများသည် ကားတန်းထဲက စဝ်တို့ကားဆီရောက်လာပြီး သီပေါစော်ဘွားကြီး စဝ်ကြာဆိုင်ဟုတ်မဟုတ် မေးလေသည်။

''ဟုတ်တယ် ငါ သီပေါစော်ဘွားစဝ်ကြာဆိုင်ပဲ၊ ဘာတွေဖြစ်နေ

www.nyisay.com



လို့လဲ''

''ကျေးဇူးပြုပြီး ကျွန်တော်တို့လုံခြုံရေးဂိတ်တဲကို ခဏဆင်းပေးပါဦး ဆရာ''

စစ်သားတစ်ယောက်ကပြောပြီး စစ်ဆင်းဖို့ ကားတံခါးကိုဖွင့်ပေးလိုက်သည်။ စစ်လုံခြုံရေးဂိတ် တဲအတွင်းဝင်လိုက်သောအခါ ဗမာစစ်ဗိုလ်တစ်ယောက်က သူ့ကားဆရာကို ကားခေါင်းလှည့်ပြီး တောင်ကြီးကိုပြန်ဖို့ ပြောနေသည်။ ကားသည် သူ့သခင်မပါဘဲ သူ့ခရီးဆောင် အိတ်ကိုသယ်ဆောင်ပြီး တောင်ကြီးဘက်ပြန်လှည့်သွားသည်ကို သူတွေ့လိုက်ရလေသည်။ ၁၆ နာရီကြာပြီးသောအခါ စစ်သည် ရှမ်းပြည်တောင်ပိုင်း ဗထူးတပ်မြို့တွင် အဖမ်းခံနေခဲ့ရတော့သည်။ အခုချိန်ထိ ဘာအကြောင်းကြောင့် သူ့ကိုဖမ်းဆီးထားမှန်း စစ် မသိရသေးချေ။ ရှမ်းပြည်မှာ ဘာတွေ ဖြစ်နေလို့လဲ။ ဘာလို့ သူ့ကို အခုလိုဖမ်းချုပ်ထားရတာလဲ။ စစ်သားတွေက ဘယ်ကလဲ။

စစ်မှာ သည်လို အခြေအနေဖြင့် ကြာရှည်နေဖို့ မဖြစ်နိုင်ကြောင်း သိလာသည်။ သူနောက်ထပ် နည်းနည်းအိပ်ဦးမှဖြစ်မည်။ ဒါမှ နောက်နေ့တွေမှာ သူရင်ဆိုင်နိုင်မည်။ နောက်နေ့သည် စိုးရိမ်စရာတွေ အန္တရာယ်တွေလား၊ ပိုမိုကောင်းသော အကောင်းဘက်က မျှော်လင့်ချက်တွေလား။ စစ်က သူတို့မိသားစုအတူရှိစဉ်က ရယ်စရာ၊ ပျော်စရာလေးတွေ၊ သူ့မဟာဒေဝီအကြောင်း၊ သူ့သမီးတွေအကြောင်းတွေကိုသာ စိတ်ကို ပို့ထားလိုက်တော့သည်။ သို့မှသာ သူ့အိပ်မက်ဆိုးကြီးမှ လွတ်မြောက်ရာနည်းလမ်းကို သူရှာတွေ့လိမ့်မည်ဟု တွေးလေသည်။

✦ ✦ ✦

တောထဲက ငှက်လေးတွေ၏ တီတီတာတာ နံနက်ခင်းတေးဆိုသံကို ကြားလိုက်ရသောအခါ စစ်အိပ်ရာမှနိုးလာခဲ့သည်။ အချိန်က လေးနာရီခွဲ။ သူအိပ်မက်ဆိုးမှ မလွတ်မြောက်သေး။ ဒီစခန်းမှာပဲ။ ဒီဝါးတဲလေးထဲမှာပဲ။ ပြတင်းပေါက်မရှိ။ တံခါးမကြီးကို အပြင်ရှိ အစောင့်ကပိတ်ထားသည်။ သူသည်ယခုတိုင် သူတို့၏ သနားစရာအကျဉ်းသားများထဲက တစ်ယောက်ဖြစ်နေသေးသည်။

www.nyisay.com



ထိုအချိန်လေးတွင် သူသည် အိမ်သို့ ချက်ချင်းပြန်ချသွားလိုက်ချင်သည်။ သူ့မိသားစုကို တစ်ခါတည်းခေါ်ပြီး သူ့ဘဝမှာ စိတ်လွတ်ကိုယ်လွတ်ပျော်ခဲ့နေခဲ့ရသော သတ္တုတူးဖော်ရေးကျောင်းတက်ခဲ့သော အမေရိကန်ရှိ ကိုလိုရာဒိုမြို့လေးဆီ ပြေးသွားလိုက်ချင်မိလေသည်။ သူသည် အခက်အခဲများစွာကို ကျော်ဖြတ်ပြီး ချက်ချင်းပင် သူ့စာရွက်စာတန်းများကိုရှာဖွေပြီး အလုပ်ရှာသောအခါ ကိုလိုရာဒိုမြို့လေးရှိ မိုင်းကျောင်းလေးက လက်ခံလိုက်လေသည်။ သူ့သူငယ်ချင်းတွေက အကြံဉာဏ်များပေးခဲ့ကြရာတွင် သူ့စီမံကိန်းသည် သူ့အတွက် စိတ်ချအလုံခြုံဆုံးဖြစ်ကြောင်း၊ သူ့ရန်သူတွေက သူတို့အကျိုးစီးပွား မြှင့်တင်ဖို့အတွက် ကြိုးစားနေကြကြောင်း၊ ထို့ကြောင့် သူသည် သူ့လူထုက သူ့ကိုစော်ဘွားအဖြစ်လိုအပ်နေချိန်မှာပင် သူသည် သီပေါကနေ အမေရိကန်သို့ ထွက်ခွာလာခဲ့လေသည်။

စစ်ဖိနပ်သံများ သူ့တဲလေးနားရောက်လာသံကို ကြားလိုက်ရသောအခါ သူ့စိတ်တွေသည် တကယ်အဖြစ်မှန်သို့ ပြန်ရောက်လာသည်။ တံခါးကို သတိကြီးစွာဖွင့်လိုက်သောအခါ ပြင်ပမှ ပထမဆုံးသော အလင်းတန်းလေးက တဲအမှောင်ထဲ ထိုးဝင်လာသည်။

ခက်ထန်မာတင်းသော မျက်နှာထားဖြင့် စစ်ဗိုလ်တစ်ယောက် တဲထဲမှာပေါ်လာသည်။ စဝ်သူ့ကိုမှတ်မိလိုက်သည်။ ထိုသူသည် လွန်ခဲ့သော တစ်နှစ်က သူ့သီပေါနယ်နားက ရွာလူကြီးလေးယောက်ကို လျှပ်စစ်ကျဉ်စက်ဖြင့် ရက်ရက်စက်စက် ညှဉ်းပန်းနှိပ်စက် သတ်ဖြတ်ခဲ့ဖူးသူ ဖြစ်လေသည်။ သူ့အဆိုအရ ထိုလူကြီးလေးယောက်သည် ဓားပြများနှင့် ဆက်သွယ်သောကြောင့် သင်ခန်းစာပေးလိုက်ခြင်းဖြစ်သည်ဟု ပြောခဲ့ဖူးသူလည်း ဖြစ်လေသည်။

''ကျွန်တော့်နာမည် ဗိုလ်စံလွင်ပါ။ မေးခွန်းနည်းနည်း မေးချင်လို့ပါ ဆရာ''

သူကပြောပြီး ဖျာပေါ်တွင် တောင့်တောင့်ကြီးရပ်နေပုံမှာ စဝ်ကို ခြိမ်းခြောက်နေသလို ဖြစ်နေသည်။

''ပါလီမန်အမတ်တစ်ယောက်အနေနဲ့ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်က ဗိုလ်မှူးကြီးမောင်ရွှေနဲ့ပဲ စကားပြောချင်ပါတယ်''

စဝ်က အေးဆေးတည်ငြိမ်စွာ ပြန်ပြောသည်။ အံ့ဩစရာကောင်း

www.nyisay.com



လောက်အောင် တိတ်ဆိတ်ငြိမ်သက်သွားပြီးနောက် ထိုသူက ...

''ကျွန်တော်မေးတဲ့မေးခွန်းတွေ မဖြေဘူးဆိုရင်တော့ မဖြစ်နိုင်ပါဘူး။ ကျွန်တော် ဆရာကိုအကူအညီပေးချင်ပါတယ်။ ကျေးဇူးပြုပြီး ကျွန်တော့်ကိုယုံပါ။ ဒါပေမဲ့ ဆရာက ကျွန်တော်တို့လိုအပ်တဲ့ သတင်း အချက်အလက်တွေကို အရင်ပေးရမယ်''

''ကျွန်တော်က တောင်းဆိုနေတာပါ။ တခြား ဘာကိုမှထပ်ပြောဖို့ အစီစဉ်မရှိသေးပါဘူး''

စဝ်ကပြောပြီး သူ့ဘက်လှည့်လိုက်သောအခါ သူသည် အတော်သိသာစွာပင် စိတ်ရှုပ်သွားပုံရလေသည်။ မျက်နှာတော့ အပျက်မခံဘဲ သူက စဝ်အပေါ်စီးကရှိနေကြောင်းကိုသာ ပြလိုဟန်ရှိနေသည်။ စကားတော့ ပြန်မပြော။

''ခင်ဗျား နောင်တရလိမ့်မယ်''

သူသည် စိတ်ဆိုးမာန်ဆိုးဖြင့် လှည့်ထွက်ပြီး ဝါးတံခါးကိုပိတ်လိုက်လေသည်။ တံလေးသည် ပြန်မှောင်သွားပြီး ဝါးထရံကြားလေးမှာ ထိုးဝင်နေသော အလင်းတန်းလေးတွေသာ ဟိုနားသည်နား ထိုးကျနေသည်။ စစ်ဖိနပ်သံက တဖြည်းဖြည်း ဝေးပြီးပျောက်သွားတာ စဝ် ကြားနေရသည်။ စဝ်သည် ဖျာပေါ်ပြန်ထိုင်ချလိုက်ပြီး သူ့အိပ်ရာပေါ် တရားထိုင်ဖို့ပြင်လေသည်။ သူမျက်စိမှိတ်လိုက်ပြီး သူ့စိတ်ကို နှာဖျားလေးဆီ ပို့ထားလိုက်သည်။ နှာဖျားကိုတိုးဝင်သွားသောလေက အေးစိမ့်နေပြီး ရှူထုတ်လိုက်သောလေသည် နှာဖျား၌နွေးနေလေသည်။ သူ့အာရုံကို စူးစူးစိုက်စိုက်ရနေချိန်တွင် ယောက်ျားတစ်ယောက်၏အသံကို သူ့ဘေး၌ ကြားလိုက်ရသည်။

''ဆရာ ကျွန်တော်အခု တစ်ယောက်တည်းရှိနေတယ်။ နောက် ဂျူတီချိန်းဖို့ တစ်ယောက်မလာသေးဘူး၊ အံချိန်နည်းနည်းရတယ်။ ကျွန်တော်ကကချင်ပါ။ ကျွန်တော့်လူမျိုးအတွက်ပဲ သစ္စာရှိပါတယ်။ ဒီကောင်တွေအတွက် သစ္စာမရှိနိုင်ဘူး။ ဆရာ့ကို ညကပြောခဲ့တဲ့ အတိုင်းပါပဲ။ ကျွန်တော်တို့က ဆရာ့ကိုသိပ်လေးစားပါတယ်။ ဆရာ့ကို ကျွန်တော်ကူညီနိုင်မှာပါ''

တံခါးကအနည်းငယ်ဟနေရာ ထိုကြားလေးမှ စဝ်အပြင်က သူ့ကိုမြင်နေရသည်။ သူက မြေကြီးပေါ်ဆောင့်ဆောင့်ထိုင်ပြီး ပြောနေသည်။ သူ

www.nyisay.com



သည် ရှိသေလေးစားမှုကိုပြသည့်အနေဖြင့် သူ့ဘွတ်ဖိနပ်ကိုချွတ်ပြီး ပြော နေသည်။ သူ့သေနတ်ကိုတော့မမြင်ရ။ သူ့ပုံက အရပ်ရှည်ရှည် နှာခေါင်းချွန်ချွန် မျက်နှာထားရှိသည်။ ထိုပေါ်လွင်သော နှာတံသည် တောင်ပေါ်သားဖြစ်တာကို ပြနေသည်။

''ခင်ဗျား ဘယ်လိုထင်လဲ။ ကျွန်တော့်ကို ကူညီနိုင်မလား''

စဝ်က မေးလိုက်သည်။

''ကျွန်တော် နောက်ထပ် စာတစ်စောင်ထပ်ပြီး မဟာဒေဝီဆီ အရောက်ပို့ပေးပါ့မယ်။ မနေ့ကစာထက် နောက်တစ်စောင်ကိုပြောတာပါ''

သူ ဖြေသည်။

''ကျွန်တော် ဒီသတင်းပို့ပေးရင် မဟာဒေဝီတော့ သိပ်စိတ်လှုပ် ရှားသွားမှာပဲ''

စဝ်သည် တွန့်ဆုတ်မနေတော့ဘဲ သူ့ပိုက်ဆံအိတ်ထဲက ပြက္ခဒိန် စာရွက်လေးကို ဖြဲလိုက်ပြီး ချက်ချင်းစာရေးလေသည်။

''အချစ် ••• မောင်အခု ဒီစာကို ခိုးရေးလိုက်တာ၊ မောင်အခု ဗထူးမြို့ ရပ်စောက်နားက တောထဲမှာ အဖမ်းခံထားရတုန်းပဲ။ ခင်မောင်ချိုကို ပြောပြပြီး သူကတစ်ဆင့် တော်မီကလဖ်(ဒ)ဆီ အကြောင်းကြားပါ။ မောင့်ကို လာကယ်ထုတ်ဖို့ပေါ့။ ကိုလှမိုး၊ မိုင်လီတို့လည်း ကူနိုင်တာပဲ။ သူတို့နဲ့ တွေ့ဖြစ်အောင်တွေ့ပါ။ ဒီကအခြေအနေတွေက ရှုပ်နေတယ်။ မကြာခင်ပြန် တွေ့ပါစေလို့ မျှော်လင့်ပါတယ်။ ကျန်းမာရွှင်လန်းပါစေ။ မောင် အဆင်ပြေပါ တယ်။'' ချစ်တဲ့ စဝ်ကြာဆိုင်။

နောက်ထပ်စာရွက်ပေါ်တွင်မူ စဝ်သည် ဤသတင်းကိုပဲ ရန်ကုန် တွင်ရှိသော သူ့သူငယ်ချင်း ဂျင်မီယန်းထံ ခပ်သွက်သွက် ရေးချလိုက်သည်။

ဂျင်မီယန်းမှတစ်ဆင့် ဝန်ကြီးချုပ်ဦးနုထံ သူ့ကို ကယ်ထုတ်ပေးဖို့ အကူညီ တောင်းခိုင်းလိုက်လေသည်။

''ခင်ဗျား ဒီစာနှစ်စောင် ရောက်အောင်ပို့ပေးနိုင်မလား''

စဝ်က သူ့ကိုပြောရင်း ပြက္ခဒိန်စာရွက်ကို ဆုတ်ဖြဲလိုက်သည်။

''ကျွန်တော် ကတိပေးပါတယ် ဆရာ။ နောက်တစ်ခုက ဆရာ သတိထားပါ။ ဒီကကောင်တွေကို မယုံပါနဲ့။ ဒီကောင်တွေက ညစ်တွေပဲ''

www.nyisay.com



စဝ်၏ ဝါးတဲအချုပ်ခန်းတံခါးနားမှ သူသည် လှစ်ခနဲ တိတ်ဆိတ်စွာ ပျောက်ကွယ်သွားလေသည်။

နာရီအနည်းငယ်ကြာသောအခါ နောက်ထပ်အစောင့် တစ်ယောက် ပြောင်းရောက်လာသံကို စဝ် ကြားလိုက်ရသည်။ လွန်ခဲ့သော ၂၄ နာရီက စဝ်ကို သူ့အစ်ကိုတော်ကားပေါ်မှ ဖမ်းဆီးခေါ်ဆောင်ခဲ့လာရသော အကြောင်းကို ကချင်တပ်သားက သယ်ဆောင်သွားလေပြီ။

သူ့အတွက် ပြင်ပကမ္ဘာနှင့် ဆက်သွယ်ရသော တစ်ခုတည်းသော မျှော်လင့်ချက်လေးလည်း ဖြစ်လေသည်။ သူ့အတွက် အခြားနည်းလမ်း မရှိ။ သို့သော် သူစောင့်ရမည်။ သူတရားမှတ်သည်။ ဒီအကြံ အောင်မြင်နိုင်ပါ့မလား။ စောင့်ကြည့်ရပေမည်။

❖

www.nyisay.com





ကော်လိုရာဒို၊ ဒန်ဗားမြို့ရှိ သူငယ်ချင်းတစ်ဦး၏နေအိမ်မှ
စဝ်နှင့် အင်းဂ်တို့၏ မင်္ဂလာလက်ထပ်ပွဲ (မတ် ၇ ၁၉၅၃)

www.nyisay.com



## အခန်း ၂

နာရီအနည်းအတွင်းမှာပင် အရှေ့ဟော်နန်းသည် မယုံကြည်နိုင်လောက်အောင် ပြောင်းလဲသွားပြီး ကြောက်စရာ၊ ထိတ်လန့်စရာဟု အလွယ်တကူ ပြောရပေတော့မည်။ မဟာဒေဝီ၏ မှတ်ဉာဏ်များကိုအသုံးချဖို့ ရှေ့ဘာဆက်လုပ်ရမလဲဆိုတာစီစဥ်ဖို့ သူမတစ်ယောက်တည်းနေဖို့ လိုအပ်လေသည်။ ဟော်ရှေ့က မြေပြင်ခုံးကို သူမ၏ ခိုကိုးရာနေရာလေးအဖြစ် ရွေးချယ်လိုက်သည်။ ထိုနေရာလေးမှနေ၍ မျက်စိတဆုံးမြင်ရသော တောရိပ်တောင်တန်းတောင်ထပ်များ၊ စိမ်းမြလဲ့ရည် တအိအိ စီးဆင်းနေသော နမ့်တူမြစ်ကြီး၏ ငွေကြေးမုံပြင်ပေါ် လူးခတ်ကူးနေသော လှေလေးတွေ၊ ဝင်းဝင်းဝါသော နေကြာပန်းရိုင်း ပင်လယ်နှင့်အပြိုင် ရာပေါင်းများစွာသော စွေးစွေးရဲရဲတောပန်းချုံများကိုမြင်နေရသည်။ စိမ်းစိုစို ပြာမှိုင်းမှိုင်းလွမ်းငွေ့ဝေနေသော မိုန်ဖျဖျမြင်ကွင်းကိုငေးသည်။ နံ့ကောင်ကျိုင်းကောင်လေးတွေ၏ တကျီကျီမြည်သံ စူးစူးစူးစူးတွတ်ထိုးနေကြသော ငှက်လေးတွေအသံဆွေးဆွေးမြည့်မြည့် ဥညြသံတို့ကို ကြားနေရသည်။ သဘာဝတရားကြီး၏ အလှအပက သူမစိတ်ကို တည်ငြိမ်အေးချမ်းဖို့ မစွမ်းသာချေ။

လွန်ခဲ့သောရှစ်နှစ်က သူမကို စဝ်က ဒီသီပေါ်ကို သတို့သမီးအဖြစ် ခေါ်လာစဥ်က သည်နေရာမြေခုံးလေးမှာ ရာပေါင်းများစွာသော ပန်းပေါင်းများစွာပွင့်ဖူးလျက် အလှဆင်မွှေး ပျံ့သင်းကြိုင်နေခဲ့ဖူးလေသည်။ သူမသည်

www.nyisay.com



ရန်ကုန်ဆိပ်ကမ်းသို့ သဘော်ာဆိုက်စဉ်က အမေပြုံလို့ သူမကို ထိတ်လန့် အံ့အားသင့်စေခဲ့သည်။ ဒီသီပေါတွင် ကြိုဆိုညှော်ခံပွဲကို တစ်ပတ်ကြာအောင် အစည်ကားဆုံး အခမ်းနားဆုံး ကျင်းပခဲ့ဖူးလေသည်။

✦ ✦ ✦

ဇန်နဝါရီလ အစပိုင်း ၁၉၅၄ ၌ အက်စ်အက်စ် ဝါးဝိစ်ရှိင်းယား သဘော်ာသည် စက်ရှိန်လျှော့ချလိုက်ပြီး ရန်ကုန်ဆိပ်ကမ်းသို့ ကပ်ဖို့ပြင်လေသည်။ ကုန်ပစ္စည်းများကိုကမ်းပေါ်ချရန်နှင့် နှစ်ဒါဇင်ကျော် ခရီးသည်များသည် ကမ်းပေါ်တက်ဖို့ စိတ်အားထက်သန်နေကြသည်။ မြန်မာနိုင်ငံ၏ သင်္ကေတ ဖြစ်သော ရန်ကုန်ရှိ ရွှေတိဂုံစေတီတော်ကြီး၏ ရွှေရောင် ရွှေဝါရောင်ခြည်တန်း များကို ဆိပ်ကမ်းမှ မိုင် ၃၀ အကွာ ပင်လယ်ထဲမှပင် သပ္ပာယ်စွာ ဖူးမြင်နေရ လေသည်။ ခရီးသည်များထဲတွင် စဝ်နှင့် သူ၏ဩစတြီးယားသူ သတို့သမီး အင်းဂ်တို့အဖို့ စိတ်ညို့ဆိုပ်မွေ့ချထား ခံရသူလို ကြီးမားခံ့ညား ထယ်ဝါလှသော ရွှေတိဂုံစေတီတော်ကြီး၏ ရွှေရောင်ရွှေဝါ ပြိုးပြိုးပြက်ပြက်ရောင်တန်းများကို မှင်တက်မိငေး ကြည်ညိုမိကြလေသည်။

၃၂၆ ပေ ဉာဏ်တော်အမြင့်ရှိ ခေါင်းလောင်းပုံ လင်းလက် တောက်ပ ကြီးမားခမ်းနားလှသော စေတီကြီးထိပ် ထီးတော်ဝယ် စိန်၊ ပတ္တမြား၊ နီလာ၊ ကြီးမားသောမြ စသော ကျောက်မျက်ရတနာများကလည်း နေရောင်မှာ ဝင့်နေ ကြလေသည်။

သဘော်ာသည် ရန်ကုန်ဆိပ်ကမ်းသို့ ကပ်လေသောအခါ အင်းဂ် ရင်တွေ လှုပ်ခတ်နေခဲ့သည်။ အဆောက်အဦ ဖြူဖြူနိမ့်နိမ့်လေးတွေကို အနား သပ်လျက် ညာဘက်မြစ်ကမ်းတစ်လျှောက် ယိမ်းထိုး စီရီပေါက် နေကြသော အုန်းပင်များကို သူမ သဘောကျသည်။ နောက်ဆက်ပြီးတော့ နယူးယောက် ဆိပ်ကမ်းလို အဆောက်အဦမြင့်မြင့် မျက်နှာစာတွေကို သူမ မျှော်လင့်နေပေမဲ့ ဂျီနိုအာ သို့မဟုတ် လစ္စဘွန်းနှင့်သာ ဆင်ဆင်တူလေသည်။ သို့သော် သဘော်ာ သည် ကွေ့မသွားတော့ဘဲ ဆန်တင်ကုန်သဘော်ာကြီးနှစ်စီးကိုကျော်ပြီး ကမ်းကပ် ဖို့ပြင်တော့သည်။ ဆိပ်ကမ်းသည် လှုပ်ခတ်အလျင်မလိုလှဘဲ အေးတိတ် ငြိမ်သက်နေတာ အင်းဂ်သတိပြုမိလိုက်သည်။ ကျယ်လောင်သော တဒုတ်ဒုတ်

www.nyisay.com



မြည်သံတွေ စူးရှရှ ဝီစီသံတွေ ဆူညံသော အနောက်တိုင်းကကြီးမားသော ဆိပ်ကမ်းတွေကို သွားသတိရလိုက်လေသည်။ ကျယ်လောင်သော ဥသြသံကြီး တစ်သံကသာ အေးငြိမ်တိတ်နေသော ဆိပ်ကမ်းကို ဖျက်ဆီး ပစ်လိုက်လေသည်။

မှော်လင့်ထားသော ရန်ကုန်မြို့၏မိုးကုတ်စက်ဝိုင်းက မပီပြင်သေး ရွှေတိဂုံစေတီကိုတောင်မှ မဖူးမြင်ရသေးချေ။ ထိုအစား သင်္ဘောကြီးနား ကပ်လာကြသော လှေလေးတွေကို သူမ သတိထားလိုက်မိသည်။ အက်စ် အက်စ်ဝါးဝိစ်ရှိုင်းယား သင်္ဘောနားကပ်လာကြသော လှေလေးပေါ်တွင် လူ တွေပြည့်နက်နေပြီး လှပသော၊ တောက်ပသော အဝတ်အစားများကို ဝတ် ဆင်ထားကြလေသည်။ နီနီ၊ ပြာပြာ၊ ဝါဝါ၊ ပန်းနု၊ စိမ်းစိမ်း ။ သူမ အရင်က တစ်ခါမှ ဒီလို အရောင်လွင်လွင် စိုစိုတွေကို မမြင်ဖူးခဲ့။ ရှေ့တိုး မြင်အောင် ကြည့်သည်။ လေပြည်ညင်းညင်းတွင် ရောင်စုံထီးလေးတွေ ရောယှက်လိမ် လျက် တလူလူလွှင့်နေသော အောင်လံပေါ်တွင် အိမ်အပြန်ကို ကြိုဆိုပါတယ် ဟု ရေးထားလေသည်။ လှေပေါ်ကပြုံးလျက် ဆံစနက်နက် ရှည်ရှည် မိန်းမ ပျိုတွေသည် လှသောပန်းလေးတွေကို လက်လက်တောက်သော မြစ်ထဲပစ် ချနေကြသည်။ အက်စ်အက်စ်ဝါးဝိစ် ရှိုင်းယားသင်္ဘောပေါ်တွင် အရေးကြီးသော ပုဂ္ဂိုလ်တစ်ဦးဦးပါလာလို့သာ သည်လိုတခမ်းတနား စိတ်အားတက်ကြွနေကြ သော လူတွေ လှေလေးတွေနှင့် ကပ်လာ ခြင်းဖြစ်ရမည်။ ကုန်းပတ်ပေါ် ကလူတိုင်းသည် ပျော်ရွှင်နေသည်ထင်သည်။ ပုံမှန်မဟုတ်သော ကြိုဆိုမှုကြောင့် သင်္ဘောပေါ်က လူသည် စိတ်ရှုတ်လှုပ်ခတ် သတိထား နေရတော့သည်။ ထိုလူတိုင်းထဲတွင် စင်ကြာဆိုင်ကတော့ ခြွင်းချက်ဖြစ်သည်။

''အံ့သြလိုက်တာ ဘာဖြစ်တာပါလိမ့်နော်''

အင်းဂ်သည် တအံ့တသြမြင်ရသည်ကို သူမလင်တော် မောင်ဘက် လှည့်ပြောလိုက်သည်။

''ဒီသင်္ဘောပေါ်မှာ သိပ်အရေးကြီးတဲ့လူတစ်ယောက် ပါလာတယ် ဆင်တယ်''

မသက်မသာအကြည့်ဖြင့် စင်က ...

''အချစ်ကို မောင် ပြောစရာတစ်ခုရှိတယ်''

''ခဏ မစောင့်နိုင်ဘူးလား။ ကျွန်မ ကြိုတာကို စောင့်ကြည့်ချင်

www.nyisay.com



သေးတယ်''

အင်းဂ်ကပြောပြီး ကပ်လာသောလှေလေးပေါ်က လုပသော အပြင်အဆင်များကို အနီးကပ် တိုးကြည့်နေလေသည်။

''မဖြစ်ဘူး၊ ကိုယ့်ကိုယုံစမ်းပါ''

စင်က အလေးအနက်ပြောပြီး သူမလက်ကို ဆွဲကိုင်လျက် လူအုပ်တန်းမှ ထိုးထွက်ခဲ့လေသည်။ ပုံမှန်မဟုတ်သော ရုတ်တရက် သူ့အသံကြောင့် သူမ ထိတ်လန့်သွားရသည်။

''သိပ်အရေးကြီးနေလည်း ဆိုစမ်းပါဦး မောင်ရယ်''

အင်းဂ်က ပြောလိုက်သည်။

စင်က သူမလက်ကိုဆွဲပြီး ထမင်းစားခန်းလေးထဲခေါ်သွားသည်။ ဘယ်လိုစပြောရမှန်းမသိသည့်အတွက် စင်က ခဏလေး နားလိုက်သည်။ သူသည် သူ့ဝါယာကိုင်းတပ်မျက်မှန်ကို လက်ကိုင်ပဝါဖြင့် ထုတ်သုတ်နေကတည်းက သူစိတ်တွေ လှုပ်ရှားနေပြီဖြစ်ကြောင်း သူမသိလိုက်လေသည်။

သူမက သူ့လင်တော်မောင်ကို စူးစမ်းသလိုကြည့်လိုက်သော်လည်း သူမဝေခွဲလို့မရ။ ဘာကြောင့်လဲ။ သူ့ကြည့်ရတာ အလွန်ခံ့ညားနေသည်။ အညိုဖျော့ဖျော့ဝတ်စုံက သူ့အသားညိုညို၊ ဆံစနက်နက်နှင့် ပြောစရာမလိုအောင်ပင် လိုက်ဖက်ပြည့်စုံနေသည်။ သို့သော်ငြားလည်း သူ့ပိန်ရှည်ရှည်အရပ်က သူမအရပ်နှင့်အတူတူ ဖြစ်နေသည်။ စင်ရပ်နေသည့်အခါ သူ၏တော်ဝင်ဟန်ပန်သည် အမြဲအရပ်မြင့်မြင့် ထင်ထင်ရှားရှား ရှိနေတတ်သည်။

သူသည် လက်ကိုင်ပဝါဖြင့် တစ်ခါထပ်ပြီး မျက်မှန်ကိုသုတ်ပြီး သူမကို ကြင်နာစွာ ဖျတ်လတ်စွာ ငေးကြည့်နေသည်။ ဒီပုံစံသည် သူ့မျက်နှာပေါ်တွင် အစဉ်ပေါ်နေတတ်လေသည်။ မျက်ဝန်းအရောင် တလက်လက်ဖြင့် သူ ရှင်းသည်။

''မောင်လေ မောင့်အကြောင်းတချို့ကို မပြောပြခဲ့ဘူး''

''ပြောမနေပါနဲ့တော့၊ ရှင့်နားမှာ ကောင်မလေးတစ်ယောက် ရပ်စောင့်နေတာကြာလှပြီ''

ရယ်တစ်ဝက် ထိတ်တစ်ဝက်ဖြင့် သူမ ပြောလိုက်သည်။

''အိုး မဟုတ်တာ''

www.nyisay.com



သူ ရယ်လေသည်။

''ဒါပေမဲ့ မောင်လေ အင်းဂ်ကို ဖုံးကွယ်ထားတာ တစ်ခုရှိတယ်။ မောင့်ကို ခွင့်လွှတ်လိမ့်မယ်ထင်တာပဲ''

''ဘာတွေလဲ ဟင်၊ အသည်းယားအောင်လုပ်နေတာလား''

''အခုကြိုနေကြတာ မောင့်ကို''

သူက သူ့ခေါင်းကိုညိတ်ရင်း ပြောပြလိုက်သည်။

''အိုး သိပ်ရယ်ရတာပဲ''

အင်းဂ်က ပြောလိုက်သည်။

''မိုင်းအင်ဂျင်နီယာတစ်ယောက်ကို ဘာလို့ သူတို့က ဒီလိုကြိုရမှာလဲ''

အခုကစလို့ အင်းဂ်သည် စဝ်ကို သံသယဖြစ်စပြုလာတော့သည်။ စဝ်သည် သူမအပေါ် အရေးကြီးသောကိစ္စတွေ ဖုံးကွယ်လျှို့ဝှက်ထားပုံရသည်။ သူမ အသက်ရှူသံတွေ မြန်လာသည်။

''မောင်က အဲဒါထက်ပိုပါတယ်''

သူ ခဏရပ်လိုက်သည်။

''မောင်က ရှမ်းပြည်တစ်ခုလုံးရဲ့ စော်ဘွားမင်းသားတစ်ယောက် ဖြစ်ပါတယ်''

သူမ မျက်လုံးပြူးသွားသည်။ သူမ သတိလစ်သွားသည်။

''အဲဒီပြည်နယ်က အကြီးကြီးလေ အချစ်။ ကွန်နက်တီး ကပ်လောက် ကျယ်တယ်။ ဒါမှမဟုတ် လူဇင်ဘတ်ဒ်ထက် လေးဆကြီးတယ်။ မှန်းကြည့်လေ။ အဲဒီမှာလူတွေရှိနေတယ်။ အဲဒါ မောင့်ရဲ့လူထုပဲ။ အခု သူတို့အားလုံး သီပေါကနေလာကြတယ်။ မိုင်ရှစ်ရာ ဝေးတယ်လေ။ နောက်ကျရင် အချစ် အသားကျလာမှာပါ။ မောင်တို့ ရှမ်းပြည်ပြန်ရောက်ရင် ညှော်ခံပွဲတွေအများ ကြီး ကြုံရဦးမှာ''

အင်းဂ်သည် သူ့လင်တော်မောင်ကို မယုံကြည်နိုင်ဘဲ ငေးတွေ ကြည့်နေမိတော့သည်။ ထို့နောက် သူမ၏မျက်လုံးတွေက သူမဝတ်ထားသော လက်ဖြစ်ညြစ်ထြီးယားအဝတ်အစားတွေကို မြင်လိုက်ရလေသည်။

သူမက စိတ်ပျက်လက်ပျက်ဖြင့် တိုးတိုးလေးပြောလိုက်သည်။

www.nyisay.com



''မောင် ကျွန်မကိုပြောသင့်တာပေါ့။ အခုကြည့်ပါဦး။ ဒီအဝတ်အစားတွေနဲ့ မသင့်တော်ပါဘူး။ ကျွန်မ အဝတ်အစားလဲဦးမှပါ''

''မောင့်ကို ခွင့်လွှတ်ပါနော်''

သူ ထပ်ပြောလိုက်သည်။ သူမကို ပွေ့ဖက်လိုက်ပြီး သူ့ရင်နှင့် ကပ်လိုက်သည်။ စဝ်စိတ်ထဲ ကြောက်သလို ခံစားလိုက်ရသည်။ သူသည် သူ့ကိုသူ အမြဲအမှန်ကိုလုပ်တတ်သူဟု ဂုဏ်ယူလေ့ရှိရာ သည်တစ်ခါတော့ သူသည် သူမဘက်က မစဉ်းစားခဲ့ချေ။ သူသည် သူမကိုပြောပြဖို့ အကြာကြီးစောင့်နေခဲ့သည့်အတွက် မှားသွားခဲ့ကြောင်း သိလိုက်လေသည်။

''မောင် ဘာလို့ ကျွန်မကို လက်မထပ်ခင်က အရင်ပြောမပြခဲ့တာလဲ''

သူ့ကို တွန်းထုတ်လိုက်ရင်း သူမ ပြောသည်။

''မောင့်ကို အချစ်သေချာပေါက်လက်ထပ်စေချင်တာက မောင့် ဆန္ဒအမှန်ပဲ။ ဒါပေမဲ့ ဒါသိပ်ဆိုးတဲ့အလုပ်ပဲ။ မောင် စိတ်မကောင်းပါဘူး''

သူမက သူ့ကို ဘာမှ ပြန်မတုံ့ပြန်တော့ပဲ သူ့အကြည့်ကိုရှောင်လိုက်သည်။ သူသည် သူမအပေါ် လုံးဝအပြည့်အဝ ယုံကြည်မှုမရှိဘူးဆိုတာ သူမသိလိုက်ရပြီး ရင်ထဲ ဆစ်ခနဲ နာကျင်သွားသည်။

သည်ကိစ္စအတွက် သူမ သူ့အပေါ်အမြဲ တမြုံမြုံဖြစ်နေစေတော့မှာ သေချာလေသည်။ သည်ကိစ္စကို သူတို့ပြောရမည့်အချိန် သို့မဟုတ် နေရာ မဟုတ်ကြောင်း သူမ သိသည်။

''လာ ••• ပျော်ပျော်ပဲ သွားကြစို့''

သူမ ပြောလိုက်သည်။ သူ့စိတ်တွေ ပေါ့သွားသည့်အတွက် သူမကို ပွေ့ချီမှာစိုးလို့ ရှောင်ထွက်လိုက်လေသည်။

သူတို့နှစ်ယောက် လက်ချင်းချိတ်ပြီး ကုန်းပတ်ပေါ်တက်လိုက်ကြသည်။ လှပစွာဆင်ယင်ထားသော လေပေါ်ကလာကြိုကြသော ရှမ်း၊ မြန်မာလူစုကို သူတို့ လက်ဝှေ့ရမ်း နှုတ်ဆက်လိုက်ကြသည်။ သင်္ဘောက ကမ်းကိုဆိုက်လေပြီ။ သင်္ဘောပေါ်က ကုန်းဘောင်သည် အနည်းငယ်နိမ့်နေ၏။ ကမ်းပေါ်ကအရာရှိများ ကုန်းဘောင်ပေါ်မှ အမြန်ပြေးတက်လာကြပြီး နွေးထွေးစွာ လေးစားစွာဖြင့် စဝ်နှင့် သတို့သမီးကို နှုတ်ဆက်ကြိုဆိုကြသည်။ အင်းဂ်သည် လှုပ်ရှားနေသော စိတ်တွေကို တည်ငြိမ်အောင်ကြိုးစားထိန်းနေရသည်။ သို့သော်ငြားလည်း သူမ၏

www.nyisay.com



နိုးရိမ်စိတ် မလုံခြုံစိတ်တွေက ကဲနေတော့သည်။ သူမက ပြင်ဆင်ချိန်ရအောင် သူတို့ကို ကုန်းဘောင်ဟိုဘက်ကမ်းပေါ်ကနေ စောင့်နေစေချင်မိခဲ့လေသည်။ သူတို့က ပထမတစ်ကြိမ် လက်ထပ်ပြီး ကြသူများဖြစ်သည်။ သူမသည် သူ့ကို ဒေါသစိတ်ဆိုးနေမိတော့သည်။

ဂုဏ်သရေရှိ မောင်နှံနှစ်ယောက်ကို အစောင့်များခြံရံလျက် လူဝင်မှု ကြီးကြပ်ရေးနှင့် အကောက်ခွန်ဌာနကိုဖြတ်ကြလေသည်။ သူတို့နှင့်အတူ စီးလာကြသော ခရီးသည်များမှာ သူတို့နှင့်ဝေးရာတွင် ရှိနေကြလေသည်။ သင်္ဘောဆိပ်ခံတံတားပေါ်တွင် သူတို့ကိုလာကြိုကြသောသူများဖြင့် ပြည့် နှက်နေသည်။

ရာပေါင်းများစွာသော စိတ်အားထက်သန်နေကြသည့် ဆွေမျိုးများ ကျောင်းသားများနှင့် ရှမ်းပြည်မှလာကြသော ရှမ်းလူထုကြီးက ရှမ်းအိုးစည် မောင်းလင်းကွင်းများတီးပြီး ကြိုကြသည်။ ချောမော သိမ်မွေ့ယဉ်ကျေးသော ရှမ်းအမျိုးသမီးများက သူမကို လှပမွှေးပျံ့သော ပန်းစည်းများ ဆီးကမ်းကြပြီး သူမကို ချီးမွမ်းကြသည်။ မွှေးထုံသော စံပယ်ပန်းများနှင့်အတူ သူမ အမည် မခေါ်တတ်သော ပန်းပေါင်းစုံဖြင့် သင်းနေတော့သည်။ သူ့နား ပန်းစည်း လာပေးကြသော ရှမ်းမလေးတွေကို သူမ အနီးကပ်တွေ့ရသည်။ သွယ်လျလျ ကျက်သရေရှိသောကိုယ် နေရောင်စိုစို ပိုးထမီလှိုင်းတွန့် အင်္ကျီဖြူကို ဝတ် ထားကြသည်။ အင်္ကျီပေါ်တွင် မျက်စိကြိမ်းလောက်အောင် ဝင်းလက်နေ သော ရွှေနှင့် ကျောက်မျက် ရတနာကြယ်သီး ၅ လုံး တပ်ထားကြသည်။ သူမမျက်နှာမှ အပြုံးပန်းသည် တောက်ပနေပြီး ရှည်လျားသောဆံစအုပ် နက်နက်တွေက နောက်ဘက်မှာ စည်းချထားရာ သူမ၏ ညိုတိုတိုနူးညံ့ သက်သောအသားနှင့် ဝင်းနေလေသည်။ အင်းဂ်က အမေရိကန်တွင် မြန်မာပြည်မှ လာကျောင်းတက်ကြသော မြန်မာကျောင်းသူအချို့ကို မြင်ဖူးသော်လည်း ယခု ရန်ကုန်ဆိပ်ကမ်းမှာ လာကြိုနေကြသော ရှမ်းမလေးတွေနှင့်မတူ ခြားနားနေတာ သတိပြုမိလေသည်။ အမေရိကန်တက္ကသိုလ်တွင်မူ သူတို့ သည် ပတ်ဝန်းကျင်နှင့် အဆက်အသွယ်မရှိပဘဲ ထူထဲလေးလံသော ကုတ်အင်္ကျီကြီးများ၊ သားရေဘွတ်ဖိနပ်များကိုဝတ်ထားစီးထားပြီး နွေးအောင် နေကြရသည်။ သူမသည် မြန်မာအမျိုးသမီးများကို သူတို့မြေပေါ်တွင်

www.nyisay.com



ပထမဆုံး မြင်ဖူးရခြင်းပဲဖြစ်သည်။ သူတို့ခေါင်းတွင် ပန်ထားကြသော ပန်းတွေနှင့် အလှခြင်းပြိုင်နေကြလေသည်။ အမျိုးသားများကတော့ အရောင်မှိန်မှိန် ပုဆိုးများဝတ်ထားကြပြီး အချို့ကမူ ရှမ်းဘောင်းဘီပွပွကြီးများ ဝတ်ထားကြသည်။ မြန်မာတွေနှင့် ခြားနားနေသည်မှာ ရှမ်းအမျိုးသားတို့သည် မျက်နှာသုတ်ပဝါကို ခေါင်းပေါင်းအဖြစ် ပေါင်းထားကြခြင်းဖြစ်လေသည်။

အားလုံးခြုံပြောရလျှင်တော့ အင်းဂ်သည်စိတ်တွေရှုပ်ထွေးပြီး သူမအမြင်တွေ ဝေဝါးလာသည်။ သူမ မျက်အိမ်ထဲမှ မျက်ရည်များကျမလာစေရန် မနည်းချုပ်တည်းနေရလေသည်။ နွေခင်းပြင်းပြင်းပူသောနေနှင့် စိတ်လှုပ်ရှားမှုတို့ကြောင့် သူမနေရတာ အလွန်မသက်မသာ ဖြစ်နေတော့၏။ အင်းဂ်သည် သူမသရုပ်ဆောင်နေရတာကို စိတ်ဆိုးမာန်ဆိုးဖြင့် စဝ်ကို မျက်စောင်းထိုးကြည့်သည်။ တကယ်ဆို သူမသည် ဒီပွဲမျိုးနှင့် ပိုမိုသင့်တော်သော အဝတ်အစားမျိုးနှင့် ဖြစ်သင့်လေသည်။ ဤအကြိမ်သည် သူမအဖို့ ပထမဆုံး လူအများနှင့် ထိပ်တိုက်ရင်ဆိုင်ရခြင်းဖြစ်သည်။

သူမ၏ မိသားစုများ မိတ်ဆွေများနှင့် ရန်သူများလည်း ဖြစ်နိုင်လေသည်။ သူတို့သည် သူမကိုနိုင်ငံခြားသူအဖြစ် အံ့ဩစွာစူးစိုက် ကြည့်နေကြပြီး သူတို့အပြုံးနောက်တွင် ဘာတွေရှိနေသည်ဆိုခြင်းကို သူမမသိ။ သူတို့ပြောသော သံစဉ်နိမ့်မြင့်စကားတွေကိုလည်း သူမ နားမလည်နိုင်ချေ။

အင်းဂ်ထက်အရပ်ပုသော အမျိုးသမီးတစ်ယောက်သည် လူအုပ် ထဲမှ ပြေးထွက်လာခဲ့ပြီး အင်းဂ်ကို ပန်းစည်းပေးရင်း ...

''ကြိုဆိုပါတယ် ညီမလေး။ အစ်မက နန္ဒာပါ။ အစ်မက အင်းဂ်ကို ကိုယ့်အိမ်ကိုယ့်ယာလို သဘောကျနေနိုင်တဲ့အထိ ပြုစုစောင့် ရှောက်ကြမှာပါ''

အင်းဂ်ကို အံ့သြသွားစေသည်။ သူမသိထားတာက စဝ်၏အစ်မနာမည်များကို သိထားဖူးရာ ဒီလို ဆင်ဆင်တူသောအမည်ကို သူမ မကြားဖူး။ ဓာတ်ပုံထဲတွင်လည်း ဒီလိုရုပ်မျိုး မမြင်ဖူးခဲ့။ သို့သော် သူမက နန္ဒာ၏ ဖော်ရွေနွေးထွေးမှုနှင့် အမှားမရှိသော အင်္ဂလိပ်စကားကို သဘောကျမိလေသည်။ အိန္ဒိယသမုဒ္ဒရာပေါ်ဖြတ်စဉ်က သူသင်ထားခဲ့သော မြန်မာစကားအချို့ကို သူအားကိုးလို့မရ။ နောက်တော့ သူမ သီပေါ၌နေထိုင်စဉ် မြန်မာရောရှမ်းစကားပါ နှစ်မျိုးစလုံး သူပြောနိုင်ခဲ့လေသည်။ သူမဘေးက စဝ်ကိုပြော

www.nyisay.com



နေသောလူ၏စကား ဒါဇင်ဝက် လောက်ကအရေးကြီးဟန်ရှိနေသည်။ သူတို့တွေ ရယ်မောနေကြတာမြင်ရမှ သူမလည်း သူတို့စကားပြော နေတာကို သက်သာရာ ရစေလေသည်။

ဖြူဝင်းသောအသား ရှက်ရို့ရို့ အပျိုရွယ် ရှမ်းမလေးသုံးယောက်က အင်းဂ်ကို ခရီးဦးကြိုပြုလိုက်သည့်အတွက် နန္ဒာအဖို့ အင်းဂ်၏အာရုံစိုက်ခြင်းကိုရစေလေသည်။

''သူတို့က အင်းဂ်ရဲ့ ညီမလေးတွေပဲ။ ဒေစီ၊ ဂရေ့၊ ရှာဘီ''

သူမ ပြောသောအခါ အပျိုလေးသုံးယောက်က ခစ်ခစ်ရယ်၏။

''အင်းဂ်က သူတို့ကို အင်္ဂလိပ်စာနဲ့ လိမ္မာယဉ်ကျေးဖို့ သင်ပေးရမှာပဲ''

အင်းဂ်၏ စိတ်ပါဝင်စားမှုက တိုးလာတော့သည်။ စဝ်မှာ ညီမဘယ်နှယောက်လောက်ရှိနေပါလိမ့်။ သူမ သိအောင်လုပ်ရပေဦးမည်ဟု တွေးနေစဉ် သူမ လက်မောင်းကို စဝ်က ဆုတ်ကိုင်လိုက်လေသည်။

''နေတအားပူနေပြီ။ မောင်တို့ ဒီနေရာကနေ သွားကြရအောင်'' စဝ်က ပြောသည်။

''ကြိုဆိုရေးကော်မတီက စထရင်းဟိုတယ်မှာ မောင်တို့ကိုဖိတ်ထားတယ် ညစာစားပွဲလုပ်မယ်။ အဲဒီရောက်မှ အားလုံးနဲ့အချစ်ကို မိတ်ဆက်ပေးမယ်''

သူက သူမလက်ကိုဆွဲပြီး ရပ်စောင့်နေသော ကားဆီခေါ်သွားလိုက်သည်။

''ကျွန်မတို့ အိတ်တွေရော''

သူမ မေးသည်။ ရုတ်တရက်ခရီးသည်၏တာဝန်တွေကို သတိရလိုက်မိလေသည်။

''မောင်တို့ ဘာတစ်ခုမှ စိတ်ပူနေစရာမလိုပါဘူး။ အတွင်းရေးမှူးက အားလုံးလုပ်ပေးမှာပါ''

အင်းဂ် အံ့အားသင့်သွားသည်။ သူမဘဝတစ်လျှောက်လုံး ခရီးသွားခဲ့ရာ ခရီးဆောင်အိတ်တွေကို ရထား၊ ဘတ်စကားတွေပေါ် အပ်နှံရ၊ ရွေးရ၊ သယ်ရ အကောက်ခွန်မှာပြရ စိတ်ပူခဲ့ရလေသည်။

သူတို့ ကားနောက်ခန်းတွင် လူလွတ်တက်လိုက်ပြီး တံခါးနှစ်ဖက်ကို

www.nyisay.com



ပိတ်လိုက်သည်။ သူကပြောသည်။

''တစ်ခုကျန်သေးတယ်။ အချစ်မောင့်ကို လူတွေရှေ့မှာ စဝ်လို့ မခေါ်နဲ့တော့ သိလား။ ဒါ သိပ်မလေးစားရာကျတယ်နော်''

''ဒါဆို ကျွန်မက မောင့်ကို ဘယ်လိုခေါ်ရမှာလဲ''

''ဒါက မောင်ခေါ်စေချင်တာမဟုတ်ဘူးလေ။ ဒါ မောင့်လူထုက စဉ်းစားပေးတာ ပိုကောင်းမယ်''

''ကောင်းပြီလေ။ အခုပြောပါလား မောင့်ကို ဘယ်လို ခေါ်သင့်လဲ'' သူမ စိတ်ဆိုးလာတာကို တဖြည်းဖြည်း စပြလေသည်။

''သူများတွေ ဘေးမှာရှိနေရင် အချစ်ကမောင့်ကို စဝ်ပီဖလို့ခေါ်ပေါ့''

''စဝ်ပီဖ ဘာအဓိပ္ပာယ်လဲဟင်''

''ဒါက အုပ်စိုးသော စော်ဘွားမောင်တော်ဘုရားပေါ့''

သူပြောပြီးနောက် နှစ်ယောက်လုံးပြိုင်တူ ရယ်လိုက်ကြလေသည်။

''ပြီးတော့ မောင်ကလည်း အချစ်ကို အင်းဂ်လို့ မခေါ်ချင်ဘူး''

သူ ဆက်ပြောသည်။

''ရှမ်းဗေဒင်ဆရာတွေ တွက်ပေးထားတဲ့ ရှမ်းနာမည်လေ သုစန္ဒီ လို့ခေါ်မယ်''

ဘာအဓိပ္ပာယ်လဲဟု သူမမေးမည်ပြုပြီးမှ စိတ်လှုပ်ရှားနေတာ ပူအိုက်တာ နွမ်းနယ်နေတာကြောင့် နာမည်နှင့်ပတ်သက်သော မေးခွန်းတွေ နောက်မှပဲမေးတော့မည်ဟု ဆုံးဖြတ်လိုက်လေသည်။ စထရင်းဟိုတယ်သည် အလွန်ဝေးသည်ထင်သောကြောင့် သူမအဖို့ ကားပေါ်တွင် ရုတ်တရက် လှုပ်ခတ်နေသော သူမစိတ်နှင့်မျက်လုံးကို အနားပေးထားလိုက်လေသည်။ သူမ ဆန္ဒကို ခွင့်မပြုချေ။ ကားမောင်းတာက မိနစ်အနည်းငယ်သာ ဖြစ်လေသည်။ အင်းဂ်သည် မျက်လုံးတစ်ဝက်ဖွင့်ထားပြီး နိုင်ငံခြားကလမ်းမပေါ်ကို ငေး ကြည့်နေလိုက်သည်။ လမ်းပေါ်တွင် ဆိုက်ကား၊ လိမ္မော်ရောင် သင်္ကန်းရုံ ဘုန်းတော်ကြီးများ၊ သစ်သားဘော်ဒီဖြင့် လုပ်ထားသောကားများ၊ ကြီးမား သောခြင်းကို ခေါင်းပေါ်ရွက်သွားသော မိန်းမများကိုတွေ့ရလေသည်။ သူတို့ ကြားတွင် အဖြူရောင်ကုတ်အင်္ကျီဝတ်ထားသော ပုလိပ်က လမ်းရှင်းပေးနေ သည်။

www.nyisay.com



စထရင်းဟိုတယ်က အဖြူရောင်အဆောက်အဦတစ်ခု။ ကြီးကျယ်ခမ်းနားသော အတိတ်ကိုလိုနီလက်ကျန် အငွေ့အသက်တစ်ခုဖြစ်လေသည်။ သိုနေရာသည် ဆူညံလှုပ်ရှားနေသော ရန်ကုန်မြို့တွင် အေးချမ်းသော ကျွန်းလေးတစ်ခုလို မြိတ်သျှတို့၏ပျော်ရွှင်မှုအလယ်က ငြိမ်သက်အေးချမ်းမှုတစ်ခုလို ရှိနေလေသည်။ ကုန်လုံပြည့်စုံနေကြသော အာရှသားဘဝအချို့သည် ထူးခြားကောင်းမွန်လှသော နေရာလေးဆီသို့ အခြွေရံအပေါင်းဖြင့် ထိုးဖောက်ဝင်ရောက်လာနေလေသည်။ ဖိနပ်မပါသော ကုလားအစောင့်တစ်ယောက်က သူတို့ကို ခရီးဦးကြိုဆိုပြီး ညှော်ခံပွဲခန်းမအတွင်းသို့ ခေါ်ဆောင်သွားလေသည်။ ထိုခန်းမထဲတွင် အနည်းဆုံး လူငါးဆယ်ခန့် စုရုံးရောက်ရှိနေပြီးဖြစ်သည်။

သုစန္ဒီထိုင်သောနေရာနှင့် တစ်ဆက်တည်းတွင် လူသုံးယောက်၏ နားမလည်သော စကားများကိုကြားနေရပြီး သူမစိတ်ထဲ၌ မျက်လုံးအစုံတိုင်းသည် သူမကို စူးစူးစိုက်စိုက် စေ့စေ့စပ်စပ်ကြည့်နေကြသည်ဟု ခံစားရလေသည်။

စိတ်ရှုပ်စွာနှင့်ပင် စိုးရိမ်စိတ်တွေဝင်လာမိသည်။ သူမသည် သူမမိသားစု သူငယ်ချင်းများကို စွန့်ခွာခဲ့ပြီး ဆုံးဖြတ်ချက်ခိုင်မာစွာဖြင့် ဒီကိုလိုက်လာခဲ့မိတာကို ပြန်တွေးမိပြီး အံ့သြမိရလေသည်။ သည်လို နေခြည်လင်းဖြာနေသော ရင်းနှီးကျွမ်းဝင်ခြင်းမရှိသောအရပ်တွင် ကိုယ့်အိမ်လိုနေနိုင်ပါ့မလားဟု သံသယဖြစ်မိပြန်လေသည်။ ဒီနေ့လို ထိတ်လန့်စရာတွေကြောင့် သူမသည် စဝ်ကို လုံးဝယုံကြည်လို့ရပါ့မလား သူမအံ့မိရပြန်သည်။ သို့သော် သူမ သံသယများသည် ကြောက်စရာများမဟုတ်ပါ။ သူမအတွက် ဘဝသစ်တွင်နေထိုင်ရမည့် အခွင့်အရေးသည် စီရင်ပြဋ္ဌာန်းထားပြီး ဖြစ်လေသည်။ နောက် ၅ ရက် ရန်ကုန်မှာ နေရသောကာလတွင် မဆုံးနိုင်သော မိတ်ဆက်ပွဲ ညှော်ခံပွဲ၊ တရားဝင်မဟုတ်သော လူမှုရေးဖိတ်ခေါ်ပွဲ၊ ယဉ်ကျေးမှုအသစ်ဘဝနေထိုင်မှုအတွက် သင်ခန်းစာများနှင့် အထိမခံနိုင်ငံရေးကိစ္စများပင်ဖြစ်လေသည်။ သုစန္ဒီသည် ပတ်ချာရမ်းနေသော ကိစ္စအဝဝတွင် လုံးလည်သိုက်ရင်းက ပျော်နေမိတော့သည်။ လေးလေးနက်နက် တွေးတော ရှာဖွေခံစားစိတ်ကို ခဏရွှေ့ထားလိုက်သည်။ ပထမဆုံး ရန်ကုန်နံနက်ခင်းမှာ နံနက်စာကို နိုင်ငံခြားရေးဝန်ကြီးနှင့် ရှမ်းပြည်နယ် ဗဟိုအုပ်ချုပ်ရေးအဖွဲ့

www.nyisay.com



ခေါင်းဆောင် စဝ်ခွန်အုံအိမ်တွင် စားခဲ့ကြသည်။ ရန်ကုန်တွင် သီးသန့်ကျန်ရစ်သော အင်္ဂလိပ်ပိုင်ရိုးကုမ္ပဏီတွင် ကိုက်ရာပေါင်းများစွာသော ခန်းဆီးကန့်လန့်ကာများ၊ တရုတ်လုပ်သစ်သားပစ္စည်းများနှင့် အိမ်သစ်အတွက် မီးအိမ်များကိုဝယ်သည်။ သုစန္ဒီ အခုထိ စထရင်းဟိုတယ်တွင် မတွေ့ရသေးတာကတော့ သီပေါကလာပြီး ရန်ကုန်တက္ကသိုလ်တက်နေကြသော ရှမ်းကျောင်းသားများနှင့် ရန်ကုန်မြို့လယ်ခေါင် ဆူးလေစေတီပေါ်က ဗေဒင်လက္ခဏာဆရာမ တို့ပင်ဖြစ်သည်။ ထိုဆရာမသည် စဝ်အမေရိကန်မထွက်ခွာခင်က စဝ်၏ ဗေဒင်ဆရာမပေါင်းများစွာထဲက တစ်ယောက်ပင်ဖြစ်သည်။ သုစန္ဒီ ဆရာမကို တွေ့လိုက်ချင်သေးသည်။ သို့သော်လည်း သူမသည် အင်္ဂလိပ်စကားပြောတတ်သော အတွင်းရေးမှူးဘမောင်နှင့်အတူ နေရာအနှံ့လျှောက်သွားသည်။ နန္ဒာနှင့် အတူသွားရတာထက် အဆင်ချောလေသည်။

တကယ်တော့ နန္ဒာသည် စဝ်နှင့်မောင်နှမ တစ်ဝမ်းကွဲတော်လေသည်။ သီပေါစော်ဘွားကြီး စဝ်အုံကြာ၏မဟာဒေဝီ စဝ်သုနန္ဒာဖြစ်သည်။ ဥရောပသားတွေအလိုအရမူ အစ်မ မတော်စပ်ပေ။ သုစန္ဒီ မြန်မာပြည်တွင် နေရသော ပထမဆုံးနေ့တွင်ပင် အဆင့်အတန်းအမျိုးမျိုး မိသားစုဆွေမျိုးတို့နှင့်တွေ့ဆုံရလေသည်။ မိသားစုတွင် လူငယ်ပိုင်းက ညီအစ်မများ၊ မောင်များဖြစ်ပြီး လူကြီးပိုင်းတွင်မူ ဦးလေး၊ အဒေါ်၊ အဘိုး၊ အဘွားတို့ ဖြစ်ကြသည်။

နန္ဒာသည် စဝ်၏ မဟာဒေဝီထက် အရင်ကျပြီး စဝ်ဘေးမှာနေခဲ့ရသည်။ သူမသည် စဝ်ကိုထားခဲ့ပြီး မန္တလေးရှိသီပေါ်ရုံးအတွက် သွားမလုပ်ခင်ထိ ရှိနေခဲ့သည်။ သူမသည် သီပေါက အခက်အခဲများစွာ တားမြစ်မှုပေါင်းစွာကို သည်းခံလုပ်နေခဲ့ပြီးမှ စဝ်က သူမကို သူတို့မိသားစုအတွင်း ပြန်လည်ခေါ်ယူထားခဲ့လေသည်။ သူမသည် အခုတော့ သုစန္ဒီကို ဘဝသစ်သို့မိတ်ဆက်ခေါ်ဆောင်ရာတွင် အရေးပါသောနေရာတွင် ရနေသည်။ နန္ဒာက ယဉ်ကျေးမှုကို ကောင်းကောင်း ကျကျနန နားလည်သည်။ သူမသည် ရှမ်း၊ မြန်မာစကားကို အင်္ဂလိပ်လို အပြန်အလှန်ဘာသာပြန် ရှင်းပြပေးနိုင်သည်။ သူမသည် အလွန်တန်ဖိုး မဖြတ်နိုင်လောက်အောင် အဖိုးတန်သူဖြစ်သည်။ သူမသည် ဟော်နန်းအတွက် သီပေါတွင်နေထိုင်ကြသော လူတွေအတွက် ဘာတွေလိုအပ်ပြီး

www.nyisay.com



ဘာတွေဝယ်ရမည်ကို အကြံပေးလေသည်။

အပျိုမ သုံးယောက်ဖြစ်သော ဒေစီ၊ ဂရေ့စ်၊ ရှုဘီတို့သည် စစ်၏ ဖအေတူအမေကွဲ ညီမဝမ်းကွဲတော်များဖြစ်ကြသည်။ သူတို့ ရန်ကုန်ကို ပထမဆုံးရောက်ဖူးကြတာဖြစ်ပြီး တခစ်ခစ်ရယ်ရင်း ပျော်ရွှင်နေကြလေသည်။ သူတို့၏ အင်္ဂလိပ်အမည်များကို သူတို့ကျောင်းတက်သော မေမြို့ရှိ သီလရှင်ကွန်ဗင့်ကျောင်းက ပေးထားခြင်းဖြစ်သည်။

✦ ✦ ✦

''ရှမ်းပြည်မှာနေရင် ကြိုက်ပါ့မလား''

ဟု ရန်ကုန်ရှိလူများက သုစန္ဒီကိုမေးကြသည်။ သို့သော် အပ်ချုပ်သည်မ မြန်မာအမျိုးသမီးက တောင်ပေါ်ကလာသော ခေါင်းဖြတ်တတ်သည့် အစောင့်အရှောက်၊ ဝိညာဉ် သို့မဟုတ် နတ်၊ စုန်း အစီအမံဖြင့် သူမအတွက် အင်္ကျီ၊ လုံချည်များကို စီရင်ထားကြောင်း သတိပေးလေသည်။ သူမအတွက် ချုပ်ထားသော မိုးပြာရောင် ပိုးလုံချည်ကို ဖြန့်ကြည့်သည်။ သူမကိုယ်နှင့် တိုင်းကြည့်သည်။ သူမကိုဟန်သစ်ဖြင့် မြင်ရသည်။ လက်မပါသော အတွန့်လေးနှင့် အင်္ကျီဝတ်ရတာအေးသည်။ အားလုံးပြီးသောအခါ အပ်ချုပ်သမသည် သူမအတွက် ကတ္တီပါပိနပ်တန်းဖိနပ် ယောက်ျားစီးတစ်ရန်ထုတ်ပေးသည်။ ထွန်းတောက်နေသော သူမပုံရိပ်ကို မှန်ထဲမှာကြည့်သည်။ ဒီဇိုင်းအသစ်ကို သူမ သဘောကျနေလေသည်။

''သနားစရာ မိန်းကလေးပဲ''

အပ်ချုပ်သမက ကြည့်ရင်းပြောလိုက်သည်။

''ရှမ်းပြည်သွားနေဖို့ဆို ရှင်က သိပ်ငယ် သိပ်လှနေသေးတယ်''

နန္ဒာပြောသောစကားအရ အပ်ချုပ်သမက သိသွားပြီးနောက် ဗုဒ္ဓဘာသာဝင်တွေပီပီ သုစန္ဒီ ဘေးကင်းစေဖို့ ဆုတောင်းပေးနေလေသည်။

''ကျွန်မ နောက်တစ်ခါရန်ကုန်လာရင် ရှင့်ဆီဝင်ပါ့မယ်''

သုစန္ဒီပြောရင်းက စိတ်လွတ်ကိုယ်လွတ် ရယ်လိုက်သည်။

''သည်မြို့မှာထက် ရှမ်းပြည်မှာနေရတာ ကျွန်မအဖို့ ပိုလုံခြုံစိတ်ချရပါတယ်။ ကျွန်မ သက်သေပြပါ့မယ်''

www.nyisay.com



သို့သော် သူမ၏ပြောစကားကို အပ်ချုပ်သမ သဘောပေါက်ပုံမရချေ။ အပ်ချုပ်သမ မရယ်ပေ။

သူမနှင့်တွေ့ရသော မြန်မာအများစုသည် ရှမ်းပြည်ကို နိုင်ငံရပ်ခြား လိုထင်မြင်နေကြသည်။ တချို့ဆို ရှမ်းပြည်သည် ယဉ်ကျေးမှုမရှိသော အလွန်ကြောက်စရာကောင်းသောအရပ်ဟု ထင်နေကြလေသည်။ သူတို့က ရက်စက်ကြမ်းတမ်းသော တောင်ပေါ်ကလူတွေသည် မြေပြန့်သားတွေကို သားကောင်လို လိုက်လံရှာဖွေ ကောင်းစွာကျွေးမွေးထားပြီး ခေါင်းဖြတ် သတ်ကြ၊ ရှမ်းမအပျိုလေးတွေက သူတို့ကို လာရောက်ပိုးပန်းသော ကံမကောင်း သူကိုပြုစားပြီးနောက် ဖျက်ဆီးတတ်ကြသည်ဟုဆိုသည်။ သတင်းသယ် ဆောင်လာသူ အနည်းငယ်မျှသောသူတို့က ဤသို့ အမှန်ပင်အစီစဉ်ကျကျ ပုံဖော်ပြီး ကြောက်စရာ ထူးဆန်းအံ့သြဖွယ်ကောင်းသော တောင်ပေါ်ရှမ်းများ အဖြစ် ပြောတတ်ကြလေသည်။

တောင်ပေါ်ကရှမ်းတွေနှင့် သုစန္ဒီ နီးနီးကပ်ကပ်နေလာပြီးနောက် သူတို့ပြောသလိုမဟုတ်မှန်း သိလိုက်ရသောအခါ စိတ်တွေရှုပ်ထွေးခဲ့ဖူးလေ သည်။ သူမအတွက် သတင်းအချက်အလက်များကို စစ်ထံမှရလေသည်။

သူမက စဝ်ကိုလုံးဝယုံကြည်သည်။ သူ့ရိုးသားမှုက အမြဲပင် သူမ ကို အကာကွယ်မဲ့စေသည်။ သူ စော်ဘွားဖြစ်ကြောင်းကို မဖုံးကွယ်ဘဲ ဖွင့် ပြောဖို့ပျက်ကွက်ခဲ့သော သူ့ကြောင့် သူမကံကြမ္မာကို မလှုပ်ခတ်နိုင်ချေ။ သူမကြားခဲ့သော ကောလာဟလတွေကို သူ့အား ပြန်ပြောပြသောအခါ သူ သည် ဟက်ဟက်ပက်ပက် ရယ်လေသည်။ ထိုကိစ္စတွေကို သူမ ဖယ်ထုတ်ပစ် လိုက်သည်။

သုစန္ဒီ ရန်ကုန်တွင်နေစဉ်က အချိန်တိုင်းတွင် ရှမ်းပြည်အကြောင်း စပ်စုချင်စိတ် တိုးပွားနေခဲ့လေသည်။ ကမ္ဘာအဆုံးထိ ဒီအသံတွေကြားနေရ သည့်တိုင်အောင် သူမသည် စဝ်နှင့်အတူနေရလျှင် ပျော်ရွှင်လိမ့်မည်ဟု ယုံကြည်သည်။ ထို့ကြောင့် ရှမ်းလူထုနှင့် ဆက်ဆံရသောအခါ သူမကို စိတ် ချမ်းသာစေလေသည်။ သူမသည် မြန်မာပြည်၏အစိတ်ပိုင်း တစ်ခုအကြောင်း ကို နားလည်ခဲ့ရလေသည်။

ရှမ်းပြည်သည် မြန်မာပြည်၏အရှေ့မြောက်တွင်ရှိပြီး တိုင်းပြည်၏

www.nyisay.com



လေးပုံတစ်ပုံခန့်ကို တောင်တန်းများဖြင့် ဖုံးလွှမ်းထားသည်။

တရုတ်၊ လော၊ ထိုင်းနိုင်ငံတွေက နယ်စပ်တွေမှာ ဝိုင်းရံထားသည်။ တောင်တန်းများပေါ်တွင် ရှမ်းလူမျိုးနှင့် ဒါဇင်မျှသော တိုင်းရင်းသားတောင်ပေါ်သားများ သုံးသန်းခန့်နေထိုင်ကြပြီး ရှမ်းတို့သည် မြန်မာထက် ထိုင်းနှင့်ပို၍ ဆင်တူလေသည်။

ရှမ်းတို့၏ မူလဇာတိဌာနေသည် တရုတ်ပြည်မှာဖြစ်ပြီး နမ်ချိုခေါ်သော တာတာလူမျိုးတို့ရောက်လာပြီး သူတို့မင်းနေပြည်ကို တိုက်ခိုက်ဖျက်ဆီးကြသောကြောင့် ရှမ်းတို့သည် တောင်ဘက်မှ ထိုင်းနှင့် မြန်မာပြည်သို့ အောင်မြင်စွာထွက်ပြေးခိုလှုံခဲ့ကြလေသည်။ သို့သော် သူတို့အောင်မြင်မှုက ကြာရှည်မခံချေ။ ရာစုနှစ် ၃ စုကြာသောအခါ သူတို့သည် တောင်တန်းတွေဆီ ပြောင်းရွှေ့နေထိုင်ခဲ့ကြပြန်လေသည်။ မြန်မာတွေနှင့် မတူတာကတော့ သူတို့တွင် ဘုရင်မရှိချေ။ ရှမ်းတို့သည် မျိုးရိုးအလိုက် အကြီးအကဲခေါင်းဆောင် စော်ဘွားအဆင့်သာရှိကြပြီး မြန်မာဘုရင်တို့ကို လက်ဆောင်ပဏ္ဏာဆက်ပြီး လက်အောက်ခံအဖြစ် နေလာခဲ့ကြသည်။ ဗြိတိသျှတို့ မြန်မာပြည်ကိုသိမ်းပိုက်သောအခါတွင်မူ ရှမ်းပြည်သည်လည်း ဗြိတိသျှ၏အင်ပါယာထဲတွင် ပါဝင်ခဲ့သော်လည်း ပျော်ရွှင်စွာနေထိုင်ခဲ့ရသော အခြေအနေကာလတစ်ခု ဖြစ်ခဲ့လေသည်။

မြန်မာဘုရင်မင်းဆက်က ပျက်သုဉ်းခဲ့ရသော်လည်း ရှမ်းစော်ဘွားများမှာမူ ဆက်လက်၍ကိုယ်ပိုင်အုပ်ချုပ်ခွင့်နှင့် အဆောင်အယောင်များကို ဆက်လက်ခံစားပြီး ကြီးမားသောလွတ်လပ်မှုကို ရရှိခဲ့လေသည်။

သုစန္ဒီနှင့် စဝ်တို့ တောင်တန်းတွေပေါ် အပျော်ခရီးထွက်သည့်အခါတုန်းက စဝ်က သုစန္ဒီကို သည်အကြောင်းတွေ ပြောပြခဲ့ဖူးတာကို သတိရမိလေသည်။ စဝ်က သူမကို ကြောက်စရာတစ်ခုမှကို မပြောခဲ့ပါ။ ကွာလုမ်းလှသော ယဉ်ကျေးမှုကိုညှိဖို့ရာ သူမအဖို့ ခက်ခဲမှုလည်း မရှိခဲ့ပါချေ။ သို့ရာတွင် သူမသည် ရန်ကုန်က စထရင်းဟိုတယ်အတွင်း ဖိမ်ကျကျ အထူးအိပ်ခန်း အတွင်း အိပ်မပျော်သောအခါတွင်မူ သူမ၏ဆုံးဖြတ်ချက်များ သည်မှန်ကန်ပါရဲ့လားဟု တွေးနေမိတတ်လေ၏။

သူမ၏ ဩစတြီးယားနိုင်ငံသို့ နောက်တစ်ခေါက် ပြန်ရောက်ပါ့

www.nyisay.com



မလားဟု ထင်လေသည်။ သူမတို့မြို့လေးက သူငယ်ချင်းဟန်နီသည် အခု အခါ အရှေ့အလယ်ပိုင်းရှိ အာရပ်တိုင်းပြည်တွင် မိန်းမဆောင်အတွင်း၌ အစဉ်အကျဉ်းသားအဖြစ် အဆုံးသတ်နေနေရတော့သည်။ သူမလည်း သည်လို ကံကြမ္မာမျိုးက စောင့်နေတာလား တွေးမိလေသည်။ ဒုတိယကမ္ဘာစစ် အတွင်းက ဗုံးတွေချ ပေါက်ကွဲပျက်စီးနေတာတောင်မှ သူမ၏မြို့လေးသည် သူမအတွက် အလုံခြုံဆုံးနေရာတစ်ခု ဖြစ်ခဲ့လေသည်။

ဘယ်လောက်များ အထူးအခွင့်အရေးတွေရခဲ့လဲဆိုရင် သူမ၏ ပထမဆုံးကပွဲတက်ရသောအခါ၌ ခန်းစီးစကို ဂါဝန်ချုပ်ဝတ်ခွင့်ရခဲ့သည်။ ပထမဆုံး အပျော်ခရီးဆဲလ်ဘတ်ကို လူငယ်ဟိုတယ်၌တည်းခိုခွင့်ရခဲ့လေ၏။ သူမ ပြန်တွေးပြီး သဘောကျမိလေသည်။ အခု သူမသည် ရန်ကုန်မြို့၏ အကောင်းဆုံးဟိုတယ်အတွင်း ရောက်နေသည်။ အဖိုးတန် ဖိမ်ခံပိုးထည်များ၊ လင်းလက်တောက်ပသော ငွေထည်များ၊ ခိုင်းဖို့အဆင်သင့် ဟိုတယ်ကုလား များရှိနေလေသည်။ သူမ ဩစတြီးယားတွင် ကြီးပြင်းလာခဲ့ရသော နှစ်တွေ လိုပင် သည်နေရာသည် သူမအတွက် လုံခြုံစိတ်ချရပြီး ကိုယ့်ကိုယ်ကိုယ် ယုံကြည်မှုအပြည့်ရှိနေသည်ဟု ခံစားမိရတော့သည်။

❖

www.nyisay.com



## အခန်း ၃

တိမ်ကင်းစင်သော ဖန်နဝါရီနံနက်ခင်းတွင် စဝ်နှင့်သုစန္ဒီတို့သည် ရန်ကုန်မှနေ၍ နောက်ဆုံးခရီးဖြစ်သော မန္တလေးအရှေ့မြောက်တွင်ရှိ သူတို့ သီပေါသို့ ထွက်ခွာခဲ့ကြလေသည်။ သူတို့ကို တင်ဆောင်လာသော ကားတန်းသည် မင်္ဂလာဒုံလေဆိပ်သို့ ဦးတည်သွားနေကြသည်။ ဒီစီ ၃ ကုန် ပစ္စည်းနှင့် ခရီးသည်တင်လေယာဉ်က လားရှိုးသို့ အရင်သွားရမည်။ ရှမ်းပြည်မြောက်ပိုင်းတွင် လားရှိုးသည်တစ်ခုတည်းသော လေဆိပ် ဖြစ်လေသည်။

''ဒီလေယာဉ်က အခုချိန်မှာတော့ စိတ်အချရဆုံးပဲ''

စဝ်က စိတ်လှုပ်ရှားနေသော သုစန္ဒီကို တည်ငြိမ်အောင် အားပေးလိုက်သည်။ အင်ဂျင်နှစ်လုံးတပ် လေယာဉ်ကြီးသည် ကျယ်လောင်သော အသံကြီး မြည်ဟည်းတုန်ခါပြီးမှ စတင်ထွက်ခွာသည်။

သူမမျက်နှာ သွေးမရှိတော့။ တဆတ်ဆတ်လှုပ်ခါနေသော သူမ၏ လက်တွေက ထိုင်ခုံလက်တင်တန်းကို တင်းတင်းဆုပ်ကိုင်ထားသည်။ သူမ ကြောက်ရွံ့တုန်လှုပ်နေသည်ကို စဝ်ကကြည့်ပြီး သူပါ စိုးရိမ်မကင်း ဖြစ်လာသည်။ သူမက မျက်လုံးကိုပိတ်ထားလိုက်သည်။ လေယာဉ်အတွင်း၌ လေဖိအားလျော့နည်းလာပြီး ဆူညံသံများကြောင့် စဝ်လည်း စကားမပြော နိုင်တော့ချေ။ လေယာဉ်သည် လေထဲတွင် တည်ငြိမ်သွားသောအခါမှ သူတို့ စိတ်ကိုလျော့ချလိုက်ပြီး လေယာဉ်ပြတင်းပေါက်မှ ငှက်မျက်လုံးတွေလို အောက်က မြန်မာပြည်၏တောတောင်ရေမြေအလှကို အသေအချာကြည့် ကြလေသည်။

www.nyisay.com



စိမ်းစိုလှပ ကြီးမားကျယ်ပြန့်သော လယ်ကွင်းကြီးတွေ၊ ရှမ်းတောင်တန်းတွေဆီမှ စီးဆင်းလာသည့် ကောက်လိမ်နေသော မြစ်များနှင့် တဖြည်းဖြည်း စိမ်းညို့နက်မှောင်နေသော ရှမ်းတောင်တန်းကြီးကို ဖျတ်ခနဲ တွေ့လိုက်ရလေသည်။ သည်လောက်ဝေးကွာသော တောင်တန်းတွေမှာ လူတွေနေနိုင်ပါ့မလား။ ထူးဆန်းအံ့ဖို့ ကောင်းလှသည်။

တစ်ခါမှာတော့ လေယာဉ်သည် မန္တလေးကိုကျော်ဖြတ်ခဲ့ပြီး ကြီးမားသော ဧရာဝတီမြစ်ကြီးပေါ်ပျံသန်းနေသည်။ စဝ်မှာ ဆောက်တည်ရာမရ ဖြစ်လာသည်။ ပြတင်းပေါက်နား တိုးကပ်လာပြီး သူ့ပြည်နယ်အစကို ရှာကြည့်သည်။ နောက်ဆုံးတော့ သူတို့ဇာတိမြေသို့ ရောက်လေပြီ။

ဒီစီ ၃ သည် ရှတ်တရက်ပင် ပေသောင်းကျော်မြင့်သော တောင်တန်းတွေပေါ် ကျော်တက်လိုက်သည်။ မေမြို့နားတစ်ဝိုက်က တောင်တွေကိုမြင်လာရသည်။ မေမြို့ကို ဗြိတ္တသျှကိုလိုနီတွေက နွေရာသီအပန်းဖြေစခန်းအဖြစ် တည်ဆောက်ခဲ့ကြသည်။ စဝ်က ရထားလမ်းအစလေးကိုမြင်လိုက်ပြီး လက်ညှိုးထိုးပြသည်။ ရထားလမ်းလေးသည် မန္တလေးမှ သီပေါသို့သွားသော လမ်းလေးဖြစ်ပြီး အရင်က စဝ်မကြာခဏ စီးခဲ့ဖူးလေသည်။

ထိုအမည်းစင်း ရထားလမ်းကြောင်းလေးကို စဝ် မျက်ခြည်မပြတ် လိုက်ကြည့်နေသည်။ ထိုလမ်းလေးတွင် မြန်မာပြည်နှင့် ရှမ်းပြည်ကိုခွဲခြားထားသော ဂိတ်လေးရှိသည်။

''ကြည့်၊ အခု မောင်တို့ရဲ့ သီပေါနယ်ကိုရောက်နေပြီ''

အသံတိုးတိုးဖြင့် သူပြောလိုက်သည်ကို သံသယဖြင့် သူမကြားလိုက်ရသည်။ သူညွှန်ပြသော သူ့ဘိုးဘွားပိုင်နေရာကို ကြည့်လိုက်သည်။ သံစုံတီးဝိုင်းကြီးတစ်ခု တီးနေသလို သူစိတ်တွေ လှုပ်ခတ်မြူးထူး ပျော်ပါးပျော်ရွှင်နေသည်။ သူတို့နေထိုင်ရမည့်နေရာ ရောက်တော့မည်ကို မျှော်တွေးကြည်နူးနေတော့သည်။ သူ့ ဝါယာမျက်မှန်ကိုချွတ်လိုက်ပြီး မျက်ရည်စတွေကို သုတ်လိုက်သည်။ သွန်ကျလာသော မျက်ရည်တွေကို တားဆီးဖို့ သူ့ဟာ သူစိတ်ထိန်းနိုင်ဖို့လိုသည်။ စဝ်က သုစန္ဒီကို ခါးပတ်ပတ်ထားရင်းကပင် လှမ်းဖက်လိုက်သည်။ သူ့အတွက် သုစန္ဒီနှင့် အသားခြင်းထိထားဖို့ လိုအပ်နေလေသည်။ သူသည် လေးနှစ်ကြာသောအခါ သူ့ရည်မှန်းချက်ကို အောင်မြင်ခဲ့ပြီဖြစ်သည်။ သူသည် မိုင်းအင်ဂျင်နီယာအဖြစ် ကိုယ့်မွေးရပ်မြေသို့ ပြန်လာ

www.nyisay.com



နိုင်ခဲ့ပြီဖြစ်သည်။

သူပြည်နယ်က လူတွေကို ကူညီရန်အတွက် မြေကြီးထဲမှာ မြုပ်ကွယ်နေသော သတ္တုများကိုတူးဖော်၍ အကျိုးရှိစွာ သုံးစွဲရပေတော့မည်။ သူသည် သူ့ဘိုးဘွားအမွေအတိုင်း စော်ဘွားအရိုက်အရာကို ဆက်ခံပြီး ဆက်လက်အုပ်ချုပ်ရပေဦးမည်။ ထို့ထက်ပိုကဲ၍ သူသည် သူ့ကိုချစ်ဖို့ သူ့ ကံကြမ္မာကို အထောက်အကူပြုပြီး ကူညီပေးမည့် သူ့စိတ်ကြိုက် ဇနီးလိမ္မာကို အိမ်ပါခေါ်ဆောင်လာခဲ့လေသည်။

မြန်မာပြည်နယ်စပ် နောင်ချိုမြို့လေးကို တဖြည်းဖြည်းရောက်လာသည်။ သူခုံနောက်ကို ပြန်မှီထိုင်လိုက်သည်။ သူသီပေါမှ ထွက်လာတုန်းက သည်ရထားလမ်းသည် သီပေါနှင့် ကုန်သွယ်ကူးလူးဆက်ဆံမှု ဘာမှပိုမိုထူးခြားလာခြင်းမရှိကြောင်း ပြောလေသည်။ သူ သူမထိုင်ခုံနားတိုးပြီး ပြတင်းပေါက်မှန်နားကြည့်ဖို့ ကပ်လိုက်သည်။ သူစိုးရိမ်သွားတာက စစ်တပ်အစုဘန်ကာလေးတွေ အဆောက်အဦလေးတွေကို တွေ့လိုက်ရသောကြောင့်ဖြစ်လေသည်။ သီပေါသည် တရုတ်နယ်စပ်နှင့် ဝေးကွာလှသောနေရာတွင်ရှိ သည်။

မြင့်မားသော မြောက်ဘက် တောင်ကုန်းအစွန်ကြီး၏အပေါ်တွင် လွင်ပြင်ကျယ်ကြီးရှိနေသည်။ စဝ်ကထိုနေရာနားက ရွာလေးကို ဖျတ်ခနဲမြင်လိုက်သည်။ ထိုရွာလေးတွင် ဂျပန်ခေတ်က သူနှင့်သူ့အဖေ အစ်ကိုမိသားစု များပုန်းအောင်းနေခဲ့ပြီး ဂျပန်နှင့်လက်တွဲ၍ အလုပ်လုပ်ခဲ့ဖူးသောနေရာလေးဖြစ်လေသည်။ စဝ်သည် ဂနာမငြိမ်ဖြစ်လာသည်။ သူ့လက်တွေလှုပ်လာသည်။ ထိုရက်တွေတုန်းက လေယာဉ်သံတွေ ကြောက်ရွံ့တုန်လှုပ်ခဲ့ရတာတွေနှင့် နောက်ဆုံးအောင်မြင်မှုတွေကို ပြန်သတိရလာလေသည်။ ထိုနေရာမှာနေခဲ့ရစဉ်က ဗေဒင်ဆရာတစ်ယောက်က သူသည် အလွန်ဝေးကွာသောနေရာသို့ ခရီးထွက်ခွာသွားရမည်။ ထိုတိုင်းပြည်က မိန်းမ သို့မဟုတ် အခြားတိုင်းပြည်က မိန်းမတစ်ယောက်ကို သည်နေရပ်သို့ အပါခေါ်လာလိမ့်မည်ဟု ကြိုတင်ဟောထားခဲ့ဖူးလေသည်။

စဝ်က ဗေဒင်နှင့် ကြိုတင်ဟောကိန်းတို့ကို နှစ်ပေါင်းများစွာကတည်းက ယုံကြည်ခဲ့ဖူးသည်ကို တွေးပြီးပြုံးမိလေသည်။ သူသည် သူမကို ပျော်ရွှင်မှု၊ အောင်မြင်မှုတို့ကိုသာမက ကြီးမားသောဒုက္ခများဖြစ်လို့ အသက်ငယ်ငယ်မှာ အသက်ဘေးအန္တရာယ် ကြုံလာရင်တောင်မှ သတို့သမီး သူမကို ထုတ်မပြောဖို့

www.nyisay.com



ဆုံးဖြတ်ထားခဲ့လေသည်။

အံ့ဩဖို့ကောင်းတာက သူ အင်ဂျင်နီယာကျောင်းတက်နေစဉ်က ဤလို သိပ္ပံနည်းမကျသော ရှမ်းတွေ၏အတွေးအမြင်ကို ထုတ်ဖော်မပြခဲ့ဖူးချေ။

လေယာဉ်သည် လားရှိုးလေဆိပ်သို့ ညင်သာစွာ ထိုးဆင်းခဲ့လေသည်။ ထို့နောက် သီးခြားဆောက်လုပ်ထားသော သစ်သားအဆောက်အဦလေးဆီ ဦးတည်ချဉ်းကပ်သွားသည်။ စဝ်က သူမကို အကြိုအကျယ်လာကြိုနေကြလိမ့်မည်ဟုပြောလိုက်၍ လာကြိုနေကြသောလူအုပ်ကြီးကို သူမ မြင်လိုက်ရသောအခါ အောက်နှုတ်ခမ်းကို ဖိကိုက်နေတာကို သူ မြင်လိုက်သည်။ အတွင်းရေးမှူးက လေယာဉ်ပေါ်က ခရီးသည်များကို အရင်ဆင်းစေလိုက်လေသည်။

သို့မှသာ စော်ဘွားကြီးနှင့် သူ၏မဟာဒေဝီအား ကြိုဆိုသောအဖွဲ့ကို အနှောင့်အယှက်မဖြစ်မှာ ဖြစ်လေသည်။ စဝ်က သူမကို ဒီစီ ၃ တံခါးပေါက်ဆီ ခေါ်သွားသည်။

သူတို့ ကော်ဇောခင်းထားသော လှေကားပေါ်မှ ဖြည်းညှင်းစွာဆင်းလာခဲ့ကြလေသည်။ ဂုဏ်ပြုရဲတပ်ဖွဲ့က ချီတက်လာသည်။ သီပေါရဲတပ်ဖွဲ့က လက်နက်များကိုင်ဆောင်ထားပြီး စဝ်နှင့် သူမကို အလေးပြုသည်။ သုစန္ဒီက သူ့ဘေးနားမှာ ရပ်နေသည်။ နောက်မှာ မဟုတ်ပေ။ အရပ်မြင့်မြင့် ဂုဏ်သိက္ခာရှိရှိ သူတို့နှစ်ယောက်ကို ရာပေါင်းများစွာသော မျက်လုံးအစုံတွေက စူးစိုက်ကြည့်နေကြလေသည်။ စဝ်က ပြည်နယ်ဝန်ကြီးများ ဂုဏ်သရေရှိလူကြီးများနှင့် အသက်အရွယ်ကြီးသော လူကြီးများကို သူ၏သတို့သမီးနှင့် မိတ်ဆက်ပေးသည်။ နွေးထွေးသော သူမ၏လက်ကို လှုပ်ရမ်းလျက်က မိတ်ဆက်ပေးသော လူများ၏အမည်ကို ထပ်ခါထပ်ခါ မေးနေတာ သူ သတိထားလိုက်မိသည်။

သူမ ဣန္ဒြေမဆည်ဘဲ မေးမြန်းနေတာကို လူတွေ ဝိုင်းကြည့်နေကြလေသည်။ သို့သော် သူမကို ကြိုဆိုကြသော သူများသည် အမှန်တကယ် ရင်းရင်းနှီးနှီး နှုတ်ဆက်နေကြမှန်း စဝ်က နားလည်ပါသည်။

လူအုပ်ထဲတွင် စိတ်ဆိုးနေသော မျက်နှာမျိုးကိုမတွေ့ရဘဲ လာကြိုဆိုကြသော လူကြီးများ၏သမီးတချို့ကတောင်မှ သုစန္ဒီ၏နေရာမှာ ဝင်နေရာယူချင်ကြပေလိမ့်မည်ဟု စဝ်တွေးလေသည်။ သူသည် တစ်ခါက ရှမ်းပြည်

www.nyisay.com



တွင် အကျော်ကြားဆုံး အရည်အချင်း အပြည့်အဝဆုံးသော သတို့သား တစ်ယောက်ဖြစ်ခဲ့လေသည်။

အစီး ၅၀ သော ကားတန်းကြီးသည် ရစ်ပတ်လှည့်လည်လျက် လားရှိုးလေဆိပ်မှ ထွက်ခွာလာခဲ့ပြီး သီပေါသို့သွားသော မိန်းလမ်းမကြီးဆီ ဦးတည်သွားလေသည်။ များစွာသော လုံခြုံရေးအစောင့်တပ် ဂျစ်ကားများ စွာက ဦးဆောင်သွားသည်။ စဝ်နှင့် သူမတို့ကတော့ စိတ်လျော့ချလိုက်ပြီး ကားနောက်ခုံတွင်ထိုင်ရင်း လိုက်ပါသွားသည်။

''မောင်တို့နားဖို့ မိနစ် ၂၀ လောက်အချိန်ရသေးတယ်''

စဝ်က သူမကို ပြောသည်။

''ပြည်နယ်ထဲဖြတ်တာနဲ့ လမ်းတစ်လျှောက်မှာ သောင်းချီတဲ့ . လူတွေက ကြိုနေကြလိမ့်မယ်။ သူတို့က လမ်းတစ်ဖက်တစ်ချက်မှာ ရပ်စောင့်ကြိုနေကြမယ် ပြီးတော့ သူတို့က အချစ်ကို ဖျတ်ခနဲ မြင်လိုက်ချင်တာပေါ့''

သူမ စဝ်နားကို တိုးကပ်လိုက်ပြီး သူမလက်ကို သူ့လက်ထဲထည့်လိုက်သည်။ သူ့လက်ကို တင်းတင်းဆုပ်ကိုင်လိုက်ပြီး သူတို့ ကိုလိုရာဒိုက ဒန်ဘားကို ပျားရည်ဆမ်းခရီးထွက်ခဲ့ပုံကို ပြန်တွေးနေမိလေသည်။

သူ့မျက်နှာမှာ အပြစ်ကင်းတဲ့ အပြုံးကိုမြင်ရတာ သူမ အလွန်စိတ်ချမ်းသာပြီး သူအလွန်ခန့်ချောကြောင်း ပြောခဲ့ဖူးလေသည်။

သူမအပေါ် ဂရုစိုက်ခဲ့ဖူးသူဆိုလို့ တစ်တိုင်းပြည်လုံးတွင် စဝ်တစ်ယောက်သာရှိခဲ့သည်ဟု တကယ်ပဲတွေးသည်။ သူသည် သူမ၏ကံကြမ္မာကို သူ့လက်ခုပ်ထဲမှာ ထည့်ထားလိုက်လေပြီ။ သူမသည် သူနှင့် ရန်ကုန်မှာ နေခဲ့ရသော အပတ်များအတွင်းမှာပင် သူမသည်သူ့အပေါ် နိုင်နိုင်မာမာ မှီခိုပြီး ကမ္ဘာ၏တစ်ဖက်ခြမ်းတွင် သူတို့နေရတော့မည်ကို သိလိုက်ရလေသည်။ သူတို့ကား စဥ့်အင်ရှိ နမ္မတူမြစ်ကူးတံတားပေါ် ဖြတ်ကူးလိုက်သောအခါ သီပေါနယ်ကိုရောက်ပြီဆိုတာ ထင်ထင်ရှားရှား သိလိုက်ရလေသည်။

ရာပေါင်းများစွာသော ရွာသားတွေသည် ဒုတိယကမ္ဘာစစ်တုန်းက ဗမာလမ်းမကြီးဟု ခေါ်သော လမ်းဘေးကအတားအဆီးတွေကို ဆေးရောင်စုံခြယ်သပြီး စင်ပြုလုပ်ထားသည်။ လုံချည်တောက်တောက် ဝတ်ထားသော ရှမ်းမလေးတွေက ယိမ်းကနေကြသည်။ အိုးစည်၊ ဗုံမောင်း၊ လင်းကွင်း တီးခတ်ပြီး အင်းကွက်များထိုးထားသော ရှမ်းယောကျ်ားနှစ်ယောက် ဓားသိုင်းကနေကြသည်။

www.nyisay.com



မျက်နှာဖုံးတပ်ထားသော ကိန္နရာငှက်က လိမ်ကောက်ကွေး လှည့်ပတ်ပြီး ကလေသည်။ စဝ်နှင့် သုစန္ဒီတို့ ကားရပ်ပြီးကားပေါ်မှ ဆင်းလာကြသောအခါ ကနေကြသောသူများ ရပ်သွားကြသည်။

စဥ့်အင်ရွာလူကြီးသည် အရပ်ရှည်ရှည် ကြွင်နာပုံရှိသော မျက်နှာ ညိုညို၊ အဖြူတစ်ဝက် အညိုတစ်ဝက်ရောနေသော နှုတ်ခမ်းမွေးနှင့်ဖြစ်သည်။ သူက ချဉ်းကပ်လာ၍ ရှမ်းလိုပြောပြီး သူမကို ကြီးမားသောလက်ဆောင် ပန်းစည်းကိုပေးသည်။ သူမသည် ပန်းစည်းထဲက အရောင်လက်နေသော ပန်းတစ်ပွင့်ကို ရွေးဖြုတ်ယူလိုက်ပြီး ခေါင်းကဆံစပေါ် ကလစ်ဖြင့် ထိုးလိုက်သည်။ ထိုအခါ လူအုပ်ထဲက ရှမ်းမတွေနှင့် ဆင်တူသွားလေသည်။ သူ့အလိုလို ပြုလုပ်လိုက်မိခြင်းသည် အေးစက်နေသော ရေခဲတစ်တုံးကို ခွဲပစ်လိုက်သလို ရှိလေသည်။ သူမဘေးတွင် ဝိုင်းဝိုင်းလည်နေကြသော ကလေးတွေ၊ မိန်းမ တွေသည် ဟားခနဲ ရယ်လိုက်ကြလေသည်။ နှောင်ဗိန် နှောင်ဆိုင်းသံ၊ မုံသံ၊ လင်းကွင်းသံများနှင့်အတူ ပျော်ပျော်ပါးပါး ကလိုက်ကြတော့သည်။ ရွာလူကြီးက ရှမ်းထုံးစံအရ ရေအပြည့်ထည့်ထားသော ငွေဖလားကို ကမ်းပေးသည်။ သုစန္ဒီသည် လာကြိုကြသောလူအများနှင့် သူတို့၏ ဖျော်ဖြေမှုတွေက သူမကို အညှို့ခံရသလိုဖြစ်နေတော့၏။ သို့သော် စဝ်က သူမလက်ကို ဆုပ်ကိုင်လိုက်ပြီးပြောသည်မှာ နောက်ထပ် သည့်ထက်ပိုတာ တွေလာဦးမယ်ဟုဆိုလေသတည်း။ လမ်းပေါ်မှာ ကားက မိနစ်အနည်းငယ် မောင်းသွားပြီးသောအခါတွင် စဝ်ဘာကိုပြောတယ်ဆိုတာ သုစန္ဒီ သဘော ပေါက်သွားလေသည်။ ကြိုဆိုရေးက တစ်ဖန်ပေါ်လာပြန်ချေသည်။ ကျွန်းတော ထဲတွင် ပုန်းအောင်းနေကြသော နောက်ရွာတစ်ရွာက ပိုမိုနုထွားသော ကျောင်းသူ ရှမ်းပျိုဖြူလေးများနှင့် ပိုမိုအသက်ကြီးသော ရှမ်းမချောချောများ လမ်းပေါ်တက်လာကြလေသည်။ ပိုမိုကသောရှမ်းပျိုဖြူများ၊ ပိုမိုသံစုံတီးသော ရှမ်းကြီးများ၊ ပိုမိုလှသောပန်းမျိုးစုံနှင့် ပိုမိုချစ်ခင်နှစ်လိုဖွယ်ကောင်းသော ရွာလူကြီးတို့ လမ်းမပေါ်မှာရောက်နေကြလေသည်။ သူတို့အကများ၊ ဝါးဖြင့် ဆောက်လုပ်ထားသော ဂိတ်အလှများ လမ်းဘေးစင်များနှင့် လှပသော အဝတ်အစားများကို သူတို့ကြိုတင်ပြင်ဆင်ခဲ့ကြပုံရလေသည်။ သို့သော် သူတို့စိတ်ခံစား ပျော်ရွှင်မှုနှင့် စိတ်လှုပ်ရှားမှုတို့ကတော့ သူ့အလိုလို ရုတ်ချည်း ပေါ်ထွက်လာကြဟန် ရှိလေသည်။

www.nyisay.com



စဝ်နှင့်သုစန္ဒီတို့သည် ပျော်ရွှင်ခြင်း ရယ်မောခြင်းနှင့် ဝမ်းမြောက်ဝမ်းသာဖြစ်ရခြင်းတို့ ဝဲဂယက်ထဲတွင် နစ်မျောနေခဲ့ကြတော့၏။ မရေတွက်နိုင်သော လူအုပ်နှင့် ကြိုဆိုရေးအဖွဲ့စခန်းများ ကျင်းပကြသည်မှာ ၂၅ မိုင် ခရီးလမ်းတစ်လျှောက်လုံးတွင် ဖြစ်တော့သည်။ သုစန္ဒီ၏ ချက်ပလက်ကားထဲတွင် မရေတွက်နိုင်သော ပန်းစည်းများ လှပမွှေးထုံသောပန်းများဖြင့် ပြည့်လျှံနေတော့သည်။

၃ နာရီခွဲမျှကြာသောအခါ သူတို့မော်တော်ကားတန်းသည် သီပေါမြို့ဂိတ်သို့ရောက်လာသည်။ ရှစ်ရာကျော်မျှရှိသော ကျောင်းသူ ကျောင်းသားကလေးတွေက စဝ်နှင့်သုစန္ဒီတို့ ကားဖြတ်သွားသောအခါ အိမ်အပြန်ကိုကြိုဆိုပါတယ်ဟု အင်္ဂလိပ်လို သံပြိုင်အော်ကြလေသည်။ များပြားလှသောလူသောင်းငါးထောင်က ကြိုဆိုရေးစခန်းများ ဆောက်လုပ်ထားပြီး မြို့ထဲကလမ်းတစ်လျှောက်တွင် မဆုံးနိုင်သော အကများ၊ တေးသီချင်းများဖြင့် ကြိုဆိုကြလေရာ မြို့ထဲတွင် အဓိကစခန်းကြီး ရှစ်ခုမျှရှိလေသည်။ ကြိုဆိုရေးစင်ကြီးတစ်ခု၊ နှစ်ခုသည် အိမ်ကြီးလောက်ကြီးပြီး နောက်ခံကား အဖြစ်အရောင်စုံ လူအများပုံပန်းချီကားကြီးကို ရေးဆွဲထားသည်။

နောက်ဆုံးတော့ သူတို့သည် မြို့မြောက်ဘက်အပိုင်းကို ရောက် လာကြသည်။ စဝ်တို့ကိုပြုစုဖို့ ဆွေမျိုးများနှင့် အိမ်နီးနားချင်းများကို ရွေးချယ်ထားကြသည်။ လမ်းကွေ့ချိုးလိုက်သောအခါ နှစ်ဆောင်ပြိုင် အဖြူရောင် အဆောက်ဦကြီးကို ဝန်းကျယ်ကြီးအတွင်း တွေ့လိုက်ရလေ သည်။ သုစန္ဒီက ဒါအရှေ့ဟော်နန်းပဲ သူတို့နေရမယ့်နေရာဟု ချက်ချင်းပင် သိလိုက်သည်။ သုစန္ဒီ ဘယ်တုန်းကမှ သည်လိုအဆောက်အဦပုံစံမျိုးကို စိတ်ကူးမကြည့်ခဲ့ဖူးချေ။

အဖြူရောင်အုတ်ဖြင့် နှစ်ထပ်ဆောက်ထားပြီး အုပ်ကြွပ်မိုးထားသည်။ လူတစ်ရပ်စာကြီးမားသော မှန်ပြတင်းပေါက်များ တံခါးများတပ်ထားသည်။ ဝရန်တာနှင့်ဆင်ဝင်ပါရှိသည်။ အဆောက်အဦကို ဝန်းရံလျက်လှပသေသပ်သောဥယျာဉ်၊ ညီညာသောပုဏ္ဏားရိပ်၊ လှနုညက်သောမြက်ခင်းပြင်၊ ဆေးရောင်စုံပန်းပွင့်များနှင့် ထူးထူးဆန်းဆန်း သစ်ပင်စိမ်းစိုများ ရှိနေလေသည်။ စဝ်ကသူမကိုငဲ့စောင်းကြည့်လိုက်သောအခါ သုစန္ဒီက ဒါသူမအိမ်လို ခံစားရပါတယ်ဟု မျက်လုံးဖြင့်ပြောလိုက်လေသည်။ အိမ်အဝင်ဝလုံခြုံရေးဂိတ်တွင် လက်နက်ကိုင်အစောင့်များရှိသည်။

www.nyisay.com



ဟော်နန်းရှိ ဝန်ထမ်းများနှင့် ဆွေမျိုးများက အင်္ဂလိပ်အိမ်ပုံစံကို ရှမ်းဟန်စွက်ထားသော ဟော်နန်းရှေ့က အဝင်လမ်းတစ်ဖက်တစ်ချက်စီတွင် တန်းစီရပ်ကြို့နေကြသည်။

ကရုဏာရှိသော ရည်မွန်သော လမ်းဘေးတစ်လျှောက် တန်းစီရပ်နေကြသောလူများမှာ သုစန္ဒီ၏နှလုံးအိမ်တွင် စွဲငင်ဖမ်းစားခြင်းကို ခံလိုက်ရပြီးဖြစ်သည်။ သို့သော် သူမ အခုအိမ်ပြန်ရောက်နေသလို ခံစားလိုက်ရလေသည်။

✦ ✦ ✦

ကျွန်းတံခါးမကြီး၏အပြင်ဘက် မာဘယ်ကျောက်ပြားခင်း လှေကားထစ်တွင် ချွတ်ထားခဲ့ကြသော ဖိနပ်များကို သိမ်းဆီးပြီးနောက်ဆုံးမတော့ ဆွေမျိုးအပေါင်းသည် ထွက်ခွာသွားခဲ့ကြလေသည်။ ဟော်နန်းထဲက လူများကလွဲလို့ စဝ်နှင့်သုစန္ဒီသာ ကျန်ရစ်တော့သည်။ အစေခံများ၊ စားပွဲထိုး၊ စားဖိုမှူး၊ မီးဖိုချောင်အကူ ဒါဇင်ဝက်မျှသော အခြားဟော်နန်းက လူများသည် ယခုတိုင် သခင်မအသစ်၏ စီမံညွှန်ကြားမှုကို မရရှိကြသေးချေ။ လွန်ခဲ့သော



သီပေါအရှေ့ဟော်နန်း

www.nyisay.com



နှစ်နာရီကျော်လောက်က မိသားစုဆွေမျိုးသားချင်းများ နှင့် မိတ်ဆက်စကားပြော ဆိုနေခဲ့ရသဖြင့် သူမမှာ နုံးခွေအားကုန်နေလေသည်။

တွေ့နေကျမဟုတ်သော လူတွေ၏အကြောင်းပေါင်းစုံကို တွေ့လိုက်ရသော သုစန္ဒီမှာ မွှန်ထူရှုပ်ထွေးသွားရလေသည်။ သူမယောက္ခမကြီးသည် ယခုအခါ ရဟန်းဝတ်နေသည်။ သူသည် မယားအငယ်လေးနှင့် သားသမီးတို့၏ဖခင်ထက် လောကုတ္တရာအကြောင်းကိုသာ တွေးတောဆင်ခြင်နေတော့၏။ စဝ်တွင် ညီကိုမောင်နှမ ခုနစ်ယောက်ရှိသည်။ နှစ်ယောက်က ကလေးအရွယ်သာရှိသေးသည်။ အဒေါ် ရှစ်ယောက်ရှိသည်။ မုဆိုးမ မယားများကို ပိုင်ဆိုင်သူ ဦးလေးတစ်ယောက်သည် တစ်ခါက မယားလေးဆယ်ယူခဲ့ဖူးလေသည်။

ဝမ်းကွဲညီတစ်ယောက်မှာတော့ ဘာအကြောင်းနှင့်မှန်း ကွဲကွဲပြားပြားမသိရဘဲ စံအိမ်တော်မှ မကြာသေးခင်ကဘဲ မောင်းထုတ်ခြင်းခံထားရပြန်သည်။ ကြောက်စရာကောင်းသော အဒေါ်တစ်ယောက်ကတော့ သူမ၏အတွေ့အကြုံဖြစ်သော ဘုရင်မကြီးဗစ်တိုးရီးယား၏ နန်းတော်အကြောင်းပြောပြနေသည်။ ပြီးတော့ မရေတွက်နိုင်သော ဝမ်းကွဲညီအစ်ကိုများ၏ အကြောင်းတွေ စုံစီနဖာကို သုစန္ဒီ မမှတ်မိနိုင်တော့ပါ။ စဝ်၏မောင်နှမအရင်းအချာတွေက သိသိသာသာပင် ပျောက်ချက်သားကောင်းနေကြသည်။ အကြောင်းပြတာကတော့ သူတို့က တခြားမြို့တွင် နေထိုင်သောကြောင့်ဟု ဆိုလေသည်။

သုစန္ဒီက ဘာကိုမှ မလိုချင်တော့ပါ။ သူမ လိုချင်တာက အိပ်ရာ၊ သူမ ထိုးအိပ်လိုက်ချင်လေတော့သည်။

နောက်နေ့တွေမှာတော့ သူမက သည်လိုပုံမှန်တွေ့လေ့မရှိသော မိသားစုအကြောင်း၊ သူ့အိမ်အကြောင်း၊ သူ့ဟော်က ဝန်ထမ်းတွေ အကြောင်း သူမ၏တာဝန်များကိုသိရလို့ ပျော်ပါသည်။ သို့သော် သူမ၏တာဝန်များက စောင့်မနေပါ။

ကျယ်လောင်သောမောင်းသံကြောင့် ညှော်ခန်းကဆိုဖာအိပေါ်ထိုင်နေသော သူမသည် အလွန်လေးလံစွာဖြင့် အိပ်ပျော်လုမျက်ခွံကို ဖွင့်ကြည့်ပြီး ထလိုက်ရလေသည်။ သူမက တစ်ယောက်တည်း။ ကျယ်ဝန်းလှသောခန်းမကြီးကို သူမလှည့်ပတ်ကြည့်လိုက်သည်။ ကြီးမားသောအခန်းကျယ်ကြီးကို အခန်းငယ် သုံးခု

www.nyisay.com



သပ်သပ်စီခွဲကာတားသည်။ တစ်ခန်းစီတွင် သူ့ဟာနှင့်သူ သီးခြားလက္ခဏာဆောင်လေသည်။ သုစန္ဒီက အရှေ့ဘက်က အခန်းမှာရှိနေသည်။ ကျယ်လွန်းမြင့်မားလွန်းပြီး နီကြန့်ကြန့်ရောင်ရှိ ပြတင်းပေါက်ကြီးများရှိသည်။ ခေတ်နှင့်အညီ ဥရောပက အိမ်ထောင်ပရိဘောဂများ ဆက်တီထိုင်ခုံများရှိနေသည်။ နုသက်သောနေရောင်လေးတွေ ခန်းဆီးလိုက်ကာကိုဖြတ်ပြီး အခန်းတွင်း ထိုးဝင်လျှံကျနေသည်။

လူတစ်ရပ်စာ ကြီးမားသောမှန်တံခါး၏ အောက်ခြေနှစ်ခုကို ငွေကွပ်ထားရာ နေခြည်ဖြာသောအခါ လင်းလက်နေလေသည်။ ထိုနေရာမှ မာဘယ်လ်ကျောက်ခင်း ဆင်ဝင်သို့သွားနိုင်သည်။ အလယ်ခန်းတွင် ရိုးရိုးသာပြင်ဆင်ထားသည်။ ရှမ်းဧည့်သည်များလာသည့်အခါ တွေ့ဆုံဧည့်ခံသောနေရာလည်းဖြစ်ပြီး သူတို့သည် ရိုးရာအစဉ်အလာအတိုင်း ကြမ်းခင်းပေါ်တွင် ဒူးတုပ်ထိုင်ကြရလေသည်။

ထူထဲသော တရုတ်ပိုးကော်ဇောကို ခန်းလုံးပြည့်ခင်းထားသည်။ အနည်းငယ်သော အိမ်ထောင်ပရိဘောဂပစ္စည်းထားရှိပြီး ခပ်နိမ့်နိမ့်ခုံ ဆိုဖာလေးကို မီးလင်းဖိုရှေ့မှာထားရှိသည်။ အနောက်ဘက်အကျဆုံး တတိယအခန်းတွင် တစ်ခါက စာအုပ်တွေ အများကြီးစုထားရာနေရာဖြစ်သည်။ ဟာလာဟင်းလင်းအတန်းလိုက်နေရာသည် တရားစီရင်ရာနေရာဖြစ်ပြီး ကျွန်းသားစင်များ၊ အံဆွဲလေးများ၊ ပန်းပုထုလုပ်ထားသော စားပွဲသေးသေးတွေကို တွေ့ရသည်။ ကြီးမားလေးလံသော ခန်းစီးများကို ပြတင်းပေါက်များတွင် တပ်ထားသည်။ ဒုတိအခန်းရှေ့ကဆင်ဝင်သာမှ လေတွေ ဝင်လာလေ့ရှိလေသည်။

''အခု ညစာအချိန်ရောက်ပြီ အချစ်''

စဝ်ပြောလိုက်တာကို သုစန္ဒီ ကြားလိုက်ရပြီးနောက် သူမကို အခန်းတွင်းမှ ထမင်းစားခန်းသို့ ခေါ်ဆောင်သွားသည်။ သူကသူမ၏ ခါးလေးကို ဖက်ထားလိုက်ရင်းက သူမနားနားကပ်ပြီး သူမကို သူ ဘယ်လောက်တောင် ချစ်လဲသိလားဟု တိုးတိုးလေးပြောသည်။ လှပစွာဆင်ယင်ထားသော ထမင်းစားခန်းတွင်းသို့ သူတို့ဝင်လိုက်ကြသည်။

စားပွဲထိုးကောလိန်က ကြီးမားသောမောင်းကြီးကို ထုလိုက်ပြန်သည်။ ထိုမောင်းကြီးကို ကြီးမားမြင့်မားစွာ ထုလုပ်ထားသော ဆင်ကြီးနှစ်ကောင်က ထမ်းမထားလေသည်။ ထမင်းစားခန်းတွင်းရှိ စားပွဲထိုင်ခုံများသည် အလွန်လှပသော မဟော်ဂနီရောင်များဖြင့် ပြည့်နက်နေပြီး သူမ အားလုံးကို မမှတ်

www.nyisay.com



မိနိုင်တော့။ ကျက်သရေရှိသော ထမင်းစားပွဲကြီး၏ခြေတိုင်များကို ကွေးကောက် ကောက်ပုံဖော်ထားပြီး ချောမွတ်တောက်ပြောင်နေသည်။

''ဒီစားပွဲကြီးမှာ ပျောက်နေသလိုပဲ ကျွန်မခံစားရတယ်''

သုစန္ဒီက ပြောလိုက်သောအခါ စစ်က သူမကိုထိုင်ဖို့ ခုံရွှေ့ပေးသည်။

သူမ နှလုံးတွေ ဘယ်လောက်တောင် ကျယ်ကျယ်လောင်လောင် ခုန်နေသလဲဆိုတာ သူ ကြားလောက်မည်ထင်သည်။ ယခု စားပွဲပေါ်က အစားအစာတွေကို စားပွဲထိုးက စီစဉ်ပြင်ဆင်ထားခြင်းဖြစ်ကြောင်းကို သူမ အားလုံးကိုခြုံပြီး သိလိုက်ရလေသည်။

''မောင်တို့ အဖော်တွေ အများကြီးရှိလာမှာပါ။ အနည်းဆုံး သား၊ သမီးလေးယောက်လောက်ပေါ့''

စစ်က ပြောင်လက်နေသော ငွေထည်များနှင့် ကြွေထည်များကို ကိုင်ကြည့်နေရင်းက ပြောလိုက်သည်။ သူတို့ ပထမဆုံးသော ညစာစားကြစဉ်က သူသည် ကြိုတင်မျှော်တွေးပြောခဲ့လေသည်။

စားပွဲထိုးက ထမင်းစားပွဲမှ တိတ်ဆိတ်စွာ ရွေ့သွားပြီး နောက်ဘက် စားဖိုခန်းသို့သွားလေသည်။ ထိုနေရာမှာ သူသည်နောက်ရက်တွေမှာ စားဖို့ ပြင်ဆင်အလုပ်လုပ်ရပေဦးမည်။

''ရှမ်းစာအစစ်တွေ ကျွန်မ မြည်းကြည့်ချင်တယ်''

ကောလိန်က အင်္ဂလိပ်အချိုပွဲ ချလာမပေးခင်မှာ သုစန္ဒီပြောလိုက်သည်။

ထိုအစာတွေက စပ်သည်။ အသားစွပ်ပြုပ်ရည်ကို မြည်းသည်။ ခံစားလို့မရ။ ကျန်သော အစာတွေကိုလည်း ဘာတစ်ခုကိုမှ မှတ်ချက်မပေး။ နောက် အဓိကအစားအစာတွေချလာပေးရာ သူတို့နှစ်ယောက် တစ်ယောက် ကိုတစ်ယောက် ကြည့်မိလိုက်ကြပြီး တုန်လှုပ်ချောက်ချား သွားကြလေသည်။ မာမာဆတ်ဆတ် သိုးသားတုံး၊ အာလူးအရည်ကြိုနှင့် အရောင်အဆင်း မွဲခြောက်ခြောက် ဟင်းသီးဟင်းရွက်တွေကို သူတို့ လုံးဝမျှော်လင့်မထားခဲ့ချေ။ စစ်ကတစ်ခုကို သုမ်းယူဝါးကြည့်ပြီး ...

''ငါ ဒါကိုမစားနိုင်ဘူး၊ အတော်ဆိုးတာပဲ''

''ကျွန်မ မျှော်လင့်ထားတာကလေ ဒီလိုမျိုးတိတိကျကျတော့ မဟုတ်ဘူးလေ''

www.nyisay.com



သုစန္ဒီက ပြောသည်။

''ဒါပေမဲ့ စားဖိုမှူးက သူ့အကောင်းဆုံးချက်ထားတာ နေမှာပါ။ ကျွန်မတော့ စားမှာပဲ''

သူမက ဟင်းဝိုင်းကို တစ်ခုစီကြိုက်မြည်းကြည့်နေသည်။ စင်က သူ့စားဖိုမှူးကိုခေါ်လိုက်ပြီး ရှမ်းလို ပြောနေလေသည်။

''ဘယ်အချိန်မှာ မင်း ချက်လို့ပြုတ်လို့ပြီးလဲ''

''ကျွန်မလည်း သူ့ကို စကားနည်းနည်းပြောချင်တယ်။ မောင် ဘာသာပြန်ပေးမလား''

သူမ မေးလိုက်သည်။

''ကောင်းပြီ၊ ဟုတ်တယ် ပြောပေါ့။ ဒါမှ သူ့ရဲ့ညစာဟာ မောင်တို့နှစ်ယောက်လုံး ဘယ်လောက်စိတ်ပျက်သွားလဲဆိုတာသိရအောင် မောင် ဘာသာပြန်ပေးမယ်''

သူမ၏စကားကို စင်က မသိလိုက်သလိုရှိလေသည်။

''မင်းအခုလို ကြိုးစားပမ်းစားချက်ထားတဲ့ အစာတွေအတွက် အလွန်ကျေးဇူးတင်ပါတယ်''

စင်က စိတ်မသက်မသာဖြင့် စားဖိုမှူးကို ဘာသာပြန်ပေးလိုက်သောအခါ စားဖိုမှူးက မခိုးမခန့်ပြုံးနေလေသည်။ သုစန္ဒီကဆက်၍ ...

''ကျွန်မ တကယ်ကျေးဇူးတင်တာပါ။ မောင် ကျွန်မကို ကိုယ့်အိမ်လို ဟာကာယ်ခံစားစေချင်ရင် မောင်ဟင်းတွေရွေးပေးလေ။ ကျွန်မက ဒီမှာ လာနေတော့ မောင့်လို လူတစ်ယောက်ဖြစ်ချင်တာပေါ့။ ပြီးတော့ ကျွန်မက ရှမ်းစာဟင်းချက်နည်းတွေ သင်ကိုသင်မယ်။ မင်းက ငါ့ကိုအကောင်းဆုံး ရှမ်းဟင်းချက်နည်းအားလုံး ချက်ပြပါလား''

သူမပြောတာကို ဘာသာပြန်ပေးလိုက်သောအခါ စားဖိုမှူးအပြုံးက နားနှစ်ဖက်မှာ သွားချိတ်နေလေသည်။ သူ မနက်ဖြန်ပဲ စလုပ်ပါမယ်ဟု ပြန်ပြောလေသည်။ သုစန္ဒီ ထိုညနေမှာပင် သစ္စာရှိသော နောက်လိုက်နှစ်ယောက်ရလိုက်သည်။ စားဖိုမှူးနှင့် စားပွဲထိုးတို့နှစ်ယောက်ကို သူမနားလည်စောင့်ရှောက်နိုင်ခဲ့လေသည်။ အဆင်သင့် ဖြစ်ဖြစ်မဖြစ်ဖြစ် သုစန္ဒီကတော့ သူမသည် တစ်အိမ်လုံးကို ကိုင်တွယ်လိုက်သော အိမ်ရှင်မအဖြစ် စတင်ပြသလေတော့သည်။

www.nyisay.com



သူသည် ဇာတ်ကောင်သစ်အနေဖြင့် သူ့ကိုသူ သိလိုက်လေသည်။ သူ့စကားသည် သည်နေ့တစ်နေ့သာ နောက်ဆုံးဖြစ်တော့လေသည်။

သို့သော် သူမက သည်လို ချက်ရေးပြုတ်ရေးကို ကိုင်တွယ်လိုက်တာ သူသဘောကျလေသည်။ ဒီလို လွတ်လွတ်လပ်လပ်အပြုအမူကို သူ မကြာခဏ စိုးရိမ်တာတွေတော့ရှိလေသည်။ သို့သော် အေးအေး ဆေးဆေး နေတတ်သော ဩစတြီးယားသူက အရှေ့ဟော်နန်း ဘဝတစ်ခုလုံးကို ဘယ်လိုများ ကိုင်တွယ်နိုင်ပါ့မလဲ။

ဒီလောက်ကြီးကျယ်တဲ့ ဟော်နန်းတော်ကြီးကို ဘယ်လိုထိန်းချုပ်စီစဉ်နိုင်မလဲ။ ထို့ထက် သူတို့အပေါ် မှီခိုနေကြသောလူအများကို သူမ ဘယ်လိုကိုင်တွယ်မလဲ။

သူတို့လက်မထပ်ခင်က နှစ်ဦးသဘောတူ ကြေညာထားတာ တစ်ခုရှိခဲ့သည်။ ထိုအရာမှာ တစ်မိုးအောက်ထဲတွင် မည်သူ့ဆွေမျိုးသားချင်းနှင့်မျှ အတူမနေဖူးဆိုတာပဲ ဖြစ်လေသည်။ ဒါကို အခု ဟော်နန်းတော် ထုံးစံအရ ဖျက်ဆီးလိုက်ရတော့သည်။

သည်အတွက် စိတ်ညစ်စရာ စိတ်ရှုပ်စရာတွေ အများကြီး ကြုံတွေ့ခဲ့ရသည်။ သူသည် မိသားစုဘဝကို သူမပါဝင်နိုင်ရန် အစီအစဉ်များ ရေးဆွဲခဲ့ရသည်။ သို့သော် ဒါတွေက ပြီးသွားခဲ့လေသည်။ စဝ်က ဒါတွေအတွက် စိုးရိမ်နေစရာမလိုတော့ကြောင်း သိခဲ့လေသည်။ သူ့ဇနီးက ပထမဆုံးနေ့ကပင် ပြသလိုက်ခဲ့ပြီဖြစ်သည်။ သူမအတွက် ဘာအကူအညီမှ မလိုချေ။

ညစာစားပြီးသောအခါ ထိုညပင် သူတို့သည် တစ်မိုးအောက်တွင် အစီအစဉ်များရေးဆွဲကြသည်။ သူက သုစန္ဒီကို သူတို့ကိုယ်ပိုင်လွတ်လပ်စွာနေထိုင်ကြမည့် ဒုတိယထပ်ကို အသေးစိတ်လိုက်လံပြသသည်။ သက်သောင့်သက်သာရှိသော နားနေခန်း၊ ဖိမ်ကျကျရေချိုးခန်း၊ မြင်ကွင်းကျယ်ဝရန်တာ၊ အိပ်ခန်းနှင့် ကျယ်ဝန်းသောအားကစားလုပ်ရန်နေရာတို့ ဖြစ်လေသည်။ ထိုအခန်းကို စိတ်ဝင်စားဖွယ်ပင် ကိုလိုနီအငွေ့အသက် ခေတ်မီအမေရိကန်နှင့် မြန်မာဟန်တို့ ရောယှက်ထားလေသည်။ သူတို့ကိုယ်ပိုင်အခန်းကိုတော့မှ သုစန္ဒီက သူ့စိတ်ကူးလေးတွေပါ ရောစွက်ထပ်ဖြည့်ချင်လာသည်။

သူမအတွက် အခန်းကျယ်နှင့် မျက်နှာကြက်မြင့်မြင့်တို့ကို ဩစတြီးယားမှာကပင် ကျင့်သားရနေလေသည်။ သို့သော် သည်အရွယ် ပမာဏကိုတော့

www.nyisay.com



သူတို့ တိုင်းတာနိုင်မည်မထင်ချေ။

သူတို့ အိပ်ရာက ပြင်ထားပြီးဖြစ်သည်။ ခြင်ထောင်စကို မွေ့ရာအောက်မှာ ထိုးညှပ်ထည့်ထားသည်။ ငှက်ဖျားသည် သည်အရပ်တွင် အလွန်ကြောက်စရာကောင်းသော သေနိုင်သည့်ရောဂါမျိုးလည်း ဖြစ်သည်။

ခြင်ထောင်စကိုလှပအောင် ကြမ်းပေါ်တွဲလဲချထားသည်မှာ မကောင်းလှချေ။ အခန်းပြတင်းပေါက်တံခါးများကို ခန်းစီးလိုက်ကာတပ်ထားသည့်တိုင်အောင် ခြင်အတွက် မလုံခြုံနိုင်ပေ။

စဝ်က လက်ဖက်ရည်သောက်ဖို့ ဝရန်တာမှာ ပြင်ခိုင်းလိုက်သည်။ ခိုင်းသည့်ကောင်လေးကို သူတို့နောက်ဘက်မှာ ဖယောင်းတိုင်ထွန်းခိုင်းသည်။ သူမျှော်လင့်ထားသော ပျော်စရာညနေခင်းတွေထဲက ပထမဆုံးသော ပျော်စရာညနေခင်းလေးတစ်ခုပင် ဖြစ်တော့သည်။ သုစန္ဒီလက်မောင်းကို သူကိုင်လိုက်သည်။ သူမ ဆံစလေးတွေနှင့် သူမနားနောက်က ညှံ့သက်မွှေးသင်းသော ရေမွှေးနံ့လေးကို မွှေးလေသည်။ သူတို့နှစ်ယောက်သား ဒီနေ့ အဖြစ်အပျက်တွေ နောင်ရှေ့ရေးတွေ တွေးပူရတာတွေ ပြောကြလေသည်။ ပြီးတော့ သူတို့နှစ်ယောက်၏ ကိုယ်ပိုင်အိပ်ရာပေါ်တွင် ပထမဆုံး ချစ်ခန်းဖွင့်ကြလေသည်။

ဖယောင်းတိုင်မီးရောင်လေးက နောက်ဆုံးမတော့ သူတို့ကို စိတ်ကြည်နူးစေသည်။ တောင်ပေါ်လက်ဖက်ခြံတွေမှ လေနှင့်အတူ လွင့်ပါလာသော လက်ဖက်နံ့က သင်းမွှေးနေသည်။ သူက သူ့သတို့သမီးကို ဆိုဖာပေါ်ဆွဲထူသည်။ သူ့ရင်ထဲ ကွေးကွေးလေးအိပ်နေသော သူမကို မွှေးသည်။ သည်လိုအေးချမ်းတည်ငြိမ်လှပသောညနေခင်းကို ဘယ်သူကမှ ဖျက်ဆီးချင်ကြမှာ မဟုတ်ချေ။ ငြိမ်ငြိမ်လေးစောင့်ငေးကြည့်နေလျှင် ရေပြင်ပေါ်ထိုး ကျနေသော ငွေလမင်းအရောင်က ရောင်ပြန်ထလက်နေသည်။ ရှူလိုက်သောလေထဲတွင် မြစ်ကမ်းဘက်မှလာသော မြေသင်းနံ့ကိုရလေသည်။

စဝ် သူ့မျက်မှန်ကို ချွတ်ပြီး မျက်လုံးပိတ်လိုက်သည်။ မဖြစ်နိုင်ဘူးထင်သော မထင်မှတ်သော စိတ်ခံစားမှု လေးလေးနက်နက်များ ရင်ထဲပြည့်နက်နေကြောင်း စဝ် ကျယ်ကျယ်ပြန့်ပြန့် သိလာခဲ့လေသည်။

"မောင်သိပ်ပျော်တာပဲ အချစ်ရယ်။ မောင်ဟာလေ အခုချိန် ကမ္ဘာပေါ်မှာ အပျော်ဆုံးလူဖြစ်မယ်ထင်တယ်။ အချစ်သိလား၊ မောင်ဟာလေ အိမ်ပြန်လာနိုင်ခဲ့ပြီး လုပ်ချင်တာ ဖြစ်ချင်တာတွေအားလုံး ပြီးပြည့်စုံအောင်

www.nyisay.com



လုပ်နိုင်ခဲ့တယ်။ ပိုတောင်ပိုနေသေးတယ်၊ ဟုတ်တယ် မောင်လုပ်နိုင်ခဲ့တယ်''

သို့သော် ထူးဆန်းစွာပင် သူမထံမှ ဘာမှ တုံ့ပြန်သံမကြားရ။ သူ ကြည့်လိုက်သည်။ သူမသည် နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်မောကျ နေရှာလေသည်။

တစ်နေ့လည်လုံးထက်ပင် ပို၍ သူမ၏ပါးလေးက နုဖတ်ရဲနေသည်။ ရှည်လျားနက်မှောင် ရွှေညိုရောင်သန်းသော ဆံစတွေက ပါးစပ်ပေါ်ဖုံးနေသည်။ ရင်တခုန်ခုန်ဖြစ်ရသော တစ်နေ့လုံးတွင် အလွန်များပြားလှသော ညှော်ခံပွဲများ၊ အလွန်များပြားလှသော လူများဖြင့် ပြည့်လျှံနေတော့သည်။ သူမက လူတွေကိုဖမ်းစားလိုက်နိုင်လေသည်။ သည်ကိစ္စက စဝ်ကိုပြဿနာ မဖြစ်စေပါ။ သီပေါမှာ ဘယ်လောက်ပဲကြာကြာ သူ့ဘေးမှာ သူမရှိနေလျှင် ပြီးလေသည်။

၁၉၅၂ က အေးမြသော ဖေဖော်ဝါရီ တစ်နေ့တွင် ဒန်ဗားရှိ မာရီအို စားသောက်ဆိုင်ကို သတိရလိုက်သည်။ သူ၏ ဩစတြီးယားသူ မိန်းကလေး သူငယ်ချင်း၏ ညစာစားမွေးနေ့ပွဲတွင် သူ့စိတ်တွေ လွန်စွာလှုပ်ခတ်တုန်ခါ နေတော့သည်။ သူမကို မျက်ကြည့်မလွှဲ ငေးစိုက်နေမိခဲ့သည်။ ထိုနေ့မှစလို့ သူနှင့်သူမသည် နိုင်ငံခြားသားကျောင်းသားပါတီပွဲတွင် ထပ်ဆုံမိကြပြန်လေရာ စွဲဆောင်မှုရှိသော၊ ထူးခြားလှပလွန်းသော သူမပုံရိပ်သည် သူ့နှလုံးထဲတွင် စွဲနစ် တွယ်ရစ်လေသည်။

သူမ၏နွေးထွေးမှု၊ ဖော်ရွေပျော်ရွှင်စွာပြောဆိုတတ်မှု၊ သူမကိုယ်နေ ဣန္ဒြေလေးတွေကြောင့် သူနှင့်သူမတို့ အချိန်အတော်ကြာအောင် အဖော် အဖြစ်တွဲခဲ့ကြလေသည်။ လေးလခန့်ကြာပြီးနောက် သူ့စိတ်ထဲတွင် အင်းဂ် မရှိလျှင်မနေတတ်ဖြစ်လာလေသည်။ သူ့အတွက် အခြေနေကောင်း တစ်ခုရရှိလာလျှင် အင်းဂ့်ကို လက်ထပ်ခွင့်တောင်းဖို့ သူအကြီးအကျယ် စိစဉ်ကြံထားလေသည်။ သူက သင့်လျော်တဲ့ နောက်ခံတေးသံရယ်၊ စကား ပြောဖို့ အစရှာရတာရယ် လုပ်နေရသည်။ သူကံကောင်းနိုင်ပါ့မလား၊ စဝ် ဘာမှ မစားနိုင်တော့ပါ။ စားပွဲထိုးပြောသောစကားကို သူဘာသာမပြန်တတ်တော့ သူ့စိတ်တွေ လှုပ်ရှားတုန်ရင်နေတော့သည်။ အင်းဂ်ကို သူတကယ်ချစ်သည်။ သူ့ဘက်ကသေချာနေသော်လည်း အင်းဂ်ကတော့ သူမ၏အနာဂတ်တွင် သူပါဝင်ပါ့မလား။ သူမက သူမ၏မိသားစုကိုစွန့်ခွာပြီး သူမနိုင်ငံမှ ထွက်ခွာပြီး သူ့နောက်ကို လိုက်လာနိုင်ပါ့မလား။

စနေနေ့များဆိုလျှင် သူတို့နှစ်ယောက် တောင်တွေပေါ် ပစ်ကနစ်

www.nyisay.com



ခရီးထွက်သည်။ ဆုံးစမရှိသော အနောက်ဘက်က စိမ်းစိုမြမြ မြက်ခင်းပြင်ကြီးကိုငေးသည်။ သူတို့ရင်ထဲကစကားတွေ ချစ်စရာအတွေးတွေ ခံစားချက်တွေကို ပြောကြသည်။ ရာသီဥတုဆိုးဝါးသောနေ့တွေဆိုလျှင် သူတို့သည် ဒန်ဗားရှိပြတိုက်များ၊ ပြဇာတ်ရုံများတွင် ယဉ်ကျေးမှုအသစ်၏ အတွေ့အကြုံကို နှစ်ယောက်သား စိတ်အားထက်သန်စွာ ရှာဖွေလေ့လာကြလေသည်။ ထိုသို့ သူတို့နှစ်ယောက်လျှောက်သွားနေကြရာ လူတွေက အဖြူမချောချောလေးလက်ကို ကိုင်ထားတဲ့ အသားဝါကောင်ဟု ပြောကြလေသည်။ သူတို့နှစ်ယောက်သည် နာရီပေါင်း၊ ရက်ပေါင်းများစွာ အတူနေကြပြီး ပျော်ရွှင်စွာ ကုန်လွန်ခဲ့ကြလေသော် လက်ထပ်ဖို့ကိစ္စကို မတွေးခဲ့ကြချေ။

အချိုပွဲတွေ ရောက်မလာခင်မှာပင် သူသည် စောင့်ဆိုင်းမနေတော့ဘဲ သူ့အိတ်ထဲက ကတ္တီပါလက်စွပ်ဘူးလေးကို ထုတ်လိုက်သည်။ သူသည် လင်းလက်တောက်ပနေသောလက်စွပ်လေးကို ဘူးထဲမှ ထုတ်လိုက်ပြီး သူမရှေ့ အဖြူရောင် စားပွဲခင်းပေါ်တင်ထားလိုက်သည်။ စိန်တုံးလေးပတ္တ၏အလယ်တွင် ခိုသွေးရဲရဲရောင် ပတ္တမြားလက်စွပ် လင်းလက်ကို သူမ အသက်မရှူနိုင်ဘဲ ငေးတွေကြည့်နေခဲ့သည်။ သူမ၏ နှုတ်ကနင်းဆီသွေးပါးပြင်ပေါ်မှာ ပတ္တမြားရောင်သွေးများ ဖြာနေတော့၏။

''အင်းဂ် ကိုယ်လေ၊ ဒီလက်စွပ်လေးနဲ့အတူ လက်ထပ်ခွင့်တောင်းပါရစေ''

စဝ်က တုန်ယင်လှိုက်မောရင်ခုန်စွာဖြင့် သူမလက်ချောင်းလေးကို ကိုင်လိုက်သောအခါ သူတို့လက်တွေမှာ အေးစက်စေးထန်းစွတ်စိုနေတော့သည်။

''ကျေးဇူးပြုပြီး လက်စွပ်လေးကို လက်ခံပေးပါ။ ဝတ်ထားပေးပါ။ ကိုယ့်အပေါ် အဆင်သင့်ဖြစ်ပြီဆိုရင် အဖြေပေးပါနော်''

သူ ဆက်ပြောသည်။

''ပတ္တမြားဆိုတာ အင်းဂ်အတွက် ကိုယ့်ရဲ့အချစ်သင်္ကေတလေ''

သူမထံမှ တုံ့ပြန်လာနိုင်သောအရာများကို သူက ကြိုတင်တွေးထားခဲ့ပြီး ကြိုတင်ပြင်ဆင်ထားခဲ့သော်လည်း သူ့မထင်တာတွေ ဖြစ်လာခဲ့လေသည်။ သူမ၏မျက်ဝန်းအစုံမှ မရေတွက်နိုင်သော မျက်ရည်များ၊ သူမ ပါးပြင်နုပေါ်သို့ သွင်သွင်စီးနေတာ တွေ့လိုက်ရလေသည်။ စိတ်ရှုပ်ထွေးပြီး

www.nyisay.com



အကူညီမဲ့နေသောအချိန်တွင် သူသည် သူ့အိတ်ထဲက လက်ကိုင်ပဝါကိုထုတ်ပြီး သူမကိုပေးလိုက်တာကလွဲလို့ ဘာလုပ်ရမှန်း မသိချေ။ သူမကိုယ်သူပြန်လည် ထိန်းသိမ်းနိုင်သောအခါ ...

''ရှင့်ကိုကျွန်မ တစ်နေ့ကျရင် အဖြေပေးရမှာမို့ အများကြီးကြိုတွေး ထားခဲ့ဖူးပါတယ်။ ဟုတ်တယ် ကျွန်မ ရှင့်ကိုလက်ထပ်ချင်တယ်။ ဒါပေမဲ့ ကျွန်မလည်း တွေးကြောက်နေမိတယ်''

''ဘာကိုတွေးကြောက်နေတာလဲ ကိုယ့်အချစ်ရယ်''

သူမေးရင်း တုန်ယင်နေသော သူမလက်ကို ကိုင်လိုက်သည်။

''ကျွန်မတို့နှစ်ယောက်က သဘောတူတယ် ထားပါတော့၊ ရှင်နဲ့ သင့်တော်ပါမလား။ ရှင့် လူတွေက လက်ခံကြပါ့မလား။ ကျွန်မ မသိဘူးလေ'' မျက်ရည်များ သူမမျက်ဝန်းတွင် ပြည့်လျှံလာသည်။

''ကိုယ်လည်း ဒီကိစ္စကို ညတွေအများကြီးတွေးခဲ့ဖူးပါတယ်။ ကိုယ့် တိုင်းပြည်ကလူတွေက အင်းဂ်ကို လက်ခံကြမှာပါ၊ ချစ်ကြမှာပါ။ အင်းဂ်နဲ့ အဆင်ပြေမှာပါ ကိုယ့်ကိုယုံစမ်းပါ''

ပတ္တမြားလက်စွပ်လေးပေါ် သူမလက်ချောင်းဖြင့် ဖြည်းနှစ္စာပွတ် လိုက်ရင်းက အဖြေပေးလေသည်။ အချိုပွဲပေါ်တွင် သူတို့နှစ်ယောက်သား ဘာတွေပြောမိကြမှန်းတောင်မမှတ်မိတော့။ နှစ်ယောက်သား ပျော်ရွှင်မှု၊ ယုံကြည်မှုစကားတွေ လုပြောနေကြလေသည်။ သို့သော် သူသည် သူမ၏ အလန့်တကြား အော်လိုက်သောကြောင့် သတိပြန်ရလိုက်သည်။

''စဝ်၊ ကျွန်မ ညမထွက်ရဘူးလေ''

သူတို့သည် မိန်းကလေးဆောင် ကင်းပတ်ဝင်းအတွင်းရောက်အောင် အမြန်ပြန်ပြေးကြသည်။ အဆောင်မှူးမစ္စစမစ်ဆီသို့ သူမကို ကိုးနာရီထိုးဖို့ နှစ်မိနစ်အလိုတွင် အရောက်ပို့နိုင်ခဲ့လေသည်။ ၉ နာရီဆိုလျှင် အဆောင်တံခါး ပိတ်ပြီ။ ညမထွက်ရချေ။ သူသည် မိန်းကလေး အဆောင်၏ အဆောင် စည်းကမ်းများကို အသားကျလာခဲ့သော်လည်း သူတို့ကိုတော့ သဘောမကျချေ။

သူမကို ဘယ်အချိန်ဘယ်နေရာမှာ လက်ထပ်ရမည်ကို မသိရသေး သည့်အတွက် ထိုညသူအဆောင်မှ ပြန်လာသောအခါ တစ်ယောက်တည်း ခံစားနေရလေသည်။ သူ့ရွှေရောင်အခန်းလေးရှိသော နရ်ရမ်ဘလာသို့ မောင်း ပြန်ခဲ့သည်။

www.nyisay.com



သူကျောင်းတက်နေသောနှစ်တွေမှာ သူ့ဖိမ်ကျကျနေထိုင်ခဲ့သည်။ ဒန်ဗားရှိ စိမ်းလဲ့နေသော ဂျုံခင်းများနှင့်တောင်ထိပ်က ဂျုံခင်းတွေဘေးရှိ နွားနို့ချက်ရုံကိုဖြတ်လာခဲ့သည်။ ကျယ်ပြောပြီး တကယ်ပင်မွှေးပျံ့သည့် ဗနီလာ သစ်ခွပန်းနံ့သင်းသော နွားနို့နံ့ရသောနေရာတွင် သူကားရပ်ဖို့ ဆုံး ဖြတ်လိုက်သည်။ သူသည် အင်းဂ်ကို လက်ထပ်ဖို့ပြောဆိုသောအခါတွင် သူကအမှန်ကို မပြောခဲ့သည့်အတွက် သူဟာသူ စိတ်မသက်မသာ ဖြစ်နေ လေသည်။ သူသည် သူမကိုရော လူတိုင်းကိုပါ ကိုလိုရာဒိုတွင် မြန်မာနိုင်ငံ ရှမ်းပြည်မှ လာကျောင်း တက်နေသော ကျောင်းသားအဖြစ်၊ မိုင်းအင်ဂျင်နီယာဖြစ်လျှင် ရှမ်းပြည်ပြန် မည့်သူအဖြစ်ထိသာ သိစေခဲ့သည်။

ကိုလိုရာဒို သတ္တုကျောင်းအုပ်ကြီးတစ်ယောက်တည်းကိုသာ သူသည် ရှမ်းပြည်သီပေါက စော်ဘွားတစ်ဦးဖြစ်ကြောင်း၊ သူစော်ဘွားတစ်ဦး ဖြစ်သည်ကို အထူးလျှို့ဝှက်ပေးထားဖို့ ပြောပြထားလေသည်။ ထို့ကြောင့် သူအလုပ်ဖြစ် ခဲ့သည်။ သူသည် သာမန်နိုင်ငံခြားသားကျောင်းသားတစ်ယောက်လို နေနိုင် သည်။ သူတို့နှင့်အတူ ဝမ်းနည်းနိုင်၊ ပျော်ရွှင်နိုင်လေသည်။ ယခုမူ သူသည် အင်းဂ်ကို လိမ်ညာထားသလိုဖြစ်နေသည်။ သူမသည် သူ့ကို မျှတစွာဖြင့် ယုံကြည်နေခဲ့ပြီး သူမ၏အနာဂတ်ကို သူ့လက်ထဲ ထိုးထည့်ခိုင်းသလိုဖြစ်နေ လေသည်။ အခုထိတိုင်အောင်ပင် သူသည် သူမကို သူ၏အဖြစ်မှန်နောက်ခံကို သည်အချိန်၊ သည်နေရာတွင် ဖွင့်ပြောပြ နိုင်ခြင်းမရှိသေးချေ။ သူဖွင့်ဟဝန် ခံခြင်းမရှိသေးချိန်တွင် သူတို့နှစ်ယောက် ၏ရင်းနှီးမှုက ပိုလို့တိုးလာခဲ့သည်။ အချိန်အကြာအဝေး၊ ယဉ်ကျေးမှုကွာဟမှုတို့ကိုလည်း အစမ်းသပ်ခံနိုင်လာ ခဲ့သည်။ ပိုလို့ပင် သူက သူမကိုလက်ထပ် ချင်စိတ်က ပိုမိုခိုင်မာလာသော အကြောင်းများ ဖြစ်လာခဲ့လေသည်။

သူတို့ စေ့စပ်သောနေ့၌ စဝ်စိတ်ထဲတွင် အင်အားအသစ်များဖြစ် ပေါ်လာပြီး ထပ်ဆောင်း၍ သူ့ရည်ရွယ်ချက်နှင့် သူ့ကိုယ်သူပိုလို့ ယုံကြည်မှု များရလာစေလေသည်။ သူသည် နေ့စဉ် မာရသွန်ဖုန်းဆက်တာကို တနင်္ဂနွေ နေ့သို့ ပြောင်းလိုက်သည်။

သူ့ကျောင်းက အဆင့်သည် သာမန်မှ မြင့်တက်လာပြီး သီပေါနယ်မှ စာအဆက်အသွယ်က အလျင်အမြန်ရောက်လာသည်။ သူ့ဘဝ၏ ပျော်စရာ အဖြစ်အပျက်အောင်မြင်မှုများဟု ထင်ရလေသည်။ တစ်နေ့တွင် ဩစထြီးယား

www.nyisay.com



တစ်ယောက်ထံမှကြားရသော သတင်းကြောင့် သူအင်းဂ်ကို အံ့သြသွားရသည်။

'' ရှင်ဘာလို့ ဒီလိုလုပ်ရတာလဲ''

သူမက ထူးဆန်းစွာမေးသည်။ ပြီးတော့ သူတို့က အင်္ဂလိပ်စကားဖြင့် လူတိုင်းကိုလျှောက်ပြောလေသည်။

'' ကိုယ် ဒီနွေမှာ စကားပြန်မပါဘဲ သြစထြီးယားသွားပြီး မင်းမိဘတွေနဲ့သွားတွေ့ပြီးပြောချင်တယ်။ သတိရစမ်းပါ၊ ကိုယ်က မင်းမိဘတွေကို သူတို့သမီးနဲ့ကိုယ့်ကို လက်ထပ်ခွင့်ပြုမှာလားလို့မေးချင်တယ်''

လပေါင်းများစွာ သူတို့တကွဲစီနေဖို့မလိုတော့ချေ။ တက္ကသိုလ်ချင်း၊ ကျောင်းသားလဲလှယ်ပညာသင်ခြင်း အစီအစဉ်အရ အင်းဂ်သည် အမေရိကန်တက္ကသိုလ်တွင် သည်တစ်နှစ်ပြီးလျှင် သြစထြီးယားတက္ကသိုလ်သို့ ပြန်ပြောင်းတက်ရမည်။ သူဘွဲ့ရပြီးလျှင် သူ့နိုင်ငံခြားသူ သတို့သမီးကို သီပေါသို့ခေါ်ဆောင်လာဖို့ နွေကျောင်းပိတ်ရက်တွင် မြန်မာပြည်ပြန်ပြီး သွားရောက်စီစဉ်လေသည်။ သူကိုလိုရာဒိုသို့ နောက်ဆုံးနှစ်တက်ဖို့ပြန်လာသောအခါ သူမကတော့ သူမ၏မိသားစု၊ သူငယ်ချင်းများနှင့် သူမအိမ် သြစထြီးယားမှာ ရှိနေပေလိမ့်မည်။

✦ ✦ ✦

သုစန္ဒီ မနိုးအောင် သူသတိထားပြီး အိပ်ရာမှထလိုက်သည်။ လက်ဖက်ရည်တစ်ငုံသောက်ရင်းက မနက်ဖြန်စလုပ်ရမည့်အလုပ်အတွက် သူတွေးသည်။ သူသည် ပြည်ထောင်စုမြန်မာနိုင်ငံ ရှမ်းပြည်ကောင်စီ သီပေါနယ် ဗဟိုဦးစီးအဖွဲ့ဝင်အဖြစ် ဥပဒေပြုရေးတရားစီရင်ရေး အုပ်ချုပ်ရေးနှင့် သက်ဆိုင်သောအလုပ်များကို စတင်လုပ်ဆောင်ဖို့ သူ့အနေဖြင့် အဆင်သင့်မဖြစ်သေးဟုထင်နေလေသည်။ သို့သော် လယ်ယာစိုက်ပျိုးရေး နှင့်စတင်ရမည့် မိန်းတိုင်း သတ္တုတူးဖော်ရေးတိုးတက်မှုအတွက် သူသေချာပေါက်အဆင်သင့်ဖြစ်နေလေသည်။ သူ့ကံကြမ္မာက ပြဋ္ဌာန်းထားသည့်အတိုင်း သူသည် သူ့ပြည်နယ်အတွက် နိုင်ငံရေးနှင့်တိုးတက်မှုကို လုပ်ကိုလုပ်ရပေလိမ့်မည်။

ဤအခြေအနေတွေက သူ့အပေါ် ဝန်ထုပ်ဝန်ပိုးလို ခံစားနေခဲ့ရလေ သည်။ သူ အမေရိကန်တွင် လေးနှစ်နေထိုင်စဉ်က လေးလံခဲ့ရသော စိတ်သောကထက် ပို၍လေးလံစေလေသည်။ သူ သီပေါသို့ပြန်ရောက် လာပြီး

www.nyisay.com



သူ့အိမ်ရှိအနိုင်းစေများက သူ့အားကန်တော့ကြ ဒူးထောက်ခစားကြသောအခါ သူစိတ်ပျက်ခဲ့ရလေသည်။ အမေရိကန်နိုင်ငံ ကိုလိုရာဒိုရှိ ငှားထားသော သူ့ရွှေရောင်အခန်းလေးတွင် လေးနှစ်ကြာနေခဲ့ရသောနှစ်တွေမှာ လွတ်လပ်ပျော်ရွှင်သော ကျောင်းသားအဖြစ်နေခဲ့ရသည်။ သူ့လူထုတွင် သူတို့ဘဝ အကျိုးအတွက် သူတို့ကိုယ်တိုင်ပါဝင် ဆုံးဖြတ်ခွင့်နှင့် ကြားနာခွင့်ရှိ သည်ဟု သူယူဆသည်။ ထို့ပြင် သူတို့အတွက် ဤသို့ အခွင့်အရေးများရဖို့ သူပြဋ္ဌာန်းပေးထားလေသည်။

သူသည် အိပ်မောကျနေသော သူ့မဟာဒေဝီဘက် လှည့်ကြည့်လိုက်မိသည်။ မြစ်ဘက်မှလာသော လေပြည်ညင်းလေးသည် ဖယောင်းတိုင်မီးကိုဖြတ်တိုက်လေရာ သူမနောက်ဘက်ကနံရံပေါ်တွင် ဖယောင်းတိုင်ရိပ်က ဆန်းကြယ်စွာယိမ်းထိုး လှုပ်ကနေလေသည်။ မြောက်မြားလှစွာသော စစ်သားများ သူ့ဆီချီတက်လာနေကြကြောင်း စဝ် တွေးသိလိုက်ရလေသည်။

❖

www.nyisay.com



## အခန်း ၄

စဝ်သည် သီပေါနယ်အတွက်တာဝန်ယူဖို့ အချိန်မဖြုန်းနိုင်တော့ပေ။ သူ ဗဟိုဦးစီးဌာနအုပ်ချုပ်ရေးတာဝန်ကို ယူလိုက်သောအခါ အချို့ တာဝန်တွေက စိတ်ချမ်းသာစရာရှိသလို အချို့ကိစ္စတွေသည် စိုးရိမ်စရာတွေ ဖြစ်နေလေသည်။ သူ၏ ကိုယ်ပိုင်အရှေ့ဟော်နန်းရုံးခန်းတွင် ရှေ့အဆက်ဆက်က စော်ဘွားတွေလုပ်ခဲ့သော လုပ်ထုံးလုပ်နည်းအတိုင်း ပြည်နယ်ကိစ္စအဝဝကို ဆက်လက်လုပ်ကိုင်သွားလျှင် အဆင်ပြေချောမွေ့ သက်သောင့်သက်သာရှိလေသည်။ သို့သော် သူက ထိုကိစ္စတွေကြားမှာပဲ အလုပ်လုပ်ချင်နေသည်။ သူသည် ဒုတိယကမ္ဘာစစ်အတွင်းနှင့် အချိန်အတော်ကြာအောင် သူ့လူထုနှင့်ကင်းကွာနေခဲ့သောကြောင့် ရွေးထုံးစံအရ သူ့ကိုမပေး တာထက် သူ့အစ်ကိုကြီးဖြစ်သော စဝ်အုံကြာကို ပေးတာကပိုသင့်တော်မည်ဟု တွေးပူစိုးရိမ်နေခဲ့လေသည်။ နောက်တော့ ၁၉၃၈တွင် စဝ်အုံကြာကွယ်လွန် သွားခဲ့ပြီး သူ့တွင် သားသမီးမထွန်း ကားခဲ့ချေ။ သူ့တူနှစ်ယောက်က စော်ဘွားအရိုက်အရာကို ဆက်ခံဖို့ရှိသော်လည်း သူတို့က ငယ်ရွယ်သော ကလေးအရွယ်သာရှိနေခဲ့ကြလေသည်။ သီပေါနယ်အုပ်ချုပ်ရေးအာဏာကို ဂျပန်များအုပ်ချုပ်သည့် ကာလများမှလွဲလို့ ၁၉၄၇ ထိ ဗြိတိသျှအစိုးရ၏ အောက်တွင် သစ္စာခံခဲ့ကြရသည်။

ယခု အိမ်ပြန်ရောက်လာပြီဖြစ်ရာ စဝ်ကြာဆိုင်သည် သူ့ကို ဆုံးဖြတ်ထားခဲ့သည့်အတိုင်း သူ့လူထုက စော်ဘွားအဖြစ် ဆက်ခံစေလေသည်။ သူသည်ကိစ္စကို လေးလေးနက်နက် သဘောထား လုပ်ဆောင်ရမည့်ဖြစ်သည်။

www.nyisay.com



စစ်ပွဲ၏အပျက်အစီးတွေကြောင့် သူတို့၏စီးပွားရေး အခြေအနေသည် အရေးကြီး ဆုံးအခြေအနေမှာရှိနေခဲ့သည်ဟု သူ့စိတ်တွင်ထင်သည်။ တောင်ကြားတွေမှာ တောအုပ်လိုဖြစ်နေသော လိမ္မော်ပင်တွေကို ပြန်စိုက်ရမည်။

စပါးစိုက်ဖို့ လယ်ရေသွင်းမြောင်းများ ပြန်လည်ပြုပြင်ရမည်။ လမ်းတွေက ဆိုးဝါးပျက်စီးနေသည်။ လယ်တဲတွေကပြိုကျ ပျက်စီးနေသည်။

ပိုမို၍ပင် သူသည် ပြည်နယ်အုပ်ချုပ်သူဖြစ်နေရာ ကျေးရွာနှင့်ခရိုင် အဆင့်ဆင့်တွင် ဒီမိုကရေစီနည်းလမ်းအရ အခွင့်အရေးများကို ပြုစုပျိုး ထောင်ပေးရန် သူ့တွင်ပိုလို့ပင်တာဝန်ရှိနေသည်။ ကျေးရွာသားများနှင့် မြို့ နေလူထုက စပေါင်းစည်းဝေးတိုင်ပင်ပြီးမှ ဆုံးဖြတ်ချက်ချခြင်းသည် သူတို့ကို လေးစားမှုနှင့်အလေးထားစဉ်းစားကြောင်း ပြသရာရောက် လေသည်။ သူတို့ ၏ လတ်တလောလိုအပ်ချက်နှင့် အကြံဉာဏ်များကို သူ့ထံသတင်းပေးပို့ ပေးခြင်းဖြင့် စဝ်က သူ့တာဝန်အဖြစ် ဆက်လက်လုပ်ဆောင်လေသည်။

စဝ်၏ ပထမဆုံးသော အုပ်ချုပ်ရေးနှင့်ပတ်သက်သော ကိစ္စတစ်ခု အတွက် သူသည်ပြည်နယ်တိုင်းရှိ အလုပ်သမားများအပေါ်အထူးသတိထား ပြီး ဆုံးဖြတ်ခဲ့လေသည်။ သူတိုင်းတစ်ပါးမှာနေစဉ်ကတည်းက အထူးသတိ ထားမိခဲ့သည်အလုပ်နှစ်ခုမှာ လာဘ်စားခြင်းနှင့် အာဏာကိုအလွဲသုံးစားပြုမှု ခြင်းတို့ဖြစ်သည်။ လာဘ်စားသော အလေ့အကျင့်ဆိုသောစကားကို ပြည် နယ်တွင်းရှိ ပြည်သူများကြားပျံ့နှံ့သွားမည့်ကိစ္စကိုတော့ သူ သည်းမခံနိုင်ချေ။

ကန်ထရိုက်များနှင့် စီးပွားရေးသမားများသည် သူတို့၏လာဘ်များ ကို လက်မခံသောအခါ ရေရှည်တွင် သူတို့၏အကျိုးစီးပွား အထူးအခွင့် အရေးများအတွက် စိုးရိမ်ကြောက်လန့်လာကြသည်။ သူတို့က အရှေ့ ဟော်နန်းတွင် လျင်မြန်စွာပြောင်းလဲနေပြီဖြစ်ကြောင်း သဘောပေါက် လာကြသည်။ ယခုအခါ လူတိုင်းသည် တရားဥပဒေနှင့် အမိန့်အာဏာကို လေးစားလိုက်နာကြရမည် ဖြစ်လေသည်။

ရှမ်းပြည်နယ်တိုင်းတွင် ရာစုနှစ်နှင့်ချီပြီး ပြုလုပ်လာခဲ့သော နှစ်စဉ် လောင်းကစားပွဲများကို ပွဲများတွင်ထည့်သွင်းလာခဲ့ရာ ထိုကိစ္စအတွက် စဝ်က အထူးစိုးရိမ်မိလေသည်။ လူထု၏စီးပွားရေးကို အထူးထိခိုက်နစ်နာစေသော ကြောင့် ရိုးရာထိုလောင်းကစားပွဲများကို အဆုံးသတ် စေချင်မိလေသည်။

သို့သော် သူက သူ့လူထု၏ အားနည်းချက်ကိုလည်း သိလေသည်။

www.nyisay.com



သူတို့လိုအပ်တာက သူတို့၏အစဉ်အဆက် ဆင်းသက်လာသော ဖော်ဘွားများကို ကန်တော့ကြရသောပွဲနှင့် ဆက်စပ်နေသောကြောင့် ဖြစ်လေသည်။ ထို့ကြောင့် စစ်သည် စိတ်မပါစွာဖြင့်ပင် သီပေါနယ်၌ တစ်နှစ်လျှင် ပွဲနှစ်ကြိမ်သာ ကျင်းပခွင့်ပြုခဲ့သော်လည်း သိန္နီနယ်တွင် ပွဲပေါင်းများစွာပြုလုပ်ခဲ့လေသည်။

ထိုပွဲများက ပြုလုပ်သော လောင်းကစားဝိုင်းများမှ အကောက်ငွေများကို စော်ဘွားများကရကြလေသည်။ စစ်ကတော့ ထိုငွေများကို ဆင်းရဲလှသော သူ့ရွာလူထုနှင့် တောင်ပေါ်သားတွေဆီထံမှ မယူလိုချေ။ သူက ထိုငွေများကို ဆင်းရဲသူများကိုကူညီရန် အလှူငွေအဖြစ် မတည်ထူ ထောင်ပေးလေသည်။ သို့သော် သူ၏ပြုလုပ်ချက်ကို သူ့ရှေ့အဆက်ဆက် စော်ဘွားများ၊ အပေါင်းအဖော်များက သဘောမကျကြဘဲ သည်အပြုအမူသည် အမေရိကန်၏ လွှမ်းမိုးမှုကိုခံနေရသည်ကိုပြတာပဲဟု ဆိုကြလေသည်။

သို့သော် စစ်၏တန်ဖိုးထားသော စံများသည် သည့်မတိုင်ခင် နှစ်ပေါင်းများစွာကပင် ရှိနေခဲ့ပြီးဖြစ်လေသည်။

သူသည် သူ့အရင်က အစ်ကိုစော်ဘွားတွေလို သီပေါစော်ဘွား အဖြစ် အမွေဆက်ခံရသော်လည်း ဓလေ့ထုံးစံများကိုတော့ လိုက်နာမည့်သူ မဟုတ်ချေ။ သူ့အမေရင်းနှင့် မွေးစားအမေတို့ ဆုံးသွားပြီးနောက်ပိုင်းတွင် သူ့အတွက် သီပေါဟော်နန်းတွင် နေရာမရှိတော့ဘဲ တောင်ကြီး၊ မန္တလေး၊ အိန္ဒိယနိုင်ငံ ဒါဂျီလင်မြို့တို့တွင် သွားကျောင်းတက်နေရလေသည်။

စာအုပ်တွေက သူ့အရင်းနှီးဆုံးမိတ်ဆွေတွေ ဖြစ်လာပြီး သမိုင်းဘာသာရပ်သည် သူအကြိုက်ဆုံးဘာသာရပ်ဖြစ်လေသည်။

သူသည် စာအစုံဖတ်သည်။ အမေရိကန်တော်လှန်ရေးသမိုင်းမှ အမေရိကန်ပြည်ထောင်စု ဖြစ်ပေါ်လာပုံကို သူနှစ်ပေါင်းများစွာကပင် လေ့လာဖတ်ပြီးခဲ့ပြီးဖြစ်လေသည်။ ထို့ကြောင့် သူသည် အုပ်ချုပ်သူအကြောင်း ကောင်းစွာနားလည်ထားခဲ့သည်။

အုပ်ချုပ်သူဆိုသည်မှာ ပြည်သူထံမှလာရမှာဖြစ်ပြီး ပြည်သူတွေအတွက် အုပ်ချုပ်သူက အလုပ်အကျွေးပြုရမှာဖြစ်သည်။ အာဏာသည် ပြည်သူထံမှလာရမှာဖြစ်ပြီး ပြည်သူတွေအတွက်သာ အုပ်ချုပ်သူက ဝန်ထမ်းရမှာဖြစ်လေသည်။ ပြည်သူက ရွေးကောက်တင်မြှောက်သော သူကသာ အုပ်ချုပ်သူအဖြစ် ဆက်ခံရမည်ကို သူ နားလည်ထားခဲ့လေသည်။ စစ်အတွက်

www.nyisay.com



လူမှုရေးကိစ္စအဝဝမှာ သူ့တွင် တာဝန်ရှိနေသည်ဟုလည်း ခံယူထားပြီး သူသည် ငယ်စဉ်က မတရားမှုများကို သူဝန်းကျင်တွင် ကိုယ်တိုင်ကိုယ်ကျ မျက်မြင်သက်သေအဖြစ် ကြုံထားခဲ့ဖူးလေသည်။ သူငယ်စဉ်က သူ့အဖေသည် မယားများစွာကို တစ်ယောက်ပြီးတစ်ယောက် ဖဲချပ်ပစ်သလို မကြိုက်လျှင် ပစ်ထုတ်လိုက်ပြီး နောက်တစ်ယောက်ကောက်ယူခဲ့သည်ကို မြင်တွေ့ထားခဲ့လေသည်။ သူ့အစ်ကိုသည် ပြည်နယ်၏အထူးခံစားရသော အခွင့်အရေးများကို အသုံးချပြီး အာဏာပါဝါကိုအလွဲသုံးစားပြုလျက် ဂျပန်နှင့်ပေါင်းပြီး စီးပွားရေးများစွာ လုပ်ခဲ့ဖူးလေသည်။ ထို့ကြောင့် သူသည် လူထုအတွက် အကူအညီပေးမည် ဖြစ်ပြီး လူထုကိုခေါင်းပုံဖြတ်မည့် အလုပ်မျိုးကို လုပ်မည်မဟုတ်ချေ။ သူ့အတွက် လောင်းကစားဝိုင်းများမှရသော အခွန်ငွေသည် လုံးလုံးမတရား ခေါင်းပုံဖြတ်ခြင်းဟု ယူဆသဖြင့် ထိုငွေကို လက်မခံလိုချေ။

စဝ်ပြန်ရောက်လာပြီးတစ်နေ့တွင် ဝန်ကြီးချုပ်ဦးသန်းသည် သာမန်ပရိဘောဂများဖြင့်သာထားရှိသော ရုံးခန်းတွင် ညွှန့်သည်ကို ခရီးဦးကြိုပြုလေသည်။ ညွှန့်သည် ထိုသူသည် စော်ဘွား၏ အထူးကိုယ်စားလှယ်ဖြစ်ပြီး ဗဟိုရှမ်းပြည်နယ်ဦးစီးအုပ်ချုပ်ရေးအဖွဲ့၏ ဒေသဆိုင်ရာကိုယ်စားလှယ်ဖြစ်ပြီး မြန်မာနိုင်ငံနှင့် ရှမ်းပြည်နယ်ကြားတွင် ဆက်သွယ်ရေးတာဝန်ကို ဆောင်ရွက်လေသည်။

''ကျေးဇူးပြုပြီးထိုင်ပါခင်ဗျာ။ ကျွန်တော့်ရုံးအတွက် ဘာများယူဆောင်လာခဲ့ပါသလဲ''

စဝ်က ရင်းရင်းနှီးနှီးပင် မေးလိုက်သည်။

ထိုသူက စိတ်လှုပ်ရှားနေပြီး ထိုင်ခုံအစွန်းတွင် ထိုင်လိုက်သည်။

''စော်ဘွားကြီးဟွန်ဖ အထူးကော်မရှင်နာက ကျွန်တော့်ကိုစော်ဘွားကြီးဆီကို အထူးတောင်းဆိုချက် တောင်းခိုင်းလိုက်ပါတယ်''

သူ့အသံလှိုင်းက မြင့်တက်လာသည်။

စဝ်က သူ့ထိုင်ခုံကို ပြောင်ရှင်းနေသောစားပွဲကြီးမှ နောက်ဘက်ရွှေ့တွန်းလိုက်ပြီး သူ့အင်္ကျီလက်ကို ခေါက်လိုက်သည်။ ပြီးမှ သူပြောသည်-

''ကောင်းပြီ ပြောပါ။ သူတို့က ဘာကိုတောင်းဆိုနေတာလဲ အားလုံးပြောပြပါ''

''စော်ဘွားကြီး ...''

www.nyisay.com



ထိုလူ တွန့်ဆုတ်နေသည်။

"ဗမာစစ်တပ်က သီပေါနယ်မှာ ကျင်းပတဲ့ပွဲတွေမှာ လောင်းကစား ဝိုင်းတွေလုပ်ချင်တယ်။ သူတို့ ရန်ပုံငွေသိပ်လိုနေလို့တဲ့။ ကျွန်တော်တို့ ကော်မရှင်နာအဖွဲ့ကို စော်ဘွားကြီးဆီ လာပြောခိုင်းတာပါ။ စော်ဘွားကြီးက ပူးပေါင်း လုပ်ဆောင်ပေးဖို့ပါ "

စဝ်သည် ထိုင်ခုံပေါ်တွင် ခါးကိုဆန့်ထုတ်လိုက်သည်။ သူ ကြား လိုက်တာ ဟုတ်မှဟုတ်ပါရဲ့လား သူအံ့မိလေသည်။

"ကျွန်တော့်ကို နောက်ထပ်တစ်ခါ ပြန်ပြောပြပါဦး။ ကျွန်တော် သိပ်နားမလည်လို့ပါ"

ကော်မရှင်နာသည် ပိုမိုစိတ်လှုပ်ရှား ဂနာမငြိမ်ဖြစ်လာပြီး သူ့ လက်ဆွဲ အိတ်ကို ကောက်ကိုင်နေမိတော့သည်။

"ဟုတ်ကဲ့၊ ဗမာစစ်တပ်က ငွေသိပ်လိုနေပါတယ်။ သီပေါနယ်က ပွဲတွေကလည်း အကြီးအကျယ်ဆိုတော့ ဗမာစစ်တပ်ဗိုလ်မှူးက ကျွန်တော် တို့ကိုချဉ်းကပ်ပြီး စော်ဘွားကြီးကို ခွင့်တောင်းခိုင်းတာပါ"

စဝ်က သူ့ညာလက်ကို ပုံစံပြောင်းလိုက်သည်။ သူကြားရတာ ဒီ လောက်ဆို လုံလောက်ပါပြီ။ စဝ်က ထိုင်ခုံမှထရပ်လိုက်ပြီး စားပွဲကိုပတ်ကာ ဤသတင်းသယ်ဆောင်လာသော ထိုလူအနီး သွားရပ်လိုက်သည်။ စဝ်က လေးလေးနက်နက်လေသံဖြင့် ...

"ကော်မရှင်နာ သွားပြီးပြောပြလိုက်ပါ။ ကျွန်တော့်လူထုကို ဘယ် တော့မှ လောင်းကစားလုပ်ခိုင်းပြီး ဗမာစစ်တပ်ရန်ပုံငွေအတွက် မလုပ်ခိုင်းဘူး၊ ခွင့်မပြုနိုင်ဘူး။ ဘယ်သူ့အတွက်ဖြစ်ဖြစ်။ သူ ကျွန်တော် ဒီကိစ္စအပေါ် ဘယ်လို သဘောထားတယ်ဆိုတာ ကောင်းကောင်းသိပါတယ်"

ထိုလူက ပြည်နယ်ဝန်ကြီးချုပ်ကို ကြည့်လိုက်သည်။ သူ့အတွက် ကြားက ဝင်ပြောပေးနိုင်မလားဟု သူမျှော်လင့်နေပုံရလေသည်။ ဦးသန်းက-

"ကျွန်တော်တို့စော်ဘွားကြီးရဲ့ ဆုံးဖြတ်ချက်ကို ခင်ဗျားကြားတယ် မဟုတ်လား။ ဒါကို ကော်မရှင်နာကို ပြန်ပြောပြလိုက်ပါ။ တကယ်လို့ ခင်ဗျား က စာနဲ့ပေနဲ့ လိုချင်တယ်ဆိုရင် ကျွန်တော့်ရုံးခန်းကိုလာခဲ့ပါ"

ထိုလူသည် စော်ဘွားကြီးကို အကြိမ်ပေါင်းများစွာ အရိုအသေပေးပြီး အခန်းထဲမှ သုတ်သုတ်ထွက်၍ ဦးသန်းနောက်မှ လိုက်ချသွားလေသည်။

www.nyisay.com



စဝ် စိတ်မချမ်းမသာ ဖြစ်နေလေသည်။ သူသည် လေးလံစွာဖြင့် ပြတင်းပေါက်ဆီလျှောက်သွားလိုက်ပြီး တောင်တန်းတွေကြား ဘဝတစ်လျှောက်လုံး တအိအိစီးဆင်းနေသော စိမ်းမြလဲ့လဲ့ နမ့်တူမြစ်ကိုငေးကြည့်နေလိုက်သည်။ ကော်မရှင်နာ ဘယ်လိုလုပ်မလဲ သူသည် ပြည်နယ်နားချင်းက စော်ဘွားတစ်ဦးဖြစ်ပြီး စဝ်၏အစ်မဝမ်းကွဲနှင့် လက်ထပ်ထားသူလည်းဖြစ်နေသည်။ သူ့ကိုဖိအားပေးပြီး စဝ်ထံချဉ်းကပ်နိုင်းရာ မအောင်မြင်လျှင် သူ့ကို ဗမာစစ်တပ်က မည်သို့တုံ့ပြန်မည်ကိုလည်း စဝ်က သိနေလေသည်။ ပြဿနာ၏အဓိကမှာ ဗမာစစ်တပ်သည် အမြဲပင် ရှမ်းလူထုကို လောင်းကစားဝိုင်းများပြုလုပ်နိုင်းလေ့ရှိခြင်းပင်ဖြစ်သည်။ မြန်မာပြည်မှာတော့မူ မြင်းပွဲမှလွဲလို့ လောင်းကစားဝိုင်းများကို ပိုလို့ပင်တားမြစ်တားခဲ့သည်။ စဝ်က ဖြစ်လာမည့်ဒုက္ခကို ကြိုမြင်နေသော်လည်း ဗမာစစ်တပ်၏ တောင်းဆိုမှုက များနေသည်။ ပြီးတော့ စဝ်သည် ဘယ်တော့မှ သူတို့နှင့်တစ်လေ့တည်း မစီးလိုပေ။ ထိုအချိန်တွင် ဦးသန်းသည် တံခါးခေါက်ပြီး အခန်းတွင်းသို့ နောက်တစ်ကြိမ် ထပ်ဝင်လာသည်။ စဝ်က ပြတင်းပေါက်နားမှာ ရပ်လျက်ရှိနေသေးသည်။ ရှမ်းတွေထဲတွင် ထူးထူးကဲကဲအရပ်ရှည်နေသောသူသည် စိတ်ထဲက စကားတွေမပြောသေးဘဲ စဝ်ပြန်လှည့်လာသည်အထိ စောင့်နေလိုက်သည်။

''စော်ဘွားကြီး၊ ကျွန်တော် စော်ဘွားကြီးရဲ့လောင်းကစားဝိုင်းတွေအပေါ်ထားတဲ့မှုကို လေးစားပါတယ်။ ဒါပေမဲ့ ...''

''ဘာမှ ထပ်ပြီး ဒါပေမဲ့မနေပါနဲ့ ...''

စဝ်က ဖြတ်ပြောလိုက်ပြီး ခေါင်းကို သွင်သွင်ခါရမ်းရင်းက စားပွဲပေါ် ထိုင်ချလိုက်သည်။

ထိုအချိန်တွင် စဝ်သည် ဝန်ကြီးကို စကားမပြောချင်ပေ။ သို့သော် ဝန်ကြီးက စဝ်၏အရိပ်အကဲကို နားမလည်ချေ။

''ကျွန်တော် စော်ဘွားကြီးကို သတိပေးကို ပေးရမှာပါ။ ဗမာစစ်တပ်ဗိုလ်မှူးက သူတို့တောင်းဆိုချက်ကို ပယ်ချရင် လက်ခံမှာမဟုတ်ဘူး''

ဦးသန်း ပြောလိုက်သည်။

''ဒါလည်းဖြစ်နိုင်ပါတယ်။ ဒါပေမဲ့ ...အဲဒါက သူတို့ပြဿနာပဲ ကျွန်တော့်ကိစ္စမဟုတ်ဘူး''

စဝ်က ပြန်ပြောသည်။

www.nyisay.com



''ကျွန်တော်က စော်ဘွားကြီးကို ဆန့်ကျင်ပြီးပြောရတော့မှာပဲ။ ဒါ ကျွန်တော်တို့ရဲ့ ...''

''ကျွန်တော်တို့မှာ ကိုယ်ပိုင်တပ်တွေရှိပါတယ်။ ဖွဲ့စည်းအုပ်ချုပ်ပုံ အခြေခံဥပဒေရှိပါတယ်။ ဒါ မင်းမဲ့တိုင်းပြည် မဟုတ်ပါဘူး။ ဒါကိုမမေ့စမ်းပါနဲ့။ ကျွန်တော်ကတော့ သူတို့ကို တိုက်ရင်းနဲ့ပဲသေချင်တယ် ''

စဝ်က ဒေါမာန်ဖြင့် ပြောလိုက်သည်။

သူသည် စားပွဲပေါ်က ဖိုင်တွဲကို လှမ်းယူဖွင့်လိုက်ခြင်းဖြင့် သူတို့ စကားပြီးဆုံးသွားပြီဖြစ်ကြောင်းပြလေသည်။ ဦးသန်းအခန်းတွင်းမှ ထွက်သွားသောအခါ..

''ဒါ အမေရိကန်မဟုတ်ဘူး''

ဟု သူတိုးတိုး ရေရွတ်သွားသံကို ကြားလိုက်ရလေသည်။

နွေလယ်ပိုင်းတွင် သူ့မှာ အခြားလက်ခံတွေ့ဆုံစရာ အစီအစဉ် မရှိတော့ချေ။ စဝ်က သူ့ဒရိုင်ဘာကိုခေါ်လိုက်သည်။ မြစ်၏တစ်ဖက်ကမ်းတွင် လူအယောက် ၅၀ အား လမ်းဟောင်းကို လမ်းပြောင်းတူး နိုင်းထားသည့် နေရာသို့ သူသွားသည်။ ထိုတောအုပ်လေးသည် စစ်အတွင်းက အတော် ပျက်စီးခဲ့လေသည်။ ကြီးမားကျယ်ဝန်းသော လီမွှော်ပင်များ၊ သံပရာပင်များ သည် သီပေါတောင်ကြားတွေမှာ ပေါ်ပေါက်လာတော့မည်။ ထိုနေရာတွင် မိန်းမ၊ ယောကျ်ားတွေသည် သူ့စိုက်ပျိုးရေးလုပ်ငန်းအတွက် စိတ်ကြိုက် အားကြိုးမာန်တက် လုပ်နေကြသည်။ စဝ်သည်သူ့ရုံးခန်းတွင်းမှာ စိတ်ညစ်ခဲ့ ရတာတွေကို သည်နေရာမှာ ပြန်လည်အေးချမ်းတည်ငြိမ်သွားအောင် လုပ်နေလေသည်။ သူသည် အလုပ်သမားတစ်ယောက်ဆီက တောခုတ်ဓားကို ယူလိုက်ပြီး မြေဩဇာထည့်ထားသော ထူသိပ်သိပ် မည်းနက်နက်မြေကြီး တွေကို အားဖြင့်လိုက်ခုတ်ပစ်နေတော့သည်။ ထိုအချိန်တွင် အလုပ်သမား များသည်စော်ဘွားကြီးက ဝါးခမောက်ကို ဆောင်းထားပြီး သူတို့ကြားတွင် ထူးဆန်း အံ့ဩဖွယ် ဝင်လုပ်နေသည်ကို ရပ်ကြည့်နေမိကြလေသည်။ ထို့နောက် မတော့သူတို့လည်း အားသစ်မာန်သစ်များဖြင့် ဓားများကိုလွှဲခုတ်နေကြလေ တော့သည်။

စဝ်သည် အခြားစီမံကိန်းဖြစ်သော နာနတ်သီး၊ ကော်ဖီ၊ မြေပဲ၊ ချင်း၊ ပဲပိစပ်တို့ကို တိုးချဲ့စိုက်ဖို့ရှိလေသည်။ သို့သော် သူ့မှာထားသော လယ်ထွန်စက်

www.nyisay.com



နှင့် မြေထိုးစက်တို့ကိုတော့ စောင့်ရပေဦးမည်။

✦ ✦ ✦

ထိုနေ့သည် မတ်လ ၂၂ နေ့ဖြစ်သည်။ တပေါင်းလပြည့်မတိုင်မီ တစ်ရက်အလိုလည်း ဖြစ်လေသည်။ စဝ်နှင့် သုစန္ဒီသည် ရှမ်းပြည်နယ်၏ အကြီးဆုံးပွဲတော်သို့ သွားနေကြသည်။ ထိုပွဲသည် ဘော်ကြိုစေတီအနီးတွင်ရှိပြီး သီပေါအနောက်ဘက် ၆ မိုင်အကွာ မန္တလေးသို့သွားသော ကားလမ်းပေါ်တွင် ရှိလေသည်။ ဗမာလမ်းမကြီးကို ချဲ့ထားသော တစ်လမ်းသွား လမ်းမပေါ်တွင် မာစီဒီးကားကို ဖင်းန ကမောင်းနေသည်။ ကျဉ်းမြောင်းသေးသွယ်သော လမ်းပေါ်တွင် ယာဉ်များကို အလွယ်တကူမောင်းနှင်၍မရချေ။ အခုမှာတော့ ယာဉ်ပေါင်းစုံနှင့် လူစီးကြောင်း ထောင်သောင်းသည် အကြီးကျယ်ဆုံးပွဲဆီသို့ ဦးတည်လျက် အိပ်မက်မက်နေသလို သွားနေကြလေသည်။ ဘော်ကြိုဘုရားပွဲ။

သုစန္ဒီမှာ စိတ်တွေလှုပ်ရှား ပျော်ရွှင်နေမိတော့သည်။ သူမဘေး တွင်နေကြသော လူတိုင်းသည် ဤပွဲတော်ကို လပေါင်းများစွာကပင် မျှော်တွေး စောင့်စားနေခဲ့ကြလေသည်။ သူမ၏အထိန်းတော် မွိုင်းသည် သူမအတွက် ရွှေရောင်ဘရိုကိတ်လုံချည်၊ အဖြူရောင်ပိုးအင်္ကျီနှင့် ရွှေကွပ်ထားသော ပတ္တမြားကြယ်သီး ၅ လုံး၊ လက်စွပ်၊ လက်ကောက်တို့ကိုဝတ်ဆင်ဖို့ ပြင်ဆင် ပေးထားသည်။ သူမ၏ ဒူးထိနေသော ကေသာရွှေဖယောင်းကို ရှမ်းကြိုးဖြင့် ပျော့အောင်စည်းသည်။ ထိုဆံစပုံ့ပုံ့ပေါ်တွင် စံပယ်တစ်ထွေးပန်ဆင်လေသည်။ မွိုင်းသည် သူမကိုပြင်ဆင်ပေးပြီး နောက်ဆုံးသေချာကြည့်သည်။ ထို့နောက် ...

''မဟာဒေဝီမဘုရားကလေ ကြာလေကြာလေ ရှမ်းပြည်မှာမွေးတဲ့ ရှမ်းမနဲ့ တူတူလာလေပဲ''

ဟု သဘောကျစွာ ဝမ်းသာအားရပြောလေသည်။ ပြီးနောက် သူမ ထပ်ကြည့်လိုက်ပြီး ...

''မဟာဒေဝီမဘုရား အရပ်က လက်မနည်းနည်းပိုနိမ့်နေရင်ပေါ့''

ဟု ဆက်ဆိုလေသည်။

''မောင်က ကျွန်မတစ်ဝက်လောက် ဒီပွဲကိုစောင့်မျှော်နေတာမျိုး ကျွန်မ မောင့်ကိုဖြစ်စေချင်တာ''

သုစန္ဒီက စဝ်ကိုပြောလိုက်သည်။ သူက သူမကို ပြုံးပြီး သူမလက်

www.nyisay.com



ကို သာသာလေးညှစ်လိုက်သည်။ ပြီးမှပြောသည်။

"မောင် ဒီပွဲကိုဘယ်လောက်တောင် ခံစားရလဲသိလား။ မောင်ကလေ အားလုံးနဲ့ ခပ်ဝေးဝေးမှာနေလိုက်ချင်တာ။ ဒါပေမဲ့ မောင့်လူထုကို စိတ်ပျက်စိတ်ညစ်အောင် မလုပ်နိုင်ဘူးလေ"

သည်ကိစ္စကို သူဘယ်လောက်ခံစားရလဲဆိုတာ သူမ ကောင်း ကောင်း သိပါသည်။ သူက လူတွေစုဝေးပြီး ပွဲလမ်းကျင်းပ အခမ်းအနားများလုပ် ရှမ်းဝတ်စုံများ ဝတ်လုပ်တာမျိုးကို မနှစ်သက်ချေ။ သူသည် ကာကီအင်္ကျီကို ဝတ် သတ္တုရိုင်းများကို စူးစမ်းကြည့်ရှု သူ့အလုပ်ရှိရာကျေးရွာတွေသွား စိုက်ပျိုးထားသော စီမံကိန်းများကိုသွားစစ်ဆေး စတာတွေလုပ်နေရလျှင် သူ အပျော်ဆုံးဖြစ်နေတာကို သူမသိပါသည်။

လမ်းပေါ်တွင် ဘတ်စ်ကားများ၊ နွားလှည်းများ၊ လမ်းလျှောက်လာကြသောလူအုပ်လိုက်များသည် ပိုရှိပိုရှိ များပြားပြည့်နက်လာသည်။ ဖြတ်သွားကြသော ဘတ်စကားတိုင်းသည် ထူးထူးခြားခြား ကိုယ်ထည်ပုံစံ အရောင်တွေနှင့်ဖြစ်သည်။

ကားဘော်ဒီများကို တရုတ်လက်သမားများက လက်ဖြစ်ပြုလုပ်ထားသည်။ ဒီဇိုင်းပုံစံအမျိုးမျိုးကို ဆေးသားထူထူပိန်းပိန်း ရေးခြယ်ထားသည်။ နှစ်ပေါင်းများစွာ သက်တမ်းရှိနေပြီဖြစ်သော ကားအိုကားဟောင်းများကို မက္ကင်းနစ်များက မောင်းရအောင်ပြုပြင်ထားကြသောကြောင့် လမ်းပေါ်တွင် သတ္တဝါကြီးများ သွားနေသလိုရှိလေ၏။

ဘီးကိုတီထွင်လာပြီးကတည်းက ပေါ်ပေါက်လာသော နွားလှည်းများသည် သူတို့အတွက် ထူးထူးခြားခြားမရှိချေ။ နွားနှစ်ကောင်ဆွဲလှည်းပေါ်တွင် သက်ကယ်ပေါင်းမိုးဆင်ထားသဖြင့် လှည်းပေါ်တွင် အေးအေး လူလူ သက်သောင့်သက်သာဖြင့် မိသားစု လွတ်လွတ်လပ်လပ်စီးနိုင်သည်။ လှည်းအတော်များများသည် လမ်းပေါ်တွင် ရက်ပေါင်းများစွာ အပတ်ပေါင်းများစွာတောင်ရှိနေကြပြီး ပွဲအတွင်း လှည်းချွတ်ဖို့နေရာကို ပြုလုပ်ထားသည်။

အချို့ကလေးများသည် လှည်းဘေးတစ်လျှောက်မှ လမ်းလျှောက်လိုက်လာကြသည်။ သူတို့သည် နွားတွေနှင့်အတူ ကပ်လျှောက်နေတာမို့ လမ်းလွဲသွားမှာကို မစိုးရိမ်ရချေ။

အကောင်းဆုံးအဝတ်အစားကိုဝတ်စားပြီး အနီးနားရွာများမှ လမ်း

www.nyisay.com



လျှောက်လာကြသော ရှမ်းများကို သုစန္ဒီ အထူးစိတ်ဝင်စားမိလေသည်။ ရှမ်းမများသည် တောက်တောက်ပြောင်ပြောင် ပိုးလုံချည်လှိုင်းတွန့်၊ အင်္ကျီအဖြူတို့ကို ဝတ်ထားကြပြီး ပူပြင်းသောနေရောင်ကို ကာကွယ်ရန် ကြီးမားသော ကောက်ရိုးခမောက်များကို ဆောင်းထားကြသည်။

လူအများစုသည် ဈေးတွင်ရောင်းချရန် ပစ္စည်းများကို သယ်ဆောင်လာကြလေသည်။ ပစ္စည်းများကိုခြင်းထဲထည့်ထားပြီး ပခုံးပေါ်ရှိ ဝါးအထမ်း၏တစ်ဖက်တစ်ချက်တွင် ချိတ်ထမ်းထားရာ လမ်းလျှောက်နေသောအခါ အိပဲ့အိပဲ့ဖြင့် ဟန်ချက်ညီစွာ လေ့ကျင့်ခန်းလုပ်နေသလို ကြည့်ကောင်းလှသည်။ လမ်းလျှောက်မိန်းမများရှေ့က ခေါင်းပေါင်းပေါင်းထားသော ရှမ်းအမျိုးသားများကမူ ရောင်းစရာပစ္စည်းများ သယ်ဆောင်ခြင်းမရှိချေ။ ထို အစားကြီးမားသောအညိုရောင် တိုက်ပုံရှမ်းဘောင်းဘီပွကြီးများကို ဝတ်ဆင်ပြီး ကြီးမားသော ရှမ်းဓားကြီးများကို လွယ်ထားကြလေသည်။ လက်ဖြစ်ရက်လုပ်ထားသော ရှမ်းလွယ်အိတ်ကြီးများကို သူတို့ပခုံးမှာ လွယ်ထားကြသည်။ ထိုလွယ်အိတ်ကြီးထဲတွင် ပွဲကျရင်လောင်းကစားလုပ်ဖို့ စုထားသောငွေများကို ထည့်ထားလေသည်။

စဝ်တို့ကားဖြတ်သွားသည်ကိုသိကြသော မိန်းမ၊ ယောက်ျားများသည် လမ်းဘေးတစ်ဖက်တစ်ချက်စီတွင် ဒူးတုပ်ထိုင်ချလိုက်ပြီး မျက်နှာရှေ့တွင် လက်အုပ်ချီလျက် ရိုးရာဓလေ့အတိုင်း စော်ဘွားကြီးကို အရိုအသေပေးကြလေသည်။

စဝ်နှင့် သုစန္ဒီတို့ကားသည် ပွဲခင်းအနီးကွင်းနားသို့ ရောက်လာသည်။ ပွဲခင်းက ဘောလုံးကွင်း ဆယ်ကွင်းစာမျှကျယ်ဝန်းပြီး ထိုကွင်းပြင်သည် မိုးရာသီဆိုလျှင် စပါးစိုက်ခင်းလယ်ကွင်းများဖြစ်သည်။ ဘယ်ဘက်တွင်မူ ဘော်ကြိုဘုရားကြီးက ဘုရားဖူးများကိုရပ်ပြီး ဆုတောင်းကြဖို့ လက်ယပ်ခေါ်နေသလိုရှိလေ၏။ ထုံးသင်္ကန်းကပ်ထားသော ခေါင်းလောင်းပုံ စေတီတော်ထိပ်တွင် ရွှေနှင့်ကျောက်သံပတ္တမြားများဖြင့် ပူဇော်ထားသော ထီးတော်ကို တွေ့ရသည်။ ထိုထီးတော်ကို တစ်နှစ်တစ်ခါတင်ပွဲလုပ်ရသဖြင့် ပွဲကျင်းပရခြင်းဖြစ်လေသည်။ ရှေးဒဏ္ဍာရီအရ ရှေးရှမ်းမိုင်းမောဝ်အင်ပါယာ(မြို့တော်သည်နမ့်ခမ်းမြို့ တရုတ်နယ်စပ်အနီးတွင်ရှိသည်)တွင် ရှမ်းစော်ဘွားစဝ်ဆေခန်ဖသည်ဆယ်လန့်မြို့ကို အေဒီ ၁၀၁၃ တွင် တည်ထောင်ခဲ့သည်။ ခမည်းတော်

www.nyisay.com



စဝ်ဆေခန်ဖ ကွယ်လွန်အနိစ္စရောက်သော် သားတော် စဝ်ဆေဟုန်ဖက အရိုက်အရာကို ဆက်ခံသည်။

စဝ်ဆေဟုန်ဖ၏သမီးတော် စဝ်မွန်းလာ့ကို အေဒီ ၁၀၄၄ (မြန်မာသက္ကရာဇ် ၄၀၂)နတ်တော်လဆန်း ၃ ရက်နေ့တွင် ဖွားမြင်ခဲ့သည်။ စဝ်ဆေဟုန်ဖသည် သားတော် စဝ်ဆေပင်ဖ၊ သမီးတော်ကြီး စဝ်နန်းစံ၊ သမီးတော်လတ် စဝ်နန်းထွမ်းနှင့် သမီးတော်ငယ် စဝ်မွန်းလာ့တို့ထွန်းကားခဲ့သည်။ စဝ်မွန်းလာ့သည် အထွေးဆုံးသမီးဟု အမိပ္ပာယ်ရလေသည်။

အေဒီ ၁၀၅၇ (မြန်မာသက္ကရာဇ် ၄၁၈)တွင် ပုဂံပြည့်ရှင်အနော်ရထာမင်းစောသည် တရုတ်ပြည်က စွယ်တော်ပင့်ရန် ရွှေလီမြစ်ကြောင်း အတိုင်းဆန်တက်လာရာ ဆယ်လန့်မြို့အနီး ၃ မိုင်ခန့်အကွာတွင် ယာယီတဲနန်းစခန်းချလေသည်။ ထိုနေရာကို ပင်မန်၊ ပင်ဝမ်းမှ ဟိုလောင်းဟုခေါ်လေသည်။ အနော်ရထာမင်းစောထံ စဝ်ဆေဟုန်ဖနှင့် သမီးတော်စဝ်မွန်းလာ့တို့က လက်ဆောင်ပဏ္ဏာတော်များ ဆက်လေသည်။ အနော်ရထာမင်းစောက ချောမောလှပသော စဝ်မွန်းလာ့ကိုတွေ့မြင်သွား သောအခါ ချစ်ခင်တော်မူ၍ မိဖုရားအဖြစ် ကောက်လေသည်။ စဝ်မွန်းလာ့သည် ပုဂံပြည်သို့ လိုက်ပါသွားရသည်။ စဝ်မွန်းလာ့၏ ခမည်းတော်က ရှမ်းလူမျိုးတို့ စားလေ့ရှိသော မြေတွင်းအောင်းပိုးလောင်းကောင် မုန့်ဆိုင့်၊ မိန်းဆိုင်ကိုဆားနယ် အခြောက်ခံနေလှန်းကာ ဝါးကပ်ဖြင့်ထုပ်ပြီး ပုဂံသို့ ပို့ပေးလေသည်။ စဝ်မွန်းလာ့က ထိုအောင်းကောင်များကို မကြာခဏစားလေ့ရှိရာ အခြားမိဖုရားများက မိဖုရားစဝ်မွန်းလာ့အား မင်းကြီးအနော်ရထာက နှစ်သက်တော်မူသည်ကို မနာလိုနေကြရာမှ စဝ်မွန်းလာ့ကို စုန်းမအဖြစ် စွပ်စွဲပြောဆိုကြလေသည်။

နောင်အခါ အနော်ရထာမင်းကြီးလည်း စဝ်မွန်းလာ့ကိုမယုံကြည်တော့ဘဲ ရှမ်းပြည်သို့ အပြန်နိုင်းလိုက်လေတော့သည်။ ဆင်မြင်းနောက်လိုက်နောက်ပါများနှင့်အတူ စဝ်မွန်းလာ့သည် ပုဂံမှအပြန်လမ်းခရီးတွင် ဒုတ္တဝတီမြစ်လက်တက်နေရာတွင် ရွှေစာရံစေတီကို တည်ခဲ့လေသည်။ အပြန်တွင် နောင်ချိုအနီး သိမ်းမြစ်အရှေ့ဘက်နေရာတွင် စေတီတစ်ဆူ တည်ခဲ့သည်။ ထိုစေတီကို ဘော်ကြိုစေတီဟု ယူဆရလေသည်။ တကယ် ဘော်ကြိုဆိုသည်မှာ ဝက်လူးအိုင်ဟု အဓိပ္ပာယ်ရပြီး ဂေါတမဘုရား နစဉ်အခါ ဝက်မင်း ဘဝ စံပျော်ရာ ရေကန်သာ(ဝက်လူးအိုင်)နေရာဖြစ်ခဲ့သည်။ ဂေါတမမြတ်စွာ

www.nyisay.com



ဘုရား ပရိနိဗ္ဗာန်ပြုပြီး နှစ်ပေါင်း ၂၃၅-၂၇၇ ဘီစီတွင် ပါဋိလိပုတ်ပြည်ကြီးနှင့် ဇမ္ဗူဒီပတစ်ကျွန်းလုံးကို အစိုးရသော သီရိဓမ္မာသောကမင်းကြီး၏ကုသိုလ်တော်တစ်ခုအဖြစ် ဘော်ကြိုစေတီလည်းပါလေသည်။

လူအုပ်က အလွန်ပင် ထူထပ်လာသည်။ ဒါဇင်ကျော်မျှသော ကွဲပြားခြားနားသော ဘာသာစကားမျိုးစုံတွေကို သုစန္ဒီ ကြားနေရသည်။ ညပိုင်းတွင်ကပြမည့် မြန်မာဇာတ်ရုံက ဆိုင်းစမ်းနေသံတွေ ကြားနေသည်။ ဆာလောင်နေကြသော လူအုပ်အတွက် ပွဲဈေးတန်းမှ မွှေးပျံ့သင်းသော အကင်နံ့များနှင့် ရေခိုးငွေ့နံ့တွေကို သူမရနေသည်။ တောင်ပေါ်သားအမျိုးမျိုးကလည်း ထူးထူးခြားခြား အဝတ်အစားများ ဝတ်ဆင်ထားကြသည်။ ကချင်အမျိုးသမီးများသည် အမည်းနှင့်အနီဝတ်စုံနှင့် ရက်လုပ်ထားသော လွယ်အိတ်ပေါ်တွင် လေးလံသောငွေဆိုင်းငွေသီးများကို တပ်ဆင်ထားသည်။ သိုးမွှေးဖြင့်လုပ်ထားသော အနီရောင်ခြေပတ်မှာတော့ ငွေတွေတပ်ဆင် မထားချေ။ တောင်ပေါ်က လက်ဖက်စိုက်သော ပလောင်တွေက အနက်ရောင် အင်္ကျီဝတ်ထားပြီး ခေါင်းတွင် ငွေလက်ဝတ်ရတနာများ တပ်ထားသော ဦးပေါင်းပိုင်းကြီး ဆောင်းထားသည်။

လီဆူးအမျိုးသမီးဝတ်သော ကျောက်စီအဝတ်အစား တောင့်တောင့်များနှင့် တောင်သူတွေဝတ်စားတာက လုံးလုံးခြားနားလေသည်။

တောင်သူတွေကတော့ ရိုးရိုးအနက်ရောင်သာ ဝတ်လေသည်။ မြန်မာအမျိုးသမီးတွေက ရှမ်းအမျိုးသမီးတွေနှင့် ခြားနားသိသာစွာ ဝတ်ဆင်တတ်ကြသည်။ သူတို့ယောကျ်ားတွေက ပုဆိုးဝတ်ကြသည်။ အရောင်အသွေးအဆင်ကတော့ မိန်းမတွေနှင့် ကွာသည်။

နီပေါ(ဂေါ်ရခါး)၊ ဘင်္ဂါလီ၊ မွတ်စလင်နှင့် တရုတ်တွေကလည်း စိတ်လှုပ်ရှားတက်ကြွစွာ ရောနှောပါဝင်နေသေးသည်။ သူတို့အထဲမှာ ပိုလို့ ထူးကဲစွာ ထိုးဖောက်ဝင်ရောက်လာသူကတော့ ကော့ကေးဆပ်လူမျိုး ခရီးသွားပဲဖြစ်လေသည်။ လူပေါင်း သုံးသိန်းကျော်သည် ဤလူနေကြဲပါးသော နေရာလေးတွင် နှစ်တိုင်းပွဲကို လာကြလေသည်။

လူအုပ်ထဲ လက်မအနည်းငယ် တိုးဝင်သွားပြီးနောက် ကားက ရပ်လိုက်သည်။ ပွဲအတွင်း အထူးတည်ဆောက်ထားသော မဏ္ဍပ်ဆီသို့ စဝ်နှင့်သုစန္ဒီတို့နှစ်ယောက် လမ်းလျှောက်သွားသည်။ ရှေ့မှာတော့ ဒါဇင်များစွာသော လှပသည့်ရှမ်းမလေးတွေက ကြိုဆိုရေးကော်မတီ၏ ရှေ့တော်ပြေးအနေဖြင့်

www.nyisay.com



ရပ်စောင့်နေကြလေသည်။ သက်တံရောင် ပိုးလုံချည်များ ဝတ်ဆင်ထားကြပြီး ရှက်သွေးဖြာကျက်သရေရှိသော ရှမ်းပျိုဖြူလေးများသည် လှပသိမ်မွေ့ယဉ်ကျေးစွာဖြင့် ပန်းစည်းများကို ကိုင်ထားကြ လေသည်။ သူတို့၏ နုနုနယ်နယ် မျက်နှာလေးတွေ၊ ပြုံးနေသော မျက်ဝန်းနက်နက်လေးတွေ၊ လှပအိထွေးသော ဆံစပိတုန်း သွေးတွေနှင့် သူတို့သည် အစွမ်းကုန် ပွင့်အာနေသော ထူးထူးဆန်းဆန်း ပန်းလေးတွေနှင့် တူလေသည်။

မဏ္ဍပ်ကို ပွဲတွေမှာ အခြားယာယီအဆောက်အဦတွေလိုပင် ဝါးဖြင့်ဆောက်လုပ်ထားသည်။ အလွန်ကြီးမားသော ရွက်ထည်တဲကြီးနှင့် ဆင်တူနေလေသည်။ ဝါးကြမ်းခင်းကို ကော်ဇောခင်းထားသည်။ အနည်းငယ်မြင့်သော စင်လေးကို တည်ဆောက်ထားပြီး အနီရောင် ကတ္တီပါကို ချဲ့ထွင်၍ရွှေချည်တွေထိုးထားပြီး ဖုံးအုပ်ထားသည်။

ထိုစင်ပေါ်တွင် ပရိဘောဂ အနည်းငယ်သာတင်ထားသည်။ စဝ်နှင့်သုစန္ဒီကိုကြို့ဆိုပြီး နေရာထိုင်ခင်းပေးသည်။ ကော်ဇော အောက်ဘက်မှာတော့ ရာပေါင်းများစွာသော လူများတိတ်ဆိတ် ငြိမ်သက်စွာထိုင်ရင်း စော်ဘွားကြီးကိုအရိုအသေပေး ကန်တော့သော အခမ်းအနားကို စောင့်စားနေကြလေသည်။ အသက်ကြီးသော ခရိုင်လူကြီးဘူဟန်းသည် စော်ဘွားကြီးအနီးဒူးထောက်ပြီး ခစားသည်။ ရှမ်းရိုးရာထုံးစံအရ အနီရောင်ယွန်းလင်ဗန်းပေါ်တွင်တင်ထားသော ငှက်ပျောသီး၊ ရှမ်းလက်ဖက်ရွက်တို့ကို စော်ဘွားကြီးအားကပ်ပြီး စော်ဘွားကြီးကို ကန်တော့အခမ်းအနားစဖို့ ခွင့်ပန်လေသည်။ စဝ်က ဗန်းကိုထိလိုက်၍ ခွင့်ပြုကြောင်း သင်္ကေတပြလိုက်ပြီး သူ့တောင်းဆိုချက်ကို လက်ခံလိုက်သည်။ ရာပေါင်းများစွာသော လူတွေအားလုံးသည် ခုတ်တရက် ချက်ချင်းပင် လက်အုပ်ချီလိုက်ကြသည်။ ဘူဟန်းက ရှမ်းဘာသာဖြင့် ဂါထာတိုတို ရွတ်ဖတ်သည်။ စဝ်က ဤအခမ်းအနားကို ကောင်းချီးပေးခြင်းဖြင့် ပြန်လည်တုံ့ပြန်လေသည်။

အခမ်းနားတိုတိုလေးပြီးဆုံးသွားသောအခါ အားလုံးသည် စိတ်လျော့လိုက်ကြသည်။ ပြီးနောက် လူတွေသည် သူတို့၏ စော်ဘွားကြီးနှင့် မဟာဒေဝီကို အလွတ်သဘော အနီးကပ်စကားပြောဆိုဖို့အတွက် ချဉ်းကပ်ဘိုးလာကြလေသည်။ ခန်းမတစ်ခုလုံးသည် ရယ်မောသံ၊ ပျော်ရွှင်သော စိတ်ခံစားမှုတို့ဖြင့် ညံစီဟိန်းထနေတာ သုစန္ဒီ သိလိုက်ရသည်။ အရွေးခြယ်ခံများ

www.nyisay.com



စွာသော ကျေးရွာလူကြီး ဘူမောင်းများသည် ရေ့တိုးလာသည်နှင့်အတူ တောင်းဆိုကြတော့လေ၏။ အချို့က သူတို့သားသမီးများကို အရှေ့ဟော်နန်း တွင်ခိုင်းဖို့ခေါ်ထားရန်၊ အချို့က ပုဂ္ဂိုလ်ရေးလူအများ အရေးကိစ္စတွေအတွက် အကြံဉာဏ်များတောင်းရန်၊ အချို့က သူတို့မြို့ရွာများသို့ အထူးအခွင့် အရေး အနေဖြင့် ဖိတ်ခေါ်ရန်တို့ဖြစ်လေသည်။ ကွတ်ရှမ်ရွာ လူကြီးက ပြဿနာများဖြင့် လာသည်။ သူ့ရွာသည် နမ့်တူ မြစ်ကမ်းနံဘေးတွင်ရှိပြီး ရွာနားက စပါးစိုက်သော မြေ၊ လယ်ကွက်များကို အရှေ့ဟော်နန်းက ပိုင်ဆိုင်လေသည်။ လယ်ငှားလုပ် ကြသော လယ်သမားများသည် နှစ်နှစ်ဆက်တိုက် စိုက်ပျိုးရေးမအောင်မြင်သဖြင့် သီးစားခများကို မပေးနိုင်ဘဲဖြစ်နေရာ အကြွေးများကို စော်ဘွားကြီးက ခွင့်လွှတ် ပေးဖို့ တောင်းပန်လေသည်။ ဘူမောင်းက သူ့ပြဿနာကို တင်ပြနေစဉ်တွင် စဝ်နှင့်သုစန္ဒီတို့နှစ်ယောက်သား အကြည့်ခြင်း ဖလှယ်လိုက်မိကြလေသည်။

သူတို့နှစ်ယောက်သား သူရင်းငှားနှင့် ခွဲဝေယူရသော လယ်ပိုင်ရှင်၏ စိတ်နေကိုယ်ကျင့်တရားတို့ကို အချိန်အတော်ကြီးကြာအောင် ဆွေးနွေးဖူးခဲ့တာ ကို သွားအမှတ်ရလိုက်လေသည်။ စဝ်က သူ့အမွေအဖြစ်ရသော ပြည်နယ်တွင်း က လယ်မြေတွေကို တစ်ကွက်မျှ မလိုချင်ပေ။

သီပေါစော်ဘွားကြီးပိုင်သော စပါးစိုက်သော လယ်မြေကေတစ်သောင်း ကို ခွဲဝေပေးပစ်လိုက်ချင်လေသည်။ ထိုလယ်မြေကိုသားစဉ် မြေးဆက် ထွန်ယက် စိုက်ပျိုးလာကြသောသူတွေသာ လယ်မြေမှ ထွက်ကုန်ကို ပိုင်ဆိုင် သင့်သည်ဟု သူယူဆလေသည်။ သူ့စိတ်ကူးသဘောထားကို ပတ်ဝန်းကျင် တစ်ဝိုက်က ပြည်နယ်လယ်ပိုင်ရှင်တွေနှင့် အခြားပြည်နယ်က လယ်ပိုင်ရှင်တွေ က သဘောမကျလှချေ။

ဒီအချိန်က သူမအတွက် အပြင်ထွက်ပြီး ပွဲခင်းထဲလျှောက်လည် နေတာအကောင်းဆုံးပဲ ဟု ဆုံးဖြတ်မိလေသည်။ စဝ် ဘေးပတ်ပတ်လည်တွင် ခရိုင်နှင့် ကျေးရွာလူကြီးတွေရှိနေကြပြီး သူတို့ပြဿနာအဝဝကို နာရီ အတော်ကြာ ဆွေးနွေးတင်ပြနေကြလေဦးမည်။

သုစန္ဒီသည် ဝမ်းကွဲညီမနှစ်ယောက်၊ အတွင်းရေးမှူးနှင့် သက်တော် စောင့်နှစ်ယောက်တို့ကိုခေါ်ပြီး ပွဲခင်းဈေးတန်းဘက်ရှိ ဝါးတဲများဖြင့်ဆောက် လုပ်ထားသော ဈေးသည်တွေဆီ သွားလေသည်။ ရှမ်းနှင့်တောင်ပေါ်တိုင်း ရင်းသားများသည် ဈေးဝယ်ကို တိတ်ဆိတ်စွာ ပြုံးပြရောင်းကြသော်လည်း

www.nyisay.com



ကုလားနှင့်မြန်မာဈေးသည်တွေကတော့ ကျယ်လောင်စွာ အော်ဟစ်ရောင်းချသောနည်းကို သုံးနေကြလေ၏။ အမယ်စုံပစ္စည်းမှန် မှုရင်းစစ်စစ်များကို သွားဝယ်ရတာကို သုစန္ဒီ ပျော်လေသည်။ သူမတွင် ပေးစရာပိုက်ဆံမပါပါ။ သူမလိုချင်သော ပစ္စည်းကို ရွေးချယ်၍ လက်ညှိုးညွှန်လိုက်လျှင် အတွင်းရေးမှူးက ငွေပေးချေပြီး ဟော်နန်းအရောက် ပို့ပေးပေလိမ့်မည်။ သူမက သိမ်မွေ့နုလှသော လက်ဖြစ်ရှမ်းဦးထုပ်များကို ရွေးသည်။ အများကြီးပါပဲ၊ ဘူးသီးခြောက်ဖြင့်ပြုလုပ်ထားသော ရေဘူး၊ လက်ရက်ပိုးလုံချည်ပုံစံနှင့် အရွယ်အစားအမျိုးမျိုးသော တံမြက်စည်းများ၊ ဝါးဖြင့်ပြုလုပ်ထားသော ကစားစရာအရုပ်များ၊ ယွန်းခွက်များ၊ ဖျာချောများနှင့် ရေပုံးများ။ သုစန္ဒီက အထိန်းအကွပ် မရှိတော့ဘဲ မရပ်တမ်း တရစပ် လက်ညှိုးထိုးဝယ်နေရာနောက်က ပိုက်ဆံလိုက်ချေရသော အတွင်းရေးမှူးမှာ ထိတ်လန့်လာတော့လေသည်။ တစ်နည်းအားဖြင့်ဆိုသော် ပွဲလမ်းအခမ်းအနား ပကာသနများ ဝန်းရံနေသော ဒီပွဲနေရာသည် သူမကို အသိပညာအသစ်အခြေအနေနှင့် ချမ်းသာကြွယ်ဝခြင်း တွေကိုပေးလေသည်။ သည်အရာများသည် သူမ စဝ်ကိုလက်ထပ်လိုက်ခြင်းဖြင့် အားလုံးကိုရရှိလိုက်ခြင်းပင်ဖြစ်သည်။ သူမဘဝတွင် ပထမဆုံးအနေဖြင့် လိုချင်တာကို စိတ်ကြိုက်လွတ်လွတ် လပ်လပ်ဝယ်ပြီး ပိုက်ဆံသုံးနိုင်တာကို သဘောကျ ကျေနပ်နေမိသည်။ ထိုခဏလေးအတွင်းမှာ စိတ်အားတက်ကြွလာသောခံစားမှုကို သူမ အကြိုက်ကြီးကြိုက်နေမိသည်။

ထို့နောက် သုစန္ဒီ သူ့ဟာသူဆုံးဖြတ်လိုက်သည်။ သူမ ဒီနေရာက ထွက်ခွာဖို့ အချိန်ကျလေပြီ။ အထူးမွှေးပျံ့လျက် သူမကို ဆွဲဆောင်လျက်ရှိသော အသီးနှံဆိုင်တန်းဘက်သို့ ယွန်းတော့သည်။ ထိုနေရာတွင် အစားအစာအမယ်မျိုးစုံကို ချိတ်ဆွဲထားပြီး စိတ်ကူးတည့်ရာ အဆာပြေစားနိုင်သော အစာမျိုးစုံလည်းတွေ့ရလေသည်။ ဆန်စေ့ပုံစံအမျိုးမျိုးနှင့် ပဲရောင်စုံအမျိုးမျိုးကို သူမ တစ်ခါမှမမြင်ဖူးခဲ့ချေ။ ဟင်းခတ်အမွှေးအကြိုင်တန်းတွင် မဆလာမှသည် မုန်ညှင်းစေ့၊ နံနံစေ့၊ သစ်ကြံပိုး၊ ငရုတ်သီးခြောက်၊ ထန်းလျက်၊ ရှမ်းပဲပုပ် (သိုနှူး)နှင့် ဗမာငါးပိကအစရှိလေသည်။ သစ်သီးတန်းတွင် ကြီးမားအချိန်စီးသော လိမ္မော်သီးများ၊ အရည်ရွှမ်းသော ကျွဲကော်သီးများ၊ မွှေးပျံ့သော ဩဇာသီးများ၊ လိုင်ချီးများ၊ လတ်ဆတ်သော စတော်ဘယ်ရီများနှင့် အနည်းဆုံးအမျိုးပေါင်း ၁၂ မျိုးလောက်ရှိသော ငှက်ပျောသီးများစသည်ဖြင့် စုံစီနေတော့၏။

www.nyisay.com



သုစန္ဒာအတွက် သည်ဆွဲဆောင်ဖြားယောင်းမှုတွေကို ငြင်းပယ်ဖို့ အလွန်ခက်ခဲနေတော့သည်။ သို့သော် သူမ၏မောင်တော် ပြောထားသောစကားကို သူမ လိုက်နာရပေတော့မည်။ မောင်တော်က လမ်းဘေးဈေးမှာရောင်းတဲ့ စားစရာဆို ဘယ်တော့မှ မဝယ်နဲ့ဟု ဆိုသတည်း။

နောက်အတန်းမှာ စားသောက်ဆိုင်တန်းများဖြစ်ပြီး လူမျိုးစုံက ပွဲအတွက် အစားအစာမျိုးစုံကို လတ်ဆတ်စွာပြင်ဆင်ထားကြသည်။ အငွေ့တထောင်းထောင်းထနေသော အိုးထဲက တရုတ်ခေါက်ဆွဲသည် ပန်းသေးခေါက်ဆွဲ၊ ကြက်သားနှင့် ရှမ်းဆန်ခေါက်ဆွဲ၊ အုန်းနို့အချဉ်ရည်တို့နှင့် ပြိုင်နေသည်။ မွှေးကြိုင်လတ်ဆတ်သော တိုဟူးကြော်၊ နို့နှင့်ရောနယ်ကြော်ထားသော မုန့်ကြိုးလိမ်၊ ရှမ်းခေါက်လန်ကောက်ညှင်းကျည်တောက်။ ကောက်ညှင်းကျည်တောက်က ဝါးလုံးကို ငှက်ပျောသီးအခွံနွှာသလို ခွာစားရလေသည်။ ထို့ပြင် အခြားရွေးစရာအများအပြားမှာ မြန်မာဟင်း၊ ကုလားဟင်း၊ သက်သတ်လွတ်ဟင်း၊ ပေါင်မုန့်၊ ပန်းကိတ်နှင့် တရုတ်ဒိုးနတ် မုန့်တွေတောင် ရလေသည်။

သွားရေယိုစရာ ဖြားယောင်းနေမှုများကိုထားခဲ့ပြီး သုစန္ဒီနှင့် သူမ၏ မောပန်းနေကြသော နောက်လိုက်နောက်ပါ အခြွေရံများသည် ဖျော်ဖြေရေးနေရာ သို့ ရောက်သွားကြလေသည်။ ထိုနေရာတွင် တရုတ်ဆပ်ကပ်၊ ကုလားမျက်လှည့်၊ တိရစ္ဆာန်များရုံသွင်းပြပွဲ၊ ရုပ်ရှင်ရုံနှစ်ရုံ၊ ညအခါကပြမည့် ရှမ်းနှင့် မြန်မာဇာတ်ပွဲနှစ်ရုံတို့ ရှိနေသည်။

ထောင့်တစ်နေရာတွင် ဆေးရုံအသေးလေးကိုထိုးထည့်ထားသည်။ ဆရာဝန်တစ်ယောက်နှင့် သူနာပြုနှစ်ယောက်ကို တွေ့ရသည်။ သူတို့ဆီ အခုထိ လူနာတစ်ယောက်မှ လာသေးပုံမပေါ်ချေ။

ဘယ်သူမှ ဒီအချိန်မှာ ဖျားချင်းကြမည်မထင်ပါ။ ဆေးရုံလေးနောက်မှာတော့ လျှပ်စစ်မီးစက်ကြီးရှိလေသည်။ ပွဲအတွက် အထူးစီစဉ်ထားသည်။ မီးစက်သည် တစ်နှစ်ပတ်လုံးလာကြသော ဧည့်သည်တွေအတွက် စိတ်ချမ်းသာရအောင် ထောက်ပံ့ပေးလေသည်။ ပွဲထဲရှိ သုစန္ဒီ အထူးစိတ်ဝင်စားဆုံးဖြစ်သောနေရာတစ်ခုကို မသွားရသေးချေ။ ထိုနေရာသည် လောင်းကစားဝိုင်းများရှိသောနေရာတည်း။ ပွဲတစ်ခုလုံး၏ အဆွဲဆောင်ဆုံးသော နေရာလည်း ဖြစ်နိုင်လေသည်။

www.nyisay.com



လောင်းကစားဝိုင်းများကို တိုင်းယိုင်ပွဲတွေတိုင်းမှာပါဝင် လုပ်ခွင့်ပေးခဲ့သည်မှာ နှစ်ပေါင်းများစွာ ကြာခဲ့ပြီးဖြစ်သည်။ များစွာသောလူတွေသည် နေရာပေါင်းစုံမှလာကြပြီး သူတို့ကံကိုစမ်းကြသည်။ ပွဲတစ်ခုလုံးကို ကန်ထရိုက်ဆွဲထားသူမှာ တရုတ်အဖတ်ဖြစ်သည်။ သီပေါစော်ဘွားကြီးက ထိုနှစ်အတွက် ပွဲကန်ထရိုက်ကိုလေလံပစ်သောအခါ အဖတ်က အမြင့်ဆုံး ဈေးပေး၍ ဆွဲနိုင်ခဲ့သည်။ ကန်ထရိုက်သည် ပွဲခင်းထဲက လောင်းကစားဝိုင်းမှ ဝင်ငွေအားလုံးနှင့် အခွင့်ထူးများကိုခံစားရသည်။ ထို့အတွက် သူသည် ပွဲခင်းအတွင်း လိုအပ်ချက်များနှင့် ပျော်ပွဲရွှင်ပွဲတွေအတွက် အခမဲ့ ထောက်ပံ့ပေးသည်။ ပြည်နယ်အစိုးရက ပွဲတစ်ခုလုံးကိုခြုံပြီး ကြီးကြပ်ပေးသည်။ ပိုသေချာစေရန် တင်းကျပ်သော စည်းကမ်းများလည်း ချမှတ်ပေးပြီး လိုက်နာစေသည်။

''လောင်းကစားလုပ်တာနဲ့ ဒုက္ခဆိုးကျိုးတွေရဲ့ ဥပမာအဖြစ် အချစ်ကို မဖြစ်စေချင်ဘူး''

စဝ်က သူ့ မဟာဒေဝီကို အရင်ကတည်းက ပြောပြခဲ့ဖူးပါသည်။ စဝ်က လောင်းကစားကို ပြင်းပြင်းထန်ထန် ဆန့်ကျင်သူဖြစ်သည်။ သုစန္ဒီတစ်ယောက် လောင်းကစားဝိုင်းတွေရှိတဲ့နေရာ မသွားလျှင် စဝ်ကပိုသဘောကျမည်ဖြစ်လေသည်။ သို့သော် သုစန္ဒီကတော့ ဘာလို့များ ဒီလောင်းကစားဝိုင်းတွေက သူတို့အစေခံတွေ၊ သူတို့ဆွေမျိုးတွေ၊ သူတို့ညီ့သည်တွေနှင့် သူတို့ဆင်းရဲသားလူထုကို ဘယ်လိုညှို့ငင်ဆွဲဆောင်သလဲဆိုတာ သူ့ကိုယ်ပိုင်ဆုံးဖြတ်ချက်ဖြင့် ကိုယ်တိုင်သွားကြည့်ချင်မိလေသည်။

ပထမဆုံးသွားခဲ့သော စားပွဲပေါ်တွင် အဝတ်စကြီးဖြင့်ဖုံးအုပ်ထားပြီး အဝတ်ပေါ်တွင် ကြက်၊ ဝက်၊ ဖား၊ ငါးရှဉ့် လေးကောင်ပုံ ရေးဆွဲထားသည်။ ကြွေအန်စာတုံးအဖြူ၏ လေးဖက်လေးတန်မျက်နှာပြင်တွေပေါ်တွင် အကောင်လေးကောင်၏ ပုံတစ်ကောင်စီရေးထွင်းထားပြီး အန်စာလှည့်သူက အပေါ်အောက်ထိုးထည့်ထားသော တုတ်ချောင်းကိုလှည့်ရသည်။ အန်စာတုံးလည်နေစဉ်တွင် သူ့ကိုအပေါ်က အုပ်ဆောင်းဖြင့် အုပ်ထားလိုက်သည်။ လူတွေထိုးသားတွေက သူတို့နှစ်သက်သော အကောင်ရှိသည့် အကွက်ပေါ်သို့ ငွေများပစ်ချပြီး လောင်းကြရသည်။ ထို့နောက် အန်စာတုံးအလည်ရပ်သွားသောအခါ အုပ်ဆောင်းကိုဖွင့်ပေး လိုက်သည်။ ထိုအခါ အပေါ်ဆုံးတွင် မြင်နေသောအကောင်သည် ပေါက်ကောင်ဖြစ်ပြီး တစ်ကျပ်ထိုးလျှင် ၃

www.nyisay.com



ကျပ်လျော့လေသည်။ ယောကျ်ား၊ မိန်းမတို့သည် တစ်ကောင်မပေါက်လျှင် နောက်တစ်ကောင်ကို ပြောင်းထိုးကံစမ်းကြပြန်သည်။ ထိုလေးကောင်ဂျင်သည်လူတွေအကြား ရေပန်းအစားဆုံးဖြစ်သည်။ သုစန္ဒီက မိန်းမအားလုံးနှင့် ယောကျ်ား အများစုထက် ပိုအရပ်မြင့်နေတာကြောင့် လေးကောင်ဂျင်ဝိုင်းစားပွဲကို လူအုပ်အပေါ်ကနေ ထင်းထင်းမြင်နေရသည်။ စားပွဲတစ်ဖက်စီတွင် လူတွေ ဒါဇင်ကျော်ရှိနေသည်။ လူငယ်၊ လူကြီး အားလုံးပါသော်လည်း ကလေးတွေတော့ မတွေ့ရချေ။ ယောကျ်ားတွေက အများဆုံးဖြစ် သော်လည်း မိန်းမတချို့လည်း လေးကောင်ဂျင်ကို သည်းကြီးမည်းကြီး ထိုးနေကြလေသည်။ လောင်းကစားသမားအများစုမှာ ရှမ်းနှင့် တောင်ပေါ်က တိုင်းရင်းသားများဖြစ်ကြပြီး သူတို့ယူဆောင်လာကြသည့် ပိုင်ဆိုင်သောငွေလေးတွေအားလုံး အကြွေပါမကျန်အောင် စွန့်စားပြီး ကံစမ်းဖို့ရာ စားပွဲပေါ်သို့ပစ်ချနေကြလေသည်။ သုစန္ဒီကတော့ သူတို့ကိုကြည့်ပြီး သနားနေမိတော့သည်။ သူတို့ရှုံးသွားလို့ အိမ်အပြန်မိသားစုအတွက် ဘာမှမရှိတော့မှာကို သူမ စိုးရိမ်နေမိလေသည်။

လောင်းကစားဒိုင်များသည် မန္တလေးဘက်မှ လာကြသည်။ တချို့လည်း အခြားနေရာမှလာကြသည်။ သို့မဟုတ် ဒေသခံ တရုတ်စီးပွားရေးသမားအဖွဲ့တွေက စုလုပ်ကြတာမျိုးလည်းရှိသည်။ သို့သော် ချမ်းသာ၊ ဆင်းရဲ၊ ယောကျ်ား၊ မိန်းမ သူတို့အားလုံးသည် လေးကောင်ဂျင်ဝိုင်းမှာတော့ အားလုံးကို မေ့သွားကြလေသည်။

ထိုးသားတွေ၏မျက်ကြည့်တွေက အနိစာတုံးပေါ်မှာ စူးနစ်ထိုးစိုက်၊ အပြုံးတို့မျက်နှာပြင်မှ ဝေးကွာထွက်ပြေး၊ နေသားမကျ ဖြစ်နေတာကတော့ သုစန္ဒီပဲဖြစ်လေသည်။ သူမသည် စဝ်၏ပြောစကားကို နားထောင်ခဲ့ပြီး ဒီပွဲခင်းနေရာမှ အဝေးသို့ ပြေးထွက်လိုက်ချင်မိလေသည်။

သူမသည် ထိုနေရာမှထွက်လာခဲ့ပြီးနောက် တစ်နေ့လည်လုံးက ကြီးမားသောအဖြစ်အပျက်တွေကို ပြန်သုံးသပ်တွေးနေမိသည်။ ၃၆ ကောင် ထီဖွင့်ပွဲကို ထိုည ၁၁ နာရီတွင် ပြုလုပ်မည်ဖြစ်သည်။ ဒိုင်က ၃၆ ကောင်ထဲမှ ပေါက်ကောင်တစ်ကောင်အမည်ကို သေတ္တာလေးထဲတွင်ထည့်ထားပြီး ထိုသေတ္တာလေးကို ပေ ၂၀ အမြင့်ရှိတိုင်ပေါ်သို့ ကြိုးဖြင့် မြှင့်တင်ထားတာကို သုစန္ဒီမြင်ရသည်။ ဟိုးအရင်ကတော့ ပေါက်ကောင်ကို စော်ဘွားကြီးက စိတ်ကြိုက်ရွေးပေးသည်။ သို့သော် စဝ်က ဒီအလုပ်ကို မလုပ်တော့ချေ။ ဒိုင်

www.nyisay.com



ကပဲသစ္စာဆိုပြီး လျှို့ဝှက်စွာဖြင့် ပေါက်ကောင်ကိုရွေးသည်။ ပေါက်ကောင်ကို ထည့်ပြီး သေတ္တာလေးကို တိုင်ပေါ်တင်ထားလိုက်သည့်အခါ အစောင့် တွေမျက်လုံးက ထိုကြိုးလေးပေါ်က မရွေ့တော့ချေ။ ထိုးချင်သောလူတွေက ၅ နာရီမှ ၁၁ နာရီအတွင်း ကိုယ်ကြိုက်သည့် အကောင်ကို ထိုးနိုင်သည်။ ထိုးသူတွေက ပေါက်ကောင်၏သဲလွန်စကို ရှာကြသည်။ ပေးထားသော အတိတ်၏အဓိပ္ပာယ်ကိုရှာကြသည်။ အိပ်မက်ကို အဓိပ္ပာယ်ဖွင့်ကြသည်။

မနေ့က ပေါက်သွားပြီးသားတစ်ကောင်နှင့် သူတို့အတွဲ မိတ်ဖက် အကောင်တွေကိုဖယ်လိုက်ပြီး ကျန် ၃၂ ကောင်ဖြစ်သော ကြွက်၊ ဆင်၊ ကျား၊ ဒေါင်း စသဖြင့် ထဲကတစ်ကောင်ကောင်ကို ရွေးရမည်။ အကယ်၍ ပေါက်ခဲ့လျှင် ထိုစွန့်စားမှုအတွက် ၂၇ ဆအလျော်ပေးလေသည်။ ၃၆ ကောင် ထီကို အဝေးရှိ ဘွတ်ကီဒိုင်များမှတစ်ဆင့်လည်း ထိုးလို့ရသည်။ မန္တလေး၊ မေမြို့၊ လားရှိုး စသဖြင့် အရပ်တွေမှလည်း ထိုးကြလေသည်။ ၃၆ ကောင်၏ညှို့ငင်ဖမ်းစားမှုကြောင့် သုစန္ဒီသည် သူ့စော်ဘွားကို မရှိမသေလုပ်ဖို့ အတွေးမျိုး ရလာလေသည်။

သူမ၏ ပွဲခင်းထဲလျှောက်လည်ပတ်ရေးသည် ပြီးဆုံးသွားခဲ့ပြီ။ သို့သော် မပြီးဆုံးခင်မှာပင် စူးရှကျယ်လောင်သော ဥသြဆွဲသံကြီးနှင့်အတူ ဝီစီသံရှည်ကြီး ကို ကြားလိုက်ရပြီးနောက် လားရှိုး၊ မန္တလေးမီးရထားကြီးသည် ကွေ့ပတ်၍ ပွဲခင်းအလယ်က ဘူတာဆီ ထိုးဆိုက်လာလေသည်။

သည်ရထားသည် ဘော်ကြိုပွဲတော်အတွက် အထူးရထားအဖြစ် ပွဲတော်နေရာတွင် ခဏသာရပ်ပေးခြင်းဖြစ်ပြီး ပွဲတော်လာခရီးသည်ဧည့်သည် များ ရထားပေါ်မှ ထိုးဆင်းလာကြတော့သည်။ ရထားပေါ်က ခရီးသည်တွေ ကုန်သွားသောအခါ ရထားကြီးသည်ဒေါသတကြီး ရှူးရှူးရှဲရှဲ အော်နေစဉ် ရထားပေါ်က အခုနက ခရီးသည်များသည် ပွဲတော်အတွင်းက လူအုပ်အတွင်း ဝင်ရောက်ပျောက်ကွယ်သွားကြတော့၏။

နောက်ထပ် ဝီစီသံရှည်ကိုကြားလိုက်ရပြီးနောက် ရထားအင်ဂျင်နီယာ ဂါတ်ဗိုလ်သည် ပွဲတော်အတွင်းမှရထားထွက်ခွာပြီး ခရီးဆက်ဖို့ ဆုံးဖြတ် လိုက်လေသည်။

စဝ်နှင့် သုစန္ဒီသည် မိုးလင်းထိ ကပြကြသော ရှမ်း–မြန်မာနှစ် ဘာသာတေးဂီတဇာတ်သဘင်ပွဲကို မကြည့်နိုင်ကြတော့ချေ။ ထိုအစား သူတို့ နှစ်ယောက်သား ဟော်နန်းရှေ့က ဝရန်တာလေးတွင် ထွက်ထိုင်လိုက်ကြပြီး

www.nyisay.com



နမ္မတူမြစ် မြစ်မ်းလဲ့လဲ့ပေါ်ထိုးကျနေသော လှပဝိုင်းစက်သော လပြည့်ဝန်းကြီး၏ ငွေခြည်လင်းလက်ကို ငေးကြည့်နေသည်။

''ကျွန်မ ဒီနေ့တစ်နေ့လုံး ပွဲမှာတွေ့ရတာတွေက ကျွန်မအတွေးတွေကို အကြာကြီးဆွဲခေါ်သွားလိုက်သလိုပဲ''

သုစန္ဒီက စဝ်ကို ပြောလိုက်သည်။

သူက ဘာမှပြန်မပြောပါ။ သူမသည် အဝေးက လင်းလိုက်မှိန်လိုက်ဖြစ်နေသော မြစ်ပြင်ဆီမှ သူ့မျက်နှာပြင်သို့ လှည့်ကြည့်လိုက်သည်။ သူ့မျက်ဝန်းမှာ ဝမ်းနည်းနေတာမြင်ရသည်။

''သူတို့ဘဝတွေကို မောင်က ပြောင်းပစ်လိုက်နိုင်မယ်လို့ ထင်လား''

သူ့ကို အားပေးရင်းက လိုလိုချင်ချင်ပင် သူမ ပြောသည်။

''မောင်လုပ်နိုင်မယ်ထင်တယ်။ တစ်ယောက်ယောက်က လုပ်နိုင်မယ်ထင်တယ်၊ မောင်အခု မသိသေးဘူး''

❖

www.nyisay.com



## အခန်း ၅

နေ့စဉ်ပင် သုစန္ဒီအဖို့ အံ့သြစရာတွေချည်း တွေ့နေရလေသည်။ ခံစားချက်အသစ်များကို ရင်ထဲသိမ်းဆည်းထားပြီး အံ့သြဖွယ်ညနေခင်းကျတော့မှ ဝရန်တာမှာထွက်ထိုင်ရင်း စဝ်ကို ပြောပြလေသည်။ သူတို့နှစ်ယောက် ယခုတိုင် အင်္ဂလိပ်လိုပင်ပြောကြသည်။ သူတို့စတွေ့ကြကတည်းက အင်္ဂလိပ်လိုပြောသည်။ နောက်ပိုင်းကျတော့မှ တိုးတက်လာပြီး သုစန္ဒီသည် တရားဝင်စကားဖြစ်သော မြန်မာစကား၊ ရှမ်းစကားတို့ကိုပါ ပြောလာနိုင်လေသည်။

စဝ်က သုစန္ဒီကို ရှမ်းစကား၏ အဓိက အသံ ၅ မျိုးကို စိတ်ရှည်လက်ရှည်ဖြင့် လေ့ကျင့်သင်ပေးခဲ့သည့်အတွက် စဝ်ကို သူမကျေးဇူးတင်ရသည်။ စကားလုံး၏အဓိပ္ပာယ်ပေါ်မူတည်ပြီး အသံအနိမ့်အမြင့်ကို ရွေးပြောရသည်။ အသက်ကြီးသောသူနှင့် လေးလေးစားစားပြောရသော သူတို့ကို ပြောသည့်အခါ သူမ အသံအနိမ့်အမြင့်ကို သတိထားပြောရသည်၊ အသံနိမ့်မြင့်ကို မှားပြောမိလျှင် စော်ကားသလိုဖြစ်နေလေသည်။ ‘မား’ဟူသော စကားလုံးသည် လာပါဟု အဓိပ္ပာယ်ရပြီး ‘မာ’ဟူသောစကားလုံးသည် ခွေးဟု အဓိပ္ပာယ်ရလေရာ အသံအနိမ့်အမြင့် ပြောင်းလိုက်တာနှင့် ဒုက္ခများနိုင်လေသည်။ သူမသည် သူ့အိမ်ကလူတွေ၊ ဆွေမျိုးတွေနှင့် ပြင်းပြင်းထန်ထန် လေ့ကျင့်ပြောဆိုပြီး နောက်မှပင် သူမသည် သူတို့အပေါ် အသံထွက်မှားပြီး အကြိမ်ပေါင်း မည်မျှများ စော်ကားနေမိပါလိမ့် ဟုတွေးမိရတော့သည်။ သူတို့သည် သူမ၏ စိတ်ပျက်စရာကောင်းသော အမှားများကို အလွန်ကြင်နာစွာ လက်ခံပေးပြီး သူမ၏

www.nyisay.com



အလေးထားမှုကို ခံယူကြလေသည်။ သူမသည် စဝ်ကို တိရစ္ဆာန်တစ်ကောင်လို သို့မဟုတ် နောက်တစ်ခုလို အသံထွက်မှားပြီး ခေါ်တတ်တာကို စဝ်က ရယ်မောထုတ်နှုတ်ပြောပြသည်။ သူမသည် စဝ် နှင့် မတွေ့ခင်ကတည်းက ဩစထြီးယား တက္ကသိုလ်တွင် နိုင်ငံခြားဘာသာကို ကျောင်းသူအဖြစ်သင်ကြား ခဲ့ဖူးသော်လည်း ယခုသင်ရသော ရှမ်းဘာသာ စကားသည် သူမအဖို့ အားလုံး ထက် အခက်အခဲအဖြစ်ဆုံး စိန်ခေါ်မှုအရှိဆုံး ဖြစ်နေလေသည်။

သီပေါမှာရှိကြသောလူတွေကတော့ တစ်ပြည်သူ သူတို့၏သခင်မက သူတို့ဘာသာစကားကို အလေးအနက်ထား သင်ယူနေတာကိုမြင်တော့ ဝမ်းသာကျေနပ်ကြလေ၏။ ဘယ်လောက်ပဲ ကြီးကြီးကျယ်ကျယ် ဘယ်နှခါပဲ မှားမှား သူတို့အတွက် အကြောင်းမဟုတ်။ သူတို့ ဘယ်တော့မှ သူမကို စိတ်ညစ်သွားအောင် သို့မဟုတ် ဒီလိုအကြောင်းတွေကို မပြောကြချေ။

သုစန္ဒီ၏ စိန်ခေါ်ကြိုးစားပြီး သူတို့နှင့် တွေ့ဆုံပြောဆိုလေ့ကျင့်



သီပေါစော်ဘွား စဝ်ကြာဆိုင်၊ မဟာဒေဝီနှင့် ဩစထြီးယားမှ အလည်လာရောက်သော မဟာဒေဝီ၏မိခင် (ဝဲမှယာ သုံးယောက်မြောက်) တို့ကို အခမ်းအနားတစ်ခုတွင်တွေ့ရစဉ်။

www.nyisay.com



နေမှုကို ကြားရသောအခါ စဝ် ပျော်လေသည်။ စိတ်ညစ်နေသောအခြေအနေကို ရယ်စရာအဖြစ် လျင်မြန်စွာပြောင်းလဲပစ်တတ်သော ဟာသဉာဏ် သူမမှာ ရှိသည်။

တစ်ခါက အရှေ့ဟော်နန်းတွင် ရေစုတ်စက် ပျက်သွားလေရာ ရေမလာတော့ဘဲရှိနေစဉ် သုစန္ဒီက ရေစိမ်ကန်နှင့် ရေအိမ်အနီးက ဇလုံကြီးထဲတွင် ရေထည့်ပြီး ကစားစရာအရုပ်လေးတွေကို ရေပေါ်ပေါလော မျောနေအောင် ထည့်ထားလိုက်သည်။ ရေမလာလို့ စိတ်ဆိုးနေသော စဝ်ကိုပင် ရယ်အောင်လုပ်နိုင်ခဲ့လေသည်။ မီးစက်ကြီး ပျက်သွားတုန်းကတော့ သူမသည် မီးခလုတ်တွေ အားလုံးပိတ်လိုက်ပြီး နှစ်သစ်ကူးကြိုဆိုပွဲလုပ်ဖို့ ပြင်တော့သည်။ ပြီးတော့ သူမရယ်သည်။ တအားကိုရယ်လေရာ စဝ်ပါလိုက် ရယ်ရသည်။ ရယ်စရာအကြောင်းမဟုတ်သောကိစ္စကို သူမက ပေါ့သွားအောင်လုပ်ပစ်လိုက်ခြင်းဖြစ်လေသည်။

သည်လိုပေါ့ပါးသော အချိန်လေးတွေ သူမနှင့်အတူရှိနေဖို့ စဝ်လိုအပ်လေသည်။ သူမကို သူ့ဘေးနားတွင်ထားပြီး ဖြစ်နိုင်သောတရားဝင်အလုပ်ကိစ္စများလုပ်ဖို့ စဝ် စီစဉ်လိုက်သည်။ သူမ၏ ပျော်ပျော်ရွှင်ရွှင်နေတတ်သော အမူအကျင့်တွေက တစ်ပတ်နှစ်ကြိမ်ကြားနာမှု၊ ကြည့်ရှုဆုံမှု၊ လူထုကြားသွားလာမှုနှင့် တရားဝင်ခရီးတွေ အားလုံးလိုလိုမှာ စဝ်ကို ပျော်ရွှင်စေပါသည်။

လူထုဘဝနှင့် အဝေးမှာရှိနေသောအချိန်တွင် သူမသည် သူ့အပေါ်လုံးလုံး မှီခိုခြင်းမရှိဘဲ အဖော်သူငယ်ချင်းလို နေချင်မိလေသည်။

အကယ်၍သာ စဝ်သည် သုစန္ဒီလို တစ်ပြည်သူနှင့်လက်မထပ်ဘဲ ရှမ်းမတစ်ယောက်နှင့်သာ လက်ထပ်ခဲ့လျှင် သူမသည် ဒီအရပ်မှာ ကိုယ့်ကိုယ်ကိုယ်ယုံကြည်မှုအပြည့်ဖြင့် မိဘဆွေမျိုးများနှင့်လည်း နီးနီးနားနားတွင် နေနိုင်ပေမည်။ သုစန္ဒီမှာတော့ လှည့်ပြီးအကြံပေးဖို့ စကားပြောဖို့ ထောက်ခံပေးဖို့ သူမှလွဲလို့ မရှိရှာချေ။

နယ်ခံနှင့် နိုင်ငံခြားသားဧည့်သည်များက တွေ့ဆုံလိုသော စာများ နေ့စဉ် ပုံမှန်လက်ခံရရှိလေသည်။ ထို့ကြောင့် သုစန္ဒီ၏ကျက်သရေရှိသော၊ ဖော်ရွေသောအပြုံးဖြင့် လာသောဧည့်သည်များကို ကြိုဆိုဧည့်ခံနေတာကို မြင်နေရသော စဝ်က ကျေနပ်နေမိသည်။ သူသာလူပျိုတစ်ယောက်ဆိုလျှင်

www.nyisay.com



ညှိသည်များကို ညှိခံရမှာ ဘယ်လောက်များ ခက်လိုက်လေမလဲဟု တွေး မိလေသည်။ သူတို့ပြန်ရောက်ကြပြီး လအနည်းငယ်အတွင်းတွင် အလွန် အရေးကြီးသော အမေရိကန်နှင့် ဗြိတိသျှသံအမတ်ကြီးတို့နှစ်ဦး မြန်မာ ပြည်သို့ရောက်လာခဲ့ကြပြီးနောက် အရှေ့ဟော်နန်းတွင် နေ့လယ်စာစားခဲ့ဖူး လေသည်။

များစွာသော သံတမန်များ၊ မြန်မာလွှတ်တော်ဝန်ကြီးများ၊ ဂုဏ်သရေရှိ ရာထူးကြီးသောလူများလည်း ပါဝင်ခဲ့သည်။ စဝ်က တင်းနစ်ပြိုင်ပွဲများကို ပြုလုပ် ပေးမည်ဖြစ်ရာ ၄ နှစ်ကြာပစ်ထားခဲ့သော ပျက်စီးနေသည့် တင်းနစ်ကွင်းကို ပြန်လည်ပြုပြင်ရပေဦးမည်။

ပြည်နယ်၏ အဝေးအစွန်တွင်နေထိုင်ကြသော ရွာများမှ ရွာသား များသည် သူတို့နွားအုပ်ဖြင့်ရောက်လာကြသည်။ စော်ဘွားကြီးထံ လာရောက်၍ လေးစားမှုကိုပြရန် သူတို့လိုအပ်ချက်များကို အကူညီရယူရန် သူတို့မှာ အခွင့်အရေးရှိကြသည်။ သုစန္ဒီက သူတို့ကို စဝ် အစည်းအဝေးလုပ် နေချိန်နှင့် တိုက်နေလျှင်လည်း သူတို့အခွင့်အရေးကို လွတ်မသွားရအောင် စီစဉ်ပေး သည်။ တစ်ခါတလေတော့မှ ရုပ်ရှင်ရုံအသေးစားအရွယ်ရှိသော ညှိခန်းအတွင်း ကြမ်းခင်းကို ကော်ဇောများဖြင့် နံရံတစ်ဖက်မှ နောက်နံရံ တစ်ဖက်အထိ အပြည့်ခင်းထားလိုက်သည်။

ရွာသားများသည် သူတို့ ဖိနပ်များကို အပြင်မှာ ချွတ်ထားခဲ့ပြီး စီထားခဲ့သည်။ ပြီးနောက် အခန်းတွင်းက ကော်ဇောပေါ်ထိုင်ပြီး စော်ဘွား ကြီးကို စောင့်ကြရလေသည်။ သူတို့သည် လက်ဖက်ခြောက်ခတ်ရေနွေးကြမ်း ကို ဆားထည့်ပြီးသောက်သည်။ ပီတစ်ဗျူရီးဘီစကွတ်မုန့်ကို တမြုံ့မြုံ့ ဝါးစားကြသည်။ ချိုမွှေးသော သနပ်ဖက်ဆေးပေါ့လိပ်များကို ဖွာနေကြရာ စဝ်နှင့်သုစန္ဒီတို့ အခန်းထဲဝင်ကြသည်အထိ ဖြစ်လေသည်။ စဝ်တို့လည်း တစ်ဆင့်မြင့်သော စင်ဆိုဖာထိုင်ခုံပေါ်မထိုင်ဘဲ သူတို့နှင့်အတူ ကြမ်းခင်း ပေါ်မှာပင် ညှိသည်များနှင့် မျက်နှာချင်းဆိုင်ထိုင်လိုက်သည်။ စဝ် သူတို့နှင့် စကားပြောနေချိန်တွင် သုစန္ဒီက သူတို့၏ခေါင်းပေါင်းအောက်က ထူးဆန်း သောမျက်နှာများကို လေ့လာနေမိသည်။ သူတို့တစ်ယောက်စီ၏ မျက်နှာ ပေါ်တွင် အကြောင်းအရာတစ်ခုစီရှိနေကြပြီး သတ္တိ၊ ရှန်းကန်အသက်ရှင်နေမှု၊ ကြင်နာမှု၊ ဂုဏ်ယူမှု၊ မာန်မာနကင်းမှုများကို မြင်တွေ့နေရပြီး အခိုက်အတန့်

www.nyisay.com



လေးမှာ ခဏလေးမြင်တွေ့ရသော သူတို့၏စော်ဘွားကြီးကို အားတက်သရော စူးစူးငေးနေကြလေသည်။ နှုတ်ခမ်းမွေးထူထူနှင့် အင်းကွက်များ တစ်ကိုယ်လုံး ရေးထိုးထားသော များစွာသော တောင်ပေါ်သားရှမ်းများသည် ဒုတိယကမ္ဘာစစ်တုန်းက အမေရိကန်နှင့် အင်္ဂလိပ်လေယာဉ်မှူးများကို ဂျပန်တွေလက်မှကယ်တင်ပြီး အန္တရာယ်ကို ရင်ဆိုင်ကာ ဝှက်ထားပေးဖူးလေသည်။ တောင်ပေါ်က တိုင်းရင်းသားများနှင့် ရှမ်းတို့သည် မဟာမိတ်များအပေါ် သစ္စာဆက်လက်ရှိနေသေးသောကြောင့် လေယာဉ်မှူးစတီးဝဲလ်၏လူများကို ကယ်တင်ပေးခဲ့သည်။ ထိုအချိန်တွင် မြန်မာသည် တိုင်းပြည်ကို ဂျပန်တို့သိမ်းပိုက်ဖို့ ကူညီပေးခဲ့သည်။ သုစန္ဒီသည် ဆမ်လုကိုသိသည်။ သူသည် ပိန်ပိန်ရှည်ရှည်ဖြစ်ပြီး ထိုးဆင်းလာသော လေယာဉ်ပေါ်မှ ဒဏ်ရာရနေသော လေယာဉ်မှူးကို သူ့ကျောပေါ် ပိုးပြီး လေးရက်လုံးလုံးသယ်ဆောင်သွား၍ ဘေးကင်း လုံခြုံရာတောင်ပေါ် လက်ဖက်စိုက်သူတွေထံ ခေါ်သွားပေးခဲ့လေသည်။

တစ်နေ့မှာတော့ စဝ်၏အစ်ကိုသည် ကြိုတင်အကြောင်းကြားခြင်းမရှိဘဲ လုံးဝမမျှော်လင့်ဘဲရောက်လာသည်။ ခြံအဝင်ဂိတ်ပေါက်မှာ သူ့ဂျစ်ကားရပ်ပြီး လက်ဝှေ့ပြသောအခါ ဂိတ်စောင့်က ချက်ချင်းသိပြီး သူ့ကို စဝ်ရှိရာ



သီပေါစော်ဘွားကြဲ့အား လာရောက်ဂါရဝပြုကြသော
သီပေါနယ်တွင်းရှိ ရှမ်းရွာများမှ အကြီးအကဲများ

www.nyisay.com



တင်းနစ်ကုတ်ဆီသို့ လမ်းညွှန်ပြလိုက်သဖြင့် ကားကဆက်မောင်းသွားလေသည်။ စဝ်က မြောက်ပိုင်းရှမ်းပြည်က ချန်ပီယံနှင့်ယှဉ်ပြိုင်ကစား နေလေသည်။ သို့ဖြစ်သော်ငြားလည်း သူသည် စဝ်ထက် ပိုအရပ်မြင့်ပြီး အသားလည်း ပိုမည်းသည်။

သုစန္ဒီက သူ့ကို တစ်ခါလာလည်စဉ်က သိနေခဲ့သည်။ သူ့မျက်လုံးတွေက စဝ်နှင့်ဆင်တူသော်လည်း အလွန်ပင် စဝ်နှင့်ခြားနားသည်ဟု သူမထင်၏။ သူ့မျက်လုံးတွေက အေးစက်ပြီး ထိုးဖောက်စူးရှနေသည်။ စဝ်လို ကြင်နာနွေးထွေးဟန် ကင်းမဲ့နေသည်။ သူ သုစန္ဒီဆီ လျှောက်သွားလိုက်သည်။ သူ့လက်ကို ဆန့်ထုတ်လိုက်ပြီး ပြောသည်။

''ကဲ ‥ မင်းက ငါ့ညီရဲ့ ဇနီးပေါ့နော်။ တွေ့ရတာ ဝမ်းသာပါတယ်''

သူမက လက်ဆွဲနှုတ်ဆက်လိုက်ပြီး တွေ့ရတာဝမ်းသာတဲ့အကြောင်း ပြန်ပြောရင်းက သူ့ကို လွတ်နေသောထိုင်ခုံမှာ သူမနှင့်အတူထိုင်ဖို့ ဖိတ်ခေါ်လိုက်သည်။ အခိုင်းစေများက ရုတ်ချည်းပင် သူ့အတွက် အအေးများ လာချပေးသည်။

''ဟေး ‥‥ မင်း ‥‥''

သူသည် သူတို့ထဲက တစ်ယောက်ကို လှမ်းအော်ခေါ်လိုက်သည်။

''ငါ့ဖို့ ရေနွေးကြမ်းယူလာခဲ့စမ်း။ ငါ သံပရာရည် မကြိုက်ဘူးဆိုတာ မင်းတို့ မှတ်မထားဘူးလား''

သုစန္ဒီက သူ့အခိုင်းစေတွေအား သည်လိုဆက်ဆံတာကို မကြိုက်ချေ။ ပြီးတော့ သူ၏ သည်လိုပေါင်းသင်းဆက်ဆံရေးကို စိတ်မသက်မသာ ခံစားရလေသည်။ စဝ်ခွန်လုံသည် သူတို့မင်္ဂလာကိစ္စကို ဆန့်ကျင်ခဲ့သူဖြစ်တာကို သူမ သိခဲ့ဖူးလေသည်။

နောက်ဆုံးတော့ သူ ဆက်သည်းမခံနိုင်တော့ဘဲ။

''ငါတော့ ဒီပွဲကြည့်ရတာနဲ့ ပင်ပန်းနေပြီ။ ဘယ်လောက်ကြာမှ ဒီပွဲက ပြီးမှာလဲ''

သူသည် စားဖိုမှူးက စားစရာများပြင်နေသော မဏ္ဍပ်ဆီထလျှောက် သွားလိုက်သည်။

သုစန္ဒီ အံ့ဩသွားရသည်။ စားပွဲထိုးသည် စဝ်၏အစ်ကိုအား ဒူးထောက်ခစားနေတာ တွေ့လိုက်ရလို့ဖြစ်သည်။ သည်အလေ့အထကို စဝ်

www.nyisay.com



တို့ရောက်ကတည်းက ဖျက်သိမ်းလိုက်ပြီးဖြစ်လေသည်။ အစေခံအားလုံးတို့သည် သူ့ကိုကြောက်ရွံ့နေကြသည်ထင်၏။ သူတို့အားလုံး ခါးကိုတအားကုန်းပြီး အရိုအသေပေးနေကြပြီး သူရှိနေသောနေရာမှ ဝေးရာသို့ ထွက်ပြေးဖို့ ကြိုးစားနေကြသည်။

စဝ်ရောက်လာပြီး နောက်တစ်ခါပြန်လာသော သူ့အစ်ကိုကို ဝမ်းသာအားရ ဖက်လဲတကင်းကြိုလေသည်။ သို့သော် စဝ်ခွန်လုံသည် သူတို့ နှစ်ယောက်ကြား ခပ်ဝေးဝေးမှာရပ်နေလိုက်ပြီး ပြန်လည်တုံ့ပြန်ပွေ့ဖက်ခြင်းမပြုဘဲ သူ့ညီ၏လက်မောင်းကိုသာ ဆုပ်ကိုင်လိုက်သည်။ ညီအစ်ကိုနှစ်ယောက်သည် မြန်မာစကားဖြင့်သာ ပြောဆိုနေကြရာမှ သုစန္ဒီသိရအောင် စဝ်က အင်္ဂလိပ်လိုပြောင်းပြောလိုက်လေသည်။

''ငါ အမေရိကန်ကို လေ့လာရေးခရီးသွားတော့မယ်''

စဝ်ခွန်လုံ ပြောသည်။ သူသည် ဗဟိုနယ်အုပ်ချုပ်ရေးဌာနက ဝန်ထမ်းတစ်ဦးဖြစ်သည်။

''ပြီးတော့ ညီလေး၊ မင်းဆီက အကူညီနည်းနည်းလိုနေလို့''

သူသည် ဘာအကူအညီလဲဆိုတာကို တိတိကျကျမပြော။ သူဘာကိုဆိုလိုတာပါလိမ့် သုစန္ဒီ စိတ်ပူရလေသည်။ သူမသည် စဝ်၏အစ်ကို အကြောင်းကို သူမ၏အထိန်းတော်တွေထံမှ နည်းနည်း တစ်စွန်းတစ်စကြား ခဲ့ဖူးသည်။ သူသည် ဂျပန်တွေရှိစဉ်က ဂျပန်တွေနှင့်ပေါင်း၍ စီးပွားရေး လုပ်ခဲ့ဖူးပြီး လူတွေအပေါ် ရက်ရက်စက်စက် ဆက်ဆံခဲ့ဖူးရာ အင်္ဂလိပ်တွေ ပြန်ဝင်လာသောအခါ သူ့ကို ဟော်နန်းတွင် ဆက်နေခွင့်မပေးတော့ချေ။ ပြည်နယ်ရှိလူတွေက ဒီအကြောင်းနှင့် အခြားအကြောင်းတွေကြောင့် သူ့ကို လက်ခံဖို့ ငြင်းဆိုခဲ့ကြသည်။ ၁၉၄၇ တွင် အင်္ဂလိပ်လက်အောက်မှ လွတ်လပ်ရေးရစဉ်က အရွယ်ရောက်လာကြသော ညီကိုနှစ်ယောက်သည် အောင်မြင်မှုလမ်းပေါ် ရောက်လာခဲ့ကြသည်။ စော်ဘွားရွေးကောက်ပွဲတွင် စဝ်က အရွေးချယ်ခံပြီး အောင်မြင်မှုရခဲ့သည်။

သို့သော်လည်း ယခု သူလာတာက ဖော်ဖော်ရွေရွေဟန်ဖြင့် ပြောဆိုနေသော်လည်း သူတို့ညီအစ်ကိုနှစ်ယောက်ကြားတွင် တင်းမာမှုနှင့် မယုံကြည်မှုများကို ဖုံးကွယ်ထားကြကြောင်း သူမသိနေခဲ့သည်။ သူမသည် ပထမဆုံးသော အခွင့်အရေးကို အသုံးချသည့်အနေဖြင့် သူနှင့် သူ့အစ်ကို ကြားရှိ ဆက်ဆံရေးကိုမေးဖို့ သူမ တွေးသည်။

www.nyisay.com



ဒီကိစ္စကို သူတို့တစ်ခါမှ မဆွေးနွေးဖူးခဲ့ကြချေ။ သူ့ထံမှ တိုပြတ်ပြတ်လေသံဖြင့် ဘာမှမဖြစ်ပါဘူးဟုဖြေလိုက်သောအခါ သုစန္ဒီသည် ဒီကိစ္စကို အနည်းဆုံး ဒီအချိန်မှာထပ်မမေးတာဘဲ အကောင်းဆုံးဖြစ်မည်ဆိုတာ ရှင်းရှင်းသိသွားခဲ့သည်။ နောက်တစ်ခါ သူ့ခဲအိုက စစ်ကိုလာရာလေလျှင် သူ့ကို အကူအညီပေးဖို့ မေးခွန်းတွေမမေးတော့ဘူးဟု သူမ ဆုံးဖြတ်လိုက်လေသည်။

✦ ✦ ✦

ပြည်နယ်အတွင်းမှ မည်သူတစ်ယောက်ကမျှ ဒီနေ့လာပြီး မတိုင်တန်းသော်လည်း နေ့ရက်တွေကို ခက်ခက်ခဲခဲ ဖြတ်ကျော်နေရလေသည်။ ရွာသားများမှာ ဗမာစစ်တပ်က ခြိမ်းခြောက်ခြင်း၊ အနိုင်ကျင့်ပြီး မတရားခိုင်းစေခြင်း၊ ပေါ်တာဆွဲခြင်း ၊ အမျိုးသမီးများကို ဣန္ဒြေပျက်အောင် လုပ်ခြင်း၊ အချို့မှာ မုဒိမ်းကျင့်ခံရခြင်း၊ မခံနိုင်သောရွာသားတွေက ကာကွယ်သော အခါ ထိုသူကို ဖမ်းဆီးညှဥ်းဆဲသတ်ဖြတ်ခြင်းများကို ပြုလုပ်နေကြကြောင်းကို စစ်ထံသို့ လာရောက်တိုင်ကြားကြလေသည်။

ဗမာစစ်သားတွေသည် သူတို့ကို ရန်သူသဖွယ်ကျင့်ကြံနေပြီး သူတို့ပြည်နယ်ကိုလည်း အကာအကွယ်မပေးကြချေ။ မြန်မာနိုင်ငံဗဟိုအစိုးရထံ တင်ပြတိုင်တန်းသော်လည်း မထူးလှချေ။ စစ်နှင့် ရှမ်းပြည်က အခြားစော်ဘွားများစုပေါင်းပြီး ဗဟိုရှမ်းပြည်နယ်ကောင်စီတွင် တင်ပြကြသော်လည်း ကျေနပ်လောက်သော ပြန်ကြားချက်ကို လက်ခံမရရှိချေ။

ပြည်နယ်အတွင်းက ထုတ်ကုန်များဖြစ်သော သစ်၊ သတ္တုနှင့် အခြား စီးပွားရေးကိစ္စအဝအဝတို့အတွက်လည်း စစ် ရတက်မအေးရချေ။

“ငါသိတယ် မင်းမှာ အားလုံးက အချည်းနှီးဖြစ်နေတယ်မဟုတ်လား”

စစ်က သူ့ကိုယ်သူ ပြောလိုက်သည်။

“ငါလည်း စိတ်ဆိုးဒေါသထွက်နေတယ်။ ငါ တကယ်ကို မယုံနိုင်ဘူးဖြစ်နေတယ်။ ဘာလို့ ငါတို့ကို ဒီလိုလုပ်ရတာလဲ၊ ဘာလို့ ဒီအတိုင်း ကြည့်နေရတာလဲ၊ မကူညီနိုင်ရတာလဲ။ ငါတို့ အခွင့်အရေး တွေရှိနေတာပဲ။ ငါတို့ နစ်နာချက်တွေကို ဘယ်လိုပြောပြရမလဲ”

တစ်နေ့တွင် မြောက်ပိုင်းတိုင်းစစ်ဌာနချုပ် ဗမာစစ်တပ်က ဗိုလ်မှူး

www.nyisay.com



တစ်ယောက်ရောက်လာပြီး သူတို့ ဗိုလ်ချုပ်ကြီးနေဝင်း မကြာမီရက်အနည်း ငယ်အတွင်းမှာ လားရှိုးမှ နောင်ချိုထိသွားမည့်ခရီးတွင် သီပေါကိုဖြတ်သွား ရန်ရှိနေသည်ဟု လာရောက်အကြောင်းကြားလေသည်။ စဝ်က သတင်းကို အသေအချာနားထောင်ပြီး ဗိုလ်မှူးကို ပြောလိုက်သည်။

"ကျွန်တော်ကြားရတာ သိပ်ဝမ်းသာပါတယ် ကျွန်တော့်ဟော်မှာ ဖိတ်ပြီးနေ့လယ်စာ တည်ခင်းချင်ပါတယ်"

"ကျွန်တော်တို့ စော်ဘွားကြီးရဲ့ ဖိတ်ခေါ်တာကို ငြင်းရပါလိမ့်မယ်။ ဗိုလ်ချုပ်ကြီးနေဝင်းက သီပေါကိုဝင်ဖို့ အချိန်သိပ်များများ မရဘူးထင်တယ်"

ဗမာစစ်တပ် ဗိုလ်မှူးက ပြန်ဖြေသည်။

"ဒါဆိုရင် လက်ဖက်ရည်တည်ခင်းရင်ရော"

စဝ်က ယဉ်ကျေးစွာမေးသည်။

"စိတ်မကောင်းပါဘူး စော်ဘွားကြီး။ ဒါပေမဲ့ ဒါလည်း မဖြစ်နိုင် ပါဘူး"

ဗိုလ်မှူးကပြောပြီး ဘာကြောင့်ဆိုတာတော့ ရှင်းမပြချေ။

"ကံမကောင်းလိုက်တာနော် ကျွန်တော်က ဗိုလ်ချုပ်ကြီးနေဝင်းနဲ့ မတွေ့ရတော့ဘူးပေါ့နော်။ ပြည်နယ်ထဲကနေ ဖြတ်သွားမယ့်အကြောင်း လာပြော လို့ တကယ်ကျေးဇူးတင်ပါတယ်"

စဝ်က မပြုံးနိုင်တော့ဘဲ ပြောလိုက်ရလေသည်။

"ဗိုလ်ချုပ်ကြီးနေဝင်းက သူ သီပေါကိုဖြတ်သွားတဲ့အခါ စော်ဘွားကြီး ကိုတွေ့ချင်တာပါ"

ဗိုလ်မှူးက ခပ်သွက်သွက်လေးပြောပြန်သည်။

"ကောင်းပြီလေ။ ဗိုလ်ချုပ်ကြီးနေဝင်းကပေါ့။ ဟုတ်တာပေါ့။ ကျွန်တော့် ရုံးခန်းမှာပဲ ခဏတွေ့ကြတာပေါ့။ အချိန်က ဒါလောက်ပဲရတာ ဆိုတော့လေ"

"ဒါလည်း အဆင်ပြေမှာမဟုတ်ပါဘူး စော်ဘွားကြီး။ ကျွန်တော်တို့ ဘာကိုအကြံပေးရမလဲ စော်ဘွားကြီး။ ဗိုလ်ချုပ်ကြီးနေဝင်းလာမဲ့ ဗုဒ္ဓဟူးနေ့မှာ စော်ဘွားကြီးက လမ်းဘေးကနေစောင့်နေပေးပါ။ ကျွန်တော်တို့က ဒီသီပေါကို ရောက်နိုင်မဲ့အချိန် အနီးစပ်ဆုံးကို အင်္ဂါနေ့ညနေကျရင် လာ အကြောင်းကြား ပါ့မယ်"

သူဘာကြားလိုက်ဟာလဲဆိုတာကို စဝ် မယုံနိုင်အောင်ဖြစ်သွားရလေ

www.nyisay.com



သည်။ ပြီးတော့ သူသည် မိုလ်မှူးကို လုံးဝကို တအံ့တဩကြည့်နေမိတော့သည်။ ဒီလူသည် မယုံနိုင်လောက်အောင် တကယ်ပင် သံတမန်စည်းကမ်းကို ချိုးဖောက်နေတာပါလား။ စဝ်သည် တည်တည်ငြိမ်ငြိမ် စဥ်းစား ဆင်ခြင်စွာဖြင့် ပြန်ပြောလိုက်သည်။

"တကယ်လို့ ကျွန်တော်က သာမာန်အရပ်သားတစ်ယောက်ဆိုရင်တော့ မိုလ်ချုပ်ကြီးနေဝင်းကို မဆိုင်းမတွဘဲ လမ်းဘေးကနေ ပြေးရပ်စောင့်နေ လိုက်မှာပါပဲ။ ဒါပေမဲ့ ကျွန်တော်က လက်ရှိ ဒီသီပေါနယ်ကို အုပ်ချုပ်လာတဲ့ စော်ဘွားတစ်ယောက်ဖြစ်ပါတယ်။ ကျွန်တော့်ကို လေးစားတဲ့လူထုအတွက် ထုံးတန်းအစဥ်အလာ လုပ်ထုံးလုပ်နည်းအတိုင်း ကျွန်တော်က လူထုကိုလေးစားတဲ့အနေနဲ့ ပြန်ပြုရပါလိမ့်မယ်။ ညီညွတ်တည်အနေနဲ့ ဒီပြည်နယ်ရဲ့ အကြီးအကဲကိုဝင်ပြီး ယဥ်ယဥ်ကျေးကျေး ဝင်နှုတ်ဆက်ဖို့ အကြွေးတင်နေပါလိမ့်မယ်။ သူကတကယ်တွေ့ချင်ရင်ပေါ့လေ"

ဗမာစစ်တပ်မိုလ်မှူးက ဒီစကားကို သူပြန်ပြောပြလိုက်ပါမယ်ဟု ကတိပြုပြီး ပြန်ချသွားလေသည်။ သူလုပ်ကိုလုပ်ပြခဲ့သည်။ ဗုဒ္ဓဟူးနေ့တွင် မိုလ်ချုပ်ကြီးနေဝင်း၏ ယာဥ်တန်းသည် သီပေါတွင်မရပ်ဘဲ ဖြတ်သွားခဲ့လေသည်။

စဝ် ရန်ကုန်၌ လွှတ်တော်တက်နေချိန်တွင် ဝန်ကြီးချုပ်ဦးနုထံ စာနှစ်စောင်ရောက်နေတာ မြင်ခဲ့ရလေသည်။ စဝ်သည် မိုလ်ချုပ်ကြီးနေဝင်းကို ဆန့်ကျင်ပြလိုက်သည်ဟူသော စာဖြစ်သည်။ ဦးနုကတော့ စဝ်၏ ဆုံးဖြတ်ချက်ကို ထောက်ခံသည်။ သို့သော် ဗမာစစ်တပ်ကတော့ စဝ်အပေါ် ရန်သူဟု သဘောထားလိုက်လေတော့သည်။

✦ ✦ ✦

လတ်ဆတ်လှပသော ဖွန်တစ်နေ့တွင်ဖြစ်သည်။ ခုတ်ထွင်ပြီး တောမီးရှို့ထားသော လယ်တောတွေပေါ်က နှင်းမြူတွေကို မိုးကဖယ်ရှားရှင်းလင်းပစ်လိုက်သည်။ တောင်တန်းတွေကိုကြည့်ဖို့ စဝ်က သုစန္ဒီကိုခေါ်သွားသည်။ ပြင်ပဝန်းကျင်က ပြီးပြည့်စုံနေသည်။ လေက ပြေပြီး ရှင်းသန့်နေသည်။ လမ်းပေါ်ကမြေကြီးသည် ခြောက်နေသဖြင့် သူတို့ ကားဘီး၌ ထဲနစ်မှာ မပူရတော့။ သူတို့ လင်းရိုဘာကားပေါ်တွင် နောက်လိုက်အဖော်များပါ တင်ခေါ်ခဲ့ပြီး

www.nyisay.com



တောင်ပေါ်က ဘုန်းကြီးကျောင်းသို့ သွားကြမည်။

ထိုအချိန်မှစလို့ သူ့နောက်တော်ပါးများသည် လင်းရှိဘာကားသွားမည့်လမ်းကို တောခုတ်ဓားများဖြင့် ခုတ်ထွင်ရှင်းကြတော့သည်။ ချုံနွယ်ပိတ်ပေါင်း သစ်ပင်နွယ်ပင်များသည် တစ်ပင်မှတစ်ပင်သို့ ကူးလူး ဆက်ပေါက်နေကြသည်။ နုနယ်သော အပင်လေးတွေကလည်း နေရာအနှံ့တွင် ပေါက်ရောက်နေကြလေသည်။ တောရိုင်းချုံပုတ်အစုလေး တွေရှိသော လမ်းကို ဖြတ်သည့်အခါ ချိုမွှေးသောလှိုင်းလေးတွေနှင့် သံပရာပန်းပွင့်နံ့လေးများလေထဲမျောပါလာသည်။ တောလမ်းခရီး တစ်ခုလုံး တိတ်ဆိတ်နေလေသည်။ ကားစက်သံနှင့် တောခုတ်ဓား လွှဲခုတ်သံတွေကသာ အေးချမ်းနေသော တောကို ဖျက်ဆီးပစ်နေသည်။ အချိန်ပိုယူရတာကလွဲလို့ သူတို့ တောင်ပေါ်တက်ရသော ၆ မိုင်ခရီးသည် ဘာပြဿနာမျှ မရှိချေ။ မိုင်ဝက်လောက်တက်ပြီးသောအခါ ဒရိုင်ဘာကို ကားရပ်ခိုင်းလိုက်ပြီး စဝ်က ပြောသည်။

"ကျန်တဲ့ခရီးကို ငါတို့လမ်းလျှောက်တက်ကြရအောင်။ ဆရာတော့်ကို အနှောင့်အယှက်မပေးချင်ဘူး"

သုစန္ဒီဘက်လှည့်ပြီး ဆက်၍ …

"ဆရာတော်က လူတွေနဲ့ကင်းကင်းနေတယ်။ ဒါပေမဲ့ တောကောင်တွေနဲ့တော့ ခဏခဏတွေ့နေရတာပဲ။ ရွာသားတွေပြောတာတော့ သူတို့အမျိုးမျိုးတွေ့နေရတာပဲတဲ့။ ဆရာတော့်ရဲ့တဲနားမှာလေ ကျားသစ်၊ ကျား၊ ဝက်ဝံ၊ ဆင်တောင်ပါတယ်တဲ့"

သုစန္ဒီသည် ဖျတ်ဆို တောကောင်တစ်ကောင်ပေါ်လာပြီး သူ့ကို ဖမ်းကိုက်လိုက်မှာကို စိုးသည့်အတွက် ပတ်ဝန်းကျင်ကို သူက သတိထားကြည့်နေသည်။ သူမကိုတော့ မဖြစ်နိုင်ပါဘူး။ သို့ဖြစ်သော်လည်း သူမသည် ဦးပြည်းရိတ်ထားသည့် အညိုရောင်သင်္ကန်းဝတ်ထားသော အရပ်ပြတ်ပြတ်ရဟန်းတစ်ပါးကို ဖူးလိုက်ရလေသည်။ ဆရာတော်သည် သူတို့ကိုမြင်လျှင် ခပ်သုတ်သုတ် ကြွသွားသည်။ လူတွေနှင့် ရှောင်ကွင်းနေချင်ပုံရလေသည်။ ဆရာတော်၏ ကျောင်းသင်္ကန်းတဲလေးရှေ့တွင် ဆန်၊ ဆီ၊ ဆား၊ သကြား၊ နို့ဆီဘူးတို့ကို ထားခဲ့လိုက်သည်။ ထိုအစာများဖြင့် ဆရာတော်ဘုန်းပေးနေသော တောထဲက သစ်သီးသစ်ဖု၊ သစ်မြစ်၊ သစ်ရွက်တို့နှင့် ရောနှောပြီး အားဖြစ်စေရန်အတွက်ဖြစ်လေသည်။ ဆရာတော်သည် လွန်ခဲ့သော ၁၅ နှစ်ကတည်းက

www.nyisay.com



လူတွေ၊ ပျော်စရာတွေနှင့် ဝေးကွာရာတွင် တစ်ပါးတည်းလာ၍ တရားကျင့်ကြံအားထုတ်နေသည်ကို သုစန္ဒီ သိရသည်။

သူမတို့ ဩစတြီးယားနိုင်ငံတွင်လည်း မယ်သီလရှင်များသည် သူတို့ကွန်ဗင့်ကျောင်းထဲတွင်သာနေထိုင်ကြပြီး ပြင်ပကမ္ဘာနှင့် အဆက်အသွယ်ပြုလုပ်ခြင်းမရှိကြောင်းကို သူမ ကြားဖူးပါသည်။ သို့သော် ယခုအခြအနေနှင့် ကားခြားနားလေသည်။

သူမသည် စဝ်နှင့်သူ၏အခြွေအရံတွေအနောက်ကနေ ဖြည်းဖြည်းလေးဆင်းလိုက်ပြီး ဆရာတော်သွားမည့်လမ်းကို ရှင်းပေးလိုက်ကြသည်။ ဟိုးအောက်ကမြင်နေရသော မြင်ကွင်းကြောင့် သူမအသက်ရှူဖို့ မေ့သွားလေသည်။ စိမ်းညို့မြရီနေသော နမ္မတူမြစ်ကြီးသည် စိမ်းစိမ်းစို ရွှမ်းလဲ့နေသော တောင်များနှင့် ဖြူဖွေးဖွေးအရှေ့ဟော်နန်းကိုကွေ့ပတ်လျက် တအိအိစီးဆင်းနေလေသည်။ အရှေ့ဟော်နန်းအဟောင်းနေရာသာ ကျန်တော့သည်။ အရှေ့ဟော်နန်းသည် ဒုတိယကမ္ဘာစစ်အတွင်းက ဖျက်ဆီးခံလိုက်ရလေသည်။ လူဦးရေတစ်သောင်းငါးထောင်ရှိသော သီပေါမြို့လေးထဲက လူတွေတော့ အိပ်မောကျနေပေလိမ့်မည်။ သူတို့နေကြသော အိမ်လေးတွေတစ်လုံး နှစ်လုံးသည် ခပ်ဝေးဝေးမှာ ဆောက်ထားကြပြီး ရာပေါင်းများစွာသော စိမ်းစိုနေသည့် သစ်ပင်များက အရိပ်ထိုးပေးနေလေသည်။ အချို့နေရာတွင် ရက်ရက်စက်စက် ရဲရဲနီသောပန်းများပွင့်ဆာဝေ နေတော့၏။ မြောက်နှင့် အနောက်မှာတော့ တောင်ကြောတစ်လျှောက်သည် စိုမြစိမ်းလျက်လတ်ဆတ်နေသော စပါးခင်းတွေက ဖုံးလွှမ်းထားသည်။ ချိုမြိန်သော စပါးစိမ်းနန့်တွေ လေထဲသင်းမွှေး ပျံ့နေသေးသည်။

စိမ်းစိုမြကြော တစ်လျှောက်ဆက်ကြည့်လိုက်လျှင် အဆုံးမှာတော့ နက်မှောင်သော ကျွန်းတောကြီးကိုတွေ့ရသည်။

တောင်ကြော တောအုပ်တစ်ခုလုံးကနေ ဟိုး ကြမ်းတမ်းသော တောင်တွေပေါ်မှာထိုးပေါက်နေလေသည်။ တောင်ထိပ်တွေမှာတော့ ထုံးဖြူဖြူခေါင်းလောင်းပုံစေတီလေးတွေကို ဒါဇင်မျှမြင်နေရသည်။ တချို့မှာ တစ်ဆူတည်းတချို့မှာ အစုလိုက်ဖြစ်လေသည်။

တည်ငြိမ်အေးချမ်းလှပသော တောင်တွေကြောင့် သုစန္ဒီ စူးစူးနစ်နစ်ခံစားနေရသည်။ ထိတ်စရာအမြင်တွေကြောင့် သူမကအားလုံးကို ခြုံငုံပြီး သူမ စိတ်ထဲတွင် တင်းကျပ်နေသော စိတ်ခံစားမှုများ စည်းချက်အညီ ပြည့်လျှံ

www.nyisay.com



နေလေသည်။ အေးချမ်းတိတ်ဆိတ်တည်ငြိမ်နေသော တောင်တန်းတွေအောက်မှာ နောက်ဆုံးမတော့ သူမ၏ပျော်ရွှင်မှု သူမစော်ဘွား၏ ပျော်ရွှင်မှုနှင့် သူမတို့ အတူတကွနေထိုင်ရသောဘဝသည် တိုတိုလေးဖြစ်နေလေမလား သူမခံစား သိနေလေသည်။ ကြောက်ရွံ့စိတ်များ ဖုံးလွှမ်းလာပြီးနောက် သူမ ဒူးတွေ တုန်ယင်အားနည်းလာ၍ မျက်နှာက သွေးဆုတ်လာတော့သည်။ သူမ သတိလစ် မသွားအောင် သစ်ငုတ်တိုကြီးက ကယ်တင်လိုက်လေသည်။

သူမသည် ထိုင်ချလိုက်ပြီး လှုပ်ခါယိမ်းထိုးနေသော သူမ၏ခန္ဓာကို ပြိုလဲမကျသွားစေရန် ထိန်းလိုက်ရသည်။ စဝ်မေးလိုက်တာကို သူမ ကြား လိုက်သည်။

''တောင်တက်ရလို့ အားကုန်နေပြီလား။ အချစ် ကြည့်ရတာ အား မရှိတော့သလိုပဲ''

''ကျွန်မ နေလို့သိပ်မကောင်းဘူး''

ဟုသာ သူမ ပြန်ပြောနိုင်သည်။ သူမ၏ ကြောက်စရာအမြင်တွေကို သူ့အား ပေးမသိစေချင်ပေ။ သူမသည် ရိုးသားစွာပဲ အတွေးတွေကို ရင်ထဲစိတ်ထဲက ထုတ်ပစ်လိုက်တော့သည်။ စဝ်က သူမကိုထူမပြီး ကျောက် တောင်အစွန်းကနေ ခေါ်သွားလိုက်သည်။ သူမကို ကြောက်စရာနေရာမှ တွန်းထုတ်သွားတာတောင်မှ သူမက ထိုမြင်ကွင်းကို ကွင်းကွင်းကွက်ကွက် မြင်ယောင်နေမိတော့သည်။

သူတို့သည်ကြီးမားသော မြစ်ကမ်းပါးပေါ်တွင် ရှိနေကြသော ရွာလေး တွေကို မြင်နေရသည်။ မကြာခင်ကမှ သူတို့ သွားလည်ခဲ့ဖူးသော တာပေါ့ခေါ် ခေါက်ဆွဲရွာကို စဝ်က လက်ညှိုးညွှန်ပြသည်။

သည်နေရာမှ ချဉ်စုတ်စုတ် အနံ့များရသည်ဟု စိတ်ထဲတွေး မိသည်။ ရွာသားတွေက ဆန်ကို အချဉ်ဖောက်နေရာ နေရာအနှံ့အပြားတွင်ဖြစ်သည်။ ဆန်ကို ဘယ်လိုအမှုန့်ဖြစ်အောင်လုပ်လဲဆိုတာ သူမ မြင်ဖူးသည်။ ဆန်ကို အရင်ဆုံး အမှုန့်မှ မုန့်နယ်တုံးလုပ်သည်။ ပြီးမှ အချဉ်ဖောက်သည်။

အဆီတုံးလေးတွေဖြစ်အောင် လုပ်သည်။ ခေါက်ဆွဲလုံးရှည်တွေ လုပ်ပြီး ဈေးမှာရောင်းလေသည်။ ချဉ်ငန်စပ်ဖြင့်တို့စားလျှင် အလွန်စား ကောင်းသည်။

မြစ်အောက်ဘက် အနည်းငယ်ဝေးသောအရပ်တွင် ပန်ဆိုင်းရွာရှိတာ သူမသိသည်။ ထိုရွာတွင် ရှေးကတည်းကလုပ်လာကြသော အခုတော့ ခေတ်မီ နေပြီဖြစ်သော ရှမ်းမိုင်းကိုင်စက္ကူလုပ်ငန်းရှိလေသည်။ သူမ ပြန်သတိရသည်မှာ

www.nyisay.com



ရှမ်းမလေး လေးယောက်လား၊ ငါးယောက်လားက ပိုးစာပင်အခေါက်များကို ရေထည့်ထားသော အိုးထဲထည့်ပြီး မီးဖြင့်ကြိုလိုက်ကြသည်။ ပျော့ဖတ်ရည်ကို ထူပြစ်လာသည်အထိမွှေပေးရသည်။ ၇ နှစ်မှ ၁၀ နှစ် အရွယ်ကောင်မလေး သုံးယောက်က အိုးကို မီးဖိုပေါ်မှချသည်။ အဆက်မပြတ် တခစ်ခစ်ရယ်နေကြသော ကောင်မလေး သုံးယောက်သည် ထိုစေးကပ် နေသောအရည်များကို ဘောင်ကျက် ထားသော ဇာကွက်ထဲလောင်းချပြီး ညီအောင်ညှိပေးသည်။ သူတို့သည် ပျော့ဖတ်များကို ခတ်သွက်သွက် ညီ အောင်ညှိပေးနေတာကို မိန်းမကြီးတွေက စောင့်ကြည့်ပေးသည်။ ပြီးလျှင် တစ်ပေ၊ သုံးပေဘောင်တွေကို မတ်မတ်ထောင်ပြီး နေရောင်မှာလှမ်းသည်။ နေရောင်၏အပူပြင်းအား စိုထိုင်းဆအခြေအနေပေါ်မူတည်ပြီး အညိုရောင် ပျော့ဖတ်များသည် အဖြူရောင်အဖြစ် နာရီပိုင်းအတွင်းတွင် ပြောင်းလဲ သွားလေသည်။ နောက်ဆုံးတွင် စက္ကူချပ်ကြီးသည် မာတင်းတောင့်နေသည်။ ပုံကတော့ ရှုပ်ထွေးနေသော အမျှင်အစက်အကွက် သဘာဝဒီဇိုင်းများဖြင့်ပေါ် လာတော့သည်။ ထို့နောက် ဘောင်ကျက်ထားသောစက္ကူချပ်များကို ကောင်မလေး တွေက လွယ်ကူစွာခွာချလိုက်သည်။ ရှေးအနုပညာ၏ စံနမူနာများကို ထုတ်လုပ် ပြနေသောအချက်ကို သူတို့ မေ့နေကြလေသည်။

"မောင်တို့ သွားမှ ဖြစ်တော့မယ်။ သစ်စက်ကိုသွားဖို့ အချိန်ပေး ရဦးမယ်"

စဝ် ပြောလိုက်သည်။ စည်းချက်ကျကျ စိုးစီစီ အော်မြည်နေကြသော ပိုးကောင်လေးတွေအသံနှင့် တစာစာအဆက်မပြတ် စကားများနေကြသော ဆက်ရက်သံတွေကို ထားရစ်ခဲ့ကြလေသည်။

သုစန္ဒီသည် ချက်ချင်းပင် သစ်စက်ဆိုသော စကားကို အသိရလိုက် သည်။ သူမကို တင်ဆောင်လာသော လင်းရိုဘာသည် သီပေါတောင်ကြော တွေနှင့် တောင်ကုန်းတွေပေါ်မှ တရကြမ်း ဆင်းချလာလေသည်။ သူတို့ကို သူမ၏ သဘောအကျဆုံး မိသားစုဆီခေါ်ဆောင်သွားသည်။ အသက် ၄၀အရွယ် ဆင်ထီး မဟာဆမ်၊ သူ့မိန်းမ နန်းဆမ်နှင့် သူတို့၏ ငါးနှစ်အရွယ် သား စိုင်းလန့်တို့ဆီ ဖြစ်လေသည်။ သူတို့ကား သစ်စက်နားနီးလာသောအခါ စိုင်းလန့်သည် သူ့ကိုယ်ဖြင့် လမ်းပိတ်ရန် အဆင်သင့်ဖြစ်နေသည်။ သူ့အရပ်က၅ပေခွဲရှိနေပြီ။ သူ့အရပ်နှင့် အလေးချိန်သည် အလုပ်ဖြစ်နေပေပြီ။ သူရှိနေတာကို ဘယ်ကားကမှ သိမှာမဟုတ်တဲ့အတွက် သူ့ကိုတိုက်မည့်အန္တရာယ်ကို ကြိုသိ၍ သူကအရင်

www.nyisay.com



တအားကုန်း အော်လေသည်။

စိုင်းလန့်သည် သူ့ကိုယ်ဖြင့်ကားထဲကို မရှာဖွေခင်မှာ ကားပေါ်က လူတွေကို အရင်ဆင်းစေလေသည်။ သူသည် ကားပေါ်က ငှက်ပျောသီး၊ ဖရဲသီး၊ သင်္ဘောသီး၊ ကြံတို့ကိုရှာဖွေသည်။

သူ စိတ်မပျက်ပေ။ သုစန္ဒီထံမှရသော ငှက်ပျောသီးကိုမှ သူက အခွံခွာပြီးသားကို လိုချင်လေသည်။ သူမက သူ့ကို ဖရဲသီးအသေးလေး ကျွေးလျှင် သူက ခေါင်းကိုရမ်းလှုပ်ခါပြသည်။ ဖရဲသီးကမှည့်မှ သူစားလေသည်။ စမ်းသပ်ပြီးမှ ညိုတိုတိုလူပျိုပေါက်က ဖရဲသီးကို ပျော်ရွှင်စွာဖြင့် ကြွပ်ကြွပ်ဝါးလေ၏။ ဒါကုန်သွားလျှင် သူ နောက်ထပ် တောင်းပြန်တော့ သည်။

''သတိထား'

စဝ်အော်လိုက်သော အချိန်တွင် စိုင်းလန့်သည် ရှေ့ခွာဖြင့် သုစန္ဒီ ခြေထောက်ကို ပေါက်လိုက်သည်။

စောင့်ကြည့်နေကြသော ဆင်ဦးစီးနှစ်ယောက်က သူ့နားရွက်နောက်ကို ချွန်းဖြင့် ထိုးထည့်လိုက်သည်။

သူ့မှာ ရွေးစရာလမ်းမရှိပေ။ သူသည် သူတို့လက်ကလွတ်မြောက်ဖို့ ဆန္ဒပြပြီး စူးရှစွာအော်ဟစ်နေတော့သည်။ သူ့နာကျင်သော ဒုက္ခကို သူ့အမေသိအောင် အော်နေလေသည်။ နန်းဆမ်က သစ်ပုံနားမှာရှိနေသည်။ သစ်ပုံအပေါ်ဆုံးသို့ သစ်တစ်တုံးမတင်ပြီးသောအခါ သူမသည် သူ့သားကို ကယ်ဖို့လာသည်။

သူ့ကို သူမက မိနစ်အနည်းငယ်မျှ နှစ်သိမ့်ရုံသာ တတ်နိုင်လေသည်။ သူသည် ဧည့်သည်တွေကို နောက်ထပ်ဂရုမစိုက်တော့ဘဲ သစ်ပုံနားက သစ်တုံးတွေကိုသာ သွားဆော့ကစားနေသည်။ သစ်လုံးတွေကို ဟန်ချက်ညီညီဖြင့် မနိုင်ဖို့ သူကြိုးစားနေတော့သည်။

ပြုတ်ကျသွားလျှင်သူသည် သူ့အမေကို အော်ခေါ်ပြန်သည်။ သူမကတော့ လှည့်ဂရုမစိုက်အားပေ။ ကြီးစွာသောဒုက္ခနှင့် စိတ်ဆိုးဒေါသကြားတွင် သူမ၏ တိရစ္ဆာန်မိခင်စိတ်ဖြင့် အကူညီပေးဖို့ ခွဲခြားသိမြင်နေပါသည်။

သူ့မိသားစုအရေး ဘာတွေပဲဖြစ်နေနေ ဖခင်လုပ်သူ မဟာဆမ်ကတော့ စိတ်မဝင်စားဘဲ သူ့အလုပ်မှာသာ အာရုံထားလေသည်။ သူသည် သူ့အလုပ်ဖြစ်သော သစ်လုံးပေါ်တွင်သာ အာရုံရှိပြီး သူ့သခင် ဆင်ဦးစီးလေး၏

www.nyisay.com



အလိုကို လိုက်လျောပြီး ရိုကျိုးပြနေရသည်။

ဒုတိယကမ္ဘာစစ်အတွင်းက ဂျပန်စစ်သား၏ သေနတ်ကျည်ဆန်ကြောင့် မဟာဆမ်၏ မျက်လုံးတစ်လုံး ဆုံးရှုံးခဲ့ရသည်။ အခုတော့သူသည် စမ်းချောင်းလေးဘေးမှာရှိသော သစ်စက်လေးထဲမှာသာ သူ့နေ့စဉ်အလုပ်ကို စိတ်ဝင်စားတော့သည်။ သူ့အကျိုးစီးပွားသည် သစ်ပုံကြီးများ ကျွန်းသစ်လုံးရှည်ကြီးများပေါ်တွင်သာရှိနေပြီး တဲတင်းကုတ် လေးနှစ်ခု ထဲက ပစ္စည်းတွေက သူတို့အတွက် ဘာမှထုတ်လုပ်မပေးနိုင်ပေ။ ထိုနေရာတွင် ဆင်တွေအတွက် နားနေရန် တင်းကုတ်ပင်မရှိ။ လူတွေအတွက် အမိုးမိုးထားသောတဲ လေးသာရှိပြီး သစ်စက်အတွက် အလုပ်လုပ် သူများနေကြလေသည်။

"၁၁ နာရီထိုးတော့မယ်။ မိနစ်နည်းနည်းပဲ လိုတော့တယ်"

စဝ် ပြောသည်။

"ဒါဘာကြောင့်များ အရေးကြီးနေတာလဲ"

သုစန္ဒီ စပ်စုစွာပင် ပြန်မေးသည်။

"အချစ်တွေ့ပါလိမ့်မယ်"

သူမ အသေအချာကိုတွေ့ရသည်။ ၁၁ နာရီတိတိထိုးသည်နှင့် သစ်လုံးများကိုမထားသော ဆင်ကြီးများသည် နှာမောင်းပေါ်က သစ်လုံးများကို ပစ်ချလိုက်ကြပြီး လျင်မြန်စွာဖြင့် သူတို့သားများကိုခေါ်ယူပြီးနောက် တောထဲထွက်သွားကြတော့၏။ နုရွသောဝါးရွက်လေးတွေကို ဝါးစားရင်းက ဝါးတောအုပ်ထဲမှာ ပျောက်ကွယ်သွားကြတော့သည်။ ဆင်တွေမှာ တောထဲဝင်ဖို့ အခွင့်ရတာကို သုစန္ဒီသိရလေသည်။ သူတို့ စားသောက်စရာများရှိသော တောထဲသို့ ထိုအချိန်နံနက်တိုင်း အစာရှာထွက်ကြသည်။

သစ်စက်တွင် သူတို့အတွက် အစာသပ်သပ် ထောက်ပံ့ကျွေးမွေးတာမရှိချေ။ သူတို့ကိုယ်ထဲက နာရီဖြင့် အချိန်ကျလျှင် သူတို့ဘာသာ တောထဲသွား အစာရှာစားကြလေသည်။

"သူတို့ အစာဝရင်ပြန်လာကြလား"

သုစန္ဒီ မေးလိုက်သည်။

"မနက်တိုင်း ၅ နာရီထိုးတာနဲ့ သူတို့ဆင်ဦးစီးတွေက တောထဲဝင်သွားရှာပြီး ပြန်ခေါ်လာရတာပဲ"

ဘယ်နေရာမှာ စားကျက်အကောင်းဆုံးလဲ၊ ဘယ်နေရာသွား

www.nyisay.com



ခေါ်ရမလဲဆိုတာ သူသိတယ်လေ။

နေ့တိုင်း ပြေးတမ်းလိုက်တမ်း တူတူပုန်းတမ်းကစားပြီး သူတို့ပြန်ပါလာတာပဲ။ သူတို့နောက်ခြေမှာ ခတ်ထားတဲ့ ထူးသံကြိုးကြီးတွေက ကြီးတယ်လေ သူတို့ ၁၀ မိုင်ထက် ပိုမပြေးနိုင်ကြဘူး''

သူမတို့ အရှေ့ဟော်နန်းသို့ပြန်လာကြသောအခါ လမ်းတွင် သုစန္ဒီသည် မနက်က သူမ ထင်ထင်ရှားရှားကြီးကို မြင်တွေ့သိခဲ့ရသောအကြောင်းတွေကို ထားပစ်ခဲ့ဖို့ကြိုးစားသည်။ သူမတို့ တောင်တွေပေါ်မှာ အောင်မြင်မှုတွေရခဲ့တာ သူမအတွက် ခံစားမှုအသစ်တွေရခဲ့တာကို သူမ အလွန်ကျေးဇူးတင်နေမိလေသည်။ သို့သော်လည်း သူမကို ဒုက္ခများကျရောက်မည့် နိမိတ်လက္ခဏာများ တည့်တည့်ကြီး ပြသည့် အချိန်များက သူမအလွန် စိတ်အနှောင့်အယှက်ဖြစ်ရလေသည်။ ထိုအချိန်ကတည်းက သူမခံစားရသော သောကစိုးရိမ်မှုကို မည်သူတစ်ဦးတစ်ယောက်ကိုမျှ မဖွင့်ဟဖို့ စိတ်ထဲတွင် ခိုင်ခိုင်မာမာကြီး ဆုံးဖြတ်ထားမိလေသည်။

✦ ✦ ✦

သုစန္ဒီသည် လုပ်ငန်းတာဝန်များကို စီမံရာတွင် သဘာဝအတိုင်း လွယ်ကူစွာလုပ်ဆောင်သောကြောင့် ကြီးမားသော ဟော်နန်းကြီးတစ်ခုလုံးသည် ချောမွေ့စွာ လည်ပတ်နေလေသည်။ သူမသည် မနက်တိုင်း ပန်းအိုး ၂၀ ကို ပန်းများလဲသည်။ တစ်နေ့စားရမည့် ဟင်းမီးနူးကို စီစဉ်ပေးသည်။အလုပ်သမားတွေလုပ်ရမည့် အလုပ်အချိန်စာရင်းဆွဲပေးသည်။ သုစန္ဒီ သိလိုက်ရတာကတော့ ဟော်နန်းတွင် အလုပ်လုပ်နေကြသောသူတိုင်းသည် တစ်ပတ်လုံး နေ့စဉ် အလုပ်ဆင်းနေကြခြင်းပဲ ဖြစ်လေသည်။ ပထမအပတ် အနည်းငယ်တုန်းကတော့ သုစန္ဒီထင်နေတာက သူမရောက်လာကာစမို့ အခုလို လူတိုင်းနေ့စဉ်လာနေကြတာဟုထင်နေခဲ့ဖူးသည်။ သို့သော်လည်း လချီကြာလာသောအခါ မပြောင်းမလဲ ဆက်လက်လာနေကြသောကြောင့် သုစန္ဒီသည် အတွင်းရေးမှူးနှင့် စားပွဲထိုးကိုခေါ်ပြီး ဒီကိစ္စကို ဆွေးနွေးရ တော့သည်။ စားပွဲထိုး ကောလိန်က ဟော်နန်းမှာ အလုပ်လာလုပ်နေကြသော သူများသည် နားရက်မလိုချင်ကြဘဲ ဟော်နန်းကို နေ့စဉ်တစ်ပတ်လုံး လာလုပ်လိုနေကြသည်ဟုဆိုလေသည်။ သုစန္ဒီ ဒါကိုလက်မခံနိုင်ချေ။သူမ ဟော်နန်းကဝန်ထမ်းတွေကို မတရားခိုင်းနေသည်ဟုယူဆပြီး ငြင်းဆိုလေသည်။

www.nyisay.com



ထိုအစား သုစန္ဒီက လအလိုက် အလုပ်ဂျူတီဇယားကိုဆွဲတော့သည်။ တစ်ပတ်အတွင်း တစ်ရက်စီတွင် တစ်ယောက်စီ၏ အလုပ်လုပ်ချိန်၊ နားချိန်တို့ကို အသေအချာ ရေးဆွဲသည်။

အလုပ်သမားများ၏ ထမင်းစားခန်းအတွင်းက စားပွဲပေါ်တွင် အလုပ်ဇယားသည် အလွန်စိတ်အားထက်သန်စွာဖြင့် ဂုဏ်ယူစွာဖြင့် ရောက်ရှိလာတော့သည်။ သို့ဖြစ်သော်ငြားလည်း သူမစိတ်တွေ ရှုပ်ထွေးမှုက တစ်နေ့ပြီးတစ်နေ့ ပိုကြီးထွားလာရပြန်သည်။ အလုပ်နားရက်ရသောလူသည် နားရက်မယူဘဲ တစ်နေ့လုံး ဟော်နန်းမှာပဲလာနေ ပျော်ရွှင်စွာလုပ် နေတာတွေ့ နေရလို့ဖြစ်လေသည်။

နောက်အစည်းအဝေးမှာတော့ သုစန္ဒီက အလုပ်သမားအဆင့်အတန်းများကို ရှင်းလင်းပြောပြသည်။ သူတို့က သူတို့အတွက် လိုအပ်မှုသာလျှင်



အရှေ့ဟော်နန်းမှ သီပေါစော်ဘွားကြီး၏ ဝန်ထမ်းများ (ရှေ့တန်း) နှင့် စော်ဘွားကြီး၏ ကိုယ်ရံတော်အဖွဲ့ (နောက်တန်း)။ ရှေ့တန်း (ဝဲမှ) စော်ဘွားကြီး၏ စားပွဲထိုး ကော်လိန်နှင့် (တတိယမြောက်မှ) အထိန်းတော်ကြီး မို့ုင်း

www.nyisay.com



အလုပ်နားရက်ယူချင်ကြသည်ဟု ဆိုသည်။ အလုပ်အချိန်ဇယားအရ နားရက်မယူလိုကြဟု ဆိုလေသည်။

သူတို့က အလုပ်ကို မှန်မှန်လာနေရတာက သူတို့အတွက် ပိုကောင်းသည်။ သူတို့အလုပ်တာဝန်ကို ယူနေကြရတာပိုကောင်းသည်။ သူတို့ အတွက် ပွဲရှိတဲ့အခါ၊ မိသားစုကိစ္စရှိတဲ့အခါ သို့မဟုတ် ဘာသာရေး လုပ်ငန်းများရှိတဲ့အခါတို့ကျမှသာ တစ်ယောက်ချင်းခွင့်ယူလိုကြသည်ဟု ဆိုကြလေသည်။

သူတို့က သုစန္ဒီကို ရှင်းရှင်းလင်းလင်းသိစေသည်မှာ သုစန္ဒီ၏ နည်းလမ်းအတိုင်း လုပ်ကိုင်စေခြင်းသည် သူတို့အတွက် အရေးမကြီးသော ကိစ္စတစ်ခုဟု ခံစားရပြီး မလုပ်လိုဟု ဆိုကြပြန်လေသည်။

မွိုင်းသည် သုစန္ဒီတို့ သီပေါကိုရောက်လာသည့်နေ့မှစ၍ သူမအတွက်အလွန်အားကိုးအသုံးကျ စိတ်ချမ်းသာ သဘောကျရသော အထိန်းတော် အဖော်တစ်ယောက်ဖြစ်သည်။ သူမသည် ပိန်သွယ်သွယ် ရှမ်းမတွေကြားမှာ ထူးထူးခြားခြား လေးလံဝဖိုင့်သော မိန်းမတစ်ယောက်ဖြစ်တာကို သုစန္ဒီ သတိပြုမိသည်။ သူမ၏ အဆင့်ပုံပန်းအရလည်းကောင်း၊ သူမ၏ ယောက်ျားသည် စားပွဲထိုးဖြစ်နေတာကြောင့်လည်းကောင်း သူမသည် ဟော်နန်းအတွင်းရှိ အလုပ်သမားအားလုံး၏ လေးစားခြင်းကိုလည်းခံရပြီး သူမ၏သြဇာကိုလည်း အမျိုးသားဝန်ထမ်းအားလုံးက လက်ခံကြကြောင်း တွေ့ရလေသည်။ သူမ၏ မျက်ဝန်းနက်နက်သည် ပျော်ပျော်နေတတ်ဟန်ကို ပြနေသည်။ သူမ၏ မျက်နှာဝိုင်းဝိုင်းသည် မနက်ကနေ ညထိတိုင်အောင် အပြစ်ကင်းသောအပြုံးဖြင့် နေနိုင်လေသည်။ သူမအသံက သြဇာအပြည့် ရှိသည်။ သူမသည် သုစန္ဒီဘေးတွင် အစဉ်နူးညံ့သိမ်မွေ့စွာ ပြုမူပြောဆို သည်။ ညိုမှောင်ရှည်လျားသော ဆံပင်ကို စည်းပြီးလိပ်တင်ထားသည်။

မျက်နှာပေါ်တွင် သနပ်ခါးထူထူပိန်းပိန်း လိမ်းထားသေးသည်။ သုစန္ဒီ ပိုးလုံချည်ခေါက်တွေကိုလည်း အရာမထင်အောင် ခေါက်ပေးတတ်သည်။ မွိုင်းနှင့်သာဆိုလျှင် သုစန္ဒီသည် ရှမ်းစကားကိုရဲရဲပြောဆိုတတ်ပြီး သူမကို ပထမဆုံးနေ့ရက်တွေမှာ ရှမ်းစကားကို သည်းညည်းခံပြီး သင်ပေးခဲ့သော် လည်း စည်းကမ်းတင်းကျပ်သော ဆရာတစ်ယောက် ဖြစ်ပြန်လေသည်။

တစ်မနက်ခင်းမှာတော့ သုစန္ဒီအတွက်အရေးကြီးသော ဧည့်သည် လာမည်ဖြစ်သဖြင့် ကြိုတင်ပြင်ဆင်စရာများရှိရာ အဆင်သင့်ဖြစ်ဖို့ မှာစရာ

www.nyisay.com



များရှိနေသော်လည်း မှိုင်းပေါ်မလာတာတွေ့ရလေသည်။ သူမ၏အိပ်ခန်း တံခါးကို စားပွဲထိုးကောလိန် လာခေါက်ပြီး မှိုင်းနေမကောင်းလို့ မလာနိုင် တဲ့အကြောင်း အခုတော့ တိုင်းရင်းဆေးနဲ့ပဲ ကုနေကြောင်းပြောသည်။ သူ့ ကြည့်ရတာ သိပ်စိုးရိမ်ပုံလည်းမပေါက်ပေ။ နောက်တစ်နေ့မနက်ကျတော့ လည်းအလုပ်ကို မှိုင်းပေါ်မလာပါ။ ထို့ကြောင့် သုစန္ဒီသည် သူ့အိမ်က အထိန်းတော်ကို ကိုယ်တိုင်သွားကြည့်ဖို့ ဆုံးဖြတ်ချက်ချလိုက်လေသည်။

ပူပြင်းသောနေရောင်ကိုကာကွယ်ဖို့ နီတောက်တောက် ပိုးထီးကို ဆောင်းပြီး စပ်စုသောကလေး တစ်ဒါဇင်ဖြင့် ကျုံးနောက်ဘက်မှာရှိသော အစေခံရပ်ကွက်သို့ သုစန္ဒီသွားလေသည်။ သုစန္ဒီသည် ကောလိန်နှင့် မှိုင်း တို့ပိုင်ဆိုင်သော သစ်သားအိမ်ကို အကူဖြင့်လိုက်ရှာရသည်။ အိမ်ရှေ့ ဆင်ဝင်တွင် လူဒါဇင်ကျော်က ဝိုင်းဝေဖန်မေးမြန်း နေကြသောကြောင့် အလွန်ခက်ခဲစွာဝင်ရ သည်။ အချို့က ရေနွေးကြမ်းကို ခွက်သေးသေးလေးဖြင့် သောက်နေသည်။ အချို့က သနပ်ဖက်ဆေးပေါ့လိပ်ကြီးများကို ဖွာနေသည်။ အချို့ကမူ လက်ထဲက ပုတီးပေါ်အာရုံထားလျက် ပုတီးစိတ်နေလေသည်။

အသက်ကြီးကြီး အမျိုးသမီးတစ်ယောက်က သုစန္ဒီကို ခရီးဦးကြို ပြုပြီး မှိုင်း၏အိပ်ရာဘေးသို့ ခေါ်သွားလေသည်။ ဖျာကြမ်းလေးပေါ်မှာ သူမ လှဲလျောင်းနေသည်။ သူမဘေးတွင် လူတွေဝိုင်းအုံနေတာကို မေ့လျော့နေဟန် ရှိသည်။ သူမ လက်ကိုကိုင်ကြည့်လိုက်သောအခါ အန္တရာယ်ကြီးစွာဖြင့် အဖျား အလွန်တက်နေသောကြောင့် ပူကျက်နေတာကို သုစန္ဒီ သိလိုက်ရသည်။ သုစန္ဒီ အထိတ်တလန့်ဖြစ်သွားသည်။ သို့သော် စိုးရိမ်ရသော အခြေအနေကို သူတို့အား ပေးမသိစေချေ။ အချိန်ဆွဲနေလို့ မဖြစ်တော့။ သူမသည် သူမ၏ဒရိုင်ဘာကို မြို့ထဲက ဆရာဝန်တစ်ယောက်ယောက်ကို အမြန်ပြေး ပင့်ခိုင်းလိုက်သည်။ သုန္ဒီက ချက်ချင်းပင် ရေအေးအဝတ်ဖြင့် တစ်ကိုယ်လုံး ရေပတ်တိုက် ပူနေသော နဖူးပေါ် ရေပတ်အကြိမ်ကြိမ်တင်ပေးနေသည်။

''မှိုင်း ပြန်ကောင်းလာပါစေ။ မှိုင်း ပြန်ကောင်းလာပါစေ''

ဆရာဝန်သည် ကုလားပြည်က ဘွဲ့ရထားပြီး ရောဂါကို အချိန်မကြာဘဲ ရှာဖွေတွေ့ရှိသွားခဲ့သည်။ တိုက်ဖွိုက် အူရောင်ငန်းဖျားရောဂါ။ ချက်ချင်းပင် သူမကို ဆေးရုံတင်လိုက်သည်။ အိမ်မှာ မကုပေ။

မှိုင်းသည် စိုးရိမ်စရာကောင်းလောက်အောင် ဖျားနေတာဖြစ်သည်။

www.nyisay.com



သူမသည် သတိလက်လွတ်ဖြစ်ပြီး ဆံပင်များအထွေးလိုက် ကျွတ်ကျနေသည်။ နှစ်ပတ်ကြာသည့်တိုင် သူမသည် အခြေအနေ မကောင်းလှသေးချေ။

ထို့နောက် တစ်မနက်မှာတော့ မှိုင်းနေသောရွာက ရွာလူကြီး လူ ၅၀ လောက်နှင့် သူမ၏ သူငယ်ချင်းဆွေမျိုးများ ရောက်လာကြပြီး သုစန္ဒီ ထံခွင့်တောင်းကြသည်။

''ကျွန်တော်တို့ လာခွင့်တောင်းတာပါ။ မယ်ဘုရားက သူ့ကိုသေ ခွင့်ပြုပေးဖို့ပါ''

ရွာလူကြီးက သူမကို ပြောသည်။

''ဘာလို့ ကျွန်မကို ဒီလိုလာပြောရတာလဲ''

သူမသည် တုန်လှုပ်စွာ ပြန်ပြောလိုက်သည်။ သူမသည် အောက် နှုတ်ခမ်းကို နာလာသည်အထိ ဖိကိုက်နေမိတော့သည်။

''မှိုင်းနေပြန်ကောင်းလာမှာပါ။ သူ မသေရဘူး''

''ခွင့်ပြုပေးပါ။ သူမကိုပြောပေးပါ ဒါ ရှမ်းထုံးစံပါ။ ကျွန်တော်တို့ရဲ့ အရှင်သခင် အမေဘုရား''

ရွာလူကြီးက တည်ငြိမ်အေးချမ်းသော အသံဖြင့်ပြောသည်။

''မှိုင်းက သေချင်နေပါတယ်။ စောင့်နေတာ နှစ်ပတ်ရှိပါပြီ။ ကျွန်တော် သိပါတယ်။ ဒါပေမဲ့ သူမဟာ မယ်ဘုရားရဲ့ အစေအပါးဖြစ်ပါတယ်။ သူသေချင် နေပေမဲ့ မယ်ဘုရားက ခွင့်ပြုမှ သူ့ဝိညာဉ်က သွားချင်ရာကို ထွက်သွားလို့ ရမှာ။ မယ်ဘုရားက ခွင့်ပြုမှ သူသေလို့ရမှာပါ။ ကျေးဇူးပြုပြီး သူ့ကို လွတ်လပ်ခွင့်ပေးလိုက်ပါ။ မှိုင်းကို သေခွင့်ပေးလိုက်ပါ''

သုစန္ဒီသည် ခေါင်းငုံ့ချလိုက်ပြီး ဘာမှ ပြန်မပြောနိုင်တော့ပါ။

သူမ စိတ်ထဲ၌ ဝရုန်းသုန်းကားဖြစ်နေတာကို မနည်းထိန်းနေရသည်။ စိတ်ထဲကနေ လူတိုင်းကို စူးစူးဝါးဝါးဖြင့် အော်ထုတ်ပစ်နေမိတော့သည်။ သုစန္ဒီ သည် မှိုင်း၏အသက်ကို ရှင်ဖို့၊ သေဖို့ ကြိုးကိုင်ထားသော အရှင်သခင် ဖြစ်သည်ဆိုသောစကားကို သူမ မယုံကြည်နိုင်။ ရှမ်းထုံးစံ ဟုတ်ဟုတ် မဟုတ် ဟုတ် သူမသည် တာဝန်ယူပြီး သေဖို့ခွင့်ပြုပေးရမည် ဆိုသောစကားကို လုံးဝ လက်မခံနိုင်ချေ။ အထူးသဖြင့် မှိုင်းသည် သေဖို့ အလွန်ငယ်နေသေးလေ သည်။

မျက်ကြည့်အားလုံးသည် သူမအပေါ် စုပြုံကျနေသည်။ မည်သူမျှ

www.nyisay.com



အသက်ရှူပုံမရ။ တိတ်ဆိတ်ငြိမ်သက်နေကြသည်။ သုစန္ဒီသည် ခေါင်းကို မတ်လိုက်ပြီး အင်အားအပြည့်ဩဇာသံအပြည့်ဖြင့် ...

''ငါ မွိုင်းကို သေခွင့်မပြုနိုင်ဘူး။ မွိုင်း အသက်ဆက်ရှင်နေတာ လိုချင်တယ်''

သူမသည် ကြမ်းခင်းပေါ်မှထရပ်လိုက်ပြီး မည်သူတစ်ဦးတစ်ယောက်ကိုမှ ထပ်မံပြောဆိုခွင့်မပေးတော့ဘဲ အခန်းတွင်းမှ ထွက်ချလာခဲ့သည်။ အချိန်ကုန်ခံမနေတော့ဘဲ သူမ ဒရိုင်ဘာကိုခေါ်ပြီး ဆေးရုံသို့သွား ခိုင်းလိုက်သည်။ မွိုင်းသည် သတိလစ်နေဆဲဖြစ်သည်။ သို့သော် သုစန္ဒီက-

''မွိုင်း မင်းအသက်ရှင်ရမယ်။ မင်းကို သေခွင့်မပေးနိုင်ဘူး''

ဟု ခပ်သွက်သွက် မြန်မြန် ပြင်းပြင်းထန်ထန်ရွတ်နေသောအခါ မွိုင်း၏ဖြူဖျော့နေသော နှုတ်ခမ်းလေး တရွရွလှုပ်လာသည်ဟု ခံစားရလေ၏။

ထို့နောက်မှာတော့ မွိုင်းရှင်နေသည်။ ထိုနေ့မှာပဲ သူမသည်နေကောင်းလာသည်။ ခပ်မြန်မြန်နှင့်လုံးဝပင် ပြန်နေကောင်းလာတော့သည်။ သူမ၏ဆံပင်တွေ အားလုံးပြန်ပေါက်လာပြီး အလုပ်ပြန်ဝင်လာနိုင်သည်။ တစ်ပတ်မှာ ၇ ရက်အလုပ်ပြန်ဆင်းနိုင်လေသည်။ သူမက သုစန္ဒီကို မကြာခဏပြောသည်မှာ ...

''ကျွန်မကို သေခွင့်မပေးတာကို သိပ်ကျေးဇူးတင်ပါတယ် အမေဘုရား''

ထိုကိစ္စဖြစ်ပြီးနောက် သူမ၏လူထုဆွေမျိုးများနှင့် ရွာသားများသည် သူမကို ပိုမိုကြည်ညိုလေးစားလာကြပြီး အနီးနားတစ်ဝိုက်မှာ နေရင်တောင်မှ ရှိသေကြောက်ရွံ့နေကြတာကို သူမ သတိထားမိလေသည်။ အရင်ကထက် သူမ၏ ထင်မြင်ချက်များ ကောင်းချီးပေးမှုများအပေါ် သူမသည်သာမန်လူတစ်ယောက်မဟုတ်ဘဲ အလွန်တန်ခိုးရှိသူတစ်ယောက်လို မြင်နေမှုအတွက် သူမမှာ စိုးရိမ်စွာခံစားလာရတော့သည်။

❖

www.nyisay.com



## အခန်း ၆

ပြေိုနွှေဦးဖြစ်သည်။ သီပေါတောင်ကြောတစ်ခုလုံး ပူလောင်နေတော့သည်။ ပင်ပန်းနွမ်းနယ်နေကြသောလူများ ရေငတ်နေကြသော တိရစ္ဆာန်များနှင့် ညှိုးခြောက်နေကြသော အပင်များသည် ဝေးကွာလှသော ပထမဆုံးသော မုတ်သုတ်မိုးကိုမျှော်နေကြလေသည်။ တောင်တန်းတွေပေါ်က လတ်ဆတ်သော လေသန့်လေးတွေကို သုစန္ဒီ သတိရနေမိတော့လေသည်။ တောမီးတွေက မီးခိုးနံ့ကို သူမ မကြိုက်ချေ။ ထိုတောမီးတွေလောင်နေတာ ရက်အပတ်ပေါင်းများစွာရှိနေလေပြီ။

စဝ်ကတော့ တောင်ပေါ်က တောင်ယာစိုက်သူများအား တောမီးရှို့သော ရိုးရာဓလေ့ကို နည်းသစ်များဖြင့် အစားထိုးဖြည့်စွက်သွားဖို့ တောင်သူတွေကို သင်ကြားပေးဖို့သူ့မှာ အစီအစဉ်ရှိလေသည်။ နည်းသစ်သည် သီးနှံပိုထွက်ပြီး အန္တရာယ်လည်းနည်းသည်။ အခုတော့ သူသည် တောင်ထိပ်တွေဆီ ပြေးတက်သွားလိုက်ချင်သည်။ သူသည် ကိုလိုရာဒိုက အေးစိမ့်ရှင်းသန့်သောလေကို သွားအမှတ်ရစေသည်။

"မနက်ဖြန်ကျရင် မောင်တို့စခန်းသာကို သွားလည်ကြမယ်။ အဲဒီမှာပဲ အချိန်ဖြုန်းကြရအောင်"

စဝ်က ကြေညာလိုက်သည်။

အိပ်ချင်မူးတူးဖြစ်နေကြသော ဟော်နန်းကလူတွေကို နှိုးစက်ပေးလိုက်သလိုနေသည်။ စားဖိုမှူးမဟာသည် သူ့စက်ဘီးဖြင့် ဈေးသို့ပြေးပြီး

www.nyisay.com



ကြက်နှင့်အခြားလိုအပ်သော ပြင်ဆင်စရာ အသီးအနှံတို့ကိုဝယ်လေသည်။

မဏ္ဍနစ်ဘအေးကတော့ သူ့စက်ပစ္စည်းတွေကို စစ်ဆင်ရေးတစ်ခု ဝင်တော့မည့်အလား စစ်ဆေးလေတော့သည်။ ကိုယ်ရံတော်တပ်ခေါင်းဆောင် ဘူကောင်းသည် လက်နက်ခဲယမ်းများကို ပြင်ဆင်တိုက်ချွတ်ဖို့၊ ဘွတ်ဖိနပ်တွေကို ပြောင်နေအောင်တိုက်ဖို့ အမိန့်ပေးတော့၏။

''အချစ်ဖိတ်ချင်တဲ့လူတွေလည်း ဖိတ်လိုက်ဦးလေ''

စဝ်က သုစန္ဒီကိုပြောလိုက်သည်။ သုစန္ဒီက သူတို့၏ဒါဖင်ဝက်မျှ ရှိသော ဆွေမျိုးတွေအား သူတို့ပါတီပွဲလေးမှာပါဝင်ပျော်ပါးကြဖို့ ဖိတ်တာကို စဝ်က အလွန်သဘောကျလေသည်။ ဟော်နန်းဟောင်းစခန်းသာကို သွားလည်တာ စဝ် သိပ်ကြိုက်သည်။ သူက သိုက်သိုက်ဝန်းဝန်း ပေါင်းဖော်နေကြတာမျိုးကို ပိုလို့ သဘောတွေ့လေသည်။ သူငယ်ငယ် ဒုတိယကမ္ဘာစစ် အတွင်းက သူအကြိုက်ဆုံး ဆူညံအော်ဟစ်ပျော်မြူးခဲ့သော ဟော်နန်းနေရာအဖြစ် သတိရစရာဖြစ်ပြီး ခမ်းနား ကြီးကျယ်သော ဟော်နန်းကို စွန့်ပစ်ထားခဲ့လေသည်။ စဝ်က သုစန္ဒီအား စခန်းသာကို ကြိုက်နှစ်သက်ပြီး စိတ်ထဲစွဲနေစေချင်မိပြန်သည်။ ဖြစ်နိုင်လျှင် ဒီနှစ်တွေမှာ သူတို့သည် နေရာဟောင်းမှာ လာနေလိုက်ချင်မိလေသည်။

တစ်နေ့မှာ သူသည် ပြည်နယ်ကိုကြာရှည်စွာ မအုပ်စိုးရတော့လျှင် သူ့အတွက် စီးပွားရေးလုပ်ဖို့အချိန်တွေ အများကြီးရနိုင်လေသည်။ ယခု အချိန်သည် ရှမ်းပြည်ကို သီးခြားပြည်နယ်တစ်ခုအဖြစ် အုပ်ချုပ်ရမည့်ခေတ် မဟုတ်တော့မှန်း သဘောပေါက်လေသည်။ သူနှင့်အခြားစော်ဘွားများသည် အချိန်ကုန်မခံနေဘဲ စော်ဘွားအာဏာကိုစွန့်လွှတ်လိုက်ကြပြီး မြန်မာနိုင်ငံ အတွင်း ရှမ်းပြည်နယ်ဗဟိုအုပ်ချုပ်ရေးအတွက် ဒီမိုကရေစီနည်းလမ်းအရ ရွေးကောက်တင်မြှောက်ခံရသောလူက ရှမ်းပြည်ကို အုပ်ချုပ်ရမည်ဖြစ်လေသည်။

စဝ်က လင်းရိုဘာကို သူကိုယ်တိုင်မောင်းသည်။ သူ့ဘေးမှာ သုစန္ဒီ ကထိုင်ပြီး ကိုယ်ရံတော်တွေကနောက်မှနေ၍ ဂျစ်ကားဖြင့် လိုက်လာကြလေသည်။ ကမ္ဘာ့ဘယ်နေရာမှာပဲဖြစ်ဖြစ် ကိုယ်ရံတော်မပါဘဲသွားဖို့ အကြံမပေးသင့်ကြောင်း သူက သူမကို သဘောပေါက်ဖို့ ရှင်းပြနေစရာမလိုဟု သူထင်လေသည်။

အဝေးပြေးကားလမ်းမပေါ်တွင် မြန်မာ–ကုလားဓားပြများသည် ဓားပြတိုက်လေ့ရှိကြသည်မှာ ရာစုနှစ်နှင့်ချီ၍ ရှိခဲ့ပေလေပြီ။ လွန်ခဲ့သော နှစ်ပတ်လောက်က တောင်ပိုင်စော်ဘွားနှင့် မဟာဒေဝီတို့ သီပေါမြောက်

www.nyisay.com



ဘက်နား လမ်းဖြောင့်ဖြောင့်ကြီးပေါ်တွင် ဓားပြတိုက်ခံခဲ့ရသည်။ လုံခြုံရေး မပါဘဲ သူတို့နှစ်ယောက်သား မေမြို့မှ သီပေါသို့ ကားဖြင့်လာကြရာလမ်းတွင် ဓားပြသုံးယောက်က ဓားပြတိုက်ခဲ့ကြသဖြင့် ရွှေငွေလက်ဝတ်ရတနာတို့ ပေးခဲ့ကြရသည်။ သူတို့နှစ်ယောက်သား ကားနောက်ခုံတွင် ငိုက်နေခဲ့ကြရာ ကားဒရိုင်ဘာ၏ အလန့်တကြားဖြင့် ဘရိတ်အုပ်လိုက်သံ အော်သံတို့ကြောင့် သူတို့နိုးသွားခဲ့ရသည်။ သူသည် ကားကိုကွေ့ချလိုက်သောအခါ ရှမ်းဓားပြ နှစ်ယောက်သည် ကားရှေ့မှာရပ်လိုက်ပြီး လေကာမှန်ကို သေနတ်ဖြင့် ချိန် ထားလိုက်ကြသည်။ တတိယလူသည် ကားဒရိုင်ဘာကို ပါလာတဲ့လူတွေက ဘယ်သူလဲဆိုတာ ခပ်သွက်သွက်ပဲ မေးတော့သည်။ တောင်ပိုင်စော်ဘွားသည် သူ့ကိုယ်သူ လာရှိုးမှလာသော ကုန်သည်ဟုလိမ်ပြီး သူစော်ဘွားဖြစ်ကြောင်းကို ဖုံးကွယ်ထားလိုက်သည်။ ဓားပြတောင်းသော လမ်းဖြတ်ခငွေ ပေးလိုက်သည်။ စော်ဘွားသည် သူ့ပိုက်ဆံအိတ်ထဲက အကုန်ဖြစ်သော ငွေငါးရာကျပ်ကို ထုတ်ပေးလိုက်သည်။ ဓားပြလည်း ကျေနပ်သွားခဲ့သည်။ ပြီးနောက် မဟာဒေဝီ၏ လက်လက်တောက်ထနေသော အင်္ကျီကြယ်သီး များကို ဓားပြခေါင်းဆောင်က မြင်လိုက်တော့သည်။



သီပေါစော်ဘွားကြီး၏ နွေရာသီစံနန်းတော် (စခန်းသာဟော်နန်း)

www.nyisay.com



စားပြဲတွေက မဟာဒေဝီ၏အင်္ကျီကြယ်သီးများကို ဖြုတ်ယူရမှာကို အားနာဟန်ရှိသည်ဟု စော်ဘွားထင်လိုက်သည်။ သို့သော် ကံမကောင်းစွာဘဲ သူတို့က ကြယ်သီးတွေကို မဟာဒေဝီ၏အင်္ကျီပေါ်မှ ကိုယ်တိုင်ကိုပဲ ဖြုတ်ခိုင်းလိုက်လေသည်။ ထို့နောက် သူတို့သည် တစ်နာရီခွဲကြာသောအခါ အရှေ့ဟော်နန်းသို့ ရောက်လာခဲ့ကြသည်။

သူမ၏အိမ်နီးနားချင်း မဟာဒေဝီသည် တုန်လှုပ်ချောက်ချားစွာဖြင့် သူမ၏ အင်္ကျီကိုဆုတ်ကိုင်ထားသည်ကို သုစန္ဒီ တွေ့လိုက်ရသောအခါ သူမအတွက် ဘာလိုအပ်နေသလဲဆိုတာ ချက်ချင်းပင် သိလိုက်လေသည်။ သူမသည် လက်ဝတ်ရတနာသေတ္တာထဲက နီလာကြယ်သီးငါးလုံးကို တောင်ပိုင်မဟာဒေဝီအတွက် ငှားပေးဖို့ မွိုင်းကို သွားယူခိုင်းလိုက်သည်။ တောင်ပိုင်မဟာဒေဝီသည် ထိုနီလာကြယ်သီးကို ဝတ်ဆင်ပြီး နမ့်ဆန်သို့ပြန်ရန် ဖြစ်လေသည်။ တောင်ပိုင်စော်ဘွား စဝ်ခွန်ပန်းစိန်သည် သူ့ကိုယ်ရံတော် မပါဘဲ သူ့အိမ်ကနေဘယ်တော့မှမထွက်တော့ပါဟု ထုံးစံနှင့်အညီ ကတိသစ္စာ ပြုခဲ့လေတော့သည်။

ခရီးလမ်းဆုံးလို့ စခန်းသာသို့ရောက်သောအခါ ကားဒါဇင်ဝက်နှင့် ဂျစ်များပေါ်တွင် လိုက်ပါလာကြသည့် စိတ်လှုပ်ရှားနေကြသော ဆွေမျိုးသားချင်းများ၊ ပြည်နယ်အရာရှိများနှင့် နောက်လိုက်နောက်ပါများဖြင့် ဝင်းအတွင်းပြည့်နက်သွားတော့လေသည်။ မန္တလေးသို့သွားသော ကားမကျပ်သည့် ကတ္တရာလမ်းရှင်းရှင်းပေါ် မောင်းရတာ စဝ်က ပျော်နေလေသည်။ သူသည် သီချင်းညည်းရင်းက ကားရေဒီယိုလိုင်းကို စမ်းညှိကြည့်နေသည်။ ထပ်ဆင့်ထုတ်လုပ်ရေးစင်မရှိပါဘဲ အသံလှိုင်းကြည်ကြည်ဖမ်းလို့ရသည်။ သူသည် လမ်းဘေးက မြေကွက်နှစ်ခုနေရာမှာ ကားကိုရပ်လိုက်သည်။ ဒီနေရာမှာ သူက သီးနှံများကို စမ်းသပ်စိုက်ပျိုးခဲ့သည်။

''ဒီနေရာမှာ မောင်တို့ နာနတ်သီးစိုက်မယ်''

သူသည် သုစန္ဒီကိုလှည့်ပြောရင်းက လွိုင်ကော်ရွာအနီးက တောင်တောဘေးရှိနေရာကို လက်ညှိုးထိုးပြသည်။ စဝ်သည် စိတ်ကူးဖြင့် အတန်းလိုက် နာနတ်ခင်းကြီးကို မျက်စိတစ်ဆုံးမှန်းကြည့်လေသည်။ ပိတ်ထူနေသော ချုံနွယ်ချုံပုတ်များကြောင့်တော့ သူစိတ်အားလျော့မသွားပါ။ အခုတော့ မိုးဝတ်နေသေးသည်။ လုံ့လဝိရိယရှိသော အလုပ်သမား တစ်ဒါဇင်လောက်ဖြင့် ဒီကိစ္စပြီးနိုင်လေသည်။ လမ်းအောက်ဘက် ခပ်ဝေးဝေးနေရာကို စဝ်က သုစန္ဒီကို

www.nyisay.com



လက်ညှိုးထိုးပြပြန်သည်။ ထိုနေရာတွင် ကော်ဖီနှင့် ချင်း စမ်းသပ် စိုက်ပျိုးဖို့ သူ စီစဥ်ထားလေသည်။

သူတို့သည် စိုက်ပျိုးဖို့ ရာထားချက်များကို မှန်းဆတွေးကြည့်ကြ ပြီးနောက် အိပ်ချင်စရာ ရွာလေးတွေကို ဖြတ်ကျော်လာခဲ့သည်။ သုစန္ဒီက စဝ်ဘက်လှည့်ပြီး ...

''ကျွန်မကို စခန်းသာအကြောင်း နည်းနည်းလောက်ပြောပြပါလား။ အဲဒီနေရာက ရှန်ဂရီလာလား''

''အင်း ဟုတ်နိုင်တာပေါ့''

စဝ်က စိတ်အားထက်သန်စွာဖြင့် ...

''အဲဒီနေရာကလေ နိဗ္ဗာန်ဘုံလေးလိုပဲလေ။ မောင် မျှော်လင့်တာပဲ။ အဲဒီကို မောင့်အစ်ကို စဝ်အုံကြာသွားနေကျပဲ။ သူတို့အတွက် အပျော်ဆုံး နေ့ရက်တွေပေါ့။ မောင်ရောပေါ့။ သူရယ်၊ မောင့်ဦးလေး ဆာစဝ်ထယ်ရယ်။ သူတို့က အင်္ဂလိပ်အတိုင်း လိုက်လုပ်တာပဲ။ အင်္ဂလိပ်တွေက အပူဒဏ်ကို မခံနိုင်ကြဖူးလေ။ နွေဆိုသိပ်ပူတော့ အင်္ဂလိပ်အစိုးရကတောင်ပေါ်တွေမှာ သူတို့ စခန်းတွေဆောက်ကြတာပဲ။ အင်္ဂလိပ်တွေရဲ့ စခန်းနဲ့နီးတယ်လေ အဲဒါမေမြို့ပေါ့။ ဒီနေရာလမ်းအောက်ဘက်ကနေ မိုင် ၆၀ လောက်ပဲဝေး တော့တယ်''

''ကျွန်မတို့ မေမြို့ပေါ်ကနေ လေယာဥ်နဲ့ဖြတ်သွားဖူးတယ်လေ။ ကျွန်မ မှတ်မိတာပေါ့''

သုစန္ဒီပြောလိုက်သည်။

'' ဘယ်လိုပဲဖြစ်ဖြစ်ပေါ၊ မောင့်အရင်စော်ဘွားတွေက သီပေါကနေ ဒီနေရာ စခန်းသာမှာ နန်းစိုက်ကြတယ်။ အဲဒါသိပ်ကြီးမားတဲ့ အောင်မြင်မှု ပေါ့။ လူတိုင်း ဒီနေရာကိုကြိုက်ကြတယ်။ ဟော်နန်းတော်က ကြီးလည်းကြီး ကျယ်လည်းကျယ်တယ်။ လှလည်းလှတယ်။ လူတွေက မိုင်ပေါင်းအဝေးကြီး ကနေ ဒီနေရာ လာနေကျပဲ။ ဒါကြောင့် အမြဲပဲ လူတွေ၊ ဧည့်သည်တွေ ပြည့်နေတာပဲ''

စဝ်က စိတ်ပါလက်ပါဖြင့် အောက်မေ့ဖွယ်များကိုပြောပြနေလို့ ကွေ့ရမည့် လမ်းလေးကိုကျော်သွားခဲ့သည်။ မတ်စောက်သော ကျောက်စရစ် လမ်းကို သတိထားပြီးဆင်းရသည်။ သည့်ရက်တွေမှာ လမ်းတွေကပိုကောင်း နေသည်။ လမ်းကကျယ်ပြီး ပုံဖော်ထားသည်။ သို့သော်လည်း လမ်းပေါ်မှာ

www.nyisay.com



ချုံပင်ပေါင်းပင်တွေ ပေါက်နေသည်။ ထို့ကြောင့် ကားတာယာဖိနင်းသောအခါ ချွတ်ချွတ်မြည်နေတော့သည်။ ကားသည် တဖြည်းဖြည်း ခုန်မြောက် ဆောင့် အောင့်လာသည်။ သုစန္ဒီမမေးခင်မှာ စဝ်က •••

“ ငါးမိုင်လောက်ပဲလိုတော့တယ်။ ဘာလို့ တန်ဖိုးရှိတာလဲဆိုတာ အချစ်မြင်ရလိမ့်မယ်”

သူတို့ကား သွက်သွက်လေးတက်ရသည်။ မြေကြီးအရောင်က စပြောင်း လာနေလေသည်။ လေညင်းပြေက စိမ့်လာသည်။ တောနံ့တောင်နံ့ရသောအခါ သူမအဖေနှင့်အတူ အမြဲစိမ်းသစ်တောအတွင်း ငယ်ငယ်ကသွားခဲ့ဖူးတာကို အောက်မေ့ရလေသည်။

“ကြည့်စမ်း ထင်းရှူးပင်တွေ”

သုစန္ဒီ စိတ်လှုပ်ရှားစွာဖြင့် အော်လိုက်သည်။

“ကျွန်မ မြန်မာပြည်ရောက်ကတည်းက တစ်ခါမှ မမြင်ဖူးသေးဘူး”

“မောင်သိနေတယ်လေ အချစ်သဘောကျမယ်ဆိုတာ”

စဝ်က ရယ်ရင်းကပြောသည်။

“ပြီးတော့ ဒီထက်ပို အံ့အားသင့်စရာတွေ ရှိသေးတယ်”

သူမ သစ်ပင်တွေကို ဘယ်လောက်သဘောကျသလဲဆိုတာ သူ သိလေ၏။ တစ်ခါတုန်းက သူတို့ဝရန်တာမှာ ထိုင်စကားပြောကြစဉ် သူမက သစ်ပင်တွေမှာ အသက်ရှိတယ်။ ဒါကြောင့် သူတို့ကို ကိုယ်က တခြားသက် ရှိတွေလိုပဲ တန်ဖိုးထားလေးစားရမယ်ဟု ပြောဖူးလေသည်။ တောင်ထိပ် ရောက်သောအခါ မြေပြန့်ခုံးလေးဖြစ်လာသည်။ ထိုနေရာတွင် ကြီးမားသော သစ်ပင်ကြီးများနှင့်ရောနှောလျက် စိန်ပန်းပင်များ၊ ငွေဝက်သစ်ချပင်များ၊ ထင်းရှူးပင်များ၊ တရုတ်ချယ်ရီပင်များ၊ သဖန်းပင်များကို နေရာအနှံ့တွေ့ရ လေသည်။ ကြီးမားခန့်ညားထည်ဝါသော သစ်ပင်ကြီးတွေအောက်က သူတို့ ဖြည်းဖြည်းဖြတ်ကျော်လာပြီးသောအခါ သုစန္ဒီသည် စဝ်ကို သူတို့လမ်းဆင်း လျှောက်ပြီး သစ်ပင်ကြီးတွေ အနားကပ်ကြည့်ရအောင်ဟု ပြောလေသည်။

နောက်ဆုံးမတော့ ဟော်နန်းကို မြင်ကွင်းထဲမှာတွေ့လိုက်ရလျှင် စဝ် ရုတ်တရက်ရပ်လိုက်သည်။ နို့နှစ်ရောင် ရှေးဂရိရောမဟန် အဆောက် အဦကိုမြင်လိုက်ရသောအခါ အီတလီမြောက်ပိုင်းတောင်ပေါ်က အဆောက် အဦတွေကို သွားအတွေးရစေလေသည်။ ဟော်နန်း၏အလယ်က လှေကား

www.nyisay.com



ထစ် မာဘယ်လ်ကျောက်ပြားများသည် တကယ်တော့ မက်ဒီတာရိန်းနီးရမ်း မှလာသည်။ ကြီးမားသော ပြတင်းပေါက်များ၊ မြင့်မားသော တိုင်လုံးများ၊ ကျယ်ဝန်းသော မြေပြင်ပြန့်ခုံးတို့သည် အဆောက်အဦကို အလင်းရောင် ကောင်းကောင်းရစေလေသည်။ အဆောက်အဦ၏အလယ်ပိုင်းသာ သူ့နဂို မူရင်းအမိုးအတိုင်းရှိနေသည်။ ညာဘက်တောင်ပံအမိုးကို ပြန်လည်ပြုပြင်ပြီး ကွန်ကရစ်ပြားမိုးထားသည်။

ဘယ်ဘက်တောင်ပံတွင်မူ အမိုးနှင့်မျက်နှာကြက်များ ကင်းမဲ့နေသည်။ ဟာလာဟင်းလင်းဖြစ်နေသည်။ စစ်၏အကြွင်းအကျန်အဖြစ် သက်သေခံ နေလေတော့၏။ မြင်သာသော အပျက်အစီးတွေအစား ရိုးစင်းလှပသော ဟော်နန်းက စဝ်နှင့် သူ့နောက်တော်ပါးတွေကို စွဲမက်စေလေသည်။

သည်မြင်ကွင်းတွေမှ စဝ်အတွက် အပျော်များဖြင့်ပြည့်လျှံနေသော စိတ်အချမ်းသာဆုံး ခံစားမှု့အတွေ့အကြုံများကို ထွက်ပေါ်လာချင်မိ လေသည်။ သည်နေရာသည် သူ့အတွက် နှစ်ပေါင်း၃၀အတွင်း အပျော်ဆုံး နေထိုင်ခဲ့သော နေရာလည်းဖြစ်သည်။ သူသည် သူ့အဖေအိမ်တွင် နေထိုင်ရစဉ်က စိတ်ဆင်းရဲ ခဲ့ရတာတွေကို မေ့ပစ်နိုင်ခဲ့လေသည်။ သူ ဒါဂျီလင်ကျောင်းမှပြန်လာပြီး စခန်းသာတွင်နေရစဉ်က အခန်းကျယ်ကြီးတွေတွင် ပျော်ရွှင်စွာ လွတ်လွတ် လပ်လပ် ရယ်မောနေနိုင်ခဲ့သည်ကို အမှတ်ရမိ လေသည်။ သည်နေရာတွင် သူသည် ပထမဆုံး အချစ်ဦးကိုတွေ့ရှိခဲ့ရသည်။ သူသည် အတိတ်က အကြောင်းလေးတွေပြန်တွေး သတိရမိသော်လည်း ထိုမိန်းကလေးနှင့် ပတ်သက် သော အချစ်အကြောင်းတော့မဟုတ်ချေ။ ကောလိပ်ကပညာရေးကို ကောင်းကောင်း သင်ကြားလာခဲ့ပြီး သူ့ဆုံးဖြတ်ချက်ဖြင့် အောက်စ်ဖို့မှ အမ်အေဘွဲ့ ရလာခဲ့သော သူ့အစ်ကိုတစ်ဝမ်းကွဲ စဝ်အုံကြာနှင့် စကားတွေ အများကြီးပြောခဲ့ဖူးတာ ကိုသိသည်။

သူတို့လင်းရိုဘာကားသည် ဟော်နန်းရှေ့က ဆင်ဝင်နေရာရောက် လာသောအခါ သူတို့၏အစောင့်အရှောက်များနှင့် ဆွေမျိုးအပေါင်းတို့သည် ပန်းစည်းများအပြုံးများဖြင့် ရပ်စောင့်နေကြသည်ကို တွေ့လိုက်ရလေသည်။ စဝ်ကားတောင်ပေါ်တက်လာသည့် ကားသံကိုကြားကတည်းက သူတို့ကြိုစောင့် နေကြခြင်းဖြစ်သည်။ စဝ်က သူငယ်ငယ်က ပြေးဆော့ကစားခဲ့သော မြေပြင် ကို မြင်လိုက်ရသောအခါ ကျောင်းသားလေးတစ်ယောက်လို စိတ်တွေလှုပ်ရှား

www.nyisay.com



နေတော့သည်။ သို့သော်လည်း စဝ်သည် သူ့အလုပ်သမားတွေ ရှေ့မှာအရှိအသေတန်မည်စိုးသဖြင့်သာ သူ့စိတ်တွေကို ထိန်းချုပ်ထားရသည်။ သူတို့တွင် တောင်းဆိုချက်များစွာတွေနှင့် သူတို့အရှင်သခင်အပေါ် တင်ပြစရာများ ရှိနေကြသည်။ တစ်ခါက သူ့တာဝန်အတွက် သူ့ဟာသူ အပြစ်ကို ၄င်းလွှတ်ခဲ့ဖူးသေးလေသည်။

စဝ်သည် သုစန္ဒီ၏လက်ကိုဆွဲပြီး အထူးမွမ်းမံပြင်ဆင်ထားသော ပလ္လင်အခန်းနှင့် ဆက်ရက်ခန်းမကြီးများဆီ ခေါ်ဆောင်သွားလေသည်။

အခန်းကျယ်ကြီးကို ဆက်လက်ထိန်းသိမ်းထားပြီး ရှုပ်ထွေးလှပသော ပါကေးများဖြင့် ခင်းထားသည်။ တစ်ခါက စင်ခုံမြင့်လေးပေါ်တွင် ပလ္လင်ရှိနေခဲ့ဖူးသည်။ ပလ္လင်၏အနားသပ်တွေကို ခမ်းနားလှပအောင်ပြင်ဆင်ထားသည်။ ပန်းပုလက်ရာများလည်းပါရှိသည်။ တောက်ထိန်ဝင်းလက်နေသော ရွှေသစ်ရွက်လေးတွေက တဖိတ်ဖိတ်လင်းနေရာ မနေ့ကတည်းက ပြင်ဆင်ထားခဲ့ပုံရလေသည်။ ကြီးမားကျယ်ပြန့်သော လှူတစ်ရပ်စာ မှန်တံခါးမကြီးကိုဖွင့်ထားလေရာ ဆင်ဝင်မှ ပြင်ပကမြင်ကွင်းကျယ်ကြီးကို လေတစ်ဝရှူပြီး မြင်နေနိုင်လေသည်။ သစ်တောတောင်တွေ တစ်တောကိုတစ်တော ထပ်လျက် ဟိုးအဝေးမှာမြင်နေရသည်။ တောင်စွယ်တောင်စွန်းများသည် တစ်တောင်ကို တစ်တောင်က ထိုးတက်မြင့်မားနေကြသည်။ အလှအပတွေကို ဖျက်ဆီးစေသော ရွာတွေမရှိ လယ်ယာတွေမရှိသော သဘာဝအလှကို ဘယ်သူမျှ တည်ဆောက်နိုင်မည် မဟုတ်ချေ။

''ဘယ်လောက်များ လှလိုက်သိမ်မွေ့လိုက်လဲ အယ်လ်။ ဒါမှ မဟုတ်ရော့ကီးတောင်တန်းတွေနဲ့ ကွာလိုက်တာနော်''

သုစန္ဒီသည် သူ့ဟာသူ တိုးတိုးလေး ရေရွတ်နေမိတော့သည်။ သူတို့နေထိုင်ဖို့ ပြင်ဆင်ထားသော ဟော်နန်းအတွင်းက ကိုယ်ပိုင်အခန်းကျယ်ကြီးထဲကို စဝ်က လက်ဆွဲလျက် လိုက်လံပြသနေရာ သုစန္ဒီက လှည့်ပတ်ကြည့်နေလေသည်။

ဘယ်သူမှ စကားမပြောမိကြ။ သူတို့ခြေထောက်တွေ ပါကေးကြမ်းခင်းပေါ် လျှောက်သွားနေသံသည် ဟိုးအဝေးမှ စကားပြောသံတွေလို ကြားနေရသည်ဟု သူထင်မိသည်။ ဟော်နန်း၏ဘယ်ဘက်အဆောင်တွင် ညှော်ခန်းနှင့် ရုံးခန်းရှိသည်။ ထိုနှစ်ခန်းသည် ဟော်နန်း၏ အပြင်ဘက်ပိုင်း

www.nyisay.com



တွင်ကျနေပြီး ဂျပန်ခေတ်က မီးလောင်သွားခဲ့လေသည်။ ထိုနေရာသည် ပြည်နယ် ပြည်ထဲရေးရုံးအဖြစ်သုံးခဲ့သလို ဆွေမျိုးများနှင့် အစေခံများလည်း နေခဲ့ကြသည်။

"ဘာလို့ အလကားပစ်ထားလိုက်တာလဲ"

သုစန္ဒီပြောလို့ စဝ်သည် သူမကို မီးလောင်ထားသောနေရာမှ ဆွဲခေါ်ထွက်လိုက်သည်။

"ဂျပန်တွေက တမင်သက်သက် မီးရှို့ခဲ့တာလား။ ဒါမှမဟုတ် တိုက်ပွဲကြောင့်လား"

"အဲဒါ တိုက်ပွဲကြောင့်တော့ မဟုတ်ဘူး။ ဂျပန်တွေ မဆုတ်ခင်က တည်းက ဖြစ်ခဲ့တာပဲ။ ဘယ်သူမှ အတိအကျမပြောနိုင်ခဲ့ကြဘူးလေ။ သူတို့ ပဲ တမင်သက်သက် မီးရှို့ခဲ့တာလား၊ မတော်တဆ မီးလောင်ခဲ့တာလား ဆိုတာလေ။ ရွာသားတွေက မီးညွန့်တွေမြင်တော့မှသိရတာ။ သူတို့လည်း ဘယ်လိုငြိမ်းရမှန်း မသိကြဘူးဖြစ်နေတယ်။ မီးလောင်နေတာကိုပဲ ကြည့် နေကြရတယ်။ ထူးဆန်းတာက ပလ္လင်ရှိတဲ့အခန်းရောက်တော့ မီး သူ့အလို လိုငြိမ်းသွားတယ်"

စဝ်သည် သုစန္ဒီကို မာဘယ်လ်ကျောက်တုံးများ ပတ်ပတ်လည်ထိပ်ထိ အဆင့်ဆင့်စီလုပ်ထားသော ဆင်ဝင်ဆီ ခေါ်သွားလိုက်သည်။သူမ၏ စိတ်ထဲ တစ်ခါလောက်ထပ်ပြီး စိမ့်ဝင်ခံစားပြီး မြင်ဖူးလိုက်ရန် သူမျှော်လင့်မိလေသည်။ သည်အစားသူမ၏ လက်တွေ့ကျသော မေးခွန်းကြောင့် သူ အံ့သြရလေသည်။

"ဒီနေရာက သိပ်လှတာပဲ။ ဘာလို့ မောင်ကပြန်မဆောက် ရတာလဲ"

"မောင်လည်း ဒါကို စဉ်းစားခဲ့ဖူးတာပဲ အချစ်ရဲ့။ ဂျပန်တွေထွက် သွားပြီး ၁၉၄၅ ကတည်းက ဒီကိစ္စက သိပ်မလွယ်လှဘူး။ အင်္ဂလိပ်တွေ ပြန်ဝင်လာတယ်။ သူတို့က သီပေါမှာ အုပ်ချုပ်ရေးဆက်လုပ်တယ်။ နှစ်နှစ် ဆက်တိုက်ပဲ။ မောင် နန်းတက်ရတာပဲ။ ဒါပေမဲ့ မောင်လည်း သီပေါနယ်ကို အစွမ်းကုန်ကာကွယ်ရတော့တာပဲ။ ဘာလို့လဲဆိုတော့ ကွန်မြူနစ်တွေက ဝိုင်းထားတယ်လေ။ သူတို့က လားရှိုးနဲ့မေမြို့ကို သိမ်းထားတယ်။ မောင်တို့ က သူတို့ကို သီပေါနယ်ကနေ မောင်းထုတ်ရတယ်"

"ဒီနေရာမှာ တိုက်ပွဲတွေဖြစ်ခဲ့တယ်ဆိုတာ ကျွန်မစိတ်ကူးနဲ့မှန်း ကြည့်လို့မပေါ်ဘူး။ ကျွန်မစိတ်ထဲ အေးချမ်းတယ်လို့ ခံစားရတဲ့ ဒီလိုနေရာမျိုး

www.nyisay.com



တစ်ခါမှ မရောက်ဖူးဘူး''

သုစန္ဒီပြောလိုက်တော့ သူသည် ခဏငြိမ်နေပြီး သူ့မျက်မှန်ကို ညီမညီ ကြည့်နေလေသည်။

''ဟုတ်တယ်၊ အခြေအနေတွေက ကောင်းလာခဲ့တယ်။ မောင် အမေရိကန်ကိုသွားခဲ့ရတယ်။ ရှမ်းပြည်အုပ်ချုပ်ရေးမှူး ဦးလတ်က အုပ်ချုပ်ရေးကို တာဝန်ယူပေးခဲ့တယ်။ ဒါကြောင့်လေ သဘောပေါက်တယ် မဟုတ်လား။ စခန်းသာကိုပြန်ပြင်ဖို့ကိစ္စကို သပ်သပ်ဦးစားပေး မဖြစ်ခဲ့ဘူးလေ။ အခုလည်း မောင့်တိုင်းသတ္တုတူးဖော်ရေးကုမ္ပဏီက ပြည်နယ်အတွက် မအောင်မြင်မခြင်း ဒီဟော်နန်းကိုပြန်ပြင်ဖို့ လုပ်နိုင်မယ်လို့မထင်ဘူး''

''ကျွန်မတော့လေ ကျွန်မတို့ သားသမီးတွေကို ဒီနေရာမှာကြီးပြင်းစေချင်တယ်''

စဝ်က သူမမျက်နှာကို လက်ဖြင့်ဆွဲယူပြီး ဖွဖွလေး မနမ်းလိုက်ခင်မှာ သူမ ပြောလိုက်လေသည်။

''လာ''

စဝ်က ဆင်ဝင်နေရာမှ သုစန္ဒီကိုခေါ်သွားပြန်သည်။ ပန်းခြံထဲ ဖြတ်တဲ့အခါကျမှ ...

''မောင့်မှာ အခုထိ အချစ်ပေါ်အကြွေးကျန်နေသေးတယ်''

သူတို့သည် ပန်းခြံထဲ အပျင်းပြေထွက်လမ်းလျှောက်ကြသောအခါ ညီညီညာညာဖြတ်ထားသော မြက်ခင်းအဟောင်းတွေ၊ နှင်းဆီပန်းဥယျာဉ်တွေ၊ စတော်ဘယ်ရီးခင်းတွေ၊ အဖိုးတန်သစ်ပင်တွေကို ဖြတ်သွားကြသည်။ သူတို့က ဖိတ်ခေါ်နေလေသည်။ လေက လတ်ဆတ်ရှင်းသန့်နေသည်။ စဝ် ကတော့ အမှတ်ရနေမိပြန်သည်။ သို့သော် သူတို့သည် ပေလေးထောင်ကျော်မြင့်သော အပေါ်စီးနေရာမှ အောက်ကိုငုံကြည့်လိုက်သောအခါ မြူခိုးတိမ်လိပ်များ ရောယှက်လိမ်လျက် မှုန်ရီမှိုင်းပျသော တောင်တန်းတွေကိုသာ မြင်ရလေသည်။

''ကျွန်မတို့ ဒီမှာ ရက်နည်းနည်းလောက်နေကြရအောင်''

သုစန္ဒီပြောရင်းက ကျောက်တုံးရှည်ခုံတန်းတစ်ခုပေါ် ထိုင်ချလိုက်သည်။ တရုတ်ချယ်ရီပင်ရိပ်တွေက ကွက်တိကွက်ကြားထိုးကျနေလေသည်။

'' တစ်နေ့တော့ ဖြစ်လာမှာပါ''

စဝ်က သူနှစ်သက်သလို သုစန္ဒီကလည်း စခန်းသာကို နှစ်သက်သဖြင့်

www.nyisay.com



ပျော်မိလေ၏။

သူလည်း သူမဘေးမှာ ထိုင်ချလိုက်သည်။ သူတို့နှစ်ယောက်သား ဒန်ဗားက စီးတီးပန်းခြံတွင် နောက်ဆုံးထိုင်ခဲ့တုန်းကလို စိတ်ကို လျှော့ချလိုက်ပြီး စိတ်လွတ်ကိုယ်လွတ် ပေါ့ပါးအေးငြိမ်းနေတော့သည်။ သည်လို အေးချမ်းတိတ်ဆိတ် ငြိမ်သက်နေသော နေရာမှ ဘယ်သူမျှ ထွက်မသွားချင်ကြချေ။

''ဘယ်သူက ဒီနေရာမှာ နွေရာသီစံနန်းဟော်ဆောက်ဖို့ ဆုံးဖြတ်ခဲ့တာလဲ။ မောင့် အဘိုးလား''

''မဟုတ်ဘူး။ မောင့်ဦးလေးဆာစဝ်ချယ်က ဒီစခန်းသာကိုဆောက်ခဲ့တာ။ သူက သူ့မယားလေးဆယ်ရယ်၊ သူ့ကလေး လေးယောက်အပြင် နောက်ထပ်မွေးစားတဲ့ကလေး ဒါဇင်လောက်ရယ်နေဖို့ နေရာကျယ်ကျယ်လိုတယ်လေ''

''ကျွန်မ သိပ်ဝမ်းသာတာပဲ။ မောင်က သူ့ခြေရာမနင်းလို့လေ''

သုစန္ဒီက ရယ်သံလွင်လွင်ဖြင့် ပြောလိုက်သည်။

''သူ့အဆင့်မြင့်မြင့် စတိုင်နဲ့နေမှာ သေချာတယ်''

''သူ့မှာ အဆင့်မြင့်မြင့်စိတ်ကူးရှိတာပေါ့။ သူက သီပေါမင်းရှိစဉ် မန္တလေးနန်းတော်က ပုံစံယူလာပြီးဆောက်တာ။ သူက အင်္ဂလန်နဲ့ဥြောစတေးလျလည်း ရောက်ခဲ့ဖူးတယ်။ သူ့ကို မှတ်မိချင်လိုက်တာ။ သူသေတော့ မောင်က လေးနှစ်သားပဲရှိသေးတာလေ။ ဒါပေမဲ့ အန်တီကြီးဘုရားက သူ့အကြောင်းတွေ အများကြီးပြောပြခဲ့ဖူးတယ်လေ။ အချစ် အန်တီကြီးဘုရားကို မေးကြည့်သင့်တယ်။ သူက သိပ်ပြောပြချင်တာလေ''

သုစန္ဒီက သူမအတွက် ညှို့လိုက်သော စကားကို ကြားလိုက်သည်ဟု ထင်လိုက်မိလေသည်။

''ဘယ်သူမှ ဒီအကြောင်းတွေကို စာနဲ့မရေးခဲ့ကြဘူးလား''

သူမ မေးလိုက်သည်။

''အခုထိတော့ မရေးကြသေးဘူး။ တစ်နေ့ကျရင် အချစ်ပဲ ရေးဖြစ်မယ်ထင်တယ်''

စဝ်က သူ့လက်ပတ်နာရီကိုကြည့်ပြီး ထခုန်လိုက်သည်။

''မောင်တို့ ဒီမှာ အကြာကြီးထွက်မနေသင့်ဖူးထင်တယ်။ ပစ်ကနစ်

www.nyisay.com



ပါတီက မောင်ကို့ကို အကြာကြီးစောင့်နေရပြီထင်ပါရဲ့''

လွန်ခဲ့သော နှစ်ပေါင်းလေးဆယ်ကျော်ကပေါက်ခဲ့ကြသော ကြီးမားခန့်ထည်သည့် ဒါဇင်ကျော် သစ်ပင်ကြီးများအောက်မှ သူတို့ ဖြည်းဖြည်းလေး လျှောက်ပြီး ဟော်နန်းဆီသို့ ပြန်ခဲ့ကြလေသည်။ စိမ်းညို့နက်မှောင်နေသော ထင်းရှူးပင်ကြီးများသည် ထီးပုံ လာဗင်ဒါရေမွှေးနံ့ပန်းလေးတွေကို အုပ်မိုးပေးထားသည်။ ထို့နောက် သဘော်ာမယ်ဇလီပင်၊ ဂုပင်အုပ်တို့၏အကိုင်း အခက်အရွက်များသည် ပန်းနုရောင်ပန်းလေးတွေကို အရိပ်ဖုံးပေးထားသည်။ သူတို့၏ တောက်ပြောင်လှပသော ပန်းနုရောင်အခက်များသည် အစိမ်းရောင်အရွက်များအတွင်းမှ ထိုးထွက်နေကြသည်မှာ ပန်းကုံးတွေလို ဖြစ်နေပြီး သဘာဝမိခင်ကြီးအတွက် အလှဆင်ပေးနေသကဲ့သို့ရှိနေ၏။ စဝ်နှင့် သုစန္ဒီတို့ နှစ်ယောက်သား ရုတ်တရက် ညင်သာသာလေး တုန့်ရပ်လိုက်သည်။ တောင်ပေါ်ကဖြတ်တိုက်လာသော လေပြည်ညင်းက သစ်ရွက်လေးတွေအားတိုး တိုးသံကို နားထောင်ကြလေသည်။ သစ်ပင်ကြီးတွေထိပ်က သစ်ကိုင်း သစ်ရွက်များကို ဖြတ်ဝင်လာသော နေခြည်မျှင်လေးတွေနှင့် ခြောက်သွေ့နေသောမြက်ခင်းလမ်းလေးပေါ် ထိုးကျနေသော အရိပ်လေးတွေကို သူတို့ ငေးကြသည်။

''ဒီနေရာက ပန်းခြံနဲ့မတူတော့ဘူး။ တောအုပ်လေးဖြစ်နေပြီ''

သုစန္ဒီပြောလိုက်တာကို စဝ်ကြားလိုက်စဉ် သူတို့နှင့် ပေ၂၀၀ အကွာ ဘယ်ဘက်တွင် အပြောက်အကွက်များဖြင့် ကျားသစ်တစ်ကောင်ကို ရုတ်တရက် တွေ့လိုက်ရလေသည်။ သူသည် သူ့ပါးစပ်ကို လက်ဖြင့်အုပ်လိုက်မိပြီး ချက်ချင်းရပ်လိုက်သည်။ ကျန်လက်တစ်ဖက်က ကျားသစ်ဆီသို့ လက်ညှိုး ထိုးပြလိုက်သည်။ သူတို့နှစ်ယောက်သား ကြက်သေသေသွားကြသည်။ ထွက်မပြေးသေးဘဲ သူတို့ကိုကြည့်နေသော ကျားသစ်ကိုမြင်လိုက်ရသော အခါ အသက်ပင်မရှူနိုင်ဖြစ်နေသည်။ ကျားသစ်က လုံးဝမလှုပ်ဘဲ သူတို့ နှစ်ယောက်ကို စူးစူးစိုက်ကြည့်နေသည်။ သည်နေရာတွင် ခန့်ညားထည်ဝါသော တိရစ္ဆာန်တစ်ကောင် နှင့် တည့်တည့်ရင်ဆိုင်တွေ့လိုက်ရသောအခါ စဝ်သည် တုန်လှုပ်ရင်ဖိုနေမိတော့သည်။ ကျားသစ်၏ ညာဘက်ခြမ်းသည် ပြောင်လက်တောက်ပနေပြီး ရှည်လျားလှသော ကိုယ်ကို ရှင်းရှင်းမြင်နေရသည်။

ခေါင်းက သူတို့ဘက်ဆီလှည့်ထားသည်။ ထောင်နေသောနားရွက်မှ ခေါက်နေသော အမြီးထိ အသားရေသည် နေရောင်တွင် အရောင်တလက်

www.nyisay.com



လက်ဖြင့် ရွှေရည်များလှဲထနေသလိုထင်ရလေသည်။ သူသည် ရေမြေတောတောင်ပိုင်နက်၏ အရှင်သခင်ဖြစ်ကြောင်းကိုပြသဖို့ ငြိမ်သက်နေခြင်းဖြင့် သူ၏စွမ်းအင်နှင့် အင်အားများကို ထိန်းထားနေပုံရသည်။

စင်က သတိပေးခြောက်လန့်သည့်အနေဖြင့် လေထဲကို သေနတ်ထောင်ဖောက်ရန်အတွက် သူ့သက်တော်စောင့်နှစ်ယောက်ကို အချက်ပြဖို့ဆုံးဖြတ်လိုက်သည်။ ကျားသစ်သည် သတိပေးခြောက်သံကိုကြားလိုက်သည့်အတွက် လှပခန့်ညားစွာ အင်အားရှိစွာဖြင့် အဝေးသို့ အဟုန်ဖြင့်ခုန်လွှား ပြေးထွက်သွားလေသည်။

စခန်းသာဟော်နန်းကို ပတ်ပြီးလှည့်လည်သွားသောနေကြသောကျားနှင့် ကျားသစ်များရှိသည်ဟု အစောင့်တွေက ဆိုလေသည်။ သို့သော်လူတစ်ယောက်ကိုမျှ သူတို့က အန္တရာယ်မပေးဘဲ သူတို့ကိုလည်း လူတွေကမသတ်ဖြတ်ကြချေ။

ဟော်နန်းရှေ့ဆင်ဝင်နေရာ မာဘယ်လ်ကျောက်ပြားပေါ်၌ ယွန်းစားပွဲဝိုင်းဝိုင်း ပုပုလေးပေါ်တွင် အစားအသောက်များတင်ပြီး စားသောက် ကြရင်းကပြောဆိုကြသော ပစ်ကနစ်၏ အဓိကအကြောင်းအရာသည် ကျားသစ်ကိုတွေ့လိုက်သော အကြောင်းပင်ဖြစ်တော့သည်။ စားဖိုမှူးက မွှေးကြိုင်အရသာရှိသော ဟင်းမျိုးစုံနှင့် အနေတော်ထမင်းပေါင်း အပုံလေးတွေကို ပြင်ဆင်ထားလေသည်။ နူးညံ့သော မကျည်းရွက်နုနုများကို နံနက်စောစောတွင်အရှေ့ဟော်နန်းပတ်ပတ်လည်ရှိ မကျည်းပင်တွေ ပေါ်က တက်ခူးလာခဲ့ကြသည်။ ဆလပ်ရွက်လတ်လတ်ဆတ်ဆတ်နှင့် မြေပဲ၊ ချိုမြသောကြက်သွန်နီ၊ ကြက်ဥအကျက်ပြုပ်၊ သံပရာရည်၊ နှမ်းဆီတို့ကို ရောနယ်သုပ်ထားသည်။ အချဉ်ဖောက်ထားသော သမင်သားကို မီးသွေးမီးဖြင့် ကင်နေရာ တစီစီမြည်နေပြီးမွှေးပျံ့သော ချဉ်တူးတူးနံ့လေးက အရသာရှိမည့်ပုံရလေသည်။

ရိုးရိုးကြက်သားဟင်း၊ များလှစွာသောဟင်းသီးဟင်းရွက်ဟင်းများ၊ ရှမ်းအစာများဖြစ်သော ဆီတိုဟူး၊ မှုန်ညှင်းချဉ်၊ ကြက်သွန်ချဉ်၊ တိုဖူး၊ ဆွန်ဘန်ဟင်းချို၊ နွားနို့ခြောက်ကြော်များဖြင့် ပြည့်စုံနေတော့သည်။ ရေတ်သီးအစိမ်းအနီတို့ရောနှောလျက် တို့စားစရာအချဉ်အမယ်အမျိုးမျိုး၊ သံပရာသီးခြမ်းများကို ပန်းကန်ပြားထဲ ထည့်ပေးထားသည်။

"ရှမ်းစတိုင် လက်ချောင်းလေးတွေနဲ့ မောင်တို့လိုစားစမ်းပါ။ ငွေဖွန်း

www.nyisay.com



တွေ ဘာတွေနဲ့လုပ်မနေစမ်းပါနဲ့''

သုစန္ဒီ စဉ်းစားကြည့်သည်။ စဝ်သည် အိမ်မှာတုန်းက တစ်ခါမှ မပြောဖူးပါဘဲ၊ အခုမှပြောနေရာ သူသည် အားလုံးနှင့်တစ်သားတည်းပေါင်းစည်းသွားလို၍ဖြစ်မည်ဟု သူမတွေးပြီး လက်ခံလေသည်။ သုစန္ဒီအား သူ့ဘေးမှာထားပြီး လက်ဖြင့်စားပုံကို လက်တွေ့သင်ပေးသည်။ သူက လက်ဖြင့်ပယ်ပယ်နယ်နယ်စားခြင်းဖြင့် ပိုအရသာရှိစေချင်မိသည်။ အခိုင်းစေတွေက ဇလုံများ၊ ယွန်းခွက်များဖြင့် ရေများသယ်ဆောင်လာပေးသည်။ သူတို့သည် အစာမစားခင်၊ စားနေစဉ်နှင့် စားပြီးသည့်အခါ လက်ကိုဆေးကြောကြရန်ဖြစ်သည်။ သုစန္ဒီက သူတို့လိုလိုက်ပြီးစားဖို့ ကြိုးစားနေတာကို အားလုံးက စူးစိုက်ကြည့်နေကြလေသည်။ လက်တွေကို စင်ကြယ်သန့်နေအောင် ဆေးကြောပြီးမှ အစာကို လက်ဖြင့်ထိကြလေသည်။

သုစန္ဒီမှာတော့ လက်ချောင်းများ၊ လက်မောင်း၊ တတောင်တို့အားလုံးကို အစာပေါ်မူတည်ပြီး လူပ်ရှားနေရရာ စားပွဲပေါ်က ရေခွက်ပြုတ်ကျသွားရသည်အထိ ဖြစ်လေသည်။

ဆင်ဝင်အောက်ခြေတွင် လေးလံကြီးမားသော မာဘယ်လ်ကျောက်တုံးကြီ နှစ်တုံးချထားသည်။ ထိုကျောက်တုံးကြီးသည် ပစ်ကနစ်အတွက် အတော်အသုံးတည့်လေသည်။

''ဒီကျောက်တုံးကြီးက ပစ်ကနစ်အတွက် ချထားတာလား။ ဘာအတွက်လဲ''

သုစန္ဒီက စားနေစဉ် မေးလိုက်သည်။

''တခြားကိစ္စတွေအတွက်လည်း သုံးမှာပေါ့''

''အချစ်ပြောတာ မှန်တယ်''

စဝ် ပြန်ဖြေသည်။

''ပြီးတော့လေ၊ တခြားရည်ရွယ်ချက်နှစ်ခုရှိသေးတယ်။ ဒါပေမဲ့ ဒါကိုပြောရရင် အရှည်ကြီးပဲ''

''တော်ပါပြီ''

သုစန္ဒီက ပြန်ပြောသည်။

''ကျွန်မ ရှမ်းလိုစားနေရင်၊ မောင် သင်ပေးနော်''

စဝ်က ...

www.nyisay.com



''မောင်ဦးလေးက ဒီနွေရာသီ ဟော်နန်းကြီးစဆောက်တော့ ဟော်နန်းကြီးကိုစောင့်ရှောက်ကာကွယ်ဖို့ ကြေးရုပ်လေးခုရဲ့ဝိညာဉ်တွေကို အမိန့်ပေးတယ်''

''ဒါ ဗုဒ္ဓဘာသာရဲ့ ဓလေ့တစ်ခုလား''

သုစန္ဒီက မေးလိုက်သည်။

''မဟုတ်ပါဘူး။ ဒါက ဗုဒ္ဓဘာသာနဲ့ ဘာမှမဆိုင်ဘူး။ ဝိညာဉ်တွေကို ယုံကြည်တာက ဘာသာရေးထက် ပိုရှေးကျတယ်။ လူတွေကလေ အိမ်တိုင်းမှာ အစောင့်အရှောက်တွေရှိတယ်လို့ယုံကြည်ကြတယ်။ သူတို့က စောင့်ရှောက်ပေးတယ်လို့ ယုံကြည်ကြတယ်။ စခန်းသာမှာ ကြေးရုပ်ထု ဘီလူးရုပ်လေးရုပ်ရှိတယ်။ ဒီအရုပ်ကြီးတွေကို အခု ဒီမာဘယ်လ်ကျောက်တုံးကြီးတွေပေါ်မှာ တင်ထားတာ။ မောင်ဦးလေးက ဒီဘီလူးကြေးရုပ်ကြီးတွေကို စောင့်ရှောက်ဖို့ တာဝန်ပေးထားတယ်။ အမိန့်ပေးထားတာပေါ့။ ပြန်ပြီး သူတို့ကို တစ်ပတ်တစ်ခါ အသားကျွေးရတယ်။ ဦးလေးဆုံးသွားပြီး သူ့သားစဉ်အံ့ကြာက ဝိညာဉ်တွေကို အသားကျွေးတာ ရပ်လိုက်တယ်။ သူက အင်္ဂလန်မှာ ပညာသင်ခဲ့တယ်လေ၊ အချစ်နားလည်တယ်မဟုတ်လား။ ဒီယုံကြည်မှုတွေက အဓိပ္ပာယ်မရှိဘူးလို့ထင်တယ်။ ဒီတော့ ဝိညာဉ်တွေက ညစ်ပတ်တဲ့အနေနဲ့ ပြန်ကလဲ့စားချေတဲ့အနေနဲ့ ဟော်နန်းမှာရှိတဲ့ အစောင့်တွေ၊ အလုပ်သမားတွေကို ဖျားအောင်လုပ်တော့တာပဲလေ''

'' နောက်တော့ရော ဘာတွေဆက်ဖြစ်လဲ''

လက်ထဲက ပန်းကန်ပြားကို အောက်ချလိုက်ရင်းက သုစန္ဒီသည် စူးစူးစိုက်စိုက်ဖြင့် မေးလိုက်သည်။

''နောက်တစ်ခုက အလုပ်သမားတစ်ယောက်က ဒီကြေးရုပ်ထုကို လက်နဲ့ မရှိမသေထိလိုက်ရင် ဒီအလုပ်သမားလက်က ရက်အတော်ကြာကြာ ရောင်ကိုင်းပြီး ကိုက်ခဲနာလာတော့တာပဲတဲ့။ ထမင်းချက်တစ်ယောက်က ဘီလူးခေါင်းကို လက်နဲ့ပုတ်လိုက်လို့ ဒီထမင်းချက် တစ်ခါတည်း ကယ်ပါယူပါနဲ့ အကြီးအကျယ်ဖျားတော့တာပဲ။ နောက်ဆုံး ဆေးရုံပေါ်မှာ ဆုံးသွားတယ်။ မောင်ဝမ်းကွဲအစ်ကိုက လုပ်ထားခဲ့တာမို့ ဒီမှာ အလုပ်လုပ်ကြတဲ့ လူတွေ သိပ်ကြောက်ကြရတယ်။ သူနဲ့ သူ့မဟာဒေဝီနှစ်ယောက်ပဲ ဘာမှ မဖြစ်ဘူး''

''ဘာလို့လဲ''

''ဘာလို့ဆို သူတို့က ဝိညာဉ်တွေရဲ့ အရှင်သခင်လေ။ သူတို့အပေါ် တော့

www.nyisay.com



ဘာအန္တရာယ်မှ မကျရောက်ဘူးပေါ့။ ဒါကြောင့် အစ်ကိုက ဆုံးဖြတ်လိုက်တယ်။ ဝိညာဉ်တွေကို အစာပြန်ကျွေးမယ်။ ဒါပေမဲ့ ဟော်နန်းမှာ မဟုတ်ဘဲ အပြင်မှာပေါ့။ သူက ဒီဘီလူးကြေးရုပ်တွေကို နောက်ထပ် မကောင်းတဲ့အပြုအမူတွေ မလုပ်ရဘူးလို့ အမိန့်ပေးပြီး ဘော်ကြိုဘုရားကို စောင့်ရှောက်ဖို့ ဒီကနေပို့လိုက်တယ်လေ။ အခုထိ ဘီလူးရုပ်လေးရုပ်က ဘော်ကြိုဘုရားမှာ စောင့်ရှောက်ပေးနေရတယ်။ နောက်ထပ် ဘာဒုက္ခမှမပေးတော့ဘူး။ ဘာပြဿနာမှ မဖြစ်တော့ဘူး''

''မောင် ဒါတွေအားလုံးကို တကယ်ယုံလား''

သုစန္ဒီက မယုံမကြည်ဖြင့် မေးလိုက်သည်။

''မောင်ပြောပြတာက မျက်မြင်သက်သေတွေက သူတို့ မြင်တာကို ပြန်ပြောပြတာ၊ ကြားရတာတွေပဲလေ။ မောင်တို့သီပေါကိုပြန်ရင် ဘော်ကြို ဘုရားကို ဖြတ်သွားရမှာ။ အချစ် ဒီဘီလူးရုပ်တွေကို အနီးကပ်သေချာကြည့် လေ''

သီပေါသို့အပြန်ခရီး၌ လမ်းတွင် ဘော်ကြိုဘုရားရှေ့ရောက်သော အခါ ကားရပ်လိုက်ပြီးနောက် တံခါးလေးပေါက်တွင် အစောင့်အဖြစ်ရှိနေသော ဘီလူးကြေးရုပ်လေးရုပ်ကို သုစန္ဒီအား သွားကြည့်ခိုင်းလိုက်လေသည်။ အရှေ့ဂိတ်ပေါက်ဝတွင်ရှိသော ဝိညာဉ်ဘီလူးကြေးရုပ်သည် ၅ ပေအမြင့်ရှိပြီး ထူးထူးခြားခြားပင် သူတစ်ပါးကို ဒုက္ခရောက်အောင် ပြောင်ချော်ချော် လုပ်တတ်သော မျက်နှာမျိုးဖြစ်နေတာ တွေ့ရလေသည်။ သူ့မျက်လုံးတွေ သည် သူ့ကိုတစ်ယောက်ယောက်က သတိထားကြည့်တာခံနေရသလို နောက်ကလိုက် နေသည်။ သူ့မျက်လုံးက ပြောင်လှောင်သလို မခိုးမခန့် ပြောင်းသွားတတ် လေသည်။

စဝ်သည် စခန်းသာတွင် တာဝန်ဖြင့်နေစဉ်က သူသည် သံသယစိတ်ဖြင့် အပြစ်တစ်ခုကို ပြင်းပြင်းထန်ထန် ကျူးလွန်ထားခဲ့ဖူးသည့်အတွက် သူကတော့ ဝိညာဉ်ကို အသေအချာ ယုံကြည်ထားလေသည်။

✦ ✦ ✦

လအနည်းငယ်ကြာသောအခါ ဖြစ်လေ့မရှိသော အဖြစ်အပျက်တစ်ခုက ဖြစ်လာရပြန်လေသည်။ နေကြတ်ခြင်း။

စဝ်ရော သုစန္ဒီပါ တစ်ခါမှ သည်လိုအဖြစ်မျိုးကို ကြုံဖူးခဲ့ခြင်း မရှိချေ။

www.nyisay.com





စခန်းသာဟော်မှ ဘော်ကြိုဘုရားရှေ့သို့ ပြောင်းရွှေ့ခဲ့သည့်
ကြေးဘီလူးရုပ်လေးရုပ်မှ တစ်ရုပ်

www.nyisay.com



သူတို့သည် ဒီအဖြစ်အပျက်ကို အလွန်စိတ်လှုပ်ရှားစွာဖြင့် စောင့်ကြည့်နေခဲ့ကြသည်။ ဗေဒင်နက္ခတ်ဆရာများ၏ ဩဇာသည် ရှမ်းလူ့အဖွဲ့အစည်းပေါ်တွင် အလွန်သက်ရောက်မှုရှိလေသည်။ သူတို့က နောင်ဖြစ်လာမည့် အနာဂတ်ကို ကြိုတင်နိမိတ်ဖတ် ဟောကိန်းထုတ်တတ်ကြလေ၏။ သူတို့က လွန်ခဲ့သော နှစ်ပေါင်း ထောင်ပေါင်းများစွာက ရိုးရာအဖြစ်အပျက်များအရ တွက်ချက်ပြီး ကြိုတင်ဟောကြသည်။ စဝ်ကတော့ မျက်လုံးကိုထိခိုက်မှာကို တွေးပူသည်။ ထို့ကြောင့် သူ့လူထုကို နေကြတ်လျှင် နေကိုတိုက်ရိုက်မကြည့် မိကြဖို့သတိပေးထားသည်။ သူသည် ကျောင်းက ဆရာများကို ခေါ်ယူပြီး အစည်းအဝေးလုပ်သည်။ နေကြတ်တာကိုကြည့်ဖို့ ပင်းအပ်အပေါက်လေး ဖောက်ထားသော ဂျပ်ဘူးဖြင့်ကြည့်နည်းကို ကိုယ်တိုင်လုပ်ပြီးပြသသည်။

မိုးရာသီကြီးမှာတောင်မှ တိမ်ကင်းစင်သည့် ပူပြင်းသော နေထွန်းလင်းနေသောနေ့တွင် နေစတင်၍ ကြတ်လေတော့သည်။ ထိုနေ့ တိတ်ဆိတ်နေသောနံနက်ခင်းတွင်ဖြစ်သည်။ လေသည် ထူးထူးခြားခြားမတိုက်ဘဲ ငြိမ်နေသည်။ သုစန္ဒီကတော့ ဆူညံပွက်လောရိုက်နေတာမျိုးမဟုတ်ဘဲ တဖြည်းဖြည်းခြင်း အလင်းရောင် မှိန်သွားတာမျိုး ဖြစ်စေချင်မိသည်။

စဝ်က ဆင်ဝင်တွင် နေကြတ်တာကြည့်ဖို့ အရိပ်သေတ္တာလေးကို ပြင်ဆင်နေသည်။ ဒါမှ နေအလင်းရောင်ကို လက သွားပိတ်ဆို့သွားပုံအဆင့်ဆင့်ကို လေ့လာတွေ့ရှိရမှာဖြစ်သည်။ စဝ်က နေစတင် ချိုင့်ခွက်သွားပုံကို သုစန္ဒီအား ပြလိုက်သည့်အချိန်တွင် မရေတွက်နိုင်သော ဆူညံသံများစတင် ထွက်ပေါ်လာတော့သည်။ အမြောက်ပစ်သံလို ပေါက်ကွဲသံရာပေါင်းများစွာ သောဗုံတီးသံတွေ တုန်ခါမြည်ဟီးသံ၊ အိုးခွက်ဇလုံတွေ အစုလိုက်တီးခတ်သံများသည် သီပေါတစ်မြို့လုံး နားကွဲလုမတတ် ဆူညံပွက်ပွက်ထ နေတော့လေသည်။ သုစန္ဒီသည် လက်ထဲကသေတ္တာလေးကို ပစ်ချလိုက်ပြီး စဝ်ဘက် လှည့်လိုက်သည်။ လုံးဝကို ရှုပ်ထွေးနေတော့သည်။

''ဘာတွေဖြစ်တာလဲ။ တတိယ ကမ္ဘာစစ်ဖြစ်ပြီလား''

''မောင်အချစ်ကို ဒီအကြောင်းပြောပြဖို့မေ့သွားတယ်''

ဆူညံပွက်လောရိုက်နေသောအသံကြား သူမကြားရအောင် သူ အော်ပြောလိုက်သည်။

''မောင့်လူထုကကြောက်လို့ နဂါးလက်က လွတ်ဖို့ ကြိုးစားနေ

www.nyisay.com



ကြတယ်''

''ဘာနဂါးလဲ''

''ဟုတ်တယ်။ အဲဒီတစ်ခုက နေကိုမျိုချဖို့ ကြိုးစားနေတယ်''

''ကျွန်မ သဘောပေါက်ပြီ''

သုစန္ဒီ နောက်ဆုံးမတော့ နားလည်လာလေသည်။

''ဒီလိုအဖြစ်မျိုးပဲ နောက်တစ်ခါကျ လပေပုပ်ဖမ်းရင်ဖြစ်လာမှာ။ ရှေးကအဖြစ်အပျက်တွေက ဘယ်တော့မှ မဆုံးဘူး''

နေ့အလင်းသည် မှိန်ဖျော့သွားသည်။ ဆူညံသံများ ငြိမ်သက်သွားသည်။

''သူတို့ အရှုံးပေးလိုက်မှာလား။ ဒီအဖြစ်က ရှန်းထွက်မှာလား''

သုစန္ဒီက စဝ်ကို မေးလိုက်သည်။

''မောင်ထင်တယ် နည်းနည်းစီ၊ ဒီလောက်ကြာလိမ့်မယ်လို့ သူတို့ ဘယ်ထင်ပါ့မလဲ''

တဖြည်းဖြည်းနှင့် အလွန်မှောင်မိုက်သွားသည်။

အလွန်တိတ်ဆိတ် ငြိမ်သက်သွားသည်။ ဆယ်မိနစ်လောက် ညကို ရောက်သွားတော့သည်။ အိပ်ဖို့ပဲရှိတော့သည်။ နှံကောင်တွေ၊ ကျိူင်းကောင်တွေ၊ ပိုးမွှားကောင်တွေ ငှက်တွေနှင့် တိရစ္ဆာန်တွေ အားလုံးအိပ်လိုက် ကြတော့သည်။ ဆက်ရက်လေးတွေ ငြိမ်နေသည်။ ယဉ်နေသော ဒေါင်းနှစ်ကောင် မြက်ခင်းရှေ့မှာ ငိုက်မြည်းနေသည်။

ရုတ်တရက် ချက်ချင်းပင် ပျောက်ကွယ်သွားသော နေ့အလင်းရောင်နှင့် ဆူညံသံများကြောင့် စဝ်နှင့် သုစန္ဒီတို့သည် အစက ဆူညံသံများထက်ပင် ပို၍ အံ့အားသင့် လန့်ဖျပ်သွားကြသည်။

သဘာဝတရား၏လှည့်ဖြားမှုကြောင့် ပြောင်းလဲသွားရသောအဖြစ် အပျက်ကို ကြောက်ရွံ့တုန်လှုပ်ပြီး မကောင်းသောအဖြစ်တစ်ခုခု ကျရောက် တော့မည်ဟု တွေးထင်မိကြလေသည်။ နေစကြဝဠာကြီး၏ ပတ်လမ်းတစ် လျှောက်ရှားပါးစွာဖြင့် လနှင့်လမ်းကြောင်းတစ်ထပ်တည်းသွားကျသော အဖြစ်ကြောင့် သူတို့သည် ဆောက်တည်ရာမရ ကယ်သူမဲ့ ဖြစ်ကြရတော့ သည်။ တဖြည်းဖြည်း နေ၏အလင်းရောင် ပြန်လည်တောက်ပလာသော အခါမှသာ သဘာဝသည် ပြန်လည်အသက်ဝင်လာလေသည်။ ထိုအခါ ယုံကြည်မှုများ

www.nyisay.com



အပြည့်အဝဖြင့် ဆူညံသံလုပ်သူများ တစ်ဖန်ပြန်ပေါ်လာကြ ပြန်သည်။ သူတို့သည် အားသစ်မာန်သစ်ဖြင့် ပြန်လည်ဖွဲ့စည်းပြီး နောက်ဆုံးတော့ သူတို့ အောင်မြင်မှုရခဲ့လေသည်။ နေလုံးကြီးကို လုံးဝမျိုချပြီးသွားသောအခါ နဂါးကြီးသည် တစ်ဖန်ထွက်ခွာသွားပြီး နောက်ထပ်တစ်ကြိမ် မတိုင်ခင်ထိတော့ ဆုတ်ခွာနေဦးမည်ဖြစ်ပေသည်။

❖

www.nyisay.com



## အခန်း ၇

နောက်တစ်ခါ မိုးရာသီသည် ကြီးမားသော ကျွန်းရွက်တွေပေါ်က ဖုန်တွေကိုဆေးကြောပစ်သည်။ မြေကြီးတွေကို သန့်စင်စေသည်။ ထွန်ယက်စိုက်ပျိုးဖို့ရာ ပြန်လည်အသက်ဆက်ပေးသည်။ တစ်တောလုံးသည် လန်းဆန်းလတ်ဆတ်စိုလွင်စိမ်းမြနေတော့သည်။ နမ္မတူမြစ်ရေများလည်း ပြည့်လျှံလာပြီးနောက် သီပေါနယ်တစ်ခုလုံးက ရေငတ်နေသော စပါးခင်းတွေကို ရေသွင်းနိုင်ခဲ့လေသည်။ လယ်သမားများသည် သီးနှံများကို စိုက်ပျိုးပြီးကြသောအခါ မိုးနှင့်နေကို စောင့်နေကြရသည်။ ပြီးမှ သူတို့ အလုပ်ကိုဆက်လုပ်နိုင်ကြသည်။

နွေမိုးသည် သုတ်သုတ်ရွာပြီး မြန်မြန်ထွက်သွားတတ်သည်။ ဘုန်းကြီးကျောင်းတွေမှာ လူငယ်လူကြီးမကျန် ပြည့်နက်စည်ကားနေပြီး တရားထိုင်ကြသည်။ ဗုဒ္ဓ၏တရားကို ရှာကြလေသည်။ အရှေ့ဟော်နန်းအနီးနားက ရွာတွေမှ နံနက်စောစော တုံးမောင်းခေါက်သံသည် တရားထိုင်မည့်သူများကို ဖိတ်ခေါ်သံလည်း ဖြစ်လေသည်။

''လာမဲ့နှစ်ပတ်မှာ မောင် တရားစခန်းဝင်မယ်''

စဝ်က သုစန္ဒီကိုပြောသည်။ သူ့မွေးနေ့မတိုင်မီ ရက်အနည်းငယ်အလိုတွင်ဖြစ်သည်။

'' အချစ်ကောလိုက်ဝင်မလား။ ဆရာတော်တစ်ပါး မနက်တိုင်းလာပြီးတရားပြမှာလေ''

www.nyisay.com



သုစန္ဒီက ချက်ချင်း ပြန်မဖြေဘဲနေလိုက်လေသည်။ သူမသည် တရားဘယ်လိုထိုင်ရသလဲဆိုတာကို စိတ်ဝင်စားသော်လည်း ယခုတိုင် တရားထိုင်ဖို့ အဆင်သင့်မဖြစ်သေးချေ။ သူ့မျက်လုံးထဲတွင် တရားထိုင်ခြင်းသည် ဗုဒ္ဓဘာသာကို ကိုယ်က သက်ဝင်ယုံကြည်မှုကို ပြရာရောက်သဖြင့် သူမအဖို့ သည်လိုလုပ်ဖို့ မပြင်ဆင်ရသေးပေ။ တကယ်တော့မူ သူမ၏ ကလေးဘဝက ဘာသာရေးသည် သူမအတွက် စိတ်ချမ်းသာမှု သူမ၏ လိုအပ်မှုများကို မဖြည့်ဆည်းပေးနိုင်ခဲ့တာတော့ သေချာသည်။ သို့သော် သူမအဖို့ ထေရဝါဒ ဗုဒ္ဓဘာသာကို နားလည်ဖို့ အချိန်ယူရပေဦးမည်။

ဗုဒ္ဓဘာသာဝင်များ တရားထိုင်သောနေ့သို့ ရောက်လာသည်။ သူတို့ ပြုလုပ်နေကြပုံကို သုစန္ဒီ တွေ့နေရသည်။ စဝ်က သီဟိုဠ်ဘုန်းကြီးကျောင်းမှ မှာပေးထားသော ဗုဒ္ဓဘာသာနှင့်ပတ်သက်သော စာအုပ်များစွာကို သူမ ဖတ်ရှုလေ့လာနေရတာထက် သူမ၏လူထုတွေနေ့စဉ် ဘာသာရေးနှင့် ပတ်သက်ပြီးပြုလုပ်ဆောင်ရွက်နေကြတာတွေ တရားထိုင်နေကြတာတွေကိုကြည့်ပြီး လက်တွေ့သင်ကြားတာကမှ ပိုမိုအကျိုးရှိလိမ့်မည်ဟု တွေးမိလေသည်။

သူမ၏ အလုပ်သမားများသည် အမြဲပဲကောင်းသော အလုပ်ကို လုပ်ကြသည်။ သူမကလည်း သူတို့အတွက် လိုအပ်သောငွေ အဝတ်အစား အစားအစာနှင့် အခြားလိုအပ်ချက်များကို ဖြည့်ဆည်းပေးလေသည်။ တစ်ယောက်ယောက်ကထောက်ပံ့ဖို့ အခွင့်မသာသေးလျှင် သူတို့သည် ဖျားနေသူများ အကူညီမဲ့နေသူများနှင့် စိတ်ဓာတ်ပျက်ပြားနေသူများကို ကြင်နာသနားတတ်ကြသည်။ ထို့ကြောင့် မိဘမဲ့ကလေးများဂေဟာ၊ လူအိုရုံ သို့မဟုတ် စိတ်ကုဆေးရုံများ မရှိချေ။

ထို့နောက် သီပေါမြို့ကလူတွေသည် ပျော်ရွှင်စွာဖြင့် ရဟန်းတော် အပါး ၅၀၀ကို ဆွမ်းကွမ်းဆေး မချို့တဲ့ရအောင် ထောက်ပံ့ပေးလှူထားကြလေသည်။ မနက်ပိုင်းတွင် ရဟန်းသံဃာတော်များသည် အဝါရောင်သင်္ကန်းများရုံပြီး သပိတ်ဖြင့်ဆွမ်းခံထွက်ကြသည်။ ရှမ်းအမျိုးသမီးများသည် ရဟန်းတော်များကို ဆွမ်းလောင်းဖို့ နေ့စဉ် နံနက်စောစောထ၍ ဆွမ်းချက်ကြရသည်မှာ နှစ်ပေါင်းများစွာတိုင်ခဲ့ပြီ ဖြစ်လေသည်။ တစ်ချိန်တည်းမှာပင် သုစန္ဒီသည် သူ့လူတွေ သည်လိုအတားအဆီးမရှိ ရက်ရက်ရောရော လှူဒါန်း နေကြတာကို ကြည့်ပြီး စိုးရိမ်ခံစားလေသည်။ သူတို့တွေက သည်လိုနည်းနည်းလေး

www.nyisay.com



ပေးလှူလိုက်တာနှင့် သူတို့ယုံကြည်မှုကို ဘယ်လိုအထောက် အပံ့ဖြစ်မှာမို့လဲဟု သူမတွေးလေသည်။

သူမ စတင်ပြီး ထေရဝါဒဗုဒ္ဓဘာသာအကြောင်း ဖတ်ရှုလေ့လာသည်။

ဘုရား၊ တရား၊ သံဃာရတနာသုံးပါး ဒုက္ခသစ္စာ၊ သမုဒယသစ္စာ၊ နိရောဓသစ္စာ၊ မဂ္ဂသစ္စာဟူသော သစ္စာလေးပါး၊ ဘဝနေထိုင်နည်းဖြစ်သော မဂ္ဂင်ရှစ်ပါး၊ လောကသုံးပါးဖြစ်သော သတ္တလောက ဩကာသလောက သင်္ခါရလောက၊ မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာဟူသော ဗြဟ္မဝိဟာရ၊ တရားလေးပါးအကြောင်းများကို ဖတ်ရှုလေသည်။ ပြီးနောက် သူမအဖို့ ပထမဆုံးချက်ချင်းပင် သစ္စာလေးပါးနှင့် စတင်ဒုက္ခရောက်တော့လေသည်။ သည်မှာပြောထားတာက ဘဝဆိုသည်မှာ တဏှာဟုဆိုလေသည်။ သည်အဆိုးမြင် အပျက်မြင်ဝါဒကို သူမ ပယ်ချသည်။ ထို့အပြင် ရှိသေးသည်မှာ တဏှာ၏ အရင်းခံသည် လိုချင်တပ်မက်မှုနှင့် လိုချင်တာကိုရအောင်ယူတော့ စွဲလမ်းသည်ဟု ဆိုပြန်လေသည်။ သုစန္ဒီကတော့ သဘောမပေါက်ချေ။ စွဲလမ်းမှုသည် ဆန္ဒပဲမဟုတ်လား။

လူတွေအားလုံးသည် စွဲလမ်းမှုကို ပယ်သပ်ပြီး ရဟန်းဝတ်ကြလျှင် လူ့အဖွဲ့အစည်းသည် မည်သို့ဖြစ်လာပါမည်နည်း။ ရဟန်းတွေ လိုအပ်သော အထောက်အပံ့တွေအတွက် ဘယ်သူကမှ ဝန်ထုပ်ဝန်ပိုးအဖြစ်ခံမည် မထင်ချေ။ ဆင်းရဲသောဘဝကို ရွေးချယ်ပြီး ရဟန်းဝတ်ကြပေလိမ့်မည်။ သူမသည် တရားထိုင်ဖို့ အဆင်သင့်မဖြစ်သေးကြောင်း သုစန္ဒီ သိလေသည်။ နောက်ဆုံးတွင် သုစန္ဒီက စဝ်ကို ပြောလိုက်သည်။

''ဒီလိုမေးတာ ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျွန်မ နောက်တစ်နှစ်လောက်စောင့်တာ ပိုကောင်းမယ်ထင်တယ်။ မောင်က ကျွန်မကို တရားထိုင်တဲ့အကြောင်းပြောပြလေ''

သူ့အတွက် အလွန်အရေးကြီးသော တရားထိုင်သည့်အတွေ့အကြုံကို သူမအား အတူသိစေချင်သော်လည်း သုစန္ဒီက အဆင်သင့် မဖြစ်သေးသည့်အတွက် သူက သူမကို စိတ်ပျက်လက်ပျက်ဖြင့်သာ ငေးကြည့်နေမိတော့လေသည်။

သို့သော် သူသည် သူမ၏ဆုံးဖြတ်ချက်အပေါ် ဘယ်တော့မှ လွှမ်းမိုးဩဇာလုယ်မည်မဟုတ်မှန်း သိခဲ့သည်။ ဒါမှမဟုတ် ဖွတ်ဖိအားပေး လုပ်နိုင်း

www.nyisay.com



မည်မဟုတ်ချေ။ သူ့ဆုံးဖြတ်ချက်အတိုင်း သူနှင့်တူညီသော သဘောအတိုင်း သူမက လိုက်မလုပ်မိခြင်းအတွက် သူမက အပြစ်လုပ်မိသလို ခံစားရပြန်လေသည်။ နောက်တစ်ခုအနေနှင့်လည်း သူမကို ရှမ်းထုံးစံအခမ်းအနားဖြင့် တရားဝင်မဟာဒေဝီအဖြစ် အသိမှတ်ပြုသောကိစ္စကိုလည်း သူမ၏ အတွေးတွေကြောင့် သူက စိတ်မကောင်းဖြစ်ရပြန်လေသည်။

✦ ✦ ✦

ဟိုကိုရှာက ရွာလူကြီးများသည် သူတို့စော်ဘွားကြီးကို အလွန် အရေးကြီးသော မီးသဂြိုဟ်ပွဲတစ်ခုအတွက် လာဖိတ်ကြလေသည်။ ရွာဦးကျောင်းက ဆရာတော်အရှင်သူမြတ် ဘုန်းတော်ကြီးသည် ဝါတော် ၆၀ ပြည့်ရန် ၆ လ အလိုတွင် ဘဝနတ်ထံပျံလွန်တော်မူသွားသဖြင့် ဘုန်းကြီးပျံပွဲကို ခမ်းနားအကြီးကျယ်ဆုံး ကျင်းပမည်ဖြစ်သည်။ ဆရာတော်၏ရုပ်ကလာပ်တော်ကို မပုပ်သိုးရအောင် သင်းကြိုင်သော အမွှေးအထုံဆေးများဖြင့် စီရင်ထားပြီး ဘုန်းကြီးကျောင်းအနီးက ပြည်နယ်ရင်ခွဲရုံလေးတွင်ထားလေသည်။ ဘုန်းကြီးပျံပွဲကို ၃ ရက်ကျင်းပမည်ဖြစ်ရာ ထိုနေ့သို့ရောက်လာခဲ့ပြီဖြစ်သည်။ စဝ်က နောက်ဆုံးနေ့တွင် သုစန္ဒီနှင့်အတူ ဘုန်းကြီးပျံပွဲကိုတက်ရောက်မည် ဖြစ်သည်။

သုစန္ဒီက ရှမ်းအသုဘများစွာကို တက်ရောက်ခဲ့ဖူးလေသည်။ အားလုံးလိုလိုက အသုဘအခမ်းအနားကို ပေါ့ပေါ့ပါးပါးဖြင့် ပြုလုပ် တတ်ကြ ပြီး ပျော်စရာ အလုပ်တစ်ခုလိုပင်သဘောထားကြတာကို တွေ့ရသည်။ အဝတ်အစားအားဖြင့်လည်းကောင်း၊ ကိုယ်အမူအယာဖြင့်လည်းကောင်း တက်ရောက်လာကြသောသူအများစုမှာ စိတ်မသာမယာ ဝမ်းနည်းပူဆွေးကြေကွဲနေကြဟန် မတွေ့ရချေ။ သူတက်ခဲ့ဖူးသော ဩစတြီးယားက အသုဘတွေလို မဟုတ်ချေ။ ရှမ်းလူမျိုးတို့သည် လူသေဆုံးသွားပြီးနောက် မဆုံးနိုင်သော နောက်တစ်ဘဝသို့ရောက်ရှိသွားပြီး သံသရာတစ်လျှောက်တွင် မွေးဖွားခြင်းနှင့် သေခြင်းတို့ကို ကြိမ်ဖန်များစွာ ကြုံကြိုက်နေကြရသည်ဟု ဝမ်းမြောက်စွာ ယုံကြည်ကြလေသည်။ သူမအံ့တာကတော့ သည်လိုအရေးကြီးသော ဗုဒ္ဓဘာသာ ဆရာတော်ကြီးတစ်ပါး၏အသုဘသည် ပိုပြီးပူဆွေး ဝမ်းနည်းကြေကွဲ စရာမဟုတ်ပါလား။

သုစန္ဒီ မျှော်လင့်ထားသလို မဟုတ်ဘဲ၊ ကြည်လင်ပြုံးပျော်နေကြသော ထောင်ပေါင်းများစွာသော လူအုပ်ကြီးသည် ဆရာတော်၏အခေါင်းတော်

www.nyisay.com



တလားအဆောက်အဦအနီးတွင် စုရုံးရောက်ရှိနေကြသည်။ သူတို့တွင် ပူဆွေးဝမ်းနည်းနေကြဟန်မျိုး မတွေ့ရချေ။ လူစီးကြောင်းကြီးသည် သူတို့ဆရာတော် အသက်ရှင်စဉ်က ကြည်ညိုလေးစားကြသလိုပင် ဆရာတော်၏ ရုပ်ကလာပ်ကို နောက်ဆုံးအနေဖြင့် ကန်တော့ကြရန် တလားဆီချဉ်းကပ်လာနေကြလေသည်။ လက်ထဲတွင် ပန်းစည်းများကိုကိုင်ထားကြပြီး တလားအနီးတွင် ဒူးထောက်ပြီး ကန်တော့ကြခြင်းဖြင့် ရိုသေလေးစားမှုကိုပြကြသည်။ ဟိုကိုရှာလူကြီးက ပါဠိစာများကို ရွတ်ဖတ်သရဇ္ဈာယ်သောအခါ စင်နှင့် သုစန္ဒီသည် အခမ်းအနားဝန်ကြီးများနှင့်အတူ ပါဝင်တက်ရောက်ကြသည်။ နံနက်ခင်းလေညင်းပြေသည် စိတ်အေးချမ်းသာစေသော ရွတ်ဖတ်သံများကို ပျော်ရွှင်နေကြသော လူအုပ်များနှင့် ဝေးရာ သစ်ပင်ထိပ်တွေဆီမှ တောအုပ်ဆီသို့ သယ်ဆောင်သွားလေသည်။

ရွတ်ဖတ်သရဇ္ဈာယ်ပြီးသောအခါ စင်နှင့်သုစန္ဒီတို့သည် အစောင့်အရှောက်များခြံရံပြီး မီးသင်္ဂြိုဟ်မည့်နေရာသို့သွားကြသည်။ ထိုနေရာကို ရွာသားများသည် အပတ်ပေါင်းများစွာကပင် အခေါင်းတလားရထားကိုဆွဲရန် ဝါးကြိုးများကို ကြိုတင်ပြုလုပ်ထားခဲ့ကြသည်။

နောက်ဆုံးထိတွေ့သည့်အနေဖြင့် ပေခြောက်ရာရှည်သော ဝါးကြိုးလေးချောင်းတပ်ထားသည့် ခေါင်းတလားကို ဆွဲမလားဟု စင်ကိုမေးလေသည်။ ကြိုးတစ်ခုစီဖက်တွင် ရွာအလိုက် ရွာသားတွေက ဆွဲကြဖို့စောင့် နေကြသည်။ သူတို့အလုပ်လုပ်နေကြသောအခါ နောက်ခံအဖြစ်တေးသီချင်းများကို တီးမှုတ်ပေးထားပြီး အမျိုးသမီးများသည် စားစရာများ ပြင်ဆင်ချက်ပြုတ် နေကြလေသည်။ အပေါက်ထဲသို့ ဝါးထဲနစ်မြုပ်ထားသော ရွှေဖော်စာများကို ထိုးထည့်သည်။ တောင့်တင်းသော အရွယ်တူကြိုးလေးချောင်းကို လိမ်ကျစ်ထားသဖြင့် ကြိုးက ပိုမိုလေးလံခိုင်မာလာသည်။

ခိုင်ခန့်သော ဘီးလေးဘီးတပ်ထားသည့် ခေါင်းတလား၏ အရှေ့နှင့် နောက်တစ်ဖက်စီတွင် ကြိုးများကို ရွာသားတွေက ခိုင်ခိုင်ချည်လိုက်ကြသည်ကို စင်တို့မောင်နှံစောင့်ကြည့်နေကြသည်။ ထို့နောက်မှာတော့ ဆရာတော်၏ နောက်ဆုံးခရီးကိုစတင်တော့မည့် ခေါင်းတလားသည် တလားစင်အနီးနား ကြီးကျယ်လှသောအခမ်းအနားတွင် ပလက်ဖောင်းအပေါ် နိမ့်ကျနေသည်။ တောင်ကြောနှင့်မှု ပေရာပေါင်းများစွာဝေးကွာလှသည်။ မီးသင်္ဂြိုဟ်ရန်အတွက် စင်ကို အသေးစိတ်ပြုလုပ်ထားသည်။ အဖြူရောင်လေးထောင့်

www.nyisay.com



စင်လေးကို ၁၅ ပေအမြင့်တွင် ပြုလုပ်ထားသည်။ ဝါးကြမ်းခင်းကို ရက်ထားသည်။ ထိပ်တွင် ဘုံခုနှစ်ဆင့် အမိုးချွန်ချွန်ပါလေသည်။

ထို့နောက်တွင် မယုံကြည်နိုင်သော မြင်ကွင်းကိုစတင် ဖွင့်လှစ်ပြလိုက်တော့သည်။ ဒါဇင်ကျော်သော တုတ်တုတ်ခိုင်ခိုင်လူတွေ ကြိုးတစ်လျှောက်နေရာယူလိုက်ကြသည်။ နားကွဲလုမတတ် အချက်ပေးအိမ်လုပ် အမြောက်သံထွက်ပေါ်လာပြီးနောက် ဆွဲစစ်ပွဲ စတင်လေတော့သည်။ စိတ်အားထက်သန်စွာဖြင့် ရွာသားများသည် ရုတ်တရက် ချက်ချင်းပင် ခေါင်းတလားရထားကြီး၏ဆန့်ကျင်ဘက်သို့ ကြိုးကိုဆွဲလိုက်ကြသည်။ ပထမတွင် တလားရထားသည် မီးသင်္ဂြိုဟ်စင်ရှိရာ ထင်းပုံပေါ်သို့ အရှိန်ဖြင့် ထိုးတက်သွားသည်။

သို့သော် တခြားတစ်ဖက်က အရှိန်ကုန်သွားသောအခါ တလားရထားသည် အောက်သို့တစ်ဖန်ထိုးကျလာပြီး စတင်ထွက်ခွာသည့်နေရာသို့ ပြန်ရောက်ရှိသွားလေသည်။ လူတိုင်းသည် အသုဘအခမ်းအနားနေရာတွင် စုရုံးနေကြပြီး တစ်ဖက်နှင့်တစ်ဖက် ထူးဆန်းစွာဖြင့် အပြိုင်အဆိုင်ဖြစ်လာကြလေသည်။ မောနေသော စစ်သည်တော်တစ်ယောက် ထွက်သွားပြီး အစားဝင်ဖို့စောင့်နေသူအတွက် နေရာလပ်မရှိအောင်ပင် ကြိုးတစ်လျှောက်တွင် လူများပြည့်ကြပ်နေသည်။ ကလေးနှင့်အမျိုးသမီးတွေက ဆူညံစွာ အော်ဟစ်အားပေးနေကြသည်။ ရှန်းကန်ရှေ့တိုးနောက်ဆုတ်ဖြင့် တလားရထားသည် နောက်ဆုံးတော့တစ်နာရီခန့်အကြာမှ မီးသင်္ဂြိုဟ်စင် ထင်းပုံပေါ်သို့ ရောက်ရှိသွားတော့သည်။ သည်လိုတလားကို ဆွဲလိုက်ပြန်ချလိုက် အပြိုင်အဆိုင်လုပ်နေကြသည်မှာ ဆရာတော်ကို ဝိညာဉ်လောကနှင့် လောကီလူ့ လောကတို့ အပြိုင်ဆွဲနေကြခြင်းဖြစ်သည်ဟု စဝ်က သုစန္ဒီကိုရှင်းပြသည်။ တကယ်လို့ လူ့လောကီအားကအနိုင်ရသွားလျှင် ဘာဖြစ်နိုင်မလဲ။ သို့သော် ဒီလိုဆန့်ကျင်ပြီးမေးတဲ့ မေးခွန်းမျိုး မမေးတော့ပါဘူးလေဟု သူမ ဆုံးဖြတ်လိုက်လေသည်။

✦ ✦ ✦

သုစန္ဒီသည် ဥယျာဉ်ထဲက ပန်းတွေကိုလျှောက်ကြည့်ပြီးအပြန်တွင် စဝ်၏ ကိုယ်ပိုင်ရုံးခန်းအရှေ့တွင် ရှမ်းလူကြီးများ တစ်ဒါဇင်ကျော်မျှစုနေကြသည်ကိုတွေ့လိုက်ရသည်။ သူတို့ကြည့်ရတာ စိတ်ပျက်အားငယ်ပြီး မရွှင်မပြဖြစ်နေပုံရလေသည်။ ဧည့်သည်များသည် စဝ်နှင့်တွေ့ပြီးပြန်ကြချိန်ဆိုလျှင်

www.nyisay.com



ဝမ်းသာပျော်ရွှင်နေကျဖြစ်တာကို သူမ တွေ့နေကျဖြစ်လေသည်။ ဘာများဖြစ်လို့ ပါလိမ့် သူမ စိုးရိမ်သွားသည်။ သူမသည် သတိထားပြီး ကြီးမားသော လူတစ်ရပ်စာ မှန်တံခါးမကြီးကို ဖွင့်လိုက်ပြီးနောက် သူဘာတွေလေ့လာ ဘာတွေ ဖြစ်နေလဲဆိုတာ အရင်သိအောင်လုပ်ရမည်ဟု တွေးထားသည်။ သူမက သူ့ကို သူ့ညီသည်တွေအကြောင်း မမေးခင်မှာပင် သူက သက်ပြင်းကြီးချလိုက်ပြီး ပြောလိုက်သည်။

"သူတို့အရင်က တောင်းဆိုချက် အဟောင်းကို ပြန်လာပြောကြတာ"

"ဒီတော့ မောင့်အဖြေကလည်း မဖြစ်ဘူးလို့ ထပ်ပြောလိုက်တယ် ပေါ့။ မဟုတ်ဘူးလား"

သုစန္ဒီကသူ့ရှေ့က ဖြတ်၍ထိုင်ခုံမှာ အကျအန ထိုင်ချလိုက်ပြီး လက်ခေါက်ထားသော လက်မောင်းကို ကျွန်းစားပွဲပေါ် ထောင့်မှန်ကျကျ တင်ထားလိုက်သည်။ သူသည် ပေါလစ်တင်ထားသော စားပွဲပေါ်ဖြတ်လျက် သူမလက်ကို စိတ်မပါစွာဖြင့် ဆွဲယူလိုက်သည်။

"အချစ် ဒီပွဲကို တကယ်ဖြစ်ချင်တယ်မဟုတ်လား။ မဟုတ်ဘူးလား"

စဝ် မေးလိုက်သည်။ သူမမျက်နှာပေါ်က အပြုံးပန်းကို သူမျှော်လင့်ချက်ကြီးစွာဖြင့် လိုက်ရှာကြည့်နေသည်။

"အင်း ... ဖြစ်ချင်ပါတယ်။ မောင်သိပါတယ်"

သုစန္ဒီက စိတ်အားထက်သန်စွာ ပြန်ပြောသည်။ သူမ ပြုံးပဲနေသည်။

"ကျွန်မ ဒီရောက်ပြီး ရှမ်းလို လက်ထပ်ပွဲ နှစ်ခါပြန်မလုပ်ချင်ဘူး။ ဒါပေမဲ့ အခုဟာက မတူဘူးလေ"

"ဒါပေမဲ့ အချစ်က မောင့်မဟာဒေဝီလေ။ ဘယ်သူကမှ မေးနေမှာ မဟုတ်ပါဘူး။ ဘာကြောင့် မလိုအပ်ဘဲ၊ ထုံးတမ်းအစဉ်အလာတွေကို လုပ်နေရတာလဲ"

စဝ်သည် သူမကို နောက်ဘက်ကဆွဲလှည့်လိုက်ပြီး မျက်စောင်းဖြင့် ကြည့်လေသည်။

"ဘာလို့လဲဆိုတော့ အကန်တော့ခံတာနဲ့ မဟာဒေဝီဘွဲ့အပ်နှင်းတဲ့ အခမ်းအနားက ကျွန်မနဲ့ မောင့်ပြည်နယ်အတွက် လိုအပ်တယ်"

သူမက ပြန်ပြောလိုက်သည်။

"မောင့်အတွက် ကြီးမားတဲ့အဖြစ်အပျက်တွေ မောင့်ဘဝမှာ ပါဝင်

www.nyisay.com



စေချင်တယ်။ သူတို့ဘက်ကလည်း အခွင့်အရေးရှိတယ်လေ။ ပြီးတော့ ကျွန်မ . . . ကျွန်မလည်းပဲ လူထုရဲ့အသိအမှတ်ပြုတာခံချင်တယ်။ ကျွန်မအတွက် သေချာဖို့လိုအပ်တယ်။ ကျွန်မက မောင့်ဘေးမှာ အမြဲပိုင်ဆိုင်နေချင်တယ်''

စဝ်က နောက်ထပ် ဘာကိုမှ မမျှော်လင့်တော့ချေ။ သူ့ဆုံးဖြတ်ချက်များကို သူမက အမြဲပင်ထောက်ခံလေ့ရှိသည်ဟု သူ ထင်မြင်ယူဆနေခဲ့သည်။ ကြီးကျယ်ခမ်းနားသော ပကာသနသက်သက်ဖြစ်သော အတိတ်ကလုပ်ခဲ့သော အရာတွေကို ပြန်ပြောင်းပြောရင်း အရသာခံဖို့အတွက် သည်အခမ်းအနားကို ဆက်မလုပ်သင့်ဘူးဟု သူထင်နေလေသည်။

သူသည် ထိုင်ခုံနောက်ဘက်တိုးထိုင်ချလိုက်ပြီး ပြတင်းပေါက်မှတစ်ဆင့် အပြင်တွင်မြင်နေရသော စိမ်းနုနုအရွက်သစ်လေးတွေ ထွက်နေသည့် ညောင်ပင်ကြီးကို ငေးကြည့်နေလိုက်လေသည်။ တောင်ဘက်ကတိုက်လာသော လေက အေးစိမ့်နေတာမို့ တုန်တုန်ယင်ယင်ပင်ဖြစ်လာလေသည်။ သူသည် သူတာဝန်ယူရသည့်ကိစ္စများဖြင့် သာမာန်လူဘဝလိုပြန်သွားရမည်မှာ အလွန် ဝေးကွာနေပြီဟုခံစားရသည်။ သူ့လူထုသည် သူ့ကို ရိုးရာထုံးတမ်း အစဉ်အလာအတိုင်း ပြုလုပ်ပြီး အတိတ်နှင့်ချိတ်ဆက်ပေးလိုကြသည်မှာ သူတို့အတွက် မှန်ကန်သော အခွင့်အရေးဖြစ်ပြီး သူမကိုလည်း မဟာဒေဝီအဖြစ် တရားဝင်အသိအမှတ်ပြုပွဲ လုပ်ရမည်သာ ဖြစ်လေသည်။ ရုတ်ချည်းပေါ်လာသော အသိဖြင့် စဝ်က အခန်းအပြင်ဘက်တွင် ရပ်စောင့်နိုင်းထားသော ဖင်းန ကိုခေါ်လိုက်သည်။

''လူကြီးတွေကို အခုချက်ချင်းပြေးပြီးသွားပြောလိုက် အခုပဲ ရုံးခန်းကိုပြန်လာကြပါလို့။ ငါသူတို့နဲ့ စကားနည်းနည်း ထပ်ပြောချင်သေးတယ်''

ပြီးနောက် သူသည် သုစန္ဒီဘက်သို့ လှည့်ကြည့်လိုက်သည်။ သူ့မျက်လုံးထဲတွင် မေးခွန်းပေါင်းများစွာ ပါရှိနေတော့သည်။

''မောင့်စိတ်ကူးတွေကို ပြောင်းလိုက်တော့မယ်။ မဟုတ်သေးပါဘူး။ အချစ် မောင့်အတွက် စိတ်ကူးပြောင်းပေးပါလား''

သူပြောလိုက်ရင်းက သူမ၏ အရောင်တလက်လက်ထနေသော အပြုံးကို မြင်လိုက်ရလေသည်။

သူ့လင်တော်မောင်၏ အံ့အားသင့်စရာဆုံးဖြတ်ချက်သည် သူမ အပေါ် လွှမ်းမိုးနေကြောင်း နားလည်လာမိတော့သည်။

နောက်ဆုံးတွင် မြန်မာပြည်၏အဆင့်ဆင့်သော အုပ်ချုပ်ရေးဌာန

www.nyisay.com



များနှင့် ရှမ်းပြည်နယ်ရှိလူထုအားလုံးက သူမကို သီပေါနယ်၏ မဟာဒေဝီအဖြစ် အသိအမှတ်ပြုခြင်းကိုခံရလေသည်။ မပြည့်စုံ၊ မလုံခြုံစိတ်များကိုဖြစ်ပေါ်စေသောအကြောင်းများကို ဖယ်ထုတ်ပစ်လိုက်ပြီဖြစ်သည်။ စဝ်အိမ်မှခရီးထွက်သွားသည့်အချိန်များတွင် သူမတစ်ယောက်တည်း အိမ်တွင် စိုးရိမ်ကြောက်ရွံ့ထိတ်လန့်စွာ ညညလန့်နိုးရသောအဖြစ်များမှ လွှန်မြောက်နိုင်ပြီဖြစ်သည်။ သူမသည် သီပေါစော်ဘွားမိသားစု၏ တရားဝင်မဟာဒေဝီအဖြစ်အသိအမှတ်ပြုခံရသောအခါ သူမအနေဖြင့် မျက်နှာဖြူနိုင်ငံခြားသူတစ်ယောက်အပြင် လူတစ်ယောက်အဖြစ် စိုးထိတ်နေစရာ မလိုတော့ချေ။

စက်တင်ဘာနေ့ရက်များ ကုန်လွန်သောအခါ အရှေ့ဟော်နန်း တစ်ခုလုံးစိတ်လှုပ်ရှားစွာဖြင့် ဆူညံနေကြတော့သည်။ ဗေဒင်ဆရာ ဆရာဘဟန်က ၁၁ လပိုင်းလဆန်း ၁၁ ရက်နေ့သည် မင်္ဂလာပွဲပြုလုပ်ဖို့ အသင့်တော်ဆုံးနေ့ဟုသတ်မှတ်ပေးသည်။ စဝ်က သူမ၏မွေးနေ့နှင့် နက္ခတ်တာရာများကိုအသေအချာတွက်ချက်ပြီး မင်္ဂလာနေ့ရက်ကို ဆုံးဖြတ်ခိုင်းလေသည်။ အသေးစိတ်ပြင်ဆင်ချိန်မှာ ၂ လမျှသာ ကျန်ရှိတော့လေသည်။ အခမ်းအနားအတွက်အပြင်လူများဝင်ရောက်လာလျှင် ကြိုတင်အကြောင်းကြားထားဖို့ လိုအပ်ကြောင်းဆုံးဖြတ်ထားခဲ့သည်။ သူ၏ ပွဲဖြစ်မြောက်ရေးဝန်ကြီးများကို သူက ယုံကြည်စိတ်ချစွာ အပ်နှံထားလေသည်။

မန္တလေးမှလာကြသော ရတနာကုန်သည်၊ ပိုးရက်ကန်းသည်၊ အပ်ချုပ်သမ၊ ဒီဇိုင်းဆရာတို့သည် သုစန္ဒီကိုပြင်ဆင်ပေးဖို့ အရှေ့ဟော်နန်းကို ရောက်ရှိလာကြတော့သည်။

ဧည့်ခန်းသည် ကာလာရောင်စုံဖြင့် အဝတ်အစားပြပွဲလိုဖြစ်နေတော့သည်။ မြန်မာလက်မှုပညာသည်များသည် သူတို့၏ တောက်တောက်ပြောင်ပြောင် ပိုးထည်နမူနာများနှင့် လက်ဖြင့်ထိုးထားသော ပြင်သစ်ဝိုင် ဘာဂန်ဒီရောင်ကော်ဇောများကိုပြကြသည်။

အရပ်ရှည်ရှည် ကုလားရတနာကုန်သည်က ကတ္တီပါလင်ပန်းပေါ်ဘင်ထားသည့် လင်းလက်တောက်ပနေသော စိန်များ၊ ပတ္တမြားများကို အလင်းရောင်ကောင်းကောင်းရသောနေရာတွင် ပြသနေကြသည်။ သုစန္ဒီ ယောက်မနန္ဒာက သိမ်မွေ့လှပယဉ်ကျေးမည့်အမျိုးမျိုးသော ရတနာပိုးထည် ကတ္တီပါစဘိ့ကို ကူရွေးချယ်ပေးသည်။ မန္တလေးပိုးချိတ်များသည် ရှမ်းပိုးချိတ်ထက်ပိုမို

www.nyisay.com





စံသုစန္ဒီအား သီပေါမဟာဒေဝီအဖြစ် အပ်နှင်းသော အခမ်းအနားမှ
သီပေါစော်ဘွားကြီး စဝ်ကြာဆိုင်နှင့် မဟာဒေဝီ စဝ်သုစန္ဒီ

လေးလံပြီး ရှုပ်ထွေးလှပသော ဒီဇိုင်းများဖြင့် တစ်ရက်လျှင် နှစ်လက်မမျှ သာ ရက်လုပ်နိုင်လေသည်။

သုစန္ဒီသည် အကွက်စိတ်ဒီဇိုင်းပုံစံကို ပန်းရောင်ရင့်ရင့်နှင့် အဖြူ နောက်ခံပေါ်တွင် အဝါရောင်တောက်တောက်ဖြစ်သော ဂန္ထဝင်ထီးဟန်နန်း ဟန်အဝတ်မျိုးကို ရွေးလိုက်သည်။ မန္တလေးမှ အပ်ချုပ်သမများရောက်လာ သောအခါ သူမကို အင်္ကျီကိုယ်တိုင်းကြသည်။ ချုပ်မည့်ပုံမှာ ပိုက်ဆံအလွန် ဖြုန်းတီးကာ ရာစုနှစ်ပေါင်းများစွာကဝတ်ခဲ့ကြသောပုံမျိုးကိုချုပ်ကြလေသည်။

ထိုထိုင်မသိမ်းအင်္ကျီက ရှိုးသော်လည်း လှလေ၏။ ကိုယ်ကြပ်အင်္ကျီ ရှည်လျားသောအနားခြေခတ်တွင် လက်ဖြင့်ရက်ဖောက်ထားသော ပိုးထမီကို ရွေးလိုက်သည်။ သူမက စမ်းဝတ်ကြည့်လိုက်သောအခါ ထိတ်လန့်သွားရသည်။

''မိဖွိုင်း လုပ်ပါဦး။ ကျွန်မ လမ်းလျှောက်လို့မရတော့ဘူး။ တုပ်နေပြီ ထမီဝတ်ကျင့်ရဦးမယ်ထင်တယ်''

www.nyisay.com





စဝ်သုစန္ဒီအား သီပေါမဟာဒေဝီအဖြစ် အပ်နှင်းပြီးနောက်
လက်ဖက်ရည်ပွဲဖြင့် ဧည့်ခံနေစဉ်

''ဟုတ်ပါ့မယ်မယ်ရယ်။ နည်းနည်းလောက် ကျင့်လိုက်ရင် အသား ကျသွားမှာပါ''

သူမ၏ အထိန်းတော်ကြီးက ကြည်လင်ရွှင်ပျစွာဖြင့် ပြောရင်းက ဘုပ်နေသော ထမီဖြင့် လမ်းလျှောက်ပုံကို သင်ပြလေသည်။

''ရှမ်းစော်ဘွားရဲ့ မဟာဒေဝီတွေအားလုံးနဲ့ မြန်မာဘုရင်ရဲ့ မိဖုရား ဘွေအားလုံး ဒီလို နန်းစဉ်ထမီမျိုးပဲ ဝတ်ကြတာ''

မွိုင်းက ထပ်ဖြည့်ပြောလေသည်။

''ထိုင်ရတာကလွဲလို့ ဒီလို အဝတ်အစားနဲ့ ဘယ်လိုများနေထိုင်ကြ သလဲ၊ ကျွန်မတော့ တွေးကြည့်လို့ကို မရပါဘူး''

သုစန္ဒီပြောရင်းက ထိုင်ခုံပေါ်တွင် ကျက်သရေရှိစွာ ထိုင်ချလိုက်သည်။ ထိုအချိန်တွင် ထမီအသားချင်း ငြိသံထွက်ပေါ်လာသည်ကို သူမကြားလိုက် ရသည်။ သည်ထမီဖြင့် နည်းနည်းပါးပါးလျှောက်တာကလွဲလို့ ဝတ်ရအတော်

www.nyisay.com



ဒုက္ခရောက်မှာပဲဆိုတာ သိလိုက်လေသည်။

သို့သော် မိုင်းက အပ်ချုပ်သမကိုခေါ်ပြီး ထမိဝတ်လေ့မရှိသော အနောက်တိုင်းသူတစ်ယောက်အတွက် ရှမ်းရိုးရာထမိကို ရှမ်းအကြည့်တွင် ကြောင်လျှောက်သလိုလျှောက်နိုင်ပြီး အဆင်ပြေပြေဝတ်နိုင်ရန် အနည်းငယ် ပြင်ဆင်ပေးဖို့ သူကပဲ ဦးစီးစီမံ ပြောဆိုနိုင်းလိုက်လေသည်။

ပွဲတော်ကျင်းပရေးဆိုင်ရာ ဝန်ကြီးခွန်ထွန်းသည် နေ့စဉ် သူ့တာဝန်အနေဖြင့် အရှေ့ဟော်နန်းကို ရောက်ရှိလာသည်။

သုစန္ဒီက စုံစမ်းသည်။

"ဖိတ်စာ ဘယ်လောက်ပို့ထားပြီးပြီလဲ"

"ငါးရာပါ မဟာဒေဝီ"

သုစန္ဒီထံမှ နောက်ထပ်တိုးပို့လို့ ပြောလေမလားဟု သူ့မျက်နှာမှာ စိုးရွံ့နေဟန်ပြရင်းက ဖြေလေသည်။

"ရှင်ထပ်ပြီး ဖိတ်စာတွေပို့ရလိမ့်ဦးမယ်"

ဆုံးဖြတ်ထားပြီးဟန်ဖြင့် သူမက ပြောလိုက်သည်။

"ကျွန်မကြားတာကတော့ သိပ်အရေးကြီးတဲ့ ပုဂ္ဂိုလ်တစ်ဒါဇင်လောက် အခုထိ ဖိတ်စာမရကြသေးဖူးတဲ့"

"တောင်းပန်ပါတယ် မဟာဒေဝီ၊ ဖိတ်ဖို့ကျန်တဲ့ လူစာရင်း ကျွန်တော့်ကိုပေးပါ"

ခွန်ထွန်း တောင်းပန်လေသည်။

"ကျွန်မဘယ်သွားသွား ထောင်ပေါင်းများစွာရှိတဲ့ ဖိတ်စာတောင်းတဲ့လူတွေ အတင်းလိုက်နေတာပဲ။ ကျွန်မတို့က အရှေ့ဟော်နန်းမှာ အထူးဧည့်သည်တော် ငါးရာစာပဲ တက်ရောက်ဖို့ ပြင်ထားတာမဟုတ်လား။ ဒါပေမဲ့ ကျန်တဲ့ လူတွေအတွက်က တစ်ပတ်လုံး ပွဲလုပ်ပေးပြီး ပုံစံမျိုးစုံနဲ့ တက်နိုင်တာပဲ"

"မယ်ဘုရားမှန်တယ်လို့ ကျွန်တော်ထင်ပါတယ်"

သုစန္ဒီက စိတ်ပျက်စွာဖြင့် ပြောလိုက်သည်။

"ရှင့်အတွက် ဖိတ်ရမဲ့နာမည်တွေ ကောင်းကောင်းထားခဲ့ပါ့မယ်"

www.nyisay.com



သီပေါက လူတွေသည် ဈေးမှာ၊ လက်ဖက်ရည်ဆိုင်မှာ၊ ဘုန်းကြီးကျောင်းတွေမှာ၊ အိမ်တွေမှာ မင်္ဂလာပွဲအကြောင်းပဲဆွေးနွေးနေကြလေသည်။ သူတို့က အလွန်အရေးကြီးသော မေးခွန်းများအတွက် အကြံပေးကြသည်။ ဘယ်သူတွေကို ဖိတ်မှာလဲ၊ ဝိညာဉ်တွေက သဘောကျတဲ့ လက္ခဏာပြမပြနှင့် သူတို့မဟာဒေဝီ ဘာဝတ်မှာလဲ။

လူအများစုသည် သူတို့ကောင်းကင်၏အရှင် စော်ဘွားကြီးအတွက် ပျော်ကြပြီး ဝမ်းသာကြသည်။ ထိုအကြောင်းပြချက်များကြောင့် သူတို့အတွက် ပွဲလုပ်ပေးရခြင်းဖြစ်လေသည်။ နောက်ဆုံး၌ကြည်လင်သော နိုဝင်ဘာနံနက်ခင်းတွင် အရှေ့သီပေါရှိလူတွေသည် ပွဲစဖို့ အဆင်သင့်ဖြစ်နေလေပြီ။ ပထမထပ်အတွင်းရှိ အိမ်ထောင်ပရိဘောဂများအားလုံး ဖယ်ထုတ်လိုက်ပြီး ကျွန်းပါကေးကြမ်းခင်းပေါ် ထူထဲသည့် ကော်ဇောများကို ခန်းလုံးပြည့်ခင်းထားလိုက်သည်။ ဆယ်စုနှစ်ကျော်ကျော် သိမ်းဆည်းထားခဲ့သော ရွှေပလ္လင်ကို ညှိခန်းကျယ်ကြီးထဲရှိ စင်လေးပေါ်ပြန်တင်ထားလိုက်သည်။ ပလ္လင်ပေါ်တွင် ရွှေချည်ထိုးထားသော နီရဲရဲ ကတ္တီပါအခင်းကိုလွှမ်းထားရာ နူးညံ့သိမ်မွေ့ပြီး ဖိတ်ခေါ်နေသလိုရှိလေသည်။ စပ်က ပလ္လင်ကိုကြည့်လိုက်ပြီး ပလ္လင်ထောင့်လေးထောင့်တွင်တပ်ထားသော ကြီးမားသော ထီးဖြူလေးလက်ကို အစောင့်များအား ဖြုတ်ခိုင်းလိုက်သည်။

ထီးဖြူလေးလက်သည် သူ့အဘိုးစဝ်ခွန်ဆိုင် တည်ဆောက်ခဲ့သော ဒုတိယကမ္ဘာစစ်အတွင်းက ပျက်စီးသွားခဲ့ပြီဖြစ်သည့် ဟော်နန်းဟောင်းအတွက်သာ သင့်တော်ပြီး အခု ခေတ်သစ်စံအိမ်တော်အတွက် မဟုတ်ဟုဆိုလေသည်။ သို့သော်ငြားလည်း အခမ်းအနားကို နေ့လယ်တစ်နာရီတွင် စတင်ခဲ့လေသည်။ ညှိသည်များသည် နံနက်စောစောကပင်တဖွဲဖွဲရောက် လာခဲ့ကြသည်။ ဟော်နန်းမှ တေးဂီတများဖြင့် ဖျော်ဖြေနေသည်။ ညှိခံဖို့ လူများအသင့်ရှိနေကြသည်။ စားစရာ၊ သောက်စရာများလည်း အသင့်ဖြစ် နေလေသည်။ သုစန္ဒီသည် မနက်ဆယ်နာရီကစလို့ အဝတ်အစားများ ပြင်ဆင်လေသည်။ သူမအား မွှိုင်း၊ များစွာသော ညီအစ်မများ၊ သီပေါနယ်၏ ဝန်ကြီးကတော်များက ဝိုင်းဝန်းကူညီပေးကြလေသည်။ သူမ၏ အိပ်ခန်းက ကုတင်ကြီးပေါ်တွင် သူမဝတ်မည့်

www.nyisay.com



အဝတ်အစားများ၊ ဆံထုံးများနှင့် လက်ဝတ်ရတနာများကို တင်ထားလိုက်သည်။ သူတို့သည် သူမ၏ရင်ပုံကို တင်းတင်းဖိ ပြီး ကြပ်ကြပ်စည်းကြလေသည်။ သူမကို ရှမ်းမတွေလို ရင်သားပြားပြားဟန် ဖြစ်စေချင်ကြပုံရလေသည်။ ပြီးနောက် သူမ၏ဒူးထိရှည်သောဆံပင်ကို လိမ်ကျစ်ဆွဲဆောင့်နေကြသောကြောင့် သူမက ဖြတ်ပစ်လိုက်တာပဲကောင်းပါတယ်ဟု ခြိမ်းခြောက်လိုက်မှ ရပ်ကြလေသည်။ သူမသာမပြောလျှင် နာကျင်သော ဝေဒနာကို အချိန်မည်မျှကြာအောင် ခံနေရမည် မသိချေ။

နောက်ဆုံးမှာတော့ သုံးနာရီအကြာတွင် ခေတ်သစ် မော်ဒန်မိန်းမ တစ်ယောက်သည် ပုံပြင်ထဲက မင်းသမီးပုံသို့ လုံးဝအပြီးဘဝပြောင်းသွား တော့သည်။ နောက်ဆုံး၌ သုစန္ဒီသည် သုံးဖက်မြင် ကိုယ်လုံးပေါ်မှန်ကြီးရှေ့ တွင် ရပ်ပြီးတည့်တည့်ရင်ဆိုင်ကြည့်လိုက်သောအခါ သူမ၏မျက်လုံးကိုပင် မယုံနိုင်ဖြစ်ရလေသည်။ ပန်းရောင်၊ အဝါရောင်နှင့် အဖြူရောင်ပေါ်တွင် လေးလံသော ရွှေဒေါင်းပုံကို ဇာပန်းထိုးထားသည့် နန်းဆန်နန်းဟန်အင်္ကျီ သည် သူမကိုယ်နှင့် ချပ်ချပ်ရပ်ရပ် အနေတော်ဖြစ်နေသည်။ သူမ၏ သွယ် လျလျ မြင့်မြင့်အရပ်ကို တင်းတင်းဖက်ထားသလို ထိုင်မသိမ်းထမီက လိုက်ဖက် နေသည်။ ပဝါတွင်လည်း ရွှေဒေါင်းပုံ ဇာပန်းထိုးထားပြန်သည်။ လည်ဆွဲမှာမူစိန်ကို ရွှေများအိနေအောင်ရံထားသည်။ သူမ၏ ရွှေအိုရောင် ဆံစရှည်ရှည်ကို ရိုးရိုး ရှေးဂန္ထဝင်ဟန် နန်းဆန်ဆန်ထုံးထားပေးသည်။

သဘာဝသရဖူဆောင်းထားသလို ဆံထုံးပေါ်တွင် ငါးကရက်စီရှိ သော စိန်တုံးများကို ဘီးပေါ်တွင် ဖဲချပ်လေးတွေလို စီထည့်ထားလေသည်။ ဝင်းဝင်းတောက်နေသော စိန်လက်ကောက် လက်လက်ထနေသော လက်စွပ် တို့ဖြင့် သူမသည် ပီဘိပုံပြင်ထဲက မင်းသမီးလေးလို ခံစားနေရလေသည်။ သုစန္ဒီ အံ့အားသင့် ကြက်သေသေမိတော့သည်။ မှန်ထဲမှာတွေ့နေရသော ကောင်မလေးသည် ဩစထြီးယားက သာမန်ကောင်မလေးတစ်ယောက်ဖြစ်သည်။ ထိုကောင်မလေးသည် တောင်တက်တတ်ပြီး သူမအဖေ၏စက်ဘီး နောက်ကစီးပြီး ကျောင်းတက်ရသည်။

သုစန္ဒီသည် အခန်းအပြင်သို့မထွက်မီ သူမ၏ အိပ်ခန်းလုံခြုံမှု

www.nyisay.com



အတွက် တွန့်ဆုတ်နေမိသည်။ မှန်ထဲမှာ မြင်နေရသော ပုံပြင်ထဲကမင်းသမီးလေးသည် သည်အချိန်မှာပေါ်လာသော အရိပ်သဏ္ဍာန်တစ်ခုမဟုတ်တာကို သေချာအောင်လုပ်ဖို့လိုအပ်သည်။ သူမသည် ရန်ကုန်ဆိပ်ကမ်းသို့ ဩစတြီးယားမှရောက်လာခဲ့သော ချည်အင်္ကျီဝတ်ထားသည့် ကောင်မလေးဖြစ်တာ အလွန်သေချာသည်။ သူမသည် စိတ်ချမ်းသာပြီး မာန်မာနမရှိသလိုခံစားရသည်။ ပြီးနောက် သူမသည် စင်္ဂါဘေးတွင် ပို၍ ယုံကြည်မှုအပြည့်ဖြင့် နေနိုင်ပြီဖြစ်သည်။ သည်အဖြစ်တစ်ခုက အပါအဝင်ဖြစ်လေသည်။

သို့သော် ထိုအချိန်တွင် မွိုင်းသည် ရေးကြီးသုတ်ပျာ စိတ်လှုပ်ရှားစွာဖြင့် အထောက်တော်အနေနှင့် ရောက်ရှိလာပြီး သုစန္ဒီကိုပြောသည်။

''စဝ်ဘုရားက အပေါ်ထပ်မှာ စောင့်နေတယ်။ မယ်ဘုရားကို စောင့်ပြီး အခမ်းအနားကိုခေါ်လာခဲ့ပါတဲ့''

နောက်မိနစ်အနည်းငယ်တွင် လူငါးရာကျော်၏ စူးစမ်းသောမျက်လုံးအစုံတွေက သူမအပေါ် စုပြုကြည့်ကြတော့မည်ကို တွေးကြည့်လိုက်သောအခါ ရုတ်တရက် ကြောက်ရွံ့လာပြီး ပျော့ခွေကျသွားမတတ်ခံစားရလေသည်။ သူမ၏ လက်နှင့်ခြေတို့သည် ရေခဲလိုအေးစက်သွားသော်လည်း ခန်းမကြီးအတွင်းမှာတော့ နိုဝင်ဘာ၏နေကြောင့် နွေးနေသည်။

''ဘယ်နှယ့်နေလဲ ကျွန်မကိုကြည့်ရတာ အဆင်ပြေရဲ့လား မွိုင်း''

သူမအသံက တုန်ယင်နေသည်။

''မယ်ဘုရားကလေ လလို ကြယ်လေးတွေလို လှပါတယ်''

မွိုင်းက သူမကို စိတ်လျော့ချနိုင်ရန် နားလည်စွာဖြင့် ပြောလိုက်သည်။ နမဝမ်းကွဲ နန္ဒာက သူမ၏လက်ကိုဆွဲပြီး စဝ်ဆီသို့ ခေါ်ဆောင်သွားလေသည်။

ထိုအချိန်တွင် သူ့မျက်ကြည့်က သူမအပေါ် ကျရောက်နေသည်။ သူ မှင်တက်မိသွားသည်။ နောက်ကို ခြေလှမ်းဆုတ်လိုက်မိသည်။ စဝ်သည် အပြုစားခံရသော သူ့မယားကိုငေးကြည့်နေမိသည်။ သူမကို သည်လိုတစ်ခါမှ မတွေ့ဖူးခဲ့ချေ။ ဒါထာဝရပဲ ဖြစ်နေလိုက်ပါတော့ဟု သူမ၏ပုံကိုမြင်နေမိစဉ် သူမက လက်ကိုကိုင်လိုက်သည့်အခါ အတွေးပျက်စီးသွားတော့လေသည်။ သူပြောတာကို သူမ ကြားလိုက်သည်။

www.nyisay.com



''အချစ်ကလေ ပုံပြင်ထဲကလိုပဲ။ အချစ်က ပုံပြင်ထဲက မောင့် မင်းသမီးလေးပဲ''

သူသည် သူမ၏လက်ကို ညင်ညင်သာသာ ယုယုယယကိုင်လိုက်ပြီး လှေကားတစ်လျှောက်မှ စောင့်နေကြသော ဧည့်ပရိသတ်ဆီခေါ်ဆောင် သွားလေသည်။

စံကတော့ ရှိုးရှိုးပိုးအင်္ကျီအဖြူကိုဝတ်ထားပြီး ပန်းနုရောင်ခေါင်းပေါင်းပေါင်းထားသည်။ ပတ္တမြားကြယ်သီးတစ်လုံးကို အင်္ကျီလည်ပင်း ကော်လာတွင် တပ်ထားသည်။ သုစန္ဒီ၏ ခမ်းနားကြီးကျယ်သော နန်းဆန်ဆန်အလှကြောင့် စောင့်စားနေကြသော ဧည့်ပရိတ်သတ်မှာ ဟယ်ခနဲ အာမေဍိတ်သံပြုကြပြီး အံ့သြချီးမွမ်းကြလေသည်။ စံက သူမကို စုရုံးနေ ကြသော ဧည့်သည်တွေကြားမှ ဖြတ်ပြီးခေါ်ဆောင်သွားရာ 'အို'၊ 'ဟာ' ဟူသောအသံများ နေရာအနှံ့မှ ထွက်ပေါ်နေလေသည်။

ပလ္လင်ပေါ်တွင် သတို့သားနှင့်သတို့သမီးတို့ ထိုင်ပြီးကြသောအခါ တရားဝင်အခမ်းအနား စတင်လေသည်။

သာယာနာပျော်ဖွယ်ရှိသော ဟော်နန်းအခမ်းအနား တေးသံသာများသည် ရှေးရိုးတူရိယာများဖြစ်သော စောင်း၊ ပတ္တလား၊ ပလွေနှင့်တယောများကို တီးခတ်ရာမှ ထွက်ပေါ်လာသည်။ အခမ်းအနားဝန်ကြီးသည် သူ့လက်ကို မြှောက်ပြလိုက်သောအခါ တေးသံများရုတ်တရက် ရပ်သွားသည်။ လူအုပ်သံတွေလည်း တိတ်သွားသည်။ အသံသြဇာကောင်းကောင်းဖြင့် ဘယ်လက်ထဲမှာကိုင်ထားသော ရှမ်းပုရပိုဒ်စာကို ဖတ်လေသည်။

''ရှမ်းပြည်အတွင်းရှိသော သီပေါနယ်ကိုပိုင်စားရသောရေမြေ့အရှင် ကောင်းကင်၏အရှင်သည် သူ့ဆက်ခံခွင့်နှင့် ဆင်းသက်လာသော သူ့မျိုးရိုးစဉ်ဆက်အရအုပ်ချုပ်ရသော စော်ဘွားဖြစ်ပေသည်။ ရှေးရေစက်ကြောင့် သူနှင့် သူ၏ကြင်ယာတော်သည် ဆုံဆည်းခဲ့ကြရသည်။ သူသည် ကြင်ယာတော်ကို ဗုဒ္ဓဘာသာ ထုံးတမ်းစဉ်လာအရ ခေါ်ဆောင်လာ ခဲ့ပေသည်။ သူမသည် သူ့ကို ဖြည့်ဆည်းပေးရမည်။ သူ့အတွက်ပြီး ပြည့်စုံရမည်။ သူမသည်လည်း တူညီစွာဖြင့် လမင်း၏အလင်းရောင်ကဲ့သို့ ကမ္ဘာကြီးအား ထွန်းတောက်စေရမည်။

www.nyisay.com



သူ၏ကိစ္စအကြောင်းအရာများ၊ ပြည်နယ် ၏တရားဝင်ကိစ္စအဝဝများအတွက် စော်ဘွားကြီးက မိန့်တော်မူသည်မှာ သူသည် သူ၏ကြင်ယာတော်အား စဝ်သုစန္ဒီ ဘွဲ့အမည်ကို ပေးအပ်ချီးမြှင့်လိုက်သည်။ ထို့အပြင် သူသည် သူ၏ကြင်ယာတော်ကို သီပေါဟော်နန်း၏ တော်ဝင်မိသားစုဝင်အဖြစ် မြှင့်တင်သတ်မှတ်လိုက်သည်။ ယနေ့ ယခုအချိန်မှစ၍ အန္တရာယ်ခပ်သိမ်းအပေါင်းနှင့် ရောဂါဘယအပေါင်းမှ ကင်းဝေးပါစေသား။ ကောင်းခြင်းငါးဖြာဖြင့် အစဉ်အမြဲ ပြီးပြည့်စုံပါစေသား''

ဘွဲ့အမည်အပ်နှင်းကြောင်း ထုတ်ပြန်ကြေညာပြီးနောက်တွင် စော်ဘွားကြီးအား အုပ်ထိန်းသူ ဘုန်းတော်ကြီးကျောင်းမှ ရှမ်းအဘိုးအိုသုံးယောက်၏ ခရုသင်း မှုတ်သံသည် ယုံကြည်အပ်နှံစကားတွေလို လေထဲတွင် ပျံ့နှံ့သွားတော့သည်။

သုစန္ဒီသည် စင်ဘေးတွင် မလှုပ်မယှက်ထိုင်နေရင်းက သိမ်မွေ့ ကျက်သရေရှိသော ခရုသင်းသံကို နားစွင့်နေမိလေသည်။ သို့သော်ငြားလည်း အခမ်းအနားကျင်းပနေချိန်တွင် သူမသည် အောက်ကိုသာစိုက်ကြည့်နေရ တော့သည်။ သူမသည် အောက်ကညေ့်ပရိသတ်ကို ငဲ့စောင်း၍သာကြည့်နိုင် လေသည်။ သူတို့မျက်လုံးတွေတွင် သူမအား ကျေနပ်သဘောကျချီးမွမ်းနေကြောင်း ရေးသားထားတာ မြင်နေရသည်။ သူမသည် အလွန်ပျော်ရွှင် ကျေနပ်မိပြီး သူမ၏ လင်ယောက်ျားကိုလည်း အထူးကျေးဇူးတင်နေမိလေ သည်။ တစ်ခုပဲစိတ်ထဲ မကောင်းဖြစ်မိသည်မှာ သူမ၏မိဘနှစ်ပါးနှင့် သူငယ်ချင်း အပေါင်းအသင်းများ သည် သူမ၏ဘဝအစပိုင်းကာလဖြစ်သော ယနေ့လိုနေ့မျိုးတွင် သက်သေအဖြစ် ရှိမနေကြခြင်းကိုပဲဖြစ်လေသည်။

ဝန်ကြီးချုပ်ဦးသန်းသည် ပလ္လင်အနီးသို့ ဒူးထောက်ချဉ်းကပ်လာပြီး ရွှေပြားပေါ် ခပ်တိုတိုရေးထားသော ထုတ်ပြန်ချက်ကို ဖတ်ပြလေသည်။

''သီပေါနယ်၏ စော်ဘွားကြီးသည် ထုံးတမ်းစဉ်လာအတိုင်း ထုတ်ပြန် ကြေညာလိုက်သည်မှာ သူ၏တော်ဝင် ကြင်ယာတော်ကို သီပေါနယ်၏ မဟာဒေဝီ အဖြစ် လက်ထပ်ထိမ်းမြားသည့်အချိန်မှစ၍ မြှင့်တင်ပေးအပ်ချီး မြှင့်လိုက်သည်။ ထို့ကြောင့် ကြင်ယာတော်ကို စဝ်သုစန္ဒီဘွဲ့အမည်ကို ပေးအပ်နှင်းလိုက်သည်။ စော်ဘွားမင်းသည် မဟာဒေဝီအပေါ် ကောင်းခြင်းငါးဖြာပေးအပ်ပါစေသား''

ဦးသန်းသည် ဖတ်ပြီးသွားသောအခါ ရွှေပေလွှာကို ယွန်းအုပ်ဝိုင်းလေး

www.nyisay.com



ပေါ်တင်လိုက်ပြီး စော်ဘွားကြီးထံ ဆက်သလေသည်။ စော်ဘွားကြီးသည် ကြင်ယာတော်ဘက်လှည့်လိုက်ပြီး အပြုံးများစွာဖြင့် လက်ထဲက တောက်ပနေသော ရွှေပေလွှာကို သူမလက်ထဲ ထည့်ပေးလိုက်သည်။ သူမ က လက်နှစ်ဖက်ဖြင့် ယူလိုက်သည်။ ပြီး လေးလေးစားစားဖြင့် ဦးညွှတ်လိုက်သည်။ သူမ၏ တုန်ရင်နေသောလက်တွေကို သတိမထားမိပါစေနဲ့ဟု မျှော်လင့်နေမိလေသည်။ သူမသည် အသက်ပြင်းပြင်းရှူရှိုက်လိုက်ပြီး ပရိသတ်ဘက် လှည့်လိုက်သည်။ အောင်မြင်သူအပြုံးများဖြင့် ရွှေပေလွှာပုရပိုဒ်ကို ကိုင်မပြလိုက်လေသည်။

သူမအချက်ပြလိုက်သောအခါ ညှော်ပရိသတ်မှာ ထိန်းချုပ်ထားသော စိတ်လှုပ်ရှားမှုများကို ဖွင့်ချလိုက်ကြတော့သည်။ ညှော်သည်များသည် ပလ္လင်အနီးတွင် ဝိုင်းရံနေကြပြီး ဆုမွန်ကောင်းများတောင်းပေးကြသည်။ သူတို့ရယ်မောမှုများ၊ ပျော်ရွှင်စိတ်ချမ်းသာမှုများကို ဖော်ပြကြတော့၏။ ခေတ်ပုံဆရာနှစ်ဆယ်သည် စဝ်က သုစန္ဒီကို ဥယျာဉ်အတွင်းရှိကြီးမားသော ဝါးညှော်ခံမဏ္ဍပ်ဆီခေါ်မသွားခင်မှာ ပုံများကို တဖျပ်ဖျပ် အရရိုက်နေကြသည်။ ထိုနေရာတွင် လက်ဖက်ရည်ပွဲဖြင့် ညှော်ခံမည်ဖြစ်ရာ ကြွရောက်လာကြသော ညှော်သည်အပေါင်းသည် စော်ဘွားကြီးနှင့်အတူ ရောနှောပြီး ရင်းရင်းနှီးနှီး နားထောင်ပြောဆိုလျက်ပျော်ရွှင်စွာဖြင့် ကျေးဇူးတင်စကားများလည်း ပြောနိုင်ကြမည်ဖြစ်လေသည်။

မော်ကွန်းထိုးသော ကြီးကျယ်ခမ်းနားသည့်နေ့သည် အစမှအဆုံး ပျော်ရွှင်စွာဖြင့် ပြီးဆုံးသွားခဲ့လေသည်။ သုစန္ဒီသည် မမျှော်လင့်ထားသော အဖြစ်အပျက်လေးတွေကြောင့် သူမညှော်ခံနေချိန်တွင် တိတ်တခိုး ကြောက်ရွံ့စိတ်လေးတွေပေါ်လာခဲ့ရသည်။ အချို့ မမျှော်လင့်သောအဖြစ်တွေက ညှော်ခံပွဲကို အနှောင့်အယှက် ဖြစ်စေလေသည်။ ထိုနေ့ရက်များကုန်လွန်သွားသောအခါမှ သူမသည် စိတ်အေးလက်အေး နေနိုင်တော့သည်။ သူမသည် ဝရန်တာတွင် စဝ်ကို စောင့်နေရသည်။ သုစန္ဒီ၏ ရင်ထဲက လှုပ်ရှားနေသော ခံစားချက်တွေကို စိတ်လွတ်ကိုယ်လွတ် ဖက်ကြိုးဖြေလွှတ်ရလေသည်။ သူမပါးပြင်ပေါ်တွင် မျက်ရည်များ သွင်သွင်စီးကျနေသည်။ သူမနှုတ်ခမ်းပေါ် စီးကျလာသော မျက်ရည်တွေက ငံကျိနေလေသည်။ သူမသည် ဝမ်းသာလွန်းသောအခါ၌ ရှိုက်ကြီးတငင် အားရပါးရငိုတတ်တာကို သူမဘာသာ အံ့နေမိတော့သည်။

www.nyisay.com



သူမသည် ဘယ်သောအခါကမှ သူတို့မင်္ဂလာပွဲမှာတောင်မှ လွှမ်းမိုးတာကိုမခံခဲ့ရချေ။ သူမသည် လူထုရှေ့တွင် အသိအမှတ်ပြုခံပြီးသောအခါမှစ၍ နောက်ဆုံးတွင် သူမ၏ယုံကြည်မှုများသည် စဝ်အပေါ် များစွာရှိလာခဲ့သည်။ စဝ်က သူ့ကိုယ်ပိုင်အချိန်တွင် သူ့ရင်ထဲကခံစားချက်တွေကို မကြာခဏ ထုတ်ဖော်ပြလေသည်။

သူသည် သူမကို ချစ်လည်းချစ် ယုံလည်းယုံကြည်လေသည်။ သူမနှင့် သူတို့သည် တစ်ယောက်ကိုတစ်ယောက် ညီမျှစွာချစ်ကြသည်။ တစ်ယောက်ကိုတစ်ယောက် ပိုင်ဆိုင်ကြရင်းက မသေမခြင်း အတူတကွ နေထိုင်သွားကြမည် ဖြစ်လေသည်။

သူမ၏ယုံကြည်မှုက သူ့တွင်ရှိသည်။ သူတို့၏ အနာဂတ်ကို ပြန်လည်ခိုင်မာလာစေမှာဟု သူမမျှော်လင့်သည်။ သူတို့အတွက် သံသယများ၊ စိုးရိမ်စိတ်များအတွက် ထားစရာအခန်းမရှိတော့ဘဲ ထုတ်ပစ်လိုက်ပြီဖြစ်လေသည်။

✦ ✦ ✦

ပျော်ပွဲရှင်ပွဲများကို တစ်ပတ်ကြာအောင် တစ်နှစ်တစ်ခါ သီပေါတွင် ကျင်းပလေသည်။ ထောင်ပေါင်းများစွာသော လူထုက စဝ်တို့မောင်နှံကို ခဏလေးပဲဖြစ်ဖြစ် မျက်ကြည်လေးခံရဖို့အတွက် ပွဲခင်းထဲတွင် သို့မဟုတ် ဘာသာရေးအခမ်းအနားများတွင် ကြိုးစားကြသည်။ ထောင်ပေါင်းများစွာ ထက်ပိုသော လူတွေက သီပေါသို့လာပြီး စော်ဘွားကြီးကို သစ္စာရှိကြောင်း ရှိသေလေးစားကြကြောင်းကို လာရောက်ပြသကြလေသည်။

စဝ်နှင့် သုစန္ဒီတို့ကလည်း အပြန်အလှန်အားဖြင့် ထုံးသက်နှံးကပ်ထားသော ပွဲခင်းအနီးကစေတီတွင် အပူဇော်ခံကြရသည်။ သူတို့နှစ်ယောက် ပွဲခင်းထဲသို့ ဖိနပ်မပါဘဲလျှောက်ကြလျှင် မရေတွက်နိုင်သောလက်များက သူတို့ခြေကို လာရောက်ထိကြလေသည်။

လှပသောဆေးရောင်စုံ နံနက်ခင်းအခမ်းအနားအပြီးတွင် အရှေ့ဟော်နန်းသို့ အပင့်ဖိတ်ခံရသော ဝါတော်ရဆရာတော် ခုနစ်ပါးကို ဆွမ်းကပ်

www.nyisay.com



လေသည်။ ရဟန်းတော် ဆရာတော်ကြီးများသည် ကော်ဇာပေါ်တွင် ထိုင်လိုက်ကြသည်။ ဟော်နန်းရှိလူများက ဆရာတော်များအား တရားအားထုတ်နိုင်စေရန် ဆွမ်း၊ ဟင်း၊ အချိုခဲဖွယ်ဘော်ဇင်များကို ကပ်ကြသည်။

စောင့်ကြည့်နေကြသော ယောက်ျား၊ မိန်းမအားလုံးသည် စားစရာများကို အပြေးအလွှား ပြင်ဆင်ပေးကြသည်။ လိုအပ်နေလျှင် မွှေးပျံ့သော ထမင်းအိုးကို ခပ်သွက်သွက် အမြန်ပြန်ပေါင်းသည်။ ဟင်းများ ထပ်ချက်သည်။ ရဟန်းတော်များကို ခြောက်လက်မအမြင့်ရှိသော စားပွဲဝိုင်းလေးပေါ်တွင် ကြွေပန်းကန်ဖြင့် ဆွမ်းကပ်ကြသည်။

ရဟန်းတော်များကို အထူးဆွမ်းကပ်ကြခြင်းလည်းဖြစ်သည်။ ကျန်နေ့ရက်များတွင်မူ ရဟန်းတော်များသည် နံနက်တိုင်း မြို့ရွာလမ်းများတွင် ကြွရောက်ပြီး တစ်ရက်စာကို သပိတ်ဖြင့်ဆွမ်းခံစားကြရလေသည်။ ရဟန်းတော်များ ဆွမ်းဘုန်းပေးပြီးသောအခါတွင် စဝ်နှင့် သုစန္ဒီသည် ဆရာတော်များအား လှူဖွယ်ပစ္စည်းများ ကပ်ကြသည်။ ရဟန်းတော်များသည် မြိုးမြိုဆင်းရဲစွာ နေထိုင်ကျင့်ကြံကြသောကြောင့် သင်္ကန်း၊ စောင်၊ ဖိနပ်၊ ထီး၊ စာအုပ်၊ ခဲတံ၊ ဆပ်ပြာ၊ သွားတိုက်ဆေး၊ လက်ဖက်ခြောက်နှင့် ကြာကြာထားနိုင်သော ငါးသေတ္တာ၊ နို့ဆီဘူး၊ အိုဗာတင်းဘူးများ ကပ်လှူလေသည်။ နောက်ဆုံးတွင် ဆရာတော်များက ဗုဒ္ဓတရားတော်များကို ပါဠိလိုရွတ်ဖတ်ပြီး တစ်ခါ ရှမ်းဘာသာဖြင့် ပြန်လည်ရှင်းလင်းဟောတော်မူလေသည်။

''ကျွန်မဖြင့် ဆရာတော်တွေဟောတဲ့တရားကို ပါဠိလိုပဲဖြစ်ဖြစ် ရှမ်းလိုပဲဖြစ်ဖြစ် နားမလည်ပါဘူး''

သုစန္ဒီက စဝ်ကို ရေးရှုပြီးပြောလိုက်သည်။

''ဆရာတော်တွေက ကျွန်မတို့ကို ဆုတွေတောင်းပေးတာလား ဒါမှမဟုတ် အကြံဉာဏ်တွေပေးတာလား''

''ဟုတ်တယ်။ မဟုတ်ဘူး''

စဝ် ပြန်ဖြေလိုက်သည်။

''ရဟန်းတော်တွေက သူတို့ ကျင့်ကြံအားထုတ်တဲ့ ဗုဒ္ဓတရားတော်တွေကို လူတွေအတွက် ပြန်ဟောပြတာပဲ။ ဒါပေမဲ့ ရဟန်းတွေက လူတွေနဲ့

www.nyisay.com



ပတ်သက်ပြီးလုပ်တဲ့ ပွဲတွေ၊ လူ့ဘောင်လောကီကိစ္စတွေကို စိတ်မဝင်စားဘူး။ သူတို့အတွက်လည်း စိုးရိမ်ပူပန်နေတာမျိုးမရှိကြဘူး''

''ဒါဆိုဘာလို့ ကျွန်မတို့က ဆရာတော်တွေကို ပင့်ဖိတ်ရတာလဲ''

''ဘာလို့လဲဆိုတော့ မောင်တို့က ကောင်းတဲ့အလုပ်လုပ်ချင်တယ်။ ဒီလို မင်္ဂလာရှိတဲ့ပွဲမျိုးမှာ ဆရာတော်ရဟန်းတော်တွေကို ကြွလာစေချင်လို့လေ''

အဖြေက သုစန္ဒီကို ရှုပ်ထွေးသွားစေလေသည်။ သူတို့လှူသော အလုပ်သည် သူတို့စိတ်ဆန္ဒက စေ့ဆော်မှုကြောင့် ပေးလှူခြင်းဖြစ်ပြီး နောင်ဘဝအကျိုးတွေအတွက်မျှော်ကိုးပြီး လှူဒါန်းမှုကုသိုလ်ကို ပြုလုပ်တာလား ဆိုတာ သူမ ရှင်းရှင်းသိနေချင်မိသည်။

''ကျွန်မတို့က ပြန်ရမယ်ဆိုပြီး ပေးလှူနေတာမျိုးလား''

သုစန္ဒီက စင်ကို ပြန်မေးသည်။

''အိုး ...မဟုတ်ဘူး။ ဒါမျိုးက တွက်ချက်လုပ်ရတာမျိုး မဟုတ်ဘူးလေ''

သူက ခေါင်းကို သွင်သွင်ခါရမ်းရင်းက ဖြေသည်။

''ပေးလှူတယ်ဆိုတာက အကောင်းဘက်က အင်အားတွေလေ။ ဒါက မောင်တို့ကို တိုးတက်မှုဖြစ်စေတယ်၊ အလွန့်အလွန် တဖြည်းဖြည်းခြင်းပေါ့။ မောင်တို့က အသေအချာသိသိကြီးနဲ့ ကုသိုလ်တွေ စုနေတာမျိုးမဟုတ်ဘူးလို့ ဆိုလိုချင်တာပါ။ မောင်ပြောတဲ့အချက်ကို နားလည်ရဲ့လား''

''ကျွန်မတော့ ထင်တာပါပဲ''

သုစန္ဒီက စိတ်မပါသလို ပြန်ဖြေလိုက်မိလေသည်။

''အချစ်သိမယ်လို့ မောင်ထင်တယ်။ အချစ်က ပေးကမ်းစွန့်ကြဲတာတွေ အများကြီးလုပ်ပြီး ပျော်နေတာ မောင် မြင်ရတာပဲဟာ''

သုစန္ဒီ ဘာမှ ပြန်မပြောတော့ပါ။ သို့သော် သူမကိုအကြောင်းပြုပြီး ဘုန်းတော်ကြီး ခုနစ်ပါးကို ကုသိုလ်လုပ်ရာ၌ သူမသည် စိတ်ထဲက အားဘက်သရော ပါဝင်ခံစားခဲ့ခြင်းမရှိသည့်အတွက် စိတ်မကောင်း ဖြစ်မိလေသည်။ ဒါနှင့်တောင် သူမသည် ဘာသာရေးနှင့်ပတ်သက်သော ကိစ္စအဝဝများတွင်

www.nyisay.com



ပါဝင်လုပ်ဆောင်နေခဲ့သည်။ သူမသည် ထေရဝါဒ ဗုဒ္ဓဘာသာနှင့် ဟောကြားမှုများကို နားလည်ဆင်ခြင်သုံးသပ်ရန် ကြိုးစားအားထုတ်တာမျိုးလည်း မလုပ်ခဲ့ချေ။ အခုကစလို့ ပြောင်းလဲဖို့ သူမ ဆုံးဖြတ်လိုက်တော့သည်။

စိတ်လှုပ်ရှားရသောပွဲများ ပြီးသွားသောအခါ သုစန္ဒီသည် သူမ၏ အရင်ကတည်းကလုပ်ခဲ့သော နေ့စဉ်အလုပ်များထဲတွင်သာ နစ်မြုပ်နေတော့သည်။ တခြားဘာမှ ထူးထူးခြားခြား ပြောင်းလဲခြင်းမရှိချေ။ သူမ အံ့တာက စစ်သည် ဒီညှိခံပွဲလုပ်တာသည် မလိုအပ်ဘဲလုပ်ရသောအလုပ်ဟု အနိုင်အမာ ယုံကြည်နေမှုသည်မမှန်ဟု သူမ ထင်လေသည်။ သို့သော် သူမ တစ်ယောက်တည်း သူမကိုယ်တိုင် ကားမောင်းပြီး ဟော်နန်းရှေ့က လက်နက်ကိုင် ဂုဏ်ပြုအစောင့်တပ်ကိုဖြတ်ကျော်သောအခါ သူနှင့်စစ်တို့ဖြတ်တုန်းကလိုပင် တိကျပြတ်သားသော အရင်ကအပြုအမူမျိုးကို တွေ့တာလွဲလို့ အခြားနေရာများတွင် များစွာအကျိုးသက်ရောက်မှုရှိတာ တွေ့ရလေသည်။ ပြီးနောက် လူထုသည် သူမအပေါ် တရားဝင်သီပေါနယ်၏ မဟာဒေဝီအဖြစ် အသိအမှတ်ပြုပွဲမလုပ်ခင်ကထက် ပိုမိုလေးစားလာကြသည်ဟု သူမ ထင်မိလေသည်။

❖

www.nyisay.com



## အခန်း ၈

ကလဲ့စားပြန်ချေသည့်သဘောဖြင့် သီပေါတောင်တန်းတွေမှာ ပူသော ရာသီက တစ်ဖန်ပြန်လည်အသားကျနေတော့သည်။ လူနှင့်တိရစ္ဆာန်တို့သည် ရက်စက်လှသော ပူလောင်သည့်နေရောင်ကိုကာကွယ်ဖို့ အရိပ်ရှိရာ သစ်ပင် အမိုးတို့ကို ရှာကြည့်နေကြရသည်။ သူတို့၏အသက်ရှင်ဖို့ရာကြီးမားသော သစ်ရွက်နီအချပ်များ တောင်များ၏နောက်ကျောဘက်မှ အနောက်အရပ်ဆီ ကြွေကျ ပျောက်ကွယ်သွားသည်အထိ စောင့်ဆိုင်းနေကြရသည်။ ထို့နောက် လှုပ်ရှားမှုတွေ ပြန်လည်နိုးကြားလာကြပြန်လေ၏။ ရယ်မောသံများ လေထဲမှာ လွင့်မျော၊ မီးသွေးမီးဖြင့်ချက်ပြုပ်ထားသော မွှေးပျံ့သောညစာဟင်းအနံ့တွေ ပတ်ဝန်းကျင်အနီးအနားကိုပျံ့သွား။ ရာပေါင်းများစွာသော ရဲရဲတောက်သော တော်ဝင်သစ်ပင်ကြီးပေါ်တွင် ဖူးပွင့်နေကြသော ထီးပုံကတ္တီပါ လက်ပံပန်း နီနီလေးတွေ တစ်မြို့လုံးအနှံ့နီစွေးနေလျှင် နောက်တစ်ရက်တွင် တစ်ဖန်ပြန်ပူလာ လိမ့်ဦးမည်ဆိုတာ လူတွေကသိနေခဲ့ကြသည်။

စဝ်နှင့်သုစန္ဒီတို့သည် အေးမြသော အရှေ့ဟော်နန်းအတွင်းမှ အိမ်ရှေ့ မြေပြင်ခုံးလေးဆီ စွန့်စားပြီး ထွက်လာခဲ့ကြသည်။ သည်အချိန်သည် သူတို့ ကော့တေးသောက်ချိန်လည်းဖြစ်သည်။ ထိုအချိန်တွင်သူတို့သည် တစ်နေ့တာ အကြောင်းများကို ပြန်လည်ဆွေးနွေးပြီး အကြံဉာဏ်များဖလှယ်ကြသည်။ စဝ်က မာဘယ်လ်ကျောက်ကြမ်းပြင် သူတို့ခြေထောက်အောက်တွင်ထိုင်နေသော

www.nyisay.com



သူတို့၏ သဘောအကျဆုံး ဂျာမန်သိုးထိန်းခွေး ဆန်တ ကို သီဟိုဠ်သရက်စေ့များ ကျွေးနေသည်။

"ကျွန်မ မောင့်ကိုပြောစရာတွေ အများကြီးရှိတယ်"

သုစန္ဒီသည် ရေခဲထည့်ထားသော သံပရာရည်တစ်ငုံသောက်ပြီး စဝ်ကို ပြောလိုက်သည်။

"ဆိုစမ်းပါဦး။ အခုတလော မောင်က ကိုယ့်ရဲ့ စိတ်ညစ်စရာတွေ ကိုတောင် မေ့နေတော့တယ်"

စဝ်ကပြောရင်း သူ့ခြေထောက်ကိုဆန့်ထုတ်လိုက်ပြီး ကြိမ်ထိုင်ခုံကိုမှ၍ သူမအနားရွှေ့လိုက်သည်။ နားထောင်ဖို့ အသင့်ဖြစ်နေသည်။

"သီပေါမှာ မိခင်နဲ့ကလေးစောင့်ရှောက်ရေးအသင်းဖွဲ့ဖို့ ကျွန်မကို လာမေးတယ်"

"ဘယ်သူကမေးတာလဲ" စဝ် တအံ့တဩကြည့်လိုက်သည်။

"အဆင့်မြင့် စွမ်းအင်ကိုယ်စားလှယ်အဖွဲ့က ဒေါက်တာဘဉာဏ်၊ ဒေါက်တာခွန်စောနဲ့ ဝန်ကြီးချုပ်ဦးသန်း"

"ပြီးတော့ရော အချစ်က ဘာပြန်ပြောလိုက်လဲ"

စဝ်ကပြုံးနေသည်။ သူ့သဘောကျကြောင်း ဖော်ပြနေသည်။

"ကောင်းပြီလေ၊ ကျွန်မက မဖြစ်ဘူးလို့ ကျွန်မ မပြောနိုင်ဘူး။ဒီမှာရှိတဲ့ မိခင်နဲ့ကလေးတွေအတွက် အကူညီလိုတယ်လေ။ ကျွန်မတို့ဆေးရုံက ကိုယ်ဝန် သည်မိန်းမတွေ ရှိုးရိုးမွေးဖို့လာတာတောင် လက်မခံဘူးဆိုတာ ယုံနိုင်လား။ သူတို့က ဝမ်းဆွဲဆရာမကို သွားခေါ်နိုင်းတယ်။ အဲဒီမှာ ရေပိုက်တောင် မရှိဘူး"

"မောင်သိတယ်၊ နားလည်တယ်၊ အချစ်ကိုယုံပါတယ်"

စဝ်က သူမကို ငေးနေသည်။

"ပြီးတော့ မွေးကင်းစကလေးလေးတွေ အများကြီး"

သုစန္ဒီ ဆက်သည်။

"အသက်ကြာကြာ မရှည်ကြဘူး။ ဒေါက်တာဘဉာဏ်ပြောတာက ကလေးတွေရဲ့ လေးပုံသုံးပုံက အသက်နှစ်နှစ်မတိုင်ခင် သေကြတယ်တဲ့"

သူမ၏ အသံက ပို၍ပို၍ ကျယ်လောင်လာသည်။ သူမလက်တွေက စကားပြောနေသလို ဖြစ်လာသည်။

www.nyisay.com



''ဒီလို ဆက်အဖြစ်မခံနိုင်ဘူး။ ကျွန်မ ကူရမယ်''

''အချစ်မှာ အံ့သြစရာကောင်းလောက်အောင် စွမ်းဆောင်နိုင်တဲ့ အရည်အချင်းရှိပါတယ်''

သူမ၏ ဆံစကို ပွတ်သပ်ရင်းက စဝ် ပြောလိုက်သည်။

''မောင်မကြာခင်ပဲ အချစ်က မိခင်နဲ့ကလေးစောင့်ရှောက်ရေး အသင်းကိုဖွဲ့စည်း။ ထိပ်ဆုံးကနေ ဦးဆောင်အကြံပေးနေတာ တွေ့ရတော့မှာပေါ့''

''ဒါပေမဲ့ ကျွန်မမှာ ဘာသင်တန်းမှ တက်ခဲ့ဖူးတာမဟုတ်ဘူး''

သုစန္ဒီ၏ကန့်ကွက်သံကို သိပ်သဘောမကျပေ။

သူက သူမကိုယုံကြည်ပေးပြီး သူမ ဆံစလေးတွေကို ဖွဖွပွတ်သပ်ပေးနေလို့ သူမ ကျေနပ်သည်။ သူလုပ်ချင်သောအရာမှန်သမျှ အားလုံးကို သူလုပ်နိုင်လေသည်။ သူ၏ နူးညံ့သိမ်မွေ့သောအချစ်က သုစန္ဒီနှင့် ဟိုဘက် အားလုံးဆီ ထိတွေ့နေလေသည်။

''အချစ်မှာ ဘာလိုနေသေးလို့လဲ။ ဖြတ်ထိုးဉာဏ်ရှိတယ်။ လူတွေအပေါ် စိုးရိမ်ပူပန်တတ်တယ်။ ဖွဲ့ရှိတယ်။ အားလုံး သူ့ဟာနဲ့သူ အချိန်ကျရင် ဖြစ်လာမှာပါ''

နောက်တစ်နေ့တွင် ခေါင်းဆောင်ပေးနိုင်မည့်သူ အဖွဲ့ဖွဲ့စည်းဖို့တက်တက်ကြွကြွဖြင့် ဦးဆောင်မည့်ကော်မတီဖွဲ့ဖို့ မြို့ထဲကအမျိုးသမီးများကို ဖိတ်ခေါ်လိုက်လေသည်။ အများအားဖြင့် ရှမ်း-မြန်မာအရွယ်အမျိုးမျိုးသော အမျိုးသမီး ၃၇ ယောက်သည် ပထမဆုံးသောအစည်းဝေးတွင် တက်ရောက်ခဲ့ကြသည်။

သူတို့အားလုံးသည် မိခင်များဖြစ်ကြသည်။ သို့သော် သူတို့အထဲက နှစ်ယောက်သာ မွေးခဲ့သမျှသော ကလေးတိုင်းကို ပြုစုပျိုးထောင်နိုင်လေသည်။ ၃၅ ယောက်သည် ကလေးဆုံးဖူးသော သူတွေချည်းဖြစ်ပြီး အသစ်စတင်ဖွဲ့စည်းမည့် အဖွဲ့သည် ကလေးသေနှုန်းကို လျှော့ချနိုင်လိမ့်မည်ဟု မျှော်လင့်နေကြလေသည်။

အဖွဲ့၏ ပထမဆုံးသော အစည်းဝေးပြီးသွားပြီး နောက်တစ်နေ့တွင်ပင် သုစန္ဒီသည် အတွင်းရေးမှူးအရွေးခံရသော မက်ဂီကိုမေးသည်။ သူမနှင့်အတူ မီးဖွားအိမ်သို့ သွားကြည့်ဖို့ အဖော်စပ်လေသည်။

မက်ဂီသည် ဆွဲဆောင်မှုရှိသော အင်္ဂလိပ်-မြန်မာ ကပြားမလေးဖြစ်ပြီး

www.nyisay.com



သီပေါမြို့တွင် နှစ်ပေါင်းများစွာကြာအောင် နေထိုင်ခဲ့လေသည်။ သို့သော် သူမသည် သီပေါမြို့အတွင်းက မွေးခန်းသို့ တစ်ခါမျှ မရောက်ဖူးခဲ့ချေ။ မိန်းမနှစ်ယောက်သည် နောက်လိုက်နောက်ပါများမပါဘဲ ဂျစ်ကားအိုကြီးဖြင့် အနှောင့်အယှက်မရှိဘဲ ရောက်ရှိလာခဲ့ကြလေသည်။

ငြိမ်သက်တိတ်ဆိတ်နေသော ရိုးကုတ်ကုတ် တစ်ထပ်အဆောက်အဦလေးထဲ သူတို့ဝင်သွားလိုက်ကြသည်။ သုစန္ဒီသည် ၊ ယခုလုပ်မည့်အလုပ်အတွက် မိမိကိုယ်ကိုနှိမ်ချထားပြီး သူမ၏ပုဂ္ဂိုလ်ရေးဖြစ်သော မဟာဒေဝီအဆင့်တို့ကို သပ်သပ်စီခွဲခြားထားဖို့ ဆုံးဖြတ်ထားခဲ့သည်။

အသက်ကြီးကြီး အလုပ်သမားမိန်းမတစ်ယောက်သည် ကော်ရစ်ဒါကြမ်းခင်းကျောက်ကို ရေဝတ်ဖြင့်သုတ်နေသည်။ ထို့နောက် ရေစိုအဝတ်ကို ပစ်ချထားခဲ့ပြီး တံခါးနောက်တွင် လျှင်မြန်စွာဝင်ရောက် ပျောက်ကွယ်သွားခဲ့လေသည်။ နောက်မှ လှပနုပျိုသော မိန်းကလေးတစ်ယောက်ပြန် ရောက်လာသည်။ အပြာရောင်ချည်ထမီ အင်္ကျီအဖြူဝတ်ထားသော နန်းနွမ်းသည် သားဖွား ဆရာမကြီး ဖြစ်လေသည်။ သူမ၏ တာဝန်ချိန်လည်း ဖြစ်နေသည်။ သူမသည် ပိန်ပါးပါး၊ အရပ်က လေးပေခွဲလောက်ရှိပေမည်။ သူမ၏ ပြုမူပြောဆိုပုံကိုကြည့်တာနှင့်ပင် သူမ၏ဩဇာအာဏာကို သံသယ ဖြစ်စရာအကြောင်းမရှိပေ။ ဆရာမနန်းနွမ်းသည် ရောက်လာကြသော ဧည့်သည်များကို မြင်လိုက်သည်နှင့် ဘယ်သူတွေလဲဆိုတာသိပြီးဖြစ်၍ တစ်ခါတည်း လိုက်လံပြသလေတော့သည်။

အခန်း ၃ ခန်းတွင် အားလုံးပေါင်း ကုတင်ကျဉ်းကျဉ်းလေး ၁၂ လုံးရှိသည်။ ကုတင်တစ်လုံးစီဘေးတွင် ကလေးပုခက်အသေးလေးတစ် လုံးစီရှိသည်။ လူနာကုတင် ၇ လုံးသာ အသုံးပြုလို့ရသည်။ သို့သော် ကလေးပုခက် ၆လုံးသာ အသုံးပြုနိုင်ပြီး ကလေးသေးသေးလေးတွေကို အနီးဖြင့် တင်းတင်းကျပ်ကျပ် ထုပ်ထားလေသည်။

''ကလေးတစ်ယောက်လောက် ကျွန်မချီကြည့်လို့ရမလား''

သုစန္ဒီက နန်းနွမ်းကို မေးလိုက်သည်။ သူမက မိန်းကလေးငယ်ငယ်သေးသေးလေးကို ချီပေးသည်။

နွေးနွေးလေးရှိသော ကလေးအထုပ်လေး၏မျက်နှာလေးသည် နုဖျော့နေသည်။ ဆံစရုတ်ဖွားနက်နက်လေးတွေက သုစန္ဒီ၏နှလုံးကို ထိနေလေသည်။

www.nyisay.com



သူမအရင်က မွေးကင်းစကလေးကို ချီဖူးခဲ့လေသလား မမှတ်မိတော့ချေ။ သူမ၏ မိခင်စိတ်သည် နိုးကြားထကြွလာသလို ခံစားရလေသည်။

ကလေး၏မိခင်သည် ဝတ်စုံပြည့်ဖြင့် ကုတင်ပေါ်တွင်ထိုင်နေသည်။ သူမ၏ကလေးကို ပွေ့ချီထားသူမှာ ကြီးမြတ်သော ဂုဏ်သရေရှိသည့် မဟာဒေဝီဖြစ်နေတာကိုသိသဖြင့် လက်လေးကိုပိုက်ထားလေသည်။ သုစန္ဒီက မိတ်ဆက်နေစရာမလိုပေ။

သူမ ဘယ်နေရာသွားသွား သူမကို လူတွေသိနေကြသည်။ အရပ်မြင့်မြင့် ကော့ကေးစီအင်းအမျိုးသမီးနယ်ခံတွေလို ဝတ်ထားပြီး ရှမ်းစကားပြောသောသူသည် တစ်တိုင်းပြည်လုံးတွင် သူမတစ်ယောက်တည်းသာရှိလေသည်။

"ရှင့်ကလေး နာမည် ဘယ်လိုခေါ်လဲ"

သူမက ကလေးအမေကို မေးလိုက်သည်။

"ပယ်ဟာစ်။ နော်"

ကလေးအမေ မိန်းမငယ်လေးက သူမအခုထိ မသိသေးကြောင်းပြောရင်း ပါးစပ်ကိုလက်ဝါးဖြင့်ပိတ်ကာ တခစ်ခစ်ရယ်နေလေသည်။

သူမအဖြေကြောင့် နားမလည်သဖြင့် သုစန္ဒီသည် မက်ဂီဘက်သို့လှည့်၍ အင်္ဂလိပ်လို မေးလိုက်လေသည်။

"ဘာလို့ ဒီကလေးအမေက သူ့ကလေးအရင်းရဲ့ နာမည်ကို မသိရတာလဲ"

"အခုရက် အပတ်လေးပဲရှိသေးတယ်။ အများအားဖြင့်ဆို ကျွန်မတို့က လပိုင်းလောက်ရောက်မှ ကလေးနာမည်ပေးတတ်ကြတာ"

မက်ဂီက ဖြေလေ၏။

"ကလေးနာမည်ပေးတာ မွေးတဲ့အပတ်ရဲ့ ရက်ပေါ်မှာမူတည်နေတယ်။ ဗေဒင်ဆရာ၊ ဆွေမျိုးထဲက လူကြီးသူမတွေကလည်း ကလေးနာမည်ကို ရွေးပေးတတ်ကြတယ်"

သုစန္ဒီသည် စိတ်မပါ့တပါဖြင့် ကလေးကို ပုခက်အတွင်းသို့ ပြန်ထည့်လိုက်သည်။

"မွေးခန်းကို ကြည့်ဦးမလား"

www.nyisay.com



နန်းနွမ်းကမေးရင်းက ကော်ရစ်ဒါဘက် ပြန်လှည့်ထွက်လာခဲ့ကြလေသည်။

''ကြည့်မယ်။ ဒါပေမဲ့ အသုံးမပြုသေးခင်မှာပေါ့''

သုစန္ဒီ ဖြေလိုက်သည်။

''မသုံးသေးခင် ...''

နန်းနွမ်းပြောသည်။

''ဒါပေမဲ့ ဆိုက်ကားနဲ့လာမလား၊ နွားလှည်းနဲ့လာမလား ကိုယ်ဝန်သည်က နောက်ဆုံးမွေးခါနီးကျမှလာမှာလားဆိုတာ ကျွန်မတို့ ဘယ်တော့မှ မသိပါဘူး''

မွေးခန်းသည် လင်းနေသည်။ သို့သော် ဘာမှမရှိ။ ရှင်းနေသည်။ ခေတ်မီပစ္စည်းကိရိယာ ဘာမှမရှိ။ သုစန္ဒီသည် သစ်သားမွေးကုတင်ကိုသာ မြင်ရသည်။ ရေဆေးဖို့ စင်တစ်ခုရှိသည်။

အံဆွဲလေးထဲတွင် ကလေးညှပ်ဆွဲဖို့ ဖောဆက်နှင့် ကပ်ကြေး တစ်စုံဟုသာ ထင်ရလေသည်။ အခန်းထဲတွင် ရေပိုက်မရှိ။ လျှပ်စစ်မီးမရှိ။ သည်လို ဘာမှမရှိသောအခန်းထဲတွင် ဘယ်လိုများ ကလေးမွေးကြပါလိမ့်ဟုတွေးပြီး သုစန္ဒီ အံ့ဩမိလေသည်။

''တစ်လမှာ ကလေးဘယ်နှယောက်လောက်မွေးလဲ''

သူတို့ ကော်ရစ်ဒါကိုပြန်လာကြသောအခါ မက်ဂီက သူနာပြုဆရာမကို မေးလိုက်သည်။

''ကျွန်မတို့ ပျှမ်းမျှဆို တစ်လမှာ ၂၀ လောက်ရှိမယ်။ များသောအားဖြင့် လပြည့်နေ့နားတစ်ဝိုက်ပိုများတယ်''

နန်းနွမ်းက ပြုံးပြီး အမေးကိုဖြေလေသည်။

''ဒါ ဘာဖြစ်လို့လဲ''

သုစန္ဒီက အံ့ဩပြီးမေးသည်။

''ကျွန်မလည်း မသိဘူး။ ဒါပေမဲ့ ဒါတစ်ချက်ပဲလေ။ ကျွန်မတို့ ဇယားဆွဲကြည့်တော့ ဒီလို လပြည့်နားတစ်ဝိုက်တွေ့ရတာပဲ''

နန်းနွမ်းသည် စိတ်ကိုလုံးလုံးလျော့ချလိုက်ပြီး ဆက်လက်ပြသဖို့ ထွက်သွားလေတော့သည်။

www.nyisay.com



''ဆရာမမှာ သားဖွားဆရာမ ဝန်ထမ်းစုစုပေါင်း ဘယ်နှယောက် ရှိလဲ''

သုစန္ဒီက သိချင်လို့ မေးပြန်သည်။

''ကျွန်မတို့မှာ သားဖွားဆရာမက နှစ်ယောက်ပဲရှိပါတယ်။ ကျွန်မတို့ နောက်တစ်ယောက် လိုကိုလိုပါတယ်။ ဒါပေမဲ့ ဆရာဝန်ကလည်း ဒီအဆောက်အဦအတွက် နောက်ထပ်တစ်ယောက် မပေးနိုင်ဘူးဖြစ်နေတယ်''

နန်းနွမ်းက သက်ပြင်းရှည်ကြီးချပြီး ပြောပြလေသည်။

''မမွေးခင်နဲ့ မွေးပြီးမိခင်ကလေးတွေကို ဘယ်လိုပြုစုလဲ။ ဒီအကြောင်း ပြောပြပါဦး''

သုစန္ဒီ မေးသည်။

''ဆရာမမှာ ရှင်းပြဖို့ အချိန်မရဘူးထင်တယ်။ ရရဲ့လား''

''မဟုတ်ပါဘူး''



စဝ်သုစန္ဒီသည် မိခင်နှင့်ကလေး စောင့်ရှောက်ရေး အစီအစဉ်များအတွက် ရှမ်းရွာတစ်ရွာသို့ရောက်စဉ် ရွာသူရွာသားများနှင့် အမှတ်တရ

မြန်မာ့ခေတ်

www.nyisay.com



နန်းနွမ်းသည် မပီမသဖြေရင်းက သူမခေါင်းကို ခါရမ်းနေတော့လေသည်။ သူမကြည့်ရတာ ရှုပ်ထွေးနေပုံရပြီး သူမကိုမေးသော မေးခွန်းကိုလည်း လုံးလုံး နားလည်ဟန် မရှိချေ။

✦ ✦ ✦

နောက်တစ်နေ့တွင် သုစန္ဒီသည် မွိုင်းကိုမေးပြီး နမ့္မတူမြစ်ကိုဖြတ်၍ မွိုင်း၏ရွာဖြစ်သော နမ်ရိုင်းသို့သွားကြလေသည်။ သူမက ကလေးအမေတွေ ဘယ်လို နေထိုင်စားသောက်ကြသလဲဆိုတာကို ကိုယ်တိုင်တိုက်ရိုက် မြင်တွေ့လိုသည်။ သူတို့ ဘယ်လိုနေထိုင်အလုပ်လုပ်ကြလဲ ကလေးအမေဖြစ်လာတဲ့သူတွေ သူတို့ကလေးတွေကို ဘယ်လို ကျွေးမွေးပြုစုကြသလဲ သိချင်နေသည်။ သူတို့ လင်းရိဘာကားသည် ဘူမောင်းအိမ်ရှေ့မှာရပ်လိုက်သောအခါ များစွာသော လူငယ်၊ လူကြီး ရွာသားများက သူတို့ကိုဝိုင်းရံပြီး အရိုအသေပေးကြလေသည်။

"ကျွန်မ ဒီရွာက ရှင့်မိန်းမအပါအဝင် တစ်ရွာလုံးက ကလေးအမေ မိန်းမတွေနဲ့ စကားပြောချင်တယ်။ သူတို့ အချိန်ရရင်ပေါ့"

သုစန္ဒီရှေ့တွင် ဒူးတုပ်ခံစားလျက်ရှိသော နှုတ်ခမ်းမွေးထူထူဖြင့် ရွာလူကြီးကို ပြောလိုက်သည်။

"မိန်းမတွေကိုပြောချင်တာနော် နားလည်ရဲ့လား"

သုစန္ဒီက ထပ်ဖြည့်ပြောရင်းက ပြုံးပြလိုက်သည်။ ထို့နောက် သုစန္ဒီ တို့သည် ရွာလူကြီး၏မိန်းမ ပလမ်နောက်က လိုက်သွားကြသည်။ ဝါးဖြင့်ဆောက်ထားသော ခြေတံရှည်အိမ်တစ်ခုပေါ်တက်ပြီး ဧည့်ခန်းကျယ် ကြီး ထဲဝင်လိုက်ကြသည်။ အခန်းက ကျယ်ဝန်းပြီး လေကောင်းလေသန့် များများဝင်နိုင်လေသည်။ မြက်ဖျာချောများ ခင်းထားသည်။ အညိုရောင် ကူရှင် ထိုင်ဖုံလေးတွေရှိသည်။ အနီရောင် ယွန်းစားပွဲပုလေးနှစ်လုံး ရှိလေသည်။ အိမ်ရှင်မ က သူ့သမီးနှစ်ယောက်ကို ကာရံထားသော နောက်ဘက်ခန်းက မီးဖိုချောင်မှ တိုင်းယိုင်လက်ဖက်ခြောက်ခတ်ရေကြမ်းအိုးကို သွားအယူခိုင်းလိုက်ပြီးနောက် ဧည့်သည်တွေကို ဧည့်ဝတ်ပြုလေသည်။ အခန်းထဲတွင် ကောင်မလေးတွေ၊ မိန်းမကြီးအရွယ်စုံပြည့်နေပြီး နေ့လယ်ခင်းမှာ စကားပြောနေကြသည်။ ကလေး အမေ၏ နို့သီးခေါင်းနှင့် ပါးစပ်ပေါက်လွဲသွားသဖြင့် ကလေးက ဝါးခနဲ

www.nyisay.com



အော်ချ လိုက်သောအခါ စကားများနေကြသော မိန်းမတစ်အုပ်မှာ ခဏတော့ စကားပြောရပ်သွားကြလေသည်။

သူတို့က သူတို့၏ဘဝနှင့် နေ့စဉ်အလုပ်တွေပါပြလေသည်။ သူတို့ ခမျာ နောက်မှာကလေးတွေနှင့် ချာချာလည် ဒုံးချာရိုက်ပြီး ကလေးတစ်ခါ မွေးရပြန်ကာ သူတို့လေးတွေကြီးပြင်းလာဖို့ ပြုစုကြရပြန်လေသည်။ အသက် လေး၊ ငါးနှစ်အရွယ်ရောက်လာပြီဆိုလျှင် သူတို့သည် သူတို့၏အောက်က ညီလေး၊ ညီမလေးတွေကိုပြန်လည် ထိန်းပေးကြရလေသည်။ ထိုအချိန်တွင် သူတို့အမေလုပ်သူက ချက်ပြုပ်၊ လျှော်ဖွတ်၊ စားစရာတွေ ပြင်ဆင်ကြရသည်။

အချို့ ကလေးအမေနှင့် မိန်းကလေးတွေသည် ရွာထဲက အိမ်တစ်ခုတွင် တောင်းရက်၊ စက္ကူလုပ်၊ အစားအစာထုတ်လုပ်၊ ကောက်စိုက် လုပ်ကြရသည်။ ရွာသူလေးတွေသည် အများအားဖြင့် ငယ်ငယ်ရွယ်ရွယ်ဖြင့် အိမ်ထောင်ကျကြပြီး အိမ်တစ်လုံးသပ်သပ် သို့မဟုတ် အခြားမိဘတွေနှင့် နေလေ့မရှိကြချေ။

ပလမ်တွင် အတူနေ ချွေးမနှစ်ယောက်ရှိသည်။ တစ်ယောက်က သားဦးကိုယ်ဝန်လွယ်ထားသည်။ နောက်တစ်ယောက်ကတော့ လက်မောင်းထဲတွင် ပုခက်တွင်းက ကလေးကိုချီထားပြီး နောက်လက်တစ်ဖက်ကမူ လေးဖက်သွားတတ်ခါစ ကလေးလက်ကို ဆွဲထားလေသည်။ သူမ၏ အပျိုရွယ်သမီးနှစ်ယောက်ကတော့ အိမ်ထောင်မကျသေးချေ။ သူမ ကလေး ၉ ယောက်မွေးခဲ့ရာ ကံကောင်းထောက်မပြီး ၄ ယောက်သာ အဖတ်တင်လေသည်။ တစ်ယောက်ကတော့ မွေးပြီးပြီးခြင်း ဆုံးသွားခဲ့သည်။ ကျန်လေး ယောက်ကတော့ ကလေးဘဝ ခပ်စောစောမှာပင် ဆုံးသွားခဲ့လေသည်၊

သူမ၏ချွေးမ အေနောင့်ကတော့ ၁၉ နှစ်ရှိနေပြီး ရွာထဲကမိန်း ကလေးတွေထဲတွင် ထူးခြားသော ကိုယ်စားလှယ်တစ်ယောက်ဖြစ်သည်။ သူမသည် ၁၆ နှစ်အရွယ်တွင် အိမ်ထောင်ကျပြီးတာနှင့် ကိုယ်ဝန်ရှိလာသည်။ သူမအိမ်မှာပင် နောက် ၁၀ လအကြာတွင် ကလေးမွေးလေသည်။ သူမသည် ဆရာဝန်၊ ဆရာမကို တစ်ခါမှ မတွေ့ဖူးခဲ့ချေ။

ပလမ်နှင့် ရွာကသင်တန်းဆင်းမဟုတ်သော သားဖွားဆရာမတစ် ယောက်က ကူညီမွေးပေးခဲ့ကြလေသည်။ အမေနှင့်ကလေးများသည် ဆက် သက်ပြီး အတွေ့အကြုံများရရှိသွားတော့သည်။ အေနောင့်သည် သူမကလေး

www.nyisay.com



ဘယ်အချိန်မှာပဲငိုငို သူမ ထိန်းကျောင်းနိုင်သည်။ ကလေးကို နေ့စဉ်ရေချိုး ပေးသည်။ ပြီးနောက် သူမမျက်စိအောက်မှ ကလေးကို အပျောက်ခံတာ နည်းလှချေသည်။ သူမ၏ကလေးတွေကို ဘာကာကွယ်ဆေးမှ မထိုးပေး၊ တစ်ခါမှ ဆေးစစ်တာမျိုးမရှိ၊ အမေနို့ကလွဲလို့ တခြား ဘာအရည်၊ ဘာ အစာမျှ မတိုက်ကျွေးခဲ့ကြချေ။ သို့ဖြစ်ငြားသော်လည်း ကလေးသည် ကြီး ထွားပွားစီးလာပြီး အမေလုပ်သူမှာ နောက်ရှစ်လအကြာတွင် နောက်ထပ် ကိုယ်ဝန်ကို လွယ်ထားရပြန်လေသည်။ ထိုအချိန်တွင် အမေနို့ကခန်းသွားပြီး နို့စို့ကလေးမှာ နို့မစို့ရတော့ဘဲ ရုတ်တရက်ချက်ချင်းပင် ထမင်းပျော့ပျော့ကို ပြောင်းစားရတော့သည်။ ထို့ကြောင့် အနည်းငယ်သာ စားနိုင်ရှာလေသည်။ အရင်ကတည်းက ရှမ်းတို့သည် နွားနို့နှင့်နို့ထွက်ပစ္စည်းအစားအစာများကို မကြိုက်နှစ်သက်ကြရာ ကလေးကိုနွားနို့တိုက်ဖို့လည်း အဆင်မပြေ၊ မတိုက် ကြတော့ပေ။

အသီးနှင့်အရွက်တို့သည် ဗိုက်နာစေသည် အခြားရောဂါများရနိုင် စေသည်ဟု ယူဆကြသဖြင့် ကလေးငယ်တွေမှာ ဟင်းသီးဟင်းရွက်များနှင့် လည်း ဝေးကြရပြန်သည်။ အနည်းငယ်မျှ ရွေးချယ်ပြီး ကျွေးကြသည်မှာ ဟင်းနုနွယ်ရွက်အနည်းငယ်နှင့် ရွှေဖရုံသီးတို့ကို တစ်ခါတစ်ရံ ထမင်းနှင့် ရောနှောကျွေးတတ်ကြသည်။ ကလေးမှာ အာဟာရချို့တဲ့ကာ ပိန်ဖျော့ ဖျားနာနေပြီး နောက်ရောက်လာသော နို့စို့ကလေးနှင့် ထိုကလေးတို့သည် အမေ့နို့ရည်ကိုချို့တဲ့စွာ ခွဲေတာစွာ သောက်သုံးကြရတော့လေသည်။ နောင် ကောင်းစွာကြီးပြင်းလာဖို့ အေနောင့်၏ကလေးနှစ်ယောက်အတွက် မေးခွန်းထုတ် စရာဖြစ်နေလေသည်။ သို့သော် သူမမှာ ပိုပြီးဒုက္ခများလာတော့မှာကို သံသယ ဖြစ်နေစရာ မလိုချေ။

သုစန္ဒီအတွက် မြင်တွေ့နေရတာတွေက လုံလောက်နေလေပြီ။ မွေးခန်းလေးမှသည် ခေတ်မီပစ္စည်းကိရိယာ အပြည့်အစုံရှိသော မိခင်နှင့်ကလေး စောင့်ရှောက်ရေးစင်တာဖြစ်အောင် တည်ထောင်ဖို့ သုစန္ဒီ လုံးဝ သန္နိဋ္ဌာန် ချလိုက်ပြီဖြစ်လေသည်။ မက်ဂီ၊ အခြားအဖွဲ့ဝင်များနှင့်အတူ သုစန္ဒီသည် စဝ်ကို တင်ပြသည်။ ပြီးနောက် အခြားငွေကြေးတတ်နိုင်ကြသော အဖွဲ့အစည်းများကိုလှူ ကြဖို့ မေတ္တာရပ်လေသည်။ စဝ်၊ လက်ဖက်ပွဲစား၊ သစ်စက်ပိုင်၊ သားသတ်

www.nyisay.com



လိုင်စင်ရ ကန်ထရိုက်နှင့် အခြားစီးပွားရေးသမားများ သည် အားတက်ကြွစွာဖြင့် ငွေရက်ရက်ရောရော ပေးလှူကြလေသည်။ အဖွဲ့သည် မြို့ထဲက အခြားလူမှုရေး အသင်းအဖွဲ့တွေနှင့်လည်း ပေါင်းစည်းမိပြီး ရန်ပုံငွေရရန် ရုပ်ရှင်ပြခြင်း၊ ဘောလုံးပွဲပြုလုပ်ပေးခြင်း၊ အပြေးပြိုင်ပွဲများ ပြုလုပ်ပေးခြင်းနှင့် ဂီတဖျော်ဖြေ ပွဲများပြုလုပ်ဖြင်းဖြင့် ရန်ပုံငွေက ပိုမိုတောင့်တင်းလာခဲ့လေသည်။

မိခင်နှင့်ကလေးအဆောက်အဦသစ်ဖွင့်ပွဲကို ဖဲကြိုးဖြတ်ဖွင့်လှစ်ခဲ့ ပြီး လူများစွာ စည်ကားစွာတက်ရောက်ခဲ့ကြသည်။ အခမ်းအနားကို လျှပ်စစ်မီးနှင့် ရေပိုက်ခေါင်းဖွင့်ပွဲများဖြင့် ကြိုဆိုခဲ့ကြသည်။ ဤအခမ်းအနားသည် သီပေါတွင် ပထမဆုံးသော ဖွင့်ပွဲတစ်ခုဖြစ်ခဲ့သည်။ မိခင်ကလေးတိုက်လေးတွင် ရေပူရေ အေးပိုက်ခေါင်းကို လက်ဆေးစင်တွင် စတင်ဖွင့်ချခြင်းဖြင့် အခမ်းအနားကို ဖွင့်ခဲ့ကြခြင်းဖြစ်လေ၏။

မိခင်နှင့်ကလေးစောင့်ရှောက်ရေးအဖွဲ့သည် သုစန္ဒီ၏ ညွှန်ကြားမှု အောက်တွင်ရှိနေပြီး တာဝန်ထမ်းဆောင်နေကြသူများကို လခပေးသည်။ အခြားလိုအပ်သောငွေများလည်း ထောက်ပံ့ပေးသည်။ ထိုစဉ် မြို့ထဲက ကုလားဆရာဝန်သည် မိခင်ကလေးသို့ရောက်လာပြီး လိုအပ်သော ခက်ခဲ သည့်မွေးလူနာများကို ကူညီမွေးပေးသည်။ သူ့အတွက် အလွန်အကျိုးများ လှလေသည်။ သူသည် မွေးလူနာများကို အိမ်လိုက်မွေးပေးနေစရာလည်း မလိုတော့ချေ။ ထို့ကြောင့် သူ့အဖို့ အချိန်လည်းကုန်သက်သာ အကျိုးလည်း များလေသည်။ သူ့အတွက်ကတော့ ရိုးရိုးပုံမှန်မွေးကြသော မွေးလူနာများ အဖို့ အိမ်တွင်မွေးတာက ပိုကောင်းသည်ဟု ယူဆလေသည်။

သုစန္ဒီကတော့ နမ့်ခမ်းရှိ ဒေါက်တာဆီးဂရိတ်၏ဆေးရုံမှ သားဖွား ဆရာမနှစ်ယောက် ထပ်မံငှားရမ်းပြီးအင်အားဖြည့်သည်။ သူမသည် မွေးလူ နာအပြင် ပြင်ပမိခင်ကလေးဌာနအဖြစ်လည်း ထပ်မံဆောက်လုပ် ဖွင့်လှစ် ပြန်လေသည်။

လိုအပ်သောထောက်ပံ့ရေးပစ္စည်းအသစ်များသည် ချက်ချင်းတော့ မရချေ။ မြို့ထဲက မိန်းမတချို့သည် မိခင်ကလေးကို အနီးကပ်လာလေ့လာ ကြသည်။ သို့သော် သူတို့က ရှက်ရွံ့နေကြပြီး တောရွာတွေက ရိုးအသော မိန်းမများသည် ခပ်ဝေးဝေးမှာနေကြလေသည်။ မိခင်ကလေးအစီအစဉ်များကို

www.nyisay.com



မြို့ပေါ်ကလမ်းတွေမှသည် တောရွာတွေအထိ ခရီးဆန့်ရမည်ဟု ဆုံးဖြတ်လိုက်သည်။

တစ်မနက်ခင်းမှာတော့ မိခင်နှင့်ကလေးအဖွဲ့က လူများ၊ သားဖွားဆရာမများသည် ဒါဇင်ကျော် ဂျစ်ကားများနှင့် လင်းရိုဘာကားပေါ်အပြည့် နေရာယူထားပြီး နို့မှုန့်၊ ကလေးအနှီး၊ ဗိုက်တာမင်ဆေးများနှင့် များစွာသောလက်ဆောင်ပစ္စည်းများဖြင့် ရွာတွေဆီထွက်ခဲ့ကြလေသည်။ ဆေးရောင်စုံလှပသော မိခင်ကလေးအဖွဲ့သည် နမ္မတူမြစ်၏တစ်ဖက်ကမ်း၌ရှိသော ဘိုင်းကောင်ရွာသို့ ချီတက်ကြသည်။ ထိုရွာက ရာကျော်သောလူတွေသည် သတိထားပြီး စောင့်ကြိုနေကြလေသည်။ သုစန္ဒီက ခရီးဦးကြိုပြုသော ရွာလူကြီးကို အသိပေးပြောကြားပြီးနောက် ရွာရှိကိုယ်ဝန်သည်များ၊ မိခင်ကလေးများအားလုံးကို ဆင့်ခေါ်ခိုင်းလိုက်သည်။ ထို့နောက် သူမသည် ကိုယ်ဝန်သည်များကို ကျန်းမာရေးအသိပညာများပြောကြားပြီး တစ်ခါထဲ စမ်းသပ်မှုများပါ လုပ်စေလေသည်။ အစပိုင်းတော့မူ တွန့်ဆုတ်တွေဝေနေခဲ့ကြပြီး တစ်ယောက်က စလိုက်သောအခါ နောက်က ကိုယ်ဝန်သည်များ တန်းစီပြီးသား ဖြစ်နေတော့လေသည်။

သားဖွားဆရာမများသည် ရွာလူကြီး၏အိမ်ထဲတွင် ကိုယ်ဝန်သည်များ၏ မမွေးမီနှင့်မွေးပြီး ပြုစုလိုက်နာကြရမည့် ကျန်းမာရေးပညာများကို သင်ကြားပြသပေးနေကြသည်။ သုစန္ဒီနှင့်မက်ဂီတို့ကတော့ ကားပေါ်တွင် ပစ္စည်းများဖြင့် အလုပ်ရှုပ်နေကြတော့သည်။ သူတို့သည် ဗိုက်တာမင်ဆေးစက်များ တိုက်ပုံတိုက်နည်း၊ နို့ကောင်းစွာမထွက်သော ကလေးအမေတွေအတွက် နို့မှုန့်ဖျော်နည်းစသည်တို့ကိုလက်တွေ့ပြသနေကြသည်။ ထိုအချိန်က တိုင်းယိုင်တွေ၏ဓလေ့မှာ ရေကိုကျိုချက်၍ သောက်လေ့မရှိကြချေ။ ထို့ကြောင့် နို့မှုန့်ကိုရေအေးဖြင့်ဖျော်တိုက်ကြရာ အန္တရာယ်ရှိလေ၏။ သုစန္ဒီမှာ မန္တလေးက ကြေကွဲဖွယ်သတင်းကြားဖူးတာကို သွားသတိရမိလေသည်။ အဖွဲ့တစ်ဖွဲ့က နို့မှုန့်များကို မိခင်များအားဝေငှပေးရာ ကလေးမိခင်တွေက စိတ်အားထက်သန်စွာဖြင့် သူတို့ကလေးတွေ ကျန်းမာရေးအတွက် တိုက်ကြသည်။ ထိုအခါအကျိုးဖြစ်ရမည့်အစား ကလေးအမေများသည် မသန့်ရှင်းသောရေအေးဖြင့် နို့မှုန့်ကိုဖျော်ပြီး ကလေးတွေကိုတိုက်ခဲ့ကြရာ ကလေးတွေမှာ ဝမ်းပျက်ဝမ်းလျှောရောဂါ၊ အူရောင်ငန်းဖျား၊ တိုက်ဖွိုက်ရောဂါ၊ အသည်းရောင်ဝမ်းကိုက်ရောဂါနှင့် အခြားအူလမ်းကြောင်းဆိုင်ရာရောဂါများ

www.nyisay.com



ရကြပြီးနောက် ဖျားနာသေဆုံးကြရလေသည်။

ထို့ကြောင့် သုစန္ဒီသည် ကလေးအမေတွေကို ကောင်းကောင်း ချက်ထားသော ထမင်းပေါ်တွင် နို့မှုန့်ဖြူးပြီး ကလေးတွေကိုစားစေလေသည်။ သူမက ကိုယ်တိုင် ထမင်းပေါ်နို့မှုန့်ဖြူးနယ်ပြီးစားပြရာ အားလုံးကနှစ်ခြိုက် သဘောကျကြလေသည်။

သူတို့တွေက လက်ဆောင်တွေဝေငှပေးပြီး ပြန်ကြမည်လုပ်ကြ သောအခါ ဘိုင်းကောင်ရွာသူရွာသားတွေက သူတို့ကို မပြန်စေချင်ကြချေ။ မိခင်ခပ်ငယ်ငယ်လေးတွေက ဒီလိုတက်ရောက်ရတာကို အလွန်ပျော်ရွှင်ကြ လေသည်။ သူတို့က လက်ဆောင်ပစ္စည်းများလည်း ရရှိကြပြီး မိခင်တွေပြု လုပ်ရမည့်ကိစ္စတွေကလည်း အလွယ်လေးတွေလို့ ထင်မြင်သဘောတွေ့ကြ လေသည်။ သူတို့က သီပေါရှိ မိခင်နှင့်ကလေးဌာနသို့လာပြီး ဆရာမများ၏ ပြုစုညွှန်ကြားတာတွေကို လက်ခံပါမည်။ ကလေးတွေအတွက် အားဖြစ်စေမည့် မိုက်တာမင်များနှင့် နို့မှုန့်များလည်း လာယူကြပါဦးမည်ဟု ကတိပြုကြသည်။ အသက်ကြီးသော ကလေးမိခင်တွေကမူ သူတို့အရင်က မွေးခဲ့ဖူးသော ကလေး တွေသည် သံသယအပြည့်ဖြင့် လိုအပ်ချက်ပေါင်းများစွာဖြင့် မွေးဖွားခဲ့ရသော အတွေ့အကြုံများရှိခဲ့ဖူးရာ ယခုလက်တွေ့လုပ်ကိုင် နေကြသော မိခင်ကလေး အဖွဲ့သည် သူတို့နှင့်ကလေးတွေအတွက် အလွန်ကောင်းသောအဖွဲ့ဟု မြင်ကြလေတော့သည်။

သုစန္ဒီကိုယ်တိုင် သူတို့ရွာသို့ လုံလုံလောက်လောက် လာရောက် ပြုစုလုပ်ကိုင်ပေးသဖြင့် သူတို့က ပိုလို့ပင် ဝမ်းမြောက်ဝမ်းသာ ရှိကြလေသည်။ ဘိုင်းကောင်ရွာသို့ သူတို့သွားခဲ့သောသတင်းသည် တောမီးပမာ ပျံ့နှံ့သွားခဲ့ရာ အခြားရွာတွေကလည်း သူတို့ရွာတွေဆီ အလည်လာကြဖို့ ဖိတ်ခေါ်ကြလေ တော့သည်။ ထို့ကြောင့် အဖြေကတော့ ခြောက်လအတွင်းတွင် မိခင်နှင့် ကလေးတွင် လာရောက်မီးဖွားကြသောနှုန်းသည် နှစ်ဆမြင့်တက်သွားခဲ့သည်။ မွေးခန်းသည် အမြဲပင်အလုပ်ရှုပ်နေပြီး ရာပေါင်းများစွာသော ကလေးတွေ ကာကွယ်ဆေးထိုးကြရသည်။ ပေါင်,ထောင်ပေါင်းများစွာသော နို့မှုန့်များဝေ ငှပေးနိုင်ခဲ့သည်။ မိခင်နှင့်ကလေးစောင့်ရှောက်ရေး မရှိခင်ကထက် သီပေါ တစ်နယ်လုံးရှိ မိခင်ကလေးများသည် ပိုမိုကျန်းမာလာကြပြီး ကလေးမွေး

www.nyisay.com



သေနှုန်းသည် သိသိသာသာပင် ထိုးကျသွားခဲ့လေသည်။

✦ ✦ ✦

သုစန္ဒီ ပါဝင်ဆောင်ရွက်ခဲ့သော ကလေးမွေးခြင်းနှင့် မွေးကင်းစကလေး စောင့်ရှောက်ရေးသည် အလွန်သင့်တော်သော အချိန်အခါဖြစ်ခဲ့သည်။

မွိုင်းသည် သုစန္ဒီတွင် ကိုယ်ဝန်လွယ်ထားရပြီဆိုတာကို သူများ တွေမသိခင် အကြာကြီးကတည်းကပင် သိနေခဲ့သည်။ သူမသည် သူမ၏ တွေ့ရှိချက်ကို ဟော်နန်းကလူတွေအားလုံးအား ကျစ်ကျစ်လျစ်လျစ်လေး သိုသိုသိပ်သိပ်လေး ပေးသိစေသည်။

''ငါတို့အားလုံး မဟာဒေဝီမယ်ဘုရားကို ပြုစုစောင့်ရှောက်ကြရမယ်။ ဒါမှ မယ်ဘုရားက ကျန်းမာပြီးပျော်စရာကောင်းတဲ့ ကလေးမွေးပေး နိုင်လိမ့်မယ်''

သူမက အားလုံးကို ပြောလိုက်သည်။ စားဖိုမှူးက မွိုင်းထံမှ အထူး ညွှန်ကြားချက်အတိုင်းလိုက်နာပြီး စားစရာများကိုချက်ပြုတ်ရသည်။ရှောင်ရှား စရာများကို ရှောင်ရှားရသည်။ လေးလံသောပစ္စည်းများ မ မရ။ ချဉ်ဖတ်များ မစားရ။ အမျိုးမျိုးသော ငှက်ပျောသီးများ မစားရ။ ထမင်းနှင့် ကြက်သား ကတော့ အိုကေဟု သူမပြောသည်။ ဟင်းနုနွယ်ရွက်နှင့် အခြားနူးညံ့သော အရွက်များကို စားခွင့်ပြုသည်။ မွိုင်းသည် သူမ ပထမဆုံးသိရသည့်သည် ကိုယ်ဝန်ကိစ္စအတွက် မမေ့လျော့ဘဲ နမ္မတူရှိ ဒိန်းမတ်ဆရာဝန်အား သူမ၏ သံသယကို အတည်ပြုခိုင်းသည်။

ညနေခင်းနေအေးချိန်၌ ဝရန်တာတွင် သူတို့ထွက်ထိုင်ကြပြီး မိဘ နှစ်ယောက်အနေဖြင့် သူတို့ကလေးအတွက် မျှော်လင့်ချက်တွေ အိပ်မက်တွေ ကို ပြောနေကြလေသည်။ သူတို့နှစ်ယောက်သည် ကိုယ်ဝန်ရှိသည့်သတင်း ကို ကြားလိုက်ရသောအခါ ထိတ်လန့်အံ့ဩပြီး ပျော်ရွှင်သွားရသည်။ သူတို့ နှစ်ယောက်ခံစားရသလို မည်သူတစ်ဦးတစ်ယောက်ကမျှ ခံစားကြလိမ့်မည် မဟုတ်ဟု ယုံကြည်မိကြလေသည်။

''မောင် သားလေးလိုချင်လား''

သုစန္ဒီက စဝ်ကို ညနေခင်းမှာပဲ မေးလိုက်သည်။

''ဘာလေးပဲဖြစ်ဖြစ်ပါ အရေးကြီးတာက မောင်တို့ကလေး ကျန်း

www.nyisay.com



ကျန်းမာမာ မွေးနိုင်ဖို့ပဲ''

စဝ်မျက်နှာမှာ သည်လိုအပျော်ဆုံးဖြစ်နေတာမျိုး တစ်ခါမှမမြင်ဖူးခဲ့ချေ။

''ဒါပေမဲ့လေ သမီးလေးမွေးလာရင် ဘယ်လိုလုပ်မလဲ။ သူ့အတွက် အမွေဆက်ခံဖို့လေ''

သူမ ပူပန်စွာဖြင့် တွေးမိသည်။ တစ်ကမ္ဘာလုံးက နန်းမွေဆက်ခံဖို့ အတွက် သားယောက်ျားလေးကိုသာ လိုချင်ကြသည်။

''ဘာလဲ ပြောပါဦး''

သုစန္ဒီက နက်နက်နဲနဲ တွေးပြီးပြောသည်။

''မောင့်သမီးက နောက်ဆက်ခံမဲ့ သီပေါနယ်ရဲ့ ဘုရင်မ မဖြစ်ဖို့ အကြောင်း မရှိပါဘူး။ မိန်းကလေးတွေက ယောက်ျားလေးတွေလို လုပ်နိုင် ကိုင်နိုင်ကြတယ်လို့ မောင်ယုံကြည်တယ်လေ။ မောင်တို့နားက မောင်းရိုင်း စော်ဘွားကိုကြည့်လေ။ သူဆို အစောချည်းကတည်းက ကြေညာထားတာ လေ။ သူ့သမီးရှစ်ယောက်ထဲက အကြီးဆုံးသမီးက သူ့အရိုက်အရာကို ဆက်ခံ ရမယ်လို့လေ''

''အဲဒါမှန်တယ်။ ကျွန်မတို့ ရှမ်းလူ့အဖွဲ့အစည်းက အတော်ကြာ နေခဲ့ပြီပဲ။ မောင့်ဦးလေး ဆာစဝ်ချယ် အချိန်ကတည်းကဆိုရင်လေ''

သုစန္ဒီသည် သူမ၏ကံကောင်းခြင်းနှင့် သူမ၏လင်တော်မောင်၏ ပွင့်လင်းသော စိတ်ထားကိုသိလိုက်ရလို့ ကျေးဇူးတင်မိလေသည်။

''မောင် ပွင့်ပွင့်လင်းလင်းပြောရရင် မောင်တို့ သားစဉ်မြေးဆက် ပြည်နယ်ကို အုပ်ချုပ်လာကြတာ မောင်တို့သမီးလက်ထက်အထိဆို အတော် ကို ကြာရှည်လုံလောက်နေပါပြီ''

သုစန္ဒီကတော့ ဘာမှ ပြန်မပြောတော့ပါ။ သူသည် ဒီမိုကရေစီနည်း ကျကျ ရွေးချယ်တင်မြှောက်ခံရပြီး အုပ်ချုပ်တာမျိုးကို ဘယ်လောက်ထိ နှစ်သက်သဘောကျလဲဆိုတာ သူမ အသိဆုံးဖြစ်လေသည်။ သို့ရာတွင် သည်နေရာတွင် အချိန်နှင့်အမျှ ပြောင်းလဲနေတာကို သူမ မနည်းနားလည် အောင် ကြိုးစားနေရသည်။ စဝ်၏အိပ်မက်များ မျှော်လင့်ချက်များ တကယ် မပြုနိုင်မီတွင် ဆယ်စုနှစ်တစ်ခု ကုန်လွန်သွားနိုင်လေသည်။ တစ်နေ့တွင် စဝ်က ကြေညာလေသည်။

www.nyisay.com



''မောင့်အတွင်းရေးမှူးကို မောင်တို့ကလေးအတွက် သင့်တော်မဲ့ နာနီတစ်ယောက် အရှာခိုင်းထားတယ်''

''သိပ်အလျင်စလို မဖြစ်လွန်းဘူးလား'

သုစန္ဒာ မေးလိုက်သည်။

''ကလေးက နောက်ခြောက်လထိ မွေးဦးမှာမဟုတ်ဘူး''

သို့သော်ငြားလည်း စင်သည် သူတို့နှစ်ယောက်ကြားက ဆက်ဆံရေးကို အမြဲအေးချမ်းတည်ငြိမ်စွာ တည်ဆောက်လေ့ရှိသည်။ သူသည် ဖခင်စိတ်ဖြင့် အလွန်အမင်း ကာကွယ်စိုးရိမ်စိတ်များဖြင့် ပြုလုပ်နေသည်ဟု သူမမြင်သည်။

သူက သူမကိုပိုထိတွေ့ အကြံဉာဏ်များပေးသည့်အတွက် သူမ စိတ်ချမ်းမြေ့ပျော်ရွှင်မိလေသည်။

''အချစ် အားဆေးတွေပိုစားရမယ်နော်''

''အိုဗာတင်းသောက်ပြီးပလား''

''တင်းနစ်တွေ သိပ်မကစားသင့်ဘူးလို့ မောင်ထင်တယ်''

''ဒီနေ့ တရေးအိပ်ပြီးပလား''

''အချစ်ကလည်းလေ ကိုယ်ဝန်ကြီးနဲ့ဟာ သိပ်အလုပ်လုပ်တာပဲ''

သည်လို အပြုအယုအယတွေကြောင့် သုစန္ဒီမှာ စိတ်အေးသက်သာ၊ ယုံကြည်မှုပြည့်၊ အတားအဆီးမရှိ အင်တွေအားတွေ ပြည့်လာလေသည်။ သူမသည် မကျန်းမာသည့်ပုံ နည်းနည်းလုပ်သင့်ခဲ့သော်လည်း သူမက မလုပ်ခဲ့ချေ။ တကယ်တော့မူ ကိုယ်ဝန်ဆောင်မိခင်နှင့် ကလေးမွေးသောအလုပ်တွေကို သူမ နေ့စဉ် ပုံမှန်ထိတွေ့နေရသည်။

သူမသည် အချိန်ပိုသပ်သပ်ယူပြီး လက်တွေတိုက်ရိုက်လေ့လာသင်ကြားဖို့ အစီအစဉ်ဆွဲလေသည်။ သူမ ဖတ်ထားသော ကလေးမွေးတာ ကလေးပြုစုတာတွေကို ဒေါက်တာစပေါက်နှင့် ဆွေးနွေးငြင်းခုံဖို့လည်း ပြင်ထားလေသည်။

✦ ✦ ✦

ထိုညသည် လန်ရှိ(စီ) လေးလမြောက် လပြည့်ညဖြစ်သည်။ စော်ဘွားကြီး၏သမီးတော်လေးသည် ထိုညတွင် ရောက်ရှိလာလေသည်။ သုစန္ဒီ၏

www.nyisay.com



အမေသည် ဩစတြီးယားနိုင်ငံမှ ခေတ္တရောက်ရှိနေသည်။ စဝ်နှင့် သုစန္ဒီအမေက စိုးရိမ်တကြီးဖြင့် သုစန္ဒီကို ကားပေါ်တင်သည်။ ကားနှစ်စီးဖြင့် နမ့်တူဘော်တွင်းရှိ ကိုယ်ပိုင်ဆေးရုံတွင်ရှိသော ဒိန်းမတ်ဆရာဝန်ထံ သွားကြလေသည်။ သူတို့သည် ကြိုတင်စီစဉ်ထားခဲ့ပြီး သီပေါမှသွားလျှင် တစ်နာရီခွဲလောက်သာကြာမည်။ သီပေါမှ နှစ်မိုင်ခန့်အရောက်တွင် သုစန္ဒီက အော်ဟစ်ပြောတော့သည် ။

"အခုချက်ချင်းပြန်လှည့်ပါ။ ကျွန်မ နမ့်တူထိ စောင့်မနေနိုင်တော့ဘူး"

သူတို့ကားသည် အရှေ့ဟော်နန်းသို့ ပြန်လှည့်လာခဲ့ကြသည်။ နန်းနွမ်း၏အကူအညီဖြင့် သူတို့၏သမီးဦးလေးကို နောက်နှစ်နာရီအကြာတွင် မွေးဖွားသန့်စင်လိုက်ကြလေသည်။ သမီးလေးသည် ချောမောလှပပြီး အင်္ဂါအားလုံး ပြီးပြည့်စုံလေသည်။

နှည့်စိုစွတ်သော ဆံစအုပ်အုပ်လေးတွေသည် ပန်းနုရောင်မျက်နှာလေးပေါ်ဖုံးနေလေသည်။ စဝ်သည် စိုးရိမ်ပူစွာဖြင့် လက်ထဲတွင် အနှီးအထုပ်လေးကိုပိုက်ထားပြီး ကော်ရစ်ဒါအပေါ်ထပ်တွင် ခေါက်တုန့်ခေါက်ပြန် လျှောက်နေတော့လေသည်။ သူတို့သည် သူတို့၏ရှမ်းစော်ဘွားတစ်ယောက်သည် မွေးကင်းစကလေးကို ကောက်ချီဖူးသလား သို့မဟုတ် မွေးခန်းရှေ့တွင် နီးကပ်စွာ နေဖူးသလားဆိုတာမျိုးကို မမှတ်မိ မတွေးတတ်ကြတော့ချေ။ သူတို့ကိုးကွယ်သော သက်တော်ရဆရာတော်ကြီးတစ်ပါးက စော်ဘွားကြီးကို မီးနေခန်းနား မကပ်ရ၊ မွေးကင်းစကလေးကို မချီရ၊ ထိုသို့ပြုလုပ်လျှင် စော်ဘွားကြီးကို အကာကွယ်ပေးထားသော တန်ခိုးများက ပျောက်ကွယ်သွားပြီး မကောင်းဆိုးဝါး တွေကို မကာကွယ်နိုင်တော့ဟု မိန့်လေသည်။ စဝ်ကတော့မူ ထိုသတိပေးချက်များကို ပခုံးတွန့်ပြီးသာ နေလေ၏။

ဗေဒင်ဆရာ ဆရာဘဟန်နှင့် ဝန်ကြီးချုပ်ဦးသန်းတို့သည် မွေးပြီးပြီးချင်း မိနစ်အနည်းအတွင်း ရောက်ရှိလာကြသည်။ ဗေဒင်ဆရာသည် သီပေါ စော်ဘွားကြီး၏ပထမဆုံးသော သမီးတော်အတွက် ဇာတာဖွဲ့ရန် ထန်းလက်ရွက်ကို ထုတ်သည်။ မွေးစာရင်းစာရွက်ထဲက မွေးဖွားချိန်နှင့် အခြားလိုအပ်တာတွေကို မေးမြန်းပြီး သမီးတော်၏ အနာဂတ်အတွက် တွက်ချက်နေတော့သည်။ သို့ရာတွင် ရှမ်းထုံးစံအရ မိဘများသည် ကလေးအမည်ပေးတာကို စောင့်ကြရ

www.nyisay.com



လေသည်။ သုစန္ဒီကတော့ ရှေးထုံးအစဉ်အလာတွေအတိုင်း လုပ်ရတာကို သဘောမတွေ့လှချေ။ သို့သော် သူမ၏သမီးအမည်ပေးတာကို သူမက ဘာမှဝင်ရောက်ကန့်ကွက်ပြောဆိုခြင်းမပြုလုပ်ဘဲ သမီးလေးက ကြာသပတေးသူဆိုတော့ အမည်အစတွင် ဘီ၊ အမ် သို့မဟုတ် ပီတို့နှင့် စလျှင်ရပြီ ဟုတွေးနေမိလေသည်။ တစ်ပတ်လုံးနေ့တိုင်းပင် သူမရွေးထားသော အက္ခရာအစအတိုင်း အမည်များကို ရွေးပြီးပေးကြလေသည်။ သူမသည် သူ့သမီးလေး၏ လက်ဝါးလေးတွေ ခြေဖဝါးလေးတွေကို ကိုင်ကြည့်နေမိစဉ် ဆွေတော်မျိုးတော်များနှင့် အကြံပေးကြသူများက သမီးအတွက် သင့်တော်သော အမည်တစ်ခုကို ရွေးချယ်နေကြသည်ဟု အမှတ်တမဲ့ ကြားနေရလေသည်။

"ကျွန်မတော့ နိပါတ်တော်တွေထဲက ပပဝတီဆိုတဲ့ နာမည်ကို ကြိုက်တယ်"

ဝမ်းကွဲညီမတစ်ယောက်က ပြောသည်။

"ထပ်မပြောနဲ့တော့"

စဝ်က တုံ့ပြန်လိုက်သည်။

"ရှမ်းနာမည် မောက်ခမ်းဆိုရင်ကော ဘယ်လိုသဘောရလဲ"

"ဒါလည်း လုံးဝ မကြိုက်ဘူး"

ဘာဖြစ်လာမလဲဆိုတာ စဝ် သိလိုက်ပါသည်။ သူ့ဆွေမျိုး ရှမ်းလူမျိုးတွေက ထုံးစံအတိုင်း သူ့ဘဝကို ဝင်ရောက်ဖက်စွက်ကြတာမျိုးကို သူ မနှစ်သက်ချေ။

"ငါနဲ့ သုစန္ဒီပဲ ဆုံးဖြတ်တော့မယ်"

သူသည် ဆွေမျိုးတွေကို ကျောခိုင်းလှည့်လိုက်ပြီး သုစန္ဒီနှင့် သမီးရှိရာအိပ်ခန်းတွင်းသို့ ဝင်ချသွားလိုက်လေတော့သည်။ သူတို့သည် နိပါတ်တော်တွေထဲက မာယာရီ ဆိုသောအမည်ကို ရွေးလိုက်ကြသည်။

အမည်လေးက လှပပြီး ခေါ်လို့လည်းကောင်းတယ်။ အမည်သည် ဗုဒ္ဓနိပါတ်တော်တွေက အမည်လည်းဖြစ်သည်။ ဗေဒင်ဆရာကလည်း သဘောကျကျေနပ်လေသည်။ အမည်ရှေ့က စဝ်ထည့်လိုက်တာနှင့်ပင် သမီးသည် အလိုလိုပင် တော်ဝင်စော်ဘွားမိသားစုဝင် ဖြစ်သွားတော့သည်။ ရှမ်းထုံးစံအရ

www.nyisay.com



သည်အမည်သည် သူမ၏ ဘဝတစ်လျှောက်လုံးတွင် ကျန်ရှိနေမည်ဖြစ်ပြီး လက်ထပ်ချိန်ရောက်သည့်တိုင်အောင် ပြောင်းလဲလို့မရတော့ချေ။

ထိုအချိန်မှစ၍ မင်းသမီးလေးသည် အရှေ့ဟော်နန်းတွင် အရေးအကြီးဆုံးသောသူတစ်ယောက် ဖြစ်လာသည်။ ကလေးထိန်းနာနီ နိုင်းနိုင်းက ဒုတိယအရေးကြီးသူ ဖြစ်လာလေသည်။ သူမသည် နာနီအလုပ်လျှောက်ကြသောသူတွေထဲမှ အရွေးခံထားရသူဖြစ်သော်လည်း သူမသည် အသက်ခြောက်ဆယ့်ငါးနှစ်လောက် ရှိနေလေပြီ။

သူမသည် သင်တန်းဆင်းဆရာမတို့ ဝမ်းဆွဲဆရာမတို့ လုပ်ကိုင်ဖူးပြီး သူမ၏ လင်ယောက်ျား၊ ကလေးတွေ၏အသက်ရှည်အောင် သူမ၏ ဘဝထက်ပိုပြီးအလေးထားလျက် လိုအပ်သမျှကို သူမတတ်နိုင်သ၍ လုပ်ကိုင်ပေးနေခဲ့သည်။ သူမသည် ရှမ်းနှင့် မြန်မာစကားကိုသာပြောပြီး အင်္ဂလိပ်လို မပြောချေ။ သူမ သူနာပြုသင်တန်းတက်နေချိန်တွင် ဘက်တစ် ခရစ်ယာန်ဘာသာသို့ ပြောင်းခဲ့လေသည်။ သို့သော်ငြားလည်း ဗုဒ္ဓဘာသာဝင် ဟော်နန်းက ဝန်ထမ်းများသည် သူမ၏အသက်အရွယ်နှင့် အလုပ်ကို လေးစားကြလေသည်။ သူတို့က သူမ၏ ဘာသာရေးနှင့်ပတ်သက်သော ပေါင်းစည်းဆက်သွယ်မှု အပေါ်တော့ သံသယဖြင့် စောင့်ကြည့်နေကြလေသည်။ မွိုင်းက စိုးရိမ်ကြီးစွာဖြင့် သူမ၏မယ်ဘုရားကို စုံစမ်းမေးမြန်းသည်။ နိုင်းနိုင်းက သူမတို့၏ မင်းသမီးလေးကို ခရစ်ယာန်ဘာသာသို့ သွတ်သွင်းဖို့ ကြိုးစားနေသလားဟု ပူပန်မိလေသည်။

သုစန္ဒီကတော့ သည်ကိစ္စကို စိတ်မပူချေ။ သူမအနေနှင့် သူမတို့နေထိုင်သော ပတ်ဝန်းကျင်တွင် ကလေးများအလွန်များပြားလေရာ သူမ၏ သမီးကျန်းမာရေးအတွက် သူနာပြုလို မလိုလားအပ်သော အန္တရာယ်များ မကျရောက်စေရန် ကောင်းစွာပြုစုစောင့်ရှောက်ပေးနိုင်ရေးကိုသာ တွေးလေသည်။ အကြာက်စရာကောင်းသော သေနိုင်သည့် ငှက်ဖျားရောဂါပိုးကို သယ်ဆောင်သော ခြင်များ၊ သေစေသော ကင်းမြီးကောက်များနှင့် အခြားအဆိပ်ရှိသော ကင်းခြေများ စသည့်အကောင်တို့ကို ကလေးပုခက် ခြင်ထောင်အတွင်းမှာပင် တွေ့ရတတ်သည်။ သုစန္ဒီ တိတ်တိတ်အလစ်တွင် ကလေးအိပ်ခန်းအတွင်းသို့ အကြိမ်ပေါင်းများစွာ ညတိုင်း ဝင်ဝင်ကြည့်ရလေသည်။ နေ့ဆိုလျှင်လည်း သူမသည်

www.nyisay.com



ဟော်နန်းကိုလာကြသော ဧည့်သည်များကို သံသယမျက်လုံးဖြင့် ဒေါက်ထောက်ကြည့်သည်။ သူတို့တွေက တီဘီ၊ ကျောက်ရောဂါ၊ လက်ပရိုစီ၊ တိုက်ဖွိုက်နှင့် အခြားကူးစက်တတ်သော ရောဂါတွေများ သယ်လာလေမလား။ တစ်ခါတစ်ရံတွင်မူ သူမသည် ညလယ်ခေါင်ကြီးတွင် နိုးပြီး ထထိုင်နေတတ်သည်။ သူမ သမီးလေးကို ဩစထြီးယားမှာပဲ ကြီးပြင်းစေတာ ကောင်းမည်။ ဟိုမှာဆို ဒီလိုအန္တရာယ်တွေ ဘေးမှ ဝေးမည်။ ပြီးတော့ ကလေးအထူးကုဆရာဝန်နှင့်လည်း ပြလို့ရသည်။ နိုင်းနိုင်း၏ စွမ်းရည်ကြောင့် သုစန္ဒီ၏သံသယများ၊ ကြောက်စိတ်များကို တဖြည်းဖြည်း လျော့ကျသွားစေလေသည်။ သမီးတော်လေး ကျန်းမာပျော်ရွှင်စွာဖြင့် ပုံမှန် ကလေးတစ်ယောက်လို ကြီးပြင်းစေခြင်းဖြင့် သူမကို ပျော်ရွှင်လာအောင် ကူညီပေးလေသည်။

ရှစ်လအရွယ်သို့ ရောက်လာသောအခါ မာယာရီသည် သူမ၏ မိဘများနှင့် ပထမဆုံး တရားဝင်အလုပ်များ စတင်လုပ်ရှားလေသည်။

ဝန်ကြီးချုပ်က ဖိတ်စာကို ဖတ်ကြားသည်။

''သီပေါစော်ဘွားကြီး စဝ်ကြာဆိုင်နှင့် မဟာဒေဝီစဝ်သုစန္ဒီတို့၏ သမီးတော် မင်းသမီးလေး၏ အမည်ပေး ကင်မွန်းတပ်မင်္ဂလာပွဲကို အရှေ့ဟော်နန်း ၌ ၁၃၁၈ နတ်တော်လပြည့်ကျော် ၁၁ ရက်နေ့၊ နံနက် ၁၀ နာရီ အချိန်တွင် ကျင်းပမည် ဖြစ်ပါသဖြင့် ကြွရောက်ချီးမြှင့်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်။ လက်ဖွဲ့ခြင်းသည်းခံပါ''

ဂုဏ်သရေရှိလူကြီးများ၊ သီပေါနယ်၏ ဝါတော်အကြီးဆုံး ဆရာတော်သုံးပါးနှင့် ဖိတ်ကြားထားသော ဧည့်ပရိသတ် တစ်ရာကျော်သည် အရှေ့ဟော်နန်း ပထမထပ်နှင့် မြက်ခင်းပြင်တွင် ပြည့်လျှံသွားတော့သည်။ ခန်းမတစ်ခုလုံးကပရိဘောဂများကိုထုတ်ပြီး ကော်ဇောအထူများ ခန်းလုံးပြည့်ခင်းထားလိုက်သည် ဆွေမျိုးထဲတွင် အသက်အကြီးဆုံးဖြစ်သော အန်တီကြီးဘုရားသည်လည်း အခမ်းအနားတာဝန်ကိုအဖိတ်ခံခဲ့ရလေသည်။ ကြီးမားသောငွေဖလားထဲတွင် ပွဲအတွက် အထူးမင်္ဂလာရှိသောပစ္စည်းများကို ထည့်ထားပြီး အန်တီကြီးဘုရားက ကိုင်ထားသည်။ ဖလားထဲတွင် မွှေးကြိုင်သော နံ့သာရည်၊ နံ့သာဖြူ၊ ကရမက်၊ ရှင်မတောင်သနပ်ခါးများ သွေးထည့်ထားသည်။ ပန်းမျိုးစုံ ပွင့်ချပ်များ၊ ရေမွှေး၊ စိန်၊ ပတ္တမြား၊ နီလာ၊ မြ၊

www.nyisay.com



ပုလဲ၊ ကျောက်စိမ်းနှင့် လွန်ခဲ့သောတစ်ပတ်လုံး ဟော်နန်းကလူတွေ တောထဲ သွားရှာထားရသော မွှေးပျံ့သောသစ်ရွက်များကို ထည့်ထားလေသည်။ သုစန္ဒီ က သမီးလေးကို ချီမလာသည်။ သူမကို ပန်းနုရောင်ဇာဂါဝန်ရှည်လေး ဝတ်ထားပေး သည်။ သုစန္ဒီငယ်စဥ်က ညြစထြီးယားတွင် ဘက်ပတစ်ခရစ်ယာန်တာသာ ဝင်စဥ်ကလို ဖြစ်လေသည်။ ဧည့်သည်များကြားမှ သူမဖြတ်သွားပြီး စင်မြင့်လေးပေါ်ရှိ ပြင် ထားသော ဆိုဖာထိုင်ခုံပေါ်မှာ ထားလိုက်သည်။

သမီးလေးကို ဆရာတော်တွေ၏အောက်တွင် ချထားလိုက်ပြီးနောက် အန်တီကြီးဘုရားက သမီးတော်လေးကို စဝ်မာယာရီဟု အမည်ခေါ်တွင်လိုက် ကြောင်း ကြေညာလိုက်လေသည်။ အန်တီကြီးဘုရားသည် အမွှေးနံ့သာများဖြင့် စိမ်ထားသော သစ်ရွက်လေးဖြင့် မြေးမတော်ကို ပက်ဖြန်းလိုက်ပြီး ဆုမွန်ကောင်း များတောင်းပြီး ချီးမြှင့်ပေးလေသည်။ ထိုသို့ပြုလုပ်ပေးခြင်းသည် မင်းသမီးလေး အတွက် အလွန်ကြီးမားလွန်းနေသည်။ ပြီးနောက် သမီးတော်လေးကို သူက အခန်းဆီသို့ ပွေ့ချီသွားလေသည်။ လက်ဆောင်အဖြစ် ကျောက်မျက်ရတနာများ၊ မြင်းတစ်ကောင်နှင့် များပြားလှသော လိမ္မော်စိုက်ခင်းများကို သူမ၏ အဖေက အသိမှတ်ပြုပေးအပ်နေသောအခါ သူမက ရှိမနေတော့ပါ။ဆုတောင်းပေးနေသော အချိန်၊ ဧည့်သည်များ စားသောက်ပွဲနှင့် နာရီများစွာ အလုပ်ရှုပ်နေချိန်တွင်တော့ သူမက ပါဝင်ဆင်နွှဲနိုင်ခြင်း မရှိသေးချေ။

✦ ✦ ✦

တစ်နေ့တွင် တာပေါ့ရွာမြောက်ပိုင်းက လူများသည် အလွန်လှပသော ကြက်တူရွေးအရှင်တစ်ကောင်ကို အထူးလက်ဆောင်အဖြစ် သုစန္ဒီဆီ ယူဆောင်ပေး လေသည်။ ငှက်လေး၏ခေါင်းသည် ခရမ်းရောင်ဖြစ်သည်။ ခေါင်းထိပ်က အမွှေး လေးသည် လှပကျက်သရေရှိနေပြီး အမြီးကရှည်လေသည်။ သူ့နှုတ်သီးကနီရဲ နေသည်။ တစ်ကိုယ်လုံးရှိ အမွှေးနှင့်အတောင်သည် စိမ်းစိုဝင်းတောက်နေသည်။ အမြီးပိုင်း၏ အောက်ပိုင်းသည် ရွှေရောင် ရဲရဲထနေသည်။ သူ့အတောင်တွေအဖြတ်ခံ ထားရတာကို သုစန္ဒီ ချက်ချင်း သတိပြုလိုက်မိလေသည်။

''မင်း လက်ဆောင်အတွက် သိပ်ကျေးဇူးတင်ပါတယ်''

www.nyisay.com



သုစန္ဒီ ပြောလိုက်သည်။

''ဒါပေမဲ့ ဒီသိပ်လှတဲ့ ငှက်လေးကို ကျွန်မက လက်ခံယုံပဲ လက်ခံတာပါ။ ပြီးတော့ သူ့ကို ကျွန်မပြန်လွှတ်ပေးလိုက်မှာ။ ကျေးဇူးပြုပြီး နောက်ဘယ်တော့မှ ကျွန်မဆီကို ဒီလိုအကောင်တွေ ယူမလာပါနဲ့တော့''

သုစန္ဒီသည် ဒီကိစ္စကို အရင်ဆုံးရှင်းရှင်းသိအောင် လုပ်ထားမှဖြစ်မည်ဟု တွေးမိလေသည်။ သူမသည် ဘယ်တိရစ္ဆာန်ကိုမှ ဖမ်းဆီးချုပ်နှောင်မထားလိုဘဲ သူတို့မွေးရာပါအခွင့်အရေးအတိုင်း လွတ်လွတ်လပ်လပ် နေစေချင်လေသည်။ သူမ၏ အရင်က စစ်အုံကြာ၏ မဟာဒေဝီသည် ဝက်ဝံလေးများကို ခြံခတ်ပြီးကျုံးအနီးတွင် မွေးထားခဲ့ရာ သူတို့ကို ထိန်းကျောင်းပေးသော သူတွေက တစ်ကောင်စီကို နောက်ဆုံးတွင် သတ်ပစ်လိုက်ကြလေသည်။ သည့်မတိုင်ခင်ကလည်းအလွန်ဝေးကွာလှသော ပြည်နယ်တောင်ပေါ်ရွာဆီက ရွာသားများသည် သုစန္ဒီအတွက် ကျားသစ်ပေါက်လေးတစ်ကောင် ယူလာပေးဖူးသေးလေသည်။

သူမမှာ ကျားသစ်ကိုအစာကျွေးဖို့ ကောင်းကောင်းမလုပ်နိုင်။ တောထဲပြန်လွှတ်ဖို့လည်း ကောင်းကောင်းသန်မာ မကြီးထွားလာနိုင်ဘဲဖြစ်နေလေသည်။ ထိုအခါ သူမအတွက် ကြောက်စရာအတွေ့အကြုံကို ရလိုက်သည်။ အကူညီမဲ့လျက် နေရှာသော လှပသည့်ကျားသစ်ပေါက်လေးမှာ အားအင်ချည့်နဲ့လာပြီး ငေးမောငိုင်တွေနေတော့သည်။ မိုင်ရှစ်ရာအတွင်းတွင် တိရစ္ဆာန်ဆေးကုဆရာဝန်လည်းမရှိဘဲ သူမ၏ပြုစုမှုအောက်တွင် နောက်ဆုံး၌ ကျားသစ်ပေါက်လေးမှာ အစာတော်ပြီး သေဆုံးသွားရတော့လေသည်။ သူမမှာ တုန်လှုပ်ဝမ်းနည်းကြေကွဲခဲ့ရသည်။ ထို့ကြောင့် အခုအခါ တောကောင်အရိုင်းများ၏ပုံဆို လက်မခံနိုင်တော့ဘဲ ဖြစ်နေလေသည်။ တာပေါ့ရွာသားများသည် ဒီလိုငှက်မျိုး အများကြီးအကြောင်းမလှစွာ မထားခဲ့သည့်အတွက် တော်ပေသေးသည်။

ဘူကောင်းက ကြက်တူရွေးလေးကို စစ်ဆေးကြည့်ပြီးနောက် ဖြတ်ထားသော အတောင်လေးသည် အပတ်အနည်းအတွင်း ပြန်ပေါက်လာပြီး ငှက်လေးသည် တောထဲသို့ပျံသွားနိုင်မည်ဖြစ်ကြောင်းကို သုစန္ဒီအား အာမခံပြီး ပြောကြားလေသည်။ သူသည် ကြက်တူရွေးလေးကိုပြုစုဖို့ တာဝန်ယူလိုက်ပြီး ဈေးသို့အမြန်သွားခါ ကြီးမားသော လှောင်အိမ်တစ်ခုနှင့် လတ်ဆတ်သော အသီးများကို

www.nyisay.com



ရှာဝယ်ခဲ့သည်။

နောက်ဖေးမီးဖိုချောင်အနီးက မာလကာပင်ကြီးကို ကြက်တူရွေးလှောင်အိမ် ထားဖို့ အကောင်းဆုံးနေရာအဖြစ် ရွေးလိုက်သည်။ လူတစ်ယောက်က လှောင်အိမ် အနားတွင် အမြဲစောင့်ကြည့်နေပြီး ကြောင်လာလျှင် မောင်းလွှတ်ရလေသည်။ သစ်ပင်များ၏သစ်ရွက်အုပ်အုပ်များသည် ကြက်တူရွေးလေးအတွက် အရိပ်ရပြီး နေရောင်မှ ကာကွယ်ပြီးသားလည်း ဖြစ်စေသည်။ ကြက်တူရွေးလေးသည် ပထမနေ့တွင် အစာကို ပျာယာခတ်ပြီး မစားချေ။ သူသည် ငှက်ပျောသီးနှင့် ဖရဲသီးအမှည့်များကို ကြိုက်လေသည်။ ဒုတိယနေ့သို့ ရောက်သောအခါ မာလကာပင်ကြီးပေါ်တွင် သူ့ညှော်သည်များ ရောက်ရှိလာကြသည်။ ခန့်မှန်းခြေ အကောင်ခြောက်ဆယ်လောက်ရှိသော ကြက်တူရွေးအုပ်ကြီးသည် သူ့ဆီကို ဦးတည်ပြီး အကိုင်းတွေပေါ် ဆင်းလာနားကြလေသည်။

သူတို့၏ နားကွဲလုမတတ် အပြိုင်အော်နေကြသောအသံကြောင့် ဟော်နန်းတွင်ရှိသောလူတွေအားလုံး ဘာဖြစ်တာပါလိမ့်ဟု အောက်မေ့ပြီး ပြေး ထွက်ကြည့်ကြလေသည်။

ဆူညံစွာအော်ဟစ်နေကြသော ကြက်တူရွေးအုပ်သည် မိနစ်အနည်း ငယ်သာနေကြသည်။ ပြီးနောက်သူတို့သည် မြန်းဆို အားလုံးထပျံပြေးကြလေ သည်။ ခဏနေတော့ ပြန်ပေါ်လာကြပြန်သည်။

''အရင်က ငါတစ်ခါမှ ဘယ်တုန်းကမှ ဒီလောက်များတဲ့ ကြက်တူရွေး တွေ အိမ်နားမှာ မမြင်ဖူးဘူး''

ဘူကောင်းသည် အံ့ဩစွာဖြင့် သူ့ခေါင်းကို သွင်သွင်ခါရမ်းပြီး ပြော လေသည်။

ကြက်တူရွေးအုပ်သည် မနက်တိုင်း အချိန်မှန်ပြန်လာသည်။ သူတို့ ဘာ ကြောင့် လာလဲဆိုတာကို ဘယ်သူကမျှ သံသယ ဖြစ်မနေတော့ပေ။ ဘူကောင်းကလည်း ကြက်တူရွေးလေးကို ကြင်နာယုယစွာ ပြုစုပေးအပြီး အပတ်အနည်းငယ်ကြာသောအခါ ထိ သူ့ကြက်တူရွေး မိသားစုကလည်းလာမြဲ လာနေဆဲ ရှိလေသည်။ သူ၏အတောင် ကောင်းစွာပြန်ပေါက်လာပြီး ပျံသန်းဖို့အဆင်သင့်ဖြစ်နေလေပြီ။ တစ်မနက်ခင်းတွင် ကြက်တူရွေးအုပ်ကြီးမလာခင် အချိန်လေးတွင် ဘူကောင်းသည် စဝ်နှင့် သုစန္ဒီ

www.nyisay.com



တို့ကို အနီးနားတွင်စောင့်အကြည့် ခိုင်းပြီး ကြက်တူရွေးလှောင်အိမ်လေးကို ဖွင့်ထားလိုက်သည်။ ကြက်တူရွေးလေး လှောင်အိမ်တံခါးဝနား ချဉ်းကပ်လာတာကို သူတို့က စိုးရိမ်စိတ်စောစွာ စောင့်ကြည့်နေမိကြသည်။ သူမထွက်ပေ။တံခါးဖွင့်ထားသော သူ့အကျဉ်းထောင်လေးထဲမှာပဲ နားနေသည်။ သူနှင့် လူတိုင်းသည် မာလကာပင် အကိုင်းများပေါ် ကြက်တူရွေးအုပ် နောက်တစ်ကြိမ် ဆူညံစွာဖြင့် ပြန်ရောက်လာကြမှာကို စောင့်ကြည့်နေကြလေသည်။ ကြက်တူရွေးအုပ် ရောက်လာပုံမှာအရင် အခေါက်တွေတုန်းကလိုပဲ ဖြစ်သည်။ တစ်ခုပဲကွာတာ ကတော့ ကြက်တူရွေးအုပ်ကြီး ထပျံသွားကြသောအခါတွင် သူတို့၏ သူငယ်ချင်းလည်း သူတို့နှင့်အတူ ထွက်ခွာသွားခဲ့ခြင်းပဲ ဖြစ်လေသည်။ ထိုအခါ စောင့်ကြည့်နေသူ ဘူကောင်းက ဝမ်းသာအားရအော်လေသည်။

ပြီးနောက်တော့မှ ကြက်တူရွေးအုပ်ကြီးသည် အရှေ့ဟော်နန်းရှိ မီးဖိုချောင်ဝင်ပေါက်နားက မာလာကာပင်များဆီသို့ နောက်တစ်ခါထပ်ပြီး ဘယ်တော့မှ ပြန်မလာကြတော့ချေ။

❖

www.nyisay.com



## အခန်း ၉

သူ့ဝါးတဲလေးထဲတွင် အကျဉ်းသားအဖြစ်နေရသည်မှာ ဒုတိယနေ့ပင် ကုန်ဆုံးတော့မည် ဖြစ်လေသည်။ အရင်နေ့တွေကလိုပဲ စစ်အဖို့လွတ်မြောက်ရန် ပိုမို နီးစပ်သော အခြေအနေမမြင်ရသေးချေ။ ဗိုလ်ချုပ်နေဝင်းသည် အာဏာသိမ်းလိုက်ပြီး အရွေးချယ်ခံအုပ်ချုပ်ရေးပိုင်းက လူများအပါအဝင်လူထောင်ပေါင်း များစွာကို ဖမ်းဆီးထောင်ချထားကြောင်း သူ့ကိုစစ်ဆေးမေး မြန်းသောသူထံမှ သူသိရလေသည်။ သူ့အတွက်ကူညီပေးရန် ဝန်ကြီးချုပ်ဦးနုအပေါ်ထားရှိသော မျှော်လင့်ချက်သည်လည်း လျော့နည်းလာတော့သည်။ အကယ်၍ ဖြစ်နိုင်လျှင် ကမ္ဘာ့ကုလသမဂ္ဂက ပါဝင်လာပြီး နယ်စပ်က ဘိန်းကိစ္စကို ဖြေရှင်းပေးနိုင်လျှင် ပြေလည်နိုင်သည်။ သို့သော်လည်း သည်ကိစ္စကလည်း အချိန်အတော် ယူရပေဦးမည် ဖြစ်ပြန်သည်။ အခုတော့ သူသည် အဖိုးတန်သော ကုန်ပစ္စည်းတစ်ခုလို ကျန်နေရစ်တော့သည်။ သူသည် သူ့ညာလက်ဝါးကိုဖြန့်ပြီး တဲထဲက မှိန်ဖျော့ဖျော့အလင်းတွင် အသက်လမ်းကြောင်းကိုပြန် စစ်ဆေးကြည့် နေမိလိုက်သည်။ သူ့အား တစ်ခါက ရန်ကုန်ဆူးလေစေတီတော်အပေါ်ကဗေဒင်ဆရာ တစ်ယောက်ကသူ့အသက်လမ်းကြောင်းသည် အသက် ၃၀ ကျော်တွင် ပြတ်နေကြောင်းထပ်ခါထပ်ခါ သတိပေးဟောခဲ့ဖူးတာ သွားအမှတ်ရလိုက်သည်။ သူ စတင်စဉ်းစားမိသည်မှာ သူသည် ထိုအမှတ်သို့ရောက်နေလေပြီ၊ စဝ်သည်ဖှာပေါ်တွင် သူ့ခြေကိုဆန့်ထုတ်လိုက်ပြီး မျက်လုံးပိတ်ထားလိုက်သည်။ ဗမာစစ်တပ်က သီပေါကို သိမ်းပိုက်လိုက်သော သတင်းသည် သူ့မျှော်လင့်ချက်များကို အစိတ်စိတ် အမြွှာမြွှာ ဖြစ်သွားစေပြီး

www.nyisay.com



ကြောက်စရာကောင်းသော အခြေအနေမှာ သူလမ်းဆုံးသို့ ရောက်နေလေပြီ။ တကယ်လို့ သူ့လျှို့ဝှက်စာလေး သုစန္ဒီနှင့်ဂျင်မီယန်း ထံသို့ ရောက်သွားသည့်တိုင်အောင် သူ့ကို ဤဝါးတဲလေးအတွင်းမှ မည်သို့ လွတ်မြောက်အောင်လုပ်နိုင်ပါမည်နည်း။ စစ်ဖိနပ်ချဉ်းကပ်လာသံကို သူ ကြားလိုက်ရသောအခါ သူသည် အိပ်နေရာမှ ဆတ်ဆိုထထိုင်လိုက်မိလေသည်။ သူ့အားဖမ်းဆီး လာသူများကို ဘယ်တော့မှ သူ၏စိတ်ဓာတ်ကျအားငယ် ဝမ်းနည်းနေပုံမျိုးကို မမြင်စေရဟု သူ ဆုံးဖြတ်ထားသည်။ စစ်ဖိနပ်သံသည် တဖြည်းဖြည်းဝေးပြီး ပျောက်သွားသည်။ ယ ၁ တွင် အကာအကွယ်မဲ့ နေပြီဖြစ်သည်။ သည်လို ခံစားနေရသောအခြေအနေတွင် သူသည် အခြားယူနီဖောင်းဝတ်တစ်ယောက်နှင့် စကားမပြောလိုသေးချေ။

သူသည် ဂျက်ကက်အိတ်ထောင်အတွင်းက ပိုက်ဆံအိတ်လေးကိုဆွဲထုတ်ယူကြည့်လိုက်မိသည်။ သူအဖမ်းခံထားရစဉ်အတွင်း ပထမဆုံး ကြည့်မိခြင်းလည်း ဖြစ်သည်။ ပုံလေးက သူ့သမီးလေးတွေကို လျှပ်တစ်ပြက် ရိုက်ထားသော ဓာတ်ပုံဖြစ်လေသည်။ သုစန္ဒီက အမြဲပင် သေချာအောင် လုပ်လေ့ရှိသည်။ သူအိမ်မှ ထွက်လာသည့်အခါတိုင်း သူ့အိတ်ထောင်အတွင်း သူ့သမီးလေးတွေဓာတ်ပုံကိုထည့်ပေးလိုက်လေ့ရှိသည်။ ပြုံးပျော်နေကြသော သူတို့မျက်နှာလေးတွေကို မြင်လိုက်ရသောအခါ သူ့ရင်ထဲဆစ်ခနဲ နာကျင်သွားပြီး ပုံကိုအမြန်ဖယ်လိုက်ရသည်။ သူသာ အသက်ရှင်လျက်မရှိတော့ဘူးဆိုလျှင် သူ့မိန်းမနှင့်သမီးတွေ ဘယ်လိုဆက်နေကြပါ့မလဲဟူသော အတွေးကို ဆက်မတွေးရဲတော့ချေ။ သူသည် သူ့မျက်နှာကို လက်ဝါး နှစ်ဖက်ဖြင့် အုပ်လိုက်ပြီး ညည်းတွားလိုက်လေသည်။ သူ့တစ်ကိုယ်လုံး အပြစ်များဖြင့် ဖုံးအုပ်နေသလို ခံစားရသည်။ သူသည် သူ့အပေါ် ကျရောက်လာမည့် အန္တရာယ် နိမိတ်များကို မသိကျိုးကျွံမပြုသင့်ခဲ့ပေ။သူသည် သည်အတိတ်နိမိတ်တွေကို အယုံအကြည်မရှိခဲ့မိခြင်းသည်လည်း သူ့အတွက် အလွန်ဆိုးရွားလှလေသည်။ စင်တွင် ဒီစွပ်စွဲချက်များကိုပြန်လည် ပြောဆိုချေပဖို့ အချိန်အလုံအလောက် ရှိခဲ့ပေသည်။ သူသည် ဘယ်နေရာကိုမှ မသွားခဲ့ချေ။ သူတို့နှင့်ပူးပေါင်းလုပ်ဆောင်ဖို့ငြင်းဆိုသော သူ့ကိုညှဉ်းပန်း နှိပ်စက်သူတို့က မောပန်းငြီးငွေ့လာလေသည်။ သူ့ကို ဘာလို့ ဗမာစစ်တပ်က ဒီလိုလက်လွှတ်စပယ်လုပ်ရတာလဲ ဆိုတာကို သူနားလည်လာသည်။ အဘယ်ကြောင့်ဆိုသော လွန်ခဲ့သောနှစ်နှစ်က လူထုသည် သူတို့ကို လက်မခံကြသောကြောင့် ဖြစ်လေသည်။ သူသည်ဗမာစစ်တပ်

www.nyisay.com



က မိုလ်ချုပ်နေဝင်းနှင့် သဘောထားခြင်းမတိုက်ဆိုင်ဘဲ ငြင်းခုံခဲ့ကြသည့်အတွက် သူ့အပေါ် အငြိုးထားခဲ့ဖူးတာကို သဘောပေါက်လာခဲ့တော့သည်။

သူတို့ကို လူထုကလက်မခံတာကို သူလည်းသိရှိသွားပြီး အာဏာကို မရအရယူဖို့ လုပ်လိမ့်မယ်ဆိုသောအချက်ကို စဝ် ဘာလို့မတွေးမိပါလိမ့်ဟု နောင်တရနေတော့သည်။ သူတို့အနာကို စဝ်ဘာလို့ မသိကျိုးနွံပြုခဲ့မိပါလိမ့်။ ထို့အပြင် သူနှင့်အတူ ဦးနု၊ စဝ်ခွန်ချို၊ ဦးဘဆွေတို့လည်း ဒီဗမာ စစ်တပ်အင်အားကိုဘာလို့ ကြိုမမြင်မိခဲ့ကြပါလိမ့်။ စဝ်သည် သူ့ခေါင်းကို သူလက်သီးနှစ်ဖက်ဖြင့် ထိုးနေမိတော့လေသည်။

သူ၏ ကောင်းမွန်မှန်ကန်သော ဆုံးဖြတ်ချက်သည် လွန်ခဲ့သောနှစ်နှစ် က မှားခဲ့သလို နောက်ပြန်သွားဖို့ဆိုတာကလည်း အလွန်ဝေးကွာ သွားခဲ့ပြီဖြစ်လေသည်။

မြန်မာနိုင်ငံသည် ဂျပန်လက်မှ လွတ်မြောက်ပြီး အင်္ဂလိပ်ကပြန်လည် အုပ်စိုးသောအခါ ၃၇ ယောက်သော ဘူဟန်းပြည်နယ်ခေါင်းဆောင်များက စဝ်ကို သီပေါနယ်၏ခေါင်းဆောင် စော်ဘွားအဖြစ် သဘောတူရွေးချယ်တင်မြှောက်ခဲ့ကြသည်။ စဝ်၏အဖေနှင့်အစ်ကို့ကို သူတို့က လက်မခံကြချေ။ အဘယ်ကြောင့်ဆိုသော် သူတို့သည် မာတင်းပြီး ဟောင်ဖွာဟောင်ဖွာလုပ်တတ်ကြ၍ ဂျပန်ခေတ်ကလည်း ဂျပန်တွေနှင့်အတူပူးပေါင်း၍ ကိုယ်ကျိုးစီးပွားများကို မတရားရှာခဲ့ကြသောကြောင့်ဖြစ်လေသည်။ သို့သော်ငြားလည်း စဝ်သည် သူ့ပညာရေးကို ဆုံးခန်းတိုင်အောင် အရင်သင်လိုက်ချင်သေးသည်။ သူက တောင်ကြီးနှင့် အိန္ဒိယနိုင်ငံ ဒါဂျီလင်တွင် ပညာသင်နေခဲ့သည်။ သို့သော် သူ့ပြည်နယ်က လူထုသဘောကို သူမငြင်းနိုင်ဘဲ လက်ခံခဲ့ရလေသည်။ သံသယလုံးဝမရှိပဲ ၁၉၄၇ ဇန်နဝါရီလတွင် သူ့ကို သီပေါနယ်ကိုအုပ်ချုပ်သူ စော်ဘွားအဖြစ်ကြေညာ တင်မြှောက်ခြင်း ခံရလေသည်။

အစကတည်းက အခြေခံကျ ကွဲမှားခဲ့သောသူသည် တဖြည်းဖြည်းအခြားကိစ္စများသည် အလိုလို ပါဝင်လာရတော့သည်။ စဝ်သည် ပို၍ ပို၍ ရှုပ်ထွေးလာပြီး စိတ်ပျက်စိတ်မကောင်း ဖြစ်နေမိတော့သည်။ သူသည် သူ၏မှားယွင်းစွာဖြင့် ဆုံးဖြတ်မိခဲ့သော ကိစ္စအားလုံးကို သူ့မှတ်ဉာဏ်ထဲမှ ရှာဖွေထုတ်ကြည့်နေမိလေသည်။

"တော်ပါပြီကွာ"

သူ့ကိုသူ ခပ်တင်းတင်း ပြောလိုက်သည်။ သူသည် သူ့သံသယအတွေးများဖြင့် သူ့ကိုယ်သူစွဲချက်တင်နေခြင်းသည် အလကား နေရင်းသူ့ စွမ်းအားတွေကို

www.nyisay.com



ယုတ်လျော့စေသည့် ဖျက်ဆီးနေသည် ဟု ရှင်းရှင်းလင်းလင်း သိမြင်လာလေသည်။ သူနောက်ထပ် ဒီလိုအဖြစ်မခံ နိုင်တော့။ မနက်ကျရင် သူသည် ဗမာစစ်တပ်က ဗိုလ်ချုပ်နေဝင်းနှင့်ရင်ဆိုင်ရမည့် စစ်ပွဲအတွက် ပြင်ဆင်ရဦးမည်။

သူ့စိတ်ကို အလုပ်ပေးဖို့အတွက် စဝ်သည် တစ်ခုခုကိုဖတ်ချင်နေမိသည်။ သူ့ကို သည်တောထဲခေါ်ဆောင်လာကြသောအခါက သူ့အတက်ချိုကော့စ်လေးထဲက စာအုပ်များ၊ စာရွက်စာတမ်းများ ပျောက်ဆုံးသွားခဲ့သည်။ သူသည် ရန်ကုန်တွင်အချိန်တွေ လွတ်လပ်စွာ ကုန်လွန်ခဲ့သည်။

လေယာဉ်ပေါ်၌ ဘော်ကြိုတွင်ပြုလုပ်မည့် ဆားထုတ်လုပ်ရေးစီမံကိန်း အကြောင်း သူဖတ်နေခဲ့သည်။ လိုအပ်သောပစ္စည်းကိရိယာများသည် သီပေါ သို့ ပို့ဆောင်နေရာ လမ်းပေါ်မှာတင်ရှိနေသေးသည်။ သူသည် သီပေါသို့ပြန်ရောက်တာနှင့် ခပ်မြန်မြန်ပင် ထိုစီမံကိန်းကို စချင်နေမိလေသည်။ မြန်မာပြည်မှ ဆားတင်ပို့မှု ဘယ်အချိန်မှာပဲရပ်ဆိုင်းသွားသွား သီပေါရှိ ဆားတွင်းတွေမှ သီပေါနယ်အတွက် အလုံအလောက်ထောက်ပံ့နိုင်ခဲ့သည်မှာ နှစ်ပေါင်း ရာချီ ရှိခဲ့ပြီဖြစ်လေသည်။ သို့သော် ဆားတွေက အလွန်ခါးလေသည်။ အဘယ့်ကြောင့်ဆိုသော် ထိုဆားထဲတွင် မက်ဂနီစီရမ်ကလိုရိုက်များ အလွန် အမင်းပါနေသောကြောင့်ဖြစ်လေ၏။ သည်များနေမှုကို ခြေဖျက်ထုတ်ပစ်လိုက်နိုင်ဖို့ အထူးအညစ်အကြေးချွတ်စက်များ တင်သွင်းဖို့လိုအပ်နေသေး လေသည်။ မြောက်ပိုင်းရှမ်းပြည်အတွက် ဆားအလုံအလောက်ရမှုသည် အလွန်အရေးကြီး သော ကိစ္စတစ်ခုဖြစ်လာလေသည်။ စီမံကိန်းများစွာ အပေါ် သူ၏အာရုံစိုက်မှုကလည်း အရေးကြီးလှသည်။ သူ့မှာ နိုင်ငံရေး၏သားကောင်တစ်ကောင် ဖြစ်နေသောကြောင့် သည်စီမံကိန်းတွေကို ဖြတ်ထားရသလိုဖြစ်နေတော့သည်။ စဝ်ကို ဗိုလ်ချုပ်နေဝင်းက ကြောက်ရွံ့အောင်လုပ်နေသည်ဟု သူ့ကို မကြာခဏ ပြောခဲ့ဖူးကြသော်လည်း စဝ်က ဗိုလ်ချုပ်နေဝင်းကို ပြေပြေလည်လည် တစ်ခါမှ တွေ့ဆုံပြောလိုခြင်း မရှိခဲ့ချေ။ အခုလို သူ့အား ခြိမ်းခြောက်လာလိမ့်မည်ဟုလည်း မတွေးဖူးခဲ့ချေ။ လေးလေးနက်နက် တွေးကြည့်လိုက်သောအခါ သူသည် အလွန် ကြီးမားသော အန္တရာယ်နှင့် ရင်ဆိုင်နေရပြီဆိုတာကို ခံစားသိနေမိလေသည်။ မမြင်ရသော အန္တရာယ်သည် သူ့ဆီလာနေပြီဖြစ်သည်။

သူသည်လို ခံစားသိမှုမျိုးကို လွန်ခဲ့သောနှစ်ပေါင်းများစွာက လားရှိုးမှ သီပေါသို့အပြန်ခရီးတွင် ခံစားကြုံကြိုက်ဖူးခဲ့တာကို သွားအမှတ်ရမိတော့၏။

www.nyisay.com



စဝ်သည် ရန်ကုန်တွင် လွှတ်တော်တက်ရန်အတွက် သောကြာနေ့တိုင်းလာလေ့ရှိသော ယူဘီအေလေယာဉ်စီးရန်အတွက် လားရှိုးသို့ထွက်ခဲ့လေသည်။ သူ့ဂျစ်ကားသည် ဒီစီ ၃ လေယာဉ်အနီး လေယာဉ်ပေါ် ခရီးသည်တက်သည့် လှေကားတိုလေးနားအထိ မောင်းသွားလိုက်သည်။ အသက်ပင်မရှူနိုင်ဘဲ လေယာဉ်ဆီအပြေးလာပြီး စာတစ်စောင်ကို လက်ရမ်းပြနေသော အထူးကော်မရှင်နာ တစ်ယောက်က ...

''စော်ဘွားကြီး။ ဒီစာက ကော်မရှင်နာဆီက အရေးပေါ်ပို့လိုက်တဲ့စာပါ''

စဝ်က စာကို ချက်ချင်းဖတ်လိုက်ပြီးနောက် စိုးရိမ်စိတ်ပေါ်လာမိသော်လည်း မယုံကြည်နိုင်ဖြစ်ရသည်။ စာက တရားဝင်တောင်းဆိုချက်ဖြစ်သည်။ အမျိုးသားလုံခြုံရေးအတွက် စဝ်ကို ရန်ကုန်သွားရမည့်ခရီးစဉ်ကို ပြောင်းပေးလိုက်ခြင်းဖြစ်သည်။ ကော်မရှင်နာက ဒီကိစ္စကို လူချင်းတွေ့ပြီးရှင်းပြပါမည်ဟု ကတိစကားဆိုသည်။ လေယာဉ်မှူးက စဝ်ကို ခဏစောင့်ပြီးမှထွက်ပါမည်ဟုပြောသဖြင့် စဝ်သည်ချက်ချင်းပင် အထူးကော်မရှင်နာ၏ရုံးသို့ သွားလိုက်သည်။ လေယာဉ်က အလုပ်သမားတွေက ပိုသဘောကျကြလေသည်။ အဘယ့်ကြောင့်မူ သူတို့သည် လားရှိုးကြီးဈေးသို့ပြေးပြီး အမဲသားဝယ်ချင်သောကြောင့် ဖြစ်သည်။ ထိုအချိန်က အမဲသားကို ဘာသာရေးအရ မရောင်းချရဟု မြန်မာပြည်တွင် တားမြစ်ပိတ်ပင်ထားသောကြောင့် ဖြစ်လေသည်။ ကော်မရှင်နာဟွန်ဖက တံခါးဝတွင် စောင့်နေလေသည်။

''အထဲကိုကြွပါ၊ စော်ဘွားကြီး။ ကျွန်တော်တို့ စကားပြောကြတာပေ့ါ။ ကျွန်တော့်မိန်းမတစ်ယောက်က သုစန္ဒီကို အဖော်လုပ်ပါလိမ့်မယ်''

''သူမလည်း အတူနေမှာပါ။ ကျွန်တော်တို့နှစ်ယောက်လုံး ကြားချင်ပါတယ်။ ဘာလို့ ကျွန်တော့်ကို ဒီနေ့ ရန်ကုန်မသွားသင့်တာလဲ''

စဝ်က သုစန္ဒီ၏လက်ကိုဆွဲပြီး ဟွန်ဖ၏ရုံးခန်းအတွင်း ဝင်ချသွားလိုက်သည်။ ပြုံးပျော်ရွှင်သောလေသံဖြင့် ကော်မရှင်နာကပြောနေသဖြင့် အရေးပေါ်အမျိုးသားလုံခြုံရေးအတွက် မဖြစ်နိုင်ကြောင်းတွေးမိသဖြင့် ပို၍ပင် အလွန်သံသယဖြစ်ရသည်။

''ဆို .. ဆက်ပါဦး''

စဝ်က သည်းမခံနိုင်စွာဖြင့် မေးလိုက်သည်။

www.nyisay.com



''လေယာဉ်မှူးက ကျွန်တော့်ကို စောင့်ပေးနေတယ်''

''ကျွန်တော် စော်ဘွားကြီးကို ဒီလေယာဉ်နဲ့ ရန်ကုန်ကို ပေးမသွားနိုင်ဘူး''

ကော်မရှင်နာ ပြောလိုက်သည်။ ဒါက သူကလုပ်လေ့ရှိသော တောင်းဆိုမှု တစ်ခုလည်းဖြစ်လေသည်။ စဝ်က သူ့ကို မယုံကြည်စွာဖြင့် ကြည့်နေသည်။

''ဆိုတော့ ဘာကြောင့်လဲ''

''ဘာလို့လဲဆိုတော့ ဗမာစစ်ဗိုလ်တစ်ယောက် ဒီလေယာဉ်နဲ့စီးပြီး ရန်ကုန်ကို သွားလိမ့်မယ်လို့သတင်းရလို့ပါ။ သူနဲ့ လေယာဉ်တစ်စီးထဲသွားရမှာ ဆိုတော့ စော်ဘွားကြီးရဲ့ လုံခြုံရေးအတွက်ပါ။ ဒါကြောင့် စော်ဘွားကြီးအနေနဲ့ နောက်အင်္ဂါနေ့လေယာဉ်နဲ့ သွားစေချင်ပါတယ်''

''ဒီအတွက်နဲ့ စိုးရိမ်မနေပါနဲ့ အရေးမကြီးပါဘူး''

စဝ်က ဒေါသတကြီးဖြင့် ပြန်ပြောလိုက်သည်။

''ကျွန်တော့်မှာ လက်နက်မပါပါဘူး။ ကျွန်တော်က ဘယ်သူ့ကိုမှ မခြိမ်းခြောက်ပါဘူး။ ကျွန်တော် ဒီလေယာဉ်နဲ့သွားရမှုဖြစ်မယ်။ တကယ်လို့ လက်နက်မပါတဲ့ ကျွန်တော့်ကို ဗမာစစ်ဗိုလ်က ကြောက်နေမယ်ဆိုရင်လည်း မတတ်နိုင်ပါဘူး။ ဒါ သူ့ကိစ္စပဲလေ''

စဝ်က သူ့ကို စက်ဆုတ်စွာကြည့်ရင်း ပြောလိုက်ပြီး သုစန္ဒီ၏လက်ကို ဆွဲပြီး အခန်းထဲမှ ထွက်ဖို့ပြင်သည်။

''စော်ဘွားကြီး ကျွန်တော့်ကိုလေးစားသင့်ပါတယ်။ ကျွန်တော်တို့က စော်ဘွားကြီးရဲ့ လုံခြုံရေးအတွက်ပါ''

ကော်မရှင်နာသည် တံခါးဝသို့ သုတ်ခနဲပြေးသွားပြီး စဝ်ကို ထွက်မသွားဖို့ တားလေသည်။ စဝ်သည် တံခါးဝနားတွင်ရပ်လိုက်ပြီး ပြန်လှည့်လိုက်သည်။ ထို့နောက် ရုတ်တရက် တောင်းဆိုလိုက်သည်။

''ကျွန်တော် ဒီမှာ ခဏနေတာက တစ်ခုရှိတယ် ကျွန်တော့်ကို ခင်ဗျား အခုပြောတာတွေကို စာနဲ့ လက်ရေးနဲ့ရေးပေးပါ''

''ဟုတ်ကဲ့။ ကျွန်တော် စော်ဘွားကြီးရှေ့မှာပဲ နှုတ်တိုက်ပြောရင်း ချရေးပါ့မယ်။ စော်ဘွားကြီးက မှန်မမှန်ကြည့်ပေးပါ''

သူသည် သိသိသာသာပင် စိတ်သက်သာရာရစွာဖြင့် ပြန်ပြောသည်။ စဝ်က ကျေနပ်သွားပြီးနောက် လေယာဉ်ကို သူမပါဘဲ ထွက်ဖို့ပြောခိုင်းလိုက် လေသည်။ သူက ကော်မရှင်နာ၏စာကို လိုချင်သည်မှာ သူ့အား ဗမာစစ်တပ်က

www.nyisay.com



အနှောင့်အယှက်ပေးကြောင်းကို မှတ်တမ်းတစ်ခုအဖြစ် တင်ပြလို့ရအောင်ဖြစ်လေသည်။

စဝ်နှင့် သုစန္ဒီတို့သည် ကားဖြင့် သီပေါသို့ပြန်လာခဲ့ရာ ရှေ့က လုံခြုံရေးပုလိပ်ကား နောက်မှလိုက်သွားခဲ့လေသည်။ သစ်တောအုပ်အုပ် ထူသောနေရာ လမ်းမပေါ်တွင် ရိုင်ဖယ်သေနတ်သံများကို ရုတ်တရက် ကြားလိုက်ရသည်။ စဝ်က သုစန္ဒီကို ကားအောက်ကြမ်းခင်းပေါ်သို့ မှောက်ဝပ်ချခိုင်းလိုက်ပြီး ဒရိုင်ဘာကို အမြန်မောင်းဖို့ အော်ပြောလိုက်သည်။ ကားဘီးနှင့် လမ်းမတို့ ပွတ်တိုက်သံများ ဆူညံစွာထွက်ပေါ်လာပြီး သေနတ်သံတွေကလည်း ပိုမိုများပြားစိတ်လိုက်လာသည်။ ကျည်ဆန်များသည် ကားဘော်ဒီကို လာမှန်ကြလေသည်။ ရှေ့က ဂျစ်ကားကို စဝ်တို့ကားက မီသွားပြီး စဝ်က နောက်ဘက်ပြန်လှည့်ကြည့်လိုက်သောအခါ နောက်မှ လိုက်မလာကြကြောင်းတွေ့ရသည်။ သစ်တောအုပ်သည် သူတို့ကားကို လုံခြုံအောင် မမြင်နိုင်တော့အောင် ဖုံးကွယ်ပေးလိုက်သလိုဖြစ်သွားပြီး သူတို့ လိုက်မပစ်နိုင်တော့ချေ။

စဝ်သည် သီပေါသို့ပြန်လာစဉ်က အဖြစ်အပျက်အားလုံးကို အသေးစိတ်တစ်ခုမကျန် မှတ်မိနေသေးသည်။ အသံအားလုံးနှင့် မော်တော်ကားသံကိုပါ မှတ်မိနေတော့သည်။ အန္တရာယ်သည် သူ့ဆီတည့်တည့် မှန်ဝါးဝါးပေါ်လာပြီ ဖြစ်ကြောင်း ပြောပြလို့မရသော တစ်ခုခုဖြစ်တော့မည်ဖြစ်ကြောင်းကို စဝ်ခံစားသိနေခဲ့လေသည်။ သို့သော် သူသည် ဒီကိစ္စကို ဘာမှမလုပ်ဘဲ နေလိုက်ခဲ့သည်။ နှစ်အနည်းငယ်ကြာသောအခါ သူသည် စိုးရိမ်စရာ ဤအဖြစ်အပျက်ကို တဖြည်းဖြည်း မေ့မိုန်မေ့ပျောက်သွားခဲ့လေသည်။ လုံခြုံရေးအတွက် သိသိကြီးနဲ့ အများလုပ်မိပြန်ပြီဟူသော ခံစားစိတ်တို့သည် သူ့ကို တစ်ဖန်ပြန်ဖြစ်လာစေပြန်လေသည်။

ဆုံးဖြတ်ချက်အချို့ အားလုံးပြီးစီးသွားသောအခါကျမှသာ သူ့အတွက် အခွင့်အရေးက တစ်ဖန်ပြန်ရပေလိမ့်မည်။

ပထမဆုံးစတင်တည်ထောင်ခဲ့ကြသော ရှမ်းသူပုန်အုပ်စု နုံးဆွတ်ဟန် (ရဲရင့်သောလူငယ်စစ်သည်များ)အဖွဲ့က ခွန်မြင့်နှင့် လျှို့ဝှက်စွာတွေ့ကြစဉ်က အကြောင်းကို စဝ် အမှတ်ရမိလေသည်။ သူတို့က သူတို့အတွက်ခေါင်းဆောင် လုပ်ပေးဖို့ တောင်းပန်ခဲ့ကြသည်။ သို့သော် စဝ်က သူတို့ကို အဝေးသို့ မောင်းထုတ်ခဲ့လေသည်။

မြန်မာ့ခေတ်

www.nyisay.com



စဝ်က သူတို့အားဖြေရှင်းရမည့် တစ်ခုတည်းသောနည်းလမ်းမှာ နစ်နာချက်များကို လွှတ်တော်တွင် တရားနည်းလမ်းကျကျ တောင်းဆိုရမည်ဟု လက်ချာပေးခဲ့လေသည်။ သူ အဲဒီအချိန်ကတည်းက တက်တက်စင်အောင်ကို လွဲခဲ့တာပါလား။

သူရပ်လိုက်သည်။ နံရံတွင်ထောင်ထားသော ဖျာကြမ်း ပြန်မချမီတွင် စဝ်သည် တကျိုကျိုမြည်သော ကြမ်းခင်း၏ ထောင့်လေးထောင့်ကို နေရာတကျ ပြန်ထားသည်။ သူသည် တွန့်ကြေနေသော ဘောင်းဘီနှင့် သူ့ဝတ်စုံကို ပြန်ကြည့်လိုက်မိသည်။ သူ ရေမချိုးရ။ အဝတ်မလဲရတာ နှစ်ရက်ရှိနေပြီ။ သူ၏ ၄၈ နာရီကြာအောင်မက်ခဲ့ရသော အိပ်မက်ဆိုးများကို ရေပန်း ရေနွေးပူပူဖြင့် အားရပါးရ ဘယ်လိုများချိုးပြီး ဆေးကြောပစ်လိုက်ရပါ့မလဲ။ အစောင့်က ပုံမှန်ယူလာပေးသော ရေနွေးကြမ်းသာလျှင် သူ့အတွက် ရေရလေသည်။

''ငါ့ဘဝမှာ နောက်ထပ် အခွင့်အရေးရကိုရမှာပါ''

စဝ်သည် ဒီစကားကို ထပ်ခါထပ်ခါ ပြောနေလေသည်။

✦ ✦ ✦

ထိုညသ္ဓ စဝ်သည် နောက်ဆုံးတွင် မြက်ဖျာပေါ် တမှေးအိပ်ပျော်သွားပြီးနောက် လှပပျော်စရာကောင်းသော အိပ်မက်မက်လေသည်။ သူသည် လှေလေးဖြင့် နမ္မတူမြစ်ကို ဖြတ်ကူးနေသည်။ သူ့ရှေ့လှေပေါ်တွင် သူ့သမီးနှစ်ယောက် ထိုင်နေကြသည်။ သူတို့၏နက်မှောင်သော ဆံစလေးများသည် နေရောင်မှာ လက်လက်ထနေလေသည်။ သူတို့၏နေလောင်ထားသော လက်ကလေးတွေက လှေကို တင်းတင်းဆုပ်ကိုင်ထားကြလေသည်။

''ကျွန်တော်တို့ကို မြစ်ဖြတ်ပြီး လိမ္မော်ခြံတွေဆီ ပို့ပေးစမ်းပါ''

စဝ်က လှေခတ်သမားကို ပြောလိုက်သည်။ သူက လှေပေါ်မှာရပ်ပြီး အရိုအသေပေးသည်။ လှေကို ခတ်တက်တစ်ခုတည်းဖြင့် လှော်နေသည်။ ရေက စိမ်းမြအေးကြည်နေတော့သည်။ လှိုင်းလေမရှိ ပကတိတည်ငြိမ်နေသည်။ လှေကို ကြိုးစားခတ်နေရသောကြောင့် ရေပြင်တွင် လှိုင်းကယက်လေးတွေ ထကျန်ရစ်သည်။ မြစ်အလယ်တစ်ဝက်လောက်ဖြတ်အပြီးတွင် ကလေးတွေမှာ ကလေးထိန်းကျောင်းက သင်ပေးထားသော သီချင်းများကို သူတို့၏ ကြည်လင်ချိုမြသော ကလေးသံလေးတွေဖြင့် အော်ဆိုနေကြတော့သည်။

www.nyisay.com



''မိုတ်တုတ်မိုတ်တုတ် ကြယ်ကလေး ...''
''ဘာဘာ သိုးမည်းလေး မင်းမှာ သိုးမွေး ဘယ်လောက်ရှိ ...''
''ကိုးက ဘာရတစ်ယောက် ကော်ပင်အမြင့်ကြီးပေါ်မှာကက်ထိုင်နေ...''
စဝ်ကလည်း သူ့သမီးတွေနှင့်အတူလိုက်ဆိုရာ သူတို့၏လွတ်လွတ်လပ်လပ် သီချင်းသံများသည် မြစ်တစ်ဖက်ကမ်းဆီမှ ပဲ့တင်ထပ်၍ ပြန်လာသည်။



သီပေါစော်ဘွားကြီး၏ မိသားစု
သီပေါစော်ဘွားကြီး စဝ်ကြာဆိုင်၊ မဟာဒေဝီ စဝ်သုစန္ဒီနှင့်
သမီးကြီး မာယာရီနှင့် သမီးငယ် ကိန္နရီ

www.nyisay.com



ထို့နောက် သာယာသော တယောသံ၊ ပလွေသံများ မြစ်ပြင်အောက်ဆီက ထွက်ပေါ်လာသည်။ သူတို့၏သံစဉ်များကို မိုးကောင်းကင်ထိရောက်အောင် မြှင့်တင်အော်ဆိုလိုက်ကြလေသည်။ သူတို့နှင့်အတူ သံစဉ်သံလှိုင်းအသစ်များ ထပ်မံထွက်ပေါ်လာပြန်သည်။ အခြားတူရိယာအမျိုးစုံတို့၏ အသံများသည် ကောင်းကင်အပြည့် ထွက်ပေါ်လာရာ အော်ခက်စ်ထရာ သံစုံတီးဝိုင်းကြီးတီးနေသလို အသံတွေ မြိုင်မြိုင်ဆိုင်ဆိုင် ဖြစ်နေတော့သည်။ သူတို့သုံးယောက် သီဆိုနေကြသော သီချင်းများကို ထောက်ပံ့ပေးနေသလို ဖြစ်နေလေသည်။ ဒီလို ပျော်ရွှင်စွာသီဆိုနေသောခရီးကို စဝ်က မရပ် မပြီးဆုံးစေချင်ပေ။ သူ့ဆန္ဒကိုဖြည့်ဖို့ မြစ်ကြီးက လိုက်ချဲ့ပေးလိုပုံရှိလေသည်။ လှေလေးက မြစ်ကြီး၏တစ်ဖက်ကမ်းဆီသို့ ကူးနေဆဲရှိသည်။ ဟိုးတစ်ဖက်ကမ်းသည် တဖြည်းဖြည်း ပို၍ပို၍ ဝေး၍သေး၍ သွားသည်ဟု ထင်ရလေသည်။

''ပါပါ ...''

အသံတစ်သံက သီချင်းသံကို ထိုးဖောက်ထွက်လာသည်။ သီချင်းသံက တိတ်သွားသည်။

''ပါပါ သမီး အိမ်ပြန်ချင်ပြီ''

မာယာရီသည် သူ့ဘက်လှည့်ပြီး ကြောက်ရွံ့နေသော မျက်နှာလေးဖြင့် ပြောနေလေသည်။

''မြစ်ကြီးက တေးသံတွေထွက်လာတော့ သမီးကြောက်တယ်''

သူ့သမီး၏ ကြောက်ရွံ့တုန်လှုပ်နေသော မျက်နှာလေးကြောင့် စဝ် အိပ်ပျော်နေရာမှ လန့်နိုးလာခဲ့သည်။ သူ့အိပ်မက်လည်း ဆုံးလေသည်။ သူ မျက်လုံးကို ဖွင့်ကြည့်လိုက်သည်။ ဘာကိုမှ မမြင်ရ။ သူပျော်ရွှင်စွာမက်ခဲ့သော အိပ်မက်ကို ဆက်တွယ်ကပ်ထားဖို့မျက်လုံးကို ပြန်မှိတ်လိုက်သည်။

သူသည် သူ့သမီးနှစ်ယောက်ကို ချစ်သည်ဆိုသော စကားထက် ပိုချစ်လေသည်။ သူတို့နှစ်ယောက် အခု သူနှင့်အတူရှိနေသလိုမျိုး ခံစားနေရသည်။ ဒါလေးက ခဏလေးပင်ဖြစ်သော်လည်း သူ့အတွက် အလွန်ငြိမ်းချမ်းလှလေ၏။ သူအိမ်ပြန်ရောက်သောအခါ သူတို့က သူ့ဆီကိုပြေးလာလိုက်ကြသည်။ သူက လက်နှစ်ဖက်ကို ဆန့်တန်းပေးလိုက်သည်။ သူတို့က သူ့လက်မောင်းပေါ် တွဲလဲ ခိုစီးလိုက်ကြသည်ဟု သူ စိတ်ကူးထဲတွေးကြည့်လိုက်သည်။

သုံးနှစ်အရွယ်ရှိပြီဖြစ်သော သမီးငယ်ကိန္နရီသည် သူ့အပြင်ကို မကြာခဏ

www.nyisay.com



ထွက်သွားလျှင် သူ့ကို ပြစ်တင်ကြိမ်းမောင်းတတ်လေသည်။ ဘယ်လောက်များ သိသာလိုက်သလဲဆိုရင် သူမသည် သူ့အဖေကို သူပိုင်ဆိုင်သောအိမ်မှာပဲ နေစေချင်တာဖြစ်လေသည်။ သူမသည် မနက်စောစောတွင် အိမ်ရှေ့တံခါးဝ၌ သူ့ကိုရပ်စောင့်နေလေ့ရှိတာကို သူသွားသတိရပြီး ပြုံးလိုက်မိလေသည်။ ဘယ်လိုလဲဆိုတော့ သူက သူ့သမီးလက်ကိုဆွဲပြီး သားအဖနှစ်ယောက်သား ဘုန်းကြီးကျောင်းကို လမ်းလျှောက်သွားကြပြီး တရားထိုင်ကြလေသည်။ ပြီးတော့ သူတို့နှစ်ယောက်သား အခမ်းအနားပွဲလမ်းမှ ပြန်လာကြသည့်အခါ အများအားဖြင့် သုစန္ဒီနှင့် မာယာရီတို့ အိပ်ရာမှ နိုးနေတာတွေ့ရလျှင် အလွန်ဝမ်းသာပျော်ရွှင်ကြ သည်။

မာယာရီက အခု ခြောက်နှစ်အရွယ်ရှိနေပြီ။ ထို့ကြောင့် သူတို့ အားလုံး မနက်စာကို တစ်ဝိုင်းတည်း စားကြသည်။

စဝ်သည် ကြီးမားသော စိတ်ချမ်းသာမှုကို ခံစားလိုက်ရလေသည်။ သူ့သမီးတွေသည် ပျော်ရွှင်ချမ်းမြေ့လုံခြုံသော ကလေးဘဝကိုရခဲ့ကြသည်။ သူ့တုန်းက တစ်ခါမှ မရခဲ့ဖူးချေ။ သုစန္ဒီသည် သူတို့အတွက် အလွန်အံ့ဩစရာ ကောင်းသော အမေဖြစ်သည်။ စဝ်သည် သူတို့ကို ပြုစုပျိုးထောင်ပေးသော အဖေဖြစ်ဖို့ အမြဲကြိုးစားခဲ့သည်။ သူ့တုန်းက ဒီလိုပြုစုပျိုးထောင်ပေးမည့် အဖေမရှိခဲ့ချေ။ သူနှစ်နှစ်သားအရွယ်က သူ့အမေသည် ကာလဝမ်းရောဂါဖြင့် ဆုံးသွားခဲ့သည့်အတွက် သူ့အမေကို သူကောင်းကောင်းမမှတ်မိတော့ချေ။ သူ့တွင် ကြင်နာယုယတတ်သော မှတ်မိသော မွေးစားအမေရှိခဲ့သော်လည်း သူမသည် သူ ၁၂ နှစ်သားအရွယ်တွင် နမိုးနီးယားရောဂါဖြင့် ဆုံးပါးသွားခဲ့ရပြန်လေသည်။ ပြီးနောက် သူ့တွင် အိမ်ဟုခေါ်နိုင်သော နေရာမရှိတော့ချေ။ သူ့အဖေကတော့ မိန်းမကို ဖဲချပ်ပစ်သလို တစ်ယောက်ပစ်လိုက် နောက်တစ်ယောက် ကောက်ယူလိုက် လုပ်နေလေသည်။ စွန့်ပစ်ခံကြရသော သူ့ကလေးတွေကို ဝမ်းကွဲညီအစ်မများ ကြင်နာတတ်သော အဒေါ်တွေက ပြုစုမွေးကြရသည်။

ယခုသူသည် သူ့ကလေးတွေနှင့်အတူ တစ်လျှောက်လုံးအတူ နေထိုင်ခဲ့သည်ကို တွေ့ရသည်မှာ အံ့ဩစရာတော့မဟုတ်ချေ။ သူသည် မာယာရီ နှစ်နှစ်အရွယ်က လျှပ်စစ်မီးရထားလေးနှင့် အတွဲလိုက် ရထားလမ်းပါ ဝယ်ပေးခဲ့ဖူးတာကို တွေးမိပြီး တခစ်ခစ်ရယ်မိလေသည်။ ဒီကစားစရာရထားလေးသည် သမ်းလျှောက်တတ်စ ကလေးအပေါ် လုံးလုံးလျားလျား သူ၏အချစ်ကို ပြတာမျိုး

www.nyisay.com



မဟုတ်ဖူးဟု သူသည် သူ့ကိုယ်သူ ဘယ်တော့မှ ယုံမှားသံသယမရှိချေ။ ရထားလေး သည် ခုတ်မောင်းသွားသောအခါ သူမသည် ရထားသွားရာ ရထားလမ်းတစ်လျှောက် သူမမျက်လုံးက လိုက်ကြည့်နေပြီး သူမ၏ နက်ညိုညိုမျက်ဝန်းအစုံသည် လင်းလက် တောက်ပနေသည်။ ပျော်ရွှင်သဘောကျပြီး သူမ၏ ရယ်သံလွင်လွင်သည် ခန်းမ တစ်ခုလုံး လျှံနေ၏။

ကလေးတွေ၊ ချစ်ဇနီး၊ လျှပ်စစ်မီးရထားလေး၊ အိပ်ရာ၊ အုပ်ကြွပ် ရေချိုးခန်း၊ ဝရန်တာ .... ပျော်နန်း၏အားလုံးသော သင်္ကေတများသည် သူ့နှလုံးကို ဆွဲဆောင်နေလေသည်။

သူသည် အိမ်လွမ်းရောဂါရနေပြီး၊ မျှော်လင့်ချက်မဲ့နေသည်။

❖

www.nyisay.com



## အခန်း ၁၀

ဟော်နန်းရှေ့က မြေပြန့်လေးမှာ သုစန္ဒီဘေးကချထားသော ကြိမ်ထိုင်ခုံလေးမှာလွတ်နေသည်။ ခါတိုင်းလို စဝ်က တောင်ကြီးနှင့် ရန်ကုန်တွင် အစည်းဝေးတက်အလုပ်များနေလို့ လွတ်နေတာမျိုးတော့မဟုတ်ချေ။ သို့သော် သည်တစ်ကြိမ်တွင်တော့ လွတ်နေသော ကြိမ်ကုလားထိုင်လေးမှာ ခြားနားသော အဓိပ္ပာယ်ရှိနေသည်။ ထိုအရာများသည် ကြောက်ရွံ့စိုးထိတ်စရာများသာလျှင် ဖြစ်နိုင်၊ ကျန်ရစ်နေနိုင်လေသည်။

သုစန္ဒီသည် မျက်လုံးကိုပိတ်ထားလိုက်သည်။ စိတ်တန်ခိုးဖြင့်မြင်နိုင်သော ဈာန်မျိုးကိုရလိုက်ချင်သည်။ စဝ် ဘယ်နေရာမှာပဲရှိနေရှိနေ တန်ခိုးစွမ်းအားဖြင့် ဆက်သွယ်လိုက်ချင်မိတော့သည်။ သူမ သီပေါကိုစရောက်ခါစက ရှမ်းလူမျိုးတို့၏ ဘဝအစိတ်အပိုင်းတွင် လက်ခံကြသော ဝိဉာဉ်လောက ပရလောကစိတ်တန်ခိုး၊ အောက်လမ်းပညာတို့နှင့် ပတ်သက်သောအကြောင်းများကို သူမ ကြားလည်းကြားဖူး၊ မြင်တောင် မြင်ဖူးခဲ့လေသည်။ ထိုကိစ္စများကို အချိန်ယူပြီး စဉ်းစားရပေမည်။ သူဩစတြီးယားတွင် ကြီးပြင်းခဲ့စဉ်က စိတ်တန်ခိုးနှင့်ပတ်သက်သော ပညာများကို သူသင်ကြားခဲ့ဖူးသည်။ ဗေဒင်ပညာလည်း အပါအဝင်ဖြစ်ခဲ့သော်လည်း သူမသည် သံသယများဖြင့် အယုံအကြည်မရှိခဲ့ချေ။

မနက်စောစောတွင် ဗေဒင်ဆရာ ဆရာဘဟန်သည် သုစန္ဒီထံရောက်ရှိလာပြီး စဝ်၏ဇာတာကို စစ်ကြည့်ရန်တောင်းလေသည်။ သူမသည် သည်းမခံနိုင်

www.nyisay.com



လောက်အောင် စောင့်နေခဲ့ရပြီး နောက်တွင် သူမထံ သတင်းသယ်လာသူက စိတ်မချမ်းမြေ့စရာ သတင်းမျိုးကိုပြောပြလေသည်။ ဗေဒင်ဆရာကြီးက လူလွှတ်ပြောခိုင်းရသည့်အတွက် တောင်းပန်စကားလည်း ပါးလိုက်သည်။ သူသည် အစောင့်ဂိတ်ကိုဖြတ်လာရမှာကို ကြောက်ရွံ့သဖြင့် ဟော်နန်းကို မလာရဲဟု ဆိုသည်။ သုစန္ဒီသည် ဘယ်လောက်များ သစ္စာရှိလိုက်ကြသလဲဆိုတာကို ၂၄ နာရီအတွင်း ဝမ်းနည်းစွာပြုံးလိုက်မိသည်။ သူမ စိတ်မဆိုးမိပါ။ စိတ်မကောင်း ဖြစ်ရုံမျှသာဖြစ်လေသည်။ သူမသည် သစ္စာတရားနှင့် နိုင်ငံရေးကို ခွဲခြားစဉ်းစားဖို့ နားလည်သင့်လေသည်။

သူသည် အရှေ့ဟော်နန်းတွင်လည်း သုတ်သုတ်သုတ်သုတ်ဖြင့် ခဏလေးသာတွေ့ရတတ်သည်။ ဟော်နန်းသို့ အလည်လာကြသော နိုင်ငံခြားသား သံတမန်ဧည့်သည်အချို့က ကော့တေးပါတီပွဲတွင် စကားစမြည်ပြောကြရင်း အိမ်အပြန်ယူသွားမည့် အမှတ်တရအဖြစ် ဗေဒင်ဇာတာကို တွက်ချင်မေးချင်ကြတာ တောင်မှ သူ့ကိုမတွေ့တတ်ချေ။ အရင်ကတည်းကပင် ဆရာဘဟန်သည် အင်္ဂလိပ်စကား လုံးဝ မပြောတတ်၊ ဧည့်သည်သံတမန်တွေကလည်း ရှမ်းစကား၊ မြန်မာစကား လုံးဝမတတ်။ ထိုအခါ အလေးအနက်ထားလုပ်ရသော အလုပ်တစ်ခုအနေဖြင့် သူမသည် မကြာခဏပင် စကားပြန်လုပ်ပေးဖို့ အပြောခံရလေသည်။ သိပ်ကိုသတိရစရာကောင်းသော အကြောင်းတစ်ခုကို သူမတွေးလိုက်မိပြီး ပြုံးရလေသည်။

စဝ်နှင့် သုစန္ဒီတို့၏ ဖိတ်ကြားမှုကြောင့် ဥရောပတောင်ပိုင်းနိုင်ငံ တစ်ခုက သံတမန်တစ်ဦးသည် သူ၏ ချောမောငယ်ရွယ်သောဇနီး၊ အမွှေးပွခွေးလေး တစ်ကောင်နှင့်အတူ အရှေ့ဟော်နန်းသို့ နေ့လယ်စာစားဖို့ ရောက်လာကြသည်။

သံတမန်က ရန်ကုန်တွင် ဆရာဘဟန် အသေးစိတ်ပြုလုပ်ထားသော ဇာတာထန်းရွက်ကို မြင်ခဲ့ဖူးလေသည်။ ထို့ကြောင့် သူ့အတွက် တစ်ခုလုပ်ပေးဖို့ မှာလေသည်။ သူက သူ့ဇာတာကိုဖတ်ပေးဖို့လည်း ပြောပြန်လေသည်။ ဆရာဘဟန်က သံတမန်၏ဇာတာကြည့်ရန်အတွက် သုစန္ဒီအား ခေါ်သွားလိုက်သည်။ စဝ်က သူ့ကို ခွင့်လွှတ်ဖို့ပြောပြီး သွားလေသည်။ သူတို့ ထိုင်ပြီးလို့မှ မကြာသေးခင်တွင် ဆရာဘဟန်က ပြောသည်။

''ဒီနေရာမှာ ထိုင်နေတဲ့ မိန်းကလေးက ဒီလူရဲ့မိန်းမ မဟုတ်ဘူး''

www.nyisay.com



''သူ ဘာပြောတာလဲ''

ဟု သံတမန်က စိတ်မရှည်စွာဖြင့် ပြန်မေးသည်။

သုစန္ဒီ သူမ ကြားလိုက်ရသောစကားကို အမှန်အတိုင်းမပြောနိုင်။

''သူပြောတာက လူကြီးမင်းရဲ့ခရီးက အလွန်တန်ဖိုးရှိပါတယ်''

သူမ အမြန်စဉ်းစားပြီး ပြောလိုက်ရသည်။ ပြီးနောက် သူမသည် ဗေဒင်ဆရာဘက်လှည့်လိုက်ပြီး ...

''ရှင်မှားတယ်။ သူတို့ရန်ကုန်မှာနေတာ သုံးနှစ်တောင်ရှိပြီ။ သူတို့ နှစ်ယောက် လင်မယားဆိုတာ လူတိုင်းသိတယ်''

''မဟုတ်ဘူး၊ သူ့မယားက တခြားနိုင်ငံမှာနေတယ်။ ကျွန်တော် သေချာပေါက်ဟောရဲတယ်''

သံတမန်က မျှော်လင့်ချက်ကြီးစွာဖြင့် သုစန္ဒီကိုကြည့်နေသည်။ သူမကတော့ လုံလောက်ပြီထင်သည်။ ဆရာဘဟန်က အခြားအပြစ်ပြောလို့မရသော ကိစ္စများကို ပြောင်းဟောနေလေသည်။

သုစန္ဒီကတော့ ဆရာဘဟန် ဟောခဲ့သော သံတမန်၏မယားသည် ယခုပါလာသော မိန်းကလေးမဟုတ်ဘူးဆိုသော စကားကို မည်သူတစ်ဦး တစ်ယောက်ကိုမှ ထုတ်ဖော်မပြောခဲ့ချေ။ တစ်နှစ်ခန့်အကြာတွင် ရန်ကုန်ရှိ သံတမန်ရပ်ကွက်တွင် အရှုပ်တော်ပုံကြောင့် ထိတ်လန့်တုန်လှုပ်သွားကြသည်။

သံတမန်၏မယားကြီးသည် သူ့ကိုယ်သူ သံတမန်၏မယားကြီးဖြစ်ကြောင်း တရားဝင်မိတ်ဆက်ပြလိုက်လေသည်။ သူ၏ဇနီးသည် ဥရောပတွင် သူ့ကလေးတွေနှင့် အတူ ကက်သလစ်ဘာသာကျောင်းတက်နေခြင်းဖြစ်လေသည်။

အခုအခါ သုစန္ဒီသည် ဝါစိမ်းနုနု ထန်းလက်ထူထူဖြင့် ပြုလုပ်ပြီး အသေးစိတ်ရေးခြစ်ထားသော ဇာတာရွက်လေးကို ပြန်ကြည့်နေမိတော့သည်။ သူမသည် စဝ်၏မွေးနေ့ကို အဓိပ္ပာယ်ဖော်နိုင်သော်လည်း သူ့အနာဂတ်ကိုတော့ ဟောကိန်းမထုတ်ခဲ့ပေ။ သူ၏မွေးနေ့မွေးရက် ဂြိုဟ်စီးဂြိုဟ်လာများကို ကောင်းစွာ သင်ကြားတတ်မြောက်ထားသော ဗေဒင်ဆရာများက တွက်ချက်ကြည့်နိုင် သော်လည်း သူမကတော့ မတွက်တတ်ပါချေ။ သူမသည် ဇာတာကိုကြည့်ရင်း လက်မြှောက်အရှုံးပေးလိုက်ရလေသည်။

သူမသည် တကယ်ပဲ အနာဂတ်ကို ကြိုတင်သိမြင်နိုင်သော စိတ်တန်ခိုးမျိုး

www.nyisay.com



ရချင်မိသော်လည်း မည်သို့ ရအောင်လုပ်ရမည်ကို မသိချေ။ သည့်မတိုင်ခင်က သူမသည် ဒီကိစ္စတွေကို မစဉ်းစားခဲ့မိသော်လည်း တစ်ကြိမ်မှာတော့မူ သူမသည် ထူးခြားသည့်အဖြစ်များနှင့် ကြုံတွေ့ခဲ့ရတော့သည်။ ထိုအံ့သြထူးခြားသော အဖြစ်အပျက်များကို စဝ်က ထုတ်ဖော်ပြောပြခဲ့ခြင်း ဖြစ်လေသည်။

ထိုအဖြစ်အပျက်များသည် နှစ်ပေါင်းများစွာက ဖြစ်ခဲ့သော်လည်း သူမ၏ စိတ်ထဲတွင် မနေ့ကဖြစ်လိုက်သလို ကွက်ကွက်ကွင်းကွင်း ထင်ထင်ရှားရှားပင် အသေးစိတ် မှတ်မိနေတော့သည်။

✦ ✦ ✦

တစ်နေ့ နေ့လယ်ခင်းတွင် စဝ်သည် သူ၏ရုံးခန်းမှပြန်လာတာကို သုစန္ဒီသည် အပြင်ဘက်ပေါ်တီကိုအောက်မှာ ရပ်စောင့်နေမိလေသည်။ အစောင့် ရောက်မလာမီတွင် သူမက သွက်သွက်လေးပြေးပြီး ကားတံခါးကိုဖွင့်ပေးလိုက်သည်။

''မောင်အိမ်ပြန်လာတာ သိပ်ဝမ်းသာတာပဲ။ ဘာတွေဖြစ်ခဲ့လဲဆိုတာ မောင်ယုံမှာမဟုတ်ဘူး''

သူမသည် စိတ်လှုပ်ရှားစွာဖြင့် ပြောလိုက်သည်။

စဝ်သည် ရှင်းရခက်သော ပြဿနာတစ်ခုခုဖြစ်နေပြီဆိုတာ သူမ ထွက်ကြိုနေတာနှင့်ပင် သိလိုက်သည်။ ထူးထူးခြားခြား တစ်ခုခုဖြစ်ခဲ့ပုံရသည်။ ခါတိုင်းလို အေးချမ်းတည်ငြိမ်သော သူမ၏ ပင်ကိုယ်ဟန်ပန်မှာ ပျောက်ဆုံးနေသည်။

သည်အစား သူမသည် သူ့လက်မောင်းကို လက်နှစ်ဖက်ဖြင့် တင်းတင်း ဆုပ်ကိုင်ရင်းက အေးမြသောဧည့်ခန်းအတွင်းသို့ ခေါ်ဆောင်သွားလေသည်။ သူမ၏ လက်ဝါးတွေမှာ ချွေးစေးများထနေပြီး မျက်နှာမှာ ဖြူဖတ်ဖြူရော်ဖြစ်နေသည်။ စဝ်သည် သူမ ကြောက်နေပြီဖြစ်ကြောင်း သတိထားလိုက်မိလေသည်။ သူသည် သူမကို ဖေးဖေးမမဖြင့် ဧည့်ခန်းကိုဖြတ်ပြီးနောက် သူမ အကြိုက်ဆုံးနေရာဖြစ်သော ဟော်နန်းအရှေ့ မြေကွက်၏ထောင့်လေးဆီ ခေါ်သွားလိုက်သည်။

''ပြောပါဦး ဘာဖြစ်လို့လဲ''

သူမကို ကြိမ်ထိုင်ခုံပေါ် သက်သောင့်သက်သာ ထိုင်ခိုင်းလိုက်ပြီးနောက် ပြောလိုက်သည်။

''မောင်သိချင်တယ်''

www.nyisay.com



''မောင် ကျွန်မကိုယုံမှာ မဟုတ်ဘူး။ ဒါ တကယ့်အဖြစ် မဟုတ်နိုင်ဘူး''

သူမသည် သူ့ကိုငေးနေရာမှ ဖြတ်ပြီး ကွင်းပြင်ဆီကြည့်နေသည်။ ရှမ်းပြည်တွင် ဖြစ်လေ့ဖြစ်ထရှိသော ပုံမှန်မဟုတ်သည့်ကိစ္စတို့နှင့် သုစန္ဒီ တွေ့လာရပုံရသည်ကို သူရိပ်မိလိုက်သည်။ သို့သော် သည်လိုအဖြစ်မျိုးက အနောက်ကမ္ဘာမှာ ဖြစ်လေ့ဖြစ်ထနည်းလေသည်။ သူသည် လူဝင်စားတို့၊ ပရလောက၊ ဝိညာဉ်လောကတို့ကို အမြဲယုံကြည်ခဲ့သော်လည်း သူ အမေရိကန်တွင် မိုင်းအင်ဂျင်နီယာကျောင်း လေးနှစ်တက်ပြီးနောက်ပိုင်း သည်အကြောင်းတွေကို စိတ်အေးသက်သာစွာဖြင့် သုစန္ဒီနှင့် မပြောမိခဲ့ကြပေ။

''မောင် နားထောင်နေတယ်လေ အချစ်''

သူက သူမ၏ပခုံးကိုလှုပ်ပြီး မေးလိုက်သည်။ သုစန္ဒီသည် အသံ မာတင်းတင်းဖြင့် စပြောလေသည်။

''ဒီအဖြစ်တွေအားလုံးက လွန်ခဲ့တဲ့တစ်နာရီလောက်ကဖြစ်ခဲ့တာ။ တံမြက်စီးလှည်းတဲ့ အိုက်စံလေ သူ ကျွန်မဆီကိုပြေးလာပြီး သူ့အိမ်ကို အမြန်လိုက်ကြည့်ပေးဖို့ တောင်းပန်တယ်။ သူပြောတာက သူ့မိန်းမ တအားဖျားနေတယ်။ မိန်းမက ကျွန်မကို စကားပြောချင်တယ်လို့ပြောတယ်''

''နောက်တော့ရော''

သုစန္ဒီက တွန့်ဆုတ်ဆုတ်လုပ်နေသောကြောင့် စဝ်က ထပ်မေးလိုက်သည်။

''ကျွန်မလည်း ပင်နယ်ဆလင်ပုလင်းနဲ့ ဆေးအိတ်မပြီး သူ့အိမ်လေးဆီ အမြန်လိုက်ချသွားတာပေါ့။ ဒါပေမဲ့ ဒါ ရိုးရိုးဖျားနေတာမဟုတ်ဘူး။ တစ်ခုခုပဲ''

သူမသည် စကားကို တစ်ဖန်ရပ်လိုက်ပြီး ခေါင်းက လှုပ်ရမ်းနေသည်။

''သူမ ဘာလုပ်လဲသိလား၊ မောင်ယုံမှာ မဟုတ်ဘူး''

စဝ်သည် သုစန္ဒီ၏လက်ကို ကိုင်ထားပြီး သူမ စိတ်တည်ငြိမ်သွားပြီး ဆက်ပြောနိုင်သည်အထိ စောင့်နေလိုက်သည်။

''အေခမ်းလေ ရှမ်းမလေးလေ။ သူတစ်ခါမှ ကျောင်းလည်း မနေဖူးဘူး။ အင်္ဂလိပ်စကား ဘယ်လိုပြောရမယ်ဆိုတာလဲ သူမသိဘူး။ ဒါပေမဲ့ သူမက ဖျာပေါ်မှာ ထထိုင်လိုက်တယ်။ ပြီးတော့လေ ကျွန်မကိုကြည့်ပြီး ထီးသုံးနန်းသုံး အင်္ဂလိပ်စကားနဲ့ ကျွန်မကိုပြောတယ်။ မဒမ် ကျွန်မအတွက် မစိုးရိမ်ပါနဲ့။ ကျွန်မ ကောင်းသွားမှာပါ။ ဒါပေမဲ့ ကျွန်မဆီ မဒမ် အမြန်ရောက်လာတဲ့အတွက် ကျွန်မ

www.nyisay.com



တကယ်ပဲကျေးဇူးတင်ပါတယ်။ သူ့ဘေးမှာ ဝိုင်းကြည့်နေကြတဲ့ သူ့ယောက်ျား၊ ကလေးတွေနဲ့ အိမ်နီးနားချင်းတွေအားလုံးက သူအင်္ဂလိပ်လိုပြောတာကို ပျော်ရမဲ့အစား အားလုံး ထိတ်လန့်ကြောက်ရွံ့ကုန်ကြတယ်။ ကျွန်မတစ်ယောက်တည်းပဲလေ ကြောက်သွေးမွှန်ပြီး ထပြေးချင်လာတယ်ထင်တာပဲ။ ဒါပေမဲ့ ကျွန်မ ထမပြေးနိုင်ခဲ့ဘူး"

"ဒါဆို အချစ်က ဘာဆက်လုပ်လဲ"

စဝ်က သူမကို စကားထောက်ပေးလိုက်သည်။

"အင်း။ နောက် ကျွန်မလေ ကျွန်မတို့ အင်္ဂလိပ်လိုပြောနေ့လိုပဲ သူ့ကို ကျွန်မ အင်္ဂလိပ်လိုပဲပြောလိုက်တယ် အေခမ်း အိပ်ရာပေါ်လဲ့နေပါ။ ကျွန်မ ဘယ်လိုကူညီပေးရမလဲလို့ ပြောလိုက်တော့ သူမကလေ မဒမ်က ကျွန်မလိုအပ်တဲ့အချိန်မှာ ကျွန်မနားအမြန်ရောက်လာပေးခဲ့ပြီးပါပြီ။ ဒါကျွန်မကို ရိုးရိုးလေးကူညီလိုက်တာပါပဲတဲ့ ပြန်ပြောတယ်လေ"

"ကျွန်မ သူ့နဖူးကိုင်ကြည့်လိုက်တော့ ခြစ်ခြစ်တောက်ပူနေတယ်လေ။ သူ တအားကို အဖျားတက်နေတာပေါ့။ ကျွန်မတစ်ခါတည်း ချက်ချင်းပဲ ဆရာဝန်ကို ပြေးခေါ်ဖို့ ခိုင်းလိုက်တယ်။ ဒီတော့ သူမကလေ မဟုတ်ဘူး၊ ကျေးဇူးတင်ပါတယ် မဒမ် မလိုပါဘူး။ ကျွန်မ လုံးဝနေကောင်းသွားမှာပါ။ သူမကလေ အသေအချာ အတိအကျကြီးကိုပြောတာ။ သူ့ဘေးမှာထိုင်နေတဲ့ ကျွန်မ ဘာလုပ်သင့်သလဲ မသိဘူးဖြစ်နေတယ်။ ကျွန်မလည်း အပြင်ခဏထွက်လိုက်ပြီး တော့ သူ့ယောက်ျားအိုက်စံကို မေးတယ်၊ သူဘယ်တုန်းက စဖျားတာလဲ သူ့ရောဂါရာဇဝင်ကို မေးတယ်။ ဒီအချိန်မှာပဲ သူမစကားတွေ ပြောပြန်တယ်။ ဒါပေမဲ့ ကျွန်မကို ဒီအခါမှာတော့ အင်္ဂလိပ်လိုမပြောတော့ဘူး။ ရှမ်းလိုလား၊ မြန်မာလိုလား မသိဘူး။ ဘေးက အိမ်နီးနားချင်းတစ်ယောက်က နားလည်တယ်။ ချက်ချင်းပြန်ပြောပြတယ်။ တရုတ်လိုပြောနေတာတဲ့"

"နောက်တော့ရော"

"နောက် ဘာတွေဖြစ်လဲ"

"ဘာမှ မဖြစ်ဘူး။ တကယ် အေခမ်း အိပ်ပျော်သွားတယ်။ကျွန်မလည်း ထပြန်လာခဲ့တယ်။ မိနစ်နည်းနည်းပဲကြာဦးမယ်။ သူ့ယောက်ျား အိုက်စံလေ သူ့မိန်းမပြန်နိုးလာပြီး အဖျားလည်းကျသွားပြီလို့ ကျွန်မကို ပြေးလာပြောပြတယ်။ သူမကနိုးလာတော့ ဘာကိုမှ မမှတ်မိဘူးတဲ့။ ဘာလို့ လူတွေအများကြီး အိမ်ထဲ

www.nyisay.com



ရောက်နေကြတာလဲလို့ မေးသတဲ့''

''ဒါဆို သူပြန်နေကောင်းနေပြီပဲ။ သူ့အတွက် အချစ် နောက်ထပ် ဘာကိုမှ စိုးရိမ်မနေပါနဲ့''

စဝ်က သူမကို အားပေးနှစ်သိမ့်သည့်အပြုံးဖြင့် ပြောလိုက်လေသည်။

''ဒါပေမဲ့ မောင် နားမလည်ဘူးလား''

''ဒီအဖြစ်အပျက်တွေအားလုံးက ပုံမှန်မဟုတ်ဘူး။ ဒီမိန်းမကို ပူးနေပြီ''

''နောက်တော့ရော ဒါဆိုရင် ...''

''ကျွန်မ သိပ်ကြောက်သွားတာပေါ့။ ကျွန်မ စိတ်တွေရှုပ်နောက်သွားတာပဲ။ တကယ်လို့ မောင်ဖြစ်ဖြစ်၊ ကျွန်မဖြစ်ဖြစ် ဒီလိုဝင်အပူးခံရရင် ဘယ်လိုလုပ်မလဲ။ ဒီလိုအဖြစ်တွေ ဖြစ်နေတာကို ကျွန်မ မယုံနိုင်ဘူးဖြစ်နေတယ်''

သုစန္ဒီ စိတ်လှုပ်ရှားစွာဖြင့် တုန်တုန်ယင်ယင် ဖြစ်နေသည်။ ဘယ်ဘက်လက်ညှိုးက လက်စွပ်ကိုချွတ်လိုက် ပြန်ဝတ်လိုက်ဖြင့် ဂနာမငြိမ်ဖြစ်နေတော့လေသည်။

''ကျေးဇူးပြုပြီး မောင့်ကိုယုံစမ်းပါ။ အချစ် ဘာမှစိုးရိမ်နေစရာ မလိုပါဘူး။ ဘာမှ မဖြစ်နိုင်ပါဘူး''

''မောင် ဘယ်လိုလုပ်သိလဲ''

မယုံကြည်သံဖြင့် သုစန္ဒီက စဝ်ကို ပြန်မေးလိုက်သည်။

''မောင့်အတွေ့အကြုံအရပေါ့။ မောင် တစ်ခါမှ ပြောမပြဖူးဘူး။ မောင့်မှာလည်း အချစ်လိုပဲ တွေ့ခဲ့ဖူးတယ်။ ပြီးတော့ မောင်တို့ ဒီကိစ္စတွေအတွက် ဘာမှ စိုးရိမ်နေစရာမလိုဘူးဆိုတာ သိခဲ့ရတယ်။ မောင်တို့လူသားတွေ နားလည်နိုင်တယ်ဆိုတဲ့ဘဝထက် လောကတွေ အများကြီးရှိနေသေးတယ်လေ''

စဝ်က ဆက်ပြောပြနေစဉ် သုစန္ဒီက တစ်ခါမှမလုပ်ဖူးဘဲ ဖြတ်ပြောလိုက်သည်။

''မောင့်မှာ အတွေ့အကြုံရှိတယ်ဆိုတာ ဘာလဲ။ ကျွန်မ ကြားချင်တယ် ပြောပြပါဦး''

''ကောင်းပြီ။ ဒါပေမဲ့ အချစ်သိထားဖို့က ဒီအကြောင်းတွေကို မောင် ဘယ်သူ့ကိုမှ ပြောမပြသေးဘူး။ ခွန်ဦးက လွဲရင်ပေါ့။ ဒီအဖြစ်ဖြစ်တော့ ခွန်ဦး သည်းရှိနေတယ်လေ။ ဒီအဖြစ်တွေက မောင့်အတွက် သိပ်မလွယ်လှဘူး။

www.nyisay.com



သိတယ် မဟုတ်လား''

စ၀်က လေးလေးနက်နက် ကြည့်လိုက်ရင်း တည်တည်ငြိမ်ငြိမ်အသံဖြင့် ပြောလိုက်ရာ သုစန္ဒီအဖို့ စိတ်အေးသက်သာရာ ရစေလေသည်။ သူမသည် ထိုင်ခုံအောက်တွင် ကူရှင်ကို ထိုးထည့်လိုက်ပြီး သက်သောင့်သက်သာဖြစ်အောင် ပြင်ထိုင်လိုက်သည်။ ပြီးမှ စ၀်၏ပခုံးပေါ် သူမ ခေါင်းမှီထားလိုက်သည်။ ဖြည်းဖြည်း အသေးစိတ် သူပြောပြလေသည်။

''မောင် အမေရိကန်ကိုမထွက်ခင် လေးလပိုင်းလောက်အလိုမှာ မောင်နဲ့ ခွန်ဦးတို့နှစ်ယောက် တရုတ်ပြည်နယ်စပ်ကို သွားလည်ကြတယ်။ အဲဒီအချိန်တုန်းက နယ်စပ်မှာတည်းခိုဖို့ ဟိုတယ်တို့၊ ဘာတို့ တစ်ခုမှမရှိဘူး။ မောင်တို့က ရှမ်းပြည်နဲ့ မြန်မာပြည် ဆက်သွယ်ပေးထားတဲ့လမ်းပေါ်မှာ နယ်စပ်မြို့အတွက် အစိုးရပြည်ထဲရေးဝန်ကြီးက ဘန်ကလိုတစ်ခု ဆောက်ပေးထားတယ်။ ပီဒဗလူဒီလို့ ခေါ်တယ်။ မောင်တို့အားလုံး သယ်သွားရတယ်။ အိပ်ရာ၊ ခိုင်းဖို့အလုပ်သမား၊ သက်တော်စောင့်နဲ့ ထမင်းချက်ရောပေါ့။ ထမင်းချက်က မာမွတ်တဲ့။ သူက မောင့်ဆီမှာလုပ်နေတာ တစ်နှစ်ပတ်လုံး ဝင်လိုက်ထွက်လိုက်ပဲ။ လမ်းပေါ်မှာတင် ၅ ရက်ကြာပြီးတော့ နောက်ဆုံးညက မူဆယ်မှာလေ။ အချစ် သိတယ်မဟုတ်လား လားရှိုးကနေ ဆက်သွားရတာလေ။ မောင်တို့ညတိုင်း နယ်စပ်က ပီဒဗလူဒီဘန်ကလိုမှာပဲ အိပ်ကြတယ်။ မာမွတ်က မောင်တို့ကို ဘန်ကလိုက သစ်သားနဲ့ဆောက်ထားတဲ့ မီးဖိုချောင်လေးမှာပဲ ညစာချက်ပေးတယ်။ အဲဒီညက မောင်တို့ကို ဘာဂျီနဲ့ ပူရီ အကောင်းဆုံးလုပ်ကျွေးတယ်။ ဒါလောက်ကောင်းတာ အရင်ကတစ်ခါမှ မစားဖူးခဲ့ဘူး။ အခုတောင် သတိရနေသေးတယ်။ စားသောက်ပြီးကြတော့ မောင်နဲ့ခွန်ဦး အချိန်နည်းနည်းကြာအောင် စာဖတ်နေကြသေးတယ်။ လျှပ်စစ်မီးမရှိဘူး။ ရေနံဆီမီးခွက်က မှိတ်တုတ်မှိတ်တုတ် အလင်းရောင်နဲ့ပဲ စာဖတ်နေတာ။ ခုတင်တစ်ဖက်ခြမ်းက ခွန်ဦးဘက်မှာ မီးရောင်မရှိတော့ဘူး။ ဒါနဲ့မောင်လည်း အိပ်တော့မယ်ဆိုပြီး မီးခွက်ကိုမှုတ်လိုက်တယ်။ အဲဒီအချိန်မှာပဲ တံခါးခေါက်သံစကြားရတာပဲ။ ခိုင်းတဲ့ကောင်လေး စံအေးပဲ။ မာမွတ် အရင်ကဖြစ်ဖူးတဲ့ ငှက်ဖျားပြန်ထပြီး အဖျားတအားတက်နေတယ်လို့ သူလာပြောတယ်။ မောင်လည်း မာမွတ်ကို ဆေးရုံပို့ရမယ်လို့ တစ်ခါတည်း ဆုံးဖြတ်လိုက်တယ်။ စံအေးကိုပြောလိုက်တယ်

www.nyisay.com



မောင်လိုက်ပို့ပေးမယ်လို့၊ နောက် မိနစ်နည်းနည်းကြာတော့ မောင်တို့လေးယောက်သား၊ ခွန်ဦး၊ မောင်၊ မာမွတ်နဲ့ ဒရိုင်ဘာရောပေါ့၊ ဂျစ်ကားနဲ့ ဆေးရုံသွားပို့တယ်။ ပြီးတော့ ဆရာဝန်နဲ့ သူနာပြုဆရာမကို အသေအချာအပ်ခဲ့တယ် ဂရုစိုက်ပေးဖို့လေ။ ဒါပေမဲ့လည်း မာမွတ်ကြည့်ရတာ အဖျားကတော်တော်ကြီးပြီး အခြေအနေဆိုးနေတယ် တစ်ရက်၊ နှစ်ရက်နဲ့ ပြန်ကောင်းလာဖို့မမြင်ဘူး။ သူအရင်ကဖြစ်ဖူးတဲ့ ငှက်ဖျားအခံရှိတော့ ပိုဆိုးတယ်လေ''

စဝ်ရပ်လိုက်ပြီး ရေနွေးတစ်ငုံသောက်လိုက်သည်။ ပြီးမှ ဆက်သည်။

''မောင်တို့လည်း ဘန်ကလိုပြန်ပြီး အိပ်ကြတာပေါ့။ နာရီအတော်ကြာအောင် အိပ်ပျော်သွားပြီးတော့ တံခါးကို ဆက်တိုက်ခေါက်နေသံကြောင့် မောင်တို့ နိုးသွားကြတယ်။ ဘယ်သူလဲပေါ့ မောင်မေးတယ်။ ဒါပေမဲ့ စကားသံပြန်မကြားရဘူး။ ဆက်ခေါက်နေတာပဲ၊ ဒါနဲ့ မောင်လည်း မီးခွက်ထွန်းညှပ်ဖိနပ်ကောက်စီးပြီး တံခါးနားကပ်သွားကြည့်တာပေါ့။ အခန်းအပြင်ဘက်မှာ မောင်တို့ လွန်ခဲ့တဲ့နာရီအနည်းငယ်က သွားပြီးဆေးရုံတင်ခဲ့တဲ့ မာမွတ်ကြီးက အသေအချာကို ရပ်နေတာတွေ့လိုက်ရတယ်။ မောင်မေးတာပေါ့။ ဘာဖြစ်တာလဲ မင်းကို ဆေးရုံတင်ထားခဲ့တာ ဘာလို့မင်းက ညသန်းခေါင်ကြီးမှာ ဒီမှာလာရပ်နေရတာလဲပေါ့။ သူကပြန်ပြောတယ် သူနေကောင်းသွားပြီဖြစ်လို့ စိတ်မပူဖို့ လာပြောပြတာပါတဲ့၊ အဲဒီအချိန်မှာ ခွန်ဦးလည်း နိုးသွားလို့ သူလည်း တံခါးဆီထလာတာပေါ့။ မောင်တို့နှစ်ယောက်လုံးက သူ့ကို မင်းခဏစောင့်ဦးဆိုပြီး အဝတ်သွားလဲကြတာပေါ့။ မောင်တို့က မင်းဆေးရုံကိုပြန်သွားပါလို့ ခပ်ပြင်းပြင်းလေးဆူလိုက်တော့ သူက ဟုတ်ကဲ့ ကောင်းပါပြီတဲ့။ ဒါ သူအမြဲ အဲလိုပဲ ပြန်ပြောနေကျပဲ။

မောင်က ခွန်ဦးကို အကြံပေးတယ် ဆေးရုံနဲ့က ဆယ်ဘလောက် စာလောက်ပဲဝေးတာ ကားဒရိုက်ဘာ မလိုပါဘူးလို့၊ မောင်တို့ အင်္ကျီအမြန်ဝတ်ပြီး အပေါက်ကထွက်တော့ မာမွတ်သွားပြီ။ သူ ဘန်ကလိုနားမှာ၊ အလုပ်သမားတန်းလျားမှာ ဘယ်မှာမှ မရှိဘူး။ သူ့ကို မောင့်လူတွေ ဘယ်သူမှလဲ မတွေ့လိုက်ကြဘူး။ မောင် လက်ကနာရီကို ကြည့်လိုက်မိတယ်။ မနက် ၂ နာရီ ခွဲနေပြီ''

စဝ် နားလိုက်သည်။ သုစန္ဒီ စိတ်ပါလက်ပါ နားစိုက်ထောင်နေတာကို သူ သတိထားမိလိုက်သည်။

''မောင်တို့က သေချာပေါက်တွက်ထားတာပေါ့။ မာမွတ်ဆေးရုံကို

www.nyisay.com



လမ်းလျှောက်သွားပြီပေါ့။ ခွန်ဦးနဲ့မောင်တို့က မာမွတ်ကိုလိုက်ဖမ်းပြီး ဆေးရုံက သူ့ခုတင်ပေါ်ပြန်ထားဖို့ ထွက်ခဲ့ကြတယ်။ ဒါကြောင့် မောင်တို့ ဂျစ်ကား မောင်းပြီး ဆေးရုံကိုသွားတဲ့ အနီးဆုံးလမ်းကနေမောင်းသွားကြတယ်။ မာမွတ် အရိပ်အယောင်တောင်မတွေ့ရဘူး။ နောက်တစ်လမ်းကပြန်ရှာလည်း အချည်းနှီးပဲ၊ မတွေ့ဘူး။ အချိန်တိုလေးအတွင်းမှာပဲ မောင်တို့ပြန်လာကြတယ်။ မောင်တို့ ဆေးရုံဝင်းထဲလည်းဝင်လိုက်ရော သူနာပြုဆရာမက ပြေးထွက်လာပြီး သူစိတ်မကောင်းတဲ့အကြောင်း ပြေးလာပြောတယ်။ မောင်ကလည်း ပြန်ပြော တာပေါ့ ဖျားနေတဲ့ မာမွတ်လိုလူနာတစ်ယောက်ကို ညသန်းခေါင်ကြီးမှာ အပြင်ပေးထွက်ခိုင်းပြီးမှ စိတ်မကောင်းပါဘူး လာပြောနေရသလားပေါ့။ ဆရာမက မောင်ကို တအံ့တဩမယုံနိုင်တဲ့ အကြည့်နဲ့ ပြန်ကြည့်တယ်''

''ဘာကိုဆိုလိုတာလဲ။ ကျွန်မက မာမွတ်ကို အပြင်ပေးထွက်ခိုင်းတယ်''

''ခင်ဗျား ပေးမထွက်ခိုင်းရင် သူက ကျွန်တော်တို့ကို အခုလို အိပ်ရာကနေ ဆွဲထုတ်လာပါ့မလား''

''စော်ဘွားကြီး မှားနေပြီ။ စော်ဘွားကြီးတို့ မာမွတ်ကို ထားခဲ့ပြီးကတည်းက မာမွတ် ဘယ်မှထွက်မသွားပါဘူး။ ဒီမှာပဲ သူ ၂ နာရီခွဲမှာ ဆုံးသွားပါတယ်။ ကျွန်မရှိနေပါတယ်။ ကျွန်မနောက် လိုက်ခဲ့ကြပါ။ ကိုယ်တိုင်ပဲ ကြည့်လိုက်ကြပါတော့''

''မောင်တို့ကြည့်လိုက်တော့ မာမွတ်ဟာ သူ့ခုတင်ပေါ်မှာ အေးချမ်းတဲ့ပုံနဲ့ အိပ်ပျော်နေတာပါပဲ။ ဒါကြောင့် မောင်တို့ကထင်ထားတာ သူ ဒီညတော့ မသေနိုင်သေးဘူးလို့လေ။ ဒါပေမဲ့ အိပ်ပျော်နေကြတဲ့ မောင်တို့ နှစ်ယောက်ကို လာနှိုးတာက မာမွတ်ရဲ့နာနာဘာဝဝိညာဉ်ပဲ၊ သေချာပေါက်ကို အဲဒီအချိန်ပဲ သူသေတာ နှစ်နာရီခွဲလေ။ မောင်တို့က သူ့ကို မြင်ရုံမြင်တာ မဟုတ်ဘူး။ စကားတောင် ပြောလိုက်ကြသေးတာ။ မောင်တို့ သူ့ကိုမြင်တော့ ထူးဆန်းပါတယ်လို့ အောက်မေ့ နေတာ။ မောင် တွေ့တာတော့ ဘာမှပြောင်းလဲတာ မတွေ့ရပါဘူး။ အဲဒီအချိန်မှာ မောင်က သူ့ဝိညာဉ်ကို ကြောက်ဖို့တောင်မေ့နေတယ်။ မောင်တွေ့ရတဲ့သူက ကြင်နာပြီး နူးနူးညံ့ညံ့ ယဉ်ယဉ်ကျေးကျေးနဲ့လေ။ ဒါကြောင့် မောင်တို့က ထိတ်လန့်တာ ကြောက်တာတွေ မရှိခဲ့ဘူး။ မောင်တို့ဘေးမှာ ဝိညာဉ်တွေဝိုင်းနေ ကြတယ် ပတ်ပတ်လည်မှာလည်း ရှိနေကြမှာပဲ။ ဒါပေမဲ့ မောင်တို့က သူတို့ရှိနေ ကြတာကို မသိကြဘူးလေ။ ပြီးမှ သူတို့က သူတို့ရဲ့လောကကို ရိပ်ခနဲပြလိုက်

www.nyisay.com



တာပေါ့။ မောင်တော့ ဝမ်းသာကျေးဇူးတင်မိပါတယ်''

စဝ်နှင့် သုစန္ဒီတို့သည် ကြိမ်ကုလားထိုင်ပေါ်တွင် အကြာကြီးထိုင်နေမိကြလေသည်။ တစ်ယောက်လက်ကိုတစ်ယောက် ဆုပ်ကိုင်ထားကြပြီး စကားမပြောဖြစ်ကြချေ။ သူမ မျက်လုံးကိုပိတ်လိုက်သောအခါ နေ့ခင်းကအဖြစ်တွေ သူမ စိတ်ထဲပြန်ပေါ်လာပြန်သည်။ သူမ၏အတွေ့အကြုံပဲဖြစ်ဖြစ်၊ သူပြောပြသော အရာရာကိုပဲဖြစ်ဖြစ် သူမသည် ကလေးဘဝ ဥရောပတွင်ကတည်းက ငြင်းဆိုလက်မခံခဲ့သူဖြစ်လေသည်။ သူတို့ဥရောပတွင် တချွေ စုန်းမ၊ သရဲစသည်တို့သည် ရာစုနှစ်က စာပေအချစ်ဝတ္ထုနှင့် ပုံပြင်များထဲတွင်သာရှိလေသည်။ ပြင်ပတကယ့်ဘဝတွင် မရှိချေ။ ကျောင်းတွင် သူမသည် စွန့်စားပြီး ယဉ်ကျေးစွာလက်ခံရသော အတွေးအခေါ်နှင့် မေးခွန်းများနောက် လိုက်ရသောဘက်တွင် စိတ်အားပျက်ခဲ့ရဖူးလေသည်။ ယခုတော့မူ ထိုအတားအဆီး အပိတ်အပင်များသည် သူမအတွက် ပြိုပျက်သွားခဲ့ပြီဟု ခံစားရလေသည်။

သူမ၏အတွေးများသည် ဝန်လေးနှောင့်နှေးမနေတော့ဘဲ သူမကိုယ်ပိုင်လုံးလုံးဖြစ်လာခဲ့လေပြီ။ ကြောက်ရွံ့စိတ်သည် ကြာရှည်မနေပါ။ သုစန္ဒီနှင့် သူမ ပတ်ဝန်းကျင်တစ်ခုလုံး အေးငြိမ်းလာလေသည်။ သူမက စဝ်၏လက်ကို ညင်ညင်သာသာလေး ညှစ်လိုက်သည်။ သူ့ကိုယ်ပိုင်အတွေ့အကြုံသည် သူမကို ဘယ်လောက်တောင် အကူအညီရမလဲဆိုတာ သူနားလည်ပေလိမ့်မည်ဟု သူမ မျှော်လင့်မိလေသည်။

✦ ✦ ✦

သုစန္ဒီသည် စဝ်၏ထန်းလက်ဇာတာရွက်လေးကို လုံခြုံရာတွင် ပြန်ထည့်ထားလိုက်ပြီးနောက် ပန်းဥယျာဉ်အတွင်းမှဖြတ်လျက် ဟော်နန်း၏ အရှေ့ဘက်ဆုံး ဝင်းအနီးတွင်ရှိသော နှစ်ဆောင်တွဲ သစ်သားဘုရားကျောင်းလေးဆီ လျှောက်သွားလိုက်လေသည်။ မြေညီထပ်ရှိ အခန်းကျယ်ကြီးထဲတွင် ပလ္လင်ကြီး၊ သီးဖြူများနှင့် အခြားအခမ်းအနားသုံးပစ္စည်းများကို သိမ်းထားလေသည်။ ထိုအခန်းတွင် ပြတင်းပေါက်များနှင့် တံခါးများ နှစ်ပေါင်းများစွာကြာအောင် ပိတ်ထားခဲ့ရသဖြင့် ကင်းမြီးကောက်များ၊ သေတတ်သည့် ကင်းခြေများများအတွက် အကြိုက်ဆုံး ခိုလှုံရာနေရာ ဖြစ်လေသည်။ သုစန္ဒီသည် လေ့ကားမှတစ်ဆင့်

www.nyisay.com



ဒုတိယအထပ်သို့ တက်ခဲ့သည်။ သစ်သားဝရန်တာသည် အပေါ်ထပ်တစ်ခုလုံးကို ပတ်ပြီး ပြုလုပ်ထားသဖြင့် သုစန္ဒီ သဘောကျလေသည်။

ထိုနေရာမှနေ၍ အရှေ့ဘက်လွင်ပြင်တွင်ရှိသော စပါးခင်းများကို အပေါ်မှ စီးကြည့်လို့ရလေသည်။ သူတို့သည် ခြောက်သွေ့ပြီး အလကားဖြစ်နေသည်။ အခုချိန်သည် စပါးထွန်ယက်စိုက်ပျိုးဖို့လည်း စောလွန်းနေပြီး ဆောင်းသီးနှံဖြစ်သော ကြက်သွန်နီနှင့် ကြက်သွန်ဖြူ စိုက်ဖို့ကလည်း အလွန်နောက်ကျနေလေသည်။ ရေစိမ်နေသော ကျွဲဝဖီးဖီးကြီး တစ်ကောင် နှစ်ကောင်၏ကျောပေါ်တွင် မျိုင်းတွေ နားနေကြသည်။ သူတို့သည် ရေသွယ်ပေးထားသော မြောင်းဘက်ကို ငေးကြည့်နေကြလေသည်။

စင်္ဂက သီပေါစော်ဘွားပိုင်သော ပြည်နယ်အတွင်းရှိ လယ်မြေများကို ယခုတိုင် လယ်ငှားလုပ်သူ လယ်သမားများအား ခွဲပေးမည်ဟုပြောပြသောအခါ သုစန္ဒီ၏နှလုံးအိမ်ထဲတွင် ဂုဏ်ယူမိခြင်းများဖြင့် ပြည့်နှက်နေတော့သည်။ ဤလယ်မြေများသည် ကေတစ်သောင်းရှိလေသည်။ ထိုလယ်မြေများသည် သီပေါစော်ဘွား အစဉ်အဆက်က နှစ်ပေါင်းရာချီပြီး ပိုင်ဆိုင်ခဲ့သော လယ်မြေများဖြစ်သည်။ စော်ဘွားဘွဲ့ကို ဆက်ခံရသောအချိန်တွင် သူသည် ဘိုးဘွားအစဉ်အဆက်က ပိုင်ဆိုင်ခဲ့သော လယ်မြေအမွေများအတွက် အလွန်ဒုက္ခရောက်တော့သည်။ စင်္ဂက ဒီလို လယ်မြေတွေပိုင်ဆိုင်ခြင်းသည် မတရားခေါင်းပုံဖြတ်အနိုင်ကျင့်သော အလယ်ခေတ် (အေဒီ၁၁၀၀–၁၅၀၀)က အပြုအမူများဖြစ်ပြီး သူကပြောင်းလဲပစ်မည်ဟု သူမကို မကြာခဏ ပြောပြခဲ့ဖူးလေသည်။ သူတကယ်လည်း လုပ်ခဲ့သည်။ နှစ်ပေါင်းများစွာ ကြာခဲ့ပြီဖြစ်သော တစ်နေ့တွင် သူသည် သူပိုင်ဆိုင်သော သီပေါက လယ်မြေများကို လယ်လုပ်ကိုင်နေသူများအား ပေးလိုက်လေသည်။ သူ့လူထုက သူ့ကို အလွန်ဝမ်းပန်းတသာဖြင့် ကျေးဇူးတင်ကြသည်။

သို့သော် ဗမာစစ်တပ်ကတော့ အနည်းငယ်သာ သဘောကျလေသည်။ သူ့အပေါ် သံသယပွားရသည်မှာ သူသည် ပြည်နယ်ခွဲထွက်ရေး စော်ဘွားအာဏာအတွက် လူထုအပေါ် ဂရုစိုက်ပြခြင်းနှင့် သူပိုင်ပစ္စည်းများကို ဆုံးရှုံးပြခြင်းဖြင့် ဝင်ငွေ မယ်မယ်ရရ မရှိတော့သည်ကိုပြရန် ပြုလုပ်ပြခြင်းဟု ယူဆကြလေသည်။

စင်္ဂက သည်လို ရက်ရက်ရောရော ပေးလှူပစ်လိုက်ခြင်းကြောင့် သူတို့ဟော်နန်း၏ အသုံးစရိတ်သည် သိသိသာသာကြီး ထိုးတက်လာလေသည်။

www.nyisay.com



ပထမဦးဆုံး သူတို့ဟော်နန်းအတွက် ဆန်အိတ်များဝယ်ရာတွင် အလုပ်သမား ၂၆ ယောက်အတွက်ပါ ထည့်ဝယ်ရလေသည်။ မိသားစုများကိုဆန်ပေးခြင်းသည် ရိုးရာအစဉ်အဆက် ထုံးစံအတိုင်း လစာ၏ တစ်စိတ်တစ်ပိုင်းအနေဖြင့် ပေးခြင်းဖြစ်လေသည်။ သုစန္ဒီသည် လယ်ကွင်းတွေမှ နောက်ဘက်ပြန်လှည့်လိုက်ပြီး တံခါးနှစ်ထပ်ကို ဖွင့်၍ ဘုရားကျောင်းထဲ ဝင်လိုက်သည်။ နေရောင်များသည် အခန်းကျယ်ကြီးထဲကို လင်းကျင်းသွားစေသည်။ ရွှေရောင်လက်နေသော ဗုဒ္ဓရုပ်ပွားတော်ပေါ် နေခြည်ဖြာဝင်းနေတော့သည်။ ပန်းဥယျာဉ်ဘက်မှ တိုက်ခတ်လာသော လတ်ဆတ်သည့်လေထဲတွင် မွှေးကြိုင်သင်းပျံ့သော အနံ့များသည် ရောင်ဝါဝင်းသော ဗုဒ္ဓရုပ်ပွားတော်အား ဝန်းပတ်နေလေသည်။ သူမသည် မြက်ဖျာပေါ်တွင် ထိုင်ချလိုက်ပြီး သူမ၏အပေါ်မှာရှိနေသော ကျေးဇူးကြီးလှသော မြတ်ဗုဒ္ဓ၏မျက်နှာတော်ကို ခါတိုင်းထက် ပိုမိုအနီးကပ်ဖူးနေမိလေသည်။ သပ္ပာယ်လှစွာ ထုလုပ်ထားသော မျက်နှာတော်မှ အေးမြခြင်း၊ ငြိမ်းချမ်းခြင်း စွမ်းအားရောင်တော်များသည် စည်းချက်ကျစွာ ဖြာထွက်နေလေသည်။ သူမမှာလည်း သည်လို အရည်အချင်းမျိုးရချင်သည့်ဆန္ဒ ပြင်းပြနေမိသည်။ သူမစိတ်တွေသည် ဆောက်တည်ရာမရ၊ လွင့်ပြန့် အစိတ်စိတ်အမြွှာမြွှာ ဖြစ်နေတော့သည်။ သူမ မျက်စိကို မှိတ်လိုက်ပြီး တရားမှတ်ဖို့ ကြိုးစားကြည့်လိုက်သည်။

ငြိမ်းချမ်းအေးငြိမ်သော စိတ်ခံစားမှုများကို ရပါစေသားဟု သူမ မျှော်လင့်နေမိသည်။ သို့သော် ဘာမှဖြစ်မလာပေ။ စစ် တရားထိုင်သည့်အခါက သုစန္ဒီလည်း လိုက်အတူထိုင်ချင်မိခဲ့သည်။ သူမလည်း တစ်နေ့ကျလျှင် လေးလေးနက်နက်နောက်က လိုက်လုပ်ရပေလိမ့်မည်ဟု သူမစိတ်ထဲ အလိုလို သိနေခဲ့သလို ခံစားရလေသည်။

ဘုရားကျောင်းဆီမှ ပြန်လာပြီးသောအခါ သူမသည် မရေတွက်နိုင်သော အရွက်များဖြင့် တဖားဖား ဝေဆာနေသော ညောင်ပင်၏အေးမြသော အရိပ်အောက်တွင် ရပ်လိုက်သည်။ အရိပ်သည် အရှေ့ဟော်နန်း၏အုပ်ထိန်းသူ ဝိညာဉ်အရိပ်အောက်မှာ ရောက်နေသလိုရှိလေသည်။ သူ့နတ်စင်လေးသည် အိမ်ပုံစံအသေးစားလေးကို ခြေတန်ရှည်စင်လေးတိုင်ဖြင့် ထောက်ပေးထားသည့်ဟန်ဖြစ်သည်။

နတ်စင်လေးသည် ဝိညာဉ်များအတွက် အနားယူရန်နှင့် စားသောက်ရန်

www.nyisay.com



အတွက် နေရာလေးဖြစ်လေသည်။ နတ်စင်လေးပေါ်တွင် သောက်ရေသန့်များ၊ သစ်သီးများနှင့် ထမင်းဖြူများကို ဟော်နန်းရှိဝန်ထမ်းများက တစ်ပတ်လျှင် တစ်ခါ ကပ်ကြရလေသည်။ ထေရဝါဒဗုဒ္ဓဘာသာနှင့် သဟဇာတ မဖြစ်သော စိတ်အားလျော့စရာဖြစ်သည့် ရိုးရာနတ်ဝိညာဉ်ယုံကြည်မှုကို စဝ်က ညီညွတ်မျှတမှုရှိအောင် ကြိုးစားလေသည်။ သို့သော် သူ့အယူအဆသည် နားပိတ်ယုံသလို ဖြစ်နေတော့သည်။ သူ့လူထုကတော့ ဗုဒ္ဓအဆုံးအမကို လိုက်နာခြင်းနှင့် တစ်ချိန်တည်းမှာပင် သူတို့ကို အကာအကွယ်ပေးနေကြသော ဝိညာဉ်တွေကို စောင့်ရှောက်ယုံကြည်ခြင်းသည် မမှားဟု ယူဆကြလေသည်။

သုစန္ဒီက နတ်ကွန်းစင်လေးကို မစပ်စုဘဲ ကြည့်လိုက်မိသည်။ သည်နေ့မှာတော့ သူမ တွေးမိလေသည်။ အခြားအကြောင်းပြချက်တွေကို ရပ်ထားလိုက်သည်။ စဝ် ဘယ်မှာရှိနေသလဲဆိုတာကိုသိရဖို့ နတ်အပေါင်းက ဆက်သွယ်ပေးဖို့ သူမက တိုင်တည်ဆုတောင်းမိလေသည်။ သူမသည် နတ်ကွန်းစင်ရှေ့မှာ ဒူးထောက်ထိုင်ချလိုက်သည်။ သူမငယ်ငယ်က စိန့်ဘုရားရှစ်ခိုးကျောင်းမှာတုန်းက လုပ်ခဲ့ဖူးလေသည်။ နတ်အပေါင်းသည် စဝ်ကို ကာကွယ်ပေးပါ ကြင်နာမှုကို ပေးသနားတော်မူပါဟု သူမဆုတောင်းသည်။ မျက်လုံးအစုံကိုပိတ်လိုက်ပြီး အသက်ကို ရဲရဲရှူသွင်းသည်။ ညောင်ပင်ရိပ်အောက်က မြေကြီးပေါ် သူမ ဒူးထောက်နေလေသည်။ သူမ စောင့်သည်။ သုစန္ဒီ ဘာသံမှ မကြားရ။ ဘာကိုမှ မမြင်။ ပုံမှန်မဟုတ်တာတွေလည်း တစ်ခုမှ မမြင်ရ။

ရုတ်တရက် ဖြတ်တိုက်လာသော လေပြေညင်းအေးလေးတွေကို သစ်ရွက်လေးတွေက ဖမ်းထားလိုက်သောအခါ သူတို့က ဖြားယောင်းသွေးဆောင်သော သူတို့ကိုယ်ပိုင်တေးသံလေးတွေ တီးခတ်ကြလေသည်။ လေညင်းသည် ဘုရားကျောင်းပေါ်က ခေါင်းလောင်းသံလေးတွေနှင့်အတူ နူးညံ့သာယာသော သံစဉ်လေးတွေကို ကြည်မောဖွယ် တီးခတ်နေလေသည်။ 'ဒါ သတင်းပေးတာများလား' သူမ ပြောလိုက်သည်။ သို့သော် သူမ၏နှလုံးသားထဲတွင်တော့ တစ်ခုကလွဲလို့ အဖြေမရှိပါ။ စဝ် နေကောင်းပါသည်။ မကြာမီတစ်နေ့တွင် သူသေချာပေါက်ပြန်လာမည်ဟု သူမ ခိုင်ခိုင်မာမာ ယုံလိုက်ချင်မိလေသည်။

✦ ✦ ✦

www.nyisay.com



သုစန္ဒီ အရှေ့စံအိမ်တော်၏အခန်းကြားက လမ်းပေါ်ဆင်းလိုက်သောအခါ ပျော်ရွှင်စွာ ရယ်မောတတ်သော သမီးအငယ်မ ကိန္နရီသည် ကျောင်းသွားရမည့် သူ့အစ်မ မာယာရီက သူနှင့်အတူ အဖော်မလုပ်၍ ဆန္ဒပြနေလေသည်။ သူမသည် ရှိဝါဖ်ပီတာကတ်ကစားဖို့ နာနီကို ရိုက်နေသည်။ သည်ကစားစရာကတ်ပြားလေးတွေကို သူတို့အဖွားက ဩစတြေးလျမှနေ ပို့ပေးခဲ့တာဖြစ်သည်။

သုစန္ဒီသည် ဒီလို စိတ်လွတ်ကိုယ်လွတ် ဝင်ကစားဖို့ အဆင်သင့်မဖြစ်သေးချေ။ ကလေးကစားခန်းမှ ကပ်ရက်က သူ့အိပ်ခန်းဆီတွင် တစ်ယောက်တည်းနေဖို့ ခြေဖျားထောက်သွားရလေသည်။

ကိန္နရီ၏ သုံးနှစ်ပြည့်မွေးနေ့အတွက် စဉ်းစားနေသည်။ တစ်ပတ်မျှသာ လိုတော့လေသည်။ စဝ်က အပိုလက်ဆွဲအိတ်တစ်လုံး ရန်ကုန်သို့ ယူသွားခဲ့ပြီး အပြန်တွင် သူ့သမီးအတွက် လက်ဆောင်များဝယ်လာမည်ဖြစ်ရာ ထိုလက်ဆွဲအိတ်သည် သီပေါဟော်နန်းသို့ ရောက်မလာသေးချေ။ သူသည် အိမ်ပြန်ဖို့ နည်းလမ်းကို မဖြစ်ဖြစ်တဲ့နည်းနဲ့ ရှာကြံပြီး အိမ်ကိုအရောက်ပြန်လာမည်ဆိုတာကို သူမ သံသယမဖြစ်မိပေ။ သူသည် သူ့မိသားစုမွေးနေ့များကို ဘယ်တုန်းကမှ တက်ရောက်ဖို့ မပျက်ကွက်ခဲ့ဖူးချေ။

လွန်ခဲ့သောသုံးနှစ်က လန်ဆမ် သုံးလပိုင်းလပြည့်ညကို သူမ အတွေးရောက်ရှိသွားလေသည်။ ဘော်ကြိုဘုရားပွဲကလည်း စနေသည်။ ပွဲကလည်း အကြီးအကျယ် စည်ကားနေသည်။ သို့သော် သုစန္ဒီသည် ပွဲကို မသွားချေ။ အဘယ့်ကြောင့်ဆိုသော် သူမ၏ ဒုတိယကလေးက မွေးမည့်ရက်ဖြစ်နေသည်။ သည်တစ်ခါတော့ သူမသည် အိမ်မှာပဲမွေးဖို့စီစဉ်ခဲ့သည်။ အကူအဖြစ် မိခင်ကလေးက သားဖွားဆရာမ နန်းနွမ်းကို ခေါ်ထားသည်။ ညကိုးနာရီလောက်တွင် စဝ်နှင့် သုစန္ဒီတို့သည် ဟော်နန်းရှေ့က မြေပြင်တွင်ထိုင်ရင်း လပေါ်ကအဘိုးအိုကို ငေးကြည့်နေကြလေသည်။

''လမ်းနည်းနည်းလျှောက်ရအောင်''

သုစန္ဒီက စဝ်ကိုပြောသည်။

''ကျွန်မ ခါးကိုက်လာပြီ''

လရိပ်သည် မြက်ခင်းပြင်ပေါ်ထိုးကျလာသောအခါ ခါးကိုက်တယ်ဆိုတာ ဘာကို ပြတာလဲဆိုတာကို သုစန္ဒီ သိလိုက်သည်။

www.nyisay.com



''ကလေးမွေးတော့မယ် သားဖွားဆရာမကို အမြန်သွားခေါ်ချေ''

လွန်ခဲ့သောသုံးနှစ်က မာယာရီ မွေးတုန်းကလိုပင် စဝ် ထိတ်လန့်ကြောက်ရွံ့လာမိပြန်လေသည်။ သူတွေးမိသည်။ သည်တစ်ကြိမ်မှာတော့ သူနှင့်အတူ ပျော်ရွှင်ရန် တာဝန်ယူရန် သူ့ယောက္ခမကြီးက အရှေ့ဟော်နန်းမှာ မရှိချေ။ သူသည် ချက်ချင်းပင် ဒရိုင်ဘာအား သားဖွားဆရာမကိုခေါ်ဖို့ လွှတ်လိုက်သည်။ ပြီးမှ သူက သုစန္ဒီနှင့်အတူ စောင့်နေလိုက်သည်။ သားဖွားဆရာမ နန်းနွမ်းသည် ဘော်ကြိုဘုရားပွဲသို့သွားလည်နေတာကို သူတို့မသိကြချေ။ ပွဲသွားကြသော လူတစ်သောင်းလောက်ထဲမှ ဆရာမကို ဘယ်လိုလုပ်တွေ့နိုင်မည်လဲ။ နှစ်နာရီခန့်အကြာ နောက်ဆုံးတွင် ဆရာမ အရှေ့ဟော်နန်းကို ရောက်လာသောအခါ ဒုတိယမင်းသမီးလေးသည် မွေးပြီးရေမိုးချိုး အနှီးဖြင့်ပတ်ပြီး ပျော်ရွှင်နေသော သူ့အမေ၏လက်မောင်းတွင် ပွေ့ထားပြီးဖြစ်နေလေသည်။ စဝ်က သုစန္ဒီဘေးတွင် ထောက်ပံ့ပြီး အားပေးနေခဲ့သည်။ သူတို့သမီးလေးကို နာနီနိုင်းနိုင်းနှင့် မှိုင်းတို့က ကူညီမွေးပေးခဲ့ကြသည်။

''သိပ်လှတဲ့ သမီးလေးနောက်တစ်ယောက်''

စဝ်က ဂုဏ်ယူစွာဖြင့် ကြေညာလိုက်သည်။

''ကျန်းကျန်းမာမာ ဆံပင်နက်နက်လေး အသားလေးကဝင်းပြီးတော့ သောကြာသမီးဆိုတော့ မောင်နဲ့တူတာပေါ့''

''ကျွန်မတို့ နာမည်ကောင်းကောင်းလေး ရွေးကြမယ်''

သုစန္ဒီ ပြောလိုက်သည်။

''တီ၊ အိတ်ဟ် စာလုံးအစနဲ့ ရွေးရမယ်''

စဝ်က ပြန်ပြောသည်။ ဗေဒင်ဆရာနှင့် ဆွေမျိုးများအကူအညီဖြင့် ဝိုင်းရွေးကြရာ နောက်ဆုံးတွင် ရွှေလိုဝင်းသော ကိန္နရီဟု မှည့်လိုက်ကြလေသည်။

ထိုလွန်ခဲ့သောသုံးနှစ်သည် တိုင်းတာလို့မရနိုင်လောက်အောင် ပျော်ရွှင်ခဲ့သောနှစ်တွေ ဖြစ်ခဲ့လေသည်။ ကစားခန်းအတွင်းတွင် ပျော်ရွှင်စွာဆော့ကစားရယ်မောနေသော သမီးလေးကိန္နရီ၏ ရယ်မောသံနောက်သို့ အတူပါဝင်ကစားရန် သုစန္ဒီ၏ စိတ်အတွေးက လိုက်သွားလေတော့သည်။

❖

www.nyisay.com



## အခန်း ၁၁

စဝ်နှင့် သုစန္ဒီတို့သည် လွန်ခဲ့သော နှစ်တွေကတည်းကပင် မိသားစု တစ်စုတည်း သိုက်သိုက်ဝန်းဝန်းနေကြမည်။ ကလေးတွေ၏ အခြေခံမူလတန်း ပညာရေးကိုလည်း ဘော်ဒါသို့မပို့ဘဲ အိမ်မှာပဲသင်ကြားစေမည်ဟု အစီအစဉ် ဆွဲထားခဲ့ကြလေသည်။ ထိုစဉ်က သီပေါတွင်ရှိသော မူလတန်းပညာရေးအတွက် ပြည်နယ်အစိုးရက ကျောင်းကောင်းကောင်း ဖွင့်မပေးနိုင်ခဲ့ချေ။ သုစန္ဒီသည် စကားသုံးမျိုးပြော အခြေခံပညာရေးကျောင်းတစ်ခုကို အရှေ့ဟော်နန်း၏ ဝန်းအပြင် ဘက်တွင် ဖွင့်လှစ်လိုက်လေသည်။ သီပေါစော်ဘွားကြီး၏ ဖောင်ဒေးရှင်းအဖြစ် စဝ်က ငွေထောက်ပံ့ပေးလှူ တာဝန်ယူတည်ဆောက်ထားခြင်းဖြစ်ပြီး သုစန္ဒီက ကျောင်းအုပ်ချုပ်ရေး တာဝန်ယူလေသည်။

ရှမ်း၊ မြန်မာ၊ တရုတ်၊ ကုလား ယောက်ျားလေး မိန်းကလေးအများအပြား အစုလိုက်အပြုံလိုက်ပင် ကိုယ်ပိုင်မူလတန်းကျောင်းလေးသို့ မျှော်လင့်ထားတာထက် ပို၍ လာတက်ကြလေသည်။ သူတို့ကလေးတွေအတွက် အရည်အသွေးပြည့်မီသော ရှမ်း၊ မြန်မာ၊ အင်္ဂလိပ်စာကို သူငယ်တန်းအရွယ်မှစ၍ အခြေခံကောင်းကောင်းဖြင့် ကျောင်းကောင်းကောင်းတွင် စတင်သင်ကြားရမည်ကို မိဘတွေက နားလည်ကြလေ သည်။ အင်္ဂလိပ်-မြန်မာ ကပြားကျောင်းအုပ်ဆရာမကြီးကို လေးလေးစားစား ခန့်အပ်သည်။ သူ့ အောက်မှာ လက်ထောက်ရှမ်းဆရာမများကို ရွေးချယ်ခန့်ထား စေလေသည်။

www.nyisay.com





အရှေ့ဟော်နန်းဝင်း အပြင်ဘက်တွင် ဖွင့်လှစ်ထားသော သုံးဘာသာသင်
အခြေခံပညာရေးကျောင်းမှ ဆရာမနှင့် ကျောင်းသူ၊ ကျောင်းသားများ
(ထိုကျောင်းကို သီပေါစော်ဘွားကြီး၏ ဖောင်ဒေးရှင်းအဖြစ် သီပေါစော်ဘွားကြီး
စဝ်ကြာဆိုင်မှ ထောက်ပံ့ငွေလှူဒါန်းပြီး စဝ်သုစန္ဒီက ကျောင်းအုပ်ချုပ်ရေးတာဝန်ယူသည်)

---

မနက်တိုင်းပင် ဟော်နန်းက ဝန်ထမ်းတွေ၏ သားသမီးများရှစ်ယောက်ကို မာယာရီနှင့် မွှိုင်း၏သမီး နန်းစိန်တို့က ဦးဆောင်၍ အရှေ့ဟော်နန်းမှထွက်ပြီး ကျောင်းသို့သွားကြလေသည်။ ဆေးရောင်စုံအဝတ်အစား အရောင်အသွေးတောက်ပစွာဖြင့် သူတို့သည် ကျောင်းသို့ချီတက်ကြသည်။ သူတို့စာအုပ်များကို ရှမ်းလွယ်အိတ်များတွင် ထည့်လွယ်ကြသည်။ နေ့လယ်စာအတွက် ထမင်းဘူးထုပ်သွားကြသည်။ ဘယ်အချိန်ကြည့်ကြည့် သမီးငယ် ကီနွရီကတော့ တစ်လျှောက်လုံး စိန်ပြေးတမ်းကစားနေလေ၏။

၁၉၆၀ ဝန်းကျင်လောက်တွင် လှုပ်ကြွလာသော အခြေအနေများတွင်မှာပင် ကလေးတွေသည် သူတို့ကျောင်းကို နေ့စဉ်ပျော်ရွှင်စွာ ပုံမှန်တက်နေကြရတာကို သုစန္ဒီ တွေ့နေရလေသည်။ ဗမာစစ်တပ်တွေသည် ယခုတိုင် ကျောင်းလေးကို တရားဝင် ဝင်ရောက်နှောင့်ယှက်တာမျိုးကို မလုပ်သေးချေ။

www.nyisay.com



အတန်းတင်စာမေးပွဲကြီး ပြီးသွားပြီးနောက် ရက်အနည်းငယ်တွင် နွေကျောင်းကြီး သုံးလပိတ်တာစလေသည်။ စဝ်ပြန်လာလျှင် သူတို့တစ်တွေသည် အပူဆုံးလ ဖြစ်သော ဧပြီ၊ မေတွေမှာ အဝေးသို့ ဖြစ်နိုင်ရင် ခရီးထွက်ချင်နေကြသည်။ ရှမ်းပြည်၏မြို့တော်ဖြစ်သော အေးချမ်းသည့်တောင်ကြီးသို့ ခရီးထွက်ရတာကို သုစန္ဒီ သဘောကျသည်။ သို့သော် စဝ်က သဘောတူမှာမဟုတ်ဟု သူမ တွေးမိသည်။ စဝ်သည် တောင်ကြီးတွင် အကြာကြီး အချိန်တွေဖြုန်းခဲ့ဖူးသည်။ မဆုံးနိုင်သော ပြည်နယ်အစည်းအဝေးများ၊ ရှမ်းပြည်ကောင်စီ၏ ခုံရုံးထိုင်ရခြင်းများနှင့် အထူးသဖြင့် ရှမ်းပြည်အုပ်ချုပ်ရေးအာဏာကို အရွေးချယ်ခံရသော စော်ဘွားအား ပေးအပ်ထားသည့်ဖြစ်ရာ စဝ်အဖို့ အလွန်အလုပ်များလေသည်။ ဆန့်ကျင်ဘက်အဖြစ် စဝ်သည် နိုင်ငံရေးတာဝန်ယူရသောကိစ္စများမှ ကင်းလွတ်နေချင်မိလေသည်။

ရှမ်းပြည်ကောင်စီနှင့် လွှတ်တော်တွင် သူ့ကို ရှမ်းလူထုက စော်ဘွားအဖြစ် ရွေးကောက်တင်မြှောက်ခြင်းကို ခံထားရလေသည်။

အကျိုးဆက်အဖြစ် သူထမ်းဆောင်ရသောတာဝန်များသည် မလျော့ သွားချေ။ အထူးသဖြင့် ရှမ်းပြည်နှင့် ပြည်မကြီးတို့အကြား တင်းမာမှုများစွာရှိနေ ခဲ့လေသည်။ စဝ်ကတော့ တောင်ကြီးသို့ သွားမလည်ချင်ပေ။ နွေကျောင်းပိတ်ရက် နားရက်တွင် သီပေါ၏မြောက်ဘက် ပင်လယ်ရေမျက်နှာပြင်အထက် ပေခြောက် ထောင်အမြင့်တွင်ရှိသော တောင်ရှမ်းပြည်နယ်၏ မြို့တော်ဖြစ်သည့် နမ့်ဆန်သို့ အလည်ခရီးထွက်ခြင်းက အသင့်တော်ဆုံးဖြစ်နေလေသည်။ သူတို့သည် တောင်ပိုင် စော်ဘွားကြီး၏ ကြီးမားသောဟော်နန်းက အစဉ်အမြဲ ကြိုဆိုဖိတ်ခေါ်ခြင်းခံနေ ရသော ဧည့်သည်တွေလည်း ဖြစ်ပေသည်။

သုစန္ဒီသည် မနှစ်က နမ့်ဆမ်သို့ သွားလည်ဖူးတာကို သွားပြီးပြန်တွေးမိ လေသည်။ ထိုစဉ်က သီပေါတွင် အပူချိန်အမြင့်ဆုံးသို့ရောက်နေပြီး နေရထိုင်ရ သည်မှာ ပူလောင်အိုက်စပ်ပြီး ရေနွေးအိုးတည်ထားသော မီးဖိုထဲတွင်နေရသကဲ့သို့ ခံစားရလေသည်။

✦ ✦ ✦

ကားပေါ်တွင် သူတို့၏ကလေးများ၊ နာနီများနှင့် သက်တော်စောင့်များ ရောက်နေကြပြီးသည့်အချိန် နံနက်ခင်းစောစော ဖြစ်နေတာတောင်မှ လွန်လွန်းသော

www.nyisay.com





နမ္မတူမြစ်ကူးဖောင်ပေါ်တွင် သီပေါစော်ဘွားကြီးအား တွေ့ရစဉ်

www.nyisay.com



နွေခေါင်းလောင်းက စထိုးလေတော့သည်။

"သမီး မသွားချင်ဘူး"

မာယာရီ ပြောသည်။

"သမီး ရေကူးကန်ကို သွားချင်တယ်"

"နမ္မတူမြစ်ထဲမှာ ရေကူးမယ့်အစားလား"

စဝ် မေးလိုက်သည်။ စိတ်အားတက်ကြွနေကြသော အဖြေကို သူ့သမီး နှစ်ယောက်နှင့် သူတို့အမေထံမှ စဝ် ပြန်ကြားရသည်။ သူတို့ ဟော်နန်းက ရေကူးကန်ပြာလေးမှလွဲလို့ စဝ်၏ရှားပါးသော အခွင့်အရေးတစ်ခုပင်ဖြစ်လေ သည်။

နမ္မတူမြစ်ကိုဖြတ်ပြီး နမ့်ဆမ်နှင့် နမ္မတူဘော်တွင်းသို့သွားသော လမ်းဆုံနေရာ တာတေသို့ရောက်သည်။ ကားတစ်စီးကို ဖောင်ပေါ်တင်ပြီး ဟိုဘက်ကမ်းမှ ကြိုးဖြင့်ဆွဲပေးပြီး နမ္မတူမြစ်ကို ဖြတ်ကူးနေလေသည်။ ပျိုမျစ်နုနယ်သော ရှမ်းမလေးများနှင့် လမ်းလျှောက်သူများ၊ ကားများ၊ လှည်းများကို အထူးအခွင့်အရေးအနေဖြင့် ဖောင်ဖယ်ရီကို စက်တပ်ဆွဲပြီး နမ္မတူမြစ်ကို ဖြတ်လေသည်။ သူမသည် သူမ၏မိသားစုနှင့်အတူ တစ်ဖက်တွင် ထိုင်နေသည်။ ကားက ဖောင်နားကပ်လာတာ သူမမြင်လိုက်သောအခါ သူမ၏ ဖောင်ကို အရှိန်လျော့သွားစေရန် လှော်တက်ကြီးဖြင့် ခပ်မြန်မြန်ထိန်းပေး နေသည်။ သူမက စော်ဘွားကြီးကိုသိလေသည်။ ညိုတွန့်နေသော နေလောင် မျက်နှာပြင်တစ်ခုလုံးတွင် အပြုံးများ ဖုံးလွှမ်းသွားသည်။ သူမ၏ ဆယ်စုနှစ်တွေက စားထားသော ကွမ်းတွေကြောင့် မည်းချိတ်နေသော သွားတန်းများပေါ်သည်အထိ ပြုံးပြနေလေသည်။

"သာဓု သာဓု သာဓု"

ဖယ်ရီဖောင်ပေါ်က ရှမ်းအဘွားအိုသည် လက်အုပ်ချီပြီး စိုစွတ်နေသော ဖောင်ပေါ်တွင် ဒူးတုပ်ထိုင်ချလိုက်ပြီး ကန်တော့နေလေသည်။ ထို့နောက် သူမသည် ဖောင်ပေါ်ကပျဉ်ပြားကို ကမ်းပေါ်ကနေ မာစီဒီကားတက်လို့ရအောင် ညှိပေးနေသည်။ စဝ်နှင့် သူ့မိသားစုသည် ဖောင်ပေါ်တွင် ရပ်နေလိုက်ကြသည်။ ဟိုဘက်ကမ်းဆီသို့ အရှိန်ဖြင့်ပြေးဆွဲနေတာကို အထူးအဆန်းဖြစ်ပြီး ငေးနေကြ သည်။ ပေငါးဆယ်ခန့်အကွာ အောက်ဘက်တွင် ကျွဲကြီးတစ်ကောင်သည် ရေထဲ

www.nyisay.com



ထိုးဆင်းလိုက်ပြီး မြစ်ကိုကန့်လန့်ဖြတ် စတင်ကူးနေတော့သည်။ ကမ်းပေါ်က နားမလည်သော ကျွဲကျောင်းသားသည် ပြန်လာခဲ့စမ်းဟု အော်နေသည်။

"အိုး ... မသွားနဲ့"

သုစန္ဒီက ကြောက်လန့်စွာဖြင့် အော်လိုက်သည်။

"သူ အဝေးကို ကူးသွားပြီ"

ရေစီးသန်သန်ထဲမှာပင် ကျွဲကြီးသည် မြစ်လယ်ကို ဖြတ်ကူးနေသည်။ ကျွဲကျောင်းသားလေးသည် လက်မြှောက်လိုက်ပြီး မအော်တော့ချေ။ အဘွားအိုက သုစန္ဒီ စိုးရိမ်နေတာကိုမြင်လို့ ရှင်းပြသည်။

"သူက နေ့တိုင်းဖြတ်နေကျပါ မယ်ဘုရား။ သူက ဟိုဘက်ကမ်းဆီ ကူးသွားပြီး တောထဲမှာသွားစားမှာ။ ဒါပေမဲ့ ညကျရင် သူ့သခင် ကျွန်မမြေးအိမ်ကို အမြဲပြန်လာပါတယ်။ သူ့ဘာလို့ မြစ်ဒီဘက်တောက အစာကိုမကြိုက်လဲ သိချင်လိုက်တာ"

ထိုအချိန်တွင် အခြားကားများသည် ဖယ်ရီကူးရန်အတွက် သူတို့အလှည့်ကို ရပ်စောင့်နေကြလေသည်။ စဝ်သည် ရှေ့တည့်တည့်က ရေချိုးဆိပ်ဆီ ဦးတည်မောင်းသွားလိုက်သည်။ ဒီနေရာမှာ သူငယ်ငယ်က ရေချိုးခဲ့ဖူးတာကို သွားအမှတ်ရမိလေသည်။

သိပ်ကို ပျော်စရာကောင်းတာပဲ။ မြစ်သည် အငူချောက်လေးကို ကွေ့ကောက်ဝိုက်ပြီး စီးသွားနေသည်။ ရေက အေးမြကြည်လင်သန့်စင်နေပြီး ငြိမ်နေလေသည်။ ကြီးမားသော ကျွန်းပင်ကြီးပေါ်က အရွက်ဖားဖားကြီးများသည် ဟိုဘက်ကမ်းတစ်လျှောက်ကို အရိပ်မိုးပေးထားပြီး အပင်ကြီးတွေက ကမ်းပါးကို ခိုင်ခံ့အောင် ထောက်ခံပေးနေသည်။ စဝ်သည် သူ့သမီးအငယ်မ ကိန္နရီ ရေပက်ဆော့မှာ စိုးရိမ်သည့်အတွက် သူမ၏လက်ကို ကိုင်ထားလေသည်။ သုစန္ဒီသည် မာယာရီ့ကို ရေထဲမှာကူးသွားသော ကျွဲကြီးနောက်က ရေစီးထဲ ကျမသွားရအောင် ကာကွယ်ထားသည်။ ကျွဲကြီးသည် မြစ်လယ်က ချောက်အကွေ့လေးကို ဝိုက်ပြီး ရေစီးကိုကျော်ပြီး စွန့်စွန့်စားစား ပတ်ကူးသွားလေသည်။ တောင်ပေါ်ပတ်ကွေ့တက်ရသော တစ်လမ်းသွား နမ့်ဆမ့်လမ်းခရီးသည် ပျော်စရာ မကောင်းချေ။

"မရောက်သေးဘူးလား"

www.nyisay.com



ရာပေါင်းများစွာသော ဆံပင်ကောက်သံကွေးတွေလို အကွေ့အကောက် ပေါင်းများစွာကို ပတ်မောင်းနေရသဖြင့် ကားပေါ်က ကလေးတွေတစ်ယောက်ပြီး တစ်ယောက် မေးနေကြတာကို ဒရိုင်ဘာက ဖြေရှင်းနေရလေသည်။ လေးနာရီ လောက် မတ်မတ်တက်နေခဲ့ရပြီးနောက် သူတို့သည် ထရပ်ကားအချို့နှင့် လက်ဖက်များ သယ်ဆောင်လာသော လားတန်းကြီးနှစ်တန်းကို တွေ့လိုက်ရသည်။ သူတို့သည် ပလောင်တောင်ပေါ်မှ တောင်ကြားတွေတွင်ရှိသော လက်ဖက်ပွဲစားတွေဆီ သယ်နေကြလေသည်။ သူတို့ အမြင့်သို့ရောက်လာသောအခါ များပြားစွာပေါက်နေ ကြသော လက်ဖက်ခင်းများကို တွေ့ရလေသည်။ မြင်ကွင်းက ပြောင်းသွားပြီဖြစ်သည်။ တောင်ကြောတစ်ခုလုံးကို လက်ဖက်ပင်အုပ်တန်းကြီးက ဖုံးအုပ်ထားလေသည်။ တောင်ထိပ်တစ်ခုဆီတွင် စေတီဖြူဖြူလေးတွေက ပြာလွင်သော ကောင်းကင်ဆီသို့ ထိုးထွက်နေကြသည်။

သူတို့သည် ပလောင်ရွာလေးတွေကို အဝေးမှမြင်နေရသည်။ သို့သော် ရွာတစ်ရွာကိုသာ ဖြတ်သွားသည်။ တောင်ပေါ်က လက်ဖက်စိုက်ပြီး ချမ်းသာကြွယ်ဝ သော ဆွေမျိုးလူမျိုးဖြစ်ကြောင်း ရောင်ပြန်ဟပ်ပြနေလေသည်။ တောင်ကြားတွေက အိမ်တွေထက် ပိုမိုခိုင်ခန့်သော အိမ်ကြီးများကိုလည်း တွေ့လာရသည်။ အိမ်ကြီး တွေကို ဝါးဖြင့်မဆောက်ဘဲ သစ်ဖြင့် အိမ်ကြီးရခိုင်ဆောက်ထားကြသည်။ ဗုဒ္ဓဘာသာ ဘုန်းတော်ကြီးကျောင်းတွေက အိမ်တွေထက် ပိုမိုကြီးမားပြီး ရွာထဲတွင် အကောင်းဆုံးအဆောက်အဦများ ဖြစ်နေသည်။ ထို့ကြောင့် ရွာသားတွေသည် ဘာသာရေးကို ကိုင်းရှိုင်းကြောင်း ပြနေလေသည်။

သုစန္ဒီသည် အရင်ကတည်းကပင် ပလောင်အမျိုးသမီးများကို မြင်ဖူး ခဲ့သည်။ သူတို့ဝတ်ဆင်သော အရောင်စုံသော အဝတ်အစားနှင့် လေးလံသော ငွေများ၊ ကျောက်မျက်ရတနာများကို တန်ဆာဆင်ဝတ်ထားသည်ကို သုစန္ဒီ အံ့ရလေသည်။

သူတို့ဦးထုပ်၊ အနက်ရောင်အင်္ကျီ၊ လုံချည်ထူထူကြီးများသည် အေးသောတောင်ပေါ်နှင့် ကိုက်လှသည်။ သုစန္ဒီက သူ့သမီးတွေအတွက် ဆွယ်တာအနွေးထည်များကို ထုတ်လိုက်သည်။

နမ့်ဆမ်မြို့သည် တိမ်တွေကြားမှာရောက်နေသည်။ တောင်ထိပ် တောင်ကလပ်ပေါ်မှာ တည်ထားသည်။ ငြိမ်းချမ်းအေးစိမ့်နေသည်။ တောင်တွေ

www.nyisay.com



တောင်ကြားတွေမှာ တိမ်ခိုးမြူနှင်းတွေ ဆိုင်းနေသည်။ တောင်ပေါ်မှာနေရလို့ မြေပြန့်က နိုင်ငံရေးနှင့်ဝေးနေရသည်။ တောင်ပိုင်စော်ဘွားကြီးနှင့် အင်္ဂလိပ်-မြန်မာ ကပြားသူ မဟာဒေဝီတို့၏ဟော်နန်းသည် ဒုတိယကမ္ဘာစစ်အတွင်းက အလကားနေရင်း ဖျက်ဆီးသွားတာမျိုးမှ ကင်းလွတ်သွားခဲ့သည်။ ဟော်နန်းကို မြို့၏ထိပ်ဆုံးနေရာတွင် သားသားနားနား ဖိမ်ကျကျတည်ဆောက်ထားပြီး ကြီးမားကျယ်ပြန့်ခမ်းနားလှသည်။ များပြားလှသော သူတို့သားသမီးတွေနှင့် တစ်ခါတစ်ရံ လာလည်ကြသော ဧည့်သည်များအတွက် အတော်ကျယ်လေသည်။ အခန်းတိုင်းတွင် မီးလှုံဖို့ မီးဖိုရှိသည်။ ပူအိုက်သော နွေရာသီမှာတောင် သူတို့ မီးလှုံ့တတ်ကြလေသည်။

နမ့်ဆမ်မြို့၏ အကြီးမားဆုံးသော ဆွဲဆောင်မှုမှာ သုံးထောင့်ပုံ အမိုးများရှိသော ဘုန်းကြီးကျောင်းများနှင့် ခေတ်မီလက်ဖက်ခြောက်စက်ရုံများ ဖြစ်လေသည်။ စက်ရုံကို အင်္ဂလိပ်လူမျိုးတစ်ယောက်တည်းက သူ့အောက်က ဝန်ထမ်းအချို့နှင့် လည်ပတ်နေသည်။ လက်ဖက်ကိုခြောက်ဖို့ မီးကင်ရသည်။ ထိုလက်ဖက်ခြောက်များကို ရှမ်းပြည်တစ်ဝိုက်နှင့် မြန်မာပြည်မြေပြန့်သို့ တင်ပို့ရောင်းချသည်။ လက်ဖက်ခြောက်ကို ပို့ကုန်အဖြစ် လုံလောက်အောင် မထုတ်လုပ်နိုင်သော်လည်း လက်ဖက်ကတော့ အကောင်းစားဖြစ်လေသည်။

အင်္ဂလိပ်လူမျိုး မန်နေဂျာ မစ္စတာဘရောင်းသည် သူ့မူလအလုပ်မှာ သစ်တောနှင့် သစ်ထုတ်လုပ်ရေးက ကျွမ်းကျင်သူတစ်ယောက်ဖြစ်သော်လည်း လက်ဖက်ကတော့ သူ့ဝါသနာအရ လုပ်နေခြင်းဖြစ်သည်။ သူ၏ပြင်းပြသော ဆန္ဒအာရုံကတော့ အမဲလိုက်ခြင်းဖြစ်ပြီး သူက ဤနမ့်ဆမ်တောသည် အမဲလိုက်ဖို့ သူ့အတွက် အကောင်းဆုံးသောနေရာဟုဆိုလေသည်။ ပလောင်လူမျိုးတွေသည် ရှမ်းလူမျိုးတွေထက်ပင် အသက်ကို ပိုမိုတန်ဖိုးထားတတ်ကြသောကြောင့် သူနှင့်အပြိုင် အမဲလိုက်မည့်သူမရှိ ဖြစ်နေသည်။ များပြားလှစွာသော တောကောင်များသည် ဤတောင်များကို လှည့်ပတ်သွားလာနေထိုင်ကြလေသည်။ ကျားသစ်များ၊ တောဝက်ကြီးများ၊ ကြံ့များ၊ ဝက်ဝံများဖြစ်ကြလေသည်။ စဝ်နှင့် သုစန္ဒီတို့ကို သူက အိပ်ရာပြတင်းပေါက်မှနေပြီး အပြင်ရှိ ကျားသွားသောလမ်းခြေရာကို ပြလေသည်။ ကျားခြေရာသည် လတ်လတ်ဆတ်ဆတ်ဖြစ်နေပြီး မနေ့ညက ရောက်လာတာဖြစ်ပြီး သူ့ခွေးကို ငမ်းငမ်းတက်ဆွဲမသွားဘဲ နေခဲ့ပုံရလေသည်။ စဝ်နှင့် သုစန္ဒီတို့သည်

www.nyisay.com



ဒီအင်္ဂလိပ်ကြီးကို စိတ်ပျက်မိရလေသည်။ အဘယ့်ကြောင့်ဆိုသော် သူသည် လက်ဖက်စက်ရုံအကြောင်းမပြောဘဲ သူ့အမဲလိုက်သော အတွေ့အကြုံတွေကိုပဲ တခမ်းတနား ဖွဲ့နွဲ့ပြောပြနေလို့ပဲ ဖြစ်လေသည်။

သူတို့ တောင်ပိုင်စော်ဘွားကြီး၏ ကြီးမားခမ်းနားသော ဟော်နန်းအတွင်း ပြန်လာကြသောအခါ စော်ဘွားကြီးက သူတို့ကိုကြီးမားသော ကျားရေခွံကြီးကို ပြလေသည်။ အရေခွံတွင် လုံဖြင့်ထိုးဖောက်ထားသောအရာ၊ တူမီးသေနတ် ကျည်ဆန်ဖောက်ထွင်းထွက်သွားသောအရာတို့ကို သူက ပြနေပြန်တော့သည်။

''ကျေးဇူးတင်ပါတယ်''

သူမက စိတ်ရှုပ်စွာဖြင့် ပြောလိုက်လေသည်။

''စော်ဘွားကတော် သိလား။ ဒါ ကျွန်တော်တို့ သတ်ထားတာ မဟုတ်ဘူး''

''ဒါပေမဲ့ ကျွန်တော့်ရွာသားတွေမှာ ရွေးစရာလမ်းမရှိဘူးလေ။ ဒီနေရာက သိပ်မဝေးဘူး၊ ဒီကျားက ရွာသားသုံးယောက်တောင် ဆွဲပြီး သွားပြီ''

အံ့အားသင့် ကြောက်လန့်စွာဖြင့် သုစန္ဒီ မေးလိုက်သည်။

''ဘယ်လိုဖြစ်တာလဲ''

''ရွာသားတွေ လက်ဖက်ခူးနေတုန်း ဒီကျားက နောက်ကနေဝင်ဆွဲတာပဲ။ ဒီကောင်က ပထမဆုံး ကလေးကိုဆွဲသွားတာ။ နောက်တစ်ခါပြန်လာပြီး အဘိုးကြီးတစ်ယောက်ကို ဝင်ဆွဲပြန်တယ်။ ဒီကောင်ကြီးဆာလာရင် ပြန်လာဦးမှာပဲ ဆိုတာ ကျွန်တော့်ရွာသားတွေက သိတယ်လေ။ ဒါကြောင့် သူတို့က လက်နက်တွေနဲ့ အသင့်စောင့်နေကြတယ်။ ဒါပေမဲ့ မရဘူး၊ ဒီကောင်ကြီးက မိန်းကလေးတစ်ယောက်ကို ထပ်ဆွဲသွားပြန်တယ်''

''အမယ်လေး ကြောက်စရာကြီးပါလား''

သုစန္ဒီ လန့်သွားသည်။

''ပြောပြပါဦး။ မစ္စတာဘရောင်းက ဘာလို့ ဒီကျားကိုသွားမပစ်တာလဲ''

''သူဒီမှာရှိနေရင် သူပစ်မှာပါ။ သူက ခွင့်နဲ့ အိမ်ခဏပြန်သွားတုန်း ဖြစ်တာလေ။ ဒီလူသားစားတဲ့ကျားနဲ့ သူလွဲသွားရတာကို သူ တဖျစ်တောက်တောက် ပါပဲ''

''ဒါမျိုးက သိပ်ဖြစ်ခဲပါတယ်''

www.nyisay.com





နမ့်ဆမ်မှ တောင်ပိုင်စော်ဘွားနှင့် ပလောင်အမျိုးသမီးငယ်များ

စဝ်က ဝင်ပြောလိုက်သည်။

''ကျွန်တော်ငယ်ငယ် ကလေးဘဝတုန်းက ဒီလိုအဖြစ်မျိုး တစ်ခါ ကြားဖူးတယ်''

''ဘာလို့ သူက လူသားစားတဲ့ကျား ဖြစ်လာရတာလဲ''

သုစန္ဒီက သိချင်လာသည်။

''ဒီကိစ္စမှာ မောင်က အာဏာမရှိဖူးလေ''

စဝ်က ရယ်စရာ ပြန်ပြောလေသည်။

''ဒါပေမဲ့ လူတွေပြောကြတာကတော့ အသက်ကြီးလာတဲ့ ကျားအို ကျားနာကြီးတွေက အမဲကောင်းကောင်းမလိုက်နိုင်တော့ဘူးလေ တချို့လည်း ဒဏ်ရာရထားကြတာလည်း ပါတာပေါ့''

www.nyisay.com



တစ်ခါတလေလည်း ခလုတ်တိုက်ပြီး သားကောင်အဖြစ် လူကို လွယ်လွယ်ပဲ ဖမ်းစားလိုက်တော့တာပေါ့။ သူတို့က လူသားကိုတစ်ခါစားပြီးရင် နောက်တစ်ခါ လာကြတော့တာပဲလေ''

သုစန္ဒီသည် ကျားရေခွံကို လိုချင်သလား မသေချာချေ။ သူ့အိမ်က လူတွေကို ကျားရေခွံလက်ဆောင်ပေးလျှင် လက်မခံဘဲ ငြင်းဆန်ဖို့ကိုတော့ သူမ မပြောမိချေ။ ရက်အနည်းကြာအောင် မဟာဒေဝီ၏ ရှည်လျားလှသော ပန်းဥယျာဉ်ကြီးထဲ သူတို့စိတ်အေးသက်သာစွာ စိတ်တွေဖြေလျော့လျက် လမ်းလျှောက်ပြီးကြသောအခါ စဝ်က သုစန္ဒီကို ဂျစ်ကားလျှောက်စီးဖို့ ခေါ်လေသည်။ သူသည် ပလောင်ရွာဖြစ်သော ပင်လောင်းသို့ ရောက်ဖူးချင်နေသည်။ ပင်လောင်းရွာသည် တကယ်တော့မူ သီပေါနယ်အပိုင်ဖြစ်ပြီး တောင်ပိုင်နယ်ဘက်ခြမ်း တွင်ရှိလေသည်။ သူ့နယ်သားတွေက ပြောပြသည်မှာ ထိုဒေသတွေသည် မြည်းများဖြင့်သာ သွားလာနိုင်ကြသည်ဟုဆိုလေသည်။ သို့သော် စဝ်ကတော့ သူကိုယ်တိုင်သွားရောက်ကြည့်ဖို့ ဆုံးဖြတ်လိုက်လေသည်။ လွန်ခဲ့သောနှစ်အနည်းက သူနှင့် သုစန္ဒီတို့သည် သီပေါနယ်ဘက်ခြမ်းကနေ ပင်လောင်းသို့ တစ်ခါရောက်ခဲ့ ဖူးသည်။ သီပေါနှင့် တိုက်ရိုက်ကားလမ်းဖောက်ရန်အတွက် ဖြစ်လေသည်။ သူ့ကို သူ့ပလောင်ရွာသားတွေက ပါဝင်ကူညီပေးကြသည်။ သို့မှသာ လမ်းပန်း ဆက်သွယ်ရေး ချောမွေ့ပြီး ပလောင်ရွာတွေမှ လက်ဖက်များကို မြည်း၊ လား၊ မြင်းများဖြင့် သယ်စရာမလိုတော့ဘဲ မြေပြန့်ဈေးကွက်ဆီသို့ ထရပ်ကားများဖြင့် အလွယ်တကူ သယ်ပို့ပေးနိုင်မည် ဖြစ်လေသည်။

ဆယ်မိုင်ခန့်မောင်းပြီးသောအခါ ကျဉ်းမြောင်းကြမ်းတမ်းသောလမ်းသည် တောင်ပေါ်သို့ မတ်တက်လာလေသည်။ မကြာမီတွင် လေတဖြူးဖြူးတိုက်သော ကြီးမားသည့် တောင်ခါးပန်းပြင်ဘေးက လွင်ပြင်ကျယ်လမ်းဆီ ရောက်လာသည်။ သုစန္ဒီက ရပ်လိုက်စေချင်သလား ဆက်သွားစေချင်လား ကျေနပ်ရဲ့လား ဘာဆက်လုပ်ရမည်ကို စဝ် မသိချေ။

''ရှေ့နည်းနည်း ဆက်သွားတာ ကောင်းမယ်ထင်တယ်''

စဝ်က ကလပ်ပြောင်းပြီး ထပ်တက်ဖို့ ဘီးကိုထိန်းသည်။ သူမှားသွားလေ သည်။ နောက်တစ်ကွေ့တွင် ချောက်ကမ်းပါးကြီးက တားဆီးပိတ်ခံနေသောကြောင့် ကားသည် ရှေ့ဆက်သွားလို့မရဘဲ ရပ်လိုက်ရသည်။ စဝ်သည် ရှေ့ကို အသေအချာ

www.nyisay.com



လေ့လာစစ်ဆေးပြီးနောက် ဝန်ခံလိုက်တော့သည်။

"မောင် အရှုံးပေးလိုက်ပြီ။ ဒီလမ်းက ဆိတ်တွေနဲ့ အရူးတွေပဲ တက်လို့ရမှာ။ ဒါပေမဲ့ ကြည့်စမ်း ဟိုမှာ ပင်လောင်းရွာ"

နောက်ထပ်တောင်ကြီး၏ဘေးတွင် အသိုက်လိုရှိနေသော ရွာကြီးဆီသို့ သူလက်ညှိုးညွှန်လေသည်။ သူစန္ဒီသည် လမ်းကြမ်းကြီးနှင့် ဘာမှန်းမသိဘဲ ခေါင်းမာမာလုပ်တတ်သော သူ့ယောက်ျားကို တုန်လှုပ်စွာဖြင့် ကားပေါ်ကဆင်းလိုက်သည်။ ဒီရွာကို သူမသိသည်။ ရှမ်းလွယ်အိတ်ထဲက အဝေးကြည့် မှန်ပြောင်းကိုထုတ်ပြီး သူမကြည့်လေသည်။ သူမက စဝ်ကို ဘာတစ်ခွန်းမှမပြောပါ။ ဤသည်မှာ သူမ စိတ်ဆိုးသည်အခါ ဖော်ပြတတ်သော အကျင့်ဖြစ်လေသည်။ သည်အစား သူတို့လွန်ခဲ့သော နှစ်အနည်းငယ်က တရားဝင်သွားရောက်လည်ပတ်ခဲ့သော ပင်လောင်းရွာကိုသာ ကြည့်နေလေသည်။

သီပေါနယ်ထဲက ပလောင်ရွာသုံးရွာကို ကွေ့ပတ်ဖောက်လုပ်ပြီး သီပေါနယ်လမ်းမကြီးနှင့် ဆက်သွယ်ထားသော ကိုးမိုင်ရှည်သည့် လမ်းသစ်ဖွင့်ပွဲကို သူတို့စော်ဘွားမောင်နှံအား တက်ရောက်ဖွင့်ပေးဖို့ တောင်းဆိုကြလေသည်။ ငါးနာရီခန့် ကားကို အပြင်းမောင်းပြီးသောအခါ နောက်ဆုံးတွင် လမ်းအဆုံးဖြစ်သော နေရာလမ်းသစ်၏ အစကိုရောက်လေသည်။ ရွာက ပလောင်ကလေးများသည် လမ်းဘေး တစ်ဖက်တစ်ချက်ဆီတွင် ရပ်နေကြသည်။ ကြိုဆိုရေးကော်မတီက လူကြီးများသည် ထရပ်ကားများပေါ်မှ ခုန်ချပြီး သူတို့ ညှော်သည်ကို ဝမ်းပန်းတသာ ကြိုဆိုကြလေသည်။

စဝ်က လမ်းသစ်ဖဲကြိုးဖြတ်ပေးသည်။ ဆုတောင်းမေတ္တာများပို့သသည်။ ပြီးနောက် စကားနည်းနည်းမိန့်ခွန်းလေ၏။ ထိုသို့ ရွာသုံးရွာအတွက် သုံးကြိမ် တိုင်အောင် ပြုလုပ်ရသည်။ ရွာသုံးရွာက ဤစီမံကိန်းတွင် အတူတကွ ပူးပေါင်း ပါဝင်လုပ်ဆောင်ကြလေသည်။ နောက်ဆုံးတော့ သူတို့ပင်လောင်းရွာကြီးသို့ ရောက်လေသည်။

သူတို့အတွက် ကြီးမားသော ပွဲစင်ကြီးထိုးထားပြီး သီချင်းများ၊ အကများ၊ တေးသံများ၊ ပန်းများ၊ လှပသော ပလောင်မလေးများ စိတ်လှုပ်ရှား နေကြသောကလေးများနှင့် တောင်ပေါ်စာများဖြင့် ညှော်ခံကြလေသည်။ ခရိုင်လူကြီးသည် လမ်းဘေးက ယာယီဆောက်ထားသော ဝါးတဲမဏ္ဍပ်တွင်

www.nyisay.com



သူကိုယ်တိုင်ပဲ သူ၏စော်ဘွားကြီးအား အစားအစာများဖြင့် တည်ခင်းလေသည်။

စဝ်နှင့် သုစန္ဒီတို့လူတွေကြားမှာ စားသောက်နေကြစဉ်တွင် ၁၅၀ သော ပလောင်အိမ်ရှင်မများက သူတို့လုပ်သမျှကို ငေးစိုက်ကြည့်နေကြလေသည်။ သုစန္ဒီသည် သရေကျစရာကောင်းလှသော ဟင်းတွေကို သတိရနေမိသေးလေသည်။ ဒီလောက်အရသာရှိသော ဟင်းတွေကို အရင်က မစားခဲ့ဖူးသေးချေ။ ဆလပ်ရွက်နှင့် ရောထားသော ပရွက်ဆိတ်ဥအချဉ်များ၊ တထုတ်ထုတ်ဝါးစားနိုင်သော ဝက်နားရွက်သုပ်၊ မွှေးပြန့်အရသာရှိသော ပန်းဖူးကြော်၊ အဆီနစ်နေသော ဝါးပိုးကြော် စသည်တို့ဖြစ်လေသည်။ နောက်ထပ်အစာများကို မမှတ်မိတော့ပေ။ သူမကတော့ ကျွေးသမျှအရသာရှိသော အစာအားလုံးကို နောင်တမရဘဲ စားလေသည်။

ရွာသားများသည် စဝ်နှင့် သုစန္ဒီတို့ကို စကားပြောခွင့်ရဖို့ စိတ်ရှည်စွာစောင့်ကြရလေသည်။ သူတို့သည် စိတ်ထဲကဂုဏ်ယူမှုကို ထုတ်ဖော်ပြသကြသည်။ လမ်းသစ်အတွက် အလွန်ကျေးဇူးတင်ကြသည်။ သည်လမ်းသစ်မှ နှစ်စဉ်လက်ဖက် ၆၅၀,၀၀၀ ခြောက်သိန်းငါးသောင်း ကီလိုဂရမ် (တန် ၇၀၀ ထက်ပိုသော)ကို ဈေးကွက်သို့ပို့ပေးရလေသည်။ ဘူဟာန်းက နောက်ထပ်ကြေညာသည်မှာ နောက်စီမံကိန်းတစ်ခုလည်း စတင်နေပါပြီ။ ထိုစီမံကိန်းမှာ ရွာများဆီသို့ ရေပိုက်သွယ်တန်းသော စီမံကိန်းဖြစ်ပါတယ်ခင်ဗျား။ ပလောင်ရွာသားများသည် နှစ်ပေါင်းမည်မျှပင်ကြာကြာ မှတ်မိနေကြမည် ဖြစ်လေသည်။ ရေစက်တိုင်းကို တစ်မိုင်ခွဲဝေးသော စမ်းချောင်းဆီမှနေ၍ ရွာတွေဆီသို့ သွယ်တန်းထားခြင်းဖြစ်လေသည်။ ရေပိုက်သွယ်တန်းတာတွေ ပြီးသွားပြီလားဆိုတာ သိချင်လို့ သုစန္ဒီသည် အဝေးကြည့်မှန်ပြောင်းဖြင့် တစ်ကြိမ်ထပ်ကြည့်ပြန်လေသည်။ ပင်လောင်းရွာသို့ သွားခဲ့ရသော ပျော်စရာ အမှတ်တရလေးများကို ပြန်တွေးမိသဖြင့် သုစန္ဒီသည် သူ့လင်တော်မောင်ကို စိတ်ဆိုးပြေပြီး ခွင့်လွှတ်လိုက်တော့သည်။

''ကျွန်မတို့အခု ပြန်လို့ရပြီလား''

သူမ စဝ်ကို ပြောလိုက်သည်။ နမ့်ဆမ်မှ ထွက်လာကတည်းက သူမ ပထမဆုံးပြုံးခြင်းဖြစ်သည်။

''မောင် စိတ်မကောင်းပါဘူး အချစ်ရယ်။ မောင်က အတော်အသုံးမကျတာတွေ လုပ်တာပဲ''

www.nyisay.com



စ၀်က ပြန်ပြောပြီး ခေါင်းကို ခါရမ်းနေတော့သည်။

"ဒီနေရာကနေ ထွက်ကြစို့။ သဘောတူပါတယ်"

စ၀်သည် ကားကို ပြန်ပြီးလှည့်လို့ရသောနေရာထိ ကားကိုနောက်ပြန် မိုင်အတော်မောင်းခဲ့ရလေသည်။

သူတို့သည် နောက်ထပ် သွားစရာမရှိတော့သဖြင့် နမ့်ဆမ်တွင် နောက် သုံးရက်ဆက်နေခဲ့ကြသည်။ စ၀်ကတော့ သိနေပါသည်။ သူတို့အပြန်ခရီးသည် တောင်ပေါ်မှကားကို တောက်လျှောက် သီပေါအထိ မောင်းသွားရုံပဲဖြစ်သည်။

အေးချမ်းလှသော နေ့နှင့်ညပေါင်းများစွာ ကုန်လွန်သွားပြီးနောက် မှာတော့ သူတို့သည် အိမ်ပြန်ဖို့ စောင့်မျှော်နေမိကြတော့သည်။ ကလေးတွေက သူတို့ကစားစရာ အရုပ်လေးတွေနှင့် ရင်းနှီးကျွမ်းဝင်သော မိသားစုဝန်းကျင်ကို မမြင်ရတာကြာနေပြီဖြစ်သည်။ စ၀်ကလည်း သူ့ဆားစီမံကိန်းဆွဲဖို့အတွက် ပြန်ချင်နေပြီ၊ သုစန္ဒီကလည်း လာမယ့်သင်္ကြန်ပွဲအတွက် ကြိုတင်ပြင်ဆင်စရာများကို လုပ်ဖို့ ပြန်ချင်နေမိလေသည်။

သီပေါက အပူချိန်သည် ၁၀၀ ဒီဂရီအထက်ကို တက်နေသည်။ အဲကွန်းတင်းရှင်းအတွက် မီတာခတွေကလည်း တအားတက်လာနေလေသည်။ စ၀်နှင့် သုစန္ဒီတို့သည် ညနေတိုင်ဆိုရင် ဖိနပ်မစီးဘဲ အေးမြသော မြက်ခင်းပြင် ပေါ်တွင် အချိန်ဖြုန်းကြသည်။ သို့သော်ငြားလည်း သူတို့သည် ကားမောင်းပြီး ပြန်လာရလို့ မောပန်းနွမ်းနယ်နေသည်။ မြက်ခင်းပြင်ပေါ်မှာ ညသန်းခေါင်ထိ ထိုင်နေလိုက်ကြသည်။ အေးမြသော လေညင်းနှင့်အတူ နမ့်ဆမ်ကို သွားလည် ခဲ့ကြသော နွေခရီးလေးကို ပြန်ပြောနေမိကြလေသည်။ သုစန္ဒီသည် သူမ၏ ပုံမှန် နေ့စဉ်လုပ်စရာများကို ပြန်လည်စီစဉ်ပြီးမှ မနက်ကျရင် အိပ်ရာမှ နောက်ကျပြီး ထမည်ဟု တွေးထားလိုက်လေသည်။

✦ ✦ ✦

"ဘယ်နှနာရီ ရှိပြီလဲ"

အိပ်ခန်းတံခါးကို ညင်သာစွာ ခေါက်နေသံကြားလိုက်ရသောအခါ သုစန္ဒီသည် စ၀်ကိုမေးလိုက်ရင်း ခြေလက်ဆန့်ထုတ်လိုက်ပြီး အိပ်ရာမှထဖို့ ကြိုးစားလိုက်လေသည်။

www.nyisay.com





သကြိန်ကာလတွင် သီပေါပြည်သူများမှ အရှေ့ဟော်နန်းရှေ့တွင်
သီပေါစော်ဘွားကြီးအား လာရောက်ဖျော်ဖြေကြစဉ်

''၅ နာရီခွဲ။ ဒီအချိန် ဘာလုပ်ဖို့ရှိလဲ မောင် မသိပါဘူး''

စဝ်သည် ဖြေလိုက်ရင်းက စိတ်မပါစွာဖြင့် အိပ်ရာမှထကာ သူ့ညှပ်ဖိနပ်ကို ရှာနေလေသည်။ သူက တံခါးဆီ ထသွားသည်။ သုစန္ဒီက သက်တော်စောင့်ခေါင်းဆောင်လူကြီး ဘူကောင်း၏ တိုးတိုးတိုးတိုးဖြင့် မြွေအကြောင်း စိတ်လှုပ်ရှားစွာပြောနေသံကို ကြားလိုက်ရသည်။ သူတို့ပြန်လာပြီး မနက်အာရုံမှာ ဘူကောင်းက ဘာဖြစ်လို့များ လာနိုးရတာလဲဟု တွေးနေမိစဉ် မြွေကြောင့်ဟုသိလိုက်ရ၍ သူမသည် မျက်လုံးကိုပွတ်ပြီး အိပ်ရာပေါ်တွင် ထထိုင်လိုက်မိတော့သည်။

''ကြက်ခြံထဲမှာ စပါးကြီးမြွေတစ်ကောင် ရောက်နေတယ်''

စဝ်သည်ပြောပြီး သူ့ကာကီဘောင်းဘီနဲ့ စပို့ရှပ်လေးကို ခပ်သွက်သွက်ဆွဲယူပြီး ထွက်သွားလေသည်။

''ကျွန်မလည်း လာခဲ့မယ်''

သူမက သူ့နောက်က အော်ပြောလိုက်သည်။ သို့သော် သူကမစောင့်ချေ။

www.nyisay.com



သူမသည် နောက်ကျမှ အိပ်ရာမှထဖို့စီစဉ်ထားခဲ့သော်လည်း အိပ်ရာမှ ယောင်ပြီး ထလိုက်လေသည်။ သူမသည် ကျုံးနောက်ဘက်တွင်ရှိသော သူတို့၏စမ်းသပ် မွေးမြူထားသော ကြက်ခြံတွေရှိရာ စင်၏နောက်သို့ လိုက်ချသွားလေသည်။

သူမသည် အမြဲပင် တောခရီးထွက်စဉ်က မြွေကို တွေ့ဖူးချင်သော်လည်း မတွေ့ဖူးခဲ့ချေ။ အခုတော့မူ စင်က တရုတ်လက်သမားဆရာ အာဝကို ပုံဆွဲပေးပြီး ကျွန်းသစ်ဖြင့် ဆောက်ခိုင်းခဲ့သော ကြက်ခြံအတွင်းတွင် မြွေတစ်ကောင်ရောက်နေသည်။ ဤကြီးမားသော အဆောက်အဦကို ရိုးရိုးကြက်တွေမွေးဖို့မဟုတ်ဘဲ ကမ္ဘာ တစ်ဝက်ဝေးသော နေရာမှ မှာယူခဲ့ရသော ရိုဒီအိုင်းလင်းရက်စ်ကြက် နှစ်ဒါဇင်ကို ထားဖို့ဖြစ်လေသည်။ သူသည် ဒေသခံကြက်မတွေနှင့် မျိုးစပ်ဖို့ဖြစ်လေသည်။ ဒေသခံကြက်မများသည် ရှက်ရွံ့သေးငယ်ပြီး ဥကလည်း သေးသေးလေးတွေ နည်းနည်းသာ ဥကြလေသည်။ ကြီးမားသောကြက်များ တင်သွင်းလာသောအခါ ဓလေ့အတိုင်း ပြုလုပ်ထားသော ကြက်လှောင်အိမ်တွင် မွေးမြူဖို့ရွေးချယ်ထားသော နယ်ခံကြက်မများနှင့် ရောနှောထားလိုက်လေသည်။ သုစန္ဒီသည် သည်အနုပညာ မြောက်စွာ ဆောက်လုပ်ထားသော ကြက်ခြံအိမ်ကို မကြာခဏ လာလာကြည့်မိ လေသည်။ အလုံပိတ်ထားသော လသာဆောင်ပါသည်။ ကာရံထားသော လဟာပြင်ကျယ်ပါသည့်အတွက် မုတ်သုန်ရာသီကြောင့် တန်ဖိုးရှိသည့်ကြက်တွေ အဆင်ပြေမှာ သေချာလေသည်။ ပြောလို့ဆိုလို့ရသော မြွေသည် ကြက်တွေကြားမှာ ခွေနေပါစေဟု သူမ မျှော်လင့်နေမိလေသည်။

သုစန္ဒီ ကျုံးထောင့်နားလှည့်လိုက်သောအခါ ပြင်းထန်စွာလှုပ်ရှားသံကို ကြားလိုက်ရလေသည်။ ကြက်တွေ အထိတ်တလန့် ကြောက်အားလန့်အား ခုန်ပျံအော်ဟစ်သံ ပြင်းပြင်းထန်ထန်အော်သံနှင့် လူများ၏အော်သံများကို ကြားလိုက်ရသည်။ ထိုအသံတွေကြားတွင် စင်၏ ...

''မပစ်နဲ့။ မ ... ပစ် ... နဲ့ဦး''

များစွာသော မိန်းမများ၊ ကလေးများသည် ကြက်ခြံအိမ်နှင့် ခပ်ဝေးဝေးမှ ရှိသေလေးစားစွာဖြင့် ရပ်ကြည့်နေကြသည်။ ထိုကြက်ခြံအိမ်မှ ဆူညံသော အသံမျိုးစုံ ထွက်ပေါ်နေခြင်းဖြစ်သည်။ သုစန္ဒီသည် သိလိုစိတ်ပြင်းပြစွာဖြင့် တိုးသွားလိုက်သည်။ ဆယ်ကိုက်အကွာ ကြက်ခြံဝင်ပေါက်တွင် ပိတ်ပြီး

www.nyisay.com



ဘူကောင်းရပ်နေသည်။ ပိတ်နေရာမှ ဘူကောင်းအမြန်ဖယ်သွားသောအခါ သူမ ချဉ်းကပ်သွားသည်။

''မယ်ဘုရား ဟော်နန်းကို အမြန်ပြန်ပါ။ ကျေးဇူးပြုပြီး မိန်းမတွေ ကလေးတွေကို ဒီနေရာက အမြန်ခေါ်သွားပေးပါ။ ကျွန်တော်တို့ မြွေကြီးကို ပစ်တော့မယ်''

''နေပါဦး။ မင်းက ဘာလို့ ဒီစပါးကြီးမြွေကြီးကို ပစ်ချင်နေရတာလဲ''

သုစန္ဒီကမေးပြီး ရှေ့ကို တဖြည်းဖြည်း ဖိတိုးသွားနေသည်။

''ဘာလို့လဲဆိုတော့ ဒီမြွေကြီးက ကျွန်တော်တို့ရဲ့ ရှိဒီအိုင်းလင်းရက်စ် ကြက်ကြီးတွေကို စားပစ်လို့ပါ။ ဒီကြက်တွေလို ပြန်မရနိုင်ဘူးလေ''

ဆူညံပွက်လောရိုက်နေသော ကြက်တွေအော်သံကြားမှ ဘူကောင်း အော်ပြီးပြောနေသည်။

သုစန္ဒီသည် ချက်ချင်းပင် နားလည်သွားသည်။ သူမ၏ ထုံအအ စိတ်ကူးအတွေးတွင် ဒီစပါးကြီးမြွေကြီးဖြင့် ခင်မင်ရင်းနှီးစွာ တွေ့ဆုံကြလိမ့်မည်ဟု ထင်လုံးသက်သက်မျှသာ တွေးနေမိခြင်းဖြစ်လေသည်။

''မပစ်ဘဲ၊ တခြားနည်းလမ်းနဲ့ မလုပ်နိုင်ဘူးလား''

သူမသည် အသံကုန်ဟစ်ပြီး အော်ပြောလိုက်သည်။

''ဇင်းနန့် စံအေးတို့ မြွေကြီးကို ဖမ်းဖို့လုပ်နေကြပါတယ်။ ဒါပေမဲ့ မြွေကြီးက သူ့ရဲ့ သန်တဲ့အမြီးကြီးနဲ့ ရိုက်ချနေတယ်''

ထိုမြင်ကွင်းမှ ထွက်မပြေးခင်မှာ ဘူကောင်းက အော်ပြောလိုက်သည်။ သုစန္ဒီသည် ဖျတ်ခနဲတွေ့လိုက်ရသော ကျူးကျော်ဝင်ရောက်လာသည့် ဒီစပါးကြီးမြွေကြီးကိုဖမ်းဖို့ ခိုင်ခိုင်မာမာ ဆုံးဖြတ်ချက်ချလိုက်သည်။ ပြီးနောက် ဝင်ပေါက်ဆီ သွက်သွက်သွားလိုက်သည်။ ပွင့်နေသောတံခါးဝမှ သူမအား ရပ်နေဖို့ အတွင်းမှအော်ပြောနေကြသည်။ တံခါးပတ္တာ အက်ကွဲသံကို သုစန္ဒီ သတိထားလိုက်မိသည်။

ညာမျက်လုံးအပေါ် ဖိထားလိုက်သည်။ ကြက်မွေးများသည် လေထဲတွင် ဝဲပျံတက်နေသည်။ မြွေကြီးသည် ကြီးမားတုတ်ခိုင်သော အမြီးကြီးဖြင့် နောက်ပြန် ရက်စက်ကြမ်းတမ်းပြင်းထန်စွာဖြင့် ရိုက်ချလိုက်သည်ကို သူမ

www.nyisay.com



ပါးစပ်အဟောင်းသားဖြင့် မြင်နေရသည်။

''အိုး ... မလုပ်နဲ့''

သူမ သူ့ဟာသူ ရွတ်လိုက်မိသည်။ စစ် အထဲမှာရှိနေတာ သူမ သိလိုက်ပြီ။ သုစန္ဒီသည် တံခါးလက်ကိုင်ကို ဖိကိုင်လိုက်သောအခါ မွိုင်းက သူမကို ဖမ်းကိုင်မိသွားသည်။ ပြီးနောက် သူမကို ထိုနေရာမှအဝေးသို့ အတင်းဆွဲခေါ်နေသည်။

''ရှင်၊ ဒီနေရာက မလုံခြုံပါဘူး။ ရှင် ပြန်သွားကိုသွားပါ''

သူမက အာဏာသံပါပါ အော်ပြောလိုက်ရာ သုစန္ဒီ ချက်ချင်းလှည့်ပြီး ကြည့်လိုက်သည်။ မွိုင်းမျက်နှာ မဲပြာရဲတောက်လာသည်။ သူမမျက်လုံးများ ပြူးကျယ်ပြီး ကြောက်ရွံ့တုန်လှုပ်သွားသည်။ ပြီးနောက် သူမ အသက်ရှူဖို့ မေ့နေတော့သည်။ သူမသည် ဆက်လက်ပြီး သူမ၏သခင်မကို တောင်းပန်တိုးလျှိုးစွာဖြင့် ပြောနေသည်။

''ကျေးဇူးပြုပြီး ပြန်လာပါ။ စစ်မယ်ဘုရား ...။ လုံခြုံတဲ့အိမ်ထဲ သွားနေပါ။ မြွေကြီး မသေမချင်း ဒီနေရာက ဘယ်သူမှ စိတ်မချရဘူး''

သုစန္ဒီသည် စကားကိုနားထောင်ပြီး သူမ၏ အထိန်းတော်နောက်မှ လိုက်သွားလိုက်သည်။ လူတိုင်းကိုလည်း ခပ်ဝေးဝေး စိတ်ချရသောနေရာမှာနေဖို့ အမိန့်ပေးလိုက်သည်။

''ဒီမြွေအသက်ရှင်နေတော့ရော ဘာဖြစ်လဲ။ ဘာလို့ စိုးရိမ်နေရတာလဲ''

သူမက မွိုင်းကို မေးလိုက်သည်။

''သူ့အဝေးကို လွတ်ထွက်ပြေးသွားရင် နောက် သူဆာလာတဲ့အခါ ပြန်လာပြီး ကြက်တွေကိုစားဦးမှာပဲ။ တကယ်လို့ မြွေက ကြက်တွေကိုမတွေ့ဘူး ဆိုရင် ဘယ်သူ့သိမှာလဲ။ မြွေက ဘာကို စားမလဲဆိုတာ''

မွိုင်းသည် သူမ တွေ့ကြုံဖူးသလို ပြန်ပြောပြနေသည်။

''မင်း အရင်က ဒီလိုစပါးကြီးမြွေကို တွေ့ဖူးလား''

သုစန္ဒီက မွိုင်းကို ပြန်မေးလိုက်သည်။

''ဒီလို မြို့ထဲ လူတွေနဲ့ နီးနီးကပ်ကပ် မတွေ့ဖူးပါဘူး''

မွိုင်း ပြန်ဖြေသည်။

www.nyisay.com



''ဒါပေမဲ့ ဖွတ်အကောင်ကြီးလာပြီး ကြက်ဥတွေ၊ ကြက်တွေလာ ခိုးစားတာတော့ တွေ့ဖူးတယ်''

သူမက ဆက်မပြောခင် ခဏလေး ရပ်လိုက်သည်။

''ကျွန်မငယ်ငယ်က ရွာထဲက မွေးစကလေးကို စပါးကြီးမြွေကြီး လာပြီးချိုသွားတဲ့အကြောင်း အမေက ပြောပြဖူးတယ်''

ထိုသတင်းက သုစန္ဒီကို ချက်ချင်း သတိပေးနိုးထသွားစေသည်။ စဝ်ကို ဒီနေရာက ထွက်သွားစေလိုပြီး လုံခြုံရေးတွေပဲ ဒီခါးပြကြီးကို ဆက်လုပ်ခိုင်းစေချင်တော့သည်။ ထိုအစား သူသည်အထဲမှာ ရောက်နေသည်။ အော်ဟစ်ခုန်ပျံတက်နေကြသော ကြက်တွေ ဒေါသထွက်နေသော စပါးကြီး မြွေကြီးအကြားမှာ သူ့အမိန့်ကိုလိုက်နာဖို့ အစောင့်သုံးယောက်ကို အော်ပြောကာ ကြက်ခြံအိမ်အတွင်းမှာ သူရှိနေသည်။ စဝ်သည် ဒီစိုက်ပျိုးရေးနှင့် ပတ်သက်သော စမ်းသပ်မှုတွေအတွက် ဘယ်လို ရည်မှန်းခဲ့တာတွေ၊ ဒီရိုဒီအိုင်းလင်းရက်စ်ကြက်တွေ မွေးမြူအောင်မြင်ဖို့ ကြိုးစားရတာတွေအပေါ် ဘယ်လိုဆုံးဖြတ်ချက် ခိုင်ခိုင်မာမာ ထားခဲ့ရသလဲဆိုတာတွေကို သုစန္ဒီ သိပါသည်။

ပြီးခဲ့သောလအနည်းငယ်က အတွင်းရေးမှူးကို ရန်ကုန်စေလွှတ်ပြီး သင်္ဘောပေါ်မှချလာသော ကြက်တွေကို သွားရွေးစေသည်။ ပြီးနောက် မကြာ စေရအောင် လေယာဉ်ဖြင့် သီပေါသို့သယ်လာခဲ့ရသည်။ အခုအခါမှာတော့ ကြက်တွေသည် ထိတ်လန့်တုန်လှုပ်ရသော ယဉ်ကျေးမှုအသစ်ကို အတွေ့အကြုံ ရနေတော့သည်။

ပိုပိုများပြားလာသော မိန်းမအုပ်နှင့် ကလေးတွေအကြားတွင် သုစန္ဒီသည် အချိန်မည်မျှကြာအောင် ရပ်နေမိသည်ကိုပင် မသိတော့ချေ။ သေနတ်ပစ်သံကို ကြားလိုက်ရပြီးနောက် ဟေးခနဲ အောင်မြင်မှုအတွက် အော်သံကိုကြားရလေသည်။

စပါးကြီးမြွေဆိုးကြီးကို သတ်သည်ဆိုရင်တောင်မှ သတ်သည်ဆိုသော အတွေးကို သူမ စိတ်မချမ်းသာချေ။ စဝ်နှင့်သူမတို့ နားလည်ထားကြသည်မှာ ဘယ်လို အမဲလိုက်ခြင်းပဲဖြစ်ဖြစ် အသက်ရှင်နေသောဘဝအမျိုးမျိုးကို အလေးထားကြရမည်ဆိုသောအချက်ပင် ဖြစ်လေသည်။ ဒီအစား စဝ်သည် မြွေကြီးကို ပစ်သတ်လိုက်ဖို့ အမိန့်ပေးနေသံကို သူမ ကြားလိုက်မိလေသည်။

www.nyisay.com



ကြက်ခြံအိမ်ထဲမှ ဆူညံသံများ ပြီးဆုံးသွားလေပြီ။ ပြင်းပြင်းထန်ထန် အော်ဟစ် ရိုက်ပုတ်သံများမကြားရတော့ဘဲ ကြက်တွေခုန်ပျံ ကတော်ကတော် အော်သံတွေသာ ကြားနေရတော့သည်။

စဝ်နှင့် ဘူကောင်းသည် ကြက်ခြံအိမ်အတွင်းမှ ထွက်လာကြသည်။ သူတို့နောက်မှ ဖင်းနနှင့် စံအေးက စပါးကြီးမြွေသေကြီးကို ဆွဲထုတ် မ လာကြသည်။ ၁၆ ပေအရှည်ရှိသော ချောမွေ့ပြောင်လက်နေသော ကိုယ်လုံးရှည်သည် လမ်းလျှောက်တုတ်ကောက်က အထုံးအဆက်များနှင့် ဆင်တူနေသည်။ ပူဖောင်းလို ထင်ရှားစွာဖောင်းကားပြီး တောက်ပနေသည်။ သည်လိုမြွေ တစ်ကောင်မှာ သိသာစွာ ဖောင်းကားနေရသည်မှာ ကြက်အကောင်များစွာကို မျိုချထားသောကြောင့်ဖြစ်လေသည်။ တကယ်တော့မူ စပါးကြီးမြွေကြီးသည် လှပနေသည်။ အရေခွံက ရွှေအိုရောင်ဝင်းနေသည်။ အမည်းနှင့်အညိုရောင် တိကျဆင်တူသောအရွယ်တူ စိန်တုံးကွက်များရှိသည်။ အလယ်တွင် အကွက်ကြီး တွေရှိနေပြီး ဘေးနှစ်ဖက်ဘက်တွင်မူ သေးသွားသည်။

ချွန်ပြီး မထင်ရှားသောခေါင်းပိုင်းသည် ခန္ဓာကိုယ်နှင့် အချိုးမညီစွာ သေးလွန်းနေသည်။ သုစန္ဒီက ဘယ်လိုများ ကြက်တွေကိုမျိုချပြီး အစိတ်အပိုင်းလေးတွေ ဖြစ်အောင် လုပ်လိုက်ပါလိမ့်ဟု နားမလည်နိုင် ဖြစ်နေမိလေသည်။

ဒါတောင်မှ စဝ်က သူမကို စပါးကြီးမြွေတွင် ချိတ်ဆက်ထားသော ပတ္တာလို မေးရိုးမရှိသဖြင့် ကြီးမားသောအစာကို ခပ်မြန်မြန်မျိုချလို့ရတာဟု ရှင်းပြနေသေးလေသည်။ သူမမှာတော့ မယုံကြည်စွာဘဲ ကျန်ရစ်လေသည်။ သုစန္ဒီက စပါးကြီးမြွေသေကြီးအတွက် ဝမ်းနည်းနေသည်။ စဝ်က သူ့ရိုဒီအိုင်း လင်းရက်စ် ကြက်အကောင် ၂၀ အတွက် ပူဆွေးနေသည်။ ၄ ကောင်သာ အသက်ရှင်ကျန်ရစ်သည်။ အိမ်က ကြက်မတွေအားလုံးကတော့ ပါးနပ်စွာဖြင့် ကျူးကျော်ဝင်ရောက်လာသူ၏ရန်မှ ရှောင်ပြေးနိုင်ခဲ့ကြလေသည်။

✦ ✦ ✦

ရက်အနည်းငယ်ကြာပြီးသောအခါ စပါးကြီးမြွေကြီးအကြောင်းကို လူတိုင်း၏စိတ်ထဲ မမေ့နိုင်သေးဘဲရှိနေချိန်တွင် မင်းကြီးမြွေဟောက်က တစ်စခန်း

www.nyisay.com



ထပြန်လေသည်။ အရှေ့ဟော်နန်းတွင် ကလေးတွေ၏လုံခြုံရေးအတွက် သုစန္ဒီ စိတ်အစိုးရိမ်အပူပန်ရဆုံး ဖြစ်နေတော့သည်။

မန္တလေးမှခေါ်ထားသော ပန်းရံသမားနှစ်ယောက်ဖြင့် အရှေ့ဟော်နန်းကို ပြင်ဆင်နေစဉ် အစောင့်ခွေးဗလ၏မျက်လုံးတွင် ထိတ်လန့်ကြောက်ရွံ့နေဟန် ပေါ်နေပြီး မကျည်းပင်အိုကြီးခြေရင်းအောက်မှ ၁၆ ပေခန့်အကွာတွင် ဆောင့်ချထိုင်ပြီး ကြည့်နေလေသည်။ ဗလကဟောင်ရင်း ရုတ်တရက် ရှေ့ပြေးသွားလိုက်ရာ သူတို့က ခုန်ရှောင်လိုက်ကြသည်။ ထိုအခါကျမှ အကြောင်းရင်းကို သိရတော့သည်။ ခြောက်ပေအရှည်ရှိ မင်းကြီးမြွေဟောက်သည် စိတ်ဆိုးဒေါသထွက်နေသော ခွေးကို သစ်ပင်အောက်အဝေးမှ လိုက်ဖမ်းနေလေသည်။

အလုပ်သမားမောင်ဝင်းက ခုန်လွှားပြီးရောက်လာသည်။ သူ့တစ်ကိုယ်လုံးတွင် မြွေပြီးဆေး ဆေးမှင်ကြောင်များထိုးထားသည်။ သူသည် သူ့သတ္တိကိုပြပြီး အဆိပ်ရှိသောမြွေဆိုးများကို ဖမ်းရန် ရရှိသောအခွင့်အလမ်းကို ဘယ်တော့မှအလွတ်မခံချေ။ မင်းကြီးမြွေဟောက်သည် အလွန်ကြောက်စရာကောင်းပြီး လူကိုသေစေတဲ့အဆိပ်ရှိသော အကောင်မျိုးဖြစ်သည်။ လူတွေကို ဖမ်းစေဖို့ အလွန်စိန်ခေါ်တတ်သော သတ္တဝါမျိုးဖြစ်သည်။ သူသည် မြွေကြီး ရှိရာသို့ ပြေးသွားလိုက်ပြီး သူ့အမြီးကိုဆွဲဖမ်းလိုက်သည်။ အမြီးမှဆွဲရမ်းပြီး ဦးခေါင်းကို မြေကြီးပေါ် ရိုက်ချလိုက်သည်။ ခဏလေးအတွင်းမှာပဲ သူသေသွားလေသည်။ မောင်ဝင်းက အပင်ကြီးခြေရင်းကို စစ်ဆေးကြည့်နေသည်။ တွင်းပေါက်ကို သွန်ပြနေသည်။

"ဒါ မြွေတွင်းပဲဖြစ်ရမယ်။ သူ့အဖော် မိတ်လိုက်ဖို့ မကြာခင်ထွက်လာမှာပဲ"

သူသည် တွင်းပေါက်နားတွင် ကျောက်ချထိုင်ချလိုက်သည်။ တိတ်ဆိတ်ငြိမ်သက်စွာဖြင့် နောက်ထပ် မိနစ် ၂၀ ကြာအောင် ထိုင်စောင့်နေပြီးသောအခါ ဒုတိယမြွေဟောက်တစ်ကောင် တွင်းအတွင်းမှ ထွက်လာသည်။ မောင်ဝင်းသည် အလင်း၏ လျင်မြန်ခြင်းဖြင့် မြွေအမြီးကို ပထမအကောင်လိုပဲ ဆွဲရမ်းရိုက်ချပစ်လိုက်ပြန်လေသည်။ လိုအပ်လျှင် ဝိုင်းဝန်းကူညီအားပေးရန်အတွက် အစောင့်များသည် စုရုံးရောက်ရှိလာကြသည်။ တွင်းထဲတွင် မြွေမရှိလောက်တော့ဘူးဟု

www.nyisay.com



သူတို့မျှော်လင့်နေကြသည်။ သူတို့အထင်မှားလေသည်။ နောက်နှစ်ရက်အကြာတွင် မန်ကျည်းပင်ခြေရင်းအောက်က တွင်းထဲမှ နောက်ထပ် မြွေဟောက်လေးကောင် ထပ်ထွက်လာကြပြန်တော့၏။ မောင်ဝင်းသည် တစ်ကောင်မှလွဲလို့ အားလုံးကို သတ်ပစ်လိုက်ပြန်သည်၊ သူတို့အထဲက အစောင့်တစ်ယောက်သည် ကျန်မြွေတစ်ကောင်ကို ရှမ်းနည်းဟန် တောခုတ်ဓားဖြင့် သတ်ပစ်လိုက်သည်။ သူသည် မြွေကို ထက်ပိုင်းခုတ်ချလိုက်သည်။ ခေါင်းပိုင်းဘက်ကို လွဲကိုင်လိုက်သည်။ သို့သော် မြွေကို သူကောင်းကောင်း မခုပ်ကိုင်နိုင်သေးမီတွင် ခေါင်းပိုင်းကပြတ်နေသော အပိုင်းသည် တွင်းအတွင်းသို့ ပြန်ပြေးဝင်သွားလေသည်။ စိုးရိမ်သောကဖြစ်နေသော သုစန္ဒီအား မြန်မာပန်းရံလေးနှစ်ယောက်နှင့် ရှမ်းအစောင့်များက တွင်းအတွင်းရှိ မြွေကိုသေသွားပြီဟု သေချာပေါက်ယူဆကြောင်း ပြောနေကြသည်။ မြွေက နောက်တစ်ခါ အပေါ်သို့ပြန်ထွက်မလာတော့ချေ။ သုစန္ဒီသည် ဒီအဖြစ်ကို မေ့မေ့ပျောက်ပျောက် မထားနိုင်ဘဲ သူ့ကလေးတွေကို မျက်စိအောက်က အပျောက်မခံနိုင် ဖြစ်နေမိလေသည်။

ညညလန့်နိုးပြီး ထထိုင်မိလေသည်။ အကယ်လို့ မင်းကြီးမြွေဟောက်သည် သူ့သမီးတစ်ယောက်ကို မဖမ်းဘဲ အစောင့်ခွေးလေးဗလကို ဖမ်းလိုက်လျှင် ဘယ်လိုလုပ်မလဲ။

သူမ၏ကလေးတွေကို ထိုမန်ကျည်းပင် သို့မဟုတ် အခြားအပင်တွေ အောက်မှာ ကစားဖို့ရာ ခွင့်မပြုနိုင်ဘဲဖြစ်နေသည်။ မာယာရီနှင့်ကိန္နရီတို့ တူတူပုန်းတမ်းကစားနေချိန်တွင် ဒီမြွေဟောက်ကြီး ဘာလို့ သူ့တွင်းထဲမှ ထွက်မလာတာပါလိမ့် တွေးပြီး အံ့မိလေသည်။ တကယ်လို့ မြွေကြီးတွေက သူ့ကလေးတွေကို ရှောင်နေကြသည်ဟုဆိုလျှင် ဟော်နန်းဝိုင်းအတွင်းတွေ့သော မြွေတွေကိုသတ်ပစ်ဟု သူမ အမိန့်ပေးနေတာတွေက တရားမျှတမှုရှိပါမလားဟု မသေမချာ မရေမရာ တွေးနေမိတော့သည်။ သူမငယ်ငယ်က အတူဆော့ကစားခဲ့ကြသော သူငယ်ချင်းတွေကို သွားအားကျမိတော့သည်။ သူတို့သည် အဆိပ်ရှိသော အကောင်တွေနှင့်ဝေးရာ လုံခြုံစိတ်ချရသော ပတ်ဝန်းကျင်တွင် ပျော်ရွှင်စွာ ဆော့ကစားခဲ့ကြရလေသည်။

✦ ✦ ✦

www.nyisay.com



သင်္ကြန်ကို လူတိုင်းသဘောကျကြိုက်နှစ်သက်ကြပြီး နှစ်သစ်ကူးအချိန် အခါတွင် ပျော်ရွှင်စွာ ပွဲကျင်းပကြလေသည်။ အရှေ့ဟော်နန်းက လူထုအတွက် ကြိုဆိုပွဲပိုးကျင်းပပေးလေသည်။

မြန်မာပြက္ခဒိန် ၁၃၂၂ နှစ်ကုန်ပိုင်း ဧပြီလ ၁၃ ရက်နေ့ညမှစတင်ပြီး သင်္ကြန်ပွဲကို ကျင်းပကြသည်။ အနည်းဆုံး ၃ ရက်ကျင်းပသည်။ အခုချိန်ထိ သုစန္ဒီသည် ဧပြီလဘယ်နေ့တွင် စတင် သင်္ကြန်ကျသည်ကို ရှင်းရှင်းမသိရသေးချေ။ ထပ်မံ ရှုပ်ထွေးရသည်မှာ မြန်မာပြက္ခဒိန်တွင် နှစ်သစ်ကို ၂၅၀၅ အဖြစ်ဖော်ပြပြီး ၁၃၂၃ မဟုတ်ပြန်ချေ။ ဗုဒ္ဓဘာသာအယူ မဟုတ်သော ယုံကြည်မှုဖြင့် မြန်မာ ဘုရင်များသည် ပြက္ခဒိန်ကို သက္ကရာဇ် ဖြိုခဲ့ကြသည်။ ဒေဝဘုရင် (ဟိန္ဒူဘုရား) သည် ကမ္ဘာမြေသို့ ဆင်းသက်လာသောအခါ နှစ်သစ်ကိုစတင်သည်ဟု ဆိုလေ သည်။ သူသည် လူ့ပြည်တွင် သုံးလေးရက်နေသည်။ သူ့တိုင်းပြည်သို့ ပြန်သည် အထိ လူ့ပြည်တွင်ရှိနေစဉ် ပွဲများကျင်းပရသည်။

ဧပြီလ ၁၃ ရက်နေ့ ညနေခင်းတွင် စဝ်သုစန္ဒီနှင့် မြို့ခံဂုဏ်သရေရှိ လူကြီးများကိုပါ ဖိတ်ခေါ်ပြီး ဘုန်းကြီးကျောင်းတွင် ဒေဝရောက်လာမည့်အချိန်ကို စောင့်နေကြသည်။ ကျောင်းအပြင်ဘက်တွင် တီးဝိုင်းသုံးဝိုင်းက စတင်ပြီး တစ်ပြိုင်တည်း မညီမညာ သံစဉ်များဖြင့် တီးမှုတ်နေကြတော့သည်။ ၉း၄၀ ညတိတိတွင် နားကွဲမတတ် ဆူညံသံများ ပေါက်ကွဲထွက်လာလေသည်။ သေနတ်သံ၊ ဟွန်းသံ၊ လင်းကွင်းတီးသံ၊ ခေါင်းလောင်းထိုးသံ အသံမျိုးစုံတို့ မြို့၏နေရာအနှံ့မှ ထွက်ပေါ်လာသည်။ ထိုအချိန် တိတိကျကျတွင် မည်သူမှ မလွတ်စေဘဲ ထူးထူးခြားခြား ထွက်ပေါ်လာခြင်းဖြစ်သည်။ မကြာမီတွင် ၁၃၂၂ သည် ပြီးဆုံးသွားသည်။ အခမ်းနားဝန်ကြီးက မြေကြီးပေါ်သို့ ရေလောင်းချလိုက်ပြီး ဆုတောင်းစာများရွတ်ဖတ်သည်။ နှစ်နာရီကြာအောင် အကများ သီချင်းများဖြင့် အခြားကမ္ဘာမှလာသော ဧည့်သည်ကို ကြိုကြသည်။ ပထမ မြန်မာထီးသုံးနန်းသုံး တေးသံများတီးမှုတ်၊ ထို့နောက် ရှမ်းတေးသီချင်းများနှင့် အကကို ကပြကြသည်။ ဆေးမှင်ကြောင်ထိုးထားသော သီပေါရှမ်း ပုလိပ်အဖွဲ့သည် ဗုံမောင်းသံများနှင့် ဓားသိုင်းစည်းချက်ကျကျ ကနေလေသည်။

နောက်သုံးရက်သည် မည်သည့်ပွဲနှင့်မျှမတူသော ရေကစားပွဲဖြစ်သည်။

www.nyisay.com



သုစန္ဒီသည် သူရောက်ပြီး ဒီနှစ်မှာပင် စတင်တွေ့ကြုံခဲ့ရသည်။ သူမသည် ဘယ်အချိန်မှာမှ မောပန်းခြင်းမရှိဘဲ ဘယ်နေရာမှာ ဘယ်အချိန်မှာ ဘယ်သူ့ကိုပဲဖြစ်ဖြစ် တွေ့တဲ့လူကို ရေပုံးဖြင့်ပက်သည်။ ဗုဒ္ဓဘာသာဘုန်းတော်ကြီးများကိုသာ သက်သာခွင့်ပေးသည်။ ပထမနေ့တွင် စဝ်သည် သူ့မာစီဒီးကားကြီးကို ထုတ်ပြီး ကားပေါ်တွင် ပုံးများဖြင့် ရေအပြည့်ထည့်ပြီး သူ့မယား၊ သမီးများ၊ မှိုင်းနှင့် အိမ်ကလူတစ်ဒါဇင်လောက်ကို ကားပေါ်တက်စေသည်။ ပြီးနောက် သူသည် ကားကိုမောင်းထွက်ခဲ့ပြီး သူ့ဆွေမျိုးတွေအိမ်သို့ ရုတ်တရက် အံ့သြသွားအောင် အလိုအလျောက် ရောက်လာဟန်လုပ်လေသည်။ သူသည် အသက် အဝတ်အစား နှင့် နေရာကို အရေးမစိုက်ဘဲ သွားခဲ့လေသည်။ သူတို့ကလည်း လိုလိုလားလားဖြင့် အပြန်အလှန်အားဖြင့် ရွှဲရွှဲစိုအောင် ရေပြန်လောင်းကြလေသည်။ ရေစိုရွှဲနေသော စဝ်သည် ကားပေါ်ပြန်တက်ပြီးနောက် မိသားစုတစ်အိမ်သို့ မောင်းပြန်လေသည်။ ပျော်ရွှင်စွာရယ်မောကြ၊ သံသေးသံကြောင်ဖြင့် အော်ကြ၊ရေပက်ကြနှင့် ပေါင်းစည်းကြလျက် ထုံးတမ်းအစဉ်အလာကို ထည့်မတွက်တော့ဘဲ အိမ်တွေက ခေါ်ကြသည်။ သီပေါမြို့ထဲကလမ်းတိုင်းတွင် တန်းစီလျက် ကလေးတွေက ကြီးမားသောရေသေနတ် ဝါးဖြင့်ပြုလုပ်ထားသော ရေပြွတ်တို့ဖြင့် ပက်ကြသည်။ အနီးအနားက အုပ်စုလိုက်လူတွေသည် ရေပက်မဏ္ဍပ်များ ဆောက်လုပ်ထားပြီး ဂိတ်လေးတွေလုပ်ထားကြသည်။ လူတိုင်းသည် ပိတ်ပြီး ကကြသည်။ ရေပုံးများဖြင့် လောင်းကြလေသည်။

သူတို့ အရှေ့ဟော်နန်းသို့ပြန်ရောက်ကြသောအခါ အဝတ်စားအခြောက် များကို လဲလှယ်ဝတ်ဖို့ အချိန်မရှိတော့ချေ။ ရာပေါင်းများစွာသော ရေပက်ခံအဖွဲ့များ အကအဖွဲ့များ ရောက်နေကြလေသည်။ ပထမရေပက်ခံ အက ကားသုံးစီးပေါ်တွင် တူညီဝတ်စုံဝတ်ထားကြပြီး ကျောင်းပိတ်လို့ အိမ်ပြန်ရောက်နေကြသော တက္ကသိုလ်ကျောင်းသား၊ ကျောင်းသူများ ပါလေသည်။

သူတို့က သူတို့ဘာသာ တီထွင်ဖန်တီးထားသော အကနှင့်တီးလုံးများဖြင့် အရှေ့ဟော်နန်း မြက်ခင်းပြင်ပေါ်တွင် ကပြဖို့ ခွင့်တောင်းကြသည်။ သူတို့ သီချင်းထဲတွင် နှစ်သစ်ကိုကြိုဆိုသည့်အကြောင်း စော်ဘွားကြီးမိသားစုနှင့် တစ်တိုင်းပြည်လုံး ကျန်းမာကြဖို့အကြောင်း ဆုတောင်းမှုများ ပါဝင်လေသည်။

မြန်မာ့ခေတ်

www.nyisay.com



ဆုတောင်းမှုများနှင့်အတူ ရေများ ရယ်မောပျော်ရွှင်စွာ ပက်ကြလေသည်။ ချစ်စရာကောင်းသော တူမလေးများသည် ဟော်နန်းထဲသို့ထွက်ပြေးသော သုစန္ဒီ နောက်သို့ ပြေးလိုက်ဖို့ ကြိုးစားကြလေသည်။

စဝ်ကတော့ ဆင်ဝင်အဝင်ပေါက်အပေါ်မှာ အဆင်သင့်ဖြစ်နေသည်။ စဝ်က ဝင်ရောက်လာသူများကို ရေတံခွန်ကရေများ စီးကျလာသလို လောင်းချလိုက်သဖြင့် သူတို့ရပ်တန့်သွားရသည်။ ဟော်နန်းရှိ ရေစိုနေကြသော ဝန်ထမ်းတွေက လန်းဆန်းသွားအောင် ရေများပြန်ပက်ပေးကြပြီး အပျော်ကျူးသူများ ပြန်လည်ထွက်ခွာသွားကြတော့သည်။ စိုစွတ်နေကြရသော ပွဲတော်သည် သုံးရက်တိုင်လေသည်။ ဟော်နန်းက လူများ၊ အိမ်နီးနားချင်းများ၊ ရွာများနှင့် မြို့များမှ အလည်ရောက်လာကြပြီး တစ်ယောက်ကိုတစ်ယောက် စိတ်ကောင်းဆန္ဒဖြင့် ကောင်းမွန်သော အင်အားသစ်ဆက်ဆံရေးများကို ဖြစ်စေလေသည်။ ပျော်ရွှင်သောစိတ်နှင့် ရိုးရာကို စောင့်ရှောက်သောအသိဖြင့် တစ်အိမ်လုံး ရေတွေလျှံနေတဲ့အထိ စိုစွတ်ပြီး ဆံပင်တွေမှာလည်းစိုရွှဲနေကြသည့်တိုင် ဘယ်သူတစ်ယောက်မျှ စိတ်ဆိုးတဲ့ပုံ မမြင်ရချေ။

ကလေးတွေကတော့ ရေတွေရွှဲရွှဲစိုနေရတာကို ပိုပြီးသဘောကျနေကြပြီး သင်္ကြန်မတိုင်မီအပတ်များကပင် သူတို့အလုပ်တွေကို ဆက်မလုပ်ချင်ကြတော့ဘဲ ရှိလေသည်။ သူတို့က သင်္ကြန်မှာ အလွန်ပျော်ရွှင်ကြလေသည်။ သုစန္ဒီအနေနှင့်ကတော့ သည်လို အရှူးထသောအကြောင်း၏ နောက်ကွယ်က အကြောင်းရင်းကို မေးလိုက်တိုင်း ကျေနပ်လောက်သော အဖြေမျိုးကို မရရှိခဲ့ချေ။

"ကျွန်မတို့က မိုးကောင်းကောင်းရွာမဲ့ မုတ်သုန်ရာသီကို စောစောရောက်လာအောင် လုပ်တာမျိုးပေါ့"

ဟု တချို့ကပြောလေသည်။ တချို့ကတော့ 'စင်ကြယ်အောင် ဆေးကြောပစ်တဲ့ပွဲ' ဟုပြောလေသည်။

"ကျွန်မတို့က နှစ်ဟောင်းက မကောင်းဆိုးဝါးတွေ မကောင်းတဲ့အလုပ်တွေကို ဆေးကြောပစ်ရတာပေါ့။ ဒါမှ နှစ်သစ်မှာလန်းဆန်းပြီး သန့်သန့်စင်စင်နဲ့ ပြန်စနိုင်မှာပေါ့"

ထိုအထဲတွင် သုစန္ဒီ သဘောအတွေ့ဆုံးမှာ တချို့လူတွေပြောကြ

www.nyisay.com



သည့်. . .

''သိပ်ပူတယ်မဟုတ်လား။ ဒီလိုအေးအောင်မလုပ်ရင် ကျွန်တော်တို့ ဆက်နေလို့မရတော့ဘူးလေ''

ဟူသော စကားပင်ဖြစ်လေသည်။

ကား၊ အိမ်ထောင်ပရိဘောဂတွေ၊ ကြမ်းပြင်၊ အဝတ်အစားများ အားလုံးခြောက်သွေ့သွားတော့မှ သုစန္ဒီသည် ထိုင်ချလိုက်ပြီး ဩစထြေးယားရှိ သူမ၏မိသားစုထံ စာရေးရလေသည်။ ဒီအကြောင်းတွေကို ရေးရမည်။ သူမသည် တစ်ချိန်လုံးတွင် သဘောကျနေသော ပွဲတွေအကြောင်း သူတို့သိရအောင် ရေးပြရမည်။ အကြိမ်ပေါင်းများစွာ သူမ ကြိုးစားခဲ့သော်လည်း သူတို့မိသားစုကတော့ ဒီသင်္ကြန်ပွဲကို နားလည်နိုင်ကြမှာ မဟုတ်ဘူးဆိုတာ သူမ သိနေခဲ့လေသည်။ တစ်ယောက်ယောက်ကများ သူတို့အပေါ် ရေပုံးကြီးဖြင့် လောင်းချလိုက်လျှင် သူတို့မည်သို့များ ပြန်လည်တုံ့ပြန်ကြမှာပါလိမ့်ဟု သူမတွေးကြည့်ပြီး ပြုံးမိရလေသည်။

❖

www.nyisay.com



## အခန်း ၁၂

အိပ်ခန်းဝရန်တာမှကြည့်လျှင် အရှေ့ဟော်နန်းတည့်တည့်ကိုလာသော လမ်းကို သုစန္ဒီ မြင်နိုင်သည်။ စင်ကို သယ်ဆောင်လာသော ကား သို့မဟုတ် သူ့သတင်းစကားအသစ်ကို သူမ စိတ်လှုပ်ရှားစွာဖြင့် မျှော်လင့်နေမိလေသည်။ သို့သော် သူမမြင်နေရတာတွေကတော့ တစ်ခါတစ်ခါ စက်ဘီးတစ်စီး၊ ခွေးလေခွေးလွင့် တစ်ကောင်နှင့် နောက်ခံတွင် ဟော်နန်းအဟောင်း၏ တိုင်လုံးများကိုသာ ဖြစ်လေသည်။ ဒုတိယကမ္ဘာစစ်တုန်းက ဟော်နန်းကြီးတစ်ခုလုံး ပျက်စီးသွားတာကောင်းတယ်ဟူသော ဟော်နန်းအဟောင်းနှင့် ပတ်သက်ပြီး စင်ပြောဖူးသော စကားကို သွားအမှတ်ရသဖြင့် သူမ ပြုံးမိရလေသည်။

သူ မကြိုက်တာက တစ်ခုပဲရှိပါသည်။ သူသည် ထိုဟော်နန်းအဟောင်းတွင် နေထိုင်သည့်အခါ ကြောက်ရွံ့စိုးထိတ်သောအတွေးများကို ခံစားရသောကြောင့် ဖြစ်ပေသည်။ သုစန္ဒီသည် သူမအလုပ်အကြောင်း မကြာခဏတွေးသည်။ နောင်ဘာတွေဖြစ်လာနိုင်မလဲဟု ကြိုလည်းတွေးကြည့်နေတတ်သည်။ မှတ်တမ်းတတ်ပုံအယ်လ်ဘန်က ပျောက်ဆုံးသွားပြီဖြစ်သော်လည်း အုတ်မြစ်ဒုတ်တိုနှင့် ခလုတ်တိုက်လဲချင်စရာ အဆောက်ဦတစ်ခုတော့ ကျန်ရစ်နေသေးလေသည်။ အန်တီကြီးဘုရားက ဟော်နန်းဟောင်းအတွင်းက အကြောင်းတွေကို အသေးစိတ်ဖြည့်ပြောပြပေးသည်။ ကြီးမားကျယ်ဝန်းသော ခန်းမကြီးသည် မှောင်မိုက်နေသည်။ သီးသန့်ခန်းမရှိ အတွင်းမှာလည်း အခန်းများမရှိ။ သူ့ထူးခြားသော အတွေ့အကြုံ

www.nyisay.com



များနှင့် မြန်မာပြည်တွင် သင့်လျော်မှန်ကန်သောအချိန်ကျွန်မှ သူသည် သီပေါသို့ ပြန်လာခဲ့သည်။ ထိုအချိန်တွင် သူ့အဘိုးက ဟော်နန်းဟောင်းကို စတင်ဆောက်ခဲ့လေသည်။

သူ့အမည်မှာ စဝ်ခွန်ဆိုင် ဖြစ်သည်။ သူသည် မန္တလေးနန်းတော်တွင် ကြီးပြင်းလာခဲ့သူဖြစ်သည်။ ၁၈၈၂ တွင် သီပေါဘုရင်၏ အလိုမကျမှုက သူ့အပေါ်ကျရောက်လာသည်။ ထို့ကြောင့် သူသည် အင်္ဂလိပ်ပိုင်ဖြစ်သော အောက်မြန်မာနိုင်ငံ ရန်ကုန်သို့ ထွက်ပြေးခိုလှုံရသည်။ ထိုစဉ်တွင် သူ့နောက်လိုက်နှစ်ဦးက သူ့ကိုဆန့်ကျင်တော်လှန်ရန် ကြံစည်နေကြသည်ဟု သူသံသယဖြစ်တာမို့ ထိုသူတို့ကို သေနတ်ဖြင့် ပစ်သတ်လိုက်သည်။ ရှမ်းဥပဒေအရဆိုလျှင် သူမှန်နေလေသည်။ သူအံ့ဩရတာက ဗြိတိသျှဥပဒေအရ သူ့ကိုလူသတ်မှုဖြင့် တရားစွဲခံရပြီး သေဒဏ်စီရင်ခံရခြင်းပင် ဖြစ်လေသည်။ နောက်တွင်မှ သူသည် ဗြိတိသျှတို့၏ နယ်နှင်ဒဏ်ခံရ၍ ပိုင်နက်အတွင်းမှ ထွက်ခွာသွားခြင်းဖြင့် လွတ်မြောက်ခဲ့သည်။ သူ သီပေါသို့ပြန်လာပြီး မြို့ကို ပြန်လည်တည်ဆောက်လေသည်။ မြို့က ရှမ်းတွေတိုက်သော စစ်ပွဲကြောင့် ပျက်စီးနေခဲ့သည်။ ပြီးနောက် ၁၈၈၆ တွင် အင်္ဂလိပ်က မြန်မာနိုင်ငံကို သိမ်းပိုက်လိုက်သောအခါ သူသည် မြန်မာနိုင်ငံနှင့် မြောက်ပိုင်းရှမ်းပြည်နယ် နိမိတ်နယ်ခြားမျဉ်းကို စတင်ရေးဆွဲခဲ့တော့သည်။ တစ်နှစ်အကြာတွင် တန်ခိုးကြီးမားလှသော ဗြိတိသျှဘုရင်မကြီး ဗစ်တိုးရီးယားက သူ့ကိုပထမဆုံးသော ရှမ်းစော်ဘွားအဖြစ် အသိအမှတ်ပြုခြင်းကို ခံခဲ့ရလေသည်။ အပြန်အလှန်အားဖြင့် သူသည် ဗြိတိသျှတို့ကို အခွန်လက်ဆောင်ပဏ္ဏာ ၁၀ နှစ်ဆက်သဖို့မှ ကင်းလွတ်ခွင့်ကို ပေးသနားခြင်းခံရသည်။ သူ့အနီးနားချင်းပြည်နယ်လေးသုံးခုက ထောက်ပံ့ဖို့တောင်းဆိုခြင်းကို သူလက်ခံရလေသည်။ စဝ်ခွန်ဆိုင်သည် အင်္ဂလန်သို့ နှစ်ကြိမ်သွားခဲ့ပြီး ဘုရင်မကြီးက လက်ခံတွေ့ဆုံခဲ့သည်။ ဗြိတိသျှအင်ပါယာ၏ ဩဇာအာဏာကို လက်ခံပေါင်းစည်းဖို့ ဖြစ်လေသည်။ ပြီးနောက် သူမသေခင်လေးမှာ မြန်မာနောက်ဆုံးမင်းဆက် သီပေါဘုရင်၏ အစ်မတော်အရင်းပုခန်းကြီးစုဖုရားကို လက်ထပ်ယူခဲ့သေးလေသည်။ စဝ်၏အဘိုးသည် သူ့မြေး၏ ဩစတြီးယားနိုင်ငံဖွား မဟာဒေဝီကို အင်္ဂလိပ်စတိုင် အရှေ့ဟော်နန်းအသစ်မှာ ဘာလို့နေစေတာလဲဆိုတာကို တွေးမိမည်ထင်သည်ဟု သုစန္ဒီက အံ့မိတော့သည်။ သူတို့သီပေါက အရှေ့ဟော်နန်းကို စရောက်တော့ သူမသည် စည်းစိမ်အပြည့်ဖြင့်

www.nyisay.com



ခေတ်မီမီ ဟော်နန်းတွက် စဝ်ကို ကျေးဇူးတင်နေမိတော့သည်။ စဝ်သည် သူ အင်္ဂလန်မှာနေစဉ်က ဒီဟော်နန်းဆောက်ဖို့ သူကိုယ်တိုင် ပုံစံဆွဲပေးခဲ့ခြင်းဖြစ်လေသည်။ သူလည်းပဲ သူ့အဘိုးနေထိုင်ခဲ့သော ဟော်နန်းဟောင်းတွင် နေထိုင်လိုစိတ် မရှိခဲ့ချေ။

သုစန္ဒီသည် စဝ်နှင့်ပေါင်းပြီး အခြားစော်ဘွားတွေ၏ ဟော်နန်းတွေသို့ အလည်သွားခဲ့ဖူးသည်။ အသစ်အဟောင်း၊ အသေးအကြီး အစုံဖြစ်သည်။ အချို့သည် သူမကို ဖမ်းစားဆွဲဆောင်နိုင်သော်လည်း အရှေ့ဟော်နန်းလို ခမ်းနားကြီးကျယ် ဣန္ဒြေရှိမှု၊ စည်းစိမ်ကျနမှုမျိုးတော့ တစ်ခုမှမတွေ့ခဲ့ရချေ။ တောင်ကြီးတွင် အစိုးရအဆောက်အဦတစ်ခု ရှိသည်။ ရှမ်းပြည် ဖဒရယ်ဗြိတိသျှ ကော်မရှင်နာမင်းကြီးအတွက် ဆောက်ထားခြင်းဖြစ်သည်။ ရှမ်းပြည်ကို မြန်မာပြည်၏အကျိုးစီးပွားနှင့် သီးခြားခွဲထုတ်ပြီး ဗြိတိသျှအစိုးရ၏အောက်တွင် တိုက်ရိုက်ကာကွယ် အုပ်ချုပ်ခြင်းပင်ဖြစ်လေသည်။

တောင်ကြီးသည် ဗြိတိသျှအစိုးရအုပ်ချုပ်ရေး အဆောက်အဦ၏ လသာဆောင်လို လှပသောဥယျာဉ်မြို့လေးနှင့် တူလှသည်။ စိမ်းလန်းထူပြောသော တောနက်တွေနှင့် ကျောက်တောင်ထိပ်တွေက ဝန်းရံထားသည်။ သစ်ပင်များကို သုစန္ဒီ စခန်းသာတွင်မြင်ဖူးပါသည်။ သို့သော် တောင်ကြီးတွင်ရှိသော သစ်ပင်တို့သည် ရှမ်းပြည်တွင်ရှိသော အပင်တို့နှင့်ခြားလှချေသည်။ နေရာတိုင်းတွင် ကြီးမားလှပဆွဲဆောင်မှုရှိသော ကျောက်တုံးဖြင့် ဆောက်လုပ်ထားသော အိမ်များကို ပန်းဥယျာဉ်များအတွင်းတွင် တွေ့ရလေသည်။ ထို့အပြင် စိန်ပန်းပြာပင်များ၊ ပန်းနုရောင်ငုပင်များ၊ ဆူးပင်အဖြူကြီးများ၊ ကျက်သရေရှိလှသော ငွေဝက်သစ်ချပင်များ၊ လှပသောထင်းရှူးပင်များ၊ ကြီးထွားနေသော သစ်တော်ပင်များ၊ ချယ်ရီပင်များနှင့် ပန်းသီးပင်များကိုလည်း မြင်နိုင်လေသည်။ တောင်ပေါ်စခန်းလေးတွင် အပူချိန်က အေးနေသည်။ ပင်လယ်ရေမျက်နှာပြင်အထက် ပေငါးထောင်ကျော်တွင်ရှိသည်။ သုစန္ဒီ၏ နုပါးပြင်ရဲရဲသည် အစဉ်အေးနေတတ်သည်။ သည်အချက်တွေက သီပေါမှာ အားနည်းရှာလေသည်။

သူမသည် ဥရောပအငွေ့အသက်ရသော တောင်ကြီးနှင့် ဆေးရောင်စုံ သောပန်းဥယျာဉ်ကို သဘောကျသည်။ သို့သော် သူမသည် အင်းလေးသို့ မသွားဘဲ ဘယ်တော့မှ မနေခဲ့ချေ။ တောင်ကြီးမှ အရှေ့မိုင် ၃၀ အကွာတွင်

www.nyisay.com



ညောင်ရွှေနယ်၏ တောင်အောက်က ရေအိုင်ကြီးဖြစ်လေသည်။ သူမကို ထူးဆန်းသောခံစားမှု စိတ်အေးချမ်းသာ ဆွဲဆောင်မှုကိုပေးပြီး ညှို့ထားလေသည်။ ညောင်ရွှေစော်ဘွားကြီးသည် ရန်ကုန်တွင်သာအနေများပြီး သူသည် ပြည်နယ်များ၏ ပြောရေးဆိုခွင့်ရှိသူတစ်ယောက်အနေဖြင့် လွှတ်တော်တက်ရလေသည်။ စော်ဘွားကြီး၏ဆွေမျိုးများက ဟော်နန်းကို ဆက်လက်ထိန်းသိမ်းထားသည်။ အင်းလေးကန်နှင့် နေထိုင်ကြသော အင်းသားများဆီသို့ များစွာသော ဧည့်သည်များ လာရောက်လည်ပတ်ကြလေသည်။ တစ်ခါက စဝ် အစည်းဝေးတက်နေစဉ်တွင် သုစန္ဒီသည် အင်းလေးကန်ထဲသို့ မော်တော်ဘုတ်စီးပြီး လျှောက်လည်ခဲ့ဖူးသည်။ သုံးမိုင်ရှည်သော တူးမြောင်းအတွင်းဖြတ်နေစဉ် အင်းထဲက ဗေဒါပင်များနှင့် မော်တော်ဘုတ်စက်ပိတ်ဆို့ပြီး ထိုးရပ်သွားခဲ့ဖူးသေးသည်။

ထိုမော်တော်ဘုတ်များကို ဥရောပမှ တင်သွင်းခဲ့သည်။ ရေတိမ်သော အင်းလေးကန်သည် မိုင်၂၀ ရှည်ပြီး ၁၂ မိုင် ကျယ်လေသည်။ ကန်ရေပြင်သည် အေးမြနေပြီး မှန်ကြည့်ရသလို ကြည်လင်ရှင်းသန့်နေသည်။ ကန်ပတ်ပတ်လည်ကို တောင်များက ဝန်းရံထားသည်။ စိမ်းစိုမှိုင်းညို့နေသော တောင်များသည် တိမ်ကင်းစင်သော မိုးကောင်းကင်ပြာပြာထဲသို့ ထိုးထွက်နေကြတော့သည်။ အင်းသားတို့သည် အင်းလေးကန်ထဲတွင် နေထိုင်ကြသည်။ သုစန္ဒီ၏ မော်တော်ဘုတ်က ပထမဆုံး ကန်၏အလယ်ရှိရေပေါ်တွင် ခြေတန်ရှည်ဖြင့် တည်ဆောက်ထားသော ဧည့်ရိပ်သာဆီသွားနေလေသည်။ ထိုဧည့်ရိပ်သာကို ဂုဏ်သရေရှိလူကြီးများလာလျှင် ဧည့်ခံဖို့ဆောက်လုပ်ထားသည်၊ ဝရန်တာပေါ်တွင် ညှိုးကျနေကြသော ပန်းကုံးများကိုတွေ့လိုက်ရတော့ တလောကမှ အလည်လာသွားကြသော ယူဂိုဆလားဗီးယား သမ္မတမာရှယ်တီးတိုးတို့ကို အမှတ်ရစေလေသည်။

ဆူညံသော မော်တော်ဘုတ်၏ပန်ကာသည် တည်ငြိမ်နေသောရေပြင်ကို မွှေနှောက်သွားသည်။ သူတို့မော်တော်ဘုတ်က အသက်အရွယ်အမျိုးမျိုးသော ယောကျ်ားများရပ်လျက် လိုက်လာကြသော ထူးဆန်းသည့် အခွံလိုလှေများကို ဖြတ်ကျော်လာကြသည်။ လှေပေါ်တွင် ယောကျ်ားများသည် မတ်တတ်ရပ်လျက်က ရှည်လျားသော လှော်တက်ကို ခြေထောက်တစ်ဖက်ဖြင့် ရစ်ပတ်ပြီးလှော်နေကြလေသည်။ ငါးဖမ်းသည့်အခါ သီးနှံစိုက်ပျိုးသည့်အခါနှင့် တစ်နေရာမှ တစ်နေရာ ကူးလူးသွားသည့်အခါ လက်တစ်ဖက်သည် အမြဲလို လွတ်လပ်နေလေ့ရှိသည်။

www.nyisay.com





ရှမ်းစော်ဘွားများ၏ ထောက်ပံ့မှုဖြင့်တည်ထောင်ထားသော တောင်ကြီးမြို့ရှိ
ကမ္ဘောဇကိုယ်ပိုင်အထက်တန်းကျောင်း၏ အမှုဆောင်လူကြီးများ
အစည်းအဝေးပွဲအပြီးတွင် တွေ့ရသော သီပေါစော်ဘွားကြီး စဝ်ကြာဆိုင်

သုစန္ဒီက ခြေဖြင့်လျှောက်သွားသော လူနှစ်ယောက်ကို ငေးကြည့်နေမိသည်။ သူတို့က ကျွန်းမျှောတစ်ခုဆီမှာ ကပ်လိုက်သည်။

ထိုကျွန်းမျှောသည် ရေအောက်ခြေနှင့် ဝါးကြိုးလေးချောင်းကို စိတ်ချရအောင် ချည်နှောင်ထားသည်။ ထိုကျွန်းမျှောသည် ကန်အောက်ခြေက နုံးမြေရွှံ့များကို ကော်တင်ပြီးလုပ်ထားသည်။ ထိုမြေသည် မြေဩဇာကောင်းပြီး သီးနှံများစိုက်ပျိုးဖြစ်ထွန်းလေသည်။ ထို့ကြောင့် ကျွန်းမျှောများပေါ်တွင် သီးနှံပန်းဥယျာဉ်များပြုလုပ်ထားကြလေသည်။ အချို့ကျွန်းမျှောများပေါ်တွင် အိမ်များလည်းဆောက်လုပ်နေထိုင်ကြလေသည်။ သုစန္ဒီ၏ အတွေးစိတ်ကူးများသည် အချိန်ပိုယူရမလို ဖြစ်နေတော့သည်။ သူမတွေးနေတာက ဖြစ်နိုင်ခြေရှိသော ဒီရွှေ့ရှားနိုင်သော

www.nyisay.com



ကျွန်းမျှောပေါ်က အိမ်တွေအကြောင်းပင် ဖြစ်သည်။ ကျွန်းမျှောပေါ်ကအိမ်သည် အနီးနားတစ်လျှောက်က အိမ်တွေနှင့် အတူမနေချင်လျှင် ဒီကျွန်းမျှောများကို ကြိုးဖြင့် ဆွဲသွားနိုင်လေသည်။ သို့မဟုတ် သူတို့၏အိမ်ကို ကြိုက်သည့်ဘက်ကို လှည့်ထားလိုက်နိုင်လေသည်။ သည်လိုဖြစ်လာနိုင်စရာ အကြောင်းမရှိပါ။ ဘာလို့ဆို ရွာအားလုံးတို့သည် သူတို့နေရာကို မရွှေ့ချင်ကြသောကြောင့် ဖြစ်လေသည်။

သုစန္ဒီနှင့် အိမ်ခံလူတို့သည် အင်းလေးကန်အနား အစပ်နားက ရွာ ၁၇ ရွာတွေဆီသွားလည်ကြသည်။ ထိုရွာများသို့ လှေများဖြင့်သာ အလွယ်တကူ ကပ်နိုင်လေသည်။ သူတို့လှေရပ်လျှင် ပိုးချည်များဖြင့် ရက်နေကြသော ရက်ကန်း စင်များကို ဝင်ကြည့်ကြသည်။ မက်မောစရာလုံချည်များကို ရှုပ်ထွေးသော အသွားအပြန် ဒီဇိုင်းအမျိုးမျိုး တောက်ပသောအရောင်များဖြင့် ရက်နေကြလေသည်။ သူတို့လှေသည် သုစန္ဒီဝယ်ထားသည့်ဒါဇင်များစွာရှိသော လုံချည်များကြောင့် အိကျနေသည်။ မိသားစုနှင့် မိတ်ဆွေများအတွက် ဘယ်လောက်တောင် အဖိုးတန်လိုက်လေမလဲဆိုတာ သူမသိပါသည်။ အိမ်တွေနှင့် ရွာတွေကြားတွင် လမ်းကြောင်းက တစ်ဆက်တည်း ဖြစ်နေလေတော့သည်။

မော်တော်ဘုတ်ကိုလှည့်လိုက်တိုင်း နေရာတိုင်းတွင် အင်းသားတို့၏ နေ့စဉ်လုပ်ကိုင်သွားလာနေကြပုံကို မြင်နေရလေသည်။ ကလေးငယ်တွေက သူတို့တာသာ လှေလှော်ပြီး ကျောင်းသွားကြသည်။ မိန်းမတွေက ဈေးဆီလှော်သွား ကြသည်။ ယောက်ျားကြီးတွေက သူတို့လှေပေါ်တွင် တစ်နေ့တာ ငါးဖမ်းဖို့ မြှုံးကြီးများကို ပြင်ဆင်နေကြသည်။ အင်းသားတိုင်းကို မေးကြည့်သောအခါ သူတို့သည် အင်းလေးကန်မှ အဝေးသို့ပြောင်းသွားဖို့ မစဉ်းစားကြဟု ဆိုကြလေသည်။ ပတ်ပတ်လည်က တောင်တွေပေါ်မှာ တောင်ပေါ်သားတွေနေကြသည်။ အင်းသား တွေ၏ကံကြမ္မာသည် အင်းလေးကန်ထဲရှိ ရေပေါ်တွင်သာမူတည်နေပြီး ရေတွေရှိနေ သ၍ သူတို့ဆက်လက် နေထိုင်သွားကြမည်သာဖြစ်တော့သည်။

✦ ✦ ✦

သုစန္ဒီ နာကျင်သွားမိလေသည်။ သူမသည် စဝ်နှင့် နောက်နောင်ဆို အတူခရီးသွားဖို့ မဖြစ်တော့သည့်အတွက် သူမ တွေးမကြည့်နိုင်တော့ချေ။ တစ်နှစ်တွင် သူမနှင့် စဝ်တို့သည် ဂျပန်နှင့် အမေရိကန်သို့ ခရီးရှည်ထွက်ဖို့

www.nyisay.com



တွေးတောစီစဉ်ထားခဲ့ဖူးလေသည်။ သူတို့သည် သဘော်လိုင်းတောင်မှ ကြည့်ထားပြီး ဖြစ်ကြလေသည်။ မဟုတ်ဘူး။ ဒီအစီအစဉ်ကို ဘာကမှ ကြားဝင်နှောင့်ယှက်ဖို့ မဖြစ်နိုင်ဘူးဟု သူမ တွေးထားသည်။ စစ်သည် ဂျပန်နိုင်ငံသို့ မြန်မာပြည်၏ စစ်လျော်ကြေးကိစ္စ ဆွေးနွေးညှိနှိုင်းရန်အတွက် အကြိမ်ပေါင်းများစွာ ရောက်ခဲ့ဖူး လေသည်။

သို့သော် သုစန္ဒီကတော့ အိမ်တွင် ကလေးတွေကို ပြုစုစောင့်ရှောက် နေရသည်။ စစ် မရှိသည့်အတွက် သူ့အစားနေပေးရသည်။ သူမအဖို့ မမေ့ နိုင်သော တရုတ်ပြည်ခရီးမှလွဲလို့ မြန်မာပြည်၏အရှေ့ဘက်ကို တစ်ခါမှ မရောက်ဖူးခဲ့ချေ။ ထိုကိစ္စဖြစ်ပေါ်လာခဲ့သည်မှာ တရုတ်နှင့် မြန်မာနှစ်နိုင်ငံ ပူးပေါင်းတွေ့ဆုံဆွေးနွေးပြီး နယ်နိမိတ်သတ်မှတ်ရန်အတွက် သဘောတူစာချုပ် ချုပ်ဆိုခဲ့ကြသည်။ နယ်နိမိတ်သတ်မှတ်ရေးအဖွဲ့ဝင်အဖြစ် စစ်သည် ပါဝင်ခဲ့ပြီး ရှမ်းပြည်နှင့် တရုတ်နယ်စပ်နယ်နိမိတ်ကို အရင်ကတည်းက အကြိမ်ပေါင်းများစွာ သွားရောက်ကြည့်ရှုရလေသည်။ သူသည် နောက်တစ်ကြိမ် ခရီးထွက်မည်လုပ်သောအခါ သုစန္ဒီက တိုးလျိုးတောင်းပန်ပြီး ...

''ကျေးဇူးပြုပြီး ကျွန်မကိုပါခေါ်သွားပါလား။ ကျွန်မ တရုတ်မြေကို နင်းဖူးချင်လို့ပါ''

''နယ်စပ်ကိုပိတ်ထားလိုက်ပြီ။ တရုတ်က ကော်မရှင်အဖွဲ့ကလွဲလို့ ဘယ်သူ့ကိုမှ ဖြတ်ခွင့်ပေးမှာ မဟုတ်ဘူး''

စစ် ပြန်ပြောသည်။

''မောင်ကတော့ အနည်းဆုံး ကျွန်မကို ခေါ်သွားလို့ရပါတယ်''

သုစန္ဒီ ဖွတ်တင်းခံနေသည်။ အကယ်၍ သူမသည် အုပ်စုငယ်လေးထဲတွင် ပါဝင်လိုက်ပါလာလျှင် တရုတ်နယ်ခြားစောင့် အာဏာပိုင်များက သူမကိုတစ်ယောက် တည်း ပြန်လွှတ်မည်မဟုတ်ဟု သူမက တွေးထားလေသည်။ စစ်ကတော့ မလိုက်ဖို့ ပိုလို့ကန့်ကွက်လေသည်။ သူထုတ်ပြတာက တစ်ဖက်နိုင်ငံက မကြိုဆိုဖူးဆိုရင် ဘယ်လိုလုပ်မလဲ မျက်နှာငယ်ရမည်ဟု ရှင်းပြသည်။ သို့သော် နောက်ဆုံး၌ စစ်အရှုံးပေး လက်မြှောက်လိုက်ရသည်။ အေးချမ်းလန်းဆန်းသော ဒီဇင်ဘာနံနက်ခင်းတွင် သူတို့ကားတန်းသည် ဗမာလမ်းမကြီးအတိုင်း အရှေ့မြောက် ဆီသို့ ဦးတည်သွားနေလေသည်။ သည်လမ်းသည် ဒုတိယကမ္ဘာစစ်အတွင်းက

www.nyisay.com



မဟာမိတ်တို့သည် ချန်ကေရှိတ်တပ်အား လက်နက်ထောက်ပံ့ပေးသော လမ်းမကြီးဖြစ်လေသည်။ အိပ်ပျော်နေသော သိန္နီမြို့လေးကို ဖြတ်ကျော်လာပြီးနောက် အတက်လမ်း စလေသည်။ သူတို့ကားသည် ကွတ်ခိုင်တောင်ပေါ်စခန်းမြို့ဆီ ဦးတည်နေလေသည် ဟော်နန်းက နာနီတစ်ယောက်ဖြစ်သော 'တောင်း'သည် ကွတ်ခိုင်မှ လာသူဖြစ်သည်။ ကွတ်ခိုင်တွင် အဓိကနေထိုင်ကြသူများမှာ ကချင်လူမျိုးများဖြစ်ကြပြီး ကချင်လွတ်မြောက်ရေးလူမျိုးစုတပ်က ချုပ်ကိုင်ထားလေသည်။ ကချင်အမျိုးသမီးများသည် သူတို့ဝတ်စုံများကို ကိုယ်တိုင်ရက်လုပ်ကြသည်။ နီရဲရဲတောက်သော စကတ်များ၊ ခြေပတ်များကို ရှုပ်ထွေးသော ဒီဇိုင်းများဖြင့် ပုံဖော်ထားသည်။ လေးလံသော ငွေပြားများကို ယောက်ျားများက လက်ဖြင့် ပြုလုပ်ကြသည်။ အနက်ရောင်အင်္ကျီများပေါ်နှင့် အနက်နှင့် အနီရောင်ရက်လုပ်ထားသော လွယ်အိတ်များပေါ်တွင် ငွေပြားများကို တပ်ဆင်ကြလေသည်။ ကချင်အမျိုးသမီးများသည် ပေါ်လွင်ကြသည်မှာ သူတို့၏ထင်ရှားသော အဝတ်အစားကြောင့်အပြင် သူတို့ကို နေရာအနှံ့တွင် တွေ့နေရသောကြောင့်လည်း ဖြစ်လေသည်။ သူတို့ကို အလုပ်လုပ်နေသော နေရာများ၊ လယ်ထဲမှာ၊ ဆိုင်ကို ကြည့်ရှုစောင့်ရှောက်ပေးရ၊ ရေသယ်၊ ကလေးထိန်း၊ ထမင်းချက်၊ အဝတ်လျှော် စသည့် အလုပ်ပေါင်းစုံတွင် မြင်တွေ့နေရတာကြောင့်လည်း ပါလေသည်။ ကချင်အမျိုးသားတွေကတော့ အမျိုးသမီးများ အလုပ်လုပ်နေလျှင် ဘေးမှရပ်ကြည့်နေလေ့ရှိလေသည်။

ကွတ်ခိုင်ကိုဖြတ်လာသောအခါ မြင်ကွင်းမှာ မာကျောကြမ်းတမ်းလာပြီး မနက်ပိုင်းက တွေ့ခဲ့ရသော စိမ်းစိုလန်းဆန်းနေမှုများနှင့် တခြားစီဖြစ်သွားတော့သည်။ အမြင့်က လွင်ပြင်တွင် အသီးအပွင့်များနည်းပါးနေသည်။ အစုလိုက်ရှိတတ်သော ဖူးပွင့်နေကြသော ချယ်ရီပင်များ၊ တောဆီးသီးပင်များနှင့် မက်မုံသီးပင်များကိုတော့ တွေ့လာရသည်။ မည်းနက်ထိုးထောင်နေကြသော ကျောက်သားတို့သည် ကြမ်းတမ်းနေပြီး မြေကြီးတွေက နီနေလေသည်။ ခြောက်သွေ့နေပြီး ဘာအပင်မှ မဖြစ်ထွန်းသော မြေ၏အလှသည် စိတ်ပျက်စရာဖြစ်နေသည်။ လမ်းဘေးက ပျက်စီးနေသော ဂိတ်လေးပေါ် သစ်ပင်ကြီးလဲကျနေပြီး မီးလောင်ထားသော မြက်ခင်းတွေကို စစ်က လက်ညှိုးထိုးပြနေသည်။ သုစန္ဒီသည် လမ်းဘေးတွင် ရှိသောလူများကို တွေ့လိုက်ရသည်။ သူတို့သည် နွားချေးနှင့် ကောက်ရိုးနှောပြီး

www.nyisay.com



နေပူထဲတွင် အခြောက်ခံနေကြလေသည်။ ထိုနွားချေးခြောက်များကို လောင်စာအဖြစ် အသုံးပြုကြမည်ဖြစ်သည်။ ထိုဓလေ့သည် အိန္ဒိယနှင့် တရုတ်တွင်ရှိပြီး ထိုအကြောင်းတွေကို သူမက စာအုပ်ထဲတွင် ဖတ်ခဲ့ရဖူးလေသည်။

ရှစ်နာရီကြာသောအခါ သူတို့ကားသည် မိုင် ၁၇၀ အကွာ ရွှေလီမြစ်ကမ်းပါးပေါ်တွင်ရှိသော တရုတ်ပြည်နယ်စပ် မူဆယ်မြို့သို့ရောက်တော့သည်။ သူတို့ရောက်သောအချိန်သည် နေဝင်ချိန်ဖြစ်နေပြီး ရွှေလီမြစ်ကမ်းက နေဝင်ဆည်းဆာအလှကို သူတို့ငေးကြည့်မိကြပြီး ဘယ်တော့မှ မမေ့နိုင်ကြတော့ချေ။

နေရောင်တွေသည် ကျယ်ပြန့်သော ရွှေလီမြစ်ပြင်ပေါ် ဖြာဆင်းကျနေလေရာ ရွှေရည်ရွှေစေးများ ရစ်ပတ်လိမ့်စီးလျက် ဝင်းဝင်းတောက်ပ အရောင်တလက်လက်ထနေတော့သည်။ ပြိုးပြိုးပြက်ပြက်လင်းနေသော မြစ်ပြင်ကျယ်သည် ကမ္ဘာ့ရတနာသိုက်ကြီးကို ရှာဖွေတွေ့လိုက်ရသလိုရှိလေသည်။ ရာပေါင်းများစွာသော ဘဲရိုင်းတွေသည် ရွှေရောင်တလက်လက် ဝင်းထနေသော ရွှေလီမြစ်ပြင်ပေါ်တွင် ဝဲပျံထိုးဆင်း ဆော့ကစားနေကြလေသည်။ သူတို့၏ ထူးဆန်းအံ့ဩဖွယ်ကောင်းသော ခေါ်သံတွေဖြင့် ကမ်းနှစ်ဖက်မှာရှိနေကြသော လူတွေကို နားထောင်ဖို့ လက်ယပ်ခေါ်နေသလိုရှိလေသည်။ သူတို့သည် ပျော်ရွှင်မြူးထူးစွာဖြင့် ခုန်ပေါက်နေကြပြီး ရေ့တိုးနောက်ဆုတ်လုပ်နေကြသည်။ ဗမာပြည်မှာပဲနေမလား ဒါမှမဟုတ် ဘာဂန်ဒီဝိုင်နီညိုရောင် ဟိုးဘက်က တရုတ်တောင်တန်းတွေဆီပဲ ပျံသွားကြမလား မဆုံးဖြတ်နိုင်ဘဲ ရှိနေကြလေသည်။ စဝ်သည် တရုတ်ပြည်ထဲသို့ ဖြတ်မသွားခင်တွင် မြောက်ဘက်အကျဆုံးသော ရှမ်းပြည်၏အစိတ်အပိုင်းကို ပြလိုက်မည်ဟု စိတ်ဆုံးဖြတ်ထားခဲ့သည်။ နောက်တစ်နေ့တွင် သူတို့သည် ရွှေလီတောင်ကြော၏ မြောက်ဘက် ၂၅ မိုင်ဝေးသော နမ့်ခမ်းမြို့သို့ ထွက်ခဲ့ကြသည်။ မြေဩဇာကောင်းသော တောင်ကြားများ၊ လူနေထူထပ်သော အရပ်၊ စီးပွားဖြစ်ထွန်းသော နေရာဖြစ်ကြောင်းကို အနိုင်အမာပစ္စည်းများဖြင့် ဆောက်လုပ်ထားကြသော အိမ်ကြီးအိမ်ကောင်းများ လမ်းဘေးတွင် ရေမတိုက်စားစေရန် ကျောက်တုံးများဖြင့် စီလုပ်ထားသည်ကို တွေ့ခြင်းဖြင့် သိရလေသည်။ ကောင်းစွာ ကျွေးမွေးနိုင်ကြသော ပါးနီရဲရဲလေးဖြင့် ကလေးများကို ရှုပ်ထွေးနေသော လမ်းဘေးတွင် တွေ့ရသည်။

နွားလှည်းများ၊ ခြေလျင်လျှောက်သူများ၊ စက်ဘီးများသည် ဆယ်လန့်ရွာဈေးနေ့သို့ သွားနေကြလေသည်။ ဆယ်လန့်ဈေးနေ့သည် ၅ ရက်

www.nyisay.com



တစ်ကြိမ်ဖွင့်သော ဈေးဖြစ်သည်။ နာမည်ကျော်ကြားသော သည်အကြောင်းတွေကို မြင်ရဖို့ အခွင့်အရေးကို လက်လွတ်ခံလို့မဖြစ်ချေ။ သုစန္ဒီက စဝ်ကို ကားခဏ ရပ်ခိုင်းလိုက်သည်။ သူက စိတ်မပါစွာဖြင့် အစီအစဉ်တွင်မပါသော ခရီးစဉ်ကို သဘောတူလိုက်ရသည်။ သုစန္ဒီ၏စိတ်ထဲတွင် ဘော်ကြိုဘုရားပွဲဈေးကို ပြန်မြင်ယောင်လာမိလေသည်။ တောင်ပေါ်နေလူမျိုးပေါင်းစုံ၏ အရောင်အသွေးစုံ အဝတ်အစားများ၊ အမျိုးအစုံစုံသော ရောင်းချစရာပစ္စည်းများ၊ စားစရာအစာအမျိုးမျိုးကို စွဲဆောင်မှုရှိသောအနံ့များဖြင့် ရောင်းချနေကြသူများကို ပြန်မြင်လာမိတော့သည်။ စဝ်၏ဆန္ဒကို ဆန့်ကျင်ပြီး သုစန္ဒီသည် အကြော်များ၊ နွားနို့ခြောက်များနှင့် အရသာရှိသော အစာများကို နမ့်ခမ်းနယ်နားတွင် ဝယ်လေတော့သည်။ ရိုးရာ အစားအစာအဖြစ် နွားနို့ကို ပါးပါးလေးလုပ် အခြောက်ခံထားပြီး ဝါးနှီးလေးတွေဖြင့် တွယ်ထားလေသည်။ ထိုနွားနို့ခြောက်ကို ပြုလုပ်တတ်သော အတတ်သည် မွန်ဂိုတွေ ထံမှ ဆင်းသက်လာခြင်းဖြစ်သည်။ သူတို့သည် ဤဒေသတွင် နို့ထွက်ပစ္စည်း အမျိုးမျိုးကို ပြုလုပ်တတ်သော တစ်မျိုးတည်းသော လူမျိုးဖြစ်လေသည်။ နွားနို့ခြောက်ကြော်၏အရသာမှာ ထူးဆန်းစွာ ချိုချဉ်အရသာရှိနေသည်။ ထိုအနံ့ သည် တစ်ဈေးလုံးကို စိမ့်ဝင်ပျံ့နှံ့နေတော့သည်။

''ဆယ်လန့်ရွာရောက်ရင် မောင်ဗွိုင်းနိုင်းမွန်နေရာကို ကြည့်ချင်တယ်။ ၁၃ ရာစုက ရှမ်းအင်ပါယာရဲ့ မြို့တော်ပေါ့''

စဝ်က ပြောသည်။ ထူထဲစွာ ပေါက်ရောက်နေသော ဝါးပင်အစုများ၊ များပြားလှသော ဆူးပင်ချုံနွယ်ပင်များ ပေါက်ရောက်ဖုံးကွယ်နေသည့်တိုင် ရှေးဟောင်းမြို့တော်၏ မြို့ရိုးအထပ်များကို အခုတိုင် ထင်ရှားစွာမြင်နေရသေး လေသည်။ မည်သည့် ရှေးဟောင်းသုတေသနအဖွဲ့မှ မလာကြပါ။ သို့သော် ရွာက စိတ်အားထက်သန်သော လူတွေက မြို့ရိုးခံတပ် အုတ်တစ်လျှောက်နှင့် ရေချိုးကန်နေရာကို တောမဖြစ်အောင် ရှင်းလင်းခုတ်ထွင်ထားလေသည်။ စဝ်တို့ အဖွဲ့ရောက်လာသောအချိန်တွင် ရွာက အသက်ကြီးကြီး အဘိုးအိုတစ်ယောက်က ဓားတစ်လက်ဖြင့် ချုံများကို ရှင်းလင်းခုတ်ပစ်နေသည်။

သူသည် ဂုဏ်ယူစွာဖြင့် နှစ်ပေါင်း တစ်ထောင်သက်တမ်းရှိ အသေးစိတ် ပြုလုပ်ထားသော ကျောက်တုံးမြို့ရိုးကို ပြလေသည်။ သူနှင့်သူ့ရွာသားများ သည် မဖုံးကွယ်ကြချေ။ သည်ရိုးရိုးရှင်းရှင်းနှင့် စွဲမက်စရာကောင်းလှသော

www.nyisay.com



နေရာလေးတွင် မြို့တော်ကြီးရှိခဲ့ဖူးသည်။ သူမသည် မြို့ထဲက ရှေးဟောင်းမြို့ရိုး တစ်ခုပေါ်တွင် ရပ်နေမိပါလားဟု တွေးမိလေသည်။ အောက်မှာတော့မူ အရောင် တလက်လက်ထနေသော မြစ်ကြီးသည် အနောက်ဘက်သို့ ကွေ့ပတ်ဝေ့ပြီး စီးဆင်းနေသည်။ တောင်ကြားကမ္ဘာကလူတွေ အသက်ရှင်ဖို့ ပေးလေသည်။

သူတို့ နမ့်ခမ်းမြို့ကိုရောက်သည်။ ကချင်နှင့် ရှမ်းပြည်နယ်နိမိတ် နှစ်ခုကြားတွင် တည်ရှိလေသည်။ သူတို့သည် ဒေါက်တာဂျော်ဒန်ဆီးဂရိဗ် တည်ဆောက်ခဲ့သော ခုတင် ၂၀၀ ဆန့် သင်ကြားရေး ဆေးရုံသို့သွားကြည့်ကြသည်။ သူစန္ဒီ အမေရိကန်တွင်ရှိစဉ်က သူ့စာအုပ်ဖြစ်သော ဘားမားဆာဂျင်ကို ဖတ်ခဲ့ ဖူးသည်။ စဝ်က ဒီလို ထူးထူးခြားခြားလူမျိုးကို သိသည့်အတွက် သူမ စဝ်ကို မနာလိုဖြစ်မိလေသည်။ ဒေါက်တာဆီးဂရိဗ်ကို ဗမာနိုင်ငံ၏ အဲလ်ဘတ်ဇစ်ဇာဟု ထင်မိသည်။

သူမသည် သူနှင့် သိကျွမ်းဖို့ရာ အချိန်အတော်ကြာကပင် စောင့်မျှော် နေခဲ့သည်။ သူ့ဆီက ကောင်းစွာသင်ကြားပေးထားသော သားဖွားဆရာမများကို သီပေါက မိခင်နှင့်ကလေးတွင် ခေါ်ယူ အလုပ်လုပ်စေခဲ့သည့်အကြောင်းကို သူ့အားပြောပြချင်နေခဲ့လေသည်။

တစ်ဆောင်၊ နှစ်ဆောင်တွဲ ဆေးရုံအဆောက်အဦ တည်ဆောက်ပုံခြင်း မတူညီတာကို တွေ့ရသည်။ သူတို့သည် မြစ်ထဲက မရေတွက်နိုင်သော ကျောက်တုံးများကို တစ်တုံးပေါ်တစ်တုံးဆင့်၍ အင်္ဂတေကိုင်ပြီးဆောက်လုပ် ထားသည်။ အမိုး၊ ပြတင်းပေါက်များနှင့် တံခါးပုံစံများကို အင်္ဂလန်က တဲကုတ်ပုံတွေမှ အတုခိုးပြုလုပ်ထားဟန်ရှိသည်။ ထိုပုံစံမျိုးက တစ်ကမ္ဘာလုံးတွင် မည်သည့်နေရာမှာမှ မရှိချေ။ ဒေါက်တာဆီးဂရိဗ်က ဂုဏ်ယူစွာဖြင့် သူ့ဆေးရုံထဲကို လိုက်လံပြသလေသည်

သူ့အထူးကျွမ်းကျင်သော ခွဲစိတ်ပညာဖြင့် လည်ပင်းကြီးရောဂါ၊ အစာအိမ်ရောဂါတို့ကို ခွဲစိတ်သော သူ၏အမည်းစက် တစ်စက်မရှိသော အဓိကဖြစ်သော သူ့ခွဲစိတ်ခန်းကို ပြလေသည်။ သူ့ဆေးရုံတွင် လူနာများပြည့်နှက် နေလေသည်။ သူတို့သည် အနီးနားနှင့် ဝေးကွာသောအရပ်တွေမှ သူ၏ နာမည်ကျော်ကြားမှုအတွက် လာရောက်ဆေးကုသခံနေကြခြင်း ဖြစ်လေသည်။ ထို့အပြင် သူဖွင့်လှစ်ထားသော ဤတိုင်းပြည်၌ အကောင်းဆုံးသူနာပြုသင်တန်း

www.nyisay.com



သို့လည်း အနယ်နယ်မှ ရှမ်း၊ ကချင်၊ ကရင်အမျိုးသမီးများ လာရောက်သင်ကြား ကြလေသည်။ ဆံစဖွေးဖွေး ခွဲစိတ်ဆရာဝန်သည် သူ လွန်ခဲ့သောနှစ်ပေါင်း ၄၀ က ဒီဆေးရုံကို မည်သို့ ခက်ခက်ခဲခဲ တည်ဆောက်ခဲ့ရပုံကို ပြန်ပြောပြနေသည်။ သူက သူ့ တောင်တွေကြားကဆေးရုံ (သူ့စာအုပ်အမည်)ကို ဘယ်တော့မှ မခွဲခွာ ချင်ပါဟုလည်းပြောပြသည်။ သူက နောက်ထပ် အဆောက်အဦ တိုးချဲ့ဖို့အတွက် ရန်ပုံငွေအလှူခံနေလေသည်။ ထို့ကြောင့် ဆေးရုံတက်ဖို့ လာသောသူများကို နေရာမရှိလို့ ပြန်ခိုင်းရတာမျိုးက ဝေးရမည်ဖြစ်လေသည်။ စဝ်နှင့် သုစန္ဒီတို့သည် စိတ်ပူပင်စွာဖြင့် ဆေးရုံမှ ကားကိုမောင်းပြေးကြလေသည်။

အကယ်၍ သူသည် သူ့ခွဲစိတ်သုံးဓားကို မထိန်းချုပ်နိုင်ခဲ့လျှင် သူတို့က ဆေးရုံက ခွဲစိတ်ဆရာဝန်၏အလုပ်အတွက် အလှူငွေပေးနေကြရလိမ့်မည်။ ခွဲစိတ်ဆရာဝန်၏ လက်တွေသည် အကြောင်းမည်မည်ရရမရှိပါဘဲ တစ်ချိန်လုံး လှုပ်လှုပ်ရွရွ ဖြစ်နေတာကို သူတို့သတိပြုမိကြလေသည်။

ညနေကျတော့ သူတို့သည် မူဆယ်က ပီဒဗလူဒီ ပြည်ထဲရေးက ဘန်ဂလိုမှာပဲ ညအိပ်ကြရမည်။ မူဆယ်တွင် တည်းခိုခန်း၊ ဟိုတယ် မရှိချေ။ ကားဒရိုင်ဘာ လေးယောက်သည် စဝ်ကို လာအသိပေးကြလေသည်။ မူဆယ် နမ့်ခမ်းဒေသတွင် ဓာတ်ဆီဆိုင် မရှိချေ။ ကားထဲတွင် ဓာတ်ဆီကနည်းနေကြလေပြီ။ အတွေ့အကြုံရှိသော ဒရိုင်ဘာဇင်းနသည် ဓာတ်ဆီရနိုင်သော နေရာလေးတွေကို လိုက်ရှာသော်လည်း အချည်းနှီးပင် ဖြစ်နေသည်။ သို့သော် သူကညွှန်းသည်။ ဒေါက်တာဆီးဂရိဗ်သည် အမြဲသိနေသည့်အတွက် သူ့ထံတွင် ဓာတ်ဆီအပိုများ ဆောင်ထားတတ်သည်ဟု သူက ပြောလေသည်။ နောက်တစ်နေ့တွင် တရုတ်ဗိုလ်ချုပ် နှင့်တွေ့ဖို့ ချိန်းဆိုထားကြသည့်အတွက် စဝ်မှာ ရွေးစရာလမ်းမရှိတော့ချေ။ သို့နှင့် နမ့်ခမ်းဆေးရုံသို့ ကားလေးစီးလုံး ပြန်မောင်းသွားကြရလေတော့၏။ ဒေါက်တာ ဆီးဂရိဗ်က ဝမ်းသာအားရပဲ ကူညီပေးရှာလေသည်။ ပြီးနောက် စဝ်သည် ကျေးဇူးတင်စွာဖြင့် ရက်ရက်ရောရောပဲ ဆေးရုံအဆောက်အဦအသစ်အတွက် အလှူငွေထည့်လေတော့သည်။

နောက်ဆုံး၌ နောက်တစ်နေ့မနက်စောစောတွင် သူတို့ ကားတန်းသည် မြန်မာဘက်ခြမ်းတွင်ရှိသော နယ်စပ်ဂိတ်မြို့ ပန်ဆိုင်းသို့သွားကြသည်။ ထိုနေရာတွင် အခြားနယ်ခြားနယ်နိမိတ်ရေးဆွဲရေးကော်မရှင် နောက်ထပ်

www.nyisay.com



သုံးယောက်နှင့် ပူးပေါင်းကြရသည်။

မြို့လယ်ကောင်ကို ဖျက်ဆီးထားသော်လည်း မသေမသပ်ပြန်ဆောက်လုပ်ထားသော အဆောက်အဦ အနည်းငယ်တော့ ကျန်ရစ်နေသေးလေသည်။ သည်နယ်စပ်ဂိတ်နေရာတွင် ဘာမှ အရေးတကြီးတွေးနေရမည့် ကိစ္စမရှိချေ။ ဤဗမာလမ်းမကြီးနေရာမှဖြတ်ပြီး လွန်ခဲ့သော ၁၄ နှစ်က မရေတွက်နိုင်သော ထရပ်ကားပေါင်းများစွာသည် ထောက်ပံ့ရေးပစ္စည်းများကို တရုတ်ပြည်သို့ ပို့ပေးနေခဲ့ရလေသည်။ ထိုအချိန်ကတည်းက နယ်စပ်ဂိတ်ကို ပိတ်ထားခဲ့သည်မှာ ဆယ်စုနှစ်ပင် ကျော်နေခဲ့လေပြီ။ သည်နေရာတွင် အဆောက်အဦအသစ်များ ပြန်ဆောက်ဖို့ စိတ်အားတက်ကြွပုံမရချေ။

စဝ်သည် သူနှင့် လုပ်ဖော်ကိုင်ဖက် သုံးယောက်ကို ကော်ဖီဆိုင်တွင် တွေ့ရသည်။ ယူနီဖောင်းဝတ်ထားသော တရုတ်နှစ်ယောက်သည် အစာတစ်ခါမှ မစားဖူးသလို ပန်းကန်ထဲကခေါက်ဆွဲကို အငမ်းမရ စားနေကြတာကို တွေ့ရလေသည်။

"သူတို့ ဒီနေရာလာရင် အမြဲဆာနေကြတာပဲ"

ဆိုင်ရှင်မိန်းမက ရှမ်းလို ပြောလိုက်သည်။

"သူတို့က ပိုက်ဆံမရကြဘူးလေ။ ဒါပေမဲ့ ကျွန်မက သူတို့ငတ်နေတာကို ကြည့်မနေနိုင်ဘူးလေ"

သူမက ဆက်ပြောသည်။ သူတို့စားပွဲပေါ် နောက်ထပ် ဟင်းတစ်ပန်းကန် ချပေးရင်း ပခုံးတွန့်ပြီး ပြောလေသည်။

နယ်စပ်လုံခြုံရေး လှည့်ကင်းအရာရှိနှင့် စဝ်တို့အုပ်စု ကာဖီဆိုင်တွင် ဆုံမိကြသည်။ အရာရှိလူငယ်က သူတို့ကားတွေကို အောက်က ကျဉ်းမြောင်းသော နှစ်နိုင်ငံအကြားရှိ နယ်ခြားပေးထားသော ချောင်းလေးထဲ ကျမသွားစေရန် စောင့်ရှောက်ပေးသည်။

ထိုအချိန်၌ သူတို့သည် နယ်စပ်တံတားအနီး နီးကပ်စွာရောက်သွားချိန် ဖြစ်ပြီး တရုတ်ပြည်ဘက်ပိုင်းက ဝမ်တိန်မြို့၏ မည်မည်ရရရှိသော အဆောက်အဦတို့ကို မြင်လာလေသည်။ အရာရှိ၊ ယောကျ်ားလေးယောက်နှင့် သုစန္ဒီတို့သည် တံတားပေါ်ခြေချလိုက်ကြပြီး တံတားအလယ်သို့ ပေ ၃၀ မျှ လျှောက်သွားလိုက်ကြသည်။ ရိုင်ဖယ်သေနတ်ကို အသင့်ကိုင်ထားသော

www.nyisay.com



တရုတ်စစ်သားနှစ်ယောက် သူတို့ကိုမြင်သည်အထိ ရပ်စောင့်နေကြရသည်။ မြန်မာအရာရှိက သူတို့ကို တရုတ်စစ်သားထံ ပို့ပေးပြီးသောအခါ စစ်သားတစ်ယောက်က သူ့အစောင့်ဂိတ်ဆီပြန်သွားနေစဉ် ကျန်တစ်ယောက်က လမ်းကိုပိတ်ထားလေသည်။ သုစန္ဒီက သူတို့ကို နည်းနည်းတော့ နွေးနွေးထွေးထွေး ကြိုလိမ့်မည်ဟု မျှော်လင့်နေခဲ့သည်။ အံ့ဩဖို့ကောင်းလိုက်တာ သူမရှိနေတာ တောင်မှ တခြားစီလုပ်လေသည်။ သူမတစ်လျှောက်လုံးလိုက်လာတာကို မှန်သည်ဟု အခိုင်အမာယူဆထားမှုသည် အခုတော့ မသေချာလှတော့ပေ။ သူတို့အဆောက်အဦအတွင်းမှ ယူနီဖောင်းဝတ်လူ တစ်ဒါဇင်လောက် အဆောက်ဦးရှေ့သို့ ထွက်လာခဲ့ကြပြီး တံတားပေါ်သို့လျှောက်လာကြရာ ၁၀ မိနစ်ကြာလေသည်။ သူတို့ ဘာလက်နက်မှ ကိုင်ဆောင်မလာကြချေ။ သူတို့ခေါင်းဆောင်က စင်ကို အလေးပြုပြီး မြန်မာလိုပြောသည်။

''ကျေးဇူးပြုပြီး ကျွန်တော်တို့နောက်က လိုက်ခဲ့ကြပါ။ ဗိုလ်ချုပ်က မျှော်နေပါတယ်''

သူက သုစန္ဒီကို သံသယမျက်လုံးဖြင့် ကြည့်လိုက်သည်။ မြန်မာအဝတ်အစားဝတ်ထားသော လူဖြူမိန်းမတစ်ယောက်၊ အထူးသဖြင့် သူမသည် မြန်မာအရာရှိ နောက်ပြန်လှည့်ထွက်သွားသည့်အခါ အရာရှိနှင့်အတူ သူမက ပြန်လိုက်မသွားဘဲနေသည်။

ဗိုလ်ချုပ်လီက သူတို့ကို စည်းကမ်းတင်းကျပ်သော ရုံးခန်းအတွင်းမှ ဝမ်းသာအားရကြိုသည်။ အခန်းထဲတွင် စားပွဲလွတ်တစ်လုံး၊ ထိုင်ခုံ ၆ လုံးနှင့် နံရံပေါ်တွင် ကြီးမားသော ဥက္ကဋ္ဌကြီးမော်စီတုံး၏ပုံကို ချိတ်ထားသည်။ သူတို့ကို စပယ်နံ့သင်းသော လက်ဖက်ရည်ကြမ်းဖြင့် ဧည့်ခံနေစဉ် ဗိုလ်ချုပ်လီက သုစန္ဒီ ဘာလူမျိုးလဲဆိုတာကို သေချာအောင် စကားပြန်ဖြင့် မေးနေလေသည်။

သူမသည် ဩစတြီးယားနိုင်ငံကလာတာပါဟု သူကြားလိုက်ရလျှင် သူ့ကြည့်ရတာ အတော်လေး စိတ်သက်သာရာရသွားဟန် ရှိလေသည်။ ပြီးနောက် သူက လှည့်လည်သွားမည့်နေရာများသို့ အတူသွားဖို့ သုစန္ဒီကို ဖိတ်ခေါ်လေသည်။ ထို့နောက် အလွန်အမှတ်တရဖြစ်ရသော ခရီးလေးဖြစ်သည်။ လမ်းတွေက အလွန်သန့်ရှင်းသပ်ရပ်သည်။ ဖြတ်လာခဲ့သော အဆောက်အဦတွေမှာ လူမတွေ့ရချေ။

''ဒီဟာက ယောကျ်ားအဆောင်''

www.nyisay.com



ဗိုလ်ချုပ်လီက ဂုဏ်ယူစွာဖြင့် သွပ်မိုးများဖြင့်ဆောက်လုပ်ထားသော ခပ်နိမ့်နိမ့် အဆောက်အဦတန်းအရှည်တွေကို လက်ညှိုးထိုးပြသည်။ အခုချိန်ထိ သက်ရှိကို မမြင်မိသေး။

လမ်းအောက်ဘက် ကိုက်တစ်ရာခန့်အကွာတွင်ရှိသော အဆောက်အဦကို ပြပြီး မိန်းမဆောင်ဟုပြောသည်။ သူတို့ရပ်ပြီး အတွင်းကိုကြည့်ကြသည်။ သန့်ရှင်းနေသော အင်္ဂတေသမံသလင်း၊ တစ်ခုနှင့်တစ်ခု အရွယ်တူသော ခုတင်လေးတွေကို ရှည်လျားစွာ နှစ်တန်းတန်းထားသည်။ ထိုခုတင်တွေပေါ်တွင် စောင်တွေဖြင့် ဖုံးအုပ်ထားလေသည်။

ကြည့်ရတာ စခန်းချနေပုံရသည်။ ယခုလောလောဆယ်တွင် အသုံးပြုပုံ မရဟု သုစန္ဒီ တွေးသည်။ သူမ မေးခွန်းတွေမမေးတာ အကောင်းဆုံးဖြစ်မည်ဟု ဆုံးဖြတ်လိုက်သည်။ သို့သော် သူမသည် စပ်စုစွာဖြင့် သိချင်နေမိသည်မှာ မိသားစုတွေ ဘယ်မှာနေကြသလဲ။ ဘယ်အချိန်မှာ ဒီအဆောင်လူပြည့်မလဲ။

ထို့နောက် သူတို့ကလေးတွေကို တွေ့ရသည်။ သူတို့သည် ၁၂ နှစ် ၁၃ နှစ်အရွယ် မိန်းကလေး ယောက်ျားလေး ရောနေလေသည်။ သူတို့သည် အပေါ်အောက် အားလုံးအပြာရောင် တူညီဝတ်စုံကို ဝတ်ထားကြသည်။ အင်္ကျီလက်ရှည်ဝတ်ထားကြသဖြင့် မိန်းကလေး၊ ယောက်ျားလေး ခွဲမရချေ။ ဒါဇင်များစွာသော သူတို့သည် စစ်သုံးဂျစ်ကားနားတွင် စုနေကြပြီး ဗိုလ်ချုပ်က သူတို့ကို စကားနည်းနည်းပြောသောအခါ ရှက်ရွံ့ကာ တခစ်ခစ် ရယ်နေကြလေသည်။

''သူတို့ အခု နားချိန်လေ''

ဟု သူက ရှင်းပြသည်။

''ဒါပေမဲ့ ခဏနေရင်သူတို့ စာသင်ခန်းကိုပြန်သွားကြရမှာ''

အပြာရောင်ဘောင်းဘီနှင့် အပြာရောင်မော်စီတုံးကုတ်အင်္ကျီ ဝတ်ထားသော မိန်းမများစွာသည် အဆောက်အဦအတွင်းမှ ထွက်လာကြပြီးနောက် သူတို့တာဝန်ရှိသူက အုပ်စုလိုက် ပြန်ပြီးအထဲဝင်ခိုင်းလိုက်လေသည်။ ကလေးတွေက ဧည့်သည်တွေဘက်ကို နောက်ကျောပေး လှည့်လိုက်ကြသည်။ သူတို့အားလုံး၏အင်္ကျီနှင့် ဘောင်းဘီတွဲရက်များကို နောက်ဘက်မှာ ခါးမှ ခွထိ ခွဲထားကြသည်ကို ထင်ထင်ရှားရှားမြင်ရသည်။ သူတို့အောက်က တစ်ပိုင်းတစ်စမှာ ဗလာကျင်းနေသည်။ သုစန္ဒီက သူမ၏ စပ်စုလိုစိတ်ကို

www.nyisay.com



ကြာကြာဆက်သိမ်းမထားနိုင်ပါ။

“မိုလ်ချုပ် ဒီကလေးအားလုံးကို ဘာလို့ နောက်ကျောဘက်က ခွဲထားရတာလဲ”

“ဘာလို့လဲဆိုတော့ ဒါသိပ်ကို အကျိုးရှိလို့ပါ။ ကလေးတွေက အဆောင်မှာနေပြီး အလုပ်ခွင်ထဲမှာ သူတို့ဘာသာသူတို့ တိုက်ရိုက်သက်သာရာ ရစေတယ်။ ဒီနည်းက ဘာမှ အလေအလွင့်မဖြစ်တော့ဘူး။ စွမ်းအားအရင်းအမြစ်ရော အပိုအင်အားတွေရောပေါ့”

စဝ်က ပြန်မမေးလိုက်ခင်မှာ စဝ်နှင့် သုစန္ဒီတို့ အကြည့်ခြင်းဖလှယ် လိုက်ကြသည်။

“ဘယ်အချိန်ကျရင် ဒီကလေးတွေ သူတို့မိဘတွေဆီ ပြန်သွားရလဲ”

“သူတို့ ပြန်စရာမလိုဘူး။ ပါတီက သူတို့ကို ကြည့်ရှုစောင့်ရှောက်တယ်။ ပညာသင်ပေးတယ်”

“သူတို့မှာ မိသားစုဘဝ မရဘူးလို့ ခင်ဗျားဆိုလိုတာလား”

“မဟုတ်ပါဘူး။ ကျွန်တော် အစောချည်းကတည်းက ယောကျ်ားဆောင်၊ မိန်းမဆောင်တွေ သပ်သပ်စီပြခဲ့ပြီးပြီလေ။ ဟုတ်ပါတယ်။ အချိန်ကျတဲ့အခါ စုံတွဲတွေ အတူနေဖို့နေရာ ကျွန်တော်တို့မှာရှိပါတယ်”

ပြုံးဖြီးဖြီးဟန်လုပ်ပြောလေသည်။ ခဏရပ်လိုက်ပြီး မိုလ်ချုပ် ဆက်ပြော သည်။

“ဒါ ဘုံစနစ်ပုံစံပေါ့ နားလည်တယ် မဟုတ်လား။ ကျွန်တော်တို့က လူတွေကို အရှေ့ဘက်တိုင်းကနေခေါ်ပြီး ဒီနေရာတွေမှာ နေစေတယ်။ ကျွန်တော်တို့ ရဲဘော်တွေအားလုံး လယ်ထဲမှာ အလုပ်လုပ်ကြတယ်။ ဒီနားက သံရည်ကြိုစက်ရုံမှာ လုပ်ကြတယ်”

“နယ်ခံလူထုကရော ဘယ်လိုရှိလဲ”

စဝ်က မေးပြန်သည်။

“သူတို့ကတော့ မပူးပေါင်းချင်ကြပါဘူး”

မိုလ်ချုပ်က တောင့်တောင့်တတ ပြန်ဖြေလေသည်။

“တချို့က မြစ်ကိုဖြတ်ပြီး ခင်ဗျားတို့တိုင်းပြည်ထဲ ပြေးကြတယ်။ တချို့ကျတော့ အင်း သူတို့ကို ဖြုတ်ထုတ်ပစ်လိုက်တာပေါ့ဗျာ။ အဲဒါ

www.nyisay.com



သိပ်အဖိုးတန်တာပေါ့။ အလုပ်သမားတွေရဲ့ ဒီလောကနိဗ္ဗာန်ဘုံကို ကျွန်တော်တို့က သိပ်ဂုဏ်ယူတာဗျ။ နားလည်တယ် မဟုတ်လား''

စင် ဘာတစ်ခွန်းမျှ ပြန်မပြောတော့ပါ။ အခြားသုံးယောက်လည်း ထိုနည်းတူပင် ဖြစ်လေသည်။ စင် မျက်မှောင်ကျုံ့လိုက်တာကို မြင်လိုက်လို့ သူစိတ်ပျက်နေပြီဖြစ်ကြောင်း သုစန္ဒီ ပြောနိုင်သည်။ သူမသည် 'ဖြုတ်ထုတ်' ဟူသော စကားကိုကြားလိုက်ရသောအခါ ကြောက်ရွံ့တုန်လှုပ်သွားမိလေသည်။ လူဖြစ်တည်မှုဘဝကို ဆန့်ကျင်သော အကြမ်းဖက်မှုကြီးဖြစ်လေသည်။ သူမွေးဖွားကြီးပြင်းလာသော တိုင်းပြည်တွင်မူ သည်ကိစ္စသည် ပြစ်မှုတစ်ခုဖြစ်နေလေသည်။

သူတို့ ခရီးဆက်ကြသည်။ သူတို့ရှေ့မှဖြတ်ပြီး ကွင်းတစ်ခုမှ ကွင်းတစ်ခုသို့သွားကြသော အလုပ်သမားတွေကို ခေါင်းဆောင်က ဝီစီမှုတ်ပြီးခေါ်သွားသည်။ သူတို့ အားလုံး၏မျက်နှာများသည် နုပျိုပြီး စိတ်အားတက်ကြွနေကြဟန်ရှိလေသည်။ သူတို့ကိုမြင်တော့ သုစန္ဒီ သွားအမှတ်ရမိစေပြန်သည်။ သူမငယ်ငယ်က ဩစထြီးယားတွင်နေစဉ်က ဟစ်တလာ၏ လူငယ်ရှပ်ညို တပ်သားများကို ပြန်မြင်ယောင်မိလေသည်။ ယူနီဖောင်းနှင့် လူမျိုးသာကွာသွားပြီး တက်ကြွနေကြသော စိတ်အခံတွေကတော့ အတူတူပင် ဖြစ်နေကြလေသည်။

မိုလ်ချုပ်သည် နောက်ဆုံးတွင် ဘုံစတိုးဆိုင်ကြီးရှေ့တွင် ရပ်လိုက်သည်။ ပြီးနောက် သူက မြန်မာငွေဖြင့်ဝယ်လျှင်လည်း လက်ခံပါသည်ဟု ဆိုလေသည်။ အလွန်နည်းပါးလှစွာသော ပစ္စည်းလေးတွေသာရောင်းသည်။ ပိုးထည်လည်စီး အနည်းငယ်၊ ဖောင်းကြွရုပ်လုံးဖော်ထားသော သားရေပိုက်ဆံအိတ်လေးတွေနှင့် အချိတ်ပိုးထည်နှစ်ထုပ်သုံးထုပ်သာ ဖြစ်လေသည်။ သုစန္ဒီက ရွေးချယ်ဖို့ကြိုးစားနေချိန်တွင် စင်က သူမနားတိုးတိုးကပ်ပြီး အင်္ဂလိပ်လို ပြောလေသည်။

''ဘာတစ်ခုမှ မဝယ်နဲ့။ မောင်က ဒီစိတ်ပျက်စရာကောင်းတဲ့ စနစ်ကြီးကို ထောက်ပံ့ဖို့အတွက် တစ်ပြားမှ မပေးချင်ဘူး''

သို့သော် သုစန္ဒီက နားမထောင်ပါ။ သူမသည် တရုတ်ပြည်ရောက်ခဲ့သည်ကို အပြန်တွင်အနိုင်အမာ သက်သေပြရန်အတွက် အမှတ်တရပစ္စည်းတစ်ခုခု ဝယ်ကိုဝယ်ရမှုဖြစ်မည်ဟု ခံစားရလေသည်။ နောင်တွင် သုစန္ဒီသည် တရုတ်ပြည်သို့ သွားခဲ့သောခရီးနှင့် ဒီအဖြစ်ကို တိတိကျကျ ပြန်တွေးကြည့်မိသောအခါ စင် တောင်းဆိုခဲ့သော စကားကို သူမက အလေးမထားဘဲ လုပ်ခဲ့မိခြင်းအတွက်

www.nyisay.com



အလွန်ပင် နောင်တရနေမိလေသည်။ သူမသည် အသုံးမကျသော အမှတ်တရ ပစ္စည်းများကို ဝယ်ခဲ့မိပြီး စဝ်ကိုလည်း ဆိုးဆိုးဝါးဝါးပင် မကျေမနပ်ဖြစ်ခဲ့သေးသည်။ ထိုပစ္စည်းများကို ဝယ်လာပြီးကတည်းက သူမလည်း နှစ်ပေါင်းများစွာ တစ်ခါမှ ပြန်မကြည့်ဖြစ်တော့ချေ။

တရုတ်တို့၏စနစ်ကြီးအား ဖင့်နွဲ့လေးပင်အောင် ဆန့်ကျင်ထုံကိုက်သောအနေဖြင့် ရိုးရှင်းသော စီးပွားရေးနှင့်ပတ်သက်သော အားမပေးမှုကို ထုတ်ဖော်ပြတာလေးတောင်မှ သူမသည် စဝ်အတွက် ထောက်ခံမပေးခဲ့တာကို တွေးမိတိုင်း နောင်တရမိလေသည်။

✦ ✦ ✦

မွိုင်းက သူ့သခင်မကိုဝင်လာပြီး လိုက်ရှာနေရာ သူမကို ဝရန်တာမှာ တွေ့လိုက်ရလို့ စိတ်သက်သာရာရလေသည်။

''ဘာလဲ မွိုင်း''

သုစန္ဒီသည် မျှော်လင့်ချက်ကြီးစွာဖြင့် သတင်းကောင်း သတင်းထူးလေးများ ကြားရမလားလို့ သူ့အထိန်းတော်ဘက် လှည့်ကြည့်လိုက်ပြီး မေးလိုက်သည်။

''အခု ကိန္နရီမွေးနေ့ပွဲ စီစဉ်ဖို့အချိန်ရောက်နေပြီ''

မွိုင်း ပြောလိုက်သည်။ ဒီကိစ္စသည် အသေးအဖွဲကိစ္စလေးဖြစ်ပြီး သုစန္ဒီသည် ကြောက်မက်ဖွယ်ရာ ကိစ္စတွေထဲက ဒီမွေးနေ့ပွဲကိစ္စကို တစ်ရက်တော့ စိတ်ပါလက်ပါ ဆွေးနွေးနိုင်လိမ့်မည်ဟု သူမသိပါသည်။

သို့သော် သုစန္ဒီ ခေါင်းကို ခါရမ်းပြနေသည်။

''နည်းနည်းလောက် ထပ်စောင့်လိုက်ရအောင်''

သုစန္ဒီက စိတ်ပျက်လက်ပျက်ဖြင့် ပြောလေသည်။

''မဖြစ်ဘူးထင်တယ်''

မွိုင်းက ဆန့်ကျင်ပြီးပြောသည်။

''ကျွန်မတို့ မင်းသမီးလေးက သူ့သုံးနှစ်ပြည့်မွေးနေ့ပွဲအတွက် သိပ် စိတ်လှုပ်ရှားနေတယ်။ သူ့ကို စိတ်မကောင်းမဖြစ်စေချင်ဘူး''

''ရှင်ပြောတာ မှန်ပါတယ် မွိုင်း''

သုစန္ဒီလက်ကို ဆန့်ထုတ်လိုက်ပြီး အင်္ကျီလက်ကို ခေါက်လိုက်သည်။

www.nyisay.com



''ဒီကိစ္စတွေကို ကလေးတွေ မခံစားစေချင်ပါဘူး။ ကျွန်မတို့ပွဲကို ခမ်းခမ်းနားနား လုပ်ကြရအောင်''

ထို့နောက် သူတို့နှစ်ယောက်ခေါင်းချင်းဆိုင်ပြီး ရှမ်းဩစထြီးယား မွေးနေ့ပွဲကိုကျင်းပဖို့ အသေးစိတ် ငြင်းခုံကြလေသည်။ သူတို့သည် ပြီးခဲ့သော ကလေးမွေးနေ့ပွဲတွေအကြောင်း ပြန်ပြောကြရင်း ရိုးရာဓလေ့ဆန်သော ပွဲမျိုးဖြစ်အောင် ဘယ်လိုလုပ်ကြမလဲဆိုတာကို တိုင်ပင်ကြသည်။

မာယာရီနှင့် ကိန္နရီတို့သည် အနောက်တိုင်းဟန် မွေးနေ့ပွဲမျိုးကို သဘောကျကြသည်။ မွေးနေ့လက်ဆောင်တွေအများကြီး၊ မွေးနေ့ကိတ်ကြီးတစ်ခုနှင့် ဖယောင်းတိုင်များကို ကြိုက်ကြသည်။ အခုအခါ ဂတော့ ရှမ်းဓလေ့အတိုင်း မွေးနေ့ပွဲလုပ်တာက ပိုသင့်လျော်မည်။ လက်ဆောင်ယူတာထက် ကျွေးမွေးတာက ပိုကောင်းမည်ဟုထင်လေသည်။ သုစန္ဒီက သူတို့ရိုးရာဓလေ့အတိုင်း မိသားစုအတွင်း တွင်သာ မွေးနေ့ပွဲလုပ်ဖို့ အခိုင်အမာ ပြောနေတော့သည်။

သူမ၏သမီးတွေမွေးနေ့ပွဲများတွင် အရှေ့ဟော်နန်းက ကလေးတွေအားလုံးကို ဖိတ်ခဲ့သည်။ ဒါဇင်ကျော်သော မိန်းကလေး ယောက်ျားလေးများသည် ဖိနပ်မပါဘဲ အကောင်းဆုံးအဝတ်အစားများကို ဝတ်ဆင်ထားကြပြီး ညှော်ခန်းမထဲတွင် ပြည့်နှက် သွားကြသည်။ သူတို့သည် စကားတစ်လုံးမှမပြောကြဘဲ ခင်းထားသောကော်ဇော ပေါ်တွင် ထိုင်နေကြသည်။ အထူးအခွင့်အရေးအနေနှင့် ဤသို့ ဟော်နန်းအတွင်း ဝင်ခွင့်ရကြခြင်းကြောင့် သူတို့ကြောက်ရွံ့နေကြလေသည်။ သူတို့သည် ဘုရားရှိခိုး ကျောင်းထဲက ကြွက်လေးတွေလို ငြိမ်နေကြသည်။ သူတို့သည် မွေးနေ့ရှင်ကို သို့မဟုတ် အမေကို စောင့်နေကြသည်။ အမေက အထုပ်လေးတစ်ခုစီကို ကလေး တိုင်း၏လက်ထဲသို့ ထည့်ပေးလေသည်။ ထိုအထုပ်လေးထဲတွင် အဝတ်အစား၊ ကစားစရာနှင့် ချိုချဉ်တို့ပါလေသည်။ လက်သေးသေးလေးတွေသည် အလွန် အဖိုးတန်သော မွေးနေ့လက်ဆောင်တွေကို ကော်မုန့်နှင့် ချိုမြသော လိုင်းမကြူး ဖျော်ရည်တိုက်သည့်အချိန်အထိ ကျစ်ကျစ်ပါအောင် ကိုင်ထားကြသည်။ ပြီးတော့မှ ကမ္ဘာပေါ်ရှိမွေးနေ့ပွဲတိုင်းလို သူတို့သည် ကလေးစရိုက်အတိုင်း ပေါ့ပေါ့ပါးပါး ပျော်ပျော်ရွှင်ရွှင် နေကြတော့လေသည်။

သည်နှစ်မတိုင်ခင် လွန်ခဲ့သော နှစ်နှစ်မွေးနေ့ပွဲတုန်းက ကိန္နရီ မွေးနေ့ပွဲတွင် ကလေးတွေကို လက်ဆောင်တွေဝေပေးတာကို မြင်သောအခါ သူမမျက်လုံးမှ

www.nyisay.com



မျက်ရည်များစီးကျလာလေသည်။ အသက်ကြီးပြီး နားလည်လာသောအခါ သူမသည် သူမ၏မွေးနေ့ပွဲကို စောင့်မျှော်နေတော့သည်။

"မွိုင်း ကျွန်မစိုးရိမ်တယ်။ သူတို့အဖေက သမီးမွေးနေ့ပွဲကို အချိန်မီ ပြန်မရောက်ရင် ဘယ်လိုလုပ်မလဲ"

သုစန္ဒီ၏မျက်ဝန်းမှ မျက်ရည်များစီးကျလာပြီး သူမ၏သစ္စာရှိသော အထိန်းတော်အား စိုးထိတ်စိတ်ဖြင့် ကြည့်နေမိလေသည်။

"စော်ဘွားကြီးလာမှာပါ။ ဝန်ကြီးချုပ်တောင် အတူပါချင်ပါလာမှာ"

သုစန္ဒီ၏ ဂရုစိုက်မှုရအောင် မွိုင်းသည် အသံခပ်ကျယ်ကျယ်ဖြင့် သိအောင်ပြောလိုက်သည်။

"ဖြစ်နိုင်ပါတယ်လေ"

သုစန္ဒီ ပြောလိုက်သည်။ သမီးကြီးမာယာရီ၏ လွန်ခဲ့သော ၅ နှစ်က ပထမဆုံးပြုလုပ်သော မွေးနေ့ပွဲတုန်းက တအံ့တဩဖြစ်ခဲ့ရတာကို သွားအမှတ်ရမိ လိုက်သောကြောင့် သူမသည် စဝ်ကို ပိုလို့ပင်လာဖို့မျှော်လင့်နေမိတော့၏။

✦ ✦ ✦

တစ်နှစ်လုံး၏အပူဆုံးလတွင် ပူသောနေ့ဖြစ်လေသည်။ မွေးနေ့ပွဲကို အရှေ့ဟော်နန်းတွင် မနက်စောစောကပင် စတင်ကျင်းပခဲ့သည်။ ဒရိုင်ဘာနှင့် ဘူကောင်းသည် ဆွမ်းနှင့် ဟင်းချိုင့်များကို ဘုန်းကြီးကျောင်း ၁၅ ကျောင်းသို့ လိုက်လံပို့ပေးနေရသဖြင့် အလုပ်များနေကြလေသည်။ တက်ရောက်လာကြသော ကလေးများလည်း ညှိခန်းအတွင်းမှ ပြန်သွားကြပြီ။ သူမ၏အဖေသည် မာယာရီကို ထပ်ခါထပ်ခါ လှည့်ပတ်ပြေးနေသဖြင့် သူမသည် အသံများညံစီအောင် အော်ရင်း ပျော်ရွှင်နေလေသည်။ စဝ်က သူ့သမီးနှင့်ကစားနေရာမှ ရပ်လိုက်သည်။ အဘယ်ကြောင့်ဆိုသော် သူသည် အလည်ရောက်ရှိလာသော ဝန်ကြီးချုပ်ဦးနုကို လားရှိုးတွင် သွားရောက်တွေ့ဆုံရန်ရှိသောကြောင့် ဖြစ်လေသည်။

နေ့ခင်း ၂ နာရီတွင် လားရှိုးမှ စဝ်ဖုန်းလာလေသည်။ သူက သူ့မယားကို ကြေညာသည်မှာ ဝန်ကြီးချုပ်ဦးနုနှင့် ညှိသည်အယောက် ၄၀ ကို အရှေ့ဟော်နန်းတွင် လက်ဖက်ရည်ဖြင့် ညှိခံမည်။ နောက် ၂ နာရီဆို ဟော်နန်းကိုရောက်မည်ဟု ပြောလေသည်။ ထိုကြေညာချက်ကို ကြားရပြီးသော

www.nyisay.com



အခါ အရှေ့ဟော်နန်းတွင်ရှိကြသော လူတိုင်းသည် စတင်လှုပ်ရှားကြရတော့သည်။ ထမင်းချက်မေတ္တာက ပန်းကိတ်တစ်ရာကို တစ်နာရီအတွင်းအပြီး ဖုတ်သည်။ ကောလိန်နှင့် ထမင်းချက်ကောင်လေးများသည် သခွားသီး အသားညှပ်ပေါင်မုန့်များလုပ်သည်။ အခြားအလုပ်သမားများသည် ညှော်ခန်းတွင် လူ ၆၀ စာ စားပွဲနှင့် ထိုင်ခုံများချသည်။

သုစန္ဒီက ကားဖြင့် အမြန်သွားပြီး ပြည်နယ်ဝန်ကြီးများ၊ မြို့ခံလူကြီးများနှင့် ဆွေမျိုးများကို ခေါ်ခိုင်းသည်။ အချိန်ကျသောအခါ စဝ်နှင့်အတူ ညှော်သည်များ ရောက်ရှိလာကြသည်။ အရာရာတိုင်း လူတိုင်းအတွက် အဆင်သင့်ဖြစ်နေသည်။ ခမ်းနားကြီးမားသော လက်ဖက်ရည်ပွဲကိုမြင်လိုက်ရ သည်မှာ နေ့စဉ်လုပ်နေကျ အလုပ်လိုပင်ထင်ရသည်။ ဝန်ကြီးချုပ်ဦးနုက ဝမ်းသာအားရဖြင့် သုစန္ဒီအား ပြောသည်။

''ကျွန်တော်က တွေ့ချင်လို့ကိုစောင့်နေတာ။ ဘာလို့လဲဆိုတော့ ကျွန်တော်က စော်ဘွားကိုမေးတယ်လေ ကျွန်တော့်ကို လက်ဖက်ရည်သောက် ဖိတ်မလားလို့''

''ဝန်ကြီးချုပ် ဒီလိုကြွလာတာကို ကျွန်မ သိပ်ကိုဝမ်းသာပါတယ်''

သူမ ပြန်ပြောလိုက်သည်။

''ထူးထူးခြားခြား ဒီနေ့က သမီးမာယာရီရဲ့မွေးနေ့ ဖြစ်နေတယ်''

''ဟုတ်တယ်။ ကျွန်တော်သိတယ်။ ဒါကြောင့်လေ ကျွန်တော်တို့ကို ဘော်ကြိုဘုရားကို ပို့ပေးဖို့ပြောတာပေါ့။ အားလုံးက ဘုရားမှာ သမီးအတွက် ဆုတောင်းပေးကြမယ်''

ပြီးနောက် သူတို့သည် တိတိကျကျပင် လုပ်ကြလေသည်။ လက်ဖက်ရည်သောက်ပြီးကြသောအခါ သူတို့ စကားအနည်းငယ်ပြောကြရာ ၅၅ စုံသောနားတွေသည် ပြောသောစကားလုံးတိုင်းကို ကြားလိုက်ရရန် အားစိုက် နားထောင်ကြရလေသည်။ ဘော်ကြိုဘုရားသို့သွားသော ကားပေါ်တွင် သူတို့စကားမပြောကြချေ။ ဦးနုသည် စဝ်နှင့် သုစန္ဒီတို့၏ ကြားတွင်ထိုင်ပြီး သူပြောသော စိုးရိမ်စရာကောင်းသော ရှမ်းပြည်၏ နိုင်ငံရေးအခြေအနေနှင့် အမြင်များကို စူးစူးစိုက်စိုက် နားထောင်သည်။ ဦးနုသည် နားထောင်နေရုံ သာမကဘဲ စဝ်၏လူထုသည် မြန်မာ့လက်အောက်မှခွဲထွက်ပြီး ကိုယ်ပိုင်ပြည်နယ်

www.nyisay.com



အုပ်ချုပ်ရေးအတွက် လိုလားနေကြကြောင်းကိုပါ သိသွားလေသည်။

"ကျွန်တော်တို့ မြန်မာပြည်ထောင်စုကြီးကို ဆက်ထိန်းသိမ်းထားရမယ်"

ဦးနု ပြောသည်။

"ဒီလိုမှ မဟုတ်ရင် ပြိုကွဲသွားလိမ့်မယ်"

"'ဒီကိစ္စအတွက် ဝန်ကြီးချုပ်က တိုင်းပြည်ကို ကောင်းကောင်းထိန်းချုပ်ရလိမ့်မယ်"

စဝ်က တည်တည်ငြိမ်ငြိမ်ဖြင့် ပြန်ပြောလိုက်လေသည်။

"ကျွန်တော် ကတိပေးပါတယ် ကျွန်တော့်ကိုယုံပါ။ ကျွန်တော်လုပ်မှာပါ"

ထုံးဖြူမြူ ဘော်ကြိုဘုရားသို့သွား၍ ဆုတောင်းပေးဖို့ ကားပေါ်မှမဆင်းမီတွင် ဦးနုက အလွန် အလေးအနက်ထား ပြောလေသည်။

❖

www.nyisay.com



## အခန်း ၁၃

သုံးရက်မြောက်နေ့တွင် စဝ်သည် အဝတ်အစားလဲခွင့်နှင့် တဲအပြင်ဘက်တွင် ရေချိုးခွင့်ရလေသည်။ ဒီလိုပုံမျိုး အပြင်မှာ သူရေမချိုးခဲ့ဖူးချေ။ သို့ရာတွင် အစောင့်က သယ်ယူလာပေးသော ရေပုံးနှစ်ပုံးထဲက ရေအေးအေးကို သူနှစ်ခြိုက်စွာပင် ချိုးချလိုက်သည်။ သူသည် ခေါင်းမှစ၍ ပခုံးပေါ်မှစီးကျသွားအောင် အသေအချာစဉ်းစားပြီး လောင်းချလိုက်သည်။ သူ့တစ်ကိုယ်လုံးကို တစ်လက်မ, မကျန် ထိတွေ့ပြီး သန့်ရှင်းသွားအောင် သူလောင်းလေသည်။ သူရေချိုးနေချိန်တွင် သူ့အား နိမ့်ချသောအားဖြင့် လက်နက်ကိုင်ဆောင်ထားသော အစောင့်လေးယောက်က စောင့်နေကြသည်။ စဝ်သည် သူအဖမ်းခံရပြီးကတည်းက ပထမဆုံးအကြိမ်အဖြစ် ခန္ဓာကိုယ်သည် ပြန်လည်လန်းဆန်းလာသည်ဟု ခံစားရသည်။ သူသည် ပုံမှန်အတိုင်း သူ့ရုပ်ရောစိတ်ပါ ပြန်လည်အားရှိလာဖို့ သူပြန်တည်ဆောက်မည်ဟု ဆုံးဖြတ်လိုက်သည်။

တကျိုကျိုမြည်သော ဝါးကြမ်းခင်းပြင်တဲလေးအတွင်း သူပြန်ရောက်သောအခါ သူသည် ယောဂကျင့်စဉ်များကို ပြန်လည်စဉ်းစားပြီး လေ့ကျင့်သည်။ ညောင်းနေသော ခြေထောက်တွေကို ဆန့်ထုတ်ပြီး အသက်ရှူလေ့ကျင့်ခန်းပါ တွဲလုပ်သည်။ သူတို့အရင်က ဘယ်အချိန်မှာဖြစ်ဖြစ် အတူတွဲလုပ်လေ့ရှိသောကြောင့် အခု သုစန္ဒီကတစ်ယောက်တည်း ယောဂကျင့်စဉ်များကို ဆက်လုပ်ပါ့မလားဟု တွေးပူမိလိုက်သေးသည်။ သူသည် အိမ်မှ မကြာခဏပင် ခရီးထွက်တတ်လေရာ အခုနောက်ကျမှပင် သူသည် အလွန်နောင်တရနေမိတော့သည်။ သူ့ကြိုးစား

www.nyisay.com



အားထုတ်မှုနှင့် အနစ်နာခံခဲ့မှုများသည် ၁၅ နှစ်ကြာခဲ့သော်လည်း မတ်လ နွေနံနက်ခင်းတစ်ရက်တွင် အလကားဖြစ်သွားခဲ့ရလေတော့သည်။

အမေရိကန်မှဘွဲ့ရပြီး မြန်မာနိုင်ငံသို့အပြန်တွင် ရှမ်းပြည်က သူ့ကို တိုက်ရိုက်ဒီမိုကရေစီနည်းလမ်းကျကျ ရွေးချယ်တင်မြှောက်လိုက်သောအခါ သူသည် ပြဿနာများနှင့် ရင်ဆိုင်ရတော့မည်ကိုသိခဲ့ကြောင်း ပြန်အမှတ်ရမိလေသည်။ ထိုစဉ်က သူသည် ပြည်နယ်တွေ၏ အကျိုးစီးပွားအတွက် လုပ်စရာများကို ထင်ထင်ရှားရှား သိမြင်လာခဲ့သည်။ နောက်တွင် ပြည်နယ်များ၌ စက်ရုံအသစ်များ၊ ဆောက်လုပ်ရေးစီမံကိန်းများ၊ လူမှုရေးအစီအစဉ်များ စသည်တို့လုပ်ဖို့ ဘတ်ဂျက်လိုနေခဲ့သည်။ သည်လိုအပ်ချက်များကို သူသည် လွှတ်တော်တွင် တင်ပြဖို့လုပ်ထားသည်။ ဘယ်လောက်များ ရယ်စရာကောင်းပြီး အရူးဖြစ်နေလိုက်ပါသလဲ။

စဝ်တို့မှာ မကြာခဏ ကြမ်းကြမ်းတမ်းတမ်း ကျူးလွန်စော်ကားခံခဲ့ကြရသည်။ မတရားတိုက်ခိုက်လုယက်၊ မုဒိမ်းကျင့်၊ သတ်ဖြတ်မှုများကို ဗမာစစ်တပ်တွေ ကျူးလွန်နေကြကြောင်းကို နမ်လန်၊ မုန်းကု၊ ကလာကွေတို့က ဘုဟန်းများသည် စဝ်ထံသို့လာရောက် တိုင်ကြားကြလေသည်။ သူတို့သည် နယ်မြေကို ကာကွယ်သည် ထက် ရိုင်းစိုင်းယုတ်မာသော ဓားပြအဖွဲ့လို ပြုမူနေကြလေသည်။ စဝ် ရောက်ရှိသွားသောရွာတွေတွင် မီးလောင်ထားပြီး မီးခိုးငွေ့များ တငွေ့ငွေ့လောင်နေတာတောင် ကြုံတွေ့ခဲ့ရလေသည်။ ဒုက္ခသည်များကို ကူညီနေရတာနှင့်ပင် သူ၏ သတ္တုရှာဖွေရေးကိုပင် မလုပ်နိုင်တော့ချေ။ မိသားစုများသည် ပိုင်ဆိုင်မှုများအားလုံး ဆုံးရှုံးခဲ့ကြရပြီး သူတို့သည် အလွန်ကြောက်ရွံ့တုန်လှုပ်နေကြတော့သည်။ သူတို့တစ်ခါပေါ်တာ ဆွဲကြပြန်သေးလေသည်။ စဝ်သည် အလွန်ကြောက်ရွံ့အံ့အားသင့်သွားပြီး အရာရာသည် ပျက်စီးသွားရသလိုမျိုး ခံစားလိုက်ရသည်။ စဝ်က သက်သေအဖြစ် ရွာတွေကို သွားရောက်ကြည့်ရှုတာကို ဗမာစစ်တပ်တို့သိသွားပြီး ပို၍ ဒေါသပုန်ထကြသည်။ စဝ်က ဒီလိုအဖြစ်မျိုးကို နောက်ထပ်မဖြစ်စေရပါဘူးဟု သူ့နယ်ကလူထုကို အာမခံချက်မပေးနိုင်ခဲ့ချေ။ ထိုအဖြစ်အပျက်များအတွက် စစ်ဆေးလေ့လာပြီး အပြစ်ပေးတုံ့ပြန်ဖို့တာဝန် သူ့မှာရှိသည်ကို သတိရနေမိပြန်လေသည်။ စဝ်က ဗမာစစ်တပ်က မိုလ်မှူးများကို ပြောဆိုသောအခါ သူတို့က မောက်မာစွာ ပြန်လည်တုံ့ပြန်ကြပြီး သရော်စော်ကားမှုသာ ပြုခဲ့ကြလေသည်။ အားလုံးခြုံကြည့်လိုက်သော် သူတို့မှာ လက်နက်ရှိသည်။

အခုပဲကြည့်၊ စဝ်သည် သူဝတ်ထားသော ထောင်သားအင်္ကျီကိုကြည့်လိုက်

www.nyisay.com



သည်။ သူအခုထိ အပြစ်ဒဏ်ကိုခံနေရသည်။ သူ မဟာတ္တမဂန္ဒီကို စဉ်းစားနေမိသည်။ မရှိတော့သည့် မျှော်လင့်ချက်ကို သူငြင်းဆန်နေသလို ဖြစ်နေသည်။

သူနှင့် လုပ်ဖော်ကိုင်ဖက်များလည်း အကျဉ်းကျခံနေရမည်ထင်သည်။ သူ့အား တဲအပြင်ဘက်ထွက်ခွင့်ပြုစဉ်က ဖျတ်ခနဲ တွေ့လိုက်ရသော ရင်းနှီးသည့် မျက်နှာမျိုးကို သူရအောင်ပြန်တွေးနေသည်။ သို့သော် သူနှင့်သိကျွမ်းသော အကျဉ်းသားမျက်နှာမျိုးကို တစ်ယောက်မှ မတွေ့ရချေ။ ထူးဆန်းသည်မှာ သူ့အစ်ကိုကျတော့ သည်မှာ ဖမ်းဆီးထားခြင်းမရှိခြင်းဖြစ်သည်။ စဝ်အား ဖမ်းဆီးအပြီးတွင် တောင်ကြီးမြို့အထွက်ဂိတ်တွင် သူတို့ ကိုတွေ့ခဲ့ရသော်လည်း စကားပြောခွင့်မရခဲ့ချေ။ စဝ်ကို တစ်ယောက်တည်း သီးခြားခွဲထားသည်ကို သံသယရှိနေမိသည်။ သူ့မူလအစီအစဉ်က တောင်ကြီးသွားရမည့်အစား သူသည် ရန်ကုန်မှာ နေခဲ့ဖို့ရှိလေသည်။ သူ့ကို အခြားလူတွေထဲမှ တစ်ယောက်တည်းရွေးပြီး အကျဉ်းချထားပုံရလေသည်။ သူအံ့တာက ဗမာစစ်တပ်စိတ်ထဲတွင် သူ့ကို မည်သို့တွေးနေကြသည်ကို နားမလည်ဖြစ်ရသည်။

သူသံသယဖြစ်ရသည်မှာ သူ့ကို ဂရုမစိုက်ဘဲ ပစ်ထားကြသည့် အကြောင်းရင်းကိုဖြစ်သည်။ သူ့ကိုဖမ်းလာစဉ်က တစ်ကြိမ်သာ လာရောက်မေးခွန်းတွေ မေးသေးလေသည်။ သူသည် ရက်စက်ကြမ်းကြုတ်သော သူတို့ ဗိုလ်မှူးနှင့် တပည့်များထံမှ သနားကြင်နာမှုကိုတောင်းဖို့ အင်အားမရှိသလို ဖြစ်နေတာ သူသိသည်။ သည့်မတိုင်ခင်က သူသည် သည်လိုအခြေနေမျိုးကို တစ်ခါမှ မနေခဲ့ဖူးချေ။ သည်လို အတိဒုက္ခရောက်နေတာတောင်မှ သူသည် တည်ငြိမ်အေးချမ်းစွာဖြင့် အကြောက်ကင်းမဲ့ပြီး ရင်ဆိုင်နိုင်နေတာကို အံ့နေမိလေသည်။ သည်နေရာတွင် သူလုပ်နိုင်တာ နည်းနည်းလေးရှိပြီး ထိုအရာသည် နောက်ထပ်လာမည့် ယူနီဖောင်းဝတ် ဗမာစစ်သားကိုစောင့်နေခြင်းပဲ ဖြစ်လေသည်။

စဝ်သည် အမြဲပင်စဉ်းစားပြီး အနာဂတ်အတွက် စီမံကိန်းများချနေတတ်လေသည်။ အခုတော့မူ သူသည် နာကျင်စွာဖြင့် နောက်လာမဲ့နေ့၊ လာမဲ့အပတ်၊ လာမဲ့လတွေကို မျှော်လင့်နေရသည်။ ထိုနေ့၊ အပတ်၊ လတို့သည် တကယ်ဖြစ်လာမလား သူမသိ။ စဝ်သည် သူ့အတွေးကို အတိတ်ဆီပြန်သွားလိုက်သ[illegible]။ မှတ်ဉာဏ်ထဲမှ အင်အားနှင့် မျှော်လင့်ချက်တို့ကို ပြန်ရှာရမည်။

သူ့မိန်းမနှင့် သမီးတွေအကြောင်း မတွေးတော့လျှင် သူကြိုက်နှစ်သက်သော စီမံကိန်းတွေအကြောင်း တွေးလေသည်။

သတ္တုတူးဖော်ရေးနှင့် လယ်ယာစိုက်ပျိုးရေးသည် စဝ်အတွက်

www.nyisay.com



အတူတူပင် အရေးကြီးလှသည်။ သူအမေရိကန်တွင် ကျောင်းတက်နေစဉ်က ဘာလို့ သူသည် သတ္တုတူးဖော်ရေးကို လယ်ယာစိုက်ပျိုးရေး ကောလိပ်ထက် ပိုသဘောကျပြီးတက်ဖို့ ဆုံးဖြတ်ခဲ့တာလဲဆိုတာကို အံ့သြသည်။ သို့သော် သူပြန်လာသောအခါ သူသည် စိတ်ဝင်စားမှုနှစ်ခုလုံးကို အမိဖမ်းဆုပ်ကိုင်နိုင်ခဲ့သည့်အတွက် အဆင်ပြေခဲ့သည်။ သူသည် တစ်ခု ဒါမှမဟုတ် တခြားဟာ တွေရွေးနေစရာ မလိုတော့ချေ။ သူသည် လယ်သမားတွေအတွက် လုပ်ပေးနိုင်စွမ်း ရှိနေသည်။ အဘယ့်ကြောင့်ဆိုသော် သူသည် သီးနှံပေါ်တွင်မှီခိုပြီး ဘဝကို ရပ်တည်နေသူမဟုတ်သောကြောင့်ဟု သုစန္ဒီက မကြာခဏ ထုတ်ပြခဲ့ဖူးသည်။ သူသည် လယ်ယာစိုက်ပျိုးရေးနှင့် ပတ်သက်သော အတွေ့အကြုံ အလွန်နည်းပါးပြီး ရင်းနှီးစိုက်ထုတ်မှုသာ ပေးခဲ့သူဖြစ်သည်ကို စဝ် ဝန်ခံရလေသည်။ သို့ရာတွင် သူ၏ လိမ္မော်စိုက်ပျိုးရေးသည် တစ်နေ့တွင် အရင်ကအရှုံးတွေကို ကာမိမည်ဟု သဘောပေါက်နေလေသည်။

စဝ်သည် လွိုင်ကော်တွင်စိုက်သော နာနတ်သီးအကြောင်းကိုတွေးသည်။ လွန်ခဲ့သောသုံးနှစ်က သူအလွန်သဘောကျခဲ့သော စီမံကိန်းတစ်ခုလည်းဖြစ်သည်။

သူသည် တောကိုခုတ်ထွင်ရှင်းလင်းဖို့ ရွာသားရာပေါင်းများစွာကို အလုပ်ပေးနိုင်ခဲ့သည်။ ထိုနေရာသည် ပင်လယ်ရေမျက်နှာပြင်အထက် ပေ ၃၀၀၀ အမြင့်တွင်ရှိပြီး တောင်ကုန်းနှစ်ခုကြယ်နေခါ လွိုင်ကော်ရွာအနီးတွင် တည်လေသည်။ သူ့အလုပ်သမားများသည် အလွန်ဦးနှောက်ကောင်းကြသူများဖြစ်သည်။ အလွန်ကြီးမားသော သစ်မြစ်ကြီးများကို လယ်ထွန်စက်ဖြင့်ထိုးပြီး ရွှေ့ပစ်သည်။ ပြီးနောက် မြေနီများကို စိုက်ပျိုးဖို့ပြင်သည်။ ထိုအပင်များကို မေမြို့မှ ကြီးမားသော ထရပ်ကားများဖြင့် သယ်ဆောင်လာကြသည်။ နောက်ဆုံးတွင် ယာကွင်းသည် မဆုံးနိုင်အောင် ပေါများလှသည့် နာနတ်ပင်ပေါက်လေးတွေ တန်းစီစိုက်ထားရာ ယာတောတစ်ခုလုံး ပြည့်ပြီးနေတော့သည်။ စဝ်သည် သူ့စွမ်းဆောင်နိုင်မှုကို အလွန်အမင်း ကျေနပ်ခဲ့လေသည်။ ထိုအချိန်တွင် စပါးစိုက်သော လယ်သမား ၄၀၀ သည် သူ့ကိုလာပြီး အရိုအသေပေး ကန်တော့ကြသည်ကိုလည်း အမှတ်ရနေမိလေသည်။ အရှေ့ဟော်နန်းတွင် အခမ်းအနားပြီးသွားသောအခါ စဝ်က သူ့နာနတ်ခင်းတွေကို လယ်သမားများအား ဖိတ်ခေါ်ပြသဖို့ လုပ်လေသည်။ သို့သော်ငြားလည်း နာနတ်ခင်းဆီ ခဏလေးသွားဖို့ မဖြစ်နိုင်သော စီစဉ်မှုဖြင့် ဘတ်စ်ကား ၁၀ စီးသာ ခရီးတိုလေးအတွက် လုပ်ပေးနိုင်ခဲ့သည်။ စပါးစိုက်သော လယ်သမားများသည် မဆုံးနိုင်သော နာနတ်ခင်းတန်းကြီး၏

www.nyisay.com



အလယ်တွင် ရပ်ကြည့်နေကြသည်။ တောဖုံးနေသော တောင်တစ်ဖက်ခြမ်းကို နာနတ်ခင်းကြီးဖြစ် ပြောင်းလဲပစ်လိုက်သည့်အတွက် အံ့ဩလန့်ဖျပ်နေကြလေသည်။

''ကျွန်တော့်ကလေးတွေကို ဒီခေါ်လာမယ်''

ယယသမားတစ်ယောက်က စဝ်ကို ပြောသည်။

''သူတို့ ဒါကိုမြင်စေချင်တယ်။ ဒါမှ သူတို့အတွက် အနာဂတ်အိပ်မက်ရှိလာမှာ''

စဝ်က သူ့လူတွေကို ဘာလုပ်နိုင်လဲဆိုတာကို ပြချင်နေတာဖြစ်သည်။ သူတို့ ထွန်ယက်စိုက်ပျိုးချိန်တွင် ပြဿနာကစတတ်လေရာ သူတို့မျက်လုံးထဲတွင် သူတို့အောင်မြင်မှုကို မလျော့ပါးသွားစေချင်သလို လယ်ယာစိုက်ပျိုးသော အတွေ့အကြုံကြောင့်လည်း စိတ်ဓာတ်မကျစေချင်ပေ။ အလွန်အရသာရှိသော ချိုစိမ့်ရွှမ်းစိုသော နာနတ်သီးများသည် ရန်ကုန် မန္တလေးဈေးကွက်သို့ပို့ရန် အဆင်သင့်ဖြစ်နေလေပြီ။ ထိုအချိန်တွင် နာနတ်သီးဈေးများ ဖြုန်းဆိုထိုးကျသွားသည်။ ခူးဆွတ်စရိတ်နှင့် သယ်ယူပို့ဆောင်စရိတ်တွေကို မကာမိချေ။ စဝ်သည် ဖြစ်ပေါ်လာမည့်အရာများကို ကြိုတင် မတွေးထားခဲ့ချေ။ ထွက်လာသော နာနတ်သီးများကို ချက်ချင်း စည်သွတ်ဘူးသွင်းဖို့ စီစဉ်လိုက်နိုင်လျှင် မရှုံးနိုင်တော့ပေ။ နောက်ဆုံး ထွက်လာသောအဖြေမှာ ဈေးကွက်ပြဿနာပင်ဖြစ်လေ၏။ သူသည် အသေးစိတ် အနီးကပ်စစ်ဆေးပြီးသောအခါ သည်စီမံကိန်းကို ရပ်ပစ်လိုက်ရတော့သည်။

သူ့လယ်မှထွက်သော နာနတ်သီးများသည် စည်သွတ်ဘူးထည့်လျှင် အလုပ်အများဆုံး တစ်နှစ်တွင် သုံးပတ်စာသာရှိလေသည်။ ဒေသခံတောင်သူများသည် ဆုံးဖြတ်ချက်ချပြီး ကြိုးစားအားထုတ်၍ စိုက်ပျိုးကြမည်ဆိုလျှင်တော့ စည်သွတ်ဘူးအတွက် လိုအပ်သောအရေအတွက်ကို ထွက်နိုင်သည် ဖြစ်နိုင်ချေရှိသည်ဟု လူတစ်ယောက်က ထင်မြင်ယူဆလေသည်။

စဝ်သည် အခြားသီးနှံများကိုလည်း သူ၏ မြေနည်းနည်းလေးပေါ်တွင် စမ်းသပ်စိုက်ပျိုးခဲ့ဖူးလေသည်။ အထူးသဖြင့်ကတော့ ချင်းနှင့် ကော်ဖီဖြစ်သည်။ နှစ်မျိုးလုံးက အလားအလာကောင်းသဖြင့် သူသည် စိတ်လှုပ်ရှားစွာဖြင့် သူ့စိုက်ပျိုးရေးဘက် ပြန်လှည့်လာသည်။

သူ အဓိကအာရုံစူးစိုက်ထားပြီး ဆက်လုပ်ရမည်မှာ သတ္တုတူးဖော်ရေးလုပ်ငန်းဖြစ်လေသည်။ နှစ်ပေါင်းများစွာ သူပြင်ဆင်ထားခဲ့သော တိုင်းမိုင်းကုမ္ပဏီသည်

www.nyisay.com



စတင်လည်ပတ်နိုင်ပေပြီ။ ဩစတြီးယား ဘူမိဗေဒပညာရှင်ကို ခေါ်ယူငှားရမ်း၍ ဝေးကွာလှသော ပြည်နယ်အစွန်အဖျားတွေအထိ လမ်းလျှောက်ပြီး အလားအလာ ရှိနိုင်သော သတ္တုရိုင်းမြေအမှုန်များကိုလေ့လာသည်။ ခဲနှင့် ငွေသတ္တုရိုင်းကြောကြီး ကို ကလာကွေ့ဒေသတွင်တွေ့ရှိကြောင်း သူတို့အတူတကွ ဆုံးဖြတ်ခဲ့ကြပြီး ပထမဆုံး သော မိုင်းရှာဖွေတွေ့ရှိမှုဖြစ်သည်။ နေရာကတော့ အဆင်သင့်ဖြစ်နေသည်။ တူးဖော် မည့်အဖွဲ့နှင့် လိုအပ်သော စက်ပစ္စည်းကိရိယာများကတော့ လမ်းခရီးတွင်သာ ရှိနေသေးလေသည်။

စဝ်သည် အရဲစွန့်ပြီး ဖြစ်လိုရာဖြစ်သဘောထားကာ နောက်တစ်ခါ လွတ်လပ်ချင်သည်။ မိုင်းအလုပ်ကို လွတ်လပ်စွာ၊ လယ်အလုပ်ကို လွတ်လပ်စွာ၊ ဆားထုတ်လုပ်ရေးလုပ်ငန်းကို လွတ်လပ်စွာဖြင့် အလုပ်များကို လုပ်လိုက်ချင် သေးသည်။ ထိုအလုပ်များကို လွန်ခဲ့သောနှစ်ပတ်က သူသည် သီပေါတွင် ထားခဲ့ရလေသည်။

✦ ✦ ✦

စဝ် မီးခိုးနံ့ရသည်။ ပထမတော့ သူသည် စိတ်ထဲကလှည့်စားပြီး ရနေသည်ဟု ထင်လိုက်သေးလေသည်။ သူ မိုင်းနေရာကိုသွားစဉ်က စခန်း နေရာတွင် တစ်ညလုံးလောင်သော မီးအကြောင်းကို သွားအမှတ်ရမိပြန်လေသည်။ သို့သော် မီးခိုးနံ့က ပိုလို့များပြားသိပ်သည်းလာသည်။ သည်နားတစ်ဝိုက်တွင် မီးအကြီးအကျယ် လောင်နေပြီဖြစ်ကြောင်း သူသိလိုက်သည်။ စဝ်သည် အမြဲပင် သီပေါတစ်ဝိုက်၌ မီးလောင်သည်ဆိုသော အနံ့ရလိုက်သည်နှင့် ချက်ချင်းပင် မီးလောင်ရာနေရာသို့ မီးငြိမ်းသတ်ဖို့ အမြန်ဆောင်ရွက်သည်။

သူ သိလိုက်သည်။ အိမ်မီးလောင်နေသော အနံ့ဖြစ်သည်။ သူသည် နံရံလေးဘက်ကိုဖိတိုးပြီး လှည့်ပတ်နေမိတော့သည်။ ဝါးထရံကပ်ကြားမှ အပြင်ကို သူချောင်းကြည့်သည်။ မီးလောင်နေသောမြင်ကွင်း ဘာတစ်ခုမှ သူမမြင်ရ။ သူ့နှာခေါင်းကသာ အနံ့ရနေတာဖြစ်သည်။ သူ့စိတ်ထဲဖြတ်ဝင်လာသော အတွေး မှာ ဗမာစစ်သားတွေ ရွာကိုမီးရှို့နေကြပြန်ပြီလား။ ကံကောင်းကြပါစေဟု သူမဝံ့မရဲ ဆုတောင်းနေမိလေသည်။ ဥသြဆွဲသံလည်း မကြားရ၊ လူတွေ ပြေးလွှားအော်ဟစ်သံလည်း မကြားရ၊ ဒါမှမဟုတ် အနီးအနားက ရွာတွေကို ဗမာစစ်သားတွေ မီးတင်ရှို့နေပြီထင်သည်။ ရွာကလူတွေကို အပြစ်ပေးတဲ့အနေနဲ့ သူတို့ကို ရိုကျိုးရအောင် လုပ်တာဖြစ်နိုင်သည်။

www.nyisay.com



စစ်ရင်ထဲတွင် အတွေးများရောက်လာသောအခါ ဒေါသလှိုင်းတွေ ကြွတက်လာလေသည်။ သီပေါနှင့် သိပ်မဝေးသောနေရာရှိ ရွာတွေကို ဗမာ စစ်တပ်တွေက မီးရှို့ခဲ့ဖူးသည်။ အိမ်ပေါင်း ၂၀၀ ကျော်မီးထဲပါသွားခဲ့သည်။ သူတို့သည် ရွာတွေကိုဝိုင်းထားလိုက်ပြီး ရွာသားအားလုံးကို ဖမ်းဆီး၍ မီးတောက်မီးလျှံ ငရဲသို့ပို့လေသည်။ လူပေါင်းများစွာကို နှိပ်စက်ညှဉ်းပန်း သတ်ဖြတ်ခဲ့လေသည်။ အသက်မသေဘဲ ကျန်ရစ်ခဲ့သူတို့က စစ်ထဲလာပြီး သူတို့အကြောင်းကို ပြန်ပြောပြကြလေသည်။ ဗမာစစ်တပ်က ရှမ်းသူပုန်တွေနှင့် ရွာကဆက်သွယ်သည်၊ သတင်းပေးသည်ဟုဆိုပြီး ပြန်လည်ပြုလုပ်ကြခြင်း ဖြစ်လေသည်။ တစ်ချိန်တည်းမှာပင် သီပေါအနီး၌ အခြားအဖြစ်တစ်ခုကလည်း ဖြစ်ပေါ်ခဲ့ပြန်သည်။ နမ္မတူမြစ်၏ကမ်းနစ်ဖက်စလုံး၊ မီးရထားဘူတာရုံ၊ သီပေါ မြို့သို့ ဦးတည်နေသော လမ်းသုံးလမ်းနှင့် သတိထားရမည့် တောင်တွေ အားလုံးသည် စစ်ရေးအရ အရေးပါသောနေရာများဖြစ်ကြလို့ ဗမာစစ်တပ်က သည်နယ်မြေကို အလွန်အာရုံထားနေကြခြင်း ဖြစ်လေသည်။ ဗမာစစ်တပ်များ သည် မဟာဗျူဟာအရ အရေးပါသော နေရာများအားလုံးတွင် တပ်စွဲထားလိုက် လေသည်။ ဗမာတပ်စိတ်တစ်စိတ်သည် သီပေါသို့ရောက်လာပြီး မြို့မြောက်ဘက် တွင် ပျက်ကျခဲ့သောလေယာဉ်ကို ရှာကြလေသည်။ ထိုနေရာသည် ပလောင် တောင်ခြေရင်းတွင်ရှိနေသည်။ ပလောင်ရွာသားတစ်ယောက်သည် လက်ဖက်ခူးပြီး အပြန်တွင် လေယာဉ်ပျက်ကိုတွေ့ခဲ့ကြောင်း သတင်းပို့လေသည်။

သော့ပိတ်ထားသော တဲအိမ်လေးထဲတွင် နေ့တစ်ဝက်လောက် အချိန် ကုန်အောင် ကြိုးစားနေခဲ့ရပုံကို သူက ပြောပြလေသည်။ ဗမာစစ်သားတွေသည် အရင်ကတည်းက ထိတ်လန့်စိုးရိမ်နေခဲ့သည်။

အဘယ့်ကြောင့်ဆိုသော် အမျိုးအမည်မသိသော လေယာဉ်များသည် ခပ်မြင့်မြင့်မှ မကြာခဏ ဖြတ်ပျံသန်းနေသောကြောင့် ဖြစ်လေသည်။ လေယာဉ် သည် အလွန်အဆင့်မြင့်ပြီး စုံစမ်းထောက်လှမ်းတာလည်း ဖြစ်နိုင်သည်။ ဗမာစစ်သားတွေသည် လက်ဖက်ခူးသော ပလောင်ရွာသားကို လမ်းပြအဖြစ်ခေါ်ပြီး လေယာဉ်ပျက်ကို နှစ်ရက်တိုင်တိုင်ရှာကြသည်။ သူတို့ဘာလေယာဉ် ဘာသဲလွန်စ အစအနမှ မတွေ့ကြရပါ။ ထိုအခါကျမှ လက်ဖက်ခူးသမား ပလောင်ရွာသားက သူသည်ပျင်းလို့ အိမ်အပြန်တွင် သူ့ပလိုင်းထဲ၌ ဘာမှ ပါမလာလို့ သူကလုပ်ကြံပြီး ဇာတ်လမ်းဆင်ပြောခဲ့တာပါဟု ဝန်ခံလေသည်။ သူသည် လက်ဖက်များများ မခူးနိုင်ခဲ့သောကြောင့် ထူးဆန်းသောလေယာဉ် တစ်စီးအကြောင်း လုပ်ကြံပြီး

www.nyisay.com



ဖာတ်လမ်းဆင်ကာ ထိုလေယာဉ်ကို သွားကြည့်နေရလို့ လက်ဖက်မရူးနိုင်ခဲ့ကြောင်း အကြောင်းပြပြောခြင်း ဖြစ်လေသည်။ အလွန် စိတ်ဆိုးဒေါသထွက်နေသော ဗမာစစ်ဗိုလ်သည် ဤကိစ္စအားလုံးနှင့် ပလောင်ရွာသား၏ကံကြမ္မာကိုလည်း လုံးဝလျှို့ဝှက်ပိတ်ပင်ထားလိုက်လေသည်။ နောက်တစ်ခါ ထိုရွာသားကို မြင်လည်းမမြင်ရ။ သူ့အကြောင်းလည်း မကြားရတော့ချေ။ နောက်အပတ်အနည်းငယ်ကြာသောအခါ သီပေါတစ်ဝိုက်အနီးရှိ မဟာဗျူဟာကျသော နေရာများမှာရှိသော အစောင့်တပ်တွေ ဆုတ်ခွာသွားခဲ့လေသည်။ စဝ်သည် ဖြစ်ပျက်သမျှအားလုံးနှင့် ဗမာစစ်သားတွေ၏ ပြစ်မှုကျူးလွန်မှုနှင့် ရက်စက်ကြမ်းကြုတ်မှုများကို ရှမ်းပြည်ကောင်စီကို တင်ပြခဲ့လေသည်။ ရှမ်းပြည်ကောင်စီသည် စော်ဘွားများ တရားဝင်အာဏာစွန့်ပြီးကတည်းက တရားဝင်အုပ်ချုပ်ရေးအဖွဲ့ဖြစ်သည်။ သူသည် ၆၆ ယောက်သော အရွေးချယ်ခံကိုယ်စားလှယ်ထဲက တစ်ယောက်ဖြစ်သည်။ အားလုံးသော ကိုယ်စားလှယ်တိုင်းစီတွင် ပြောစရာအကြောင်းများ အသီးသီးရှိနေကြလေသည်။

စဝ်သည် သူ့ကိုယ်သူ ကျိန်ဆဲမိရလေသည်။ သူသည် မျက်ကန်းတစ်ယောက်လို နိုင်ငံရေးအကြောင်းကို ဘာမှ မမြင်ခဲ့သူဖြစ်သည်။

သူသည် ဗမာစစ်သားတွေအကြောင်း သရုပ်မှန်ကို ပိုလို့ပင်သိထားခဲ့သူဖြစ်သည်။ သူသည် အကျဉ်းသားဖြစ်ကို မဖြစ်သင့်ချေ။ ပြီးတော့ သူ့စိတ်က သူ့မိန်းမနှင့် သမီးတို့အတွက် ကြောက်ရွံ့စိုးရိမ်စိတ်ဖြင့် သူ့ကိုယ်သူ မညှဉ်းပန်းမနှိပ်စက်သင့်ချေ။ သူ့အတွက်တော့ မစိုးရိမ်ခဲ့ချေ။ ညှဉ်းပန်းနှိပ်စက်ပြီး သတ်ပစ်လျှင်တောင်မှ သူ မကြောက်ချေ။ သို့သော် သူ့စိတ်သည် သုစန္ဒီနှင့် သူ့သမီးတွေ၏ ဖြစ်နိုင်သောကံကြမ္မာဆီ အတွေးရောက်သွားသောအခါ စဝ်သည် စိတ်ဆိုးဒေါသများထွက်လာပြီး မျှော်လင့်ချက်များ ပြိုပျက်သွားရလေသည်။

❖

www.nyisay.com



## အခန်း ၁၄

သုစန္ဒီသည် ကြမ်းခင်းပေါ် လမ်းမှန်မှန်လျှောက်နေရာမှ ရပ်လိုက်ပြီး ဘယ်အချိန်မှာများ ငြိမ်သက်တိတ်ဆိတ်နေခြင်းကို ပုံမှန်မဟုတ်သော အသံတစ်ခုခုက ဖျက်ဆီးပစ်လိုက်မှာပါလိမ့်ဟုတွေးနေသည်။ အပတ်စဉ် လားရှိုးသို့သွားသော လေယာဉ်သည် သီပေါအပေါ်မှ ပုံမှန်အချိန်အတိုင်း ပျံသန်းသွားသည်။ စစ်အိမ်ပြန်လာရင် ဘယ်လောက်ကောင်းမလဲဟု မျှော်လင့်ချက်သေးသေးမှိန်မှိန်လေးကို သူမဆက်ပြီး မွေးထားလေသည်။ ဒါတောင်မှ စစ်သည် လေယာဉ်ဖြင့်ပါလာပြီး လေယာဉ်ပေါ်မှဆင်းလာလျှင် သူမသည် လေယာဉ်ကွင်းသို့ မသွားခဲ့သည့်အတွက် တွေ့ရမည်မဟုတ်ချေ။ ဒါအသိဉာဏ်မဲ့တဲ့သူရဲ့ မျှော်လင့်ချက်အတွေးပဲ စစ်ကို အခုထိ ရန်သူတွေက မဖမ်းမိသေးဘဲ လိုက်လံရှာဖွေနေတုန်းပဲဟု သူမ ပြောင်းတွေးလိုက်သည်။ ဂျစ်ကားတစ်စီးသည် ဟော်နန်းဝင်းအတွင်းသို့ မောင်းဝင်လာပြီး ပေါ်တီကိုဆင်ဝင်အောက်မှာ ရပ်လိုက်သည်။

ကောလိန်ကို အော်ခေါ်နေသော သုစန္ဒီ ရင်းနှီးသည့်အသံကို ကြားလိုက်သည်။

''ကျေးဇူးပြုပြီး မဟာဒေဝီကိုပြောပေးပါ။ ကျွန်တော်တို့တွေ့ဖို့ ရောက်နေတယ်လို့''

မြို့ခံဆရာဝန်နှင့် သူ့မိန်းမတို့သည် လာဖို့ ကြိုတင်ခွင့်တောင်းမထားဘဲ အတူရောက်လာပြီး ...

www.nyisay.com



"သွား ...ဒီအပ်နဲ့ ဆေးထိုးပြွန်တွေကို ၁၀ မိနစ်လောက်သွား ပြုတ်လိုက်"

သူသည် အသံကျယ်ကျယ်ဖြင့် ပြောလိုက်ရာ ကောလိန်သည် ပစ္စည်းများကို သယ်ပြီး အစောင့်အိမ်သို့သွားလေသည်။ ပြီးနောက် ဒေါက်တာ ခင်အောင်နှင့် သူ့မိန်းမတို့သည် သုစန္ဒီနောက်မှ အိပ်ခန်းအတွင်းသို့ လိုက်ချ သွားကြလေသည်။

"ဒီမှာပြောလို့ရမလား"

သူက မေးလိုက်သည်။

"ဟုတ်ကဲ့ ပြောနိုင်ပါတယ်"

သုစန္ဒီက သူ့ကို အသေအချာ ပြန်ပြောသည်။

"ကျေးဇူးပြုပြီး ပြောပြစမ်းပါဦး။ ကျွန်မယောက်ျားသတင်း မဟုတ်လား"

သူမသည် တောင်းတောင်းပန်ပန်ဖြင့် မမျှော်လင့်ဘဲရောက်လာကြသော ညှိုးသည်နှစ်ယောက်ကို ထိုင်ခိုင်းလိုက်သည်။

"ကျွန်တော်ကြားတာတွေအားလုံး ပြောပြဖို့လာခဲ့တာပဲ မဟာဒေဝီ။ ကျွန်တော်က ဒီအိမ်သားမဟုတ်ဘဲနဲ့ တစ်ယောက်တည်းသော ဝင်လို့ရတဲ့လူပဲ။ အပြင်ဂိတ်ပေါက်မှာ အစောင့်ဗမာစစ်သားတွေချထားတယ်။ ဘယ်မှမသွား သေးဘူး။ ကျွန်တော်တို့ ကြာကြာနေလို့ရမှာ မဟုတ်ဘူး။ ကျွန်တော်ပြောသမျှကို သေသေချာချာ နားထောင်ပါ။ နောက်တစ်ခါ ဘယ်တော့ပြန်လာနိုင်မယ်ဆိုတာ ကျွန်တော်လည်း မသိဘူး"

ဒေါက်တာခင်အောင်က ထိုင်ခုံအစွန်းတွင် ထိုင်နေသည်။ သူ့လက်နှစ်ဖက် ကို မေးစေ့အောက်တွင် ထောက်ထားသည်။ သူ့မျက်လုံးများသည် သေချာသော စိုးရိမ်မှုများဖြင့် သူမမျက်နှာကို စူးစူးကြည့်နေသည်။

"ဘာတွေ ဖြစ်နေတာလဲ။ ပြောပြပါ ဘာဆက်လုပ်ရမှာလဲ"

သုစန္ဒီက တောင်းပန်နေသည်။

"ဘာလို့ ဗမာစစ်တပ်က စော်ဘွားကို ရှာရတာလဲ"

"ဘာလို့ ကျွန်မက အိမ်မှာ အကျယ်ချုပ်နဲ့နေရတာလဲ"

"တွေ့လား ကိုယ်မှန်တယ်"

ဒေါက်တာခင်အောင်က သူ့မိန်းမဘက် လှည့်ပြောလိုက်သည်။

www.nyisay.com



''မဟာဒေဝီ ဘာတွေ ဖြစ်နေတယ်ဆိုတာ တကယ် ဘာမှမသိဘူး''

ပြီးနောက် သူသည် သုစန္ဒီဘက် ပြန်လှည့်ပြီးပြောသည်။

''ဒီမနက်ပဲ ဗိုလ်ချုပ်နေဝင်းဦးဆောင်တဲ့ စစ်တပ်က အာဏာသိမ်းလိုက်ပြီ။ အစိုးရအုပ်ချုပ်ရေးပိုင်းက လူကြီးတွေအားလုံး ဖမ်းလိုက်တယ်တဲ့ မာရှယ်လော ထုတ်ထားတယ်''

''မဖြစ်နိုင်ဘူး''

သုစန္ဒီ ထရပ်လိုက်သည်။

''သေချာလို့လား ဒေါက်တာ''

''ဟုတ်ပါတယ် သေချာပါတယ် မဟာဒေဝီ။ ကျွန်တော်ပြောတာ လုံးဝကို သေချာပါတယ်။ မဟာဒေဝီကိုရော ကျွန်တော်တို့ရော အားလုံးအတွက် သိပ်ကို စိုးရိမ်နေပါတယ်''

''ကျွန်မယောကျ်ားရော၊ ဒေါက်တာ သူ့အကြောင်း ဘာတွေသိထားသေးလဲ''

သူမသည် ဒေါက်တာရှေ့မှာ ရပ်လျက်ရှိနေသေးသည်။ သူ့မိန်းမက သုစန္ဒီ၏ လက်ကိုကိုင်ကာ ပခုံးကိုဆွဲချ၍ ဆိုဖာပေါ် အထိုင်ခိုင်းရသည်။

''သူ့ကို ရန်ကုန်မှာ မတွေ့ကြဘူးတဲ့။ ဂျင်မီယန်းအိမ်တောင် သွားရှာကြည့်ကြသေးတယ်တဲ့။ ကျွန်တော်တို့တော့ သေချာပေါက်ထင်နေတာ သူရန်ကုန်ကနေ ထွက်သွားပြီလို့လေ။ မဟာဒေဝီ အခုသိပ်ကို သတိထားနေရတော့မယ်။ ဗမာစစ်သားတွေက ဘာမဆိုလုပ်နိုင်တာပဲ အခုအခြေအနေတွေက သိပ်ရှုပ်ထွေးနေချိန်ဆိုတော့လေ။ ကလေးတွေအတွက် ထည့်စဉ်းစားပါ။ အားလုံးက မဟာဒေဝီကိုပဲ အားကိုးနေကြရတာ ကျွန်တော်တို့ ကြိုးစားပြီးလာကြည့်ပါ့မယ်။ ဘယ်အချိန်ပဲဖြစ်ဖြစ်''

အပြင်တွင် မွိုင်းက ပြုတ်ထားသော ဆေးထိုးအပ်ပြွန်အိုးနှင့်အတူ ရပ်စောင့်နေသည်။ ဒေါက်တာခင်အောင်က ဆေးထိုးပြွန်များကို အသုံးမပြုဘဲ သူ့အိတ်ထဲ ပြန်ထည့်နေတာကို မြင်နေရသော်လည်း မအံ့သြချေ။ သူမက ဒေါက်တာ၏ဆေးအိတ်ကို ဂျစ်ကားဆီ သယ်သွားဖို့ပြင်သည်။ သို့သော် သူက မွိုင်းကို သုစန္ဒီဘေးနားမှာနေခဲ့ခိုင်းပြီး တစ်ယောက်တည်းမနေစေနဲ့ဟု မှာသည်။ သုစန္ဒီသည် ဆိုဖာပေါ်တွင်ထိုင်လျက်ရှိနေသေးပြီး သူမမျက်လုံးသည်

www.nyisay.com



မျက်နှာကြက်ပေါ်တွင် သူ့အစာ ပိုးကောင်တွေကိုစောင့်နေသော တောက်တဲ့အား စူးစိုက်ငေးကြည့်နေလေသည်။ သူမ၏အတွေးတွေသည် အဝေးသို့ ပြေးလေပြီ။ စဝ်နှင့် အဆက်အသွယ်ရဖို့ ကြိုးစားကြည့်လိုက်သည်။ အခုချိန်မှာ စဝ် ဘယ်နေရာကို ရောက်နေသလဲ။ သူမသည် သူ့အလိုလိုပင် စဝ် အသက်ရှင်လျက်ရှိနေတာကို သိနေသည်။ သူလွတ်မြောက်နေပါစေဟု သူမမျှော်လင့်နေမိသည်။ ဖြစ်နိုင်တာက သူသည် အခု လမ်းပေါ်မှာရောက်နေတာ ဖြစ်နိုင်သည်။ သူ့ထံလာပြီး ခေါင်းဆောင်လုပ်ပေးဖို့ပြောသော ရှမ်းတော်လှန်ရေး နျူးဆွတ်ဟန်အဖွဲ့ထံ ပူးပေါင်းဖို့သွားနေပြီလား။ စဝ်က သူ့ကို တစ်ခါမက နှင်လွှတ်ခဲ့ဖူးသည်။ စဝ်က သူတို့ခေါင်းဆောင်လုပ်ဖို့ ငြင်းဆိုခဲ့ပြီး ရှမ်းပြည်၏နစ်နာချက်များ ရရှိရမည့် အခွင့်အရေးများကို လက်နက်မကိုင်ဘဲ လွှတ်တော်တွင် တရားနည်းလမ်းကျကျ တောင်းဆိုမည်ဟု ပြောခဲ့ဖူးလေသည်။

သူမသည် ငြိမ်သက်စွာနေရမည်ကို သုစန္ဒီ သိလိုက်သည်။ သူမသည် သူတို့ထံ ညွှန်သည်အဖြစ်လာနေကြသော တရားပြဆရာတော်များ၏ ပို၍တော်သော ကျောင်းသားတစ်ယောက် ဖြစ်ခဲ့ချင်မိလေသည်။

''စဝ်မေ စဝ်မေ''

ဟော်နန်းရှေ့နားကျုံးထိပ် ကလေးထိန်းကျောင်းလေးမှ ပြန်လာသော သူမသမီးခေါ်သံကို ကြားလိုက်သည်။ သူမ ကလေးတွေရှေ့မှာ သူမသည် အတည်ငြိမ်ဆုံးနေပြရမည်။ သူမသည် လက်နှစ်ဖက်ကို ဆန့်ထုတ် လိုက်သည်။ ပြီးနောက် သူမ သမီးလေးကို ပွေ့ဖက်လိုက်လေသည်။

''စဝ်မေ သမီးရေသွားကူးချင်တယ်''

မာယာရီက သူမအမေကို ရှမ်းလိုပြောလိုက်သည်။

သူမ သမီး၏တိုက်တွန်းပြောနေသံကြားလိုက်ရသောကြောင့် သူမမှာ စိတ်သက်သာရာရသွားလေသည်။ သမီးက သူမဘာသာ ဆုံးဖြတ်ချက် မချနိုင်ဖြစ်နေပုံရသည်။ ရေကူးကန်ထဲတွင် သူ့မိသားစုရေပက်ဆော့ကြဖို့ သည်ကန်ဒီဇိုင်းကို စဝ်ကိုယ်တိုင်ရေးဆွဲပြီး ဆောက်ခဲ့သည်။ အခု သုစန္ဒီ အတွက် တကယ်ပင် တင်းကျပ်နေသော စိတ်တွေကို ဖယ်ရှားပစ်ဖို့နှင့် အချိန်တွေ ကုန်လွန်သွားဖို့ လိုအပ်နေပြီဖြစ်သည်။ နေ့ခင်းကအဖြစ်ကြောင့် ကလေးတွေက စိုးရိမ်ထိတ်လန့်မှုမပြကြပေ။ ဟော်နန်းအထွက်က ဂိတ်ရှိ အစောင့်များ၏

www.nyisay.com



ယူနီဖောင်းပြောင်းနေတာကို မာယာရီက သတိပြုမိပုံမရချေ။ ကလေးနှစ်ယောက် လုံးသည် သူတို့အဖေသည် ဟော်နန်းမှ အပတ်ပေါင်းများစွာ ခွဲခွာပြီး ရန်ကုန်နှင့်တောင်ကြီးတွင် အစည်းဝေးပြီး အစည်းဝေးသွား တက်နေရတာကို သိကြလို့ ကျင့်သားရနေကြလေသည်။

သူမသမီးနှစ်ယောက် ကုတင်ပေါ်၌ သူတို့ အဖေအိပ်သည့်ဘက် တွင် အိပ်မောကျနေသောအခါကျမှ သုစန္ဒီတွေးမိလေသည်။

နိုင်ငံတော်ဗေဒင်ဆရာ၏ အရင်လ ဖေဖော်ဝါရီတုန်းက သတိပေးချက်ကို သွားသတိရလိုက်မိသည်။ သူတို့သည် ဂြိုဟ်ဆိုးပေါ်ကျရောက်နေသည်ဟု ဟောခဲ့သည်။ အန္တရာယ်ကျရောက်မည့် အရိပ်လက္ခဏာမြင်သည်။ ထိုဂြိုဟ်ဆိုးကို ဘီစီ ၃၀၀၀ ကတည်းက မတွေ့တာကြာပြီဟုဆိုသည်။ ကြီးမားသော ကပ်ဆိုးကြီးကျရောက်မှာဖြစ်လို့ တစ်တိုင်းပြည်လုံး လူတိုင်းဆုတောင်းကြရမည်။ ဖေဖော်ဝါရီလကုန်သွားသောအခါ ငြိမ်းချမ်းစွာပြီးစီးသွားခဲ့သည်။

လူတိုင်းသည် စိတ်လက်ပေါ့ပါးသွားကြသည်။ ဆုတောင်းသည့် တန်ခိုးကြောင့်ဟု သူတို့ ပိုမိုအခိုင်အမာ ယုံကြည်သွားကြလေသည်။

နှစ်ပတ်စောစောပိုင်းက ဟော်နန်းသို့ ကျောက်မဲမှလာသော ယူနန်တရုတ်အဖွဲ့သည် တရုတ်နှစ်သစ်ကူးအတွက် တစ်နှစ်လုံး ကံကောင်းကြစေရန် ဘေးရန်အပေါင်းမှ ကင်းဝေးကြစေရန် နဂါးရုပ်ကြီးဖြင့် ဟော်နန်းသို့ အရင်ဆုံး လာရောက်ကပြဆုတောင်းခဲ့ကြလေသည်။ သူတို့ကလည်း ရှေ့နှစ်တွင် ကျရောက်မည့်ကပ်ဆိုးကြီးအတွက် စိုးရိမ်ပူပန်ခဲ့ကြသည်။ လူငယ် ၁၄ ယောက် ဝင်ထမ်းလာသော နဂါးရုပ်ကြီးနှင့် ရေမင်းသမီးလေးတွေ ဟော်နန်းရှေ့က မြက်ခင်းပြင်ပေါ်တွင်ကပြီး လိုက်လာကြသည်။ သူတို့က မကောင်းသော ဂြိုဟ်ဆိုးနှင့် မကောင်းဆိုးဝါးဝိညာဉ်များကို မောင်းထုတ်ဖို့ ဆုံးဖြတ်ထားကြသည်။ အညို့ခံရသလို သူတို့သည် နဂါးကြီးကို စောင့်ကြည့်နေမိကြလေသည်။

ကြောက်စရာကောင်းသောနဂါးကြီးသည် လည့်ပတ်ပြေးနေရာ သူ့နောက်မှ လူတန်းကြီးကလည်း အနီရောင် ကိုယ်လုံးကြီးအောက်မှ ပြေးလိုက်ကြရသည်။ စိတ်ဆိုးဒေါပွနေသောမျက်နှာဖြင့် နဂါးကြီးသည် ကမ္ဘာ

www.nyisay.com



လုံးကြီးကို ပတ်ပတ်လည်ကာ လိုက်ဖမ်းနေသည်။ ကလေးတွေက ထိုအံ့သြဖွယ်ရာ ကမ္ဘာလုံးဥကြီးကို မျက်တောင်မခတ် စူးစိုက်ကြည့်နေကြသည်။ ထို့နောက်ဥခွံကြီးပွင့်လာပြီး အထဲမှ ဆံပင်တွင် မီးရောင်လေးဖြင့် လှပသော ကောင်မလေးတစ်ယောက် ထွက်လာသည်။ နဂါးကြီး၏ ဝင်ရောက်တိုက်ခိုက်ခြင်းကို ခံလိုက်ရသည်။ သူမသည် ဥခွံထဲတွင် ဘေးကင်းလုံခြုံစွာနေထိုင်ရကြောင်း အခိုင်အမာပြနေသလိုဖြစ်သည်။ သုစန္ဒီသည် သူမနှင့် သူမ၏ မိသားစုသည်လည်း အန္တရာယ်အပေါင်းမှ အကာအကွယ်ယူရန် ဥခွံထဲတွင် နေချင်မိလေသည်။ သူမ ပထမဆုံးသီပေါဟော်နန်းကိုရောက်ကတည်းကပင် သူမသည် လုံခြုံစိတ်ချစွာနေထိုင်ခဲ့ရသော အနောက်တိုင်းကဘဝနှင့် စတင်ဝေးလာပြီဖြစ်ကြောင်းသိခဲ့ပါသည်။ မောပန်း၍ စည်းချက်မှန်မှန် အသက်ရှူထုတ်နေပြီး နောက်ဆုံးတွင် သူမ၏သမီးနှစ်ယောက်မှာ အိပ်မောကျသွားလေတော့သည်။

✦ ✦ ✦

နောက်တစ်နေ့မနက်တွင် သုစန္ဒီသည် မနေ့ကဖြစ်ခဲ့သော အဖြစ်တွေကို အိပ်မက်ဆိုးတွေဟုသာ ထင်လိုက်ချင်မိလေသည်။ သို့သော် အိပ်မက်ဆိုးက ဆက်မက်နေရသည်။ သူမက အခုထိအပေါ်ထပ်မှာပဲ ရှိနေသေးသည်။ ကောလိန်ရောက်လာပြီးပြောသည်။

"စဝ်မေ ဗမာစစ်တပ်က တပ်ကြပ်နဲ့ သူ့လူတွေ အမိန့်အရဆိုပြီး ဟော်နန်းက တယ်လီဖုန်းကိုလာဖြုတ်သိမ်းပြီး ယူသွားတယ်"

"သူတို့နဲ့ သွားပြီး ငြင်းခုံမနေနဲ့။ ငါ ဒီကိစ္စကို သူတို့ ဗိုလ်မှူးနဲ့ ပြောမယ်"

သုစန္ဒီက တည်တည်ငြိမ်ငြိမ်ဖြင့်ပြောလိုက်သော်လည်း သူမစိတ်ထဲမှာတော့ သတိပေးသံကစတင်မြည်လာလေပြီ။ ဟုတ်တယ်။ သူတို့က အရှေ့ဟော်နန်းကို အကျဉ်းထောင်လုပ်ဖို့ စနေလေပြီတည်း။ ခဏလေးနေတော့ ထမင်းချက် မေတ္တာသည် ဈေးမှ စက်ဘီးဖြင့် ပြန်လာသည်။ ဗမာစစ်သားက သူ့ဈေးခြင်းတောင်းကိုရှာသည်။ သူနှင့်အတူ ဈေးခေါ်သွားသော သူ့သမီးလေးကိုပါ ရှာလေသည်။ ပြီးနောက် သူသည် ဖယားစာရွက်ပေါ်

www.nyisay.com



လက်မှတ်ထိုးရသည်။ ဟော်နန်းအတွင်း ဝင်သူရောထွက်သူပါ လက်မှတ်ထိုးကြရလေသည်။

စာပို့သမားသည် သူ့မှာပါလာသော စံအိမ်တော်အတွက်ပို့ရမည့် စာအားလုံးကို ဂိတ်ဝအစောင့်ထံတွင်ပေးခဲ့ရသည်။ အမြဲပင် စာတွေက ပုံနေသည်။ အစောင့်က ဒီစာတွေကို သူ၏အထက်ကို ပေးပို့လေသည်။

သုစန္ဒီက စမ်းသည့်သဘောဖြင့် စာတစ်စောင်ကို ကောလိန်အား စာတိုက်သို့သွားပို့ခိုင်းလိုက်ရာ ထိုစာကို ဂိတ်ဝအစောင့်က ကောလိန်ထံမှ ယူထားလိုက်သည်။ စဝ်ထံမှလာမည့် စာလည်း ဂိတ်ဝကိုဖြတ်လာနိုင်မှာ မဟုတ်သည့်အတွက် သူမမျှော်လင့်ချက်တွေ ကြေပျက်ပြုန်းရလေသည်။ သူသတင်းပို့နိုင်မည့် နည်းလမ်းရှာကိုရှာကြံပို့မှာပါဟု သူမကိုယ်သူမအား ပေးနေရလေသည်။

သုစန္ဒီက အဖမ်းခံထားရသော အခိုင်းစေများ၏ မိန်းမများကို အားလုံးစုခေါ်လိုက်သည်။

"အားလုံးသိကြတယ်နော်"

သုစန္ဒီ သူတို့ကို ပြောသည်။

"မနေ့ကစပြီး ပြောင်းလဲသွားပြီ။ ဗမာစစ်သားတွေက ဟော်နန်းကို သိမ်းထားတယ်။ စော်ဘွားလည်း မရှိဘူး။ ငါလည်းအခု အိမ်မှာ အကျယ်ချုပ်နဲ့ နေ,နေရတယ်။ တကယ်လို့ မင်းတို့ ငါနဲ့အတူနေကြမယ်ဆိုရင် မင်းတို့ကို ဗမာစစ်သားတွေက စော်ကားတာကိုခံကြရမယ်။ ပြီးတော့ မင်းတို့မိတ်ဆွေတွေလည်း မင်းတို့ဆီလာတွေ့ကြဖို့ ကြောက်နေကြလိမ့်မယ်။ မင်းတို့ဒီမှာ အလုပ်လုပ်ကြတာကောင်းပါတယ်။ ဒါပေမဲ့ မင်းတို့အခုလွတ် လွတ်လပ်လပ်သွားချင်ရာကို သွားလို့ရတယ်။ မင်းတို့ထဲက တစ်ယောက်ပဲဖြစ်ဖြစ် အားလုံးပဲဖြစ်ဖြစ် သွားချင်တဲ့လူသွားပါ။ နောက်ထပ် အလုပ်ရှာချင် ရှာလို့ရတယ် ငါ ခွင့်ပြုတယ်။ အဖမ်းခံထားရတဲ့ လင်ယောက်ျားတွေအတွက် လခကို စိတ်မပူကြပါနဲ့ သူတို့ဘယ်နေရာမှာပဲ ရှိနေရှိနေ သူတို့လခကိုတော့ ပေးနေမှာပါပဲ"

သူမပြောပြီးသောအခါ အားလုံးငြိမ်သက်သွားကြသည်။ ထို့နောက် ကောလိန် ထရပ်ပြီးပြောသည်။

"ကျွန်တော်က စဝ်မေနဲ့အတူနေပါ့မယ်"

www.nyisay.com



''မင်းငါနဲ့အတူနေရင် မင်းပါ အဖမ်းခံရနိုင်တယ်ဆိုတာ မင်း စဉ်းစားမိရဲ့လား''

သုစန္ဒီက သူ့ကို မေးလိုက်သည်။

''ကျွန်တော်သူတို့ကို မကြောက်ပါဘူး''

သူက တိုတိုပြတ်ပြတ် ဖြေလိုက်သည်။ ထို့နောက် မှိုင်း ထပြောသည်။

ပြီးနောက် နိုင်းနိုင်း။ ပြီးနောက် မေတ္တာ။ ပြီးနောက်မာလီ အိုက်စံ၊ ဖစောနှင့် အားလုံးက သူတို့မဟာဒေဝီနှင့်အတူ နေချင်ကြပါသည်ဟုပြောကြလေသည်။ ဘုကောင်း၏ မိန်းမကသုစန္ဒီကို ပြောသည်။

''သူတို့က သူတို့ရဲ့ ရှိသေလေးစားမှုကို စဝ်မေထံပေးချင်ပါတယ်။ စဝ်မေရဲ့ လက်ထဲမှာ ကောင်းကောင်းနေထိုင်သွားကြဖို့ ပြင်ဆင်ထားကြပါတယ်''

သူတို့၏ သစ္စာရှိမှုတို့ကြောင့် သုစန္ဒီမှာ အားအင်များပြည့်လာသလို ခံစားလိုက်ရသည်။ သို့သော် သူတို့၏တာဝန်အရပ်ရပ်ကို သူမအပေါ် ထပ်ပေါင်းကျရောက်လာမှာကို ချက်ချင်းသိလိုက်သည်။ တစ်အိမ်လုံးအတွက် တစ်နှစ်စာ လည်ပတ်ဖို့ လိုအပ်သောငွေများ ထုတ်ပေးဖို့ သူမ ဆုံးဖြတ်လိုက်ပြီး ပျော်သွားမိလေသည်။

သူတို့ အားလုံးထွက်သွားပြီးသောအခါ သူမ တစ်ယောက်တည်း ကျန်ရစ်ခဲ့တော့သည်။ သူမ စောင့်နေသည်။ ညှော်သည်ကို စောင့်သည်။ စာကို စောင့်သည်။ စဝ်သတင်းကိုစောင့်သည်။ နာရီကြီးက ရပ်နေသလို ထင်ရသည်။ ဘာမှ မလာပါ။

နောက်နေ့တွေမှာ ညှော်သည်တွေထပ်လာသော်လည်း လာစေချင်သူတွေမဟုတ်ပါ။ နောက်ထပ် ဗမာစစ်သားတပ်သားအသစ်များ ဟော်နန်းကို ရောက်လာကြပြီး ဘုရားကျောင်း၊ ရေစက်အိမ်၊ အင်္ဂတေလျှောက်လမ်းနှင့် ရေကူးကန်တို့ကို ပြင်းပြင်းထန်ထန် ပိုက်စိတ်တိုက် ရှာကြလေသည်။ သူတို့ အားလုံးသည် ဘုရားကျောင်းခေါင်မိုးပေါ်တွင် တင်ကျန်နေရစ်သော ဒုတိယ ကမ္ဘာစစ်တုန်းက ကျည်ဆန်ခွံလေးတစ်တောင့်သာ ရှာဖွေတွေ့ ရှိကြလေသည်။

မသေချာမှု စိုးရိမ်မှုများဖြင့် မဆုံးနိုင်သောလေးရက်လုံးလုံး ပြီးသွားသောအခါ သူမ ဆက်ကြာကြာစောင့်မနေသင့်တော့ဘူးဟု ဆုံးဖြတ်ချက် ချ

www.nyisay.com



လိုက်သည်။ ကလေးနှစ်ယောက်ကျောင်းသွားပြီး နာရီအနည်းငယ်ကြာသောအခါ သူမ မရှိတာကို သူတို့အားပေးမသိစေဘဲ ဟော်နန်းမှ ကားဖြင့် မောင်းထွက်ဖို့ လုပ်လေသည်။ သူတို့အိမ်မှာရှိနေလျှင် သူတို့အမေသည် မျက်စိအောက်မှ အပျောက်မခံဘဲ သူတို့ကို ကြောက်မနေရအောင် နေပြရလေသည်။

အဖမ်းခံရပြီးနောက် ပထမဦးဆုံးအကြိမ်အဖြစ် ဟော်နန်းမှ ထွက်လာခဲ့ခြင်းဖြစ်သည်။ သုစန္ဒီထွက်လာပြီး မာစီဒီးကားကို ကားရုံမှထုတ်လိုက်သည်။ ပြီးနောက် သူမသည် မှိုင်းကို သူမနှင့်အတူ အဖော်လိုက်ပေးဖို့ခေါ်သည်။ သူမတို့ ၂၄ မိုင်ဝေးသော ကျောက်မဲအနီးက စစ်တပ်တစ်ခုဆီသို့ သွားကြမည်။

"ဒါပေမဲ့ စဝ်မေကို ဟော်နန်းကနေ ထွက်ခွင့်ပြုမယ်မထင်ဘူး"

မှိုင်းက ထောက်ပြသည်။

"ငါဂရုမစိုက်ဘူး။ ငါ သွားကိုသွားရမယ်။ စဝ်ဘယ်မှာရှိလဲဆိုတာ သိအောင်လုပ်ရမယ်"

သူမက သူ့အထိန်းတော်ကိုပြောလိုက်သည်။

"ပြီးတော့ သူတို့ ငါ့ကို ဂိတ်မှာ ဘယ်လိုမှ တားလို့မရဘူး"

"သူတို့ ပစ်လိမ့်မယ်"

မှိုင်း ပြန်ပြောသည်။

"ငါတို့ လုပ်ကြည့်ရမှာပဲ၊ ဘာလို့မရရမှာလဲ။ ငါနဲ့ အတူမလိုက်နိုင်ဘူးလား မှိုင်း။ ဒါဆိုရင် ငါတစ်ယောက်တည်းပဲသွားမယ်"

"ကျွန်မ ကျွန်မအတွက်မကြောက်ပါဘူး။ စဝ်မေအတွက် ကြောက်တာပါ"

မှိုင်းက ပြန်ပြောလိုက်သည်။

"ပြီးတာပဲ သွားစို့"

သုစန္ဒီ မပြောခင်မှာပဲ ကောလိန်နှင့်နိုင်းနိုင်းတို့ ပြေးထွက်လာကြပြီး အပြင်းအထန် တားကြလေသည်။ သုစန္ဒီသည် လေးလံသောကားမည်းကြီးကို ဖွတ်မောင်းထွက်လာခဲ့သည်။ မှိုင်းသည် သုစန္ဒီနှင့်ဝေးရာ နောက်ခုံတွင် ထိုင်လိုက်လာသည်။ သူမသည် ဂိတ်ဝအစောင့်စစ်သား ၆ ယောက်ရှိရာသို့ မောင်းထွက်ခဲ့ပြီး ဂိတ်ရှေ့မှာ ရပ်လိုက်သည်။

တာဝန်ကျ ဗမာစစ်သားတပ်ကြပ်တစ်ယောက်သည် ဂိတ်ထဲမှ

www.nyisay.com



ပြေးထွက်လာပြီး ကားတံခါးဘေး ပြတင်းပေါက်မှာ အမြန်လာရပ်ပြောသည်။

"မဟာဒေဝီ ဟော်နန်းကွန်ပေါင်းကလွဲလို့ ဘယ်ကိုမှ ထွက်ခွင့် မပြုရဘူးလို့ အမိန့်ထုတ်ထားပါတယ်"

"ပြီးတော့လေ ငါအခုဗိုလ်မှူးကြီးထွန်းအောင်ကို ကျောက်မဲမှာ သွားတွေ့မလို့ ဒီအကြောင်းငါပြောပြလိုက်ပါ့မယ်"

သုစန္ဒီ ပြန်ဖြေလိုက်သည်။

"ကျွန်တော် အမိန့်အရပြောနေတာပါ။ မဟာဒေဝီ ဆက်သွားမယ်ဆိုရင် ကျွန်တော် ပစ်ရပါလိမ့်မယ်"

တပ်ကြပ်က အော်ပြောလိုက်သည်။

"ကောင်းပြီ။ ဆက်လုပ် ပစ်"

သုစန္ဒီ ပြန်အော်လိုက်ပြီး လီဗာပေါ်ခြေထောက်ကို ဖိနင်းလိုက်သည်။ အံ့အားသင့်မင်တက်မိနေသော ဗမာစစ်သားတွေကို ဖြတ်မောင်းထွက်သွားသည်။ သူတို့ မပစ်ပါ။

၂၄ မိုင်သာဝေးသော ကျောက်မဲသည် မဆုံးနိုင် မရောက်နိုင်ဟု ထင်နေမိလေသည်။ ပထမဆုံးထွက်လာသောခရီးမှာ သုစန္ဒီနှင့်မွိုင်းတို့သည် တစ်ယောက်ကိုတစ်ယောက် စကားတစ်လုံးမှ မပြောကြချေ။ သူတို့ကား တောတန်းကိုဖြတ်မောင်းသောအခါ တောထဲမှထွက်လာမည့် ဓားပြများ၊ ဗမာ စစ်သားများကိုလည်း လမ်းတစ်လျှောက်လုံး ကြည့်နေရလေသေးသည်။

သူတို့သည် လမ်းတွင် နွားလှည်းအချို့၊ ဘတ်စ်ကားအချို့ လမ်းပေါ် ဖြတ်ပြေးသော တောကြက်တစ်ကောင်၊ နစ်ကောင်နှင့် အလွန်ကြီးမားသော လင်းတအုပ်ကြီးသည် သူတို့အစာအတွက် ရှာဖွေရင်း ပျံဝဲနေကြတာကိုသာ တွေ့ကြရလေသည်။ တောသည် အုပ်စိပ်မှိုင်းညို့လာသည်။

လမ်းဘေးတစ်လျှောက် ကျွန်းတောတွေသည် ပြည့်ကြပ်နေသည်။ ကျွန်းရွက်အင်ရွက်ခြောက်ကြီးများ မြေပေါ်ကြွေကျနေသည်။ တောသည် စိမ့် အေးနေလေသည်။ သုစန္ဒီစိတ်ထဲတွင် ပထမဆုံးဟော်နန်းကို လာရှာစဉ်က တွေ့လိုက်ရသော ဗိုလ်မှူးကို အမှတ်ရလိုက်ပြီး သူမ နှလုံးသားကိုတစ်စစီ ခြေမွသွားခဲ့ပုံကို သတိရမိလိုက်သည်။ သူမစိတ်တွေသည် ပြေးနေသည်။

www.nyisay.com



သူမသည် အဆင်ပြေပြေ အောင်အောင်မြင်မြင်မှ တွေ့နိုင်ပါ့မလား။

ဒုက္ခတွေ ပြဿနာတွေအကြောင်း ပြောဖြစ်ပါ့မလား စိုးရိမ်နေမိလေသည်။

တိတ်ဆိတ်နေခြင်းကို မွိုင်းက ဖျက်ဆီးပေးလိုက်သည်။

''စဝ်မေ ကျေးဇူးပြုပြီးပြန်လှည့်ပါလား။ ကျွန်မ တောင်းပန်တယ်''

''ဘာလို့လဲ နေမကောင်းဘူးလား''

သုစန္ဒီသည် ကားအရှိန်ကိုလျှော့ချလိုက်ပြီး မွိုင်းဘက်လှည့်ကြည့်လိုက်သည်။

''မဖျားပါဘူး။ ဒါပေမဲ့ ကျွန်မ တအားကြောက်နေတယ်''

''ဘာကိုကြောက်တာလဲ မွိုင်း''

''သူတို့ ကျွန်မတို့ကို ပစ်မယ်ထင်တယ်။ စဝ်မေ''

''ငါလည်း သံသယ ရှိတာပဲ။ ဂိတ်က အစောင့်ကမပစ်တာ သူ့မှာ ကောင်းတဲ့အကြောင်းတစ်ခုရှိမှာပဲ''

သုစန္ဒီက ကြိုးစားပြီး အသံကို သဘောပေါက်အောင်ပြောလိုက်သည်။ သူတို့ကား ကျောက်မဲနားနီးလာသောအခါတွင် သူမစိတ်ထဲတွင် စိုးရိမ်စိတ်များ တစ်ဟုန်ထိုးတိုးလာမိပြီး ဒီလိုလုပ်တာ မှန်မှမှန်ရဲ့လားဟု သံသယဖြစ်လာမိလေသည်။

ကြောက်ရွံ့စွာ တောင်းပန်နေသော မွိုင်း၏ စကားတွေက သူမကို ထပ်မံတိုးပြီး သံသယကိုပွားလာစေသည်။ သို့သော် သူမသည် အခုတော့ ကားကိုပြန်မလှည့်နိုင်တော့ချေ။ တကယ်လို့ သူတစ်ယောက်တည်းဖြစ်နေရင်တောင် သူမအစီအစဉ်ကို ဆက်လုပ်သွားဖို့ တွေးလေသည်။

''ငါ ဗိုလ်မှူးနဲ့သွားတွေ့ရမှာပဲ''

သုစန္ဒီ ပြောသည်။

''ဒါပေမဲ့ မွိုင်းက ကျွန်မကို အခုလာမဲ့ရွာက ကော်ဖီဆိုင်မှာ စောင့်နေပေးပါ''

''မဟုတ်ဘူး စဝ်မေ။ ကျွန်မ စဝ်မေနဲ့အတူနေချင်ပါတယ်။ ကျွန်မက ပြန်လှည့်စေချင်တာပါ။ ကျွန်မ စဝ်မေအတွက် သိပ်ကိုစိုးရိမ်လို့ပါ''

မွိုင်းသည် သူမလည်ပင်းက ပုတီးကိုဖြုတ်လိုက်ပြီး ပုတီးစိတ်ရင်း

www.nyisay.com



ဘုရားစာများရွတ်ရင်းက စိတ်ကိုတည်ငြိမ်အောင် လုပ်နေတော့လေသည်။ သူတို့ကားသည် အစောင့်ချထားသော တပ်အနီးချဉ်းကပ်လာလေသည်။ ဗမာစစ်သားတွေ၏ တပ်စခန်းသည်ကျောက်မဲမြို့အနီးက မြေနီတောလမ်း အတိုင်းကွေ့ဝင်သွားရသည်။ တောလမ်းကြမ်းကြမ်းကို ၁၀ မိနစ်ခန့်မောင်း သွားပြီးသောအခါမှ စခန်းအဝင်ဂိတ်သို့ ရောက်လေသည်။ ဂိတ်က သူတို့ကို စောင့်မျှော်နေဟန်ရှိသည်။ ဗမာစစ်သားက ယဉ်ကျေးစွာပင် ဗိုလ်မှူးရုံးကို ဘယ်လိုသွားရမည်ကို ရှင်းပြနေလေသည်။ သူမသည် ရုံးကို တွေ့အောင်ရှာဖို့ အာရုံထားနေခိုက် မွိုင်းသည် ပတ်ဝန်းကျင်ဝဲယာကို လှည့်ကြည့်နေဖို့ အခွင့်သာ လေသည်။

''စဝ်မေ''

သူမ အော်လိုက်သည်။

''ညာဘက်ကို ကြည့်လိုက်ပါ''

''ဘာဖြစ်လို့လဲ''

သုစန္ဒီမေးလိုက်သည့်အခါ သူမက အောက်ဘက်ကို လက်ညှိုးထိုးပြ နေသည်။

''အဲဒီမှာ ကျွန်မတို့ ဇင်းန၊ ဘူကောင်း၊ စံအေး''

''ဘယ်မှာလဲ''

''အဲဒီ အိမ်ကြီးဘေးမှာ သူတို့ အလုပ်လုပ်နေကြတယ်''

သုစန္ဒီ သူတို့ကို မြင်လိုက်ပါပြီ။ သူတို့သည် သစ်သားဖြင့်ဆောက် လုပ်ထားသော ဘန်ကာအနီးပတ်ပတ်လည်တွင်ရှိသော မြေကွက်လပ်ကို သန့်ရှင်းရေးလုပ်နေကြသည်။ သူတို့အနီးနားတွင် လက်နက်ကိုင်အစောင့်က ရပ်ကြည့်နေသည်။ သုစန္ဒီက သူ့အလုပ်သမားတွေကို သွေးဆောင်ပြီး စကား ပြောဖို့ ကြံကြည်သည်။ သို့သော် သူမ ဆုံးဖြတ်ချက်ကို ပြောင်းလိုက်သည်။ နောက်ဖြစ်လာမည့် ဆိုးကျိုးများကို သူတို့မတွေ့စေလိုပါ။ သို့သော် သူမသည် မွိုင်းကို ယုံစား၍မရပါ။

မွိုင်းသည် ကားပြတင်းပေါက်မှန်ကို ချလိုက်ပြီး သူ့အစ်ကိုကို လှမ်းအော်ခေါ်လိုက်သည်။

www.nyisay.com



''ဖင်းန''

သေနတ်ကိုင်ထားသော ဗမာစစ်သားနှစ်ယောက်သည် အသံကြားရာဆီ လှည့်ကြည့်လိုက်ကြပြီး သူတို့လက်ထဲက သေနတ်ပြောင်းဝများကို မွိုင်းနှင့် ကားကိုချိန်ထားလိုက်လေသည်။ ရှမ်းအကျဉ်းသားတို့သည် အသံမကြား၊ လူကို မမြင်ကြလျှင် သူတို့အလုပ်ကို သူတို့ဆက်လုပ်နေကြမှာ သေချာသည်။

''တိတ်စမ်း မွိုင်း''

သုစန္ဒီက ခတ်မာမာပြောလိုက်ရင်းက ကားကိုအရှိန်လျှော့ချလိုက်သည်။

''နောက်ထပ် စကားတစ်လုံးထွက်တာနဲ့ ငါရော၊ မင်းရော၊ မင်း အစ်ကိုရော၊ တခြားလူတွေရော အားလုံးအပစ်ခံရလိမ့်မယ်''

ထိုသို့ မွိုင်းအော်လိုက်သည့်အတွက် အစောင့်စစ်သားတို့သည် သူတို့ကို ပိုမိုခြောက်လှန့်ဟန်ဖြင့် ကြည့်နေကြတော့သည်။ ထိုအထဲတွင် တစ်ယောက်က အရှေ့ဟော်နန်းအပြင်ဘက်တွင် အစောင့်တာဝန်ကျခဲ့ဖူးသူ ဖြစ်နေသည်။

ဗမာဗိုလ်မှူးကြီးထွန်းအောင်သည် အရပ်ရှည်ရှည် ပိန်ပိန်အသား မည်းမည်းဖြစ်ပြီး သူ့ညီသည်တွေကိုမြင်သောအခါ အံ့သြဟန်မပြဘဲရှိလေ သည်။ လက်ထောက်တစ်ယောက်က သုစန္ဒီနှင့်မွိုင်းတို့ကို ရုံခန်းအတွင်း ဝင်ဖို့ပြလေသည်။

အခန်းတွင်းသို့ သူတို့ဝင်သွားသောအခါ ဗိုလ်မှူးသည် စားပွဲမှ ထရပ်ပြီး သုစန္ဒီကို ဝမ်းသာအားရပင် လက်ကိုဆန့်ထုတ်ပေးကာ လက်ဆွဲ နှုတ်ဆက်လေသည်။ လက်ထောက် အခန်းတွင်းမှ ထွက်သွားသောအခါ သူသည် သူတို့ကိုထိုင်ဖို့ပြောပုံမှာ ပျော်ပျော်ရွှင်ရွှင်ဟန်နှင့် ဖြစ်သည်။

''ကျွန်တော်ဘာ လုပ်ပေးရမလဲ မဟာဒေဝီ''

သူမ ရုတ်ချည်းပြန်မပြောနိုင်သေးပဲရှိနေစဉ် ဗိုလ်မှူးက ဆက်ပြီး မြန်မာလိုပင်ပြောသည်။

''ကျေးဇူးပြုပြီး ထိုင်ပါဦး။ ဒီကို ဘာကိစ္စနဲ့လာတာပါလဲ''

သုစန္ဒီ ထိုင်ခုံမှာထိုင်ချလိုက်သည်။ သူမဘေးမှာ မွိုင်းလည်း လိုက်ထိုင်လိုက်သည်။ သူမ သခင်မဘေးနားကပ်ထိုင်လိုက်သည့်အတွက် မွိုင်းမှာ မသက်မသာရှိလေ၏။

www.nyisay.com



''သီပေါမှာရှိတဲ့ ရှင်တို့ရဲ့ဇစ်သားက ဘာလို့ ကျွန်မကို ဆိုးဆိုးဝါးဝါး လုပ်ကြတာလဲ''

သုစန္ဒီက တည့်တည့်ပင်ပြောချလိုက်သည်။ သူမသည် စစခြင်း ပြောသည့်စကားကို ညင်ညင်သာသာဖြင့် ကွယ်ဝိုက်ပြောမနေတော့ချေ။ ဒါ မြန်မာတွေ လုပ်လေ့ရှိသော နည်းတစ်ခုပင်ဖြစ်သည်။

''သူတို့က မဟာဒေဝီကို ဆိုးဆိုးဝါးဝါး ဘာမှမလုပ်ကြပါဘူး''

ဗိုလ်မှူးက အလေးအနက်ထားပြောသည်။

''ကျွန်တော်တို့အထက်က အမိန့်အတိုင်း မဟာဒေဝီကို ကာကွယ် ပေးနေတာပါ''

''ကျွန်မ နားလည်ပါတယ်''

သူမ ပြောသည်။

''ရှင်နဲ့ ရှင့်အထက်ကလူတွေက ကျွန်မကို အိမ်မှာအကျယ်ချုပ်ထား တယ်။ တယ်လီဖုန်းဖြုတ်ပစ်တယ်။ လာသမျှစာတွေကို အားလုံး အသေးစိတ် စစ်ဆေးတယ်၊ အလုပ်သမားတွေကိုဖမ်းတယ်၊ ခြိမ်းခြောက်တယ် နှိပ်စက်တယ်။ တခြားရှိသေးတယ်။ ဒါတွေကို ရှင်က ကာကွယ်ပေးနေတာလို့ ပြောချင်တာလား''

ဗိုလ်မှူးကြည့်ရတာ မသက်မသာဖြစ်နေပုံရသော်လည်း တစ်လုံးမှ ပြန်မပြောချေ။

''တိတိကျကျပြောပါ။ ဘယ်ရန်သူတွေကနေ ကျွန်မတို့ကို ကာကွယ် ပေးတာလဲ ဗိုလ်မှူး''

သုစန္ဒီ ဆက်သည်။

ဗိုလ်မှူးမှာ တိုက်ရိုက်ထိပ်တိုက်ပြောဆိုဖို့ အတွက် ပြင်ဆင်ထားခဲ့ပုံမရ။ မြန်မာပြည်တွင် မိန်းမတစ်ယောက်သည် အာဏာပိုင်အဖွဲ့အစည်းက လူနှင့် တိုက်ရိုက်ပြောဆိုလေ့ မရှိတာကြောင့်လည်းဖြစ်မည်။ သူတို့မျှော်လင့်ထား သည်မှာ ယဉ်ကျေးသိမ်မွေ့စွာ၊ အကူအညီမဲ့စွာ၊ မျက်ရည်ခံထိုးလို့၊ ထိပ်တိုက် မရင်ဆိုင်ရဲ၊ ပြန်လည် အန်မတုဝံ့ စိုးကြောက်ထိတ်လန့်နေသည့်ပုံမျိုးဖြစ်သည်။

''မဟာဒေဝီက နိုင်ငံခြားသူပဲ''

သူနောက်ဆုံးတော့ ပြောသည်။

www.nyisay.com



"နိုင်ငံခြားသားတွေက ကျွန်တော်တို့တိုင်းပြည်အတွက် မကောင်းဘူး"

"ကျွန်မ နားလည်ပါတယ်"

သုစန္ဒီ ပြောသည်။

"ကြည့်"

သူ ပြောသည်။

"ကျွန်တော်တို့တပ်တွေ မနေ့ကပဲ သီပေါနဲ့ ၁၀ မိုင်အကွာမှာ တိုက်ပွဲဖြစ်တယ်။ ဒါ ကျွန်တော်တို့က မဟာဒေဝီရဲ့လုံခြုံရေးအတွက် တာဝန်ယူနေတာပဲ"

"ပွင့်ပွင့်လင်းလင်းပဲပြောပါ့မယ်။ ရှင်တို့ ဗမာစစ်သားတွေ ကျွန်မ ဟော်နန်းကနေ ထွက်သွားပေးတာကမှ ကျွန်မအတွက် ပိုပြီးလုံခြုံစိတ်ချရပါတယ်။ ဒီလိုပဲ ကျွန်မထင်တယ်။ မထင်ဘူးလား"

ဗိုလ်မှူးသည် သူမအား ကရုဏာသက်သလိုလိုရှိသည်ဟု သူမစိတ်ထဲ ခံစားလိုက်ရသည်။ သူသည် ဗမာစစ်တပ်တွေ၏ ချမှတ်ထားသောလမ်းစဉ်အတိုင်း သဘောပေါက်စွာ လုပ်လိုဟန်မရှိချေ။

စိတ်မသက်မသာဖြင့် အတန်ငယ်တိတ်ဆိတ်ငြိမ်နေရာမှ သုစန္ဒီ က ထပ်ပြီးပြောလိုက်သည်။ နူးနူးညံ့ညံ့ ကိုယ်ဘက်ပါအောင် စည်းရုံးသိမ်းသွင်းသောလေသံသိမ်သိမ်မွေ့မွေ့ဖြင့် ...

"ဗိုလ်မှူးကြီး ကျွန်မ ရှုးကြောင်ကြောင်အလုပ်တစ်ခုခု မလုပ်ခင်မှာ ကျွန်မသမီးလေးနှစ်ယောက်အတွက် အရင်စဉ်းစားပါတယ်"

ဒီစကားကြောင့် သူ့ထံမှ တုံ့ပြန်မှုကို သူမစောင့်နေလိုက်သည်။ ပြီးနောက် သူမ၏ရည်ရွယ်ချက်ကို ပြောင်းလိုက်သည်။ ထို့နောက် သူမသည် လက်တွေ့ကျစွာဖြင့် သူ့ကိုကျေးဇူးတင်မိလေသည်။

"ကျေးဇူးပြုပြီး ဗိုလ်မှူးကြီး ကျွန်မမြို့ထဲကို လွတ်လွတ်လပ်လပ် သွားခွင့်ပေးပါ။ တယ်လီဖုန်းလည်း ပြန်တပ်ပေးပါ။ ကျွန်မစာတွေလည်း ပြန်ပေးပါ။ ဘာဒုက္ခမှ မပေးပါဘူး။ ကျွန်မ ကတိပေးပါတယ်"

သူမတောင်းဆိုချက်ကို ဗိုလ်မှူးက စဉ်းစားနေဟန်တူသည်။ ဒါကောင်းတဲ့ လက္ခဏာပဲ။ သုစန္ဒီ တွေးသည်။

www.nyisay.com



သူ ဖက်ကိုချိုးလိုက်ပြီး ပြတင်းပေါက်အပြင်ဘက်ကို ကြည့်နေလိုက်သည်။ ပြီးနောက် သူပြောတာကို ကြားတာဟုတ်ပါ့မလားဟု ထင်လိုက်မိသည်။

''မဟာဒေဝီ တယ်လီဖုန်းကို မနက်ဖြန် ပြန်တပ်ပေးပါမယ်။ မြို့ထဲ ခဏတစ်ဖြုတ်တော့ သွားလို့ရပါတယ်။ ဒါပေမဲ့ မဟာဒေဝီ အပြင်ထွက်တိုင်း ဘယ်ကိုသွားမယ်ဆိုတာတော့ ဂိတ်ကအစောင့်ကို ပြောကိုပြောပြရမယ်။ စာတွေအတွက်တော့ ကျွန်တော် ဘာကတိမှ မပေးနိုင်ပါဘူး။ ကျွန်တော်တို့ စောင့်ပြီး ကြည့်ရဦးမယ်''

''ကျေးဇူးပါပဲ ဗိုလ်မှူးကြီး သိပ်ကိုကျေးဇူးတင်ပါတယ်''

အခန်းထဲဝင်လာပြီးကတည်းက ပထမဆုံး သုစန္ဒီပြုံးပြီးပြောလေသည်။

''ကျွန်မ နောက်ထပ်မေးခွန်းတစ်ခုမေးလို့ရမလား''

''ရပါတယ် ပြောပါ''

''ကျွန်မယောက်ျား ဘယ်မှာရှိနေလဲ''

ဗိုလ်မှူးက တုန့်ဆိုင်းမနေဘဲ ပြန်ဖြေလိုက်သည်။

''ကျွန်တော် ယူဆတာတော့ သူ့ကိုကာကွယ်ပေးဖို့ ထိန်းသိမ်းပေး ထားတယ်ထင်တယ်။ ကျွန်တော်တော့ ဆန့်ကျင်ဘက်အနေနဲ့ ဘာမှကို မကြား ပါဘူး''

သူ့အဖြေကို အံ့ဩဟန်၊ စိတ်ပျက်ဟန်မပြမိဖို့ သုစန္ဒီ သတိထားနေရ လေသည်။

''ကျွန်မ ဒီထက်ပိုသိချင်ပါတယ် ဗိုလ်မှူးကြီး။ ဘယ်မှာလဲ ဘယ်လိုနေလဲ။ ပြီးတော့ ကျွန်မဘယ်အချိန်မှာတွေ့လို့ရမလဲ။ ကျွန်မ ကျွန်မယောက်ျားအတွက် စိုးရိမ်တယ်။ သူ့အတွက် ဆေးဝါးနဲ့ အစာလိုအပ်ပါတယ်''

သုစန္ဒီသည် ရှည်ရှည်မပြောဘဲ အေးစက်စက်နှင့် ပြည့်စုံအောင် ပြောလိုက်သည်။ သူမ စကားရပ်လိုက်ပြီး အသက်ပြင်းပြင်းရှူသွင်းလိုက် သည်။

''ကျွန်တော် သေချာပေါက်ပြောရဲပါတယ် မဟာဒေဝီ။ ကျွန်တော်တို့အဖွဲ့က ဘယ်သူ့ကိုပဲဖြစ်ဖြစ် ကာကွယ်ပေးဖို့ ကောင်းကောင်းထိန်းသိမ်း ပေးနေတာပါ။ မဟာဒေဝီရဲ့ယောက်ျား ဘယ်မှာရှိတယ်၊ ဘယ်အချိန်မှာ သွားတွေ့လို့ရမယ်။ ဘယ်အချိန်စားစရာ ဘာပို့လို့ရတယ် ဆိုတာတွေကို

www.nyisay.com



ကျွန်တော်တို့အသိပေးပါ့မယ်''

မိုလ်မှူး ထရပ်လိုက်သည်။ ဆိုလိုချင်တာကတော့ သူတို့ဆွေးနွေးပွဲပြီးဆုံးသွားပြီဖြစ်ကြောင်းကို ပြလိုက်ခြင်းပင်တည်း။

သုစန္ဒီက ကျေးဇူးတင်ကြောင်းပြောပြီး ကားဆီသို့ လျှောက်သွားလိုက်သည်။ သူမ ကားမောင်းထွက်လာသောအခါ သူသည် ရုံးခန်းရှေ့တွင် ရပ်လျက် သူမ၏မာစီဒီကားအရှိန်ဖြင့် အဝေးကိုထွက်သွားပုံအား နောက်ဘက်မှငေးကြည့်ကျန်ရစ်ခဲ့သည်ကို နောက်ကြည့်မှန်တွင် မြင်လိုက်ရလေသည်။

✦ ✦ ✦

နောက်တစ်နေ့တွင် အဖြေထွက်လာသည်။ သူ့လူတွေသည် တယ်လီဖုန်း ပြန်လာတပ်ပေးသွားသည်။ တိုးတိုးမသဲမကွဲဖြင့် လိုင်စင်ရှိရဲ့လားဟု ပြောနေသေးလေသည်။ ဟုတ်ပါသည်။

တယ်လီဖုန်းက လိုင်စင်ရှိစရာမလိုပါချေ။ နောက် နာရီအနည်းငယ်ကြာသောအခါ လွန်ခဲ့သောရက်အနည်းငယ်က ရောက်နေသောစာနှစ်စောင်ကို သူ ယူပြီးပြန်လာသည်။

တစ်စောင်က ဩစတြီးယားရှိ အမေ့ဆီကဖြစ်ပြီး နောက်တစ်စောင်မှာ ကိုလိုရာဒိုက သူငယ်ချင်းစာဖြစ်လေသည်။ စာတွေက အင်္ဂလိပ်လိုနှင့် ဩစတြီးယားလိုရေးထားရာ တပ်ကြပ်က သူ့ကို ဘာသာပြန်ပြီးဖတ်ပြပါဟုပြောလေသည်။ သူမသည် ပါးစပ်ကပင် တပ်ကြပ်လေးကို အမေက သူ့သမီးဆီရေးသောစာအကြောင်းနှင့် သူငယ်ချင်းက ကောလိပ်အကြောင်းရေးသောစာကိုပြောပြလိုက်ရာ သူသည် ရပ်လျက်အသေအချာ နားစိုက်ထောင်နေလေသည်။ သုစန္ဒီသည် မျက်နှာကိုတည့်တည့်ထားလိုက်ကာ ကျေးဇူးတင်လျက်မျက်နှာသာပေးသောအနေဖြင့် ပြုံးပြလိုက်ပြီး လက်ထဲကစာနှစ်စောင်ကိုလှို့လစိုက်သော တပ်ကြပ်လေး လက်ထဲပြန်ထည့်ပေးလိုက်သည်။ သူမဖတ်ပြီးသွားလေပြီ။ ဖြစ်နိုင်လျှင် သူမသည် သည်ထက်စာတွေကို ပိုဖတ်ချင်မိလေသည်။ သည်စာတွေမှ ပြင်ပကမ္ဘာနှင့် အဆက်အသွယ်ရလေသည်။ သုစန္ဒီနောက်ဆုံးမတော့ သတင်းစာများရသည်။ အင်္ဂလိပ်လိုထုတ် နေးရှင်း နှင့်ဗမာလို မြန်မာ့အလင်း

www.nyisay.com



တို့ဖြစ်သည်။ သတင်းစာထဲမှ သူမသည် ရန်ကုန်က အခြေအနေတွေကို သိရသည်။ ပြောင်းဆန်နေတော့လေသည်။

တစ်ညနေခင်းတွင် သူမ၏လင်ညီအစ်မ စစ်ခွန်လုံ၏ဇနီးသည် ဟော်နန်းသို့ တောင်ကြီးမှ မမျှော်လင့်ဘဲရောက်လာသည်။ နန်းလောင်ဂိတ်ကိုဖြတ်ရာ၌ ဘာပြဿနာမှမရှိချေ။ သူမသည် သီပေါမြို့တွင်နေသော သူမ၏မိခင်ကို လာကြည့်ခြင်းဖြစ်သည်။ မိခင်ကြီးသည် အသည်းအသန်ဖြစ်နေသည်။ သုစန္ဒီအတွက် သူမသည် စဝ်ဘာတွေဖြစ်နေသလဲဆိုတာ တိုက်ရိုက်သိခဲ့သဖြင့် သုစန္ဒီကို နောက်ဆုံးပြောပြဖို့ ဖြစ်လာရလေသည်။

နန်းလောင်က သုစန္ဒီကို တိုးတိတ်စွာပြောပြသည်။ မတ်လ ၂ ရက် ၁၉၆၂ နေ့က စဝ်ကို တောင်ကြီးကအထွက် ဂိတ်တွင် ဖမ်းသွားကြတာ ဖြစ်ကြောင်း မည်သူကဖမ်းသည်ဆိုတာတော့ မသိရသေးကြောင်း ယခုမူ ရပ်စောက်အနီးက ဗထူးမြို့တစ်နေရာမှာ ရှိနေကြောင်းတို့ကို မိန်းမနှစ်ယောက်သည် ကလေးတွေအိပ်ချိန်အထိစောင့်နေပြီးမှ လွတ်လပ်စွာပြောရလေသည်။

အိမ်ရှေ့မြေပြင်ပေါ်တွင် နန်းလောင်သည် တောင်ကြီးတွင်ဖြစ်ခဲ့သော နေ့ရက်တွေအကြောင်း ပြန်ပြောပြနေလေသည်။ အားလုံးကို နားထောင်ပြီးသွားသော အခါ သုစန္ဒီသည် စဝ်ကို ရပ်စောက်တောတွင်းတွင် ဖမ်းထားသည်ကို သိရပြီဖြစ်သည့်အတွက် သူမ၏မျှော်လင့်ချက်ကို ထပ်စောင့်နေစရာမလိုတော့ဘဲ စဝ်ကို ဖြစ်သည့်တစ်နည်းနည်းဖြင့် ရအောင် ထုတ်ယူရမည်ဖြစ်လေသည်။

"အစ်ကိုက သူတို့ အဖမ်းခံရပြီးနောက် သူတို့ချင်းတွေ့ကြတဲ့ အကြောင်း ရောသိလား"

သုစန္ဒီက နန်းလောင်ကို မေးလိုက်သည်။

"ဟုတ်တယ်။ တွေ့ကြတယ်။ မြို့အထွက်ကဂိတ်မှာတဲ့ လူတွေအများကြီးက မေးခွန်းတွေမေးကြတယ်။ နောက်တော့ သူတို့ကို အဲဒီမှာပဲ လွှတ်လိုက်တာ မြင်တယ်လို့ပြောကြတယ်"

"အနည်းဆုံး သူတို့နှစ်ယောက်အခုထိ အတူတူပေါ့"

သုစန္ဒီက ကြားရသော ကြောက်စရာသတင်းအတွက် စိတ်သက်သာရာရအောင် ကြိုးစားနေရသည်။

www.nyisay.com



''မဟုတ်ဘူး။ သူတို့ အတူတူမဟုတ်ဘူး။ ကျွန်မ ယောက်ျားကိုတော့ အောင်ပန်းကိုခေါ်သွားတယ်။ ဗထူးမှာ မဟုတ်ဘူး''

နန်းလောင် ပြန်ဖြေသည်။

သူမ စဝ်ကို တွေးကြည့်လိုက်သည်။ အိတ်လည်းမပါ။ တစ်ယောက်တည်း။ အကျဉ်းသားအနေနှင့်ဆိုတော့ သူမနှလုံးကို ထုနေသလိုခံစားရလေသည်။ ဘယ်လောက်များ ယုတ်မာစော်ကားလိုက်လဲ ကြောက်စရာကောင်းတဲ့ မတရားမှုကြီးလဲ။

နန်းလောင်က သူ့ယောက်ျားအား ဖမ်းထားသည့်သတင်းကို သတင်းစာထဲပါလာတာပြသည်။ အခုထိ စဝ်အဖမ်းခံနေရတာ သူမ တရားဝင်မသိရသေးကြောင်းကို သုစန္ဒီက သနားစဖွယ်ပြောသည်။ သူမ ဘာမှတ်ချက်မှ မပေးနိုင်တော့ပါ။ တစ်ခုခုတော့ ကြောက်စရာကောင်းလောက်အောင် မှားယွင်းနေပြီဖြစ်ကြောင်း သုစန္ဒီ သတိရှိရှိခံစားသိလိုက်ရပေသည်။ သုစန္ဒီ ထိုညက တစ်ညလုံးအိပ်မရပါ။ သူမသည် အတွေးတွေကိုပြန်စုသည်။ စိတ်ကူးတွေကို ခပ်တိုတိုဖြတ်သည်။ သူမ၏လက်ရှိအခြေအနေကို အမှန်အတိုင်းကြည့်သည်။

စဝ်က လွတ်လပ်မနေပါ။ သူသည် တောလမ်းမှ ထိုင်းသို့ထွက်ပြေးလွတ်မြောက်မသွားခဲ့ပါ။ သူသည် ဘာလုပ်မယ် ဘယ်ကိုသွားမယ်ဆိုသော ညွှန်ကြားချက်တွေ သူမထံ သတင်းမပို့နိုင်တော့ပါ။ သုစန္ဒီကို ကလေးနှစ်ယောက်နှင့်အတူ သူမအိမ် တောင်ကြီးတွင် အတူလာနေခိုင်းသည်။ ထိုနေရာမှ သူတို့နှစ်ယောက် အတူတူစုံစမ်းနိုင်ကြမည် ဖြစ်လေသည်။ တွေ့ခွင့်ရအောင် ကြိုးစားနိုင်မည်ဖြစ်သည်။ နန်းလောင်သည် သူမအမေနှင့် ရက်အတော်ကြာကြာနေထိုင်ပြီး မနေ့ကပဲ တောင်ကြီးသို့ ပြန်သွားခဲ့လေပြီ။ သုစန္ဒီကတော့ အိမ်မှာပဲ တစ်ယောက်ယောက် ဒါမဟုတ် တစ်ခုခုကို စောင့်နေတော့မည်ဟု စိတ်ဆန္ဒပြင်းပြ နေခဲ့သည်။

ရက်အနည်းငယ်ကြာသောအခါ မျှော်နေမိသော ထိုတစ်ယောက်ယောက်သည် တကယ်ပင်ရောက်လာခဲ့လေသည်။ ဟော်နန်းအတွက် အသစ်ရောက်လာသော ဗမာစစ်ဗိုလ်တစ်ယောက်က သုစန္ဒီနှင့်တွေ့လိုပါသည်ဟု ကောလိန်လာပြောသည်။ သုစန္ဒီကတော့ သည့်လိုစိတ်ချမ်းသာစရာတွေဖြစ် လာလိမ့်မည်

www.nyisay.com



ဟု မျှော်လင့်မထားခဲ့ချေ။ ဟော်နန်းကိုနောက်တစ်ခါ ထပ်ရှာဖို့ လွှတ်လိုက်တာပဲဖြစ်မည်ဟု တွေးနေမိခဲ့သည်။ သို့သော် သူမသည်သီးသန့်ခန်းတွင် ရပ်စောင့်နေသော ဗမာစစ်ဗိုလ်ကို တွေ့လိုက်ရသောအခါ ချက်ချင်းပင်ထူးခြားတာပဲဟု သတိပြုလိုက်မိသည်။ ပထမ ဗိုလ်သည် တစ်ယောက်တည်းဖြစ်သည်။ သူ့တွင် မည်သည့်အမိန့်မှပါမလာချေ။ ဒုတိယ သူသည် တရုတ်တစ်ယောက်မဟုတ်ချေ။ သူ့ပုံပန်းသည် ကချင်ပုံဖြစ်သည်။ နှာတံရှည်ရှည်၊ မျက်လုံးပြူးပြူး၊ ကြီးမား ထင်ရှားသော မေးရိုးကြီးများရှိနေသည်။

"ကျွန်မကို တွေ့ချင်တယ်ဆို"

သူမ သတိထားပြီးပြောလိုက်သည်။

"ဟုတ်ပါတယ် မဒမ်"

သူ ဖြေသည်။

"ကျွန်တော်က အသစ်ရောက်လာတဲ့ စစ်သားပါ။ ကျွန်တော့်ကို ကျွန်တော် မိတ်ဆက်ပါတယ်"

သူက မြန်မာလိုပီပီသသပြောတာကို သူမ သတိထားလိုက်မိသည်။

"ကျေးဇူးတင်ပါတယ်။ တွေ့ရတာ ဝမ်းသာပါတယ်"

သူမ ပြန်ပြောသည်။ သူလာတဲ့အကြောင်းရင်းက ဘာလဲ သူမ အံ့သြနေမိသည်။

"မဒမ်အတွက် ဖြစ်ပျက်ခဲ့တဲ့ကိစ္စတွေအတွက် ကျွန်တော် စိတ်မကောင်းပါဘူး"

သူသည် ကိုးယို့ကားယားပြောနေသည်။ သုစန္ဒီက အံ့သြနေမိသော်လည်း ဘာမှမတုံ့ပြန်ဘဲနေမည်ဟု ဆုံးဖြတ်လိုက်သည်။ သူမစိတ်ထဲတွင် အသေအချာပင် ကြင်နာမှုနှင့်ရိုးသားမှုတို့ကို မမျှော်လင့်သောနေရာမှ ရတော့မည်ဟု အာရုံသိခံစားရလေသည်။ ကချင်စစ်သားများသည် စစ်တပ်ထဲတွင် နာမည်ကောင်းရသည်။ သူတို့ကို ဗြိတိသျှတွေက ကောင်းကောင်းလေ့ကျင့်ပေးထားသည်။ သို့သော် သူတို့သည် တောင်ပေါ်သားတွေဖြစ်တာကြောင့် ရှမ်းတွေနှင့် ပိုလို့နီးနီးကပ်ကပ်ရှိလေသည်။ သူတို့၏သစ္စာရှိမှုကိုတော့ ယခုတိုင် မစမ်းသပ်ရသေးချေ။

www.nyisay.com



''ကျွန်တော် မဒမ်ကို ကူညီချင်ပါတယ်''

သူပြောပြီး စာနှစ်စောင်ထုတ်ပေးလေသည်။ စာမှာ ဖွင့်ထားပြီးသားဖြစ်ပြီး ဆင်ဆာလုပ်ထားပြီးကြောင်း တံဆိပ်တုံးနှိပ်ထားသည်။

''ဒီစာကို မဒမ်ဆီလာတဲ့ စာတွေထဲကနေ ဖြတ်ယူလာတာ တခြားလူတွေမမြင်ခင် ဒီစာကို မဒမ်ဆီယူလာပေးဖို့ ဆုံးဖြတ်ခဲ့ပါတယ်''

မြန်မာတံဆိပ်ခေါင်းကပ်ထားသော ထိုစာကို လှမ်းယူလိုက်သောအခါ သုစန္ဒီမှာ နောက်ကျောရိုးမှနေ၍ တစိမ့်စိမ့် တုန်ရင်လာလေသည်။ စာအိတ်ပေါ်က လက်ရေးကို သူမ မသိပါ။ သို့သော် ဒီစာသည် သူမယောကျ်ားထံမှဆိုတာတော့ သိလိုက်ပါသည်၊ သူမ ပထမစာကို ဆွဲထုတ်လိုက်သည်၊ တကယ်တော့ စာရွက်မဟုတ်ပါ။ အိတ်ဆောင်ပြက္ခဒိန်မှ ဆုတ်ဖြဲထားသော စာရွက်အပိုင်းလေးသာဖြစ်သည်။ စစ်ရေးထားတာကို ဖတ်ကြည့်လိုက်သည်။

အချစ်... မောင်အခု ရပ်စောက်နားက ဗထူးမြို့က ဗမာစစ်တပ်စခန်းမှာ အဖမ်းခံနေရတယ်။ မောင်အခု အိုကေပါတယ်။ ရက်စွဲသည် စစ် တောင်ကြီးမှ ထွက်လာသောနေ့ဖြစ်သည်။ မတ်လ ၂ ရက် နေ့။ စိတ်လှုပ်ရှားစွာဖြင့် ဒုတိယ စာလေးကို စာအိတ်ထဲမှ ဆွဲထုတ်လိုက်သည်။

စစ်စာကို ဖတ်လိုက်သည်။ စာထဲတွင် သူအဖမ်းခံရပုံ အသေးစိတ်ရေးထားပြီး သူ့ကိုကယ်ထုတ်ဖို့ ဆက်သွယ်ရမည့်လူများကိုပါ ရေးထားသည်။ သူတကယ် ရန်ကုန်ကအကြောင်းကို လုံးဝမသိပါလား။ သူမလက်တွေ တဆတ်ဆတ် တုန်ခါနေတော့သည်။ သူမ မေးလိုက်သည်။

''ဘာလို့ ကျွန်မကို ဒီစာပေးရတာလဲ ဗိုလ်ကြီး''

''ဒါတွေက မဒမ်အတွက်ပဲလေ။ ဒါတွေက သိပ်အရေးကြီးလာနိုင်ပါတယ်။ အခုလောလောဆယ် ဘယ်သူ့ကိုမှ ပြောမပြပါနဲ့ဦး။ ပြီးတော့ အကြံပေးချင်တာကတော့ လုံခြုံတဲ့နေရာမှာ သိမ်းထားလိုက်ပါ''

''ဘယ်လို ကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူး ဗိုလ်ကြီးရယ်''

သုစန္ဒီသည် အခန်းပိတ်ပြီးတော့သာ အားရပါးရ ငိုချလိုက်ချင်တော့သည်။ သို့သော် သူမကြောင့် ရဲရင့်သောဒီစစ်ဗိုလ်ကို အခြားလူတွေက မြင်သွားပြီး သံသယဖြစ်သွားရအောင် သူမ မလုပ်သင့်ချေ။

www.nyisay.com



"ကျွန်တော့်ကို ကျေးဇူးတင်စရာ မလိုပါဘူး"

သူက နှိမ်ချပြီး ပြောလိုက်လေသည်။

"ကျွန်တော် ဒါကိုလုပ်ရမှာပဲ။ ကျွန်တော် မဒမ်အတွက် တအားကို စိတ်မကောင်းဖြစ်မိပါတယ်။ စော်ဘွားကြီးအတွက်ရောပဲ။ ပြီးတော့ ကျွန်တော်တို့ မြေအတွက်ပေါ့"

ထို့နောက် စစ်ဗိုလ်သည် အခန်းတွင်းမှ တိတ်ဆိတ်စွာ ပြန်သွားသည်။ ပြီးတော့ သူ့ဂျစ်ကားကို မောင်းထွက်သွားလေတော့၏။ သူသည် နောက်ရက် အနည်းငယ်တွင် တစ်ယောက်တည်း တစ်ခေါက်ပြန်လာပြီး စဝ် အခု ကျန်းကျန်း မာမာဖြင့် ဗထူးတပ်ထဲမှာပဲရှိနေသေးကြောင်း ပြောပြသွားခဲ့သေးသည်။ နောက်တစ်ခါ တော့ သူ့ကို သူမ ဘယ်တော့မှ ထပ်မတွေ့ရတော့ပါ။ တစ်ပတ်အကြာတွင် သူ့ကို အခြားနေရာသို့ ပြောင်းရွှေ့လိုက်လေသည်။

❖

www.nyisay.com



## အခန်း ၁၅

လင်ညီအစ်မထံမှ စဝ်အဖမ်းခံရသောသတင်းကို သူမကြားပြီးသောအခါ သုစန္ဒီသည် ဗိုလ်မှူးကြီးထွန်းအောင်ထံ ဖုန်းဆက်လိုက်သည်။ အဝတ်အစားနှင့် စာပို့ခွင့်ပေးဖို့ တောင်းခံလေသည်။ ဗိုလ်မှူးက သည်ကိစ္စကို သူမအတွက် ရှေ့ဆက်လုပ်ပေးသည်။ သုစန္ဒီ တွေးမိတာကတော့ ဗမာစစ်တပ်သည် စဝ်ကို ဖမ်းဆီးထားခြင်းကြောင့် စဝ်နှင့်ပတ်သက်သောကိစ္စအဝဝကို တာဝန်ယူရမည် ဖြစ်သည်ဟု ယူဆလေသည်။ ဗမာစစ်သားတွေက ဘာအတွက်ဖမ်းထား ရတာလဲ။ နိုင်ငံရေးဆွေးနွေးဖို့လား။ ဘာလိုချင်လို့လဲ။ သို့သော် ဗိုလ်မှူးက ဆက်ပြောပေးသည့်အတွက် ကောင်းသောလက္ခဏာဖြစ်သည်။ သူမသည် မသေးလွန်း၊ မကြီးလွန်းသော သေတ္တာလေးကို ထုပ်ပိုးထားသည်။ အထဲတွင် အဝတ်အစား၊ အကြွမ်းသုံးစက္ကူ၊ ဆေးဝါး၊ စာရေးစက္ကူ၊ မိသားစုသတင်းနှင့် အားပေးစကားပါသော အိတ်ဖွင့်စာတစ်စောင်တို့ကို သေတ္တာလေးထဲထည့်ထားလေ သည်။ ပြီးနောက် သူမသည် မှိုင်းနှင့်အတူ ကျောက်မဲသို့ နောက်တစ်ခေါက်သွားပြီး ပစ္စည်းများကို ဗိုလ်မှူးလက်ထဲ ထည့်ပေးခဲ့သည်။ ဗိုလ်မှူးက ဖော်ဖော်ရွေရွေဖြင့် ပစ္စည်းများကိုလက်ခံပြီး အားပေးစကားပါပြောသောအခါ သုစန္ဒီမှာ ယုံကြည်မှု အပြည့်ဖြင့် မကြာမီတွင် စဝ်ထံမှ ပြန်စာကို တရားဝင်လမ်းကြောင်းမှ ရောက်လာ လိမ့်မည်ဟု ခံစားမိလေသည်။

ထိုအစား အခြားပြဿနာတစ်ခုက ပေါ်လာလေသည်။ လယ်ယာစိုက်ပျိုး ရေးအတွက် စက်ပစ္စည်းများ၊ မိုင်းတူးဖော်ရေးအတွက်လိုအပ်သော စက်ပစ္စည်းများ၊

www.nyisay.com



ဆားစိမ်ကိန်းအတွက် လိုအပ်သောအထောက်အပံ့ပစ္စည်းများက ကျောက်မဲတွင် ရောက်နေသည်။ ရှေ့ဆက်လုပ်ဖို့ပဲရှိသည်။ တိုင်းမိုင်းတူဖော်ရေးကုမ္ပဏီက ပစ္စည်း မန်နေဂျာကို သူမက ဆက်လုပ်ဆောင်ပေးဖို့ပြောသည်။ မန်နေဂျာ ကျောက်မဲရောက်သောအခါ အဖမ်းခံရပြီး သင်္ဘောဖြင့် ရောက်ရှိလာသောပစ္စည်း များကို သိမ်းလိုက်ကြသည်။

ထိုနေ့မှာပင် အမေရိကန်မှလာကြသည့် ပျားရည်ဆမ်းခရီးထွက်လာကြသော သူငယ်ချင်းနှစ်ယောက် မန္တလေးတွင်ရောက်နေပြီး သီပေါကိုလာဖို့ ကြိုတင် စီစဉ်ဖို့ အကြောင်းကြားလာလေသည်။ သူတို့ဆက်သွယ်ပြီးလို့မှ မကြာခင်မှာပဲ ဗမာစစ်သားတွေ ချက်ချင်းရောက်ရှိလာကြပြီး သုစန္ဒီသည် နိုင်ငံခြားသားတွေနှင့် အဆက်အသွယ်လုပ်သည်ဟု စွပ်စွဲတော့လေသည်။ သူတို့က ရှင်းရှင်းပင်လုပ်လေ သည်။ နိုင်ငံခြားသားတွေ သီပေါဟော်နန်းသို့ လာခွင့်မပြုဟု အမိန့်ထုတ်သည်။

နှစ်ရက်ကြာသောအခါ ဗမာစစ်တပ်ဗိုလ်မှူးက စာထုတ်လေသည်။ စာထဲတွင် သီပေါဟော်နန်းသို့ မဟာဒေဝီနှင့် တွေ့ဖို့လာကြသော နေတိုးအဖွဲ့က အေးဂျင့်နှစ်ယောက်ကို မဟာဒေဝီနှင့်တွေ့ခွင့်မပြုဟု ရေးသားထားလေသည်။

သုစန္ဒီသည် တစ်ညလုံးလိုလို နိုးနေတတ်လေသည်။ တိုင်ကပ်နာရီ၏ သာယာသောတီးလုံးတေးသံကို တစ်ညလုံးကြားနေသည်။ နံနက်စောစောတွင် ဘုန်းကြီးကျောင်းမှ တုံးမောင်းခေါက်သံကို ကြားနေရသည်။ တစ်ခါတစ်ရံတွင်မူ ငြိမ်းအေးသာယာသော နာရီတီးလုံးတေးသံနှင့်ဘုန်းကြီးကျောင်းမှ တုံးမောင်း ခေါက်သံတွေ အကြားတွင် စက်သေနတ်ပစ်သံများကို ကြားနေရတတ်ပြန်လေ၏။ လ၏အေးစိမ့်စိမ့် အလင်းအောက်တွင် အရိပ်ရှည်ရှည်တို့သည် တစ္ဆေတွေလို ယိမ်းနွဲ့နေတာကို သူမမျက်လုံးတွေက အာရုံစူးစူးစိုက်ကြည့်နေမိရာ သူမ၏ စိတ်ကူးအတွေးတွေသည် သူမကို လှည့်စားနေပြန်တော့သည်။ အခြားကမ္ဘာမှ ဝိညာဉ်များသည် သတင်းများယူဆောင်ပေးလာပြီး သူမအိပ်ရာအနီးတွင် ကနေကြ တာကို သူမ မြင်နေရသလို ထင်နေမိလေသည်။ ထိုသို့ မြင်နေရတာတွေသည် မဆုံးနိုင်သော ညပေါင်းများစွာဖြစ်နေပြီး သူမတို့မိသားစု ပြန်လည်ဆုံဆည်းဖို့ မျှော်လင့်ချက်များလည်း တဖြည်းဖြည်း ပျောက်ဆုံးနေလေသည်။

သို့သော် နောက်တစ်နေ့နံနက်ခင်း နေမင်းသည် သူမ၏ ယုံကြည် မျှော်လင့်ချက်ရောင်ခြည်ကို ပြန်လည်မွေးဖွားပေးလိုက်ပြန်သည်။ အကောင်း တစ်လှည့်ပြန်လာဖို့ စောင့်သည်။

စဝ်နှင့် အဆက်အသွယ်ရရေးသည် မျှော်လင့်ချက်ကင်းမဲ့လာသည်။

www.nyisay.com



သူ့ဆီက စာလက်ခံရရှိဖို့ သူ့ဆီစာတွေပို့ဖို့အတွက် သူမ ဖွဲ့ရှိရှိစောင့်လေသည်။ စင်ကို ဖမ်းဆီးအကျဉ်းချထားသော ဗမာစစ်တပ်မှာ တာဝန်ရှိသည်။ တနင်္ဂနွေ တစ်မနက်ခင်းတွင် သူမ၏ရှမ်းတွေထဲမှ အနည်းငယ်သော ဘက်တစ်ခရစ်ယာန်ဝင် နိုင်းနိုင်းသည် ဘုရားကျောင်းမှပြန်လာပြီး သတင်းကောင်းတစ်ခုကို သယ်ဆောင် လာသည်။

"စဝ်မေ"

သူမက သုစန္ဒီကို ပြောသည်။

"ကျွန်မသူငယ်ချင်း ဂရေ့စ်က ပြောတယ်။ သူ့ယောက်ျားက စဝ် ဘုရားကို ရပ်စောက်မှာ အကြိမ်အတော်များများ တွေ့ခဲ့ရတယ်တဲ့"

သတင်းစာဖတ်နေသော သုစန္ဒီလက်ထဲမှ သတင်းစာလွတ်ကျသွားပြီး သူမ၏ကလေးထိန်း အဘွားကြီးနိုင်းနိုင်းကို ကြောင်ကြည့်နေမိလေသည်။ သူမက ဆက်ပြောသည် –

"ကျွန်မသူငယ်ချင်း ဂရေ့စ်နဲ့ သူ့ယောက်ျားက ကရင်တွေလေ။ သူက ဗမာစစ်တပ်ထဲက ဗိုလ်တစ်ယောက်ပဲ။ ဒါပေမဲ့ သူ့နှလုံးသားက ဗမာ စစ်သားတွေလို မဟုတ်ဘူး။ ကျွန်မ သူတို့နဲ့အတူတူ ရန်ကုန်မှာ နှစ်အတော် ကြာအောင် နေခဲ့ဖူးတယ်"

သုစန္ဒီသည် နိုင်းနိုင်းအနီး ပိုကပ်သွားလိုက်သည်။ သူမသည် ဧည့်ခန်း အတွင်း ဝဲစောင်းကြည့်လိုက်သည်။ သူတို့ပြောမည့်စကားကို ဘေးနားကကြားမည့်သူ ရှိမရှိ သေချာအောင် ကြည့်ရသည်။

"နိုင်းနိုင်း သူငယ်ချင်းက သူ့ယောက်ျားရှိရာ ဗထူးမြို့ကို မကြာခင် ပြန်တော့မှာ မဟုတ်လား"

သုစန္ဒီက မေးခွန်းကို တိုးတိုးလေးကပ်ပြောသည်။ နိုင်းနိုင်းက အလိုက်သိစွာပြုံးပြီး ခေါင်းညိတ်ပြသည်။ သူမသည် သူမ၏သခင်မ သဘော အလွန်ကောင်းနေတာကို သိလိုက်သည်။ ထို့ကြောင့် သူမက တောင်းဆိုဖို့ အဆင်သင့်ဖြစ်နေသည်။

"သူမ နက်ဖြန်မနက် ဘတ်စ်ကားနဲ့ သွားမှာ"

နိုင်းနိုင်း ပြောလိုက်သည်။

"မင်း စဉ်းစား ..."

သုစန္ဒီသည် သူမ၏ စိတ်အားထက်သန်နေသော မေးခွန်းကို အဆုံး မသတ်နိုင်ဘဲ ဖြစ်နေသည်။

www.nyisay.com



"ကျွန်မ သူနဲ့လိုက်သွားမယ်"

နိုင်းနိုင်းသည် အရင်ကတည်းက ဆုံးဖြတ်ထားသည်မို့ သေချာပေါက်ကို ပြောလိုက်သည်။

"အို နိုင်းနိုင်း၊ မင်း ငါ့အတွက် တကယ်လုပ်ပေးမှာလား"

သုစန္ဒီ ကြမ်းပေါ်ထိုင်ချလိုက်သည်။ ၇၂ နှစ်အရွယ် ယုံကြည်ရသော အဆစ်အမြစ်များ ယောင်ကိုင်းနေသော သူမ၏ သူနာပြုကလေးထိန်းလက်များကို ဆုပ်ကိုင်ထားလိုက်သည်။ အရင်က သူမကို တစ်ခါမှ မလွှတ်နိုင်ခဲ့ချေ။

"စဝ်မေ ကျွန်မ အရင်ကတည်းက သူငယ်ချင်းကိုပြောပြထားပြီးပါပြီ။ သူကပြောတယ် ကျွန်မလို အဘွားကြီးတစ်ယောက် လာလည်တာကို ဘယ်သူကမှ မေးနေကြမှာ မဟုတ်ပါဘူးတဲ့"

သူမသည် ဒီခရီးကို သူမကိုယ်တိုင်ထွက်ရသလို ထခုန်လိုက်မိတော့သည်။ သို့သော် သူမသည် ချက်ချင်းပင် နိုင်းနိုင်းဘေးကြမ်းပြင်ပေါ် တစ်ခါပြန်ထိုင်ချလိုက်သည်။

"မင်း ငါ့ဆီက စာကိုယူသွား။ ပြီးတော့ ဒီစာ သူ့လက်ထဲရောက် မရောက် သိအောင်လုပ်ခဲ့"

"ကျွန်မ ကတိပေးတယ်။ ပြီးတော့ ကျွန်မ အဲဒီမှာနေမယ်။ စဝ် ဘုရားဆီက တိုက်ရိုက်သတင်းရမှပဲ ပြန်လာခဲ့မယ်"

နိုင်းနိုင်းအသံက သူမကိုသူမ သေချာပေါက်ပြောနေသည်။

"ဒါပေမဲ့ အားရောဂါရှိရဲ့လား နိုင်းနိုင်း။ အားကြီးမာန်တက်လုပ်ရမှာ အန္တရာယ်မရှိတာလည်း မဟုတ်ဘူး"

သုစန္ဒီက စိုးရိမ်စိတ်ဖြင့် ပြောလိုက်သည်။ သူမသည် နိုင်းနိုင်း၏ တိုးတိမ်စွာပြောသောစကားသံကို ပြန်ကြားပြန်တွေးနေမိလေ၏။ ထိုအဖြစ်က သူတို့ကို လပေါင်းများစွာကြာအောင် သတိပေးနေခဲ့သည်။

"ဘုရားသခင်က ကူညီပါလိမ့်မယ်"

အဖြေကို ဘာသာရေးကိုင်းရှိုင်းသော သူနာပြုဆရာမကြီးက ပြောခဲ့လေသည်။

နောက်တစ်နေ့ မနက်စောစောတွင် နိုင်းနိုင်းသည် လားရှိုးတွင်ရှိသော သူမ၏ဆွေမျိုးများထံ တရားဝင်အလည်ခရီးထွက်သွားခဲ့လေသည်။

တစ်ပတ်ကြာသောအခါ စိတ်လှုပ်ရှားစရာများစွာဖြင့် ပြန်လာမည့် နိုင်းနိုင်းကို သုစန္ဒီက မျှော်လင့်ချက်ကြီးစွာဖြင့် စတင်စောင့်နေတော့သည်။ အရှေ့ဟော်နန်းသို့ ဗမာစစ်သားများလာသည့်အချိန်တိုင်းတွင် သူမသည်

www.nyisay.com



နိုင်းနိုင်း၏ လျှို့ဝှက်ချက်ကို သူတို့များသိသွားကြပြီလားဟု စိုးထိတ်ကြောက်လန့်နေတော့လေသည်။ သူတို့က အခြားကိစ္စအတွက်သူမ၏ ခွင့်ပြုလက်မှတ်ကို လိုချင်၍လာကြခြင်းဖြစ်ပြီး အခြားရှာဖွေမှု သို့မဟုတ် မေးခွန်းတွေမေးဖို့ လာကြသည်။ သူမကလည်း သူတို့ကိုမနှစ်မြို့ဘဲ ပြောရ လုပ်ရလေသည်။

✦ ✦ ✦

စဝ်သည် သူ့ဝါးတဲအကျဉ်းစခန်းလေးထဲမှ အပြင်က စစ်ဖိနပ်သံ တဂျောက်ဂျောက်ကို ကြားလိုက်ရသောအခါ နောက်ဆုံးမှာတော့ အရေးကြီးသော ပုဂ္ဂိုလ်တစ်ယောက် သူ့ကိုလာတွေ့ပြီဆိုတာ သိလိုက်ရပေသည်။ သူ တစ်ဝက် မျှော်လင့်ထားသူကတော့ သူတို့၏ ဗိုလ်မှူးကြီးအဆင့်ရှိသူတစ်ယောက် ဖြစ်သည်။ အရင်တစ်ခေါက်က သူသည် ရာထူးအဆင့်နိမ့်သောသူနှင့် စကားလက်ခံ ပြောဖို့ ငြင်းဆိုထားခဲ့သောကြောင့်ဖြစ်သည်။ စဝ် ဖျာပေါ်ထထိုင်လိုက်သည်။ သူနှင့်လာဆွေးနွေးသူကို မျက်လုံးချင်း တေ့တေ့ဆိုင်ဆိုင်ပြောဖို့ ဆုံးဖြတ်ထားသည်။ ထိုအချိန်တွင် တံခါးသည် ပစ်ချလိုက်သလို ပွင့်သွားသည်။ ဝဝတုတ်တုတ်ဂင်တိုတို၊ နှုတ်ခမ်းမွှေးနှင့် ဗိုလ်မှူးကြီးမောင်လွင်ဖြစ်သည်။ စစ်ဘက်ရေးရာ သတင်းထောက်လှမ်းရေးဌာနက အကြီးအကဲတစ်ယောက်ဖြစ်သည်။ သူတို့၏ ဗိုလ်ချုပ်ကြီးနေဝင်းက လွှတ်လိုက်မှန်း သံသယဖြစ်စရာမလိုချေ။ သူသည် သူ့တော်လှန်ရေးကောင်စီက ဗိုလ်ချုပ်နေဝင်းအတွက် လုံးဝသစ္စာရှိသူတစ်ယောက်ဖြစ်သည်။

စဝ်ကလည်း အကျဉ်းသားတစ်ယောက်လို မပြုမူဘဲ စော်ဘွားတစ်ယောက်လို တင်းတင်းရပ်နေလိုက်သည်။ စကားတစ်လုံးမှမပြောဘဲ သူ့ရှေ့က ယူနီဖောင်းဝတ်ထားသူ ပုကွကွ၏အရပ်ကို ခေါင်းမှ ခြေဖျားထိ တိုင်းကြည့်နေမိသည်။ ဗမာစစ်တပ်က ဗိုလ်မှူးကြီးသည် မသက်မသာဖြင့် သူ့နောက်က လက်နက်ကိုင်စစ်သားကိုလည်း ထွက်သွားခိုင်းလိုက်ပြီး တံခါးကိုပိတ်လိုက်သည်။ သူပြောတော့မည့် စကားအတွက် သက်သေအဖြစ် ရှိမနေစေချင်သောကြောင့်ဟု ထင်ရသည်။

ဗိုလ်မှူးကြီးသည် ကြိုးစားပြီး ရင်းရင်းနှီးနှီးလေသံဖြင့် စဝ်ကို မြန်မာလိုပင် စတင်ပြောသည်။

''စော်ဘွားကြီး ကျွန်တော်က စော်ဘွားကြီးလွတ်မြောက်ဖို့အတွက် တစ်စိတ်တစ်ပိုင်း အလုပ်ဖြစ်အောင် လာပြောပေးတာပါ။ အထက်က ဗိုလ်ချုပ်ကြီးနေဝင်းရော၊ ကျွန်တော်ကရော စဝ်အတွက်အကျိုးရှိဖို့ လာတောင်းခံတာပါ။

www.nyisay.com



ကျွန်တော်တို့ ထိုင်ပြောကြရအောင်''

''ကျွန်တော်ရပ်နေမယ်''

စဝ်က အေးစက်စက် ပြန်ပြောလိုက်သည်။ လက်ပိုက်ပြီး တည့်တည့်စိုက်ကြည့်နေလိုက်သည်။ ထိုပုဂ္ဂိုလ်ဝင်တိုလူသည် အကြင်နာတရားကင်းပြီး ရက်စက်ယုတ်မာသော မရိုးသားသောသူဟု အလွန်ကျော်ကြားသူဖြစ်လေသည်။

''စော်ဘွားကြီး၊ ဒါ စော်ဘွားကြီးအကျိုးအတွက်ပဲ။ ကျွန်တော်တို့နဲ့ ပူးပေါင်းလုပ်ပါ''

ဗမာဗိုလ်မှူးအသံက သိသိသာသာပင် အေးစက်နေသည်။ သူသည် စဝ်ထံမှ စကားပြန်ပြောသည်အထိ အကြာကြီးစောင့်နေသည်။ စဝ်က ဘာမှ ပြန်မပြော။

''ကောင်းပြီလေ။ ဒါဆိုရင် ကျွန်တော်ကပဲ အဓိကအချက်ကို တည့်တည့် ပြောပါ့မယ်။ အဲဒါက စော်ဘွားကြီးကို ပိုတုံ့ပြန်စေမယ်လို့ မျှော်လင့်တာပဲ''

ဒီလူကို ရှမ်းလို အိုက်နွတ် သို့မဟုတ် နွတ်ခမ်းမွှေးနှင့်လူ ဟုခေါ်လေမလား။ သူက ငေါ့တော့တော့ ပြောလာသည်။

''ပြည်ထောင်စုကြီးကို သစ္စာဖောက်မှာလား ဒါမှမဟုတ် ကျွန်တော်တို့နဲ့ လက်တွဲလုပ်မလား''

သည်လိုပြောခြင်းသည် စဝ်အတွက် အဓိပ္ပာယ်မဲ့နေသည်။ စဝ်သည် သူ့ကို လုံးလုံးတအံ့တဩ ကြည့်နေမိတော့သည်။ စဝ်သည် သူ့ကို စိတ်ဆိုးသည့်စိတ်လည်းမဖြစ်ပေါ်သလို နည်းနည်းလေးမှ ကြောက်စိတ်လည်း မခံစားရချေ။

''ခင်ဗျားက မဖြစ်နိုင်တာကို လေးလေးနက်နက် ပြောနေတာကိုး''

စဝ်က ပြောသည်။

''ဟုတ်တယ်။ ကျွန်တော် သိပ်ကိုလေးလေးနက်နက် ပြောနေတာပါ''

''ခင်ဗျားတို့ တော်လှန်ရေးအစိုးရအဖွဲ့က ကျွန်တော့်ကို လုပ်ချင်သလို လုပ်လို့ရတယ်။ ဒါပေမဲ့ တရားရုံးကိုတော့ မသိနားမလည်လို့ပါလို့ ပြောလို့ရမှာ မဟုတ်ဘူး''

''စော်ဘွားကြီးက အခု ကျွန်တော်တို့ တရားရုံးရောက်နေပြီလေ။ သူတို့က ကျွန်တော်တို့ခိုင်းသလိုလုပ်မှာ''

ဗိုလ်မှူးက ဖြတ်ဝင်ပြောလိုက်သည်။

''ပြီးတော့ ကျွန်တော်တို့ စော်ဘွားကြီးအကြောင်း အများကြီးသိထားပါတယ်'

www.nyisay.com



''ဘာတွေလဲ''

''ခင်ဗျားက ရှမ်းသူပုန်တွေကို ငွေကြေးထောက်ပံ့နေတယ်။ ခင်ဗျားက ဆီးတိုးအဖွဲ့နဲ့ လျှို့ဝှက်ပြီး ဆက်သွယ်အလုပ်လုပ်နေတယ်။ ခင်ဗျားက သစ္စာဖောက်ပဲ''

''ခင်ဗျား နားလည်လား ဗိုလ်မှူး''

စဝ်က တည်ငြိမ်စွာ ပြန်ပြောသည်။

''ကျွန်တော် လုပ်ချင်ရင် အဲဒါတွေအားလုံး လုပ်လို့ရတယ်။ ပြီးတော့ ဒီနေရာမှာလည်း ရပ်နေဖို့လည်းမရှိဘူး။ နားထောင်နေဖို့လည်း မရှိဘူး''

ဗိုလ်မှူးမျက်နှာ နီရဲသွားသည်။ သူ့ကြည့်ရတာ ချက်ချင်းပဲ တဲအတွင်းမှ ခြေဆောင့်ထွက်သွားမည့်ပုံမျိုး ဖြစ်သည်။ သူသည် အကျဉ်းသားနှင့် ထပ်စကားပြောဖို့ ကျင့်သားရသေးဟန် မတူချေ။

''ကျွန်တော်တို့ကို ဆွယ်မနေပါနဲ့''

သူသည် စဝ်ကို ထိန်းပြီးပြောလိုက်သော်လည်း သူ့အသံက ခြိမ်းခြောက်သံပါနေသည်။

''ခင်ဗျားရဲ့ မိန်းမနဲ့ ကလေးတွေဘဝကိုလည်း ဒုက္ခရောက်သွားအောင် လုပ်လို့ရတယ်''

ဒီအချက်သည် စဝ်ကို ထည့်တွက်ဖို့ပြောလိုက်သည်။ လောလောဆယ် သူသည် ကြောက်လန့်စွာ အကျဉ်းကျခံနေရပြီး သည်အချိန်မှာ သူ့မိသားစုကို လုပ်လျှင်ဖြစ်နိုင်လေသည်။

''ဒါဆို ခင်ဗျား ဘာလုပ်ချင်လဲ''

သူ မေးလိုက်သည်။ မျက်နှာကဟန်ပြုံးပြုံးရင်း ဗိုလ်မှူးသည် ခေါက်ထားသောစာရွက်ကို ဆွဲထုတ်လိုက်ပြီး စဝ်ကို ထိုးပေးလိုက်သည်။

''အားလုံးအတွက် ခင်ဗျားလုပ်ဖို့ အမှန်ဆုံးကတော့ လက်မှတ်ထိုးလိုက်ဖို့ပါပဲ''

စဝ်သည် စာရွက်ကိုဆွဲယူလိုက်ပြီး အလင်းရောင်ကောင်းကောင်းရသော တဲထောင့်လေးဆီ ယူသွားလိုက်သည်။ ဝါယာမျက်မှန်ကိုင်းလေးကို ညှိလိုက်သည်။ သူ့ကို လက်မှတ်ထိုးစေလိုသောအကြောင်းက ဘာလဲဟု သူ စတင်ဖတ်သည်။

''မထိုးဘူး''

စဝ် ပြောလိုက်သည်။ စာရွက်ကို ဗိုလ်မှူးကြီးမောင်လွင်ထံ ပြန်ပေးလိုက်သည်။

www.nyisay.com



''ကျွန်တော် ဘယ်တော့မှ သဘောတူနိုင်မှာမဟုတ်ဘူး။ ဘယ်တော့မှ နှစ်ပေါင်းသန်းချီပြီးတော့မှ''

''ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ နောက်ပိုင်းဖြစ်လာမဲ့ အကျိုးဆက်တွေအတွက် ထည့်စဉ်းစားနိုင်ဖို့ ခင်ဗျားကို ကျွန်တော် အချိန်နည်းနည်းပေးပါ့မယ်။ ပြီးတော့ တစ်ခေါက်ပြန်လာပါဦးမယ်''

ရုတ်တရက် သတိမထားလိုက်မိခင်မှာ သူသည် စင်ဆီသို့ ဖျတ်ခနဲ ရောက်လာပြီး စဝ်မျက်နှာပေါ်က မျက်မှန်ကို ဆတ်ဆို ဆွဲဖြုတ်ယူလိုက်သည်။

''ကျွန်တော် နောက်တစ်ခေါက်ပြန်လာတဲ့အထိ ဒါ မလိုသေးဘူး''

✦ ✦ ✦

သုစန္ဒီသည် ကြောက်စရာကောင်းသော မြန်မာလိုသတင်းစာ ခေါင်းကြီးကို မြင်လိုက်ရသောအခါ ထိတ်လန့်သွားရလေသည်။

''သီပေါစော်ဘွားစဝ်ကြာဆိုင် ပျောက်ဆုံးလျက်ရှိခြင်း။ မည်သည့်နေရာ ရောက်မှန်း မည်သူက ဖမ်းဆီးခေါ်ဆောင်သွားမှန်း မသိရသေးခြင်း။''

သူမသည် သတင်းစာပါ အဘိဓ္ဓာများသော ဆောင်းပါးကိုဖတ်သည်။ ပြန်ဖတ်သည်။ သူမလက်တွေ ဆတ်ဆတ်တုန်လာပြီး အံတကြိတ် ကြိတ်လုပ် နေမိတော့သည်။ ဗိုလ်ချုပ်ကြီးနေဝင်းနှင့် စစ်ထောက်လှမ်းရေး ဗိုလ်မှူးကြီး မောင်လွင်တို့သည် မရိုးသားသော ကစားပွဲတစ်ခုကို စတင်လုပ်ဆောင်နေပြီ ဖြစ်ကြောင်း သိလိုက်ရ၍ ကြောက်ရွံ့လာလေသည်။ အကယ်၍ စဝ်ကို သူတို့က ဖမ်းဆီးထားခြင်းမဟုတ်ဟုဆိုလျှင် သူတို့မှာ စဝ်နှင့်ပတ်သက်သော တာဝန်အဝဝ မရှိဟု ဆိုလိုရာရောက်လေသည်။ သုစန္ဒီသည် သတင်းစာကို ကောက်ဆွဲယူပြီး ဗိုလ်မှူးကြီးထွန်းအောင် ရုံးခန်းသို့ ချက်ချင်းထွက်ခဲ့လေသည်။ သူမနှင့်အတူ သွားနေကျ မွှိုင်းကိုခေါ်ဖို့ လုံးလုံးမေ့သွားလေသည်။

''ကျွန်မယောကျ်ားအကြောင်း ဘာလို့ လိမ်ညာထားရတာလဲ ဗိုလ်မှူး''

သူမ ပြောရင်းက သတင်းစာကို သူ့နှာခေါင်းနားထိ ထိုးပေးလိုက်သည်။ သတင်းစာခေါင်းကြီးပိုင်းကို ဖတ်ကြည့်ပြီးသောအခါ သူအံ့ဩသွားသည်။

''မဟာဒေဝီ သိတယ်မဟုတ်လား။ သတင်းစာဆိုတာက အမျိုးမျိုး ရေးနိုင်တာပဲလေ''

သူက သတိထားပြီးပြောသည်။

''ကျွန်မတို့နှစ်ယောက်လုံး သိကြပါတယ်နော်။ စဝ်ကို ဗထူးမှာ

www.nyisay.com



အဖမ်းခံနေရတယ်ဆိုတာလေ''

သုစန္ဒီ ပိုပြီး လှုပ်လှုပ်ရှားရှားဖြစ်လာပြီး မထိုင်ဘဲ ဆက်ပြောနေသည်။ ဗိုလ်မှူး၏ မမျှော်လင့်သောတုံ့ပြန်မှုကို မြင်လိုက်ရသည်။

''မဟာဒေဝီနဲ့ ကျွန်တော်သဘောတူတယ်''

သူ ပြောလိုက်သည်။

''ကျွန်တော် အကြံပေးချင်တာက မဟာဒေဝီကိုယ်တိုင် အဖြစ်မှန်တွေ ရေးပြီး စစ်ဌာနချုပ်ကိုရေးပါ။ ကျွန်တော် ပို့ပေးမယ်''

သုစန္ဒီသည် သူ့မျက်နှာကို အသေအချာ စိုက်ကြည့်လိုက်မိသည်။ ရိုးသားဟန်တော့ပေါ်နေသော်လည်း သည့်ထက်ပိုပြီး မမှန်းနိုင်ချေ။ သူမသည် သတင်းစာကို ဖြည်းညင်းစွာခေါက်လိုက်ပြီး ချိုင်းကြားမှာ ညှပ်လိုက်သည်။

''ကောင်းပြီ။ ကျွန်မ ကြိုးစားကြည့်မယ်။ ဒါပေမဲ့ နှစ်ပတ်အတွင်း မရေးနိုင်ခဲ့ရင် တခြားနည်းလမ်းတစ်ခုရှာပြီး ပြည်သူတွေသိအောင်လုပ်မယ်''

ပြောပြီး သူမသည် လှည့်လိုက်သည်။ ထို့နောက် ဗိုလ်မှူးကြီး၏ ရုံးခန်းအတွင်းမှ ထွက်လာခဲ့လေသည်။

✦ ✦ ✦

ဟော်နန်းမှထွက်သွားပြီး ၁၄ ရက်ကြာသောအခါ နိုင်းနိုင်းသည် အရှေ့ဟော်နန်းသို့ အငှားကားဖြင့် ပြန်လာလေသည်။

သုစန္ဒီသည် နိုင်းနိုင်းကို သူမ၏အိပ်ခန်းအတွင်းသို့ ခပ်သုတ်သုတ် ဆွဲခေါ်သွားလိုက်သည်။ ဒါမှ သူတို့လွတ်လွတ်လပ်လပ် ပြောနိုင်ကြမည်။ သူမနှလုံးသည် တဒုံးဒုံးခုန်နေသည်။ လက်ဝါးတွေမှာ ချွေးစေးများထွက်ပြီး စွတ်စိုနေတော့သည်။

''သူ့ကိုတွေ့ခဲ့လား ဟင်''

သုစန္ဒီက တိုတိုမေးလိုက်သည်။

''ကျွန်မ စိတ်မကောင်းဘူး။ မတွေ့ခဲ့ရဘူး။ ဒါပေမဲ့ သူအခုထိ အဲဒီမှာ ရှိနေပါသေးတယ်။ အနည်းဆုံး ကျွန်မထွက်လာခဲ့တဲ့ အချိန်အထိတော့ ရှိနေပါသေးတယ်''

နိုင်းနိုင်းသည် အင်္ကျီဘော်လီအောက်က စာတစ်စောင်ကို ဆွဲထုတ်လိုက်သည်။

''ဘာလို့ ဒီစာကိုပြန်ယူလာရတာလဲ''

www.nyisay.com



သူမက စိတ်ပျက်ညှိုးငယ်စွာ မေးလိုက်သည်။

''ဗမာစစ်ဗိုလ်က ဒီစာကို သိမ်းမထားရဲဘူး။ သူက အစာငွဲထောက်လှမ်းရေးတွေကိုဖြတ်ပြီး ပို့ပေးဖို့ လမ်းမမြင်ဘူးတဲ့''

''နိုင်းနိုင်း ကျေးဇူးပြုပြီး တစ်ခုခုပြောစမ်းပါ။ သူ့အကြောင်း အားလုံးပြောပြစမ်းပါ''

သုစန္ဒီ တောင်းပန်လိုက်သည်။

''ကျွန်မ မသိဘူး စဝ်မေ''

သူမ ရပ်လိုက်သည်။ အင်္ကျီလက်ကို ခေါက်တင်လိုက်သည်။ မျက်လွှာချထားလိုက်သည်။

''ဘာလို့ မသိရတာလဲ''

သုစန္ဒီ တဖြည်းဖြည်း သတိတိုးတိုးလာသည်။

''ကျွန်မတို့ စဝ်ဘုရား ပြန်လာနိုင်ပါတော့မလား။ ကျွန်မလည်း မသိပါဘူး''

''ဘာလို့ ကျွန်မကို ဒီလိုပြောရတာလဲ နိုင်းနိုင်း''

သုစန္ဒီ ပြောသည်။ သူမအသံသည် ကြောက်ရွံ့၍ ဆောက်တည်ရာမရဖြစ်ပြီး အော်ပြောလိုက်မိတော့သည်။

''ပထမအပတ် ကျွန်မအဲဒီမှာရှိနေတော့ ကရင်စစ်ဗိုလ်ကပြောတယ်။ စဝ်ဘုရားရှိတဲ့ ဝါးတဲနားကို အရောက်သွားလို့ရတဲ့နည်းလမ်း သူရှာပေးမယ်တဲ့။ နေ့တိုင်း သူ ကတိပေးတာပဲ။ စဝ် တဲအပြင်ဘက်မှာ နေ့တိုင်း လေ့ကျင့်ခန်းလုပ်တဲ့အခါ ကျွန်မ မကြာခင်မှာ မြင်ရလိမ့်မယ်လို့ပြောတယ်။ ဒါကြောင့် ကျွန်မစောင့်နေတယ်။ နောက်တော့ ရတ်တရက်ကြီး ၉ ရက်မြောက်နေ့မှာပဲ ကရင်ဗိုလ်က သူ့ကွာတားကို အမြန်ပြန်လာပြီးပြောတယ်။ နိုင်းနိုင်း ကျေးဇူးပြုပြီး အထုပ်အပိုးအမြန်ပြင်ပါ။ ဒီကနေ အခုချက်ချင်း ထွက်သွားပါပြောတယ်။ ကြောက်စရာအဖြစ်တစ်ခုခု ဖြစ်နေပြီထင်တယ်။ ကျွန်တော်ပြောခဲ့တာတွေအားလုံး မေ့ပစ်လိုက်ပါ။ ပြီးတော့ စော်ဘွားကြီးနဲ့ ပတ်သက်တဲ့မေးခွန်းတွေ တစ်ခုမှမမေးပါနဲ့လို့ပြောတယ်။ သူ့ဆီက တခြား ဘာစကားတစ်လုံးမှ မကြားရတော့ဘူး။ ဒါပေမဲ့ ကျွန်မသိပါတယ်။ ကျွန်မက သူ့ဆန္ဒကို လေးစားရမယ်လေ''

သုစန္ဒီသည် နိုင်းနိုင်းကို မကြည့်တော့ပေ။ သူမခေါင်းကို နောက်ဘက်လှန်လိုက်ပြီး မျက်နှာကြက်ကို ငေးကြည့်နေတော့လေသည်။

''သူက ကြိုးစားပြီး ဘာပြောမယ်ထင်လဲ နိုင်းနိုင်း''

www.nyisay.com



"အိုး ဘုရားသခင် ...။ ကျွန်မသိပ်သိချင်တာပေါ့။ ဒါပေမဲ့ မသိခဲ့ရပါဘူး။ ဗထူးက ထွက်လာတဲ့ညပဲ စစ်ဘုရားအကြောင်း ကျွန်မထူးဆန်းတဲ့ အိပ်မက်မက်တယ်။ စစ်ဘုရားကို တိမ်စီးပြီး ကောင်းကင်ဘုံဆီတက်သွားတာ တွေ့လိုက်ရတယ်။ ဝမ်းနည်းကြေကွဲတဲ့ မျက်နှာနဲ့ ကလေးတွေနဲ့ ကျွန်မတို့ကို လက်ပြသွားတယ်။ ကျွန်မတို့က သူ ကောင်းကင်ဘုံကိုတက်သွားတာ စောင့်ကြည့်နေကြတယ်"

မိန်းမနှစ်ယောက် ဘာတစ်ခုမှ ထပ်မပြောနိုင်ကြတော့ပါ။ ကလေးနှစ်ယောက်သည် လှေကားမှပြေးတက်လာကြပြီး နိုင်းနိုင်းကိုခိုင်းဖို့ ခုန်ပေါက်အော်ဟစ်ဝင်လာကြသည်အထိ သူတို့နှစ်ယောက်သား အတွေးကိုယ်စီဖြင့် ငြိမ်သက်စွာ ထိုင်နေမိကြလေသည်။

✦ ✦ ✦

စစ်အား စာရွက်ပေါ်လက်မှတ်ထိုးခိုင်းပြီး စစ်က ငြင်းဆိုလိုက်သောအခါ စစ်၏မျက်မှန်ကို ဆွဲချွတ်ယူသွားသော ထောက်လှန်းရေး ဗိုလ်မှူးကြီးမောင်လွင် ထွက်သွားပြီးနောက်တွင် စစ်သည် တစ်ယောက်တည်း ကျန်ရစ်ပြန်လေသည်။

စစ်၏မျက်မှန်ကို ဗိုလ်မှူးကြီးမောင်လွင် ချွတ်သွားခဲ့သည့်တိုင်အောင် သူ့အဖို့ ကြည့်စရာ ဖတ်စရာလည်းမရှိပါချေ။ သူသည် အိပ်နေချိန်မှလွဲလို့ သူတို့မရှိဘဲလည်း အမြဲသတိရမနေနိုင်ချေ။ သူသည် မပြည့်မစုံ နေသားမကျသော စိတ်တွေ ခံစားနေရသည်။

ဗိုလ်မှူးသည် ဘာကိုမျှော်လင့်ပြီး အနိုင်ရယူချင်တာလဲဆိုတာကို သူ တိတိကျကျမသိချေ။ သူတို့သည် သူ့ကိုစတင်ပြီး စိတ်ဓာတ်ရေးရာ အနှောင့်အယှက် ပြင်းပြင်းထန်ထန်ပေးဖို့ စတင်လိုက်ခြင်းဖြစ်သည်ကို စစ်က မျှော်လင့်ပြီးသားဖြစ်သည်။ အထူးသဖြင့် သူက သူတို့သဘောအတိုင်း ဘယ်တော့မှ မလိုက်လျောခဲ့ခြင်းကြောင့် ဖြစ်သည်။ သူ့တွင် မရပ်မနားစဉ်းစားဖို့အချိန်တွေ အများကြီးရှိသည်။ သူ့အတွက် ညနေစာလာပို့မပေးပါ။ ဒါသည် ပထမဆုံးအကြိမ်စတင်ပြီး အကျဉ်းသားကို အစာဖြတ်လိုက်ခြင်းပင် ဖြစ်သည်။ သို့ရာတွင် စစ် မဆာချေ။ ပထမနေ့အကျဉ်းကျစဉ်က အစာကို မစားဘဲနေခဲ့ပြီးနောက် သူသည် အစာနှစ်ကြိမ်စားတိုင်း လည်ချောင်းထဲသို့ ထမင်းအလုတ် နည်းနည်းလေးတိုင်းကို ဖွတ်မျိုချနေခဲ့ရသည်။ ထိုသို့ နေ့စဉ်ဖြစ်နေလေသည်။ သူသည် အခုတိုင်ရုပ်အားဖြင့် သန်သန်မာမာရှိနေဆဲဟုထင်နေသော်လည်း ကိုယ်အလေးချိန် အတော်များများ ကျသွားခဲ့ရလေသည်။

www.nyisay.com



ဖြစ်နိုင်တာက ရေခာတ်ခန်းသွားသောကြောင့်ဖြစ်မည်ဟု သူထင်သည်။ စဝ်သည် မကြိုချက်သောရေကို ရှောင်သည်။ စမ်မထားသောရေကို သူ့အတွက် မြေခရားဖြင့် လာချပေးသည်။ ရေနွေးခရားသေးသေးလေးကို တစ်ရက်တစ်ခါ လာပေးသော်လည်း သိပ်မကြာလှပါချေ။

နောက်ထပ် ဘယ်လောက်ကြာလျှင် မိုလ်မှူးကြီးမောင်လွင် ပြန်လာပြီး ထိပ်တိုက်ရင်ဆိုင်ရလိမ့်ဦးမလဲ။ သူတို့အုပ်စု၏ မိုလ်ချုပ်ကြီးနေဝင်းသည် စဝ်က ဘယ်တော့မှ သူတို့နှင့်အတူ ပူးပေါင်းမဆောင်ရွက်မှာကို သိနေသည့်အတွက် ဘာတွေ ထပ်ဖြစ်လာလိမ့်ဦးမလဲ သူတွေးလေသည်။ သူသည် သူတို့နှင့်ဆွေးနွေး အဖြေရှာပြီး သူ့ယုံကြည်ချက်ကို မပြောင်းလဲနိုင်ဘဲ ရွေးချယ်စရာလမ်းမရှိခဲ့လျှင် သူ၏မိန်းမနှင့် ကလေးတွေအတွက် ဘယ်လိုအကာအကွယ်ရမလဲဟု တွေးပူစိတ်က ပြင်းပြသော ဆန္ဒဖြစ်နေလေသည်။ သူ့ရန်သူတွေက သူ့ကို သူတို့၏စားစားခံ အဖြစ် တကယ်တော့ မျှော်လင့်သည်မဟုတ်ချေ။

သူတို့အဖွဲ့ထဲတွင် ပြောရေးဆိုခွင့်ရှိသူ၊ ရှမ်းတွေ၏ကိုယ်စားပြုသူအနေ ဖြင့်သာ ထည့်ထားချင်ပုံရှိလေသည်။ မိုလ်ချုပ်ကြီးနေဝင်းသည် စဝ်အပေါ် သိပ်ဆိုးဆိုးဝါးဝါး ပရမ်းပတာတော့ ယုံကြည်ထားမည်မဟုတ်တာ သေချာသည်။ စဝ်သည် အမြဲသစ္စာဖောက်ဖို့ ကြံနေသူဟု ထင်နေပုံရသည်။ နောက်ဆက် ဘာတွေပဲဖြစ်ဖြစ် အကြောင်းမဟုတ်သော်လည်း သူ၏ယုံကြည်ချက်ကိုတော့ အစတေးမခံနိုင်ချေ။ စဝ်က ဗုဒ္ဓ၏အဆုံးအမကို လုံးဝ ကျေကျေနပ်နပ် လက်ခံ ယုံကြည်ထားသူ ဖြစ်လေသည်။ လူတစ်ယောက်စီ၏ ဘဝသည် သူပြုခဲ့ဖူးသော ကံပေါ်တွင်မူတည်ပြီး ဖြစ်လာရသည်။ သူ့မိန်းမနှင့်ကလေးတွေ၏ အနာဂတ် ကံကြမ္မာသည်လည်း သူတို့ပြုခဲ့ဖူးသော အတိတ်ကံအကျိုးအတိုင်း ပြဋ္ဌာန်းပြီးသား ဖြစ်သည်။ သူက ဆုံးဖြတ်ပေးလို့မရချေ။ သူက သူ့ယုံကြည်ချက်ကို ဆန့်ကျင် လုပ်သည့်တိုင် သူသည် သူတို့ကံကြမ္မာကို အကူအညီမပေးနိုင်ချေ။ သူ၏ မကောင်းမှုကံတွေသာ သူ့အပေါ် စုပုံလာနိုင်လေသည်။

အေးစိမ့်ပြီး လကွယ်ညသည် သူ့တဲလေးပေါ် စိုးမိုးကျရောက်နေချိန်တွင် သူ တစ်ရေးနိုးလာသည်။ သူသည် နေ့ခင်းကအပူကြောင့် ခံနိုင်ရည်မရှိတော့ဘဲ နွမ်းနယ်အားကုန်ခန်းလာသည်။ သူ့တဲလေးကို သံဖြူသွပ်ပြားအပိုင်းအစများဖြင့် မိုးထားပြီး လေဝင်လေထွက်လည်းမရှိချေ။ သူက ညတွေကို ပိုသဘောကျသည်။ ညတွင် သူတစ်ယောက်ထည်း တွေးချင်ရာ တွေးလို့ရသည်။ သူချစ်တဲ့သူတွေနှင့် စိတ်စွမ်းအားကောင်းကောင်းဖြင့် ဆက်သွယ်လို့ရသည်။ ဝါးတဲလေးထဲကနေ

www.nyisay.com



သူဆက်သွယ်ချင်သော ကမ္ဘာသို့ ဆက်သွယ်လို့ရလေသည်။

များစွာသော ဖိနပ်သံများ ချဉ်းကပ်လာသံနှင့် စူးရှလင်းတောက်သော မီးအရောင်တို့ကြောင့် စဝ် အိပ်ရာမှ ရုတ်တရက်နိုးလာသည်။ မိုလ်မှူးကြီးမောင်လွင်သည် အမှောင်ထုကို အကာအကွယ်ယူပြီး ပြန်လာဖို့ ဆုံးဖြတ်လိုက်သည်။ မိုလ်ချုပ်ကြီးနေဝင်း၏ လက်ရုံးများသည် တဲလေးအတွင်း အပြည့်ဝင်ရောက်လာကြသည်။ ဗမာစစ်မိုလ်နှင့် သူ၏လက်နက်အပြည့် ကိုင်ဆောင်လာကြသော စစ်သားလေးယောက်က စဝ်ကို အော်တိုမတ်တစ် သေနတ်များဖြင့် ဝိုင်းချိန်ထားလိုက်ကြသည်။ သည်တစ်ကြိမ်မှာတော့ မိုလ်မှူးက သူ့လူတွေကို ဆက်နေခိုင်းသည်။ စဝ်ကို တဲနံရံဆီကို စစ်သားနှစ်ယောက်က ဆွဲဖိကပ်ထားလိုက်ပြီး မီးအားကောင်းကောင်း လက်နှိပ်ဓာတ်မီးဖြင့် စဝ်၏ မျက်နှာတည့်တည့်ကို ထိုးထားလိုက်သည်။

မီးအားပြင်းပြင်းကြောင့် မျက်လုံးမှာပြာပြီး မမြင်ရတော့။ စဝ် သူ့မျက်လုံးကို ပိတ်လိုက်သည်။ ရှေ့ဘက်တိုးပြီး ကိုယ်ကို တအားဖိကပ်ထားသော နံရံမှ ပြန်ထိန်းလိုက်သည်။

''ဆိုစမ်းပါဦး ခင်ဗျားရဲ့ ဆုံးဖြတ်ချက်က ဘယ်လိုလဲ''

မိုလ်မှူးကြီးမောင်လွင်က တိုပြတ်ပြတ် မေးလိုက်သည်။

''ကျွန်တော့်စိတ်ကို မပြောင်းနိုင်ဘူး။ ခင်ဗျားတို့ အသုံးချတာကို မခံနိုင်ဘူး''

''ဘယ်လောက်များ ကံဆိုးလိုက်လဲ ခင်ဗျားကံကြမ္မာကို မစိုးရိမ်ဘူးလား။ ပြီးတော့ ခင်ဗျားမိန်းမနဲ့ ကလေးတွေအတွက်ရော''

မိုလ်မှူးသည် စဝ်မျက်နှာနား ပိုမိုတိုးကပ်လိုက်သည်။ စဝ်က ရန်သူ၏ ပူလောင်သောအသက်ရှူထုတ် လှုပ်ရှားနေမှုကိုရှောင်ရန် ခေါင်းကို တစ်ဖက်သို့ လှည့်လိုက်သည်။

စဝ် ဘာမှ မတုံ့ပြန်ဘဲနေသည်။ ထို့ကြောင့် မိုလ်မှူးကြီးမောင်လွင်ကို အပြင်းအထန် ဒေါ်ဟုန်ထစေလေသည်။

''ငါပြောနေတယ် စကားပြန်ပြောစမ်း။ မင်း ကြားလား''

သူ အော်သည်။ စဝ်က ငြိမ်တိတ်နေစဉ် မိုလ်မှူးသည် သူ့ဘေးက တပ်ကြပ်ကို တိုးတိုးကပ်ပြောလိုက်သည်။ ပြီးနောက် သူသည် လှည့်ပြီး သုတ်သုတ်ထွက်သွားသည်။ မိုလ်မှူး၏ နောက်လူတစ်ယောက်က ဆွဲလိုက်သော အခါ စဝ်မှာ တွန်းလှန်ဖို့အားမရှိတော့ချေ။ သူတို့သည် စဝ်ကို လျှပ်စစ်လို လှစ်ခနဲဆွဲပြီး နံရံမှအဝေးသို့ တွန်းလိုက်သည်။ သူ့လက်နှစ်ဖက်ကို ကျော

www.nyisay.com



ဘက်မှာ လက်ထိပ်ခတ်လိုက်သည်။

''ခင်ဗျားကို ဗိုလ်မှူးရုံးခန်းထဲခေါ်ခဲ့ဖို့ ကျွန်တော်တို့ကို အမိန့်ပေးထားတယ်''

တပ်ကြပ်က စဝ်ကို အပြင်ထုတ်လာသောအခါ သေချာရအောင် အခြားလက်နက်ကိုင်စစ်သားတွေက စဝ်နားမှာ ပူးကပ်ထားကြသည်။ စဝ်သည် သတိကောင်းကောင်းရှိနေတာတောင်မှ သူတို့ကိုခုခံဖို့ အခွင့်မမြင်ချေ။ သူ အဆိုးဆုံးကို မျှော်လင့်ထားလိုက်သည်။ သူတို့သည် ညအမှောင်ထဲတွင် ဘာလို့သူကို လက်နောက်ပြန် လက်ထိပ်ခတ်ခေါ်ထုတ်လာကြတာလဲ။ သူ အသက်ကို ပြင်းပြင်းရှူထုတ်လိုက်သည်။ ညမိုက်လေအေးသည် တင်းကျပ်နေသော သူ့ရင်ကို တိုးတိုက်သွားသဖြင့် သူ စိတ်အေးချမ်းသွားပြီး ကျေးဇူးတင်ရလေသည်။ သစ်သားအဆောက်အဦကြီးဆီ ရောက်သည်ထိ သူသည် သူတို့ရှေ့တွင် ခြေတစ်ဖက်တည်းဖြင့် လိုက်လာရပြီး မကောင်းမှုကို အမှောင်ညတွင် လုပ်ချင်ပုံရလေသည်။ သူတို့ အဆောက်အဦရှည်ကြီး၏ အပြင်ကို ရောက်သောအခါ စဝ် အလင်းရောင်ကိုမြင်ပြီး အသံတွေကြားရလေသည်။

''သယ်ခဲ့စမ်း မြန်မြန်''

စစ်သားတွေက စဝ်ကို ဗိုလ်မှူးကြီးမောင်လွင်၏ ရုံးခန်းအတွင်းသို့ တွန်းပို့လိုက်ကြသည်။ သူသည် ကြီးမားသော ကျွန်းစားပွဲ၏နောက်တွင် ထိုင်စောင့်နေသည်။

''ထုံးစံအတိုင်းလုပ်ရတာ စိတ်မကောင်းပါဘူး ခင်ဗျားသိပါတယ်''

ဗိုလ်မှူးကြီးမောင်လွင်က အချက်ပြလိုက်သောအခါ တပ်ကြပ်သည် စဝ်လက်ထိပ်ကို ဖြုတ်ပေးလိုက်သည်။

''ကျေးဇူးပြုပြီး ထိုင်ပါဦး စော်ဘွားကြီး။ ကျွန်တော် မေးစရာမေးခွန်းတွေ အများကြီးရှိပါတယ်''

စဝ် သက်သာသလိုလိုရှိသော်လည်း မောပန်းနေသေးသည်။ သူ ပြောတာကို လက်ခံပေးနေသည်။ သူသည် ဗိုလ်မှူးရှေ့မှဖြတ်ပြီး ထိုင်ခုံပေါ် ထိုင်ချလိုက်သည်။ ပြီးနောက် သူ့လက်ကောက်ဝတ်ကို စပွတ်နေသည်။

''ခင်ဗျားဟာ ရှမ်းပြည်စော်ဘွားအဖွဲ့အစည်းရဲ့ အတွင်းရေးမှူးဟုတ်သလား''

''ဟုတ်တယ်။ အခုထိ ကျွန်တော်ပဲ''

''ခင်ဗျားဟာ တခြားနိုင်ငံခြားအင်အားတွေနဲ့ ဆွေးနွေးဖူးသလား''

www.nyisay.com



''မဆွေးနွေးဖူးပါဘူး''

''ဒါပေမဲ့ ခင်ဗျားဟာ မြန်မာပြည်ထောင်စုကနေ ရှမ်းပြည်နယ် ခွဲထွက်ရေးကို သဘောကျတယ် ဟုတ်လား မဟုတ်ဘူးလား''

''ကျွန်တော် တစ်ယောက်တည်းအနေနဲ့ဆို မဟုတ်ဘူး။ ဒါပေမဲ့ ခွဲထွက်ခွင့်ကို ဖွဲ့စည်းပုံထဲမှာ အာမခံထားတာပဲ''

''အလကားကောင်''

ဗိုလ်မှူး မျက်နှာ နီရဲလာသည်။

''လူတွေက ဒါအတွက် တိုက်ကြခိုက်ကြမယ်။ ဒါကို ခင်ဗျားကြိုက်လား မကြိုက်ဘူးလား''

''မဟုတ်ဘူး၊ သူတို့ ဒီလိုမလုပ်ဘူး။ ခင်ဗျားလို ဒုက္ခပေးမဲ့ပြဿနာ ကောင်ကို ဖြုတ်ထုတ်ပစ်ရမယ်''

သူ့ထိုင်ခုံမှ ရှေ့ကုန်းလိုက်သည်။ ဗိုလ်မှူးက စဝ်ကို ဒေါသမီး ဟုန်းဟုန်းတောက်သော အကြည့်ဖြင့် ကြည့်လိုက်သည်။

''ဗိုလ်မှူး ကျွန်တော့်ကို မကြောက်ပါနဲ့။ ကျွန်တော် လိပ်ပြာသန့်တယ် စိတ်ရှင်းတယ်။ ဒါ ကျွန်တော့်အကြောင်းရင်းပဲ''

''မှားတယ်။ ခင်ဗျားဟာ ရှမ်းတွေတော်လှန်တာကို အပြစ်ပြောနေတယ်။ ပြည်ထောင်စုကြီးကို ခြိမ်းခြောက်နေတယ်''

စဝ် စိတ်ဆိုးလာတော့သည်။

''ခင်ဗျား ကောင်းကောင်းသိတာပေါ့။ ဘာလို့ ကျွန်တော့်လူတွေ မကျေနပ်ကြလဲ။ အဲဒါ ခင်ဗျားတို့ကြောင့်ပေါ့။ ခင်ဗျားတို့ အလိမ်တွေကြောင့်ပဲ''

''ကျေးဇူးတင်ပါတယ်။ ခင်ဗျားရဲ့သစ္စာဖောက်မှုကို အခုပဲသက်သေ ပြလိုက်ပြီပဲ။ ဒါပေမဲ့ ကျွန်တော် ခင်ဗျားကို နောက်ဆုံး အခွင့်အရေးပေးမယ်။ ကျွန်တော်တို့ဘက်မှာ ပူးပေါင်းပါ။ ရှမ်းသူပုန်ကိုတိုက်ဖို့ ကူညီပါ။ ကျွန်တော် တို့နဲ့ အတူလုပ်ရင် ကြီးပွားမယ်''

''သေတာကမှ မြတ်သေးတယ်''

စဝ်က အာခံစွာဖြင့် ပြန်ပြောလိုက်သည်။ ဗိုလ်မှူး ထခုန်လိုက်သည်။ စားပွဲရှေ့ဖြတ်ကုန်းလိုက်သည်။ ပြီးတော့ လေသံတိုးတိုးဖြင့် –

''ခင်ဗျားက ခင်ဗျားကံကြမ္မာကို ဆုံးဖြတ်လိုက်တာပဲ''

ပြီးနောက် သူသည် သူ့တပ်ကြပ်ဘက်သို့ လှည့်လိုက်ပြီး –

''ဒီအကျဉ်းသားကို နေရာအသစ်ပို့လိုက်စမ်း။ ပြီးတော့ အပိုဆုလေး

www.nyisay.com



ပေးလိုက်ပါဦး''

စစ်ကို ဆွဲထုတ်မသွားမီတွင် လက်ထိပ်လည်းခပ်၊ ခြေချင်းလည်း ခပ်လိုက်ကြလေသည်။ ထို့နောက် သံပြားဖြင့် ဆောက်လုပ်ထားသည့် ကျဉ်းမြောင်းသော တိုက်ထဲထည့်လိုက်သည်။ ညစ်ပတ်နံစော်နေသော ကြမ်းပြင်ပေါ်တွင် လူ့မစင်များဖြင့် စိုရွှဲနစ်နေတော့သည်။ မည်သည့်နည်းနှင့်မျှ လေကောင်းလေသန့် မရနိုင်ချေ။ စစ်သည် ချက်ချင်းပင် ဝေ့ခနဲ တအားထိုးပျို့တက်လာသည်။ သည်လို နံစော်ပုပ်ဟောင် စိုစိညစ်ပတ်ပေရေနေသော အခြေအနေကို သူ ဘယ်လောက်ကြာကြာ သည်းခံ၍နေနိုင်ပါမည်လဲဟု တွေးနေမိလေသည်။ သူ သံသယဖြစ်လာသည်။ သူ့အခြေအနေဆိုးသည် ညံ့ဖျင်းသည်ထက် ညံ့ဖျင်းလာပြီး ဒါဟာ သူ့ကံကြမ္မာပဲဟု တံဆိပ်နှိပ်ထားပြီးဖြစ်နေလေတော့သည်။

❖

www.nyisay.com



## အခန်း ၁၆

နိုင်းနိုင်း ပြန်ရောက်လာပြီးနောက် သုစန္ဒီသည် သမီးနှစ်ယောက်နှင့်အတူ တောင်ကြီးသွားဖို့အတွက် ဆုံးဖြတ်ချက်ကို မကြာခင်ပဲ ချနိုင်ခဲ့တော့သည်။ သူမသည် လင်ညီအစ်မ နန်းလောင်နှင့် အတူနေထိုင်ပြီး စင်ကိုဖမ်းထားသော အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်က တိုင်းမှူးဗိုလ်မှူးကြီး မောင်ရွှေနှင့် အဆက်အသွယ် ရနိုင်သည်။ ထို့အပြင် စဝ်၏အစ်မတော်သည် အသည်းအသန်ဖြစ်နေတာမို့ သူမနှင့် ကလေးတွေကို နောက်တစ်ကြိမ်လောက် သွားကြည့်ချင်လေသည်။ သုစန္ဒီသည် ဗိုလ်မှူးကြီးမောင်ရွှေထံ စာရေးတင်ပြသည်။ ကော်ပီကို ဗိုလ်မှူးကြီးထွန်းအောင်နှင့် သီပေါကဗိုလ်ကြီးထံပို့လေသည်။ ထိုသို့ပို့ပေးပြီးနှစ်ပတ်အတွင်းတွင် သုစန္ဒီ သည် တောင်ကြီးသို့ထွက်မည်ဖြစ်ကြောင်း သတင်းပို့လိုက်လေသည်။ နှစ်ရက် ကြာသောအခါ ဗမာစစ်တပ်၏တုံ့ပြန်မှုအနေဖြင့် သီပေါကဗိုလ်သည် အရှေ့ ဟော်နန်းသို့ ရောက်လာပြီး သုစန္ဒီကို သီပေါဟော်နန်းမှ ထွက်ခွာခွင့်ကို တားမြစ် လေတော့သည်။

သင်္ကြန်ပွဲတော်ကား ရောက်လာပြီး၊ ပြီးဆုံးသွားခဲ့သည်။ ပတ်ဝန်းကျင် တစ်ခုလုံးက လူတွေသည် မည်သူမျှ စိတ်အားတက်ကြွမှု မရှိကြခြင်းသည် အမြဲဖြစ်နေသော လက္ခဏာတစ်ခုလို ဖြစ်နေတော့သည်။ ကလေးတွေအတွက် ကတော့ သင်္ကြန်ကို ပျော်စရာပွဲဟုသာ ထင်ကြလေသည်။ မာယာရီနှင့် ကိန္နရီတို့

www.nyisay.com



သည် သူတို့အမေကို အံ့သြနေမိကြသည်။ သကြံန်ရက်တွေမှာ သုစန္ဒီသည် တစ်နေ့လုံး ရေပုံးဖြင့် အကြိမ်ပေါင်းများစွာ တွေ့နေရသည်။ ရွာသားတွေက အုပ်စုလိုက်လာပြီး မဟာဒေဝီကို လာကန်တော့ကြသည်။ သို့သော် မြို့ကလူတွေကတော့ အဝေးမှာသာနေကြလေသည်။ ရင်းနှီးသော သူငယ်ချင်းများနှင့် ဆွေမျိုးများသည် ဟော်နန်းကိုသွားဖို့ ရှောင်ကြလေသည်။ ရိုးသားသောတောရွာတွေမှလာကြသည့် ရှမ်းတောသူတောင်သားများသည် သူတို့အမည်ကို ဟော်နန်းဂိတ်ဝမှာ ဗမာစစ်သားတွေက မှတ်ထားဖို့မေးမြန်းကြသည်ကို မကြောက်ကြချေ။ နိုင်ငံရေးကြောင့် ပေါ်ပေါက်လာသော အခြေအနေပေါ် သူတို့၏ဝမ်းနည်းပူဆွေးမှုနှင့် ဒေါသကို ထုတ်ဖော်ပြခဲ့ကြလေသည်။ သူတို့၏ အပြည့်အဝယုံကြည်မှုမှာ သူတို့၏ စော်ဘွားကြီးသည် ဘေးကင်းစွာဖြင့် ပြန်လာပြီး သုစန္ဒီကို အင်အားသစ်များ တစ်ဖန် မွေးဖွားပေးဖို့ပဲဖြစ်သည်။

ရှေ့ဆက်လုပ်ရမည့် အစီအစဉ် တာဝန်ဝတ္တရားများအားလုံးသည် သူမ ပခုံးပေါ်ကျရောက်နေပြီဖြစ်ကြောင်းကို သူမ သိလိုက်ပါလေသည်။ ထိုတာဝန်များအတွက် သူတစ်ယောက်ထည်း ဆုံးဖြတ်ချက်ချရမည်ဖြစ်သည်။ သူမနှင့် အရင်းနှီးဆုံးဖြစ်သော သူမ၏ယောကျ်ားကတောင် သူမကို အရင်က အလုပ်ကိစ္စများကိုပေးသိ ပြင်ဆင်ပေးခဲ့သည် မဟုတ်ချေ။ သုစန္ဒီသည် အချိန်များစွာကို လသာဆောင်တွင်သာ ကုန်ဆုံးနေရတော့သည်။ အရှေ့ဟော်နန်းရှေ့က ဖြတ်စီးဆင်းသွားသော စိမ်းမြရွှမ်းလဲ့နေသော နမ့်တူမြစ်ကြီးကို ငေးတွေကြည့်နေရသည်။ သူမ၏လူထု ဘာတွေ ဖြစ်နေသည်ကို ဘာမှ မသိရဘဲနေလေသည်။ သုစန္ဒီသည် စစ်နှင့် ကြောက်စရာကောင်းလောက်အောင် မတွေ့ကြုံရသော်လည်း သူမသည် သူမလူထုနှင့်တော့ အဆက်အသွယ်မပြတ်ခဲ့ချေ။ သူတို့က သူမ ခံစားနေရတာကို နားလည်ကြသည်။ သူတို့၏အတွေးနှင့် ထင်မြင်ချက်များကို လွတ်လပ်စွာ ပြောဆိုပေးကြသည်။

လူတိုင်းက သူမကိုဝိုင်းပြီး အကူအညီပေးခဲ့ကြသည်။ သူမ၏ဆုံးဖြတ်ချက်များ၊ စိတ်ဓာတ်ရေးရာပံ့ပိုးပေးမှုများ၊ ငွေကြေးအထောက်အပံ့များ၊ အင်အားများကိုဝိုင်းပေးခဲ့ကြသည်။ သည်လိုအကူအညီ အထောက်အပံ့များသာ မရခဲ့လျှင်

www.nyisay.com



သူမသည် သည်အလုပ်တွေကို မည်သို့ ဆက်လုပ်ရမည်မသိချေ။ မကြာမီတွင် လူအများသည် သူတို့အကျိုးအတွက် စတင်လာကြတော့သည်။ သုစန္ဒီအရင်က မမြင်ဖူးသော ယောက်ျား၊ မိန်းမများသည် ဟော်နန်းသို့ရောက်လာကြပြီး စဝ်ကို နေရာအမျိုးမျိုးတွင် တွေ့ခဲ့ကြကြောင်း လာပြောကြသည်။ ရန်ကုန်အနီးက အင်းစိန်မှာ၊ မင်္ဂလာဒုံလေဆိပ်မှာ၊ မန္တလေးမှာ၊ လားရှိုးမှာ စသဖြင့် လာပြောကြလေသည်။ သူတို့က သူတို့ တွေ့ရှိလာခဲ့ကြောင်းကို သက်သေပြနိုင်သည်။ သို့သော် ထိုသို့ပြရန်အတွက် တော့ ငွေလိုလေသည်။ သုစန္ဒီသည် မျှော်လင့်ချက်အလင်းလေးတွေကို အလွတ် မပေးဘဲ အမိအရဖမ်းဆုတ်သည်။ ငွေကြေးကောင်းစွာပေးပြီး ဖြစ်နိုင်သော အရပ်တွေကို စေလွှတ်သည်။

မရေရာမသေချာသော သတင်းများကိုသာ ပြန်ပို့ပေးကြတာကလွဲလျှင် အများအားဖြင့် ထိုသူတို့သည် ဘယ်တော့မှ ပြန်ပေါ်မလာကြတော့ပါချေ။ အချို့ကျတော့လည်း ပြန်လာပြီး အောင်မြင်ခါနီးပြီဖြစ်တဲ့အကြောင်း ပြောပြီး ငွေခပ်များများ ထပ်တောင်းကြပြန်လေ၏။

သုစန္ဒီကို လိမ်ရလွယ်ကူသည်ဆိုသော စကားပြန့်နှံ့သွားသောအခါ ပေဒင်ဆရာများ၊ အကြားအမြင်ပုဂ္ဂိုလ်များ၊ သတင်းပေးသူများသည် သုစန္ဒီကို စိတ်ခြင်းဆက်သွယ်နေကြသည်ဆိုကာ လာရောက်ဆက်သွယ်ကြပြီးနောက် သုစန္ဒီ၏ လက်ခံနားထောင်သော နားနှင့် ဖွင့်ထားသော ပိုက်ဆံအိတ်တို့သည် သူတို့အတွက် လမ်းပွင့်နေတော့လေသည်။

သူမကတော့ ရွေးပြီးတော့သာ ယုံရလေ၏။ စဝ်နေကောင်းရဲ့လား၊ အသက်ရှင်လျက်ရှိသေးရဲ့လား၊ သူတို့ ကောင်းကောင်းထားရဲ့လား၊ သူ ဘယ် တော့လောက် လွတ်လာနိုင်မလဲတို့ကိုသာ ရွေးနားထောင်ရသည်။

သို့ရာတွင် သူမသည် ဗိုလ်ချုပ်ကြီးနေဝင်းထံသို့လည်းကောင်း၊ ဗိုလ်မှူးကြီး မောင်လွင်ထံသို့လည်းကောင်း၊ ဗိုလ်မှူးကြီးမောင်ရွှေထံသို့လည်း ကောင်း၊ စဝ်နှင့် တွေ့ခွင့်ရဖို့နှင့် စာအဆက်အသွယ် လုပ်ရဖို့တို့ကို ခွင့်ပြုပေး ပါရန် တောင်းပန်စာရေးပို့လေသည်။ သူမသည် သတင်းစာထဲတွင်လည်း စဝ်ကို ဖမ်းဆီးသွားသော သတင်းအမှန်ကို ထည့်ပေးသလားဆိုတာ နေ့စဉ်စစ်ဆေးရ

www.nyisay.com



သည်။ သတင်းစာထဲအမှန်ပါလာဖို့ ဗိုလ်မှူးကြီးထွန်းအောင်က တာဝန်ယူထား လေသည်။ အပတ်အနည်းငယ်ကြာသည်အထိ သတင်းစာထဲတွင် စစ်အဖမ်းခံရ သော သတင်းအဖြစ်မှန် ပါမလာသောအခါ သူမသည် စစ်အဖမ်းခံရပုံ၊ သတင်းများလာရောက်ပေးကြပုံ သတင်းမှန်၊ အဖြစ်မှန်အသီးသီးကို ဆောင်းပါး တစ်ပုဒ်ရေးပြီး မြန်မာသတင်းစာတိုက်များသို့ ပို့လိုက်တော့သည်။ ထို့နောက် သူမ သည် သတင်းစာတစ်စောင်စောင်ကတော့ သတ္တိရှိရှိဖြင့် ထည့်ပေးလာလိမ့်မည်ဟု မျှော်လင့်လျက် စောင့်နေလိုက်သည်။

တစ်ပတ်ခန့်ကြာသောအခါ ကောလိန်သည် အောင်မြင်စွာဖြင့် မြန်မာ့ အလင်းသတင်းစာကို လက်ထဲတွင်ကိုင်လျက် သူမ၏ ကိုယ်ပိုင်အခန်းတွင်းသို့ ဝင်ချလာသည်။

''စင်မေ သူတို့ဆီ စင်မေပို့လိုက်တဲ့စာ အခုပါလာပြီ''

သူသည် စက်ဘီးပေါ်မှ အသက်ပင်မရှူနိုင်ဘဲ အမောတကော ဆင်းလာပြီးပြောသည်။

''ပြစမ်း''

သူမ ပြောလိုက်သည်။ သူမ ထခုန်လိုက်သည့်အတွက် ဝုန်းခနဲ မြည်သွားလေသည်။

သုစန္ဒီသည် ဝမ်းမြောက်ဝမ်းသာဖြင့် ရှေ့ဆုံးစာမျက်နှာက ဆောင်းပါး ကို စဖတ်သည်။ တောင်ကြီး၌ စစ်အဖမ်းခံရသည်ကို အမှန်တကယ် မြင်တွေ့ခဲ့ရသော အကြောင်းနှင့် ရရှိသောသတင်းအချက်အလက်များကို ကိုးကားရေးသားထားသည်ကို ဆောင်းပါးတွင် ဖော်ပြထားသည်။ သူမသည် အလွန်ဝမ်းသာပျော်ရွှင်သွားပြီး ပေါ့ပါးသွားမိသည်။ သတင်းစာယူလာပေးသော ကောလိန်ကိုပင် ပွေ့ဖက်ပစ်လိုက်ချင်မိတော့လေသည်။ ကောလိန်သည် လှည့်ထွက်ဖို့အလုပ်တွင် ပြောလိုက်သည် -

''စင်မေ။ အခုအချိန်နည်းနည်းကြာရင် ယူနီဖောင်းဝတ်နဲ့ ညှိသည် လာလိမ့်မယ်ထင်တယ်။ စင်မေ မျှော်နေသင့်တယ်''

သူပြောတာ လုံးဝမှန်နေသည်။ နောက်ဆယ်မိနစ်ခန့်အကြာတွင်

www.nyisay.com



ဂျစ်ကားတစ်စီးသည် ဟော်နန်းရှေ့က ဆင်ဝင်အောက်သို့ ရောက်ရှိလာတော့သည်။ ကောလိန်က ညှော်သည့်ဗမာစစ်ဗိုလ်နှင့် တပ်ကြပ်တို့ကို ခပ်မြန်မြန်ပဲဦးဆောင်ပြီး ကိုယ်ပိုင်အခန်းတွင်းသို့ ခေါ်ဆောင်သွားလေသည်။ ညှော်သည့်ဗမာစစ်ဗိုလ်၏ လက်ထဲတွင် သတင်းစာကို ကျစ်ကျစ်ပါအောင် ဆုပ်ကိုင်ထားသည်။ သုစန္ဒီ၏ စားပွဲပေါ်တွင် မြန်မာ့အလင်းသတင်းစာကို တွေ့ လိုက်ရသောအခါ ဗိုလ်သည် ပါးစပ်အဟောင်းသား ဖြစ်သွားသည်။

"ဒီဆောင်းပါးကို ခင်ဗျားရေးတာလား"

တပ်ကြပ်က အော်လိုက်သည်။

"ဟုတ်တယ်။ ကျွန်မရေးတာ သိပ်သေချာတာပေါ့"

"ခင်ဗျား ခွင့်ပြုချက်မရဘဲ မရေးသင့်ဘူး"

သူပိုပြီး ထကြွလာသည်။

"ဟုတ်တာပေါ့၊ ရှင်က ကျွန်မကို ဘာရွေးချယ်ခွင့်မှ မပေးခဲ့ဘူး။ ရှင်နဲ့ ရှင့်အထက်ကလူတွေက သတင်းအမှန်ကိုပို့မပေးခဲ့ဘူး။ ဒါကြောင့် ကျွန်မ ရေးရတာပဲ"

သုစန္ဒီသည် တည်ငြိမ်အေးဆေးစွာဖြင့် ထရပ်လိုက်ပြီး လက်ပိုက်ထား လိုက်ကာ သူ့မအောက် ရှစ်လက်မနိမ့်သော ဗမာစစ်သားတပ်ကြပ်ကို ငုံ့ကြည့်ရင်း ပြောလိုက်သည်။

သူက သူ့မနား ခြေတစ်လှမ်းပို နီးနီးကပ်ကပ်တိုးလိုက်ပြီး နီမြန်းနေ သောမျက်နှာဖြင့် –

"ခင်ဗျား ဒါအတွက် ပေးဆပ်ရလိမ့်မယ်"

ဟု အော်လိုက်သည်။

"ခင်ဗျားကြောင့် ကျွန်တော်တို့ အခက်အခဲတွေ အများကြီးဖြစ်လာတယ်"

"ကျွန်မက ရှင်တို့ကို ဘာအခက်အခဲတွေဖြစ်အောင် လုပ်တာလဲ"

သုစန္ဒီသည် ရင်ထဲက သတိပေးသံကြောင့် စိန်ခေါ်လိုက်သည်။ တပ်ကြပ်က ဘာမှပြန်မပြောဘဲ စကားတစ်လုံးမှ ဝင်မပြောသော စစ်ဗိုလ်ကို

www.nyisay.com





3/2/62

Liebling

I am writing this secretly.

I am being locked up in the Army lockup at Ba Htoo myo at [illegible]. Please ask Khin Myo [illegible] to request Tommy Clift to use his influence to get me out. There is also Ko Hla Maw. Millie can help here. miss y. all. Conditions here are not clean. Hope to see you all again soon. Cheer up yourself! I am still ok.

love

စစ်တပ်မှ အာဏာသိမ်းသည့်နေ့ မတ်လ (၂) ရက်၊ ၁၉၆၂ ခု တွင် သီပေါစော်ဘွားစဝ်ကြာဆိုင် တောင်ကြီးမြို့အနီးအနားတွင် ဖမ်းဆီးခံရပြီးနောက် စဝ်သုစန္ဒီထံသို့ ရေးပို့ခဲ့သည့်စာ

www.nyisay.com



HQ; EASTERN COMMAND
TAUNGGYI
NO. 3335 / 1 / G-3
Dated the 17 August1962.

To,

Mrs Sao Kya Seng
The East Haw
Hsipaw N.S.S

Subject;- Appeal to send Clothings and Letters.

Reference- Your Letter dated the 1st August 1962.

Sao Kya Seng, Sawbwa of Hsipaw have never been taken into custody by the Defence Services. Only Sao Kya Zone, brother of the Sawbwa was found in Taunggyi and detained by this Command. It is learnt that when the house of Sao Kya Zone was searched, Sawbwa of Hsipaw was absent.

[signature] Capt
f Commander.

Rd. 25/7/62

သီပေါစော်ဘွား စဝ်ကြာဆိုင်ကို တော်လှန်ရေးကောင်စီအစိုးရက
ဘယ်သောအခါကမှ ဖမ်းဆီးထားခြင်းမရှိကြောင်း၊
စော်ဘွား ဘယ်မှာရှိနေသလဲဆိုတာကို သူတို့မသိကြောင်း ဗိုလ်မှူးကြီးမောင်ရွှေ ရုံးမှ
စဝ်သုစန္ဒီထံ ရောက်ရှိလာသော အကြောင်းကြားစာ

မြန်မာ့ခေတ်

www.nyisay.com



မျက်စောင်းဖြင့် ကြည့်လိုက်သည်။ ထို့နောက် အတန်ကြာအောင် တိတ်ဆိတ် ငြိမ်သက်နေရာ အတော်မသက်မသာ ဖြစ်ရလေသည်။ နောက်ဆုံးတွင် နေရာ တကာ ဝင်ရောက်စွက်ဖက်တတ်ပုံရသော တပ်ကြပ်သည် ထပ်ပြောပြန်သည်။

"ဟုတ်တယ်။ ခင်ဗျားက ကျွန်တော်တို့ကို အခက်အခဲတွေဖြစ် အောင်လုပ်နေတယ် ဒါကြောင့် ခင်ဗျားကို အပြစ်ပေးရမယ်"

သို့သော် သည်လိုခြိမ်းခြောက်မှုသည် သုစန္ဒီရင်မှာ စွဲမြဲမခံစားချင် တော့ပါ။ သူမသည် ကြောက်ရွံ့စိုးထိတ် နောင်တတွေရနေရမည့်အစား တပ်ကြပ် လေးကို အန်တုဖို့သာ ပြင်လေသည်။

"တကယ်လို့ ရှင်နဲ့ ရှင့်သူရဲကောင်း အထက်ကလူတွေ ကျွန်မကို အပြစ်ပေးမယ်လို့ပြောတာ အမှန်ဆိုရင် လုပ်လိုက်လေ။ ကျွန်မ ရှင့်ကို မကြောက် ဘူး"

ပြီးနောက် သူမသည် ထိုယူနီဖောင်းဝတ်လူနှစ်ယောက်နှင့် ဝေးရာသို့ လျှောက်လိုက်ပြီး အခန်းထဲမှ ထွက်သွားလိုက်သည်။ ထို့နောက် လှေကားမှ တစ်ဆင့် သူမ၏ ကိုယ်ပိုင်အထပ်သို့ တက်သွားလိုက်သည်။

သူမသည် ဗမာစစ်သားနှစ်ယောက်ရှေ့တွင် ပုံပျက်ပန်းပျက် ဖြစ်မသွားခဲ့ သော်လည်း ရင်ထဲမတော့ အတော်လေး စိုးရိမ်ပူပန်နေမိတော့သည်။ သူမသည် သူမ၏ အိပ်ခန်းကြမ်းပြင်ဆီသို့ အလျင်အမြန် ပြေးဝင်သွားလိုက်မိလေသည်။

သူမစိတ်ထဲတွင် အိပ်မက်ဆိုးများမှ ပြေးပြေး အမြန်ပြေးထွက်ပြီး ဩစတြီးယားနှင့် ကိုလိုရာဒိုသို့ ပြန်ပြေးနေသလို ခံစားနေရလေသည်။ ထိုနေရာ တွေက သူမအတွက် လုံခြုံအေးချမ်းပြီး အကာအကွယ်ပေးလေသည်။ သူမ ဘယ်လောက်ထိ ပိုသည်းခံနေနိုင်မလဲ။ သူမသည် များပြားသောဖိနှိပ်မှုများ အောက်တွင် ကြေကွဲပျက်စီးသွားနိုင်လေသည်။

ထို့နောက် သုစန္ဒီသည် စဉ်ရော သည်းခံနိုင်ပါ့မလားဟု တွေးမိလိုက် သည်။ သူချစ်သောလူတွေနှင့် ခွဲနေရသည်။ လွတ်လပ်မှုကို တားဆီးထား သည်။ အခြေခံလိုအပ်ချက်များကိုလည်း ဖြတ်တောက်ထားသည်။ သူမသည် ပြိုကျသွားခြင်းဖြင့် သူ့အပေါ် ညှဉ်းပန်းနှိပ်စက်သူ အဖြစ်မခံနိုင်ကြောင်း

www.nyisay.com



ရှိးစင်းစွာ တွေးမိလေသည်။ သည်လိုဖြစ်ရတာသည် စိတ်ဆင်းရဲဒုက္ခရောက်ရသော ရက်ပိုင်းအတွင်း သူမသည် သီချင်းတေးသံတို့ကို နားမထောင်ခြင်းကြောင့်လည်း ဖြစ်နိုင်လေသည်။ သူမသည် ရက်ကော်ဒါစက်ရှေ့တွင် ရပ်လိုက်ပြီး စဝ်က သူမကို လက်ဆောင်ပေးထားသော သီချင်းခွေများထဲမှ အကြိုက်ဆုံးခွေကိုရွေးလိုက်သည်။ မိုးဇက်၏ ပီယာနိုကွန်ဆာတိုအက်ဖ်မေဂျာ တေးသွားပထမပိုဒ်သည် လေထဲတွင် ပြည့်လျှံသွားသောအခါ သူမထိုင်ချလိုက်ပြီး မျက်လုံးကို ပိတ်လိုက်သည်။ အကြိမ်ပေါင်းများစွာ စဝ်ဘေးမှာ စိတ်အေးသာယာ ထိုင်နားထောင်ခဲ့ပုံများကို တွေးနေမိလေသည်။

✦ ✦ ✦

ထိုနှစ်တွင် မိုးကျတာစောလေသည်။ သဘာဝအတိုင်း အမြစ်ရှိသော အပင်တိုင်းသည် ကြီးထွားဖို့စလေသည်။ ခြောက်သွေ့နေသော ခြံစည်းရိုးပင်လေးတွေ နိုးထလာခဲ့သည်။ အမြစ်သစ်လေးတွေ ထိုးထွက်လာကြသည်။ ရွာသားများက စိုက်ပျိုးထားခြင်းမရှိဘဲ အိမ်နှင့်ဥယျာဉ်များထဲတွင် အပင်များအများကြီးပေါက်လာကြလေသည်။ ဘယ်အချိန်မှာပဲ နေပြင်းပြင်းထိုးကျနေသည်ဖြစ်စေ သုစန္ဒီသည် သူ့သမီးတွေနှင့်အတူ နမ္မတူမြစ်ကိုဖြတ်ပြီး လိမ္မော်ခြံသို့သွားသည်။ လိမ္မော်သီးအသေးလေးတွေနှင့် အကြီးစားအပင်များသည် မိုးရွာပြီးသောအခါတိုင်း ထုနှင့်ထည်နှင့် ကြီးထွားလာကြသည်။ များစွာသော အပင်တွေပေါ်တွင် အသီးများက ပြွတ်သိပ်သီးနေကြရာ အကိုင်းတွေက အလေးချိန်ကို မခံနိုင်တော့ဘဲ မြေသို့အိကျနေသည်။

အလုပ်သမားများက အကိုင်းများကို ထောက်ခံမထားနိုင်သော အချို့အပင်တွေပေါ်က အသီးများမြေပေါ်သို့ ကြွေကျနေကြလေသည်။ သူတို့အလည်သွားခဲ့ချိန်တွင် သူမသည် စဝ်ကိုသူအလွန်သဘောကျသည့် စီမံကိန်းဖြင့် စိုက်ပျိုးထားသော အပင်များမှာအသီးများ အလွန်ဖြစ်ထွန်းနေတာကို မြင်စေချင်မိလေသည်။ သူသည် သူ့ယာတောတွေကို လာမည့် ဒီဇင်ဘာလောက်တွင် သေချာပေါက် လာကြည့်နိုင်မှာပါဟု သူမ သေအချာထင်နေမိလေသည်။

www.nyisay.com



သို့ဖြစ်ငြားသော်လည်း သူမသည် စစ်ထဲသို့ စာနှင့် အထုပ်များကို ရသည့်နည်းလမ်းမျိုးစုံဖြင့် ပို့ပေးခဲ့သော်လည်း သူ့ထံရောက်မရောက် သူ လက်ခံရရှိ မရှိကိုမူ ဘယ်တော့မှ အသေအချာမသိရချေ။ အချိန်ကြာလာသည် နှင့်အမျှ သူမပို့လိုက်သောစာတွေသည် သူမထံသို့ ပြန်မရောက်လာတော့ချေ။ စာအချို့သည် သူထံရောက်ဖို့ နည်းလမ်းရာတွေ့သွားပြီလားဟု သူမ သိချင်နေမိ တော့သည်။

တစ်နေ့မှာတော့ သူမထံသို့ပျက်စီးနေသော စာတစ်စောင်သည် ဗိုလ်မှူးကြီးမောင်ရွှေရုံးမှ ရောက်ရှိလာတော့လေ၏။ သီပေါစော်ဘွား စစ်ကြာဆိုင် ကို သူတို့တော်လှန်ရေးကောင်စီစစ်တပ်က ဘယ်သောအခါကမှ ဖမ်းဆီးထားခြင်း မရှိကြောင်း ဘယ်မှာရှိနေသလဲဆိုတာလည်း သူတို့မသိကြောင်း အကြောင်းကြားစာ ဖြစ်သည်။

နောက်ရက်များတွင် သုစန္ဒီ စစ်ထံသို့ပို့ပေးခဲ့သော အထုပ်များ ပြန်ရောက်လာသည်။ လက်ခံမည့်သူမရှိပါကြောင်း နယ်မြေခံအဖွဲ့က ရေးထား သည်။ ကြီးမားသောခံစားမှုကြီးနှင့် ရင်ဆိုင်ရတော့မည်ဖြစ်ကြောင်း သုစန္ဒီ ခံစားသိလိုက်ရပေပြီ။ ထိုအချိန်တွင် သုစန္ဒီထံသို့ ပုံမှန်လာလေ့ရှိသော ဒေါက်တာခင်အောင်နှင့် သူ့ဇနီးသည်တို့လည်း ရောက်နေကြသည်။ သူတို့သည် စစ်ထံမှပြန်လာသော သေတ္တာတစ်ခုကို သုစန္ဒီက ဖိကိုင်နေသည်ကို တွေ့လိုက်ရ သည်။ သူမ၏မျက်လုံးများသည် ရဲတွတ်ဖောင်းအိနေပြီး မျက်တွင်းများချိုင့်ဝင် နေလေသည်။ သူမဘေးတွင် မို့င်းကရှိနေပြီး ထလိုက်ကာ ဒေါက်တာခင်အောင် နားနားကပ်၍ တိုးတိုးပြောသည်။

''ကျွန်မတို့ စစ်မေကို အမျိုးမျိုးကြိုးစားပြီး ပျော်အောင်လုပ်ကြ တာပဲမရဘူး။ ကျေးဇူးပြုပြီး ကူညီပါဦး''

ဒေါက်တာသည် မို့င်းကို ခေါင်းညိတ်ပြလိုက်ပြီး သုစန္ဒီဘက် လျှောက် သွားလိုက်သည်။ သူမ ဆုပ်ကိုင်ထားသော သေတ္တာကို ညင်သာစွာ ဆွဲယူလိုက် သည်။ ရှေ့ကုန်းပြီး သုစန္ဒီကို အသံတိုးတိုးဖြင့်ပြော၍ စေခိုင်းသည့်အသံဖြင့်-

''မဟာဒေဝီ ကျွန်တော်တို့ စကားပြောရအောင်။ ဝရန်တာမှာ

www.nyisay.com



လက်ဖက်ရည် တစ်ခွက်လောက်သောက်ရင်း ပြောကြတာပေါ့"

သူမက ပြန်မဖြေပါ။ သို့သော်လည်း သူမသည် စားပွဲမှထလိုက်သည်။ ဒေါက်တာနောက်မှ သတိမေ့နေသူတစ်ယောက်လို လိုက်လာခဲ့သည်။ သူမထံ လာကြသော ဧည့်သည်တွေကို ကြိုဆိုဖို့၊ စကားလေးတောင်ပြောဖို့ သူမမှာ အသိမရှိတော့ချေ။ ဧည့်သည်တွေ ဝရန်တာတွင် ထိုင်လိုက်ကြတော့မှ သူမ စကားစပြောလေသည်။

"ကျွန်မ အခု ဘာလုပ်ရမလဲ ဒေါက်တာ။ သူတို့က စစ်ကို ဖမ်းမထားကြပါဘူးလို့ ငြင်းနေကြပြီ။ အဆိုးဆုံးကို ကျွန်မကြောက်နေတယ်"

သုစန္ဒီသည် လုံးလုံးပင် သတိလက်လွတ်ဖြစ်ကာ မျက်ရည်များ သွင်သွင်ယိုစီးကျနေပြန်လေသည်။

"သူတို့ဘာလို့ ဒီလိုလုပ်ရတာလဲ ကျွန်တော်လည်းမသိဘူး။ ဘာကို ဆိုလိုတာလဲဆိုတာ ကျွန်တော် နားမလည်ဘူး"

ဒေါက်တာခင်အောင် ပြောလိုက်သည်။

"ဒါပေမဲ့ မဟာဒေဝီ နောက်တခြားတစ်နည်းနဲ့ ကြိုးစားကြည့်သင့်ထင်လို့ ထင်တာပဲ။ မဟာဒေဝီချဉ်းကပ်တဲ့ သူတို့ရဲ့ဗိုလ်ချုပ်ကြီးနေဝင်းနဲ့ သူ့လူတွေက အလုပ်မလုပ်ဘူး"

"ရှင် ဘာသဘောရလဲ"

သူမ မေးလိုက်သည်။ ရှိုက်ငိုနေရာမှ တဖြည်းဖြည်း ပေါ့ပါးလာသည်။

"မဟာဒေဝီ အချိန်ယူပြီး နောက်ထပ်ရွေးချယ်ရမဲ့နည်းလမ်းကို စဉ်းစားရမယ်"

ဒေါက်တာခင်အောင်ပြောသည်။

"နောက်ထပ်လုပ်သင့်တယ်လို့ထင်လား ဘာခံစားရလဲ"

"ကျွန်မ ကလေးတွေနဲ့အတူ ရန်ကုန်သွားဖို့ စဉ်းစားထားတာ ကြာလှပြီ။ အဲဒီနည်းပဲ ဗိုလ်ချုပ်ကြီးနေဝင်းဆီ ချဉ်းကပ်ဖို့ရှိတယ်။ ရန်ကုန်က လူကြီးတွေဆီ သွားအကူအညီတောင်းရမှာပဲ"

"သိပ်ကောင်းတဲ့ စိတ်ကူးပဲ"

www.nyisay.com



ဒေါက်တာခင်အောင် အော်လိုက်သည်။

''အဲဒါက နောက်တစ်ဆင့်တက်ဖို့ အကောင်းဆုံးအဖြစ်နိုင်ဆုံးပဲလို့ ကျွန်တော် တကယ်ထင်တာပဲ။ မဟာဒေဝီနဲ့ကလေးတွေအတွက်လည်း မြို့မှာနေတော့ ကောင်းတာပေါ့။ အဲဒီမှာ မဟာဒေဝီအနေနဲ့ သီးခြားဖြစ်နေတာ လျော့ကျသွားမယ်''

''သူတို့က ကျွန်မကို သွားခွင့်ပြုပါ့မလား။ ရှင်ထင်လား''

သုစန္ဒီသည် သူမခံစားချက်တွေ ပြန်ပေါ်လာသဖြင့် စိတ်ထိန်းပြောနေလေသည်။ သူမ၏ရွေးချယ်မှုအတွက် လေးလံစွာ ခံစားနေရသည်။ သူမစိတ်က ဆက်လက်တိုက်ပွဲဝင်နေချင်မိလေသည်။

''သူတို့ ဘယ်လိုတားနိုင်မလဲ။ ကျွန်တော်တော့မသိဘူး''

ဒေါက်တာခင်အောင် ပြန်ဖြေသည်။

''တောင်ကြီးကို ကျွန်မသွားခွင့်မရဘူးလေ မှတ်မိလား''

သုစန္ဒီက စိတ်ပျက်လက်ပျက်ဖြင့် ပြောသည်။

''ဖြစ်နိုင်တာ ဘာလို့လဲဆိုတော့ စော်ဘွားကြီးက တောင်ကြီးနားမှာ ရှိနေတယ်လေ။ ရန်ကုန်ဆိုရင်တော့ သူတို့တားမယ်မထင်ဘူး''

ဒေါက်တာခင်အောင့်အသံက သုစန္ဒီကို သဘောပေါက်လာစေပြီး မျှော်လင့်ချက်လေး ပိုမိုရမိလေသည်။

''သူတို့ ဘာလုပ်မလဲ''

သူမက သူ့ကိုမေးလိုက်သည်။

''ပြီးရင် ကျွန်တော်တို့က မဟာဒေဝီ ရန်ကုန်မှာ ဆေးကုသမှုခံဖို့ လိုအပ်တယ်လို့ အာမခံပေးရမယ်။ ပြီးတော့ ကျွန်တော့်ကိုယုံပါ။ ဘာဖြစ်လာလာ ကျွန်တော် သူတို့ကိုထုချေဖို့ လုပ်ထားပါ့မယ်''

ရက်ပေါင်းများစွာထဲမှ ပထမဆုံးအကြိမ်အဖြစ် မျှော်လင့်ချက်ရောင်ခြည်လေး နည်းနည်းကြွတက်လာမိသည်ဟု သုစန္ဒီ ခံစားလိုက်ရသည်။ လပေါင်းများစွာ ပိတ်ထားခဲ့ရသော လွတ်မြောက်ရေး မျှော်လင့်ချက်တံခါးသည် နောက်ဆုံးမတော့ အနည်းငယ် ပြန်ပွင့်လာပြီဖြစ်သည်။ မှေးမှိန်မှိန်အလင်းလေး

www.nyisay.com



တွေကို ဝင်ခွင့်ပြုလိုက်သည်။

✦ ✦ ✦

စဝ်သည် သူ့လက်ကနာရီကို မကြည့်နိုင်။ သို့သော် ကြောက်စရာကောင်းသော မဆုံးနိုင်သည့် ညပေါင်းများစွာ ဖြစ်ပေါ်နေလေသည်။ သူ့ပါးစပ်နှင့်လည်ချောင်းတွေ ခြောက်ကပ်နေသည်။ သူအဖို့ ရေကျက်အေးနှင့် စစ်ထားသောရေသန့်က အတော်ဝေးနေပြီ။ သူ့ကို ဝါးတဲအတွင်း ပြန်ထည့်ထားလိုက်လေသည်။ သူသည် တဲထောင့်လေးတွင်ထိုင်နေရင်း သီပေါရှိလယ်ထဲက နွားတွေ၏ဘဝကမှ အခု သူ့ဘဝထက် ပိုပျော်စရာကောင်းလိမ့်ဦးမည်ဟု တွေးနေမိလေသည်။

သို့သော်ငြားလည်း သူ့အတွက် ဘာဖြစ်နေနေ အကြောင်းမဟုတ်ချေ။ စဝ်သည် တရားထိုင်ခြင်းဖြင့် ပျို့အန်နေတာတွေ ပါးစပ်အာခေါင်ခြောက်နေတာတွေမှာ အာရုံရောက်နေတာတွေကို ကျော်လွှားနိုင်ခဲ့သည်။

သူသည် ရုပ်အားဖြင့် နေထိုင်ရတာ ဆင်းရဲဒုက္ခဖြစ်တာတွေ စိတ်အားဖြင့် ဒေါသထွက်နေတာတွေကို ထိန်းလာနိုင်မှန်းနားလည်လာလေသည်။ အခုတော့ ဖြစ်သလိုနေတတ်လာသည်။ ပြီးတော့ သူသည် ကြင်နာကရုဏာထားသော စိတ်မျိုးကို နာရီအနည်းငယ်တွင်းမှာ ထားနိုင်တာကို တွေ့လာရသည်။ ပထမနေ့အရုဏ်ဦးတွင် သူ့ကိုနှိပ်စက်စဉ် နောက်ဆုံးညကပါသော ဗမာဗိုလ်တစ်ယောက်သည် ရောက်လာပြီးမေးသည်။

" ခင်ဗျား စိတ်ပြောင်းသွားပြီလားတဲ့ ဗိုလ်မှူးကြီး သိချင်နေတယ်"

စဝ် ခေါင်းခါပြလိုက်သည်။ သူသည် ပြောစရာအကြောင်း သူ့မှာမရှိဟု မြင်လေသည်။

"ဗိုလ်မှူးကြီးဆီ ပြောပေးဖို့ ဘာမှ မရှိဘူးလား"

စဝ်သည် သူ့ခေါင်းကို ဖြည်းဖြည်းလေး တစ်ခါထပ်ခါပြလေသည်။ ဗိုလ် နောက်တစ်ခါပြန်လာဖို့ အချိန်သိပ်မကြာပါချေ။ လက်နက်အပြည့်အစုံဖြင့် ဗမာစစ်သား ၅ ယောက်နှင့်အတူ သူဂျစ်ကားဖြင့် ပြန်ရောက်လာသည်။

"ခင်ဗျားကို နောက်တစ်နေရာပြောင်းချုပ်ထားဖို့ ကျွန်တော့်မှာ

www.nyisay.com



အမိန့်ပါလာတယ်''

သူသည် ပြောပြီး စဝ်ကို ညစ်ပေရေနေသော ကြမ်းပြင်ပေါ်မှ သတိကြီးစွာဖြင့် ဆွဲမလိုက်သည်။

''ဒီဂျစ်ကားနဲ့ ခင်ဗျားကို ခေါ်သွားမှာ''

စဝ်သည် သူ့တိုက်လေးထဲမှ လျှောတိုက်ပြီး အပြင်ကိုထွက်လိုက်သည်။ သူ့ခေါင်းကိုမော့ပြီး အရှေ့ဘက်က နံနက်ခင်းကောင်းကင်ကြီးကို ကြည့်လိုက်သည်။ ရှမ်းတောင်တန်းကြီးပေါ် နေစထွက်လာတာ သူ ဒါနောက်ဆုံးကြည့်ရတာများလား ဟု စဝ်တွေးမိလေသည်။ ပြီးတော့ စဝ်သည် ရပ်စောင့်နေသော ဂျစ်ကားဆီလှည့်လိုက်လေသည်။

❖

၄

မြန်မာ့ခေတ်

www.nyisay.com



## အခန်း ၁၇

အရှေ့ဟော်နန်းတွင် ၁၁ လကြာအောင် သီးခြားထီးထီးနေခဲ့ရပြီး နောက်တွင် သုစန္ဒီနှင့်အတူ ကလေးနှစ်ယောက်ကို ရန်ကုန်သို့ ထွက်ခွာခွင့် ပြုလေသည်။ ထိုနေ့သည် အေးစိမ့်လတ်ဆတ်သော ဖေ့်နဝါရီ နံနက်ခင်းဖြစ်ပြီး သုစန္ဒီသည် သီပေါဘူတာတွင် ရောက်ရှိနေလေသည်။ ရာပေါင်းများစွာသော လိုလားထောက်ခံကြသူများသည် ဘူတာတွင် နောက်ဆုံးနှုတ်ဆက်ပွဲလုပ်ရန် စုရုံးရောက်ရှိလာကြသည်။ သူတို့သည် အုပ်ထိန်းသော သမ္မာဒေဝနတ်ဝိညာဉ် အပေါင်းအား ဤခရီးကိုစောင့်ရှောက်ပေးဖို့ ဆုတောင်းကြသည်။ သုစန္ဒီသည် ရထားတွဲပေါ် ခြေစတက်လိုက်သောအခါတွင် သူမသည် အဝေးသို့ခေါ်ဆောင် သွားခြင်းခံရတော့မည်ကို သိလိုက်သည်။ သူမ၏ ဘဝစာမျက်နှာသည် ပြီးဆုံး သွားပြီဖြစ်ကြောင်း သိနေခဲ့သည်။ ထိုမနက် သူတို့သီပေါက သူတို့အရှေ့ဟော်နန်းမှ ထွက်လာကြသောအခါ ဘယ်တော့မှ မပြန်ရတော့ဘူးဆိုတာလည်း စိတ်က သိနေခဲ့လေသည်။ လွန်ခဲ့သောရှစ်နှစ်က သူမအား တောင်ကြီးတွေပေါ်တွင် ကြိုတင်၍ နိမိတ်များပြခဲ့ခြင်းများကို သတိကြီးစွာဖြင့် အောင်မြင်စွာ ပြီးစီးဖြတ်သန်း နိုင်ခဲ့သည်။ ငြိမ်းချမ်းမှုအပေါင်းသည် တောင်တန်းတွေမှာ ကျန်ရစ်ခဲ့လေပြီ။ သူမ၏ ပျော်ရွှင်အေးငြိမ့်သော ဘဝသည် အတိတ်မှာထားခဲ့ရလေပြီ။ စက်ခေါင်းမိုလ်၏ ဝီစီသံသည် သုစန္ဒီ၏နှလုံးကို ဓားဖြင့် ထိုးခွဲလိုက်သလို ခံစားလိုက်ရသည်။ စူးရှသော အသံထွက်ပေါ်လာပြီး အားလုံးကြားအောင် အော်လိုက်သလိုရှိလေသည်။

ခုန်ပေါက်လှုပ်ရမ်းနေသော ရထားသည် စိတ်၏နာကျင်သော ဝေဒနာကို

www.nyisay.com



သက်သာရာရစေသည်။ သုစန္ဒီသည် ဩစတြေးယားတွင် နေ့စဉ် အထက်တန်းကျောင်းသွားတိုင်း စီးခဲ့ရပုံကို သွားသတိရမိလေသည်။ ထိုစဉ်ကတော့ သူမသည် အမှတ်ကောင်းကောင်းရဖို့နှင့် ကျောင်းပိတ်ရက်အပတ်တွေမှာ စကိတ်စီးဖို့သာ စိုးရိမ်ပူပန်နေခဲ့ရလေသည်။ နှစ်ပေါင်း ၂၀၊ ထောင်ပေါင်းများစွာ ကွာဝေးသောနေရာနှင့် ယခုလက်ရှိအဖြစ်အကြားတွင် သူမ၏ မှတ်ဉာဏ်များသည် ကောင်းကောင်း အသိရှိနေဆဲဖြစ်သည်။ စဝ်သည် သူ့မိသားစုတစ်တွေ သီပေါမှ ထွက်ခွာသွားကြတာကို သိရှိသွားခဲ့လျှင် ဘယ်လိုများ ခံစားရပါလိမ့်မလဲဟု သူမတွေးမိလိုက်ပြီး မျက်လုံးအစုံကို ပိတ်လိုက်မိလေသည်။ သုစန္ဒီသည် ပြန်ပေါ်လာသော သံသယအတွေးတွေကို ဖိနှိပ်ချေမှုန်းပစ်ဖို့ ကြိုးစားသည်။ စဝ်သည် ယခုတိုင် အသက်ရှင်လျက် ရှိနေသေးသည်။ သူတို့သည် ညနေခင်းပိုင်းတွင် သူမကို နှိပ်စက်ညှဉ်းပန်းကြသည်။ အချိန်ကျလာပြီဆိုလျှင် အိပ်ခန်းနံရံပေါ်တွင် အရိပ်များစွာသည် ပျော်မြူးကခုန်နေကြလေသည်။ နေ့ခင်းအလင်းရောင်ကြောင့် သူတို့၏ နှိပ်စက်ညှဉ်းပန်းမှုမှ သူမလွတ်ရလေသည်။ စဝ်သည် သူမတို့ဘဝထဲပြန်လာမှာ သေချာပါသည်။

မီးရထားသည် မိုင် ၂၀၀ အောက်အကွာအဝေးရှိသော မန္တလေးသို့ ခုတ်မောင်းနေသည်။ နေ့ခင်းတွင်သာ ခုတ်မောင်းလေ့ရှိသည်။ အဘယ်ကြောင့်ဆိုသော် များစွာသော ရပ်နားရမည့်အစီအစဉ်များ၊ တောင်များနှင့် တောင်ချောက်ကမ်းပါးနှစ်ခုကို ဆက်သွယ်ပေးထားသော ဂုတ်ထိပ်တံတားတို့ကို ဖြတ်ကျော်ရမည်ဖြစ်သောကြောင့်ပင် ဖြစ်လေသည်။ နံနက်ခင်းလေထဲတွင် နှင်းစွက်နေသောကြောင့် အေးစိမ့်နေသည်။ ပြတင်းပေါက်မှ တဖြူးဖြူးတိုက်နေသော လေနှင်းအေးကြင်တို့ကြောင့် သမီးတို့အအေးမမိရအောင် အနွေးထည်များကို လုံလုံဝတ်ပြီး ဖစ်များကိုဆွဲပြီး ပိတ်ခိုင်းထားရသည်။ မှိုင်းဝေဆို့ဆိုင်းနေသော မြူလွှင်ပြင်ကြီးကို သူမငေးနေမိသည်။ တဂျုံးဂျုံးခုတ်မောင်းနေသော ရထားသည် တောတွေကို ဖြတ်သည်။ ကျွန်းတော၊ အင်တောကိုဖြတ်သည်။ ဂုတ်ထိပ်နားနီးလာလေလေ ဘောင်ဇလတ်ပန်းနှံ့ သဇင်ပန်းနံ့များရလာသည်။ လေမှာ မွှေးသင်းအေးမြနေသည်။ တောသည် တိတ်ဆိတ်ငြိမ်သက်နေသည်။ ရထားလမ်းမပေါ်ကျားသစ်တစ်ကောင်လောက်များ ဖြတ်ပြေးလေမလား တွေးသည်။ ရထားနှင့်အတူ လိုက်အပြေးပြိုင်တတ်သော တောင်ယုန်လေးတွေကိုရှာသည်။ တောသည် မှိုင်းညို့အေးစိမ့်နေသည်။ သမီးတို့နှစ်ယောက်သည် အအေးဒဏ်အောက်မှာ

www.nyisay.com



ကုတ်ကုတ်လေးထိုင်ပြီး ငိုက်နေကြသည်။ သူမက ကိန္နရီခေါင်းလေးကို ပေါင်ပေါ်မှာ လှဲချနိုင်းလိုက်သည်။

နှင်းမြူပိန်းပိတ်ဖြူဖြူထဲမှာ စဝ်များ ပြေးလိုက်လာလေသလား။ ဟိုးတောင်ကြောမှ စဝ်ဇေါ်ငယ်သံပါအောင် အော်လိုက်သံကို သူမကြားနေရသည်။ တောင်တွေမှာ ပဲ့တင်ထပ်နေတော့သည်။ သူမသည် ဟောဒီ ရှမ်းရိုးမတောင်တန်းကြီးကို နောင်ထပ်ကြည့်ရတော့မည် မဟုတ်တာကို စိတ်ထဲမှာ အလိုလိုသိနေသည်။ ဒီရထားကြီးသည် သူမကို ဩစထြီးယားထိ တစ်ခါတည်းသာ ခုတ်မောင်းခေါ်သွားလိုက်ပါတော့။ စဝ်မရှိသော ရှမ်းတောင်တန်းသည် သူမအဖို့ သေနေသည်။ တိတ်ဆိတ်နေသည်။ အရာရာသည် ခြောက်သွေ့နေသည်။ စိမ်းမြလဲ့ရည်သော မှန်လိုကြည်သော နမ့်တူမြစ်ရေကို သူမ မတွေ့နိုင်တော့ပြီ။ လိမ္မော်ပန်းနုံ့သင်းရှိန်းရှိန်းလေးတွေကို မရတော့ပြီ။ တောတွေဘက်မှ လွင့်လာတတ်သော တောမီးနံ့ကို ဝေးလေပြီ။

ခါပုပ်၊ မုန်ညှင်းချဉ်၊ ပဲပုပ်၊ ဂျူးမြစ်၊ ဝက်သားချဉ်၊ တိုဟူးကြော်တွေနှင့် ဝေးလေပြီ။ မက်မန်းပိုင် ချိုစိမ့်ရှိန်းနွေးလေးကို သူမ သတိရနေမိသေးတော့လေသည်။ နေမင်းနီကျင်ကျင်သည် အရှေ့တောင်ကုန်းပေါ်မှ တဖြည်းဖြည်းခြင်း ထိုးထွက်လာနေသည်။ အရဏ်အလင်းလာသောအခါ တောသည် ဝိုးတဝါးမြင်လာရသည်။ ကျွန်းပင်ပေါ်က အရွက်ကြီးများသည် နှင်းရည်များ စိုလူးနေတော့သည်။ အရွက်ကြီးများပေါ်မှ စက်စက်ကျနေသော နှင်းစက်ရည်လေးတွေသည် မြူမှုန်မှောင်ဝါးဝါးမှာ လွင့်ကျနေလေသည်။ ဟိုးလယ်ကွင်းတွေဆီက လယ်စောင့်တဲလေးမှ မီးခိုးငွေ့များ တလူလူထွက်နေသည်။ မြူတွေဝေ့ဆိုင်းတွဲကျနေသော လွင်ပြင်ကျယ်ကြီးထဲတွင် တဲလေးကို မြင်ရတာ ပန်းချီကားတစ်ချပ်လိုဖြစ်နေလေသည်။

မီးရထားက မှန်မှန်ကြီးခုတ်မောင်းနေသည်။ တောင်ကြားတွေကို ဖြတ်သည်။ လယ်ကွင်းတွေကို ဖြတ်သည်။ စိမ်းလဲ့ကြည်မြသော ချောင်းလေးတွေကို ဖြတ်သည်။ နှင်းထူထူအောက်မှာ ကွေးကွေးလေးအိပ်နေသော ရှမ်းရွာလေးတွေကို ဖြတ်သွားသည်။ နံနက်စောစောပိုင်းက မီးရထားလမ်းနှင့်အတူ ယှဉ်ပြိုင်ပြေးစီးဆင်းနေသော နှင်းမှုန်မြူဝါးကြားတွင် သဲသဲကွဲကွဲ မမြင်လိုက်ရသော နမ့်တူမြစ် စိမ်းစိမ်းအိအိလှိုင်းတွေကို နောက်ဆုံးမြင်လိုက်ချင်သေးတော့သည်။ ဝါးရုံတောတွေထဲမှ ထိုးထွက်ကြသော စိမ်းစိမ်းရဲရဲ ကြက်တူရွေးအုပ်ကို သူမမြင်တော့ ရင်ထဲ

www.nyisay.com



နွေးသွားရသည်။ စပါးကြီးမြွေကြီး၊ စဝ်၏ ဥရောပကကြက်များ၊ ထွန်စက်များကို သူမ သွားသတိရနေမိပြန်လေသည်။ မီးရထားသည် လျှိုတွေမြောင်တွေကိုဖြတ်ပြီး နောက် တဖြည်းဖြည်း ဂုတ်ထိပ်နားနီးလာသည်။ နေကောင်းကောင်းထွက်လာပြီမို့ ဝန်းကျင်တစ်ခုလုံးလင်း လင်းမြင်နေရပေပြီ။ ရထားလမ်းဘေးမှာ နွားတွေ၊ ကျွဲတွေကို မြင်လာရသည်။ ခပ်လှမ်းလှမ်းမှ နေရောင်တွင် ငွေရောင်များဖြင့် လင်းလက်နေသော အံ့ဖွယ် အင်ဂျင်နီယာအတတ်ဖြင့် ဆောက်လုပ်ထားသော ဂုတ်ထိပ်တံတားကို လှမ်းမြင်နေရလေသည်။ သူမသည် သည်နေ့မှ ဒီတံတားကို ပထမဦးဆုံး ဖြတ်ဖူးခြင်းလည်း ဖြစ်သည်။ ၁၉၄၇ နှစ်လောက်က သူ့လူတွေသည် ဒီတံတားကို ကွန်မြူနစ်များရန်မှ ကာကွယ်ခဲ့ရဖူးကြောင်း၊ ဒီဂုတ်ထိပ်တံတားသည် ရှမ်းပြည်မြောက်ပိုင်းနှင့် ပြည်မကြီးတို့ ဆက်သွယ်ထားသော အဓိကကုန်သွယ်မှု လမ်းမကြီးကို ဆက်သွယ်ပေးထားသော တံတားဖြစ်ကြောင်း စဝ်က သူမကို တစ်ခါက ပြောပြခဲ့ဖူးလေသည်။ သူမ သီပေါသို့လာစဉ် ရန်ကုန်မှ လေယာဉ် စီးလာသောအခါ လေယာဉ်ပေါ်ကနေ သည်ရထားလမ်းလေးကို မြင်ခဲ့သေးသည်။ အခုတော့ သူမကိုယ်တိုင် ဖြတ်စီးနေရလေသည်။ စဝ်က ဒီလမ်းကို တစ်နေ့တွင် အထူးရထားဖြင့် သုစန္ဒီနှင့် အတူစီးကြမည်ဟု ပြောခဲ့ဖူးသည်။ တံတား၏ သံထောက်တိုင်များကို အင်္ဂလိပ်အတွက် အမေရိကန်အင်ဂျင်နီယာများက ၁၈၉၉ တွင် ဆောက်လုပ်ပေးခဲ့ကြသည်။ နောင်ပိန်ဘူတာကို ဖြတ်ကျော်လာပြီးသောအခါ သူမသည် ကျဉ်းမြောင်းသော တောင်ကြားအတွင်းမှ ဂုတ်ထိပ်တံတားကို ရှာနေခဲ့မိသည်။ လင်းလက်လက် သံတံတားတစ်ခုသည် တောင်ကမ်းပါးနှစ်ခုကို ဆက်သွယ်ပေးထားသည်။ ရထားသည် တောင်ကြားထဲ ထိုးဆင်းသွားသောအခါ တံတားကို အရိပ်အရောင်တောင် မမြင်ရသေးချေ။ သူတို့သည် လိုဏ်ဂူများကို ဖြတ်ကြရသည်။ ခပ်တိုတို မှောင်မည်းမည်းဖြစ်သည်။ လိုဏ်ဂူအတွင်း ရထားဖြတ်နေစဉ် ကလေးတွေက ပျော်ရွှင်စွာဖြင့် စူးစူးဝါးဝါးအော်ကြသည်။ လိုဏ်ဂူတွေကို ဖြတ်တိုင်း အမှောင်ထုကသာ ပိတ်ထုပ်ထားလေသည်။

သို့သော်ငြားလည်း ခြောက်သွေ့သောရာသီမို့ လိုဏ်ဂူထဲတွင် မှိုနံ့၊ ဖုန်နံ့၊ ကျောက်မီးသွေးနံ့တွေက ဖုံးလွှမ်းနေတော့သည်။ ခရီးသည်တွေအတွက် မမျှော်လင့်ထားသော ကြောက်ရွံ့တုန်လှုပ်မှုကို ခံစားရလေသည်။ မီးရထားသည် တံတားကိုမဖြတ်မီတွင် အရှိန်ကိုလျှော့ချလိုက်သည်။ တံတားထိပ်က အစောင့်သည် အချက်ပြမှသာ ရထားသည် ဖြည်းညင်းစွာဖြင့် တံတားပေါ်

www.nyisay.com



တရွှေ့ရွှေ့ဖြတ်လေသည်။ တံတားက အလွန်မြင့်မားသော အသူရာချောက်ကြီး ထိပ်တွင် တအိအိ တလှုပ်လှုပ်ရှိနေသည်။ တောင်ချောက်ကမ်းပါးနှစ်ခုကြားက တိုက်သောလေသည် တဖြူးဖြူး တအေးအေးရှိ၏။ နောက်ဆုံးမတော့ မီးရထား ကြီးသည် အံ့ဩဖွယ် တံတားကြီးအပေါ်ဖြတ်နေတာ သူမ သိလိုက်ပြီးနောက် ဟိုးတံတားအောက်က သေးသေးလေးသာစီးဆင်းနေသော စိမ်းညိုညိုမြစ်လေးကို ငုံ့ကြည့်လိုက်သည်။ မြစ်လေးက ဟိုးတံတားအောက်ခြေ တောထဲမှ စီးနေ လေသည်။ သူမ အသည်းတွေ အေးသွားရသည်။ ရင်တွေ တဖျပ်ဖျပ်ခုန်လိုက်သည်။ ဒီတံတားကို အင်ဂျင်နီယာတွေက ဒီလိုတောထဲ တောင်ထဲ ဘာမှ မဖွံ့ဖြိုးမတိုးတက်သော ကမ္ဘာတစ်ဖက်ခြမ်းမှာ ဘယ်လိုများ လာဆောက်ထားကြပါလိမ့်ဟု သူမ အံ့ဩရင်တုန်ရလေသည်။

တံတား၏တစ်ဖက် ချောက်ကမ်းပါးမှာတော့ ဂုတ်ထိပ်ဘူတာလေးရှိပြီး ရထားရပ်လေသည်။ တောတောင်ထဲတွင်ရှိသော ဘူတာလေးမှာ ဘာမှမရှိပါ။ ဈေးသည်လေး တစ်ယောက်နှစ်ယောက်သာရှိသည်။ လက်နက်ကြီးများဖြင့် တံတားစောင့်စစ်တပ်ရှိသည်။ ထို့နောက် ရထားသည် တောင်ပေါ်သို့ တစ်ခါ တက်ပြန်သည်။ သုစန္ဒီသည် ကျန်ရစ်ခဲ့သော သီပေါနယ်၏ ထူးခြားသော အနံ့အသက်များအားလုံးကို ရနေတော့လေသည်။ မေမြို့နှင့် ၁၂ မိုင်အကွာသို့ ရောက်သောအခါ သူတို့သည် မြန်မာပြည်မကြီးနှင့် ရှမ်းပြည်နယ်စပ်သို့ ရောက်လေသည်။ သီပေါကား ကျန်ရစ်ခဲ့လေပြီ။

မန္တလေးမီးရထားဟော်တယ်တွင် သူတို့တစ်တွေနားကြပြီး ရေမိုးချိုး အဝတ်စားလဲကြရလေသည်။ သူတို့သည် ညရထားဖြင့် ရန်ကုန်သို့ခရီးဆက်ကြ မည်ဖြစ်သည်။

''ရန်ကုန်ရောက်ဖို့ ဘယ်လောက်လိုသေးလဲ''

အထက်တန်းတွဲပေါ်တွင် သူတို့နေရာချပြီး မကြာမီတွင် မာယာရီက မေးသည်။

''သမီး မနက်အိပ်ရာကနိုးတဲ့အချိန်ဆို မေမေတို့ ရန်ကုန်ကို ရောက်နေပြီပေါ့''

''သမီး မအိပ်ဘဲနေမယ်''

သူမ ပြန်ပြောလိုက်သည်။

''အဲဒီရောက်ဖို့ ဘယ်နှနာရီကြာမှ ရောက်မှာလဲ စဝ်မေ''

www.nyisay.com



''မေမေထင်တယ် ၁၆ နာရီ''

သုစန္ဒီသည် ဖြေလိုက်ရင်း သမီးကို သူမနား ဆွဲယူလိုက်သည်။

''စိတ်ကူးထဲ တွေးကြည့်လိုက်စမ်း။ တစ်ညလုံး ဒီရထားပေါ်မှာနေပြီး နောက်တစ်နေ့ မနက်ကျတော့ ရန်ကုန်ကိုရောက်နေပြီ''

ဂျိုးဂျိမ့်သံမြည်လျက် မီးရထားသည် တောင်ဘက်သို့ ထွက်ခွာနေသောကြောင့် မန္တလေး၏ညအလင်းမှိန်မှိန် လျော့ကျသွားသည်ကို သုစန္ဒီ လှည့်ပြီး ငေးကြည့်နေလိုက်မိလေသည်။ မြန်မာပြည်အလယ်ပိုင်းတွင် လရောင်မရှိသော ညမိုက်သည် အသားကျနေသည်။ အခုနှင့် နောက်တွင် ရထားသည် အမှောင်ထုထဲက မှိတ်တုတ်မှိတ်တုတ် အလင်းရောင်လေးတွေကို ဖြတ်သန်းလာသည်။ ရွာလေးတွေလား မြို့လားမသိချေ။ သူမသည် မျက်လုံးကို ပိတ်ထားလိုက်ပြီး စဝ်၏ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာအခြေအနေကို စဉ်းစားနေမိပြန်လေသည်။ သူမဘေးနားမှာ စဝ်ရှိနေလျှင် ဘယ်လောက်များ ကောင်းလိုက်မလဲဟု တွေးမိလိုက်ပြီး မျက်နှာပေါ်တွင် အပြုံးမှိန်လေး ဖြတ်သွားလေသည်။ သူမ၏ အကောင်းဆုံးအမိန့်ဖြင့် ထိန်းသိမ်းအုပ်ချုပ်ခဲ့သော အရာရာကို သီပေါတွင် ထားရစ်ခဲ့ရသည်။ အိမ်အလုပ်သမားများ၊ ဟော်နန်းဝန်ထမ်းများနှင့် မှီခိုနေသော ဆွေမျိုးသားချင်းများအတွက် အထောက်အပံ့များ၊ ကျောင်းဆက်လက်ဖွင့်နိုင်ရန်အတွက် ရန်ပုံငွေအလုံအလောက်နှင့် လိမ္မော်၊ သံပရာခြံများ အပြည့်ချန်ထားပေးခဲ့သည်။ စဝ်သည် ဘာမှမသိဘဲ သုစန္ဒီအတွက် လိမ္မော်ခြံအသစ်များကို စိုက်ပျိုးပေးခဲ့သလိုဖြစ်နေပြီး သည်လိုထကြွနေသော ခေတ်ကာလတွင် ဝင်ငွေအတော်ရလေသည်။ မမျှော်လင့်ဘဲ လိမ္မော်နှင့် သံပရာသီးများ တန်နှင့်ချီပြီး အထွက်ကောင်းခဲ့သောကြောင့် သူမအတွက် ဝင်ငွေအတော်တိုးခဲ့ရလေသည်။

သူမသည် စင်ပေါ်တွင်တင်ထားသော ခရီးဆောင်အိတ်တွေကို ငဲ့စောင်းကြည့်လိုက်မိသည်။ ပြီးတော့ စိတ်ထဲ စိတ်လက်သက်သာသွားသလို ခံစားလိုက်ရသည်။ ထိုအိတ်တွေထဲတွင် ပိုက်ဆံများနှင့် လက်ဝတ်ရတနာများကို ထိုးသိပ်ထည့်ထားခဲ့သောကြောင့်ဖြစ်လေသည်။ ထိုအချိန်၌ အနည်းဆုံး သူမတို့ မိသားစု ရန်ကုန်တွင်နေထိုင်စဉ် ငွေရေးကြေးရေးအတွက် စိတ်မပူရတော့ချေ။ ရန်ကုန်တွင်လည်း အိမ်နှစ်လုံးရှိရာ တစ်လုံးမှာ ရောက်တာနှင့် အဆင်သင့်တက်နေနိုင်လေသည်။

မြန်မာမြို့တော်ဖြစ်သော ရန်ကုန်တွင် သူမဘဝအတွက် ဣန္ဒြေရရ

www.nyisay.com



အခြေမပျက် သီပေါက အဆင့်အတန်းလို ယုံကြည်မှုအပြည့်ဖြင့် နေနိုင်လေသည်။ သူမ ဘာကို စိုးရိမ်နေမိသလဲဆိုတော့ သူမသည် ကိုယ့်စိတ်အခြေအနေကို ကိုယ်အကြိမ်ပေါင်းများစွာ ပြန်ပြန်ရှာဖွေနေတတ်ခြင်းပဲ ဖြစ်လေသည်။ ခြေလေးခု ရှိသောထိုင်ခုံကို သူမက နှစ်ဆခြေရှစ်ခု မြင်နေတတ်သည်။ သူမသည် စိတ်ကို တည်ငြိမ်အောင် မထိန်းချုပ်နိုင်ချေ။ သူမ၏ မှတ်ဉာဏ်များသည်လည်း စိတ်မချ ရတော့ပေ။

မီးရထားသည် ပျဉ်းမနားဘူတာ၌ အချိန်ကြာမြင့်စွာ ရပ်တန့်နေသော အချိန်တွင် သမီးတို့သည် နှစ်နှစ်ခြိုက်ခြိုက်ပင် အိပ်မောကျနေကြလေသည်။ ကလေးထိန်းနာနီပစောသည် ဘူတာပလက်ဖောင်းပေါ်မှ ပြန်လာပြီး သတင်းဆိုး တစ်ခုကို သယ်ယူလာခဲ့သည်။ ပြီးခဲ့သောအပတ်က ကရင်သူပုန်များသည် ရထားတွဲပေါင်းများစွာကို ပစ်မှတ်ထားပြီး တိုက်ခိုက်ခဲ့ကြပြီး အကြီးအကျယ် ထိခိုက်ပျက်စီး၍ လူအများသေကျေ၊ အရေးပေါ် အခြေအနေများ ဖြစ်ခဲ့သည်။

ထိုည နောက်တစ်နာရီလောက်ကြာအောင် ရထားသည် အရှိန်ဖြင့်ခုတ် မောင်းနေရာမှ ဘယ်နေရာမှန်းမသိသော အရပ်အလယ်တွင် ထိုးရပ်နေပြန်တော့ လေသည်။ ရှေ့က ဘူတာသည် မီးလောင်နေပြီး သုစန္ဒီက ပြတင်းပေါက်အပြင်ဘက် ခေါင်းပြူကြည့်လိုက်သောအခါ ကောင်းကင်တွင် မီးခိုးလုံးများ ထိုးတက်နေသည်ကို ထိတ်လန့်တုန်လှုပ်စွာ တွေ့လိုက်ရသည်။ မြောက်ဘက်သို့ ဦးတည်လာသော ရထားသည် အတိုက်ခံရပြီး နောက်တစ်စီးသည် တောင်ဘက်ကလာသော ရထားဖြစ်မည်ဆိုလျှင်ဟု တွေးလိုက်မိပြီး သူမတို့တွဲပေါ်တွင် ထွန်းထားသော မီးရောင်များသည် ချုံခိုချောင်းမြောင်း တိုက်ခိုက်မည့်သူများအတွက် အလွန်လွယ်ကူ သော ပစ်မှတ်များဖြစ်နေရာ သူမ အလွန်ကြောက်ရွံ့စိုးရိမ်နေမိတော့သည်။

နောက်နှစ်နာရီခန့်အကြာလောက်တွင် ရထားသည် စတင်ထွက်ခွာ ပြန်လေသည်။ သူတို့ရထားသည် မီးလောင်နေသောဘူတာနှင့် ပျက်စီးနေသော မြောက်ဘက်သို့ ဦးတည်ထားသော ရထားတွဲများကို တဖြည်းဖြည်း ဖြတ်လာခဲ့သည်။ ရထားပေါ်တွင် ခရီးသည်အချို့ထံတွင် ပါလာသော အရေးပေါ်ဆေးသေတ္တာလေး များဖြင့် ထိခိုက်ဒဏ်ရာရသူများကို သွားရောက်ပြုစုပေးနေကြသည်။

အချို့သည် ထိတ်လန့်ဖွယ်မြင်ကွင်းနှင့် သွေးသံရဲရဲတို့နှင့်ဝေးရာ မြောက်ဘက်သို့သွားမည့် နောက်ရထားတစ်စီးကို ပြန်စောင့်နေကြသည်။ ရထားက မရပ်သည့်အတွက် သုစန္ဒီက သူတို့ကိုကူညီဖို့မစွမ်းသာ။ သို့သော် ရထားသည်

www.nyisay.com



တောင်ဘက်သို့ အရှိန်မြှင့်၍ အပြင်းအထန် ခုတ်မောင်းနေတော့၏။

အရုဏ်လင်းလာသောအခါ ပြည်တွင်းစစ်၏ အနိဋ္ဌာရုံမြင်ကွင်းသည် နောက်မှာ ကျန်ရစ်ခဲ့လေပြီ။ နေ့အရောင်သည် ရထားတွဲအတွင်း လင်းနေသည်။ သုစန္ဒီနှင့် ပစောတို့သည် ဘေးဘီဝဲယာကို လှည့်ကြည့်လိုက်မိကြပြီးနောက် စိတ်အေးသွားကာ ယုံကြည်မှုအသစ်များ ပြန်ရလာတော့သည်။ ကလေးတွေနှင့် နောက်ကလေးထိန်းနာနီတောင်းတို့သည် ကြောက်စရာ အဖြစ်အပျက်နေရာ တစ်လျှောက်လုံးတွင် အိပ်မောကျနေခဲ့ကြလေသည်။ သူတို့၏ ပထမဆုံးသော သီပေါမှ ရန်ကုန်သို့ ရထားစီးခရီးကို စိတ်လှုပ်ရှားစွာဖြင့် အိပ်ရာမှနိုးထလာကြတော့သည်။

✦ ✦ ✦

"ဘာလို့ ပါပါက သမီးတို့ကို ဒီမှာလာမကြိုတာလဲဟင်"

ရန်ကုန်ဘူတာကြီးတွင် မိတ်ဆွေအပေါင်းအသင်းများက လာရောက်ကြိုဆိုကြသောအခါ ကိန္နရီက သုစန္ဒီကို မေးလိုက်သည်။ သုစန္ဒီသည် သူမ၏ သမီးလေးဆီကို ခါးကုန်းလိုက်ပြီး တည်ငြိမ်စွာဖြင့် –

"ပါပါက နောက်ထပ်ခရီးတစ်ခု ထပ်ထွက်သွားရလို့လေ။ ဒါပေမဲ့ ပါပါပြန်လာရင် မေမေတို့အိမ်အသစ်မှာ တွေ့ကြမှာလေ"

အိမ်သည် အေဒီလမ်းအတွင်းရှိနေပြီး မြို့ထဲနှင့် မိုင်အနည်းငယ်ဝေးကွာလေသည်။ အင်းလျားကန်နှင့်တော့ မဝေးလှဘဲ နိုင်ငံခြားသားများအတွက် အလွန်ရေပန်းစားသော နေရာဖြစ်သည်။ အမေရိကန်သံရုံးနှင့် နီးနီးလေးမှာ တည်ရှိသည်။ သုစန္ဒီနှင့် စဝ်တို့၏ တစ်ထပ်တိုက်လေးတွင် ဖိမ်ခံပစ္စည်းများ လစ်ဟာ၍နေသည်။ သို့သော် စဝ်ပြန်လာသည်အထိ ရိုးရိုးလေး နေထိုင်ဖို့အတွက် လုံလောက်နေပါပြီ။

ထိုနေ့ညနေတွင်ပင် သီပေါမှလိုက်လာကြသော အိမ်တော်ဝန်ထမ်းတွေနှင့် လိုအပ်သောပစ္စည်းများတင်ဆောင်လာသည့် ကားရောက်လာသည်။ စဝ်၏အတွင်းရေးမှူးလှတင်နှင့် ဒရိုင်ဘာကို ရန်ကုန်အိမ်တွင် စဝ် သွားစဉ်ကတည်းက ချန်ထားရစ်ခဲ့သည်။ သူတို့က အိမ်နှင့် ပန်းဥယျာဉ်ကို အကောင်းဆုံးပြင်ဆင်ထားခဲ့ကြသည်။ လှတင်က သုစန္ဒီတို့အတွက် စိတ်အားထက်သန်စွာ လုပ်ကိုင်ပေးနေသောကြောင့် သူမက သူ့ကိုအလွန်ကျေးဇူးတင်မိပြီး ရန်ကုန်မှာ

www.nyisay.com



ဘယ်လို ဆက်နေထိုင်မလဲဆိုသည့် လျှို့ဝှက်ချက်ကို သူက သူမကို အထောက် အကူ ပေးမည်ထင်လေသည်။ လုတင်အတွက် ရန်ကုန်တွင်နေရုံမှတစ်ပါး ရွေးစရာလမ်းမရှိချေ။ သူသည် သီပေါသို့ပြန်သွားခဲ့လျှင်လည်း စစ်ထဲတွင် အလုပ်လုပ်ခဲ့ဖူးသူအဖြစ် ဗမာစစ်တပ်က ဖမ်းဆီးမည်ဖြစ်သည်။

သူမ၏ ပတ်ဝန်းကျင်သစ်ကို သူမသဘောကျ ပျော်ရွှင်နေမိလေသည်။ သူမ သည်လိုမထင်မရှားနေရတာကို ပိုကြိုက်သည်။ သူမအဖို့ တစ်နှစ်ပတ်လုံး သည်လို အေးအေးဖိမ်ရှိရှိ မနေခဲ့ရသေးချေ။ သူမသည် သည်လိုလူတစ်ယောက် အနေဖြင့် လွတ်လွတ်လပ်လပ်နေရဖို့ မျှော်လင့်မိသည်။ သူမကို သီပေါဟော်နန်းတွင် တရားဝင်မဟုတ်သော်လည်း ထိုသဘောသက်ရောက်သော အကျယ်ချုပ်ဖြင့် နေထိုင်ခဲ့ရတာတွေ ပြီးဆုံးသွားပြီဟုလည်း ထင်မိလေသည်။ ဗမာစစ်သားတွေက ဟော်နန်းကိုသိမ်းပိုက်ခဲ့သဖြင့် သည်းခံနေခဲ့ရသည်။ သို့ရာတွင် နောက်တစ်နေ့မှာတော့ သူမစိတ်တွေ အတွေးတွေ ပြောင်းရပေတော့သည်။

မနက်စောစောတွင် ပစောသည် သူမ၏ အိပ်ခန်းတံခါးကိုခေါက်ပြီး နိုးသည်။ ဂျစ်ကားဖြင့် ဧည့်သည်နှစ်ယောက်ရောက်နေသည်ဟု သတင်းပို့သည်။ မြန်မာလုံချည်အင်္ကျီဝတ်ထားသော သူမ မသိသည့် လူနှစ်ယောက် ဆင်ဝင်တွင် ရပ်နေကြသည်။

''ရှင်တို့ ဘာလိုချင်လို့လဲ''

သုစန္ဒီက သံသယဖြင့် ကြည့်လိုက်ပြီး မြန်မာလိုပင် ပြောလိုက်သည်။

''ကျွန်တော်တို့ ရှမ်းပြည်ကလာကြတာပါ။ တော်လှန်ရေးကောင်စီ အဖွဲ့ဌာနချုပ်က ဆွေးနွေးဖို့ ရန်ကုန်ကို လွှတ်လိုက်တာပါ''

သူတို့နှစ်ယောက်ထဲက အရပ်ရှည်ရှည်လူ ဖြေသည်။

''ပထမဆုံးအနေနဲ့ ကျွန်မ ရှင်တို့ရဲ့မှတ်ပုံတင်ကို ကြည့်ချင်တယ်''

သုစန္ဒီက အနိုင်အမာ ပြောလိုက်သည်။

''ဒုတိယ ကျွန်မ ရန်ကုန်ကို အလည်လာတာမဟုတ်ဘူး။ အပြီးနေဖို့ လာခဲ့တာ''

''ဒါကတော့ မဟာဒေဝီအပေါ် မူတည်ပါတယ်။ မဟာဒေဝီအတွက် ကျွန်တော်တို့ရဲ့ သတ်မှတ်ထားတဲ့ တင်းကျပ်တဲ့ စည်းကမ်းတွေကို လိုက်နာရင်ပေါ့''

ထိုလူက ပြန်ဖြေရင်းက သူတို့၏ မှတ်ပုံတင်များကို ထုတ်ပေးသည်။ သူမသည် သူတို့ပေးသော မှတ်ပုံတင်ကို သေချာစွာ ကြည့်လိုက်သည်။ သေချာ

www.nyisay.com



သွားသည်။ သူတို့သည် ဗမာစစ်တပ် အဖွဲ့ဝင်တွေဖြစ်သည်။ သူမအဖို့ သူတို့ကို အိမ်အတွင်း ဖိတ်ခေါ်ဖို့ အကြောင်းမရှိချေ။ သုစန္ဒီသည် သူတို့ မှတ်ပုံတင်များကို ပြန်ပေးလိုက်ပြီး လက်ပိုက်ကာ အေးစက်စက်အသံဖြင့် –

"ကျွန်မကို ဘာပြောချင်လဲ။ ကျွန်မ နားထောင်ဖို့အဆင်သင့်ပဲ။ ဒါပေမဲ့ သိထားစေချင်တာကတော့ ကျွန်မ အလုပ်သိပ်ရှုပ်နေပါတယ်"

ဗမာစစ်သား တပ်ကြပ်ဖေဝင်းသည် မကျေမနပ်ဖြင့် စိတ်ဆိုးမာန်ဆိုး နားထောင်နေပြီး သူကလည်း လေသံအေးအေးစက်စက်ဖြင့် တူညီစွာ တုံ့ပြန်သည်။

"ခင်ဗျား အခု ရန်ကုန်မှာ အစမ်းနေခွင့်ရမယ်။ ကျွန်တော်တို့ ချမှတ်ထားတဲ့စည်းကမ်းတွေကို မလိုက်နာဘူးဆိုရင် သီပေါကို ပြန်ပို့ခံရမယ်"

လူတွေအများကြီးရှိတဲ့ မြို့ကြီးမှာ သူမက မျှော်လင့်ချက်တွေ ပျောက်ဆုံးနေရသည်ဟု သူမ တွေးလိုက်မိသည်။ သူမက ပြန်ပြောလိုက်သည်။

"ရှင်တို့ စည်းကမ်းတွေက ဘာလဲ။ တပ်ကြပ်ကြီး"

"ခင်ဗျား၊ ဘယ်နိုင်ငံခြားသားနဲ့မှ မဆက်သွယ်ရဘူး။ လူစုလူဝေးတွေနဲ့ ကင်းကင်း ခပ်ဝေးဝေးမှာနေရမယ်။ ပြီးတော့ အားလုံးထဲမှ အရေးကြီးဆုံးက ခင်ဗျား ဘာပြဿနာမှ မလုပ်ရဘူး။ ကျွန်တော်တို့က ခင်ဗျားကို အနီးကပ် စောင့်ကြည့်နေကြတယ်"

သူသည် ဒရိုင်ဘာဘေး စက်နှိုးထားသော ဂျစ်ကားပေါ်သို့ ခပ်မြန်မြန်ပဲ ပြန်လှည့်တက်သွားလိုက်သည်။

သုစန္ဒီသည် ခေါင်းကို သွင်သွင်ခါရမ်းရင်း အိပ်ခန်းအတွင်း ပြန်ဝင်လိုက်သည်။ သူတို့ ဗမာစစ်သားသူတွေ ရန်ကုန်ကို သည်လို မြန်မြန်လိုက်လာနိုင်မှာ မဟုတ်ဘူးဟု ထင်ထားသော မျှော်လင့်ချက်ကား ပျက်လေပြီ။ တစ်နည်းအားဖြင့် ပြောရလျှင် သူတို့ပြောသောစကားအရ သူမသည် အိမ်မှထွက်တာနှင့် စာအဆက်အသွယ် အကြောင်းတွေ မပါချေ။ သူတို့က သိပ်ကြီး ပြင်းပြင်းထန်ထန် အရေးတကြီးဖြစ်ဟန် မရှိချေ။

သုစန္ဒီကို သစ္စာရှိသော ရှမ်းအလုပ်သမား ၅ ယောက်နှင့် ရန်ကုန်က မာလီကုလားတစ်ယောက်တို့က ဝန်းရံထားသည်။ သို့သော် သူမအတွက် လွန်ခဲ့သော ၁၁ လက သီပေါတွင်နေရသည်ထက် ဒီပုန်းနေရသော နေရာလေးက ပိုမိုလုံခြုံစိတ်ချရသည်ဟု အောက်မေ့မိလေသည်။ သူမတို့အိမ်သည် အိမ်နီးနားချင်းက လူတိုင်းနှင့် အတူတူလိုရှိသည်။ သူမသည် မာစီဒီးတစ်စီးနှင့်

www.nyisay.com



တစ်ယောက်တည်း မဟုတ်ချေ။ သူမနှင့် ကလေးများသည် မြို့ထဲကလမ်းတွေ၊ ဈေးတွေမှာ လူတွေနှင့်အတူ ရောနှောသွားလာနေနိုင်လေသည်။ လူတွေက အရပ်ထောင်ထောင်မောင်းမောင်း လူဖြူအမျိုးသမီးတစ်ယောက် မြန်မာအင်္ကျီ၊ လုံချည်ဝတ်ထားပြီး မြန်မာ့ရိုးရာဟန်ဆံထုံးနှင့် လျှောက်သွားနေတာကို လှည့်ကြည့်မိကြသော်လည်း သူမသည် မဟာဒေဝီတစ်ပါး ဖြစ်သည်ကိုတော့ မသိကြချေ။ သူမသည် အိမ်အတွက် လောလောဆယ် လိုအပ်သောပစ္စည်းများကို ဝယ်သည်။ အချိန်တိုင်း သူတို့ အိမ်မှထွက်လာကြပြီး အေဒီလမ်းမှ ချိုးထွက်လိုက်လျှင် လှတင်နှင့် ဒရိုင်ဘာက သူတို့ကားနောက်က လိုက်လာသော ဟိုတစ်နေ့က ဂျစ်ကားကို လက်ညှိုးထိုးပြသည်။ သူမကို အနီးကပ် စောင့်ကြည့်နေကြပြီဆိုတာ သံသယဖြစ်နေစရာ မလိုတော့ချေ။

ဝယ်လာသောအထုပ်တွေကို မဖြေရသေးမီတွင် ဧည့်သည်အုပ်သည် ရောက်လာကြပြန်လေသည်။ အများစုမှာ ရှမ်းဆွေမျိုးများ၊ ကျောင်းသားများ၊ မြန်မာအပေါင်းအသင်း သူငယ်ချင်းများသည် သုစန္ဒီနှင့် ဆက်ဆံကြရတာကို မကြောက်ကြချေ။ လူငယ်တစ်ယောက်က လမ်းပေါ်မှာတောင် အဆင်ပြေသလို အသေအချာ လိုက်မှတ်နေသေးလေသည်။ ဘယ်အချိန်မှာ ဘယ်သူလာသည် တစ်ခါလာလျှင် အချိန် ဘယ်လောက်ကြာသည်မှအစ အတိအကျမှတ်သည်။ တစ်ခါတစ်ရံတွင် သူသည် နောက်ဘေးတံခါးထိလိုက်ပြီး အခိုင်းစေများကို လာသော ထူးခြားသည့် ဧည့်သည်၏အမည်ကို မည်သို့စာလုံးပေါင်းရသလဲအထိ မေးတတ်သေးသည်။

တစ်ညနေခင်းတွင် ထမင်းချက်မေတ္တာသည် အဆက်မပြတ်လာနေကြသော ဧည့်သည်များကို သံပရာရည်ဂါလံနှင့်ချိုပြီး တိုက်ကျွေးနေရသောကြောင့် မောပန်းနေလျက် သုစန္ဒီထံ သတင်းပို့လေသည်။ မျက်နှာဖြူဖျော့ဖျော့နှင့် လူနှစ်ယောက် တံခါးပေါက်တွင် ရပ်စောင့်နေသည်ဟု ပြောသည်။ သူက ရောက်လာသူနှစ်ယောက် ဘာကို အလိုရှိသည်ကို နားမလည်ပေ။ (လူအများသည် သူမထံ ဖြူဖျော့သော မျက်နှာပေးဖြင့် မလာကြချေ။ သူတို့က သူမအပေါ် အရင်ကတည်းက စာနာထောက်ထား ကြင်နာကြသည်)

"ကောင်းပြီ ငါသွားကြည့်လိုက်မယ်။ ကူညီနိုင်မယ် ထင်တယ်"

သုစန္ဒီ ပြောလိုက်သည်။ သူမ ရန်ကုန်ရောက်တာ ၃ ရက်သာရှိသေးပြီး သူမကို လာရှာကြသော နိုင်ငံခြားသားများရောက်လာကြဖို့ မျှော်လင့်မထားပါချေ။

www.nyisay.com



သူမ မှားသွားလေသည်။

တက္ကစီကားပေါ်မှ ဆင်းလာကြပြီး တံခါးလေ့ကားသို့ရောက်လာကြသော သူနှစ်ယောက်မှာ မြန်မာပြည်ရောက်လာသော ဩစတြီးယားဆိုင်ရာ မြန်မာပြည်သံအမတ်နှင့် မစ္စကော့ပ်တို့ ဖြစ်နေသည်။ သုစန္ဒီသည် ကရာချိသံရုံးတွင် သူရှိနေစဉ်က စာချင်း အဆက်အသွယ်လုပ်ခဲ့ဖူးသည်။ ယခု မြန်မာနိုင်ငံသို့ ယုံကြည်လွှဲအပ်ချင်းခံရလေသည်။

"ကျွန်မကို ဘယ်လို ရှာတွေ့တာလဲ"

သုစန္ဒီ စိတ်လှုပ်ရှားစွာဖြင့် မေးလိုက်ရင်းက အံ့အားသင့် မင်တက်မိနေလေသည်။ သူမက ဧည့်သည်များကိုကြိုဆိုပြီး ဧည့်ခန်းအတွင်း ခေါ်လာခဲ့သည်။

"ကျွန်တော်တို့မှာ သတင်းပေးတွေရှိပါတယ်"

သူ ပြန်ဖြေသည်။

"ပြီးတော့ လေဆိပ်ကနေ ကျွန်တော်တို့ တန်းလာကြတာ"

"ရှင်တို့ကို ဒီမှာတွေ့ရလိမ့်မယ်လို့ မထင်မိဘူး"

"မဟာဒေဝီကို အမိကထားပြီး ရန်ကုန်လာရတာ။ ကျွန်တော်တို့အားလုံး မဟာဒေဝီကို အလွန်ကို စိုးရိမ်နေခဲ့ကြတယ်"

"ရှင်တို့နဲ့ တွေ့ရတာ သိပ်ဝမ်းသာတာပဲ"

သုစန္ဒီ ပြောလိုက်သည်။

"ကျွန်မမှာ မေးစရာမေးခွန်းတွေ အများကြီးပဲ"

"ကျွန်တော် သိပ်သိတာပေါ့"

သံအမတ်က ပြန်တုံ့ပြန်သည်။ သူတို့သည် စကားတွေအများကြီး ဂျာမန်လို ပြောကြသည်။ သံအမတ်က အရာရာကို ကြားသိချင်နေသည်။ သုစန္ဒီနှင့် စစ်အကြောင်း ပြီးတော့သီပေါအကြောင်း။ သူသည် အသေအချာ စူးစူးစိုက်စိုက် နားထောင်သည်။ သုစန္ဒီသည် သည်အစမ်းသပ်ခံရသောပွဲကြီးကို ရုပ်ရောစိတ်ပါ ကောင်းမွန်စွာ ဖြတ်သန်းလာနိုင်ခဲ့သည့်အတွက် အလွန်စိတ်သက်သာရာရပြီး ခံစားရလေသည်။ သုစန္ဒီ၏အကြောင်းကို နာရီပေါင်းများစွာ နားထောင်ပြီးသောအခါ သံအမတ်က လန့်သွားအောင် ပြောလိုက်သည်။

"ကျွန်တော် တိုက်တွန်းချင်တာကတော့ မဟာဒေဝီနဲ့ သမီးနှစ်ယောက် ဩစတြီးယားကို အခုချက်ချင်းပဲ ထွက်ခွာသွားစေချင်ပါတယ် ဟုတ်တယ်"

"ကျွန်မ မလုပ်နိုင်ဘူး။ ကျွန်မယောကျ်ားလွတ်မြောက်ဖို့ ကျွန်မ

ကြိုးစားရဦးမယ်''

သူမက စိတ်အားထက်သန်စွာ ပြန်ပြောလိုက်သည်။ သူ ပြန်မပြောခင်မှာ သူနှင့် မစ္စကော့ပ်တို့ အကြည့်ချင်း ဖလှယ်လိုက်ကြသည်။

''ကျွန်တော် အသေအချာ ပြောချင်တာက မဟာဒေဝီရဲ့ယောက်ျားက ဗမာစစ်တပ်လက်ထဲမှာ မရှိဘူး''

''အဲဒါ သိပ်ရယ်စရာကောင်းတာပဲ''

သူစန္ဒီ ဒေါနှင့်မောနှင့် ပြောလိုက်သည်။

''ရှင်တို့က ဒီတော်လှန်ရေးကောင်စီ ဗမာစစ်တပ်ရဲ့ အကြီးအကျယ် လိမ်ညာတာကို တကယ်ထင်နေကြတာကိုး။ သူက တောင်ကြီးမှာ အဖမ်းခံရတယ်။ ပြီးတော့ ကျွန်မ အဖြူအမည်းကွဲအောင် သက်သေပြမယ်''

သံအမတ်တို့ ခေတ္တငြိမ်သက်သွားကြသည်။ နောက်ဆုံးမတော့ သူသည် လှုပ်လီလှုပ်လဲ့ အမူအရာဖြင့် –

''ဘာပဲဖြစ်ဖြစ် ကျွန်တော်မသိဘူး။ ဒါပေမဲ့ မဟာဒေဝီ့စော်ဘွားကြီးကို ဗမာစစ်တပ်က တစ်ခါမှ ထိန်းသိမ်းထားတာမဟုတ်ဘူး''

သူစန္ဒီက ချက်ချင်းပင် အဖြစ်မှန်က သည်လိုမဟုတ်ဘူးဆိုတာကို ကြိုးစားပြောပြ နားလည်သဘောပေါက်စေသည်။ သူသည် ကိစ္စအခြေအနေကို စဉ်းစားတာတွေ အဓိပ္ပာယ်ကောက်ချက်ဆွဲတာတွေကို သူမက ငြင်းရသည်။ ထိုအစား သူမသည် စဝ်အသက်ရှင်နေသေးသည်။ ကောင်းစွာ ကျန်းမာနေသေးသည် ဗမာစစ်တပ်လက်ထဲမှာ ရှိနေသေးကြောင်းကို နည်းလမ်းပေါင်းစုံဖြင့် သဘောပေါက်အောင် ရှင်းပြသည်။

နောက်ဆုံးတွင် သံအမတ်နှင့် မစ္စကော့ပ်တို့သည် နောက်တစ်ခေါက် ပြန်လာကြပါဦးမည်ပြောပြီး စထရင်းဟိုတယ်သို့ ပြန်သွားကြလေသည်။ သူတို့ တည်းသော ဟိုတယ်အခန်းသည် သူမနှင့် ကလေးတွေအတွက် ပိုမိုလုံခြုံစိတ်ချရသဖြင့် အခန်းတစ်ခန်းယူထားသင့်ကြောင်း သူတို့က အသေအချာ ပြောပြန်လေသည်။ သူတို့တွေပြန်သွားကြပြီး မကြာမီတွင် လမ်းမပေါ်က စောင့်ကြည့်နေကြသောသူတို့ တံခါးဝတွင် ပေါ်လာကြပြန်လေသည်။

''နာရီအတော်ကြာအောင် နေသွားကြတဲ့ နိုင်ငံခြားသားနှစ်ယောက်က ဘယ်သူတွေလဲ''

သူ တောင်းဆိုလိုက်သည်။

www.nyisay.com



''သိပ်ရတာပေါ့၊ သူတို့က မြင့်မြတ်တဲ့ ဩစတြီးယားနိုင်ငံဆိုင်ရာ သံအမတ်ကြီးပဲ။ သူတို့နိုင်ငံသားကို စစ်ဆေးကြည့်ဦးမလား။ သူတို့ကကော ဗမာစစ်တပ်ရဲ့ အကျဉ်းသားဖြစ်ရဦးမှာလား''

တံခါးကို ဝုန်းခနဲ ဆွဲမပိတ်ခင်တွင် သုစန္ဒီက အော်ပြောလိုက်သည်။ ထိုည အိပ်မပျော်ဘဲ ခုတင်ပေါ်တွင်လှဲနေရင်းက သုစန္ဒီ အသေအချာ ပြန်စဉ်းစား နေမိရာ ဘာလို့ သံအမတ်က စဝ် သတင်းမှားကြီးကို ရနေတာလဲ။ သုစန္ဒီသည် မကြာသေးခင်ကပင် သတင်းပေးနှစ်ယောက်ထံမှ သတင်းရထားသည်မှာ စဝ်ကို အင်းစိန်နားက ရွာတစ်ရွာမှာနှင့် မင်္ဂလာဒုံနားက ရွာတစ်ရွာမှာ တွေ့ခဲ့သည်ဟု အခိုင်အမာဆိုလေသည်။ သို့ဖြစ်သော်လည်း မည်သူ တစ်ဦးတစ်ယောက်ကမျှ အတိအကျ မြင်လိုက်ရတာမျိုးတော့ သက်သေမပြနိုင်ပါချေ။ စဝ် အသက်ရှင်လျက် ရှိနေသေးသည်ဆိုသော သူမ၏ စွဲမြဲနေသောမျှော်လင့်ချက်သည် ပြိုကျပျက်စီးစ ပြုလေပြီ။ သူမအပေါ် သံသယများနှင့် ကြောက်လန့်မှုများက ညှဉ်းပန်းနှိပ်စက် နေတော့သည်။

မနက်ဖြန်ကျလျှင် သူမသည် ဗမာစစ်တပ်နှင့် အဆက်အသွယ်ရရန် ရန်ကုန်ရှိ နိုင်ငံတော်အုပ်ချုပ်ရေး အကြီးအကဲများထံ သွားရောက်တွေ့ဆုံမည်ဟု ဆုံးဖြတ်ထားလိုက်သည်။

✦ ✦ ✦

သူမ အိမ်မှထွက်မည်အလုပ်တွင် ကမ္ဘာ့ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ် ဦးသန့်၏ညီ သူမ၏ယုံကြည်ရသော မိတ်ဆွေဖြစ်သည့် ဦးခန့်သည် ဂျစ်ကားဖြင့် ရောက်လာလေသည်။ သူနှင့်အတူ ရဲဘော်သုံးကျိပ်ဝင် ဗိုလ်စကြာလည်း အတူပါလာသည်။

သူသည် တပ်မှ နှစ်ပေါင်းအတော်ကြာက ထွက်လိုက်ပြီး အောင်မြင်သော စီးပွားရေးသမား ဖြစ်နေလေသည်။

သုစန္ဒီသည် အခုလို ပြန်တွေ့ရတာကို တကယ်ပင် ရင်လှိုက်ဝမ်းသာ ဖြစ်မိလေသည်။ သူနှင့် သူ့ဇနီးရုပ်ရှင်မင်းသမီး ဝင်းမင်းသန်းတို့ကို လွန်ခဲ့သော နှစ်စောစောပိုင်းတွေက သီပေါကဟော်နန်းတွင် ညှော်သည်အဖြစ် ကြိုဆိုခဲ့ဖူး လေသည်။ ဗိုလ်စကြာက ပန်းစည်းကြီးကို သုစန္ဒီအားပေးသောအခါ သူမ

www.nyisay.com



လက်ခံယူလိုက်ရင်း အံ့ဩသွားရသည်။ မြန်မာယောက်ျားတစ်ယောက်အဖို့ လုံးလုံးကြီးဆန့်ကျင်နေသော အပြုအမူဖြစ်နေသည်။

"အလည်ခရီးက အဆင်ပြေတယ်မဟုတ်လား"

သူမက ပြုံးပြီးပြောလိုက်သည်။

"ကျွန်မ ရှင်နဲ့ စကားပြောဖို့ အချိန်များများရချင်ပါတယ်"

"အပြင်ထွက်တော့မလို့လား"

သူမက သူတို့ကို အိမ်ထဲဖိတ်ဖို့ တွန့်ဆုတ်ဆုတ်လုပ်နေစဉ် ဦးခန့်က မေးလိုက်သည်။

"အဓိက အကြောင်းကတော့ ကျွန်မအခုပဲ မိုလ်ချုပ်နေဝင်းကို သွားတွေ့မလို့ပါ"

သူမက နေ့စဉ်လုပ်နေသလို ပြောလိုက်သည်။

"ဘာအတွက်လဲ"

မိုလ်စကြာက မေးလိုက်သည်။ သူ့အသံကြောင့် သူသည် စိတ်ထဲ အတော် မကျေမနပ်ဖြစ်သွားကြောင်းကို သံသယရှိနေစရာပင် မလိုချေ။

"ဘာလို့လဲဆိုတော့ ဒီတိုင်းပြည်ရဲ့ အကြီးအကဲတစ်ယောက်ရဲ့လက်ထဲမှာ ကျွန်မစော်ဘွားရဲ့ကံကြမ္မာက ရှိနေလို့ပါပဲ။ ကျွန်မ သွားတွေ့မှကိုဖြစ်မှာမို့ပါ"

"ခဏနေပါဦး။ မဟာဒေဝီ မသွားခင် ကျွန်တော်ပြောတာ နားထောင်ပါဦး"

မိုလ်စကြာ ပြောလိုက်သည်။

"ကျွန်တော်သိတယ်၊ မိုလ်နေဝင်းက သိပ်ကောင်းပါတယ်။ ကျွန်တော့်ကို ယုံပါ သူ့ကို ထိပ်တိုက်မရင်ဆိုင်ပါနဲ့"

သူ့စကားတွေကို ကြားရဲ့လားဟူသော သဘောဖြင့် သူက ခဏရပ်လိုက်သည်။

"အခုအခြေအနေ ဘာကိုမှ အသေအချာပြောလို့မရဘူးလေ။ ကြိုပြောလို့လည်းမရဘူး။ မဟာဒေဝီ တောင်းဆိုတာကို သူက သဘောကောင်းကောင်းနဲ့ ပြန်တုံ့ပြန်ပါ့မလားလို့ ကျွန်တော် စိုးရိမ်နေတယ်။ မိုလ်နေဝင်း စိတ်ဆိုးလာရင် ဘာမဆို ဖြစ်လာနိုင်တာပဲ"

"ကျွန်မအတွက် ဘယ်သူက ဘာလုပ်ပေးနိုင်လဲ"

သုစန္ဒီက မိုလ်စကြာကို စိန်ခေါ်မေးလိုက်သည်။

www.nyisay.com



''ကြောက်စရာကောင်းတဲ့ ကိစ္စတွေက အများကြီးပဲ မဟာဒေဝီ''

''ကျွန်မ ဘယ်သူ့ကိုမှ မကြောက်တော့ဘူး''

သူမသည် စက်ဆုပ်ရွံရှာစွာဖြင့် ပြောလိုက်တော့သည်။

''တကယ်လို့ မဟာဒေဝီကို ဒီတိုင်းပြည်ကနေ နှင်ထုတ်ခံရရင် ကလေးတွေကို ဘယ်သူကကြည့်မလဲ''

မိုလ်စကြာသည် သူ၏ စကားပြောအတတ်ပညာဖြင့် မေးလိုက်သောမေးခွန်းကို သုစန္ဒီ ပြန်ဖြေတာထိ မစောင့်ဘဲ ဆက်သည်။

''နောက်ပြီး မဟာဒေဝီ တစ်ခုခုမတော်တဆဖြစ်ခဲ့ရင် ကလေးတွေ ဘယ်လိုလုပ်မလဲ။ အဲဒါတွေက လွယ်လွယ်လုပ်လို့ရမလား။ မဟာဒေဝီ နားလည်ပါတယ်''

သူ တစ်ခါထပ်ရပ်လိုက်ပြန်သည်။

''ပြီးတော့ ကလေးတွေ သူတို့ဘာသာခံကြရမယ်''

မိုလ်စကြာက သူ့အတွေ့အကြုံအရ မိုလ်နေဝင်း စိတ်ဆိုးဒေါသဖြစ်လာရင် ဘာမဆို ဖြစ်လာနိုင်ကြောင်းကို သံသယဖြစ်နေစရာမလိုတော့ချေ။ အရာရာကို ကြိုမြင်နေလေသည်။ သုစန္ဒီကြားရတာ လုံလောက်သွားပေပြီ။

ပြီးခဲ့သောလက ရန်ကုန်တွင်ဖြစ်ခဲ့သော ထိတ်လန့်မယုံနိုင်ဖွယ် အကြောင်းတွေက သက်သေပြနေနခဲ့လေသည်။ သူမသည် ခေါင်းကိုခါရမ်းနေရင်းက မိုလ်စကြာကို ကြည့်လိုက်သည်။ သူမ၏မေးကို လက်သီးဆုပ်ဖြင့် ထောက်ထားလိုက်ပြီး ပြောသည်။

''ဘာမှ ထပ်မပြောပါနဲ့တော့။ ကျေးဇူးပြုပြီး ကျွန်မ မိုလ်စကြာရဲ့စကားကို နားထောင်ပြီးစောင့်ပါ့မယ်''

''ကောင်းတယ်''

မိုလ်စကြာ ရုတ်တရက် အော်ပြောလိုက်ပြီး သိသိသာသာစိတ်သက်သာရာရသွားသည်။

''ကျွန်တော့်ကို ကတိပေးပါ။ မဟာဒေဝီက ကိုယ့်အတွက်နဲ့ ကလေးတွေအတွက်ပဲ စဉ်းစားပါမယ်လို့''

သူ တောင်းခံလေသည်။

'ဘာကြောင့်လဲ။ ဘယ်ဖြစ်မလဲ၊ ကျွန်မ စဝ်အကြောင်း အရင်ဆုံးစဉ်းစား

www.nyisay.com



ရမယ်။ သူက ကျွန်မတို့ထက် ပိုခံစားနေရတယ်''

ဗိုလ်စကြာသည် အသံကျယ်ကြီးကို ကြားလိုက်ရပြီး ငြိမ်သက်သွားသည်။ သူသည် ထိုင်ခုံပေါ် ရှေ့တိုးထိုင်ချလိုက်သည်။ ပြီးနောက် ညှို့သောစိတ်စွမ်းအင်ဖြင့် သုစန္ဒီကို ကြည့်လိုက်သည်။

''မဟာဒေဝီ သတ္တိရှိတယ်ဆိုတာ ကျွန်တော်သိပါတယ်။ ကျွန်တော် စော်ဘွားကြီးအကြောင်းသိလို့ ဘာလို့ မဟာဒေဝီဆီ လာပြောလဲသိလား''

သုစန္ဒီ မျက်လွှာချလိုက်သည်။ သူမ ကြောက်သည်။ သူ စစ်အကြောင်း နောက်ထပ် ဘာပြောမှာလဲ။ သူမသည် လုံးဝ ငြိမ်သက်တိတ်ဆိတ်သွားပြီးနောက် ဗိုလ်စကြာ ဘာဆက်ပြောမလဲဆိုတာ စောင့်နေသည်။

''ကျွန်တော် ဒီစကားပြောရတာ စိတ်မကောင်းပါဘူး။ စော်ဘွားကြီးက အသက်ဆက်ရှင်မနေတော့ပါဘူး။ သူက ဗထူးမြို့မှာ သူအဖမ်းခံရပြီး အပတ် အတော်ကြာမှ အသတ်ခံလိုက်ရပါတယ်''

သူ ရပ်လိုက်သည်။ သုစန္ဒီထံမှ ပြန်လည်တုံ့ပြန်မှုတစ်ခုခု ပြုလုပ်လိမ့်မည်ဟု သူမျှော်လင့်နေခဲ့သည်။ သို့သော် သူမသည် သူနှင့် ဦးခန့် ရှိနေတာကိုပင် မသိတော့ဘဲ ငေးတွေသွားခဲ့လေသည်။ သူတို့သည် သူမ တည်ငြိမ်စွာပြောလာသည်အထိ ထိုင်ခုံပေါ်တွင် ငြိမ်သက်တိတ်ဆိတ်စွာ အကြာကြီး ထိုင်နေမိကြလေသည်။

''မဖြစ်နိုင်ဘူး။ ဒါရိုးရိုးလေးပြောရရင်ကို မမှန်ဘူး။ သူအသက်ရှင်နေတယ်ဆိုတာ ကျွန်မသိတယ်။ သူ့ကို ပြီးခဲ့တဲ့အပတ်တွေကတောင်မှ ဒီရန်ကုန်မှာ တွေ့လိုက်တဲ့သူ ရှိတယ်''

''ဘယ်သူကပဲပြောပြော အဲဒါလိမ်ပြောတာပဲ''

ဗိုလ်စကြာက အင်တိုက်အားတိုက် ပြောလိုက်သည်။

''ကျွန်တော့်မှာ ယုံကြည်ရတဲ့လူတွေအများကြီး ရှမ်းပြည်မှာရှိပါတယ်။ ဒီသတင်းက သူတို့ထဲက တစ်ယောက်ယူလာတာ။ ကျွန်တော့်ကို ယုံပါ မဟာဒေဝီ။ ဒီသတင်းက လုံးဝ မမှန်ဘူးဆိုရင် ကျွန်တော် မဟာဒေဝီဆီကို မပေးပါဘူး''

သုစန္ဒီသည် ဦးခန့်ဘက် လှည့်လိုက်ပြီး မေးလိုက်သည်။

''ကျွန်မယောက်ျား အသက်ရှင်နေသေးတယ်ဆိုတာ ရှင်ယုံလား''

''စိတ်မကောင်းပါဘူး။ ကျွန်တော် မသိပါဘူး''

www.nyisay.com



ဟုသာ သူပြောလေသည်။

သူတို့သည် အရေးမကြီးသောကိစ္စတွေ ဆက်ပြောနေလျှင်တောင်မှ သုစန္ဒီသည် ထမသွားသေးဘဲ တိတ်ဆိတ်တည်ငြိမ်စွာဖြင့် ဆက်ထိုင်နေသည်။ ပြီးတော့ ပြုံးလိုက်သည်။ သူမခေါင်းသည် ပြတင်းပေါက်အပြင်ဘက် လှည့်ကြည့်လိုက်သည်။ ကတ္တီပါလိုနူးညံ့သော ဇီဇဝါပန်းဖြူဖြူလေးတွေ ခြစည်းရိုးပေါ် ပွင့်အာနေကြတာကို တွေ့လိုက်ရလေသည်။

"မဟာဒေဝီဆီကနေ ကျွန်တော်တို့ ပြန်သင့်ပြီထင်တယ်"

ထိုလူနှစ်ယောက်သည် ထိုင်ရာမှ ဖြည်းညင်းစွာ ထလိုက်ကြသည်။ ပြီးနောက် စိတ်မပါစွာဖြင့် သုစန္ဒီကို ထားရစ်ခဲ့ကြလေသည်။

❖

www.nyisay.com



## အခန်း ၁၈

ဗိုလ်စကြာနှင့် စကားပြောပြီးသောအခါ သုစန္ဒီသည် ဗိုလ်ချုပ်နေဝင်းနှင့် သွားရောက်တွေ့ဆုံဖို့ကို ရက်ရွှေ့လိုက်တော့သည်။ ထိုအစား သူမသည် သူ့ထံ သို့စာရေးသည်။ အဖမ်းခံထားရသော စဝ်၏ဇနီးတစ်ယောက်အနေနှင့် စဝ်ကို ဘယ်မှာ ဖမ်းထားသလဲဆိုတာကို အကူအညီပေးပြီးရှာပေးဖို့၊ တွေ့ခွင့်ရဖို့၊ စာအဆက်အသွယ်ရဖို့များကို မြန်မာလိုပင် သူမလက်ရေးဖြင့်ရေးပြီး ကော်ပီခြောက်ခု ကိုယ်တိုင်ပွားကူးကာ ဌာနပေါင်းစုံသို့ပို့လိုက်သည်။ တစ်လမ်းလမ်းကတော့ စဝ် အဖမ်းခံရသည့်အကြောင်း စာရောက်ရှိသွားမှာ ဖြစ်လေသည်။ ထို့နောက် သူမ စိတ်ရှည်လက်ရှည် စောင့်သည်။ ပြန်ကြားလာမည့်စာကို စောင့်သည်။ သတင်းကိုစောင့်သည်။ တယ်လီဖုန်းဖြင့် ပြောလေမလားဟု စောင့်သည်။ သူမ သည် စဝ်ကိုတွေ့နိုင်သည်။ သို့မဟုတ် စာခြင်းဆက်သွယ်နိုင်သည်။ အနည်းဆုံး စဝ်ထံစာရေးနိုင်သည် စသဖြင့် တစ်ခုခုဖြစ်လာနိုင်သည်။ သို့သော် သူမစောင့်နေ ရတာ အလကားပင်တည်း။

ရန်ကုန်တွင် သီပေါမှာနေတာထက် အချိန်ပို၍ အကုန်မြန်နေလေသည်။ ပြီးတော့ သာမန်ဘဝပိုဆန်သည်။ သုစန္ဒီသည် အိမ်နီးနားချင်းက အဲလ်စဘက်၊ ဒင်းနစ်တို့နှင့် မိတ်ဆွေဖြစ်သွားသည်။ သူတို့ယောက်ျားများသည် ကမ္ဘာ့ကုလသမဂ္ဂ ကျန်းမာရေးအဖွဲ့က ဝန်ထမ်းများဖြစ်ကြသည်။ လမ်းမပေါ်မှာ အမြဲစောင့်ကြည့်နေ သော ဗမာစစ်ထောက်လှမ်းရေးကလူသည် သူမ ဒီလို အိမ်နီးနားချင်းနှင့် စကား

www.nyisay.com



ပြောဆို ကူးလူးဆက်ဆံနေတာကိုတော့ စောင့်ကြည့်မနေပါချေ။ သူသည် အိမ်ကို ကားဖြင့်ရောက်လာကြသော ဧည့်သည်အမည်စာရင်းကိုသာ စာအုပ်ထဲ ရေးမှတ်လေသည်။ အဲလ်စဘက်သည် သုစန္ဒီကို ရင်းရင်းနှီးနှီး ဝမ်းပန်းတသာ ဆက်ဆံသည်။ သူမအပေါ် ရန်ကုန်မလာခင်ကတည်းက သိကျွမ်းခဲ့ဖူးသူ ငယ်သူငယ် ချင်းတွေလိုပင် ပြောဆိုခဲ့လေသည်။ မြောက်ဥရောပနိုင်ငံ စကင်ဒီနေဗီးအင်း သူတွေက သူမကို အခြားနိုင်ငံခြားသူတွေနှင့်လည်း မိတ်ဆက်ပေးသည်။ သူတို့က သူမကို တိကျသော တိုက်တွန်းမှုများဖြင့် တိုင်းပြည်က အမြန်ထွက်ခွာဖို့ အကြံ ပေးကြလေသည်။

သူမ ဖုန်းပြောတာကို အထူးသတိထားပြောရသည်။ ဗမာစစ်သားတွေ ဘယ်လိုများ ရန်ကုန်မှာ ရောက်နေကြပါလိမ့်။ သုစန္ဒီလိုပင် ရှမ်းမိန်းမများ အများအပြား ရန်ကုန်မှာနေထိုင်ကြသည်။ သူမသည် မြန်မာခေါင်းဆောင်များ၏ ဇနီးများနှင့်လည်း တွေ့ဆုံလေသည်။ မေဘယ်လ်သည် အင်္ဂလိပ်သူ မိုးမိတ်စော်ဘွား စဝ်ခွန်ချို၏ မဟာဒေဝီဖြစ်သည်။ သူသည် ရှမ်းပြည်က ခေါင်းဆောင်တစ်ဦး ဖြစ်ပြီး ဗမာနိုင်ငံ၏ နိုင်ငံခြားရေးဝန်ကြီးလည်း ဖြစ်သည်။

မေဘယ်လ်က သူမ၏ကလေးတွေနှင့်အတူ စစ်အဖမ်းမခံရမီ ခပ်စော စောလပိုင်းလောက်ကပင် အင်္ဂလန်သို့ရောက်နေခဲ့လေသည်။ ယခုမူ သူမသည် ရန်ကုန်ရှိ အိမ်ကြီးတစ်အိမ်တွင်နေနေရပြီး အင်္ဂလန်သို့ ပြန်ထွက်ခွင့်မရသေးဘဲ သူမ၏ ဗြိတိသျှပတ်စပို့ကို သံရုံးက သိမ်းထားခြင်းခံရလေသည်။ သူမသည် အလွန်စကားကို လက်လွတ်စပယ်နှင့် ဒေါပွစိတ်ဆိုးပြီး ပြောတတ်လွန်းသောကြောင့် ရှမ်းနှင့် မြန်မာမများသည် သူမကို ခပ်ဝေးဝေးမှရှောင်ကြလေသည်။ သို့သော် သုစန္ဒီကတော့ သူမ၏ဖော်ရွေမှုကို မြင်ရပါသည်။ ထိုအချိန်တွင် လူတိုင်းက သူမကို နိမ်ချနေထိုင်ပြီး လှုပ်လှုပ်ရှားရှားတွေ မလုပ်ဖို့ အကြံတွေပေးကြသော်လည်း သုစန္ဒီတော့မူ အာခံချင်သောစိတ်၊ မကြောက်မရွံ့ စိတ်မျိုးရှိသော အင်္ဂလိပ်မလို ဖြစ်ချင်မိလေသည်။ စစ်ကတော့ တောထဲမှာ အဖမ်းခံနေရတုန်း ရှိလေသည်။

✦ ✦ ✦

ဩစတြီးယားသံအမတ်နှင့် မစ္စကော့ပ်တို့သည် ကရာချီသို့ မပြန်မီ သုစန္ဒီဆီသို့ နောက်ထပ်တစ်ခေါက် ရောက်လာကြပြန်လေသည်။ သံအမတ်

www.nyisay.com



ကော့ပ်၏ ပထမမေးခွန်းမှာ –

"ဩစတြီးယားကိုပြန်ဖို့ ဆုံးဖြတ်ချက်ချပြီးပလား"

"တစ်နေ့တော့ ဖြစ်နိုင်ပါတယ်။ အခုတော့ မဟုတ်ဘူး"

သုစန္ဒီက ဆုံးဖြတ်ထားပုံဖြင့် ပြောလိုက်သည်။

"အထူးသဖြင့် မဟာဒေဝီ ပြောပြထားလို့ ပြန်ဖို့ကိစ္စ တုန့်နှေးနေတာ ကျွန်တော်တို့သိပါတယ်။ ဒါပေမဲ့ အခုအချိန်မှာ မပြန်သေးဘူးဆိုရင်တောင်မှ ကျွန်တော့်အနေနဲ့ မဟာဒေဝီက အစီအစဉ်တွေ စလုပ်ထားစေချင်တယ်"

"ရှင့်မှာ အကြောင်းရှိမယ်လို့ ကျွန်မထင်ပါတယ်။ ဒါပေမဲ့ ကျွန်မ ပထမဆုံး စစ်ကို အကူအညီပေးဖို့ ကြိုးစားရမယ်"

သံအမတ်က ဘာမှ ပြန်မပြောသော်လည်း သူနှင့် သူ့ဇနီးသည် ပူပန်စွာဖြင့် တစ်ယောက်ကိုတစ်ယောက် အကြည့်ချင်း ဖလှယ်လိုက်မိကြသည်။ သုစန္ဒီသည် နောက်လာမည့်အဆင့်များကို အလေးအနက် မစဉ်းစားလိုသေးချေ။ အေးစက်ခဲနေသောရာသီနှင့် ဝန်းကျင်တစ်ခုလုံး ညိုမှောင်နေတတ်သော ဩစတြီးယားကိုပြန်ရမည်ဟု တွေးကြည့်လိုက်မိတာနှင့်ပင် သူမ ကြောက်ရွံ့တုန်လှုပ်သွားမိလေသည်။

သို့သော် စဝ်လွတ်လာလျှင် ဆိတ်ငြိမ်ရာအရပ်ဖြစ်သော သူမ၏အိမ်ဟောင်းဆီသို့ အားအင်သစ်များ ပြန်လည်မွေးဖွားလာစေရန် တစ်ခေါက်လောက်တော့ သွားလိုက်ချင်မိလေသည်။

"မဟာဒေဝီ သိပြီးပလား။ ဗိုလ်ချုပ်ကြီးနေဝင်း ဩစတြီးယားကို လွန်ခဲ့တဲ့ လအနည်းငယ်က သွားတယ်"

သံအမတ်က သုစန္ဒီကို မေးသည်။

"ဟုတ်ကဲ့ ကြားပါတယ်။ ဆေးကုသခံဖို့လို့ ပြောပါတယ်။ မဟုတ်ဘူးလား"

"ပိုတိတိကျကျပြောရရင် သူ ကျွန်တော်တို့ရဲ့အတော်ဆုံး စိတ်အထူးကု ဆရာဝန်ဆီသွားတာပါ"

ကြားလိုက်ရသောအခါ သုစန္ဒီသည် ထိုင်ခုံမှ ထရပ်လိုက်မိသည်။ ပြီးတော့ ရှေ့တိုးလိုက်သည်။

"ကျွန်မကို မပြောဘူး။ သူ ပရော်ဖစ်ဆာဟော့ဖ်ကို သွားတွေ့တာလား"

www.nyisay.com



''ဘာကြောင့်လဲ။ ဟုတ်တယ်။ သူ့ကို မဟာဒေဝီ သိလား''

သံအမတ် ကြည့်ရတာ လန့်သွားဟန်ရှိသည်။

''ဆိုပါတော့။ သိပါတယ်။ ကျွန်မတို့ တစ်နေ့မှာ ဩစထြီးယားကို သွားလည်ကြတယ်။ စဝ်ကလည်း သူ့ကိုကောင်းကောင်းသိပါတယ်။ ဒီအဖြစ်ပျက်တွေ မတိုင်ခင်ကပဲ ပရော်ဖစ်ဆာဟော့ဖ် သီပေါကိုလာလည်ဖို့ စီစဉ်ထားသေးတယ်''

သုစန္ဒီ၏မျက်နှာသည် မျှော်လင့်ချက်များဖြင့် ဝင်းပြီး စိတ်လှုပ်ရှားသွားသည်။ ဗိုလ်ချုပ်ကြီးနေဝင်းကို ချဉ်းကပ်ဖို့ နည်းလမ်းသစ်တစ်ခုကို သူမတွေ့လိုက်သည်။ ပြီးတော့ သံအမတ်က သူမကို စိတ်အားမငယ်စေပါ။

''အခု ဒီအစီအစဉ်ကို ပြောပြပါရစေ။ ပရော်ဖစ်ဆာနဲ့ သူ့လက်ထောက်တို့ ရန်ကုန်ကိုလာကြလိမ့်မယ်။ သူက ဒီမှာ ဗိုလ်ချုပ်ကြီးနေဝင်းကို ဆက်ကုသပေးသွားဖို့ ဖိတ်လိုက်တာပါ''

ဒီသတင်းသည် သုစန္ဒီအတွက် ဝမ်းသာရမလား၊ စိတ်ဆိုးဒေါသထွက်ရမလား မသိတော့ပါချေ။ သူမကိုယ်စား ကြားဝင်ပေးနိုင်သော အလွန်စွမ်းအားကြီးသော အခွင့်အရေးကို သူမမြင်လိုက်သည်။ သို့သော် ရက်စက်သော အာဏာရှင်တစ်ယောက်ကို သူ့လူနာအဖြစ် လက်ခံကုပေးနေသောကြောင့် ပရော်ဖစ်ဆာကို ပြင်းပြင်းထန်ထန် ဆန့်ကျင်ပြီး စိတ်ဆိုးသလို သူမ ခံစားလိုက်ရလေသည်။

''ကျွန်မက ဖရော်ဖစ်ဆာအပေါ် အကြွေးတင်နေတယ်။ သူ့စာရှည်ကြီးကို မပြန်ရသေးဘူး''

သူမက သံအမတ်ကို ပြောလိုက်သည်။

''ဒီတိုင်းပြည်ရဲ့ အပြောင်းအလဲကို သူသိမယ်ထင်တယ်။ ဒါပေမဲ့ ကျွန်မတို့ ဘာဖြစ်တယ်ဆိုတာတော့ သူကြားပါ့မလား မသိဘူး''

''ကျွန်တော် မဟာဒေဝီရဲ့စာကို သံတမန်နည်းလမ်းနဲ့ ယူသွားပေးနိုင်ပါတယ်''

''ကျေးဇူးတင်ပါတယ်။ ကျွန်မ စာကိုယူလာပေးပါ့မယ်''

သုစန္ဒီသည် အင်အားများနှင့် အကောင်းမြင်စိတ်များ တိုးခံစားရလေသည်။ သူ့စိတ်ကုဆရာဝန်ကလွဲလို့ ဘယ်သူကမျှ ဗိုလ်ချုပ်ကြီးနေဝင်းကို ချဉ်းကပ်နိုင်

www.nyisay.com



မလဲ။ ဩစတြီးယား ဗီယမ်နာရှိ စိတ်ရောဂါနှင့် ဦးနှောက်အာရုံကြောဆိုင်ရာ တက္ကသိုလ်ဆေးရုံ၏ ဥက္ကဋ္ဌဖြစ်သည့် ဖရော်ဖစ်ဆာဟန်းဟော့ပ်သည် သူ၏ ကောင်းမွန်သော ဆောင်ရွက်ချက်များဖြင့် သူမအတွက် အကူအညီပေးနိုင်သော ကြောင့် သူမမှာ ယုံကြည်မှု အခိုင်အမာရရှိလေသည်။

ဩစတြီးယားသံအမတ်သည် ကရာချိသို့ မထွက်ခွာသွားသေးမီတွင် ရန်ကုန်တွင်ရှိသော အခြားသံရုံးတစ်ခုမှ သူမနှင့် သူ့ကို သံတမန်နည်းလမ်းမှ စာချင်းဆက်သွယ်လို့ရအောင် စီစဉ်ပေးခဲ့သည်။ သူသည် ဩစတြီးယား နိုင်ငံခြားရေးဝန်ကြီး ဒေါက်တာဘရူနိုကရိုင်စကိုင်းကိုလည်း ဗမာနိုင်ငံခြားရေး ဝန်ကြီး ဦးသီဟန်ထံ အသနားခံစာ တင်ခိုင်းထားသေးလေသည်။ အကြောင်းမှာ သီပေါစော်ဘွားကြီးနှင့် သူ၏မိသားစုကို ဩစတြီးယားနိုင်ငံသို့ ထွက်ခွာခွင့်ပြုရန် တောင်းခံထားလေသည်။

သုစန္ဒီသည် အချိန်ကုန်မခံဘဲ ဖရော်ဖစ်ဆာဟော့ပ်ထံ စာရေးသည်။ စဝ်ကို ဗမာစစ်တပ်က လွန်ခဲ့သောတစ်နှစ်ကတည်းက ဖမ်းဆီးထားကြောင်း၊ သူမသည် စဝ်ကို ထိုအချိန်ကတည်းကပင် မြင်လည်းမမြင်ရ၊ ကြားလည်းမကြား ရတော့ကြောင်း ထည့်ရေးသားလေသည်။ ဖရော်ဖစ်ဆာက သူမနှင့် စဝ်တို့ စာချင်းအဆက်အသွယ်ရအောင် ကူညီပေးဖို့ဖြစ်ကြောင်း၊ ဖြစ်နိုင်မည်ဆိုလျှင် အိတ်ဖွင့်ထားသောစာကိုပင် ဖရောဖစ်ဆာမှတစ်ဆင့် ပို့ပေးဖို့ဖြစ်ကြောင်း ပြော လေသည်။ ရန်ကုန်တွင် သုစန္ဒီသည် တိကျသော စဝ်၏သတင်းများက ရရှိနိုင်ဖို့ အကျိုးရှိနိုင်သော အဆက်အသွယ်အားလုံးကို ရအောင်ရှာသည်။ များပြားလှသော ဗေဒင်ဆရာများ၊ နတ်ကတော်များ၊ အကြားအမြင်ဆရာများ၊ ဗမာစစ်တပ်က စစ်ဗိုလ်များ၏ ဆွေမျိုးများနှင့် သံသယဖြစ်ဖွယ်သတင်းများက သီပေါက ဗမာစစ်သားတွေလိုပင် သုစန္ဒီ၏တံခါးကို အလွန်အကျူး လာခေါက်ကြပြန်လေ သည်။

စဝ် ဘယ်မှာရှိနေသည်၊ နေကောင်းသည်ဟူသော သတင်းမျိုးကို သူမကြားရလျှင် ပိုကြိုက်တတ်ပြီး စိတ်လက်ရက်ရောစွာဖြင့် သူမ၏ငွေများလည်း လက်ဆောင်အဖြစ် ပိုမိုထွက်ရလေသည်။ ကြိုတင်ဟောသူများက စဝ် ဘယ်နေ့ လွတ်မည်ဆိုသော ရက်များသည် ရောက်လာပြီး၊ သွားပြန်သည်။ ထို့နောက် သူမသည် အမြဲပင် နောက်ထပ်ဟောနိုင်မည့်သူကို သူမ၏မျှော်လင့်ချက်အဖြစ်

www.nyisay.com



ရှာပြန်လေသည်။

သုစန္ဒီသည် အလွန်ရင်းနှီးသော ဗိုလ်မှူးချုပ်အောင်ကြီးနှင့် တွေ့ဆုံသောအခါ သူက စစ်ကို ပဲခူးတွင် အသက်ရှင်လျက် ကျန်းကျန်းမာမာပင် တွေ့ခဲ့ဖူးသူရှိသည်ဟု ဆိုလေသည်။ ထို့အတူ ထိုသတင်းကိုပင် ပြည်ထဲရေးဝန်ကြီး ဦးစိုးကလည်း ပြောပြလေသည်။ သူမသည် မျှော်လင့်ချက်ရောင်ခြည်လေး ပြန်လည်လင်းလာပြီး အားတက်လာမိပြန်တော့သည်။ သို့သော် သိပ်တော့မကြာလှပါချေ။ ညညအိပ်မပျော်နိုင်ဘဲ နိုးနေသောအခါတိုင်း သုစန္ဒီ စဉ်းစားမိသည်မှာ အကျဉ်းကျခံနေရသော သူ၏ဇနီးကို ဘာလို့ ပေးမတွေ့စေရတာလဲ ဟူသော မေးခွန်းပင်ဖြစ်သည်။ ဖြစ်နိုင်သည်မှာ သူတို့ အောင်မြင်မှုကို ပြသသည့်အနေဖြင့် ဇနီးလုပ်သူကိုပါ ညှဉ်းပန်းနှိပ်စက်သော နည်းပင်ဖြစ်သည်။ စစ်ကရော သူ မလုပ်ခဲ့သည့်ပြစ်မှုအတွက် ဝန်ခံဖို့ငြင်းဆိုတာမျိုး မလုပ်ရဘူးလား။ ဒါမှမဟုတ်ရင် သူဆက်အသက်မရှင်ရတော့ဘူးလား။ သူမသည် တစ်ညလုံး လူးလိမ့်လိုက်လှည့်လိုက်ဖြင့် တစ်ခါမှ နှစ်နှစ်ခြိုက်ခြိုက် အိပ်လို့မပျော်ချေ။ သုစန္ဒီသည် တဖြည်းဖြည်း ကိုယ်အလေးချိန်ကျကျလာပြီး နေ့စဉ် သာမန်အလုပ်လေးတွေကိုတောင်မှ ဆုံးဖြတ်ချက်မချနိုင်ဖြစ်လာတော့၏။ နှစ်ဆမြင်မြင်နေတာ၊ အာရုံစူးစိုက်လို့မရတာ၊ သတိ အလွန်အမင်း မေ့တတ်တာတွေက သူမကို ပြဿနာများဖြစ်စေသည်။ လွန်ခဲ့သောနှစ်တွေက သိကျွမ်းခဲ့ရသော ကရင်ခေါင်းဆောင် ဗိုလ်လက်ျာ၏ဇနီးက သုစန္ဒီ၏ ပြဿနာများကို သိလာသောအခါ ကုသဖို့ အကြံပေးလေသည်။

''ကျွန်မနဲ့ တရားပြတဲ့ ကျွန်မရဲ့ဆရာတော်ဆီ လိုက်ခဲ့စမ်းပါ။ မဟာဒေဝီ ဘယ်တော့မှ နောင်တ မရစေရဘူး။ ကျွန်မ အာမခံတယ်''

ဒီလိုဖိတ်ခေါ်မှုကို လက်ခံသင့်ကြောင်း သုစန္ဒီစိတ်ထဲက အလိုလိုသိနေသည်။ တိတ်ဆိတ်ငြိမ်သက်နေသော အခန်းထဲက ကြမ်းပြင်ပေါ်တွင် လူ ၃၀ လောက်ထိုင်နေကြကာ မျက်စိကိုပိတ်၍ တရားမှတ်နေကြသည်ကို သုစန္ဒီ တွေ့လိုက်ရသောအခါ အံ့သြလန့်ဖျပ်သွားမိလေသည်။ သူမ၏ မိတ်ဆွေနောက်မှလိုက်ပြီး တရားခန်းအတွင်းမှ ဖြတ်လျှောက်သောအခါ တရားထိုင်နေကြသော ယောက်ျား၊ မိန်းမများရှေ့မှာ ကိုယ်ကိုကုန်းရှိုပြီး ခြေလှမ်းစံအတိုင်း လျှောက်ရလေသည်။ အချို့မှာ ကျောင်းသွားနေကြရမည့် အလွန်ငယ်ရွယ်သော ကလေးများဖြစ်ပြီး အချို့မှာတော့ ဗြိတိသျှတို့ ဗမာပြည်ကို သိမ်းပိုက်စဉ်ကပင် ကိုယ်တိုင်မြင်လိုက်

www.nyisay.com



ဖူးသောအရွယ်များဖြစ်ကြလေသည်။

သူမ ဘေးနားက မိန်းမသည် လူကုံထံတစ်ယောက်ဖြစ်ပြီး အခြားအမျိုးသမီးများမှာမူ သာမန်ရိုးရိုးချည်ထည်အင်္ကျီကိုသာ ဝတ်ထားကြလေသည်။ သူတို့အားလုံးသည် အသစ်ရောက်လာသူကို မည်သူတစ်ဦးတစ်ယောက်ကမျှ သတိထားမိခြင်းမရှိဘဲ မသိလိုက် မသိဘာသာနေကြသည်။ သူတို့က သူတို့စိတ်တွေ၊ အာရုံတွေကို တည်ငြိမ်အေးချမ်းဖို့သာ စူးစိုက်ထားကြလေသည်။

ဆရာတော်က သူတို့ကို တရားခန်း သပ်သပ်ခွဲပေးထားသည်။ ဆရာတော်ဦးဝိနယသည် အရပ်ရှည်ရှည်နှင့် လိမ္မော်ဝါအရောင်သင်္ကန်းကို ရုံထားသည်။ ဖိနပ်မစီး ကတုံးရိတ်ထားပြီး ရှိရင်းအသက်ထက် ပိုအိုဇာပုံရသည်။

ထိုင်နေကြသူများသည် ဆရာတော်၏ ထိုးထွင်းသိမြင်နိုင်သောအကြည့်ကြောင့် စိတ်ထဲက အတွေးများကို ဖုံးကွယ်မထားနိုင်ချေ။ သူ့မျက်နှာမှ ကြင်နာသနားတတ်သော စိတ်နှင့် တည်ငြိမ်အသားကျနေသော စိတ်ရောင်ခြည်တွေ ဖြာနေသလို ထင်ရသည်။

သူမ၏ ခံစားနာကျင်နေမှုများကို ဆရာတော်က နားလည်နေသည်မို့ သူမက ပြောပြနေစရာမလိုကြောင်း ချက်ချင်းပင် သိလိုက်မိလေသည်။ သူမ၏ ရှိသေလေးစားမှုကို ပြသပြီးနောက် ဆရာတော်က ဗမာလိုပြောသည်အထိ သူမ စောင့်နေလိုက်သည်။

''ဘယ်လို တရားထိုင်ရသလဲဆိုတာ ဒကာမကြီး သိချင်နေတယ် မဟုတ်လား''

''မှန်ပါတယ် ဘုရား။ ဒါပေမဲ့ တပည့်တော်သိတာ ဘာမှ မရှိပါဘူး ဘုရား''

ဆရာတော်က ရယ်လိုက်ပြီး မိန့်သည်။

''မလိုပါဘူး။ လက်တွေ့လုပ်ကြည့်လိုက်ရင် သိလာပါလိမ့်မယ်''

''တပည့်တော် ဘယ်အချိန်က စထိုင်ရမလဲ ဆရာတော်''

''အခုပဲစပါ''

ဆရာတော် မိန့်သည်။

''ဒါပေမဲ့ တပည့်တော် ဒီမနက်ဥပုသ်စောင့်မထားပါဘူး။ မနက်စာ စားခဲ့ပါတယ်''

www.nyisay.com



''ဒါက အကြောင်းမဟုတ်ပါဘူး''

ဆရာတော် မိန့်သည်။

''ဆရာတော်က ဘာမှ တားမြစ်တာမရှိဘူး။ တစ်ခုပဲ ဒကာမကြီး အရက်ကိုတော့ ရှောင်ရမယ်''

''ဒကာမကြီးကို ရှာရတာလွယ်အောင် ခန်းမကြီးထဲမှာပဲ တရားထိုင်ပါ။ ဖျာပေါ်မှာ အဆင်ပြေသလို သက်သာသလိုသာ ထိုင်ပါ။ ပြီးရင် မျက်လုံးကို ပိတ်ထားလိုက်ပါ။ နှာဝမှာ မြန်မြန်အသက်ရှူထုတ်နေတာကို စိတ်က အာရုံစိုက်ထားလိုက်ပါ။ အခုပဲ စလုပ်ကြည့်လိုက်။ ရှူသွင်းလိုက်တဲ့အခါမှာ နှာဝမှာ လေက အေးနေတာ သိလိုက်ရပြီး ရှူထုတ်လိုက်တဲ့အခါမှာ လေတိုးတဲ့အခါ နွေးနေတာ သိရလိမ့်မယ်''

ဆရာတော်သည် သူမ ကြိုးစားလုပ်ဆောင်ပြီး ယုံယုံကြည်ကြည်ဖြင့် ခေါင်းညိတ်လာသည်အထိ စောင့်နေလေသည်။ ပြီးနောက် ဆရာတော်က ဆက်၍-

''စိတ်က ပြန့်လွင့်နေတာ၊ ကြားလိုက်တဲ့အသံနောက် စိတ်ကလိုက်သွားတာမျိုးကို သတိလေးကပ်ပြီးနေ။ စိတ်ကို နှာဝမှာပဲ ပြန်အာရုံကပ်ထားလိုက်ပါ။ အစပိုင်းမှာတော့ နူးနူးညံ့ညံ့လေးပဲ၊ နောက်တော့ စိတ်ကို တခြားအာရုံတွေ၊ ခံစားမှုတွေ နောက်ပါမသွားအောင် စွဲစွဲမြဲမြဲမှတ်ပါ။ နှာဝမှာပြန်ကပ်ပါ။ အသက်ရှူထုတ်နေတာကို ပြန်သတိကပ်ပါ။ ဆက်မလုပ်နဲ့တော့လို့ ဆရာတော်ကပြောမယ်။ မပြောမခြင်း မှတ်နေပါ။ အဓိကအချက်ကတော့ ကိုယ့်ခန္ဓာကိုယ်မှာ ခံစားနေရတဲ့ ဝေဒနာတွေကို တွေ့လာရလိမ့်မယ်။ အဲဒါကို သတိလေးကပ်ပြီး ကြည့်လိုက်ပါ။ နာနေရင် နာနေတဲ့နေရာကို စိတ်ကအာရုံထားပြီး သတိကပ်ထားပါ။ နာနေတယ် နာနေတယ်လို့ မှတ်နေရင်းကနေ တဖြည်းဖြည်း နာတာတွေပျောက်သွားတဲ့အထိ မှတ်နေပါ။ နာတယ်ဆိုတဲ့ စိတ်ခံစားမှု ပျောက်သွားလိမ့်မယ်။ စိတ်ကို တစ်ခါ နှာဝမှာ ပြန်ကပ်ထားလိုက်ပါ''

''ဒါ ဘာကို ဆိုလိုတာလဲ''

သုစန္ဒီက ဆရာတော့်ကို လျှောက်လိုက်သည်။

''ဒကာမကြီး သိလာပါလိမ့်မယ်''

ဟုသာ မိန့်သည်။

www.nyisay.com



သုစန္ဒီသည် တဖြည်းဖြည်းရလာသည်။ ဆရာတော်ကို မှီခိုနေရသော အခြေအနေမှ လွတ်မြောက်လာသည်။ တရားထိုင်နေကြသော သူတွေကြားမှာ ကိုယ့်ကိုယ်ကိုယ် ထင်ထင်ရှားရှား မြင်လာသည်။ သူမဘေးမှာ မိတ်ဆွေက အစကတည်းကပင် ရှူထုတ်လေ့ကျင့်ခန်းကို လုပ်နေလေသည်။

''ငါ ဘာလုပ်နေမိလဲ မသိဘူး။ ဒါပေမဲ့ ငါ ဒါကို ကြိုးစားလုပ်ကြည့်မယ်''

သူမကိုယ်ကို သူမပြောနေမိသည်။

သူမသည် မျက်လုံးကိုပိတ်ထားပြီး ဆရာတော် ညွှန်ကြားထားသည့် အတိုင်း လုပ်ကြည့်သည်။ ပထမမိနစ်အနည်းလောက်က လွယ်ကူသည်ဟု ထင်မိသော်လည်း နောက်တွင် စိတ်က ပြန့်လွင့်လာတော့လေသည်။ စိတ်ကူး အတွေးထဲတွင် စဝ်အကြောင်းရောက်လာသည်။ စဝ်သည် သူမတို့၏သီပေါ အရှေ့ဟော်နန်းက ကိုယ်ပိုင်ဘုရားကျောင်းလေးမှာ တရားထိုင်နေတတ်တာကို သွားသတိရမိလေ၏။ ဒါလေးတွေက ပျော်စရာ အမှတ်တရလေးတွေဖြစ်ပြီး သူမကို လွမ်းဆွတ်တသရနံ့ရစေလေသည်။

''အမှတ်ရနေတဲ့အတွေးတွေကို ရပ်လိုက်ပါ။ ရှူထုတ်နေတဲ့အပေါ်မှာပဲ အာရုံပြန်ထားပါ''

သုစန္ဒီကို ကြပ်မတ်စောင့်ကြည့်ပေးနေသော ဆရာတော့်ပြောသံကို သူမ ကြားလိုက်ရသည်။ သို့သော် ဆရာတော့်အသံက သိမ်မွေ့နေပါသည်။ သူမစိတ်ထဲတွေးနေတာကို ဆရာတော်က ဘယ်လိုလုပ် သိနေတာလဲ။ သူမ အံ့ဩမိရလေသည်။ သူမ ပထမဆုံးတရားထိုင်စဉ်တွင် သုစန္ဒီသည် သူမ၏ စိတ်ကို နှာဝတွင်ပြန်သွားဖို့ အကြိမ်ပေါင်းများစွာ ပြောနေခဲ့ရသည်။

အသက်ရှူရတာ ခဏရပ်သွားလိုက်၊ နာကျင်ကိုက်ခဲလာလိုက် ဖြစ်နေတော့သည်။ သို့သော် ဆရာတော်က သူမဘေးတွင် သူမအတွက်လိုအပ်သော အားနှင့် လမ်းပြဖို့ အမြဲပြောပေးနေသည်။ အခြား တရားထိုင်နေသူများကိုလည်း ဆရာတော်က လှည့်လည်ကြည့်ရှုပေးနေလေသည်။

မိနစ် ၂၀ ကြာပြီးသောအခါ ဆရာတော်က စိတ်အာရုံကို ခန္ဓာကိုယ်တွင် ဖြစ်ပေါ်နေသော ခံစားချက်တွေဆီမှာ အသိကပ်ထားပါဟု သူမအား မိန့်လေသည်။ သူမ နောက်ကျောက ဆိုးဆိုးဝါးဝါး နာကျင်ကိုက်ခဲလာသည်။ ဘယ်လောက်ပဲ နာကျင်နေနေ သူမအတွက် ပြဿနာမရှိလှပါဟု သူမတွေးသည်။

www.nyisay.com



ပြင်းထန်စွာ နာကျင်ကိုက်ခဲသောဝေဒနာသည် ဘယ်လောက် ကြာသည်၊ ဘယ်အချိန်မှာ လုံးဝပျောက်သွားသည်ကို သူမ မသိလိုက်ချေ။ သို့သော် အဲဒါတွေသည် ဖြစ်ခဲ့သည်။ သူမက စိတ်အင်အားကို တစ်နေရာထဲမှာ စူးစူးစိုက်စိုက် မပြန့်လွင့်အောင် အလွယ်တကူ ထိန်းထားလိုက်နိုင်ခဲ့လေသည်။ ထိုအဆင့်ကို သူမရောက်နေကြောင်း ဆရာတော်က သိလိုက်ပါသည်။

''ဒကာမကြီး မျက်လုံးအခုဖွင့်နိုင်ပါပြီ။ ပထမဆုံး တရားထိုင်တာ ပြီးသွားပါပြီ''

အံ့ဩထူးဆန်းစွာဖြင့် သုစန္ဒီ မျက်လုံးကို ဖွင့်လိုက်သည်။ သူမသည် သူမကိုယ်သူမ စောင့်ကြည့်ခြင်း ပထမဆုံးအနေဖြင့် တရားထိုင်ခြင်းသည် မိနစ် ၄၀ ကြာခဲ့ကြောင်း သိလိုက်ရသည်။ သူမသည် မောပန်းသလို ခံစားရသော်လည်း ပြန်လည်လန်းဆန်းပေါ့ပါးနေလေသည်။ သူမသည် တရားထိုင်ခြင်းကို ဆက်လက်၍ နေ့စဉ်ထိန်းသိမ်းသွားမည်ဟု ဆုံးဖြတ်လိုက်တော့သည်။

လပေါင်းများစွာကြာသောအခါ ကလေးတွေလည်း ကျောင်းတက်နေကြရ ပေပြီ။ သုစန္ဒီသည် ဆရာတော်ဦးဝိနယ၏ မျက်စိအောက်တွင် စောင့်ကြည့်ခံပြီး ဆက်လက်တရားထိုင်လေသည်။ အသက်မြန်မြန်ရှူထုတ်ရသော တရားမှတ်နည်း ပြီးသွားသောအခါ သုစန္ဒီ၏စိတ်ထဲတွင် လှပသောရောင်စဉ်ရောင်တန်းများ၊ ပုံရိပ်များ ပုံစံအမျိုးမျိုးကို မြင်လာရသည်။ ထိုအခါ ဆရာတော်ဦးဝိနယက ထိုစိတ်အတွေးများကို ချက်ချင်းရပ်လိုက်ပြီး စိတ်ကို ခန္ဓာကိုယ်ပေါ်တွင် ဖြစ်ပေါ်လာသော ခံစားချက်များကို မှတ်ခိုင်းလေသည်။ တောက်ပလှပသောအပြာရောင် စက်ဝန်းများသည် တန်းထွက် လာပြီး အရောင်တွေ ပြောင်းသွားသည်အထိ အရှိန်ဖြင့် ထိုးထွက်နေကြသောအမြင်မှ ထွက်ခွာဖို့ သူမမှာ တွန့်ဆုတ်နေမိသေးလေသည်။ သည်လိုအမြင်မျိုးတွေကို တစ်ကြိမ်ထက်ပိုပြီး အမှတ်မထားဖို့ ထူးခြားသောအမြင်များကို မစွဲလမ်းဖို့ ဆရာတော်က သုစန္ဒီကို မိန့်သည်။

တစ်ခါ၌မူ အလွန်ထိတ်လန့်ကြောက်မက်ဖွယ်ကောင်းသော နာကျင်မှုတို့ကို ခံစားရလေသည်။ နောက်တစ်ခါကျတော့ ပို၍ပို၍နက်သော မြေကြီးထဲ နစ်မြုပ်သွားပြီး သူမကို မြေမြှုပ်ခံရပုံမျိုးလည်း မြင်ရတတ်လေသည်။ တစ်ကြိမ်မှာတော့မူ သူမ၏ခန္ဓာကိုယ် အလယ်ပိုင်းသာကျန်ရစ်ပြီး ခြေထောက်၊ လက်တွေ ဆွဲအဖြုတ်ခံရကာ လက်တစ်ဖက်ပဲ ကျန်ရစ်ခဲ့သည်။ သစ်ပင်ပေါ်က ပန်းသီးတွေလို

www.nyisay.com



ရှိနေသည်။ ပြီးနောက် ဆက်လက်ကြီးထွားလာကြရာ ကိုးယိုးကားယား ပုံစံကြီး ဖြစ်နေသည်။ ဆရာတော်ဦးဝိနယ၏ ညွှန်ပြမှုအောက်တွင် သူမသည် မြောက်မြား စွာသော ခံစားမှုများကို ကျော်ဖြတ်ခဲ့နိုင်ပြီး သူမ၏ ခန္ဓာရုပ်အစုကြီးပေါ်တွင် အသိဉာဏ်သစ်များ ထွန်းလင်းအောင်မြင်လာခဲ့သည်။ ထို့နောက် သုစန္ဒီသည် သူမ၏စိတ်သည် ခန္ဓာကိုယ်မှခွာပြီး အပြင်ကလူတစ်ယောက်က မြင်သလိုအမြင်မျိုး ကို ပထမဆုံးရရှိလာသည်။ သတိမပေးဘဲ သူမစိတ်ဝိညာဉ်သည် သူမ၏ခန္ဓာ ကိုယ်မှ ခွာလာသည်။ ပြီးနောက် တရားထိုင်သော အခန်းတွင်းမှ အပြင်သို့ထွက်သွား ခဲ့တော့သည်။ သူမစိတ်သည် အခန်းပေါ်တွင် ဝဲပျံနေသည်။ သူမ၏ရုပ်ခန္ဓာအခွံကြီး ကို အောက်မှာလိုက်ရှာသည်။ အတ္တကောင် ရုပ်ခန္ဓာအစုအဝေးကြီးမှ သူမက ခွဲထွက်လိုက်ခြင်းဖြင့် ဖြစ်တည်နေမှု ပြီးဆုံးသွားရသလို သူမ ခံစားလိုက်ရသည်။ ပြန်လည်ဖော်ပြခြင်းငှာ မစွမ်းသာသော စည်းချက်ငြိမ့်ညောင်းစွာနှင့် ငြိမ်းအေးချမ်း သာသော ခံစားမှုကို သူမ ရရှိလိုက်လေသည်။

အပတ်အနည်းငယ်ကြာသောအခါ သူမတရားထိုင်နေစဉ် မျက်နှာများစွာ ကို စတင်မြင်လာရသည်။ ရာချီသောမျက်နှာများသည် သူမဆီသို့ ဦးတည်လာနေကြ သည်။ သူတို့ခန္ဓာကိုယ်များနှင့် ပူးပေါင်းသွားပြီး သူမ၏ မျက်လုံးကိုဖြတ်ပြီး ချီတက်သွားကြသည်။

အစပိုင်း၌ သူတို့သည် လုံးလုံးကျန်းကျန်းမာမာ ဖြစ်သည်။ သို့သော် ရှေ့ဆက်သွားသောအခါ သူတို့သည် အဆင့်အမျိုးမျိုးသော ပုပ်ပွခြင်းကို စတင်နေကြလေသည်။ နောက်တွင် အရိုးစုသာကျန်ရစ်ပြီး အရိုးခန္ဓာနှင့် ဦးခေါင်းသာကျန်သော အရိုးပဒေသာတပ်ကြီးသည် စစ်ရေးပြချီတက်သလို သူမကို ဖြတ်ကျော်သွားကြလေသည်။ အလွန်အံ့သြထူးဆန်းသော ပုံရိပ်များကို မြင်လာရသောအခါ ရုပ်ဝတ္ထုအစုအဝေးကြီးမျှသာဖြစ်သော ခန္ဓာကိုယ်ကို သူမ နားလည်သဘောပေါက်သွားတော့လေသည်။

သို့ဖြစ်ငြားသော်လည်း သူမ၏အခြေအနေတော့ ဘာမှ ပြောင်းလဲသွားခြင်း မရှိဘဲ သူမ၏စိတ်ကသာ တရားထိုင်ခြင်းဖြင့် ပြောင်းလဲသွားခဲ့ပြီ ဖြစ်လေသည်။

သူမ ငြိမ်းအေးမှုကို တစ်ဖန်ပြန်လည်ခံစားနေရပြီ။ သူမ၏စိတ်အင်အား များ၊ တန်ခိုးများပြန်လည်အောင်မြင်ရရှိလာသည်။ စိတ်ကိုတည်တည် ငြိမ်ငြိမ် ဖြင့်ထားပြီး ဆုံးဖြတ်ချက်များချလာနိုင်သည်။ ပြီးတော့ ဘဝမှာ ဘာက

www.nyisay.com



အကြောင်းတရားဖြစ်ပြီး ဘာက အကြောင်းတရား မဟုတ်ကြောင်းလည်း ပို၍ ရှင်းရှင်းလင်းလင်း နားလည်သဘောပေါက်နိုင်ခဲ့ပြီဖြစ်လေသည်။ သူမနှင့် သူမ၏ ကလေးတွေ အနာဂတ်အစီအစဉ်အတွက် ဆုံးဖြတ်ချက်ချနိုင်ခဲ့သည့်အချိန်တွင် သုစန္ဒီ၏ အဓိကလိုအပ်ချက်ကို နီးလာလေတော့သည်။

❖

www.nyisay.com



## အခန်း ၁၉

ကြိုတင်ဟောကိန်းထုတ်ထားခြင်းများ အလျှံပယ်ပေါ်ပေါက်နေသော်လည်း မိုလ်ချုပ်နေဝင်း၏ တော်လှန်ရေးကောင်စီ စစ်တပ်၏နေ့တွေပင် ဖြစ်နေတော့သည်။ တိုင်းပြည်ရှိ လူထုနှင့် စီးပွားရေးအားလုံးကို စစ်တပ်က တင်းတင်းကျပ်ကျပ် ထိန်းချုပ်လိုက်သည်။ ပထမဆုံးအနေဖြင့် ကြီးမားသော စီးပွားရေးစီမံကိန်းများနှင့် နိုင်ငံခြားသားပိုင် စီးပွားရေးလုပ်ငန်းကုမ္ပဏီများကို ပြည်သူပိုင်သိမ်းလိုက်သည်။ ပြီးနောက် ဘဏ်အားလုံးကို ပြည်သူပိုင်သိမ်းပြီး ပြည်သူ့ဘဏ်အဖြစ် အမည်ပြောင်းပေးလိုက်ပြီး နံပါတ်တွေတပ်ပေးလိုက်သည်။ ရှမ်းစော်ဘွားအပါအဝင် ရှမ်းလူမျိုးများစွာ ပိုင်ဆိုင်သော သုစန္ဒီ၏ ရန်ကုန်ဘဏ်ကိုလည်း ပြည်သူ့ဘဏ်အမှတ် ၂၀ ဖြစ်လာစေပြီး ဗမာ့ရေတပ် မိုလ်တစ်ယောက်က စီမံချုပ်ကိုင်လိုက်သည်။

အငယ်စား စီးပွားရေးလုပ်ငန်းများဖြစ်သည့် ဓာတ်ဆီဆိုင်များ၊ ဆန်စက်များ၊ ဆီစက်များနှင့် သစ်စက်များကို နောက်တစ်ခါ သိမ်းယူလိုက်သည်။ ပိုင်ရှင်အစစ်အမှန်တွေ၏ ငွေရေးကြေးရေးပိုင်ဆိုင်မှုတွေကို ဖျက်ဆီးပြီးထားခဲ့လိုက်သည်။ နောက်မကြာခင်မှာပဲ လက်လီဆိုင်များဖြစ်သည့် အသေးဆုံး စီးပွားရေးဖြစ်သော ကွမ်းယာဆိုင်မျိုးတွေကိုပင် သိမ်းလိုက်သည်။ အရာရာသည် ကြောက်မက်ဖွယ် စိတ်နှလုံးပျက်ပြားဖွယ် ဝရုန်းသုန်းကား ဖြစ်ပျက်နေတော့သည်။ သုစန္ဒီသည် နေ့စဉ် ကလေးတွေကို ကျောင်းပို့နေရာ တစ်နေ့တွင် မယုံကြည်နိုင်သော မြင်ကွင်းများကို လမ်းပေါ်တွင် မြင်နေရလေသည်။ ဆိုင်အသေးလေးတွေ၊ ပွဲရုံလေးတွေမှာ ဆိုင်းဘုတ်များပြောင်းဘပ်ချိတ်ထားသည်ကို တွေ့နေရသည်။ စစ်သားတွေက အမျိုးမျိုးသော ဆိုင်သေးသေးလေး

www.nyisay.com



များထဲသို့ ဝင်ရောက်သွားကြသည်။ သူတို့ပိုင်ဆိုင်မှုအားလုံးကို သိမ်းယူလိုက်ကြပြီး ပိုင်ရှင်များကို ကိုယ်ထိလက်ရောက် ဖယ်ရှားပစ်လိုက်ကာ ရှိနေသောဆိုင်းဘုတ်ကို ဖြုတ်ပစ်လိုက်ကြသည်။ အသစ်ပြောင်းတင်လိုက်သောအမည်ကို ဖတ်ကြည့်လိုက်သောအခါ ပြည်သူ့ဆိုင်အမှတ် ၃၇ သို့မဟုတ် တစ်ခုခုဖြစ်နေလေသည်။ ဆိုင်၊ စတိုးတွေကို ဆက်လက်လည်ပတ်နိုင်ရန် ယူနီဖောင်းဝတ်လူတွေက ကျန်ရစ်ခဲ့ကြတော့သည်။ မူလပိုင်ရှင်တွေမှာ သူတို့ကုန်ပစ္စည်းများ၊ သူတို့စီးပွားရေးလုပ်ငန်းများကို ရောင်းဝယ်ဖို့နှင့် ဆက်လက်အသက်ရှင်နေထိုင်ဖို့ ဝင်ငွေရရှိမည့်အခွင့်အရေးများကို ပိတ်ပင်တားဆီးခံကြရသည်။ စီးပွားရေးသမားနှင့် ကျွမ်းကျင်ပညာရှင် ကုလားတွေ သူတို့စီးပွားရေးနှင့် လုပ်ငန်းများ ဆုံးရှုံးရမှုမက သူတို့ကျောတွင် အဝတ်ထုပ်တွေကလွဲပြီး ဘာမှ မသယ်ဆောင်ကြရဘဲ အိန္ဒိယသို့ ပြန်အပို့ခံကြရသည်။

သုစန္ဒီ၏ ဆရာဝန်တစ်ယောက်မှာ သူ့ပိုင်ဆိုင်မှုအားလုံးနှင့် ခွေးများ၊ အဖိုးတန်သစ်ခွပန်းများကိုပါ သိမ်းခံလိုက်ရပြီး တိုင်းပြည်မှ ထွက်ခွာသွားစေလိုက်သည်။ ပုဂ္ဂလိကပိုင်ဆိုင်သော အဆောက်အဦအိမ်များ၊ ကားများ၊ လက်ဝတ်ရတနာ ရွှေငွေကျောက်သံပတ္တမြားများ၊ ကြီးမားသော အမည်အမျိုးမျိုးသောဘဏ်များ၏ စာရင်းမှတ်တမ်းများသည် နောက်တစ်ခါ မိုလ်ချုပ်ကြီးနေဝင်း၏ အရေးယူခံရမည့် စာရင်းထဲတွင်ရှိနေကြောင်း ကောလာဟလတွေကလည်း ပျံ့နှံ့နေလေသည်။ လူမျိုးနိုင်ငံအပေါ် ဂရုမစိုက်ဘဲ ပုဂ္ဂလိကလုပ်ကိုင်နေကြသော ဆရာဝန်များ၊ ရှေ့နေများအပေါ်တွင်လည်း သိမ်းယူရန် အစိုးရက မျှော်လင့်ထားခဲ့သည်။ ဆေးဆိုင်များကိုတော့ သိမ်းထားပြီးဖြစ်သည်။ ပင်လယ်အော်တွင် တရားဝင်သူနိုများအဖြစ် ဆက်ထိန်းထားဖို့မျှော်လင့်ပြီး ဖျက်ဆီးခံရသော စွန့်ဦးတီထွင်သူများ အရေအတွက်က တိုးလာသည်။ သူတို့ အိမ်များစွာကိုလည်း တားဆီးပိတ်ပင်ခံခဲ့ရသည်။ သူတို့ကလေးတွေနှင့် အခိုင်းစေတွေ သူတို့ဘဝလုံခြုံမှုအတွက် အပ်နှံထားသောငွေများကို ယူနီဖောင်းဝတ်ဘဏ်မန်နေဂျာများ၏ သံသယမဖြစ်စေဘဲ ဘဏ်စာအုပ်ငွေ အများကြီးမှ ငွေအနည်းငယ်အဖြစ် ပြောင်းသွားအောင် သူတို့ကို နေ့စဉ်သွားပြီး ငွေထုတ်ခိုင်းနေရလေသည်။

ဖြစ်ပေါ်လာမှုများကို သုစန္ဒီက အလွန်နီးကပ်စွာ စောင့်ကြည့်နေရသည်။ သူမ၏ သတ်မှတ်ထားသော ဘဏ္ဍာငွေရနိုင်သည့် အရင်းအမြစ်တွေက တစ်စတစ်စ လျော့နည်းလာချိန်မှာ သူမ၏ ကျန်ရှိနေသော တာဝန်တွေကတော့ အတူတူပဲ

www.nyisay.com



ဖြစ်လေသည်။ လူများစွာက အကူအညီပေးဖို့ သူမအား ပြောကြသော်လည်း သူတို့ငွေရေးကြေးရေး ထောက်ပံ့ပေးမှုကို သူမ ဘယ်သူ့မည်သူထံကမှ မယူခဲ့ချေ။

နိုင်ငံခြားတိုင်းပြည်တစ်ခုတွင် လုံခြုံရေးရန်ပုံငွေထည့်ထားဖို့ သူ့သူငယ်ချင်း၏အကြံပေးချက်ကို စဝ်က ဘယ်တုန်းကမှ အလေးမထားခဲ့ချေ။ ဒါဟာ တရားဥပဒေကို ဆန့်ကျင်တာဖြစ်ပြီး သူ့မြင့်မားသော လူမျိုးအဆင့်အတန်းကို သူဘယ်တော့မှ ယုံမှားသံသယအဖြစ်မခံနိုင်ချေ။

သုစန္ဒီသည် သီပေါနှင့် ပုံမှန်အဆက်အသွယ်ကို ဆက်ထိန်းထားသည်။ သို့သော် သီပေါ၏အခြေအနေသည် တစ်ခါတစ်ရံမှသာ ကောင်းလေသည်။ ကျောင်းဖောင်ဒေးရှင်းအဖွဲ့သည် ပျက်သွားခဲ့သည်။ ကျန်ရှိနေသော လယ်ယာစက်ပျိုးရေးအတွက် စက်ယန္တရားများကို ဗမာစစ်တပ်က သိမ်းသွားသည်။ သီပေါမှာရှိသော စီးပွားရေးအတွက် ငွေအရင်းအနှီး ဆက်လက်မစိုက်ထုတ်နိုင်တော့ချေ။ ပိုဆိုးတာက နောက်ထွက်မည့် လိမ္မော်ခြံအသစ်က အသီးများသည် သေးငယ်ကြုံလှီနေမည်ဟု မျှော်လင့်နေရပြန်လေသည်။

မသေချာ မရေရာစွာဖြင့် စဝ်ကို ရန်ကုန်မှာ လာစောင့်မနေသင့်ကြောင်းကို သုစန္ဒီ ရှင်းလင်းစွာ သိလာရသည်။ သူမနှင့် သမီးတွေ၏ဘဝကို အစမှ ပြန်လည်စတင်ရန် အသက်ရှင်နေထိုင်သွားရန် ဥရောပ သို့မဟုတ် အမေရိကန်တွင် အလုပ်လုပ်ဖို့ အစီအစဉ်များ စတင်ရေးဆွဲလေသည်။ စဝ်က သူတို့နှင့်လာနေနိုင်မည့်အချိန်တွင် စဝ်သည် ချက်ချင်း အလုပ်လုပ်နိုင်ဦးမည် မဟုတ်ချေ။ သူမ၏ နိုင်ငံခြားက သူငယ်ချင်းများသည် နေရာအမျိုးမျိုးတွင် လျှို့ဝှက်စွာ လာရောက်ဆက်သွယ်ကြပြီး ဗမာနိုင်ငံမှ အမြန်ဆုံးထွက်ခွာဖို့ တိုက်တွန်းကြသည်။ သို့သော် သူမ၏ ရှမ်းမိသားစုများကတော့ တိုင်းပြည်ထဲတွင်သာ ဆက်နေဖို့ အကြံပေးကြရာ သူမအဖို့ ဆုံးဖြတ်ချက်ချရန် နှောင့်နှေးနေရသည်။

သူမသည် စောင့်ဆိုင်းနေရသောလများကို ပြင်သစ်စာနှင့် လက်နှိပ်စက်ရိုက်သင်ဖို့ စာရင်းသွင်းခြင်းဖြင့် အသုံးချဆောက်တည်လိုက်လေသည်။ ကုလား–မြန်မာ ကပြားအဘိုးကြီးသည် သူ့လုပ်ငန်းသေးသေးလေး အသိမ်းခံလိုက်ရပြီးနောက် လက်နှိပ်စက်ရိုက် သင်တန်းကျောင်းခန်းလေး ဖွင့်လိုက်သည်။ သူမ၏ ဩစတြီးယား အထက်တန်းကျောင်းတွင် လက်နှိပ်စက်ရိုက်သင်တန်း မရှိခဲ့ချေ။ သူမသည် သူမ၏အားနည်းချက်ကို အမြဲစိတ်မကောင်း ဖြစ်ရသည်။

www.nyisay.com



တစ်နေ့တွင် ဒရိုင်ဘာလှတင်အား ရန်ကုန်မြို့လယ်လမ်းဘေး တစ်နေရာတွင်ရှိသော မစ္စတာမာတီ၏ လက်နှိပ်စက်ကျောင်းလေးကို လိုက်အပို့ခိုင်းသည်။

ဆင်းရဲသော ပတ်ဝန်းကျင်ရှိ ရှုပ်ထွေးစည်ကားသော လမ်းလေးထဲတွင် မာစီဒီးကားတစ်စီးနှင့် စစ်ထောက်လှမ်းရေးတွေ၏ ဂျစ်ကားတစီးတို့ ရပ်ထားလေ့ရှိလေသည်။ လေးထပ်တွင်ရှိသော မစ္စတာမာတီ၏ လက်နှိပ်စက်သင်တန်းကျောင်းလေးသို့ သုစန္ဒီသည် မှောင်မဲညစ်ပတ်နေသော လှေကားလေးမှတက်ရသည်။ လမ်းထဲမှ အမှိုက်သိမ်းသမားများ၏ နံစော်ပုပ်ဟောင်နေသောအနံ့များကြောင့် သုစန္ဒီမှာ ပျို့တက်လာရသည်။ သူမ၏ လက်ကိုင်ပဝါတွင် အော်ဒီကလုံးရေမွှေးများ ရွှဲရွှဲစိုအောင် ထည့်ထားသော်လည်း အမှိုက်ပုပ်နံ့ကို မချေဖျက်နိုင်ချေ။

သုစန္ဒီသည် ခြေလှမ်းမှန်မှန်လျှောက်တက်ရင်း၊ စဉ်းစားရင်းဖြင့် လေးထပ်သို့ တက်ရသည်။ ထိုအချိန်တွင် သူမ စဉ်းစားရင်းတက်နေရာမှ သည်အနံ့ဆိုးဆီ ပြန်ရောက်သွားပြီး ဒီပတ်ဝန်းကျင်သို့ စိတ်ပြန်မရောက်အောင် ရှောင်ပြီး တွေးနေရလေသည်။ သူမတံခါးကို ခေါက်လိုက်သောအခါ အဘိုးကြီး မာတီက ဖွင့်ပေးလိုက်သည်။ သုစန္ဒီကို နာနာဘာဝတစ်ကောင်လို လုံးဝတအံ့တသြ ငေးကြည့်နေလေသည်။

သူမမျက်နှာကို အဘိုးကြီးက တံခါးဖြင့် ဝုန်းခနဲ ဆွဲမပိတ်လိုက်သည့်အတွက် သူမပျော်သွားသည်။ သူမသည် လက်နှိပ်စက်ရိုက်တာကို အလွန်သင်ချင်ပြီး ပိုက်ဆံလည်း ကောင်းကောင်းပေးမည့်သူဖြစ်သည်ကို သူသဘောပေါက်သွားခဲ့လေသည်။

ပထမဆုံး လက်နှိပ်စက်ရိုက်သင်တန်းကို မကြာမီတွင် စမည်ဖြစ်ရာ သုစန္ဒီသည် တစ်ခန်းတည်းသော ကျောင်းလေးကို လှည့်ပတ်ကြည့်လိုက်သောအခါ သစ်သားအောက်ခံ လက်နှိပ်စက်အဟောင်း ခြောက်လုံးကိုသာ တွေ့လိုက်ရလေသည်။ လက်နှိပ်စက်အားလုံး၏ ဘယ်တစ်လုံးမှာမှ နှိပ်သည့်ခလုတ်ပေါ်တွင် စာလုံးမရှိပါချေ။

စက်များသည် အလွန်အိုဟောင်းနေကြပြီး သံထောက်ခံအပေါ်က စာလုံးများပြုတ်ထွက်ကုန်ကြပြီဟု ရှင်းပြရသည်။ နောက်တွင် သုစန္ဒီသည် ခပ်ပျော့ပျော့ အတုံးလေးတွေကို စာလုံးတိုင်ပေါ် စွပ်ထားလိုက်သည်။ အချိန်တိုင်းတွင် ကီးစာလုံးကို လက်ချောင်းများဖြင့် အမှောင်ထဲတွင် စေးကပ်လျက်က ရိုက်နေ

www.nyisay.com



ရလေသည်။ ထိုစက်ဖြင့် နှစ်ပေါင်းများစွာ စာများကို ရိုက်နေပုံရလေသည်။ သုစန္ဒီသည် လက်နှိပ်စက် သူ့မူလပုံကို မတွေးဘဲနေတာ ပိုကြိုက်လေသည်။ အနည်းဆုံးတော့ အဆင်မပြေမှု အသေးအဖွဲလေးများကို ထည့်မတွက်ဘဲ သူမ၏ လက်နှိပ်စက်သင်ခန်းစာသည် အောင်မြင်မှုကို သက်သေပြနိုင်ခဲ့သည်။ သူမ လက်နှိပ်စက်ရိုက်သင်နေတာကို နံစော်ပုပ်ဟောင်နေသော လမ်းလေးထဲတွင် နာရီပေါင်းများစွာ မပြီးမချင်း စောင့်ကြည့်နေကြရသော ဂျစ်ကားပေါ်က စစ်ထောက်လှမ်းရေးနှစ်ယောက်သည် ခါးခါးသီးသီး မကျေမချမ်း ပြောနေကြကြောင်း လှတင်က သူမကို သတင်းပို့လေသည်။

အနောက်သို့ ပြန်ရန် ပြင်ဆင်နေရာတွင် သုစန္ဒီသည် သူမအတွက် အဝတ်အစားအသစ်များ ပြန်ချုပ်ရသည်။ အနောက်တိုင်းဝတ်စုံကို သူမသည် တစ်ခါတစ်ရံ အိမ်မှာနေသည့်အခါ သို့မဟုတ် စကင်ဒီနေဗီးရင်း မိတ်ဆွေများနှင့်အတူ သွားလာသည့်အခါမှသာ ဝတ်လေ့ရှိသည်။ သို့သော် သူမအတွက် လုံချည်အကျႌ ဝတ်ခြင်းကသာ ပိုမိုသိသာထင်ရှားပြီး အဓိပ္ပာယ်လည်းရှိလေသည်။ ခြေမျက်စိ ထိဖုံးသော လုံချည်ကို ဝတ်သည့်အတွက် ခြေထောက်ကို ခြင်ကိုက်မည့်ဘေးမှ ကာကွယ်ပြီးသားဖြစ်သည်။ ရာသီဥတုအပူရှိန်နှင့် စိုထိုင်းဆပေါ်မူတည်ပြီး အကျႌကိုမူ တစ်နေ့ သုံးလေးထည် လဲဝတ်နိုင်လေသည်။

✦ ✦ ✦

ခရစ္စမတ်နေ့ကို ရန်ကုန်တွင် ကလေးတွေအတွက် စန်တာကလော့၊ ခြေအိတ်ရှည်များ၊ အကောင်းဆုံးပူတင်းမုန့်များနှင့် ပျော်ရွှင်ဖွယ်သီချင်းသံများဖြင့် ကျင်းပခဲ့ကြသည်။ အင်္ဂလိပ်ကက်သလစ်ကျောင်းမှ အထူးကျောင်းပိတ်ရက်အဖြစ် အလေးထားလုပ်ဆောင်ခဲ့ကြသည်။ မိန်းကလေးများသည် စိတ်အားတက်ကြွစွာ ပါဝင်ခဲ့ကြသဖြင့် ကလေးတွေအတွက် အသစ်အဆန်းဖြစ်နေသည်။ နောက်လာမဲ့ ခရစ္စမတ်ပွဲကို ဩစထြေးလျားတွင် ကုန်ဆုံးရလိမ့်မည်ဟု သုစန္ဒီစိတ်ထဲ ခံစားနေရသည်။

ခရစ္စမတ်နံနက်ခင်းတွင် သုစန္ဒီ စိတ်ထဲတွင် သူမ အခုထိ ရန်ကုန်မှာ ရှိနေသေးတယ်ဆိုတာကို စိတ်ထဲက တွေးသံသယဖြစ်နေစရာမလိုချေ။ သူမ၏ ကချင်ကလေးထိန်းနာနီတောင်းမှာ ကိုယ်ဝန်ရှိနေသည်ဟု မည်သူကမှ မထင်ထားဘဲ ရှစ်ပေါင်အလေးချိန်ရှိသော ကလေးကို အံ့စရာကောင်းလောက်အောင်

www.nyisay.com



မွေးဖွားလိုက်လေသည်။ မနက်အရုဏ်တက်တွင် ပစောသည် တောင်းနှင့် သူမ၏ ကလေးကို အစေခံတန်းလျားတွင် တွေ့ရှိခဲ့သည်။ တောင်းသည် ဒူးထောက်ပြီး သူမ၏ ကိုယ်တုံးလုံးကလေးကို အသက်ရှုကျပ်အောင် ကြိုးစားနေလေသည်။ ပစောနှင့် သုစန္ဒီတို့သည် သူတို့၏လက်ဖြင့်ပင် စိတ်ခါတ်ပျက်ပြားတုန်လှုပ် ချောက်ချားနေသော အမေနှင့် ချက်ကြိုးမဖြတ်ရသေးသော ကလေးတို့ကိုပြုစု ရလေသည်။

သုစန္ဒီသည် ရေချိုးပေးပြီး အနီးဖြင့်ထုပ်ထားသော ကလေးကို အိမ်ထဲသို့ သယ်သွားပြီးနောက် ဆရာဝန်ခေါ်လေသည်။ သူမသည် ဒီလိုလုပ်တာတွေကို သမီးတို့အား ရှင်းပြသည်။

သူတို့တွေက လက်မထပ်ဘဲမွေးသော အမေနှင့် ကလေးအကြောင်း မေးခွန်းတွေ အများကြီးမေးကြသည်။ မာယာရီကလည်း သူ့ကျောင်းက သင် လိုက်တာတွေကို သွားသတိရနေလေသည်။

''ဒါ ခရစ္စမတ်ကလေးပဲ။ ဂျီးစပ်(ယေရှု)လိုပေါ့''

သူမက ပြောပြသည်။ ကိန္နရီနှင့် အခြားကလေးတွေကလည်း သူမ၏ အတွေးအခေါ်ပါသော ရှင်းပြချက်ကို နားစိုက်ထောင်ကြသည်။ ထို့နောက် အနည်းဆုံး သူတို့ကလေးတွေအတွက် ဤအကြောင်းကို ဒီလောက်ဖြင့် အဆုံးသတ်လိုက်တော့သည်။

သို့နှင့် သုစန္ဒီသည် သူမ၏အဓိကပူပန်ရသော စဝ်နှင့် သူမတို့၏ အနာဂတ် အရေးကို ရက်အနည်းငယ်ကြာအောင် ဘေးထုတ်ထားခဲ့သည်။ မွေးလာသော ကလေးအဖေ မည်သူဖြစ်သည်ကို သုစန္ဒီ သိသည်။

သို့သော် တောင်းသည် ဘာကြောင့် သူ့ကလေးကို ပြန်သတ်ဖို့ကြိုးစား ရငဘာလဲ ဆိုသည့်ကိစ္စကို ဘယ်တော့မှ မမေးမြန်း မစုံစမ်းခဲ့ချေ။ ကချင်၊ ရှမ်း၊ ဗမာအားလုံးတို့သည် လူတိုင်းက ကလေးတွေကို အလိုရှိကြသည်။ ဘဝကိုလိုချင် ကြသည်။ ဘယ်ဘဝဖြစ်ဖြစ် အသက်ကို တန်ဖိုးထားတတ်ကြသည်သာ ဖြစ်သည်။ အိမ်မှာရှိကြသော အလုပ်သမားတွေက မကောင်းဆိုးဝါး ဝိညာဉ်သည် တောင်းကို ဝင်ပူးနေသည်ဟု ယုံကြည်နေကြသည်။

လက်မထပ်ဘဲ ကလေးမွေးသော မိခင်တစ်ယောက်တွင် အကြောက် အလန့်ကင်းနေတာလည်း ဖြစ်နိုင်သည်ဟု သုစန္ဒီတွေးသည်။ တောင်းသည် သူမ၏ကလေးကို တွယ်တာနေပြန်တော့သည်။ သို့သော် သုစန္ဒီက တောင်းကို

www.nyisay.com



ဘာလို့ ကိုယ့်ကလေးကိုပြန်သတ်ဖို့လုပ်ရတာလဲဟု နိုက်နိုက်ချွတ်ချွတ် မေးသော အခါ၌မူ တောင်းက ဘာတစ်ခုမှ ပြန်မပြောတော့ချေ။

ခရစ္စမတ်ကလေးမွေးပြီး တစ်လပြည့်သောနေ့တွင် ပစောမှာ မမျှော်လင့်ဘဲ အိပ်နေရင်းသေနေတော့၏။ သူမ၏သစ္စာရှိသောနာနီ ရုတ်တရက်သေဆုံးသွားရခြင်းကြောင့် သုစန္ဒီမှာ အလွန်ပင် ထိတ်လန့်တုန်လှုပ်သွားမိလေသည်။ အဝေးအရပ်တွင်နေကြရသော သူတို့၏မိသားစုသည် စတင်ပြိုကွဲပျက်စီးနေပြီ ဖြစ်ကြောင်းကို သုစန္ဒီ သိလိုက်သည်။ ထို့ကြောင့် မြန်မာနိုင်ငံမှ မကြာမီတွင် ထွက်ခွာသွားရန် ဆုံးဖြတ်ချက်ချဖို့ နှောင့်နှေးနေလို့ မဖြစ်တော့ကြောင်း သူမသိလာသည်။

စဝ် ပျောက်ဆုံးသွားပြီး နှစ်နှစ်လုံးလုံးတွင် သူမသည် စဝ်ထံမှ ဘာသတင်းမှ မရခဲ့သလို အခြားသူများထံမှလည်း စဝ် ဘယ်မှာရှိနေသည်ဆိုသော ယုံကြည်လောက်သော ဘာသတင်းတစ်ခုမှ မရခဲ့ချေ။ သူ တစ်နေ့ပြန်လာလိမ့်မယ်ဟု သူမ အခိုင်အမာယုံကြည်နေခဲ့သည်။ သို့သော် သူမကို မြန်မာပြည်မှာ ဆက်ရှိနေစေချင်ရဲ့လား ဟူသောအတွေးကိုမူ သူမ ပို၍ပို၍ သံသယဖြစ်လာခဲ့ လေသည်။ လွန်ခဲ့သောလေးနှစ်က စဝ် ပြောခဲ့ဖူးသောစကားကို သူမသွားပြန် အမှတ်ရမိလိုက်သည်။ စဝ်က ဖြစ်လာနိုင်သော ကိစ္စတွေအတွက် ကြိုတင်ပြင်ဆင်ထားဖို့ ပြောခဲ့ဖူးလေသည်။ သူ တောင်ကြီးအစည်းအဝေးမှ ပြန်လာပြီးနောက် သူမတို့ အိပ်ခန်းဝရန်တာတွင် အပန်းဖြေနေကြစဉ်က သူပြောခဲ့သည်။

"အချစ် မောင့်ကို ကတိတစ်ခုပေးပါ"

သူ ပြောသည်။

"ဘာများလဲ ကျွန်မအချစ်ကြီးရယ်"

သူမ မေးလိုက်သည်။ သူမက သူ့ကို အနီးနားရောက်အောင် ဆွဲကပ်လိုက်သည်။ ညနေခင်း လေပြေညင်းအေးအေးတွင် သူ့ကိုယ်နံ့လေးကိုရအောင် ဖြစ်သည်။

"နှစ်ပတ်လုံး ခွဲနေနေပြီးတာတောင်မှ ကျွန်မက မောင့်ကို ဘာဖြစ်ဖြစ် အားလုံးကို ကတိပေးပါတယ် ကဲ"

စဝ်သည် သူမပခုံးကိုသိုင်းပြီး တင်းတင်းဖက်လိုက်သည်။ ပေါ့ပေါ့ပါးပါး ခပ်ပျော့ပျော့လေသံဖြင့် ပြောရမည့်အစား စဝ်သည် အလွန်လေးလေးနက်နက်ဖြင့်—

"မောင်ပြောတာ နားထောင်။ ပြောလို့မပြီးသေးခင် အချစ်ဘာမှ ဖြတ်မပြောနဲ့နော်။ တိုင်းပြည်နိုင်ငံရေးအခြေအနေ သိပ်တင်းမာနေတယ်။

www.nyisay.com



တကယ်လို့ တစ်နေ့မှာ မောင်ခရီးထွက်တာ ဟော်နန်းကို ပြန်မရောက်ခဲ့ရင် ဒါမှမဟုတ် တစ်ခုခု မောင့်မှာဖြစ်ခဲ့ရင် အချစ်က ကလေးတွေနဲ့အတူ သီပေါကနေ ညြစထြီးယားကို ပြန်သွားရမယ်။ မောင်မရှိဘဲနဲ့ အချစ်အတွက် လုံခြုံမှုရှိမှာ မဟုတ်ဘူး''

သုစန္ဒီက ထိုချိန်တွင် ဘာမှပြန်မပြောဘဲ ခဏနေသည်။ စဝ်က လေးလေး နက်နက်ကြီး ပြောနေသောအခါ သူမမှာ တစ်ကိုယ်လုံး မလှုပ်နိုင်တော့သလို ဖြစ်သွားမိလေသည်။

''အဲလိုမျိုး ဖြစ်လာရင်လည်း ကျွန်မကတော့ မောင်ကို အရင်လိုက်ရှာမှာပဲ''

သူမ ပြန်ပြောလိုက်သည်။

''မဟုတ်ဘူး။ အဲဒီလိုလုပ်တာ မကောင်းဘူး။ မောင်က အချစ်နဲ့ ကလေးတွေကို အချစ်တို့တိုင်းပြည်ကို ပြန်သွားစေချင်တယ်။ ပြီးတော့ မောင့်ကို အဲဒီမှာ စောင့်နေကြပေါ့။ မောင့်အကြောင်း နှစ်နည်းနည်းလောက်ကြာလို့မှ ဘာမှ မကြားရတော့ရင် အချစ်နဲ့ သမီးတွေကို စောင့်ရှောက်မဲ့လူတစ်ယောက်ယောက် ကို ရှာတော့ပေါ့''

သူမက သူ့ကို ဖွဖွလေး အကြင်နာပေးလိုက်ပြီးနောက် ပြောသည်။

''ဒါမျိုးတွေ ဘယ်တော့မှ ဖြစ်လာမှာမှ မဟုတ်တာ။ ကြောက်စရာတွေ တွေးပြီး ကျွန်မအတွက် စိုးရိမ်မနေစမ်းပါနဲ့''

''အချစ်မျှော်လင့်သလို မှန်နိုင်ပါတယ်။ ဒါပေမဲ့ အခုကိစ္စအတွက် အချစ်မောင့်ကို ကတိပေးကိုပေးရမယ်''

စဝ်က သူမကို မျှော်လင့်ချက်ကြီးစွာဖြင့် ကြည့်နေလေသည်။

''ကောင်းပြီလေ ကျွန်မ ကတိပေးပါတယ်''

နောက်ဆုံးတော့ သူမဖြေလိုက်သည်။

သုစန္ဒီသည် ပြောခဲ့သောစကားလုံးတိုင်းကို မနေ့ကဖြစ်ခဲ့သလိုပင် အတိအကျ မှတ်မိနေလေသည်။ စဝ်က သူမကို အရေးတကြီးကတိပေးဖို့ ပြောခဲ့တာတွေကို အကြိမ်ပေါင်းတစ်ရာလောက် ပြန်တွေးနေမိလေသည်။

✦ ✦ ✦

စဝ်၏ဆန္ဒအတိုင်း တိုင်းပြည်မှ ထွက်ခွာသွားဖို့ကို သုစန္ဒီ ဆုံးဖြတ်ပြီးသော အခါ သူမ၏မျှော်လင့်ချက်များ ပြန်လည်နိုးထလာပြန်လေသည်။ ဗိုလ်ချုပ်နေဝင်းက

www.nyisay.com



ဖမ်းဆီးထားသောသူများကို လွတ်ငြိမ်းချမ်းသာခွင့်ပေးဖို့ဆဲဆဲ အခြေအနေကို ကြားလိုက်ရသည်။ သုစန္ဒီက စိတ်လှုပ်ရှားစွာဖြင့် စောင့်နေသည်။ သို့သော် နေဝင်းက ယုတ်မာရက်စက်စွာဖြင့် လိမ်လည်ပြီး ရာဇဝတ်မှုဖြင့်ကျခံနေရသော အကျဉ်းသားတွေကိုသာ တိုင်းပြည်ရှိ အကျဉ်းထောင်တွေမှ လွှတ်ပေးခဲ့ပြီး နိုင်ငံရေး အကျဉ်းသားတွေ ဖမ်းဆီးဖို့ အခန်းလွတ်ပိုရအောင်လုပ်ခြင်းသာ ဖြစ်နေသည်။ စစ်တပ်နှင့် နီးစပ်မှုရှိသော ဖဆပလ ခေါင်းဆောင်များအားလုံး၊ ကျောင်းသားများနှင့် လူနည်းစုတိုင်းရင်းသားများကိုလည်း ဖမ်းဆီးထောင်ချထားလိုက်သည်။ နိုင်လုံသော နေဝင်းနှင့် နီးစပ်သူများထံမှရသော သတင်းအရ လူအများကြီးကို လွှတ်ပေးလိုက်ခြင်းသည် တော်လှန်ရေးအစိုးရ အာဏာသိမ်းသည့် ဒုတိယနှစ်ပတ်လည်နေ့ကို ရည်စူးပြီး လွှတ်ခဲ့ကြောင်း သိရလေသည်။ သုစန္ဒီသည် စိတ်လှုပ်ရှားစွာဖြင့် စောင့်နေခဲ့သော်လည်း သူမ ဩစတြီးယားသို့ ထွက်ခွာရန် ဆုံးဖြတ်ထားသောနေ့ကို ကျော်သွားသည့်တိုင်အောင် စဝ်အကြောင်း ဘာစကားမှ မကြားရချေ။ ထိုအချိန်တွင် သုစန္ဒီသည် စဝ်၏ တရားဝင်သတင်းများကို ရိုက်နှိပ်ပြီး စုံစမ်းခြင်းများ၊ အသနားခံ ခြင်းများ၊ သတင်းများကို ပို့လေတော့သည်။ အမြော်အမြင်ရှိသော သံရုံးသုံးခုကို အသုံးပြုပြီး သံတမန်နည်းလမ်းဖြင့် ကမ္ဘာ့ကုလသမဂ္ဂ အထွေထွေအတွင်းရေးမှူးချုပ် ဦးသန့်ထံ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့၊ ကရာချိတွင်ရှိသော ဩစတြီးယား သံရုံးတို့ကို သတင်းပေးပို့နိုင်ခဲ့သဖြင့် ထိုသံရုံးများကို ကျေးဇူးတင်ရလေသည်။ စဝ်သည် သေချာပေါက်ပင် လုံခြုံရေးအတွက် အထိန်းသိမ်းခံနေရသည်ဟု ဦးသန့်က သူမထံစာပြန်လေသည်။ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့က တော်လှန်ရေးကောင်စီသည် သူတို့၏ဆက်သွယ်မှုကို လက်မခံကြောင်း အဘယ် ကြောင့်ဆိုသော် စဝ်ကို ပြင်ပနှင့် အဆက်အသွယ် မပေးနိုင်သောကြောင့်ဟု သုစန္ဒီ ထံ ပြန်ကြားလေသည်။

ဩစတြီးယားသံအမတ်သည် ဩစတြီးယားနိုင်ငံ နိုင်ငံခြားရေးဝန်ကြီး ဘရူနိုကရိုင်စကီးထံမှ စဝ်ကိုလွှတ်ပေးဖို့စာကို တော်လှန်ရေးကောင်စီသို့ ပို့ပေးသည်။ ထို့အပြင် သူသည် သုစန္ဒီမှ စဝ်အတွက် ဗိုလ်ချုပ်ကြီးနေဝင်းထံ ပို့ရန်စာကို ဖရော်ဖစ်ဆာဟောပ်ထံ ပို့ပေးခဲ့သည်။ ဖရော်ဖစ်ဆာဟောပ်က မြန်မာပြည်ရောက်သည့်အခါ ထိုစာကို ဗိုလ်ချုပ်ကြီးနေဝင်းထံ အရောက်ပို့ရန် ဖြစ်လေသည်။

သုစန္ဒီက ဗိုလ်ချုပ်ကြီးနေဝင်းနှင့် တစ်ကြိမ်တော့ တွေ့ဖို့ပြင်ဆင်ထားခဲ့

www.nyisay.com



သည်။ သူမသည် မတွေ့မီတစ်ရက်အလိုတွင် သံတမန်နှစ်ယောက်နှင့် လျှို့ဝှက်စွာ တွေ့ဆုံဖို့စီစဉ်ခဲ့သည်။ မကြာမီတွင် ထိုသူနှစ်ယောက်နှင့် တွေ့ဆုံနိုင်ခဲ့သည်။ သူတို့နှင့် အလုပ်မလုပ်ခင်ဘွင် သုစန္ဒီ၏စိတ်ထဲ၌ စိုးရိမ်စိတ်များဖြစ်နေခဲ့သည်။ သူတို့ထံမှသတင်းကို အကြာကြီး စောင့်မနေနိုင်တော့ချေ။

"ကျွန်တော် မနေ့ကတွေ့ခဲ့ရတဲ့ အဖြစ်အပျက်မျိုးကို မဟာဒေဝီ ဘယ်လိုမှ ထင်မှာမဟုတ်ဘူး"

သံတမန်တစ်ယောက်က သုစန္ဒီကို ပြောလိုက်သည်။

"ကျွန်မနဲ့ ပတ်သက်နေလို့လား"

သုစန္ဒီ ပြန်မေးလိုက်သည်။

"တိုက်ရိုက်တော့ မဟုတ်ဘူးပေါ့"

အခုမှ သုစန္ဒီ ပိုမိုစူးစိုက်လာသည်။ ရှေ့ကုန်းတိုးလိုက်သည်။ သူမ ပြောလိုက်သည်။

"ကျွန်မ နားထောင်နေပါတယ်"

"အချိန်က ၁၁ နာရီကျော်ပြီ။ ကျွန်တော်တို့အုပ်စုက ညနေတိုင်ကျရင် အင်းယားလိပ်ဟော်တယ်မှာ သွားအပန်းဖြေကြတယ်။ အဲဒီမှာ စားသောက်ဆိုင်ရှိတယ်။ ဘားရှိတယ်။ တီးဝိုင်းအဖွဲ့လည်း ရှိတယ်။ တီးဝိုင်းလေးက မဆိုးပါဘူး။ တချို့လည်း ကကြတာပေါ့။ ကျွန်တော်တော့ အရက်သောက်နေတယ်။ အဲဒီအချိန်မှာ အားလုံး ရုတ်တရက် လန့်သွားကြတယ်။ ထောင်ထောင်မောင်းမောင်း အသားဖြူဖြူ ဗိုလ်ချုပ်နေဝင်းနဲ့ သူ့နောက်က တပည့် ၆ ယောက်နောက်ကလိုက်ပြီး ဝင်ချလာကြတယ်။ မုန်တိုင်းတိုက်သလိုပဲ ခန်းမထဲကို တန်းဝင်လာကြတယ်"

ခပ်ငယ်ငယ်သော သံအမတ်က ခဏနားပြီး ဆေးလိပ်မီးညှိလိုက်သည်။

"နောက် ဘာဖြစ်လဲ"

"နေဝင်း ကြည့်ရတာ အတော်စိတ်ဆိုးမကျေမနပ်ဖြစ်နေပုံပဲ။ သူ တစ်ခုခုဖြစ်လာပုံပဲ။ သူ့မျက်နှာက မဟာဒေဝီရဲ့လုံချည်လိုပဲ ရဲတောက်နေတယ်။ သူ့လက်ထဲမှာ ဂေါက်ရိုက်တံပါလာတယ်။ သူက တီးဝိုင်းအဖွဲ့ဆီကို မုန်တိုင်းတိုက်သလို ပြေးဝင်သွားတယ်။ ပြီးတော့ ဗမာလိုအော်ဆဲတယ်။ ကျွန်တော် နားမလည်ပါဘူး"

"နောက်တော့ရော"

"သူ့လက်ထဲက ဂေါက်ရိုက်တံနဲ့ ဒရမ်ကြီးကို ရိုက်ခွဲပစ်တယ်။ အားလုံး

www.nyisay.com



ဖျက်ဆီးတယ်။ နောက်သူက ဒရမ်တီးတဲ့လူဆီရောက်သွားတယ်။ ဒါပေမဲ့ ဘာမှ မဖြစ်သေးဘူး။ ကျွန်တော်တို့သံရုံးက အရာရှိတစ်ယောက် အမြန်ပြေးဝင်သွားတယ် ပြီးတော့ သူ့ကို ဖျောင်းဖျတယ်''

''သူ အောင်မြင်သွားလား''

''ဆန့်ကျင်ဘက်ပဲ သူက တစ်ခါတည်းစပြီး သံအရာရှိကို တိုက်ခိုက်တော့တာပဲ။ သူ့လက်ထဲကဂေါက်တံနဲ့ အားရပါးရ လွှဲရိုက်တော့တာပဲ။ သူ လုံးဝမရပ်ဘူး။ ဒီသံအရာရှိ သမံသလင်းပေါ် သွေးအိုင်ထဲပုံလဲကျသွားတဲ့အထိ ရိုက်တယ်။ ဒီတော့မှ သူ့ဒေါသမုန်တိုင်းစဲသွားတယ်''

''သံအရာရှိ တော်တော်ထိခိုက်သွားလား''

ဒုတိယ သံအမတ်က ဝင်မေးသည်။

''သူ့မျက်နှာ လက်မောင်းလက်ချောင်းတွေမှာ အချက်ပေါင်း ရှစ်ဆယ် ချုပ်ရတယ်''

''အကြမ်းဖက်မှုကို သူလုပ်တတ်တယ်ဆိုတာကို ပြလိုက်တာပဲ၊ သူက ဗိုလ်ချုပ်နေဝင်းပဲ''

ဒုတိယသံအမတ်ကပြောပြီး ခေါင်းကို တခါခါလုပ်နေတော့သည်။

သုစန္ဒီသည် ဒီအရှူးဆီသွားပြီး သူမ၏ကိစ္စကို ပြောပြဖို့ဆိုတာ မဖြစ်နိုင်တော့ကြောင်း သိလိုက်လေသည်။ သုစန္ဒီသည် အခြားနည်းလမ်းတစ်ခုခု ရှာဖွေပြီး စစ်ကိုရှာဖို့ ကြိုးစားရပေတော့မည်။

✦ ✦ ✦

ထို့နောက် ဆန့်ကျင်ဘက် သတင်းနှစ်မျိုးဝင်လာသည်။ သတင်းပို့သူက သူမအား သံအရာရှိသည် အမြန်ဆုံးတွေ့ချင်သည်ဟု လာပြောသည်။ သုစန္ဒီသည် အချိန်ဖြုန်းမနေဘဲ တိတ်တဆိတ်ပြုလုပ်သော တွေ့ဆုံရာနေရာသို့ စစ်ထောက်လှမ်းရေးအစောင့် ဂျစ်ကားကို တစ်ပတ်ရိုက်ပြီး ထွက်ခဲ့လေသည်။ ဒရိုင်ဘာလုတင်က သူမကို လူတစ်ယောက်အိမ်သို့ မောင်းပို့ခဲ့သည်။

ထိုအချိန်တွင် သူမ၏ကားနှင့် စစ်ထောက်လှမ်းရေးအစောင့် ဂျစ်ကားတို့က အိမ်ရှေ့တွင် သည်းခံပြီး စောင့်ပေးနေကြလေသည်။ သုစန္ဒီသည် အိမ်နောက်ဖေး တံခါးပေါက်မှထွက်ပြီး အိမ်နောက်ဖေး လမ်းကြားထဲတွင်စောင့်နေသော ဂျစ်ကားဖြင့် ထွက်ခဲ့သည်။ သံအရာရှိသည် စာအိတ်နှစ်အိတ်ကို ထောင်ပြရင်း

www.nyisay.com



ဝမ်းမြောက်စွာ ကြိုသည်။

"ကျွန်တော့်ဆီမှာ မဟာဒေဝီအတွက် အရေးကြီးတဲ့ စာနှစ်စောင်ရှိတယ်"

တစ်စောင်သည် ကရာချိရှိ ဩစတြီးယားသံရုံးမှဖြစ်ပြီးနောက် တစ်စောင်ကတော့ ဖရော်ဖစ်ဆာဟော့ပ် လက်ရေးမှန်း သိလိုက်သည်။

"သူ မြို့ထဲမှာရှိနေလား"

သူမ မေးလိုက်သည်။

"ရှိတယ်။ သူက မိုလ်ချုပ်နေဝင်းရဲ့ အထူးဧည့်သည်ပဲလေ"

သုစန္ဒီသည် စာအိတ်ကို ဂနာမငြိမ်စွာဖြင့် ဖောက်လိုက်သည်။ ပြီးတော့ လက်ရေးဖြင့် ရေးထားသောစာကို ဖတ်လိုက်သည်။

*ခင်မင်သော အင်းဂ်*

*ယခုခရီးမှာ ကျွန်တော် အင်းဂ့်ကို မတွေ့နိုင်သော်လည်း အင်းဂ့် ကျန်းမာရေးအတွက် စိုးရိမ်ပူပန်မိကြောင်း ပြောချင်ပါတယ်။ မကြာမီအချိန်တွင် အင်းဂ် ဗမာနိုင်ငံမှ ဩစတြီးယားနိုင်ငံသို့ မနှောင့်နှေးဘဲ ထွက်လာနိုင်လိမ့်မယ်လို့ မျှော်လင့်ပါတယ်။ စဝ်ကလည်း အင်းဂ်နဲ့ ကလေးတွေကို ပြန်လည်ဆုံစည်းကြဖို့ မျှော်လင့်နေမှာပါ။*

*ကျွန်တော့်မှာ စဝ်နဲ့တွေ့ဖို့ မဖြစ်နိုင်ပေမဲ့ သူ့အတွက် သတင်းကောင်းတော့ ပေးနိုင်မှာပါ။ မိုလ်ချုပ်နေဝင်းကလည်း ကျွန်တော့်ကို အသေအချာ ပြောပြထားပါတယ်။ စဝ်ဟာ ကျန်းကျန်းမာမာရှိနေပြီး သူ့အတွက် လိုအပ်တာတွေလုပ်ပေးဖို့ လူနှစ်ယောက် ထားပေးပါတယ်လို့ ပြောပါတယ်။*

*စဝ်ကို စစ်ဆေးပေးရတဲ့ သမားတော်က စဝ်ကို ကြည့်ရှုစစ်ဆေးပြီး ကျွန်တော့်ကို ပြောပြပါတယ်။ စဝ်က နေကောင်းကျန်းမာပါတယ်။ ရုပ်ရော စိတ်ရော ကျန်းမာပါတယ်လို့ပြောပါတယ်။ မိုလ်ချုပ်နေဝင်းက အင်းဂ်စာကို လက်ခံပြီး စဝ်ဆီပို့ပေးပါတယ်။ ပြီးတော့ ကျွန်တော်ကိုပြောပါတယ် အင်းဂ် မကြာခင်မှာပဲ စဝ်ဆီက ပြန်စာကိုရပါလိမ့်မယ်လို့ ပြောပါတယ်။*

*ဒီသတင်းကို အင်းဂ်ဆီကို မကြန့်ကြာဘဲ အမြန်ရောက်စေချင်ပါတယ်။ ဘာလို့လဲဆိုတော့ ဘယ်လောက်များ အင်းဂ်ကို ဝမ်းသာစေလိုက်မလဲဆိုတာ သိလို့ပါ။ ဒီသတင်းက အလွန်အားတက်စေပါတယ်။ မကြာမီအချိန်လောက် ဩစတြီးယားမှာ တွေ့ကြဖို့ မျှော်လင့်ပါတယ်။ ဩစတြီးယားမှာ တွေ့ကြတဲ့အထိ*

www.nyisay.com



*အင်းဂ်နှင့် ကလေးတွေအတွက် အလိုဆန္ဒများအားလုံး ပြည့်ဝကြပါစေ။*
*ဟန်းဟော့ပ်*

သုစန္ဒီ သူမ၏မျက်လုံးကိုပင် မယုံရဲအောင် ဖြစ်နေမိလေသည်။ သူမမျက်လုံးအိမ်ထဲ မျက်ရည်များ ပြည့်လျှံမလာခင်ထိ သူမသည် စာကို တစ်ကြိမ်၊ နှစ်ကြိမ်၊ သုံးကြိမ် ပြန်ဖတ်နေမိသည်။ သူမ လွန်ခဲ့သော နှစ်နှစ်လောက်က စောင့်နေခဲ့ရသော အရာသည် နောက်ဆုံးတွင် လက်ခံရရှိခဲ့လေပြီ။ မိုလ်ချုပ်နေဝင်းကိုယ်တိုင် စဝ်က သူတို့လက်ထဲမှာရှိနေကြောင်း ပြောလိုက်ပြီဖြစ်သည်။ ထို့အပြင် ဗမာစစ်တပ်က ဆရာဝန်ကလည်း အတည်ပြုပေးခဲ့ပြီးဖြစ်သည်။ သုစန္ဒီ၏ဒူးများ ကွေးညွတ်ကျသွားသကဲ့သို့ ခံစားလိုက်ရသည်။ သို့သော် စာထဲတွင် စဝ်အတွက် ကြည့်ရှုစောင့်ရှောက်ဖို့ လူနှစ်ယောက်ပေးထားသည်ဆိုတာဘာကို ပြောတာပါလိမ့် သူမနားမလည်ချေ။ ရှေ့နောက် မကိုက်ညီချေ။

စကားတစ်လုံးမှ မပြောဘဲ လက်ထဲကစာကို သံအရာရှိလက်ထဲ သုစန္ဒီ ထိုးထည့်ပေးလိုက်သည်။ သူက ဖတ်ကြည့်ပြီး ပြောသည်။

"ဒီစာကြည့်ပြီး မိုလ်ချုပ်နေဝင်းကို ပြန်ယုံကြည်ရမလို ဖြစ်သွားတယ်။ မဟာဒေဝီအတွက် တကယ်ပဲ ဝမ်းသာပျော်ရွှင်မိပါတယ်။ နောက်စာတစ်စောင် မကြည့်တော့ဖူးလား။ နောက်ထပ် သတင်းကောင်းတစ်ခုဖြစ်မယ် ထင်တယ်"

သုစန္ဒီသည် ဒုတိယစာကိုယူလိုက်ပြီး ဖွင့်လိုက်သည်။ ဖရော်ဖစ်ဆာ၏စာထက် အနည်းငယ် နေးကွေးနေမိသည်။ သံအမတ်ကြီးထံမှ စာဖြစ်ပြီး သူမ၏မျက်နှာပေါ်တွင် မယုံနိုင်အောင် ဖြစ်နေပုံရလေသည်။

"ဒါကို ကျွန်မ နားမလည်နိုင်ဘူး"

သူမ ပြောလိုက်သည်။

"မိုလ်ချုပ်နေဝင်းအဖွဲ့ရဲ့ နိုင်ငံခြားရေးဌာနက ဩစထြီးယားက ဒေါက်တာ ခရိုင်စကီးဆီ အကြောင်းကြားစာမှာ ဗမာစစ်တပ်က စဝ်ကို ဖမ်းဆီးထိန်းသိမ်းထားခြင်းကို ဘယ်တုန်းကမှ မလုပ်ခဲ့ပါတဲ့။ ပြီးတော့ သူဘယ်မှာရှိနေတယ်ဆိုတာလည်း မသိရှိပါတဲ့"

"ကျွန်တော့်ကို ပြပါဦး"

သံအရာရှိက ပြောသည်။ သူက သူမလက်ထဲက စာကိုယူလိုက်ပြီး အသေအချာ ဖတ်သည်။

www.nyisay.com



''ဒါ ကောင်းတဲ့လက္ခဏာ မဟုတ်ဘူး''

သူ ပြောလိုက်သည်။

''ဒီစာ ကျွန်တော် ယူသွားလို့ရမလား။ ဖရော်ဖစ်ဆာဟော့ပ်အတွက် ကော်ပီဆွဲချင်လို့''

''ကျေးဇူးပြုပြီးလုပ်ပါ။ ကျွန်မ သူ့ဆီစာရေးမယ် မနက်ဖြန် သူ့ဆီ ပို့ပေးပါလား။ ပို့ပေးနိုင်တယ် မဟုတ်လား''

သုစန္ဒီ အမြန်ထွက်လာခဲ့သည်။ သူမစိတ်တွေ လှုပ်ရှားနေသည့်အတွက် တစ်ယောက်တည်းနေဖို့ လိုအပ်သည်။ သူမ ခံစားလိုက်ရသော ပျော်ရွှင်မှုလေးကို ထိန်းသိမ်းထားပြီး ပြန်စဉ်းစား ခံစားနေလိုက်ချင်သေးလေသည်။ ဒီအဓိပ္ပာယ်နှစ်မျိုး ထွက်တဲ့သတင်းက ဘာကို ဆိုလိုတာလဲ။ သူမသည် နိုင်ငံခြားရေးဌာန၏စာကို အလေးမထားဘဲ နေလိုက်ချင်မိသည်။ သို့သော် တရားဝင်ထုတ်ပြန်သောစာသည် ခပ်လွယ်လွယ်တော့ မရနိုင်ချေ။ တခြားတစ်ဖက်ကတွေးသော် မိုလ်ချုပ်နေဝင်းသည် သူ့စိတ်ကုဆရာဝန်ကြီးကို လိမ်ညာပြောဆိုဖို့ကလည်း မဖြစ်နိုင်ဟု ထင်ရပြန်လေသည်။

သုစန္ဒီက သူမကို တရားစခန်းကိုပို့ပေးဖို့ လှတင်အား ခိုင်းလိုက်သည်။ စိတ်ဖိစီးမှုကြောင့် ရှုပ်ထွေးနေရသော စိတ်ကို သူမတစ်ယောက်တည်း မခံနိုင်တော့ချေ။ စိတ်ကြည်လင်ခြင်းနှင့် ဖွဲလမ်းခြင်းအတိုင်းအတာကို သည်အခုချိန်တွင် သူမ အဓိကရှုရမည့်အရာဖြစ်သည်။ ထို့ကြောင့် သူမ၏ဆုံးဖြတ်ချက်သည် အကောင်းဆုံး ဖြစ်နိုင်ပေလိမ့်မည်။ တရားထိုင်လိုက်ခြင်းဖြင့် သူမ၏အတွင်းစိတ်တွေ ပြန်လည်အေးချမ်းသွားလိမ့်မည်ဟု မျှော်လင့်နေမိသည်။ သူမမျက်လုံးကို ပြန်ဖွင့်လိုက်သောအခါ တည်ငြိမ်ပြီး စိတ်စွမ်းအားများ ပြန်ကောင်းလာသည်။ သူမ ဒီတိုင်းပြည်က နှောင့်နှေးမနေဘဲ ထွက်ကိုထွက်ခွာရမည်ဟု ရုတ်တရက်ချက်ချင်းပင် သဲသဲကွဲကွဲ နားလည်ယာမိတော့လေသည်။ သူမ၏အတိတ်က အတွေ့အကြုံအရ သူမသည် ထိုးထွင်းသိမြင်တတ်သော ဉာဏ်ကို တကယ်လိုအပ်နေမှန်း သိလိုက်သည်။ လေးစားဖွယ်ကောင်းသော ဗမာအမျိုးသမီးစာရေးဆရာနှင့် တို့ဗမာအစည်းအရုံး အဖွဲ့ဝင် ဒေါ်ခင်မျိုးချစ်အိမ်သို့ဖြတ်ပြီး သူမ လမ်းလျှောက်ဝင်သွားလိုက်သည်။ သူမ၏အိမ်လေးသည် ဧည့်သည်အတွက် အမြဲတံခါးဖွင့်ထားပေးသည်။ မိုလ်နေဝင်းနှင့် မိုလ်စကြာသည် ရဲဘော်သုံးကျိပ်ဝင်တစ်ယောက်ဖြစ်ပြီး ဗမာပြည်မှ ဂျပန်နှင့် အင်္ဂလိပ်ကို မောင်းထုတ်ခဲ့ရာတွင် ပါဝင်ခဲ့သူလည်း ဖြစ်သည်။

www.nyisay.com



ထိုအိမ်တွင် ပုလဲနှင့် တွေ့ဖို့မျှော်လင့်နေမိသည်။ ပုလဲသည် ထက်ထက်မြက်မြက်နှင့် ယုံကြည်ရသော အမျိုးသမီးတစ်ယောက်ဖြစ်ပြီး အထက်လူကြီးများနှင့် ပေါက်ပေါက်ရောက်ရောက်ရှိသူလည်းဖြစ်သည်။ သုစန္ဒီကို သူမဘာသာ လိုလိုချင်ချင်ဖြင့် လွှန်ခဲ့သောလများက ကူညီခဲ့ဖူးလေသည်။ တံခါးဝတွင် ပုလဲပြန်ဖြေလိုက်ပြီးနောက် သုစန္ဒီက အရေးကြီးပြီး အကူအညီတကယ်လိုအပ်နေပြီဖြစ်လို့ သေချာကိုလာရကြောင်း သင်္ကေတပြပြီး အိမ်ထဲဝင်လိုက်သည်။

''ကျွန်မတို့ လွတ်လွတ်လပ်လပ် ပြောလို့ရလား ပုလဲ''

သုစန္ဒီ သူမကို မေးလိုက်သည်။ အထဲတွင် တစ်ဒါဇင်လောက်သောလူတွေနှင့် တက်တက်ကြွကြွ ဆွေးနွေးနေသော ဒေါ်ခင်မျိုးချစ်ကို ဖျတ်ခနဲဖမ်းသိလိုက်သည်။

''ရပါတယ်။ အစ်မကြီး''

ပုလဲပြောရင်းက တံခါးအပြင်ဘက်တွင်ရှိသော စင်မှ ညှပ်ဖိနပ်ကိုထုတ်ယူလိုက်သည်။ မိန်းမနှစ်ယောက်သား ခြံဝင်းအတွင်း အတော်ဝေးဝေးတွင်ရှိသော ညောင်ပင်ကြီးအရိပ်အောက်သို့ လမ်းလျှောက်သွားလိုက်ကြသည်။ သုစန္ဒီ စပြီးပြောလိုက်သည်။

''ဒီနေ့ ကျွန်မ တရားထိုင်ပြီးတော့ ကျွန်မ ရှင်းရှင်းလင်းလင်း သိသွားခဲ့ပါတယ်။ ကျွန်မ ကလေးတွေနဲ့အတူ ဗမာပြည်ကထွက်ပြီး သြစတြေးယားကို ပြန်မှဖြစ်တော့မယ်''

ပုလဲရပ်လိုက်ပြီး သုစန္ဒီ မျက်နှာဘက် လှည့်လိုက်သည်။

''ကျွန်မ မအံ့သြပါဘူး။ တကယ်တော့ ကျွန်မ ဟိုးအရင်အချိန်အတော်ကြာကြာကတည်းက မျှော်လင့်နေပြီးသားပါ။ ကျွန်မ ဘာအကူညီပေးရမလဲ''

''အိုး ရှိတာပေါ့။ ကျွန်မအတွက် ပုလဲ အကူညီတွေပေးရဦးမယ်။ ကျွန်မသိချင်နေတာက ကျွန်မနဲ့ကလေးတွေထွက်ဖို့ ဘာခွင့်ပြုချက်တွေလိုလဲဆိုတာပေါ့''

''ဒါ စုံစမ်းဖို့ ကျွန်မအတွက် အလွယ်လေးပါ အစ်မကြီး။ ဘယ်သွားရမလဲဆိုတာ ကျွန်မ အသေအချာ သိပါတယ်''

ပုလဲ ဝမ်းမြောက်စွာ ပြန်ပြောလေသည်။ သူမသည် စိတ်လှုပ်ရှားစရာစွန့်စားမှုတွင်ပါဝင်ရန် ဖိတ်ခေါ်ခြင်းခံရလေတော့သည်။

www.nyisay.com



သုစန္ဒီ အိမ်အပြန်လမ်းတွင် သီချင်းတေးသွားလေးကို ညည်းလာသည်။ သူမသည် လမ်းအမှန်ပေါ်တွင် ကူညီမည့်လူ အမှန်လည်းတွေ့ရပြီမို့ ယုံကြည်မှုများ ရင်မှာ အပြည့်ခံစားရလေသည်။ သူမကိုယ်တိုင် စုံစမ်းမည်ဆိုလျှင် ဘယ်နေရာမှ မရနိုင်။ သူတို့ကလည်း ဘယ်တော့မှ မကူညီကြချေ။ ထွက်ခွာခွင့်မရဘဲ ဩစတြီးယားသူ မိန်းမတစ်ယောက်သည် သူမတိုင်းပြည်ကို သူမပြန်တာ ဘာလို့ ပြန်ခွင့်မပြုရတာလဲဆိုတာ အခုထိ ထူးဆန်းအံ့ဩနေမိသေးသည်။

မြန်မာနိုင်ငံသားရဖို့ အမြန်လောပြီးမလုပ်မိဖို့ စစ်က သူမကိုအမြဲ သတိပေးနေခဲ့ဖူးလေသည်။ အခုတော့ စစ်၏အမြော်အမြင်ကြီးစွာ အကြံပေးမှုကိုသိရလေပြီ။ သုစန္ဒီသည် ဝန်ကြီးချုပ်ဦးနုနှင့် စကားပြောခဲ့ဖူးတာကို ကောင်းကောင်း သွားသတိရမိတော့သည်။ ဘယ်တော့ မြန်မာနိုင်ငံသားခံယူမလဲဟု သူမကို မေးလာသောအခါ သူမ ပြန်ပြောလိုက်သည်။

''အစ်ကိုကြီး ရှမ်းပြည်နယ်သားခံယူဖို့ စောင့်ရလိမ့်မယ်လို့ ကျွန်မထင်တယ်''

❖

www.nyisay.com



## အခန်း ၂၀

ရက်အနည်းငယ်အတွင်းတွင် ပုလဲသည် သတင်းအချက်အလက်များကို စုဆောင်းလာသည်။

"အစ်မကြီး"

သူမက သုစန္ဒီကို တရားစခန်းတွင် ပြောသည်။

"မှန်မှန်ကန်ကန်နဲ့ အစီအစဉ်အတိုင်းလိုက်နာရင် တိုင်းပြည်ကနေ ထွက်လို့ရပါတယ်"

"ပြီးတော့ ကလေးတွေ။ ကလေးတွေအတွက်ကော"

"သူတို့က ဩစထြီးယားနိုင်ငံသားဖြစ်ကြောင်း အစ်မက သက်သေပြနိုင်ရင် ကလေးတွေလည်း ထွက်လို့ရပါတယ်"

ပုလဲက သုစန္ဒီကို စိုးရိမ်တကြီး ကြည့်လိုက်သည်။ အဖြေ တိတိကျကျ ပြောရလျှင် သုစန္ဒီမှာ တုန်လှုပ်ကြောက်ရွံ့သွားရလေသည်။

သူမမှာ နာနာကျင်ကျင်ကို ခံစားလိုက်ရလေသည်။ အမေလုပ်သူ၏ အခြေအနေကို ဂရုမထားဘဲနှင့်ပင် ပြည်ထောင်စုမြန်မာနိုင်ငံတွင် မွေးဖွားသော ကလေးတွေသည် မြန်မာနိုင်ငံသားဖြစ်နေတာ ရှင်းနေသောအချက် ဖြစ်လေသည်။

သို့ဖြစ်ငြားသော်လည်း သူမ ဆုံးဖြတ်လိုက်ပါသည်။

"ကျေးဇူးပါပဲ ပုလဲ။ ကျွန်မကလေးတွေဟာ ဩစထြီးယားနိုင်ငံသား ဖြစ်ကြောင်း သက်သေပြပါ့မယ်။ အဲတာပြီးရင် ကျွန်မကို တစ်ခါထပ်ကူညီဦးမလား"

www.nyisay.com



ပုလဲက သံသယအကြည့်ဖြင့် ကြည့်လိုက်သည်။ သို့သော် သူမသည် စိတ်အားငယ်မည့် စကားများကိုရှောင်ပြီး ပြောလိုက်သည်။

''ကျွန်မ အကူအညီလိုရင် အမြဲခေါ်လို့ရပါတယ် အစ်မကြီး''

သုစန္ဒီသည် သူမ၏ ဩစတြီးယားပတ်စပို့ကို ကရာချီရှိ ဩစတြီးယား သံရုံးသို့ ပို့လိုက်သည်။ သူမ၏ကလေးနှစ်ယောက်ကို ပတ်စ်ပို့ထဲမှာ တစ်ခါတည်း ထည့်လို့ရမလား မေးလိုက်သည်။ သံမှူးကော့ပ်က ချက်ချင်းပင် ပြန်ကြားလိုက် သည်။ မရပါ။

သည်ကိစ္စသည် ဩစတြီးယားဥပဒေကို ဆန့်ကျင်နေသည်။ အကယ်၍ လုပ်လျှင် တရားမဝင်လုပ်ရမည်။ စိတ်အားပျက်စရာကောင်းသော်လည်း သူမ အရှုံးမပေး။ သူမ၏ နောက်တစ်ကြိမ် တိုက်ရိုက်အားထုတ်မှုသည် ဘန်ကောက်တွင် ရှိသော ဩစတြီးယားသံရုံးကိုဖြစ်လေသည်။ ထိုင်းသည် မြန်မာနိုင်ငံတွင် ဩစတြီးယား၏ အကျိုးစီးပွားရှိ မရှိကို ကြည့်မနေချေ။

ထိုအချိန်၌ တော်လှန်ရေးကောင်စီ အာဏာသိမ်းခဲ့သည့် ဒုတိယ နှစ်ပတ်လည်နေ့ကို ကျော်လွန်ခဲ့ပြီဖြစ်သည်။ ဗမာကျောင်းသားအချို့ကို အကျဉ်းထောင်မှ လွှတ်ပေးခဲ့သော်လည်း နောင်လုပ်မည့်အစီအစဉ်နှင့် ရှင်းပြတာမျိုးမလုပ်ဘဲ အကျဉ်းထောင်ထဲတွင် အကျဉ်းသားထောင်ပေါင်းများစွာ ကျန်နေသေးလေသည်။ ထိုအချိန်တွင် စဝ်ထံမှ စာပြန်လာမှာပါဟု ဗိုလ်ချုပ်နေဝင်းက ပြောခဲ့သော်လည်း စဝ်ထံမှ ဘာမှ ပြန်မလာပါချေ။ စဝ်အကြောင်း ဩစတြီးယား နိုင်ငံခြားရေးဝန်ကြီး ဌာနမှ မေးနေသောကြောင့် မည်သို့ တုံ့ပြန်ရမလဲဆိုတာကို ရှိနေသော နိုင်ငံခြားရေး ဝန်ကြီး ဦးသီဟန်က ဗိုလ်ချုပ်နေဝင်းကိုမေးသောအခါ ဗိုလ်ချုပ်နေဝင်းက စဝ်ကို ဘယ်တုန်းကမှ ဖမ်းဆီးခြင်းမရှိခဲ့သည့်အတွက် ဗမာစစ်တပ်လက်ထဲတွင် မရှိကြောင်းငြင်းဆိုဖို့ ဗိုလ်ချုပ်နေဝင်းက ဦးသီဟန်အား ညွှန်ကြားကြောင်း ဗိုလ်မှူးကြီးသီဟန်က သုစန္ဒီအားပြောခဲ့လေသည်။ နောက်ဆုံးတွင် သုစန္ဒီသည် စဝ် လွတ်မြောက်ရေးအတွက် တိုင်းပြည်အပြင်ဘက်မှ ကြိုးစားတော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်ရတော့လေသည်။ ကမ္ဘာ့ကုလသမဂ္ဂ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့၊ နိုင်ငံတကာတရားရုံး၊ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့် အဖွဲ့နှင့် များစွာသော နိုင်ငံအုပ်ချုပ်သူများတို့နှင့် ပူးပေါင်းဆောင်ရွက်ရပေ တော့မည်။ မာယာရီနှင့်ကိန္နရီသည် ကျောင်းတွင် ဂုဏ်ထူးများဖြင့်အောင်မြင်ပြီး

www.nyisay.com



အင်္ဂလိပ်မက်သဒစ်ကျောင်းတွင် အလွန်စိတ်အားထက်သန်စွာ ဆက်တက်ချင်ကြလေသည်။ ထိုအချိန်တွင် သုစန္ဒီသည် ဩစတြေးယားသို့ထွက်ခွာဖို့ ကြိုတင်ပြင်ဆင်စရာများကို လုပ်ဆောင်နေလေသည်။ သူတို့သိလိုစိတ်ကို သတိထားပြီး တားဆီးနေရသည်။ မာယာရီ သုံးနှစ်သမီးအရွယ်က သူမအာသီးကို ဩစတြေးယား ဆရာဝန်က ဖြတ်ပေးခဲ့ဖူးသောကြောင့် သူမက သတိရနေသည်။

သူမက ဆရာဝန်ထံသို့ သူမအာသီး ထပ်ကြီးမလာတော့ဘူးဆိုတာကို အာမခံချက်ပေးနိုင်ပါသလားဟု စာရေးမေးခဲ့ဖူးလေသည်။ ကိန္နရီကတော့ သူမကြိုက်သော ချောကလက်တွေအားလုံး စားခွင့်ပေးဖို့ ကတိတောင်းလေသည်။ သမီးနှစ်ယောက်လုံးက ပြောကြသည်မှာ –

"ပါပါက ဩစတြေးယားနိုင်ငံလေဆိပ်မှာ သမီးတို့ကိုကြိုနေမှာပေါ့နော်"

သုစန္ဒီကတော့ ထွက်ခွာဖို့ လိုအပ်သောအရာမှန်သမျှကို ဆက်လက်လုပ်ဆောင်နေသည်။ ထို့အပြင် စိတ်ခံစားမှုနှင့် လက်တွေ့လုပ်ဆောင်ရသော အမှုတို့အတွက် စိတ်ကိုတည်ငြိမ်အောင် အထူးသတိထားလုပ်ဆောင်နေရသည်။ ထို့နောက် ဆွေမျိုးများ၊ မိတ်ဆွေများ၏အကူအညီဖြင့် လက်တွဲလုပ်ဆောင်ရသည်။ သီပေါဟော်နန်းကို ဆက်လက်ထိန်းသိမ်းခွင့် တရားဝင်အပ်နှံဖို့အတွက် အလွတ်ရှေ့နေတစ်ယောက်ဖြင့် လျှို့ဝှက်စွာပြင်ဆင်ခဲ့ရသည်။ သုစန္ဒီသည် ထွက်ခွာခွင့်စာရွက်စာတန်းများမရရှိသေးမီတွင် သူမ အစီအစဉ်များကို မည်သူ့ကိုမှ မပြောဘဲနေတာကို ပိုကြိုက်သည်။ သူမ၏ စကင်ဒီနေဗီးရင်း မိတ်ဆွေသုံးယောက်သည် သူမကို စိတ်ဓာတ်ရေးရာ အင်အားများ ထောက်ပံ့ပေးသလို အကြံဉာဏ်အကူညီများလည်း ပေးကြသည်။ သူတို့ထဲက ဘတ်တန်က သူမဆန္ဒဖြင့် သုစန္ဒီကို ပြောသည်။

"ကျွန်မ ဘန်ကောက်ကို လေယာဉ်နဲ့ သွားလိုက်ချင်တယ်၊ ဩစတြေးယားသံရုံးမှာ သမီးနာမည်တွေ အင်္ဂလိပ်တစ်ပို့ထဲမှာ ဖြည့်ရေးပြီးတဲ့အထိ နေမယ်။ ဟုတ်တယ် ကျွန်မသွားနေတဲ့အချိန်မှာ ကျွန်မမိသားစုကို ရှင်စောင့်ရှောက်ထားပေးမလား"

စိတ်အားထက်သန်စွာဖြင့် လိုလိုလားလား ချဉ်းကပ်ပြီးပြောလာသောအခါ သုစန္ဒီသည် သည်ခရီးသွားဖို့ ကုန်ကျမည့်စရိတ်အားလုံးကို တာဝန်ယူဖို့ အာမခံလိုက်လေသည်။

သံတမန်အဆင့်အတန်းကြောင့် ဘတ်တန်သည် စိတ်လှုပ်ရှားနေကြသော

www.nyisay.com



မိတ်ဆွေအပေါင်းကို ထားခဲ့ကာ ဘန်ကောက်သို့ ရက်အနည်းငယ်အတွင်း သွားခွင့်ရသည်။

ဘန်ကောက်တွင် နှစ်ရက်အတွင်း အောင်မြင်စွာ ပြန်လာဖို့ဆိုသည်မှာ မဖြစ်နိုင်သောအရာ ဖြစ်လေသည်။

သူမသည် သုစန္ဒီ၏ ပြုပြင်ဖာထေးထားသော ပတ်စပို့နှင့်အတူ ပြန်ရောက်လာသည်။ ပတ်စပို့ထဲတွင် မာယာရီနှင့် ကိန္နရီတို့၏ဓာတ်ပုံများပါ ကပ်ထားပြီး တရားဝင်တံဆိပ်တုံးများစွာပါ ထုနှိပ်ပေးထားသည်။ အဝင်တုံးတွင်...

''မာယာရီနှင့် ကိန္နရီတို့သည် ဩစတြီးယား နိုင်ငံသားများဖြစ်ကြောင်း ဩစတြီးယားအစိုးရက သက်သေခံပါကြောင်း''

စာကို ရေးထားသည်။

''အလိုလေး ဘုရားသခင် ရှင်ဘယ်လိုများ လုပ်လာခဲ့တာလဲ''

သူမ၏ မိတ်ဆွေများသည် ဘတ်တန်အား တကယ်အံ့ဩပြီး ချီးမွမ်းကြလေသည်။

''သိပ်မခက်ခဲပါဘူး''

သူမ ပြန်ပြောသည်။

''ကျွန်မသိပ်ကံကောင်းတယ် မမျှော်လင့်တဲ့ အကူအညီကိုတွေ့ခဲ့တာ''

''ဘယ်လို ကျေးဇူးတင်ရမှန်းတောင် မသိတော့ပါဘူး။ အားလုံးကို ခြုံပြီးတော့ပေါ့''

သုစန္ဒီ ပြောလိုက်သည်။ မျက်ရည်များ ယိုစီးကျလာပြီး တန်ဖိုးမဖြတ်နိုင်သော ပတ်စပို့လေးကို ရင်ဘတ်ပေါ်  ဖိကိုင်ထားမိလေသည်။

''ကျွန်မလည်း ကူညီလိုက်နိုင်လို့ သိပ်ပျော်တာပဲ။ နောက်ကျရင် တစ်ချိန်မှာ ကျွန်မက ဒီအကြောင်းပြောပြရင် ဒီအလုပ်လေးက ရယ်စရာတစ်ခုလို့ ရှင် ထင်လာမှာပါ''

ဘတ်တန်သည် စီးကရက်မီးညှိလိုက်ပြီး ခုံနောက်ပြန်ဆုတ် ထိုင်ချလိုက်သည်။ သူမမျက်နှာပြင်တွင် ကျေနပ်သဘောကျသော အပြုံးများဖြင့် ဖုံးလွှမ်းနေတော့၏။

''အကြာကြီးစောင့်ပြီး အသည်းယားအောင်မလုပ်စမ်းပါနဲ့။ ဘာတွေဖြစ်ခဲ့တာလဲ ပြောစမ်းပါ''

www.nyisay.com



ဂျက်က စိတ်မရှည်စွာဖြင့် ပြောလိုက်သည်။

''ကျွန်မ လေဆိပ်ကနေ ဩစတြေးယားသံရုံး တန်းသွားတယ်။ သံမှူး မေရာဟတ်တင်းကိုတွေ့ဖို့ မျှော်လင့်ချက်နဲ့ပေါ့။ သူက လူသားချင်းစာနာထောက်ထားစိတ် တကယ်ကြီးတဲ့လူ၊ သိပ်သဘောကောင်းတဲ့လူလို့ နာမည်ကျော်တယ်လေ။ သူ သံရုံးမှာမရှိဘူး။ ဒါနဲ့ ကျွန်မလည်း ပထမအတွင်းဝန်ကို အသနားခံတာပေါ့။ သူ့အဖြေက ကျယ်လည်းကျယ် ပြတ်လည်းပြတ်သားတယ်။ မရဘူးတဲ့။

ကျွန်မကလည်း သူ့ရဲ့ကြင်နာတတ်တဲ့ပုံ၊ မိန်းမတွေအပေါ်လေးစားတတ်တဲ့ပုံပေါက်နေတာနဲ့ ထပ်အသနားခံတယ်။ ဒါလည်း အလုပ်မဖြစ်ဘူး။ ဒါနဲ့ ကျွန်မလည်း ပြောလိုက်တယ်။ ကျွန်မ သံမှူးလာတဲ့အထိ ဒီသံရုံးထဲမှာပဲ ထိုင်စောင့်ပါရစေပေါ့ ဒါမှမဟုတ် သူ့စိတ်ပြောင်းတဲ့အထိပေါ့လေ။ ကျွန်မလည်း အိတ်ထဲက ဝတ္ထုစာအုပ်ထုတ်ပြီး ဖတ်နေလိုက်တော့တာပဲ။ ကျွန်မ ဘာစာအုပ်ဖတ်နေလဲဆိုတာကို ပထမအတွင်းဝန်က မြင်နေတယ်လေ။

ဒါကြောင့် ကျွန်မ ဘယ်တိုင်းပြည်ကလာတာလဲဆိုတာ သူသိလိုက်တယ်လေ။ သူကမေးတယ် ကျွန်မနေတဲ့မြို့က အမျိုးသမီးတစ်ယောက်ကို သိသလားတဲ့။ ကျွန်မ သေချာပေါက်ကိုသိတာပေါ့။ သူပြောတဲ့အမျိုးသမီးက ကျွန်မညီမ တစ်ဝမ်းကွဲဖြစ်နေတာကိုး။ ကျွန်မလည်းပြန်ပြောရော တစ်ခါတည်း သူ့အမူအရာ ပြောင်းသွားပြီးတော့ သိပ်ကိုရင်းနှီးတဲ့လူတွေ ဖြစ်သွားတော့တာပါပဲ။ သူက ဖြောင့်ချက်ပေးတော့တာပဲ သူက ကျွန်မညီမဝမ်းကွဲနဲ့ ချိန်းတွေ့ဖူးတယ်။ သူကလာမဲ့ သူ့အိမ်အပြန် ခွင့်နဲ့ သွားလည်ဖို့ မျှော်လင့်နေတာလေ''

''ဘယ်လောက်များ မယုံနိုင်စရာကောင်းလိုက်တဲ့ တိုက်ဆိုင်မှုလဲဟင်''

ဂျက်က ဘတ်တန်ဆက်မပြောခင် ကြားဖြတ်ပြီး ပြောလိုက်သည်။

''ဘယ်လိုပဲဖြစ်ဖြစ်ပေါ့။ အဲဒီ ရာဇဝင်တွေ့ရှိမှုကြီးပြီးသွားတော့ ဘာမဆို ဖြစ်နိုင်တယ်လို့ ဖြစ်သွားတော့တာပဲ။ ကျွန်မ တောင်းဆိုမှုက တရားမဝင်တဲ့ အတော်ဆိုးတဲ့အလုပ် ဖြစ်နေတာတောင်မှ ဖြစ်နိုင်တယ်ဖြစ်သွားတာပဲ။ ဒါနဲ့ နာရီဝက်လောက်ကြာတော့ စိတ်နှလုံးကောင်းတဲ့ သံမှူးရောက်လာပြီး သူ့ခွင့်ပြုချက်နဲ့ ပတ်စပို့ရယ်၊ အသေးစိတ်စာရွက်စာတမ်းတွေရယ် တစ်ခါတည်း ထည့်ပြီးတင်ခဲ့ရတယ်။ ပြီးတာနဲ့ သူက ကျွန်မဟိုတယ်ကို ပြန်ပို့ပေးတယ်။ ညစာစားဖို့ ဖိတ်တယ်လေ။ ကျွန်မက ကျွန်မရဲ့ အောင်ပွဲခံနေတဲ့အချိန်မှာ

www.nyisay.com



သူက အုံ့ညြိစရာကောင်းလောက်အောင်ကို ကျွန်မညီမတစ်ဝမ်းကွဲအကြောင်း ပြောနေလိုက်တာ အကြာကြီးပဲ။ ကျွန်မ ဘန်ကောက်မှာ ရက်နည်းနည်း ကြာကြာနေလိုက်ဖို့ ကောင်းတယ်။ ဒါပေမဲ့ ကျွန်မတာဝန်က အောင်မြင်စွာ ပြီးဆုံးသွားခဲ့ပြီလေ''

နောက်ရက်တွေမှာ သုစန္ဒီသည် ပတ်စပို့ကို သူမခေါင်းအုံးအောက်မှာ ထားပြီးအိပ်သည်။ တွေးကြည့်မယ်ဆိုလျှင် ဒါဟာ တန်ဖိုးမဖြတ်နိုင်သော အဖိုးတန် ပစ္စည်းတစ်ခုပဲ ဖြစ်သည်။ သူမ တွေးကြည့်နားလည်မိလေသည်။ တိုင်းပြည်တစ်ခုမှ လေယာဉ်စီးဝင်လာသော တရားမဝင်သည့် ကလေးနှစ်ယောက်ကို ဝင်ခွင့်ပြုခြင်းသည် မသင့်လျော် အန္တရာယ်များသည်ဆိုတာကို ကောင်းစွာသင်ကြားထားသော အရာရှိဘယ်သူဖြစ်ဖြစ် သိကြမှာပဲဖြစ်လေသည်။ ထို့ကြောင့် သူမက လူဝင်မှု ကြီးကြပ်ရေးရုံးသို့ အောက်က ချဉ်းကပ်ဖို့စီစဉ်ထားလေသည်။ ပထမ သူမသည် လူဝင်မှုကြီးကြပ်ရေးရုံးသို့သွားပြီး သူမ၏သံသယဖြစ်ဖွယ် ပြင်ဆင်ထားသော ပတ်စပို့ကို တင်ပြလိုက်သည်။ ရုံးထဲတွင် နိုင်ငံခြားသို့ထွက်ဖို့ ပတ်စပို့လာလုပ်ကြသော လူတန်းရှည်ကြီးကို တွေ့ရလေသည်။

''လူဝင်မှုကြီးကြပ်ရေးရုံး'' အမည် မှားတပ်ထားလေသည်။ မည်သူ တစ်ဦးတစ်ယောက်ကမှ တိုင်းပြည်အတွင်းဝင်ချင်မှာ မဟုတ်ချေ။

သုစန္ဒီ၏ လျှောက်လွှာပုံစံ၊ အခကြေးငွေများနှင့် သူမ၏အဖိုးတန်သော ပတ်စပို့တို့ကို တပ်ကြပ်တစ်ယောက်က ယူသွားလိုက်ပြီး အထက်က အရာရှိထံသို့ ရုံးလုပ်ငန်းများ ဆက်လက်လုပ်ဆောင်ရန် ရှေ့ဆက်တင်ပေးလိုက်သည်။

ဟုတ်ကဲ့။ သူမသည် နောက်ရက်အနည်းငယ်ကြာလျှင် စုံစမ်းရေးဌာနသို့ လာပြီး သူမအမှုတွဲကို လာရောက်စုံစမ်းပါဟု ပြောလိုက်သည်။ သည်အမှုတွဲကို အလျင်အမြန် ဆောင်ရွက်ရမည်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် အကြောင်း ပြချက်က သူမ၏မိခင်ဖြစ်သူသည် ညြိစထြီးယားနိုင်ငံတွင် အသည်းအသန် ဖြစ်နေပါသဖြင့် တိုင်းပြည်မှ အမြန်ထွက်ခွင့်ပြုပါမည့် အကြောင်းပြထားသောကြောင့် ဖြစ်သည်။ သုစန္ဒီသည် ရုံးသို့ မှန်မှန် ငါးပတ်ကြာအောင် ပြန်လာနေရသည်။ ပထမ ရက်အနည်းငယ်ကြာစီမှန်မှန်၊ နောက် နေ့တိုင်းမှန်မှန်လာနေရလေသည်။ စုံစမ်းရေးမှာမေးတိုင်း ဒီအဖြေပဲ သူမ အမြဲကြားနေရလေသည်။

''ကျွန်တော်တို့ အခုထိ ဆုံးဖြတ်ချက်မကျသေးပါဘူး။ မနက်ဖြန်ပြန်လာပါ''

www.nyisay.com



ဩစတြေးယားမှ သူမ၏အမေက ဆရာဝန်များ၏ ဆေးထောက်ခံစာကို ကြေးနန်းဖြင့်ပို့ပေးပြီး တရားဝင်ဖိုင်တွဲပြီးတင်ပြသည်။ သို့သော် သူတို့က လုပ်ထုံးလုပ်နည်းအပေါ် ဖြည့်စွက်လုပ်လိုပုံ မရချေ။

သည်းညည်းခံပြီး စောင့်နေဖို့သာလျှင် ဖြစ်လာရတော့လေသည်။ မိတ်ဆွေများက အားပေးကြသည်။ တရားထိုင်ခြင်းဖြင့် ထောက်ကန်ပေးရသည်။ ထိုနည်းပေါင်းစုံဖြင့် သုစန္ဒီသည် သူမ၏စိတ်ကို မွေးမြူနေရလေသည်။ သင်္ကြန် ရောက်လာသည်။ ပြီးသွားသည်။ ထူးဆန်းသော အကြောင်းလေးနည်းနည်းကသာ သုစန္ဒီကို ပူပန်မှုကိုဖြစ်စေလေသည်။

ကလေးတွေသာ နေရာတိုင်းမှာ လူတိုင်းကို ရေပုံးများဖြင့် ရေကုန်သည် အထိ ပျော်ရွှင်စွာ ရေပက်ကြလေသည်။ တစ်နှစ်လုံး၌ အပူဆုံးနေ့ရက်များတွင် ရေစိုစိုနေကြရသောကြောင့် သက်သာရာရကြလေသည်။ နေ့စဉ် လူဝင်မှုကြီးကြပ် ရေးရုံးသို့သွားနေရသော သုစန္ဒီသည် မေလ ၉ ရက်နေ့တွင် သူမ၏အမှုတွဲကို အများအားဖြင့် ကိုင်ရသော တပ်ကြပ်တစ်ယောက်က သူမအားကြိုဆိုပြီး သီးခြား အခန်းတစ်ခုဆီ ခေါ်သွားလေသည်။ ဒါကောင်းတဲ့လက္ခဏာပဲဟု သုစန္ဒီစိတ်ထဲ တွေးလိုက်မိပြီး မျှော်လင့်ချက်အကြည့်များဖြင့် ဗိုလ်ကြီးကိုကြည့်ရင်းက စားပွဲရှေ့က ဖြတ်လိုက်သည်။

''သတင်းကောင်းတစ်ခုတော့ မဟုတ်ပါဘူး မဟာဒေဝီ''

သူမ အကြည့်ကိုရှောင်ရင်း သူပြောလိုက်သည်။

''ဘာကို ဆိုလိုတာလဲ''

သုစန္ဒီ အရဲစွန့်မေးလိုက်သည်။

''အထက်က မဟာဒေဝီရဲ့ဖိုင်တွဲကို ဘာအကြောင်းပြချက်မှမပေးဘဲ စစ်ထောက်လှမ်းရေးက ကျွန်တော်တို့ရုံးကနေ သိမ်းသွားပါတယ်။ ကျွန်တော် စိတ်မကောင်းပါဘူး။ ကျွန်တော်တို့လည်း ရှေ့ဆက် ဘာမှလုပ်လို့မရတော့ပါဘူး''

လုံးဝ မျှော်လင့်ချက်မရှိတော့သော ခံစားမှုသည် သုစန္ဒီကို ထိုင်လျက်က မလှုပ်နိုင်အောင် ဖြစ်သွားတော့လေသည်။ သူမ၏ပတ်စပို့တွင် သက်တမ်းမတူသော အဝင်တုံးကို စစ်ထောက်လှမ်းရေးက တွေ့သွားသောကြောင့် သူတို့ကြားဝင် ဖက်စွက်တာပဲဖြစ်မည်ဟု သူမတွေးမိလိုက်သည်။ နောက်ဆုံးသူမသည် ဗိုလ်ကြီးကို ကြည့်မိလိုက်သောအခါ သူ့မျက်လုံးထဲတွင် စိုးရိမ်ပူပန်မှု၊ ကြင်နာသနားနေမှုများကို

www.nyisay.com



တွေ့လိုက်ရလေသည်။ သူမ၏ မျှော်လင့်မထားသော ဆုမွန်ကောင်းများသည် သူမကို ရိုက်ခတ်နေပြီဖြစ်သည်။

"ကျွန်မကိုပြောပြတာ ကျေးဇူးတင်ပါတယ်"

မိုလ်ကြီးကို သူမ ပြောလိုက်သည်။

"မဟာဒေဝီ ရမှာမဟုတ်ဘူးဆိုတာ ကျွန်တော်သိနေတယ်"

လှတင်သည် အလွန်တိတ်ဆိတ်ငြိမ်သက်နေသော သုစန္ဒီကို ကားပေါ်တင်ပြီး အိမ်သို့ပြန်မောင်းလာခဲ့သည်။ အိမ်နားက လမ်းအတွင်းရောက်သောအခါ သူမက လှတင်ကို တရားစခန်းသို့ ပြန်မောင်းခိုင်းလိုက်သည်။ အစပိုင်းကဖြစ်သော တုန်လှုပ်ချောက်ချားမှုများ သက်သာသွားသောအခါ သူမသည် ပုလဲ၏အကူအညီကို ထပ်မံယူရမည့်အချိန်ဖြစ်ကြောင်း ဆုံးဖြတ်ချက်ချလိုက်လေသည်။ ဒီအချက်ကို ပုလဲသာလျှင် ကျော်ဖြတ်နိုင်မည် ဖြစ်သည်။

ပုလဲ အောင်မြင်စွာ ကျော်ဖြတ်နိုင်ခဲ့လေသည်။ နှစ်ရက်ကြာသောအခါ မေ ၁၁ ရက် ၆ နာရီအချိန်တွင် ပုလဲသည် သုစန္ဒီ၏အိမ်သို့ အသက်ပင်မရှူနိုင်ဘဲ စက်ဘီးဖြင့် ရောက်ချလာသည်။ မိန်းမနှစ်ယောက်တည်းသာ ရှိသည့်အချိန်တွင် ပုလဲက သုစန္ဒီလက်ထဲသို့ ထွက်ခွာခွင့်ပါမစ်ကို ထိုးထည့်ပေးလိုက်သည်။

"ဒါ ကလေးတွေနဲ့အတူ ထွက်ခွာခွင့်ပါမစ်ပဲ အစ်မကြီး။ ဒါပေမဲ့ အစ်မကြီး အပတ်စဉ်လာတဲ့ ပင်အမ်လေယာဉ်နဲ့ ဒီညပဲထွက်ရမယ်"

"ဘာကြောင့် ဒီည ..."

"ဘာလို့လဲဆိုတော့ အဆင့်နည်းနည်းနိမ့်တဲ့ အရာရှိက သူ့အထက်က အရာရှိမရှိတုန်း ပါမစ်ထုတ်ပေးလိုက်တာ။ အထက်အရာရှိက မနက်ဖြန်ဆို ပြန်လာမယ်"

"ကျွန်မတို့ ဒီညထွက်ရလိမ့်မယ် ပုလဲရယ်။ သိပ်ကျေးဇူးတင်ပါတယ်။ ဒါပေမဲ့ ကျွန်မတို့အတွက် ဒီပါမစ်ရအောင် ပုလဲ ဘယ်လိုလုပ်ခဲ့တာလဲ"

"အခုပဲ ပြောပြမယ်နော်။ ကျွန်မရဲ့ငယ်သူငယ်ချင်းက သူ့စိတ်ထဲ သနားကြင်နာတဲ့ စိတ်တွေဝင်လာတယ်။ ချက်ချင်းပဲ ဆုံးဖြတ်လိုက်တယ်။ အန္တရာယ်ကို ရင်ဆိုင်ပြီးတော့ လုပ်ပေးလိုက်တာပါ"

ရုတ်တရက် သုစန္ဒီက သူမ၏ပတ်စပို့ကို သတိရလိုက်သည်။

"ပုလဲ ဘယ်မှာလဲ အဲဒါ..."

www.nyisay.com



သူမစိတ်သည် ပျော်နေရာမှ ကြောက်လာသည်။

''ကျွန်မ ကတိပေးပါတယ်။ အစ်မကြီး လေယာဉ်ပေါ်မတက်ခင် လေဆိပ်ကထွက်တာနဲ့ ပတ်စပို့ပြန်ရမှာပါ။ ဒါနဲ့ ပစ္စည်းတွေသိမ်းရမှာဆိုတော့ အစ်မကြီး အလုပ်များတော့မယ်ထင်တယ်။ ကျွန်မနောက်ပြန်လာပြီး လေဆိပ်ကို အတူသွားကြမယ်''

ထိုမျှသာပြောပြီး ရန်ကုန်၏အပူဆုံးညနေခင်းလေးတွင် ပုလဲသည် သူမ၏စက်ဘီးပေါ် တက်ပြီးနင်းချသွားလေသည်။

ထို့နောက်မှာတော့ အိမ်ရှိလူကုန်သည် အပေါ်အောက်ပြောင်းဆန်အောင် ဝရုန်းသုန်းကား အပူတပြင်း အလုပ်ရှုပ်ကုန်ကြတော့လေသည်။

သုစန္ဒီသည် ပထမဆုံး သမီးတွေကိုခေါ်ပြီး နောက် ၄ နာရီအကြာတွင် ဩစတြီးယားနိုင်ငံသို့ ထွက်ခွာမည်ဖြစ်ကြောင်း သူတို့ကိုပြောပြရသည်။ သူမသည် ပိုင်ဆိုင်သော အဖိုးတန်သောပစ္စည်းတစ်ခုစီကို ထုပ်ပိုးပြီး လက်ဆွဲအိတ်တစ်ခုထဲထည့်သည်။ ထို့နောက် သုစန္ဒီသည် အိမ်ရှိ ဝန်ထမ်းအလုပ်သမားတွေအားလုံးကို ခေါ်လိုက်ပြီး အလုပ်ကထုတ်လိုက်ပြီဖြစ်ကြောင်း သတင်းထုတ်ပြန်လိုက်သည်။ သူတို့ကိုလည်း နေထိုင်လုပ်ကိုင်စားသောက်ရန် လုံလောက် သောငွေကြေးထောက်ပံ့မှုပေးပြီး သီပေါသို့ အပြန်နိုင်းလိုက်သည်။ စာရွက်စာတမ်းအထောက်အထားများ၊ လက်ဝတ်ရတနာများနှင့် ငွေများကို ရန်ကုန်အိမ်ကို ဆက်လက်လည်ပတ်နိုင်စေရန် တူတစ်ယောက်ကို ပေးခဲ့လိုက်သည်။ ရုတ်တရက်ဖြစ်ပေါ်လာသော အကြောင်းကြောင့် လူတိုင်းကို အံ့အားသင့်စေသည်။ သုစန္ဒီ၏ထွက်ခွာတော့မည့်မိသားစုက အကျိုးရစေမည့်အခွင့်အရေးများ သူတို့ကို မပေးနိုင်တော့ချေ။

သူမအတွက် မိနစ်အနည်းငယ်ရသောအခါ သူမသည် ထားခဲ့မည့်စာရွက်စာတမ်းများနှင့် လက်ဝတ်ရတနာများကို နောက်ဆုံးအနေဖြင့်ကြည့်ဖို့ထုတ်လိုက်သည်။ သူမ၏ နေ့စဉ်ဝတ် အဝတ်အစားများထဲတွင်ရှိနေသော စိန်များ၊ ပတ္တမြားများ၊ နီလာများကို ရတနာသေတ္တာထဲတွင် အစီအရီထည့်လိုက်သည်။ သူမ၏ မိတ်ဆွေကောင်းများကို နှုတ်ဆက်ပွဲလေးလုပ်ဖို့ တွေးမိလိုက်သည်။ သူမ၏ ပတ္တမြားစေ့စပ်လက်စွပ်လေးကို ယူသွားဖို့ စိတ်က ဖြားယောင်းနေမိသေးသည်။ သို့သော် သူမသည် လက်သူကြွယ်က လက်စွပ်လေးကို ဖြည်းဖြည်းလေး ချွတ်

www.nyisay.com



လိုက်လေသည်။

သံတမန်အပါအဝင် မည်သူ့ကိုမျှ တိုင်းပြည်ပြင်ပသို့ အဖိုးတန်ရတနာများကို ယူသွားခွင့်မပြုဟု ပုလဲက သတိပေးပြောထားခဲ့ဖူးလေသည်။ သံအမတ်၏မိန်းမဖြစ်နေတာတောင်မှ လက်ထပ်ခေါင်းစည်းနှင့် စေ့စပ်လက်စွပ်ကို ယူသွားခွင့်မရဘဲ အမိန့်ကြောင့် ချွတ်ထားခဲ့ရလေသည်။ သူမ၏သိမ်းထားသော ဘဏ်စာအုပ်ထဲမှ နိုင်ငံခြားသုံးငွေလဲနှုန်းကို သတိထားကြည့်လိုက်မိလေသည်။ စာအုပ်ထဲတွင် အရင်နိုင်ငံခြားခရီး ထွက်တုန်းကသုံးခဲ့သောကြောင့် အားလုံးကုန်နေလေပြီ။ ယခုလက်ရှိအနေအထားအရ လက်ထဲ နိုင်ငံခြားငွေထားဖို့လည်း အလွန်တရားမဝင်သောအလုပ် ဖြစ်နေသည်။

သို့ဖြစ်ငြားသော်လည်း သူမအိတ်ကပ်ထဲ တစ်ပြားမှ မရှိစေကာမူ ဩစတြီးယားသို့ရောက်ဖို့ပဲ မျှော်လင့်နေမိတော့သည်။ သူမတွင်ရှိနေသော ဗြိတိသျှပေါင်နှင့် အမေရိကန်ဒေါ်လာများကို ဆန့်ကျင်ပြီးယူမသွားဖို့ ဆုံးဖြတ်လိုက်မိတော့သည်။

ရေချိုးခန်းတွင်းသို့ နိုင်ငံခြားငွေအားလုံး စုယူသွားလိုက်ပြီးနောက် ရေအိမ်ခွက်ထဲ ထည့်လိုက်သည်။ ပြီးနောက် ရေဆွဲချလိုက်လေသည်။

ထုပ်ပိုးနေရတာတွေသည် အလွန်ပင် ခက်ခဲလှသည်။ သူတို့အဝတ်အစားတွေကို ခရီးဆောင်အိတ်သုံးလုံးထဲ ဆန့်အောင်ထိုးသိပ်ထည့်ရသည်။ သို့သော် တစ်လုံးစီသည်ပေါင် ၄၀ ထက် ပိုလို့မရချေ။ သူတို့ကိုကယ်တင်ဖို့ အဓိကလိုအပ်နေသည်မှာ အချိန်မလောက်ခြင်းပင်ဖြစ်သည်။ ထို့ကြောင့် မပိုင်မနိုင် မပြတ်မသား ဆုံးဖြတ်မှုနှင့် စိတ်ခံစားမှု အစွဲအလမ်းတွယ်ငြိနေမှုတို့ကို ခွင့်မပြုနိုင်တော့ချေ။

တကယ်တော့မူ သူမ၏အဝတ်ဗီရိုထဲတွင်ရှိသော အဝတ်အစားများသည် ဩစတြီးယားတွင် ဝတ်ရန် သင့်လျော်သောအဝတ်မျိုးပင် မရှိချေ။ သူမတွင် နွေရာသီဝတ်စုံအချို့ကို ရန်ကုန်က အပ်ချုပ်ဆိုင်တွင် လွန်ခဲ့သော ၁၂ နှစ်က ချုပ်ခဲ့ခြင်းဖြစ်သော်လည်း စတိုင်နှင့်ပုံက ခေတ်မီနေသေးသည်။ ရာချီရှိနေသော လုံချည်များနှင့် အခြားသူမပိုင်ဆိုင်သော အရေးကြီးသည့်အရာများလည်း ထားခဲ့ရတော့သည်။

ရန်ကုန်တွင်ရှိသော သူတို့ အိမ်လေးမှ သုစန္ဒီ၊ မာယာရီ၊ ကိန္နရီနှင့် သူတို့၏ ခရီးဆောင်အိတ်သုံးလုံးကို ဆွဲလိုမ့်ထွက်လာသောအဖြစ်သည် အလွန်

www.nyisay.com



ဝမ်းနည်းတုန်လှုပ် ကြောက်စရာအကောင်းဆုံးအချိန် ဖြစ်လေသည်။ အမှောင်ထုထဲ၌ ကားကိုအရှိန်မြှင့်မောင်းပြီး လေဆိပ်ဆီဦးတည်မောင်းနေသောအချိန်တွင် သုစန္ဒီ မျက်လုံးအစုံကိုပိတ်ထားလိုက်သည်။ ပတ်ဝန်းကျင်အမှောင်က သူမရင်ထဲထိ လိုက်မှောင်မိုက်နေတော့သည်။ ဗမာ့လေ ဗမာနံ့ကို သူမနောက်ဆုံးခံစားရှူရှိုက်နေရသည်။ ဖြတ်တိုက်လာသောလေက နွေးနေသော်လည်း ရင်ထဲမှာတော့ မီးလိုပူနေမိတော့သည်။

လမ်းဘေးဝဲယာတစ်လျှောက်မှာ အုပ်ဆိုင်းနေသော သစ်ပင်ကြီးတွေက အမှောင်ထဲတွင် တစ္ဆေတွေ ယိမ်းကနေသလိုထင်ရသည်။ ကုက္ကိုပင်ကြီးများသည် အုပ်မှိုင်းနေတော့သည်။ သမီးတို့နှစ်ယောက်က တိတ်နေသည်။ သူတို့လည်း ညအမှောင်ထဲကို ငေးနေကြလေသည်။ အေဒီလမ်းမှ မင်္ဂလာဒုံ လေဆိပ်အထိ သုံးမိုင်ခန့်သာ ဝေးကွာသော်လည်း ကြောက်စရာညလယ် အိပ်မက်ဆိုးကြီး မက်နေရသလို မနိုးနိုင်မထနိုင် ရှည်ကြာနေသလို ခံစားနေရလေသည်။ သူမ အသက်ရှူရတာ မွန်းကျပ်ဆို့နစ်လာသည်။ ရင်ထဲတွင် စူးအောင့်နာလာသည်။ ကြီးမားသော တစ္ဆေတစ်ကောင်က တက်ဖိထားသလို ရင်ဘတ်တစ်ခုလုံး လေးလံနေတော့သည်။ ရှစ်မိုင်အဝေမ်း ရုပ်ရှင်ခြံနားသို့ ရောက်သောအခါ ဟိုးခပ်ဝေးဝေး ဝါးရုံတောဆီမှ လေတိုက်သံကို ကြားနေရသည်။ ဝါးရုံတောသည် အမှောင်ထဲမှာ လှုပ်ခါလူးနေတော့သည်။ ခပ်ဝေးဝေးမှ စဝ် လှမ်းခေါ်လိုက်သံကို သူမကြားလိုက်ရသလိုရှိလို့ မှန်တံခါးအပြင်ဘက်ကို လှည့်ကြည့်လိုက်မိသည်။

ဝါးရုံတောထဲတွင် လင်းလင်းလက်လက် အရောင်လေးတွေကို မြင်လိုက်ရသည်။ စဝ်လား ပိုးစိမ်းကြူးလေးတွေလား။ စုန်းတောက်နေတာလား။ ကားသည် ဝါးရုံတောကိုဖြတ်ကျော်သွားသောအခါ တောခွေးတစ်ကောင်၏ စူးစူးနစ်နစ် အော်လိုက်သောအသံကို ကြားလိုက်ရသည်။ ကောင်းကင်တစ်ခုလုံး ကြယ်မရှိ၊ လမရှိ။ အမှောင်တိကျနေတော့သည်။ ကျီးကန်းတစ်ကောင်က လမ်းပေါ်ကနေ ထပျံလိုက်သည်။ သူမ အထိတ်တလန့်ဖြင့် ကားနောက်ဘက်လှည့်ကြည့်လိုက်သည်။ ကားနောက်မှာ ငယ်သံပါအောင်အော်ဟစ်သံတွေ၊ လေတရှိုးရှိုးတိုက်လာတဲ့အသံတွေ ကြားနေရသည်။ လမ်းမပေါ်တွင် သစ်ရွက်ခြောက်လေးတွေနှင့်အတူ ဖုန်လုံးလိပ်တွေလည်း လူးလိမ့်လိုက်လာကြသည်။ လေထဲမှာ ဝိညာဉ်တွေ တိုးဝှေ့တွန်းတိုက်နေသလို ညံစီပွက်လောရိုက်နေသည်။ သူမ

www.nyisay.com



အသက်ရှူရတာ မောလာသည်။ ရေငတ်ပြီး လည်ချောင်းတွေ ခြောက်ကပ်လာသည်။ တံတွေးတွေပြန်မျိုချသည်။ သူမ၏ သမီးနှစ်ယောက်ကတော့ ဘာကိုမျှ မြင်တွေ့ဟန်မရှိ။ ကားပေါ်တွင် ငြိမ်ငြိမ်လေးထိုင်လျက် လမ်းဘေးကို ငေးတွေကြည့်နေကြလေသည်။ သူမ၏ရင်တစ်ခုလုံး မောဟိုက်နာကျင်နေရာမှ မျက်နှာပေါ်တွင် မျက်ရည်များ တာရိုးကျိုးပေါက်သလို တရဝေါ လိမ့်ဆင်းလာကြသည်။ အမှောင်ထဲမှာ သူမအားရပါးရ ရှိုက်ငိုပစ်လိုက်သည်။ သမီးနှစ်ယောက်က သူတို့အမေ ရှိုက်ကြီးတငင်ငိုနေတာ တွေ့လိုက်ကြသောအခါ သူတို့လည်း လိုက်ငိုနေမိကြတော့လေသည်။ သူတို့သားအမိကို အမှောင်ထဲက စစ်သည် ငေးကြည့်နေလေသလား သူမ ထင်မြင်နေလေသည်။

လွန်ခဲ့သော ၁၂ နှစ်က သူမကို စစ်သည် မင်္ဂလာဒုံလေဆိပ်ဆီ ပထမဆုံး ခေါ်လာစဉ် ဘယ်လောက်များ စိတ်တွေ လှုပ်ရှားလိုက်မိရသလဲဆိုတာကို သွားအမှတ်ရမိနေသေးတော့သည်။ ယခုမူ စစ်မပါဘဲ သူမနှင့် သမီးနှစ်ယောက်သည် အမှောင်ထဲတွင် တိုင်းပြည်မှ ဝရုန်းသုန်းကားထွက်ဖို့ မင်္ဂလာဒုံလေဆိပ်သို့ ကြေကွဲဝမ်းနည်းစွာ လာနေကြသည်။ ဘယ်သူမှ မသိလိုက်ခင် သူတို့တစ်တွေ တိတ်တဆိတ် ထွက်ခွာကြတော့မည် ဖြစ်သည်။ ထိုစဉ်က သူတို့သည် မြောက်ဘက်သို့ စိတ်အားတက်ကြွစွာဖြင့် ပုံသန်းခဲ့ကြပြီး သူတို့၏အိမ်သစ်ရှိရာ သီပေါသို့အခြေချဖို့ သွားခဲ့ကြလေသည်။ အခုအခါမှာတော့ သူမသည် ကလေးနှစ်ယောက်ဖြင့် သူမကို မွေးစားထားသော ဒီတိုင်းပြည်မှ စိတ်နာကျင်စွာဖြင့် ထွက်ခွာကြရတော့မည်။

စဝ်က သူမတို့နှင့် လာရောက်ပေါင်းစည်းနိုင်ပါ့မလား မသိချေ။ ချောမောလှပသော သူမ၏ဘေးက သမီးနှစ်ယောက်ကို သူမငေးကြည့်နေရာမှ ပြုံးလိုက်မိပါသည်။ သူတို့အဖေသည် သူတို့ကို တည်ငြိမ်အေးချမ်းပြီး လွတ်လပ်သော ပတ်ဝန်းကျင်နှင့် အခွင့်အခါကောင်းများရှိသော နေရာတွင် ကြီးပြင်းစေချင်မှာ သေချာသည်။ သူ့ဆန္ဒတွေပြည့်မြောက်ဖို့ သူမစီစဉ်ထားသည်။

ပုလဲ၊ ဘတ်တန်၊ မေဘယ်လ်နှင့် ရှမ်းဆွေမျိုးများသည် မင်္ဂလာဒုံလေဆိပ်တွင် လာရောက်ပြီး နှုတ်ဆက်ပွဲလေး လုပ်ကြလေသည်။ သူတို့မျက်နှာတွေမှာ ကြောက်ရွံ့စိုးထိတ်နေကြတာကို သုစန္ဒီ မြင်ရသည်။

သူတို့က သုစန္ဒီနှင့် သမီးတို့သည် များပြားလှသော စစ်ဆေးရေးဂိတ်တွေကို အောင်အောင်မြင်မြင် ဖြတ်နိုင်ပါ့မလား။ သူတို့ကို လွတ်လပ်စွာ ဆက်သွားခွင့်ပြုပါ့

www.nyisay.com



မလားဟု တွေးပူကြောက်ရွံ့နေမိကြလေသည်။

ဂွတ်တိုင်လို့ ပြောဆိုနှုတ်ဆက်ကြသောအချိန်လေးကို ခဏလေးပဲ ခပ်မြန်မြန် ပြုလုပ်လိုက်ကြပြီး သူတို့သည် မျက်ရည်အရွဲသားဖြင့် ပွေ့ဖက်နေကြလေသည်။

ဂိတ်ပေါက်သို့သွားမည့်လမ်းပေါ်ရှိ အခန်းလေးတစ်ခုအတွင်းသို့ လုံခြုံရေး စောင့်နှစ်ယောက်က သုစန္ဒီနှင့် သမီးနှစ်ယောက်တို့ကို ခေါ်သွားသည်။ အတွင်းရှိ ဗိုလ်က ပြောလိုက်သည် ...

''ကျွန်တော်တို့ မေးခွန်းနည်းနည်းမေးစရာရှိပါတယ်''

ယူနီဖောင်းဝတ်မထားသော အံ့ဩစရာကောင်းလောက်အောင် မျက်လုံး ပြူးပြူးနှင့်လူကို သမီးနှစ်ယောက်က မော်ကြည့်နေရင်း သူတို့အမေ၏လက်ကို မြဲမြဲဆုပ်ကိုင်ထားစဉ် သုစန္ဒီက ခေါင်းညိတ်ပြလိုက်သည်။

''ဘာဖြစ်လို့ မြန်မာနိုင်ငံကနေ ထွက်ခွာချင်ရတာလဲ''

''ကျွန်မအမေ အတော်နေမကောင်းဖြစ်နေပါတယ်။ အမေ့အတွက် ကျွန်မရှိမှ ဖြစ်မှာပါ''

''ဩစတြီးယားမှာ ဘာလုပ်ဖို့ အစီအစဉ်ရှိလဲ''

''ကျွန်မအမေကို စောင့်ရှောက်ရမှာပါ''

''ခင်ဗျား ရတနာတွေ၊ စာရွက်စာတမ်းတွေ ဒါမှမဟုတ် နိုင်ငံခြားငွေတွေ သယ်လာသေးလား''

''လက်ထပ်ပွဲတုန်းက ဒီခေါင်းဆောင်းသရဖူလေးပဲ''

သူမသည် ပြောပြီး ဘယ်လက်ကို ဆန့်ထုတ်ပြလိုက်သည်။ ထိုနောက်ဆုံး အချိန်လေးတွင် သုစန္ဒီသည် သတိထားရမည့် အရာအားလုံးကို အန်တုတော့မည်ဟု ဆုံးဖြတ်ချက်ချလိုက်မိတော့သည်။ ရွှေသရဖူလေးကို ဝတ်လိုက်သည်။ ဒီသရဖူလေးကို လက်ထပ်ပွဲတွင် စဝ်က သူမ၏လက်ထဲ ထည့်ပေးခဲ့လေသည်။

ထို့နောက် ရှာဖွေရေးအခန်းစလေသည်။ သယ်လာကြသော ခရီးဆောင် အိတ်များ၊ သူမ၏လက်ကိုင်အိတ်၊ ကလေးတွေ၏ ကျောပိုးအိတ်လေးတွေနှင့် သူတို့၏ ကစားစရာအရုပ်လေးကိုတောင်မှ မကျန် ရှာကြလေသည်။

အရာရှိနှစ်ယောက်သည် သူတို့အိတ်တွေကို စိုးရိမ်တကြီးရှာဖွေကြသည်။ သံသယဖြစ်စရာ ပစ္စည်းများရှာလို့ မတွေ့ကြသောအခါ သူတို့သည် ပို၍ပို၍ စိတ်ပျက်လက်ပျက် ဖြစ်နေကြတော့သည်။ အခြားဝန်ထမ်းများသည် သုစန္ဒီ၏

www.nyisay.com





သမီးကြီး မာယာရီနှင့် သမီးငယ် ကိန္ဒရီတို့ကို ဩစတြီးယားနိုင်ငံသို့မထွက်ခွာမီ ရန်ကုန်နေအိမ်တွင် တွေ့ရစဉ်

www.nyisay.com



ခရီးဆောင်အိတ်သုံးလုံးကို အရာရှိထံ သယ်ဆောင်သွားကြသည်။ သူမစဉ်းစား လိုက်မိသည်မှာ သူမခရီးဆောင်အိတ်ထဲသို့ ရာဇဝတ်မှုမကင်းသော ပစ္စည်းတစ်ခုခု ထည့်လိုက်မှာကို တွေးမိပြီး နှလုံးဘေ့ရပ်သွားမတတ် ခံစားရလေသည်။ သို့သော် ဘာမှ မတွေ့ကြပါ။ နာရီဝက်ခန့်ကြာပြီးသောအခါ ရှာဖွေရေးအရာရှိသည် ကျေနပ်သွားပြီး သူမကို ပြောလိုက်သည်။

''ကျွန်တော်တို့ မဟာဒေဝီကို လေယာဉ်ပေါ်အထိ လိုက်ပို့ပေးပါ့မယ်''

''ကျေးဇူးတင်ပါတယ်''

သူမက နောက်ထပ် ဘာကိုမှ ထပ်ပြီးမျှော်လင့်မထားသည့်အတွက် ပြောလိုက်လေသည်။ လေယာဉ်ရှေ့က လေ့ကားထစ်များသည် မိုင်ပေါင်းများစွာ ရှည်လျားနေသည်ဟု သုစန္ဒီ ထင်နေမိလိုက်သည်။ သုစန္ဒီသည် သမီးတွေကို အရှေ့ကနေ အရင် လှေကားပေါ် အတက်ခိုင်းလိုက်သည်။

ရုတ်တရက် သူမနှလုံးတွေ တအားခုန်လာပြီး တစ်ကိုယ်လုံး တုန်ယင်လာ သည်။ ခေါင်းတစ်ခုလုံး အုံခဲလေးလံလာပြီး မူးဝေလာတော့သည်။ ခြေဖျားလက်ဖျားတွေ တဆတ်ဆတ် တုန်ခါနေတော့သည်။ အသက်ရှူရတာ မဝသလို ရင်ဘတ်ထဲထိုးစူး အောင့်လာသည်။ မျက်နှာပြင်တစ်ခုလုံးတွင် ချွေးစီးချွေးပေါက်များ သီးထလာသည်။ သူမရှေ့က လှေကားထစ်များသည် လေထဲဝဲပျံလွင့်တက်နေတော့၏။ ဘေးက လိုက်လာသော အရာရှိမျက်နှာက သူမ မျက်နှာနားတိုးတိုးလာရာ အကြီးကြီးဖြစ်သွား သည်။ ကောင်းကင်တစ်ခုလုံး မည်းမှောင်လျက် ကမ္ဘာကြီးချာချာလည်နေသလို မူးနောက်နေတော့သည်။ သူမနားထဲတွင် အသံပေါင်းစုံကြားနေရသည်။ ဟိုးအဝေးကြီးမှ မရပ်တမ်းပြေးလာသော အမောဆို့နေသံ။ မွန်းကျပ်ပိတ်ဆို့နေသံ။ ဝမ်းနည်းပက်လက် တရှုံက်ရှုံက်ငိုကြွေးနေသံ။ ပြီးနောက် နောင်ဗိန်နောင် အိုးစည်သံမောင်းသံ လင်းကွင်း သံတွေကို ကြားနေရသည်။ ကြေးစည်သံ၊ တုံးမောင်းခေါက်သံတွေ လေထဲမှာ လွင့်နေသည်။

သူမ နောက်ကိုလှည့်ကြည့်လိုက်သောအခါ မင်္ဂလာဒုံလေဆိပ်ကြီးသည် ဖောက်ထိုးကြီးဖြစ်နေလေတော့၏။ ကွင်းထဲတွင် လေအေးတွေ တဝိုးဝိုးတိုက်နေ သည်။ လေယာဉ်ပန်ကာလည်သံက တစီးစီးမြည်နေသည်။ သူမနားထဲတွင် အသံမျိုးစုံကြားနေရသည်။ လေထဲမှာ ဟိုးရှမ်းတောင်တန်းပေါ်က ပါလာသော တောနံ့ တောင်နံ့ မြစ်နံ့ မြေသင်းနံ့ကိုရသည်။ လေညင်းအေးထဲတွင် လိမ္မော်နံ့ သံပရာနံ့လေးတွေ သင်းနေသည်။ သူမတစ်ကိုယ်လုံး အေးစက်နေတော့၏။

www.nyisay.com



သူမ ခြေထောက်တွေ လှုပ်လို့မရတော့ချေ။ သူမနှလုံးတွေ ရင်ဘတ်ထဲတွင် တဒုံးဒုံးခုန်မြည်နေသည်။ သွားတွေ တဆတ်ဆတ်တုန် ခိုက်နေသံကို ကြားနေရသည်။ သူမနောက်မှ ဘာကဆွဲထားမှန်းမသိ။ သူမ လွတ်မြောက်ဖို့ လေယာဉ်ပေါ်တက်တာကို ဘယ်သူက တားနေတာလဲ။ စင်တော့မဟုတ်နိုင်။ သူမတွေးသည်။ သူဆို သူမကို အမြန်ထွက်သွားစေချင်မှာ ဖြစ်သည်။ သူမစိတ်ထဲ ဖျတ်ခနဲ တွေးမိလိုက်သည်မှာ သူမ၏အတွင်းစိတ်တစ်ပိုင်းက သည်မွေးစားတိုင်းပြည်မှ ထွက်ခွာသွားလိုပုံမရဘဲ တွယ်ကပ်နေချင်ဟန် ရှိနေသည်။ ထွက်မသွားနိုင် ဖြစ်နေသည်။ သုစန္ဒီ မျက်လုံး ပိတ်ထားလိုက်သည်။ တရားမှတ်သော စိတ်နှလုံးစသွင်းလိုက်သည်။ လေယာဉ် ပေါ်တက်မည့် လှေကားပေါ်တွင် ရပ်လျက်ရှိနေသော သူမသည် လွန်ခဲ့သော လပေါင်းများစွာကပင် လေယာဉ်ပေါ်တက်ဖို့ ဆောက်တည်ရာမရဖြစ်နေခဲ့ခြင်း ဖြစ်လေသည်။ သိစိတ်လေးကပ်ထားလိုက်ကာ ပထမ အသက်ကိုပြင်းပြင်းရှူသွင်း လိုက်သည်။ သူမရင်တွင်း ပြန်လည်ငြိမ်သက်သွားခဲ့သည်။ ထို့နောက် သူမသည် လှေကားထိပ်ဆီရောက်အောင် အားယူပြီးတက်လိုက်တော့သည်။

သုစန္ဒီနှင့် သမီးတို့သည် ထိုင်ခုံပေါ်တွင် ထိုင်လိုက်ကြပြီး ခါးပတ်များ ပတ်လိုက်ကြသည်။ တံခါးပိတ်လိုက်ပြီးနောက် လေယာဉ်သည် ပြေးလမ်းဆီသို့ စတင်ထွက်လိုက်လေသည်။

သူတို့မြေပြင်ပေါ်မှာ ကြာနေသရွေ့ သုစန္ဒီစိတ်ထဲ တုန်လှုပ်ကြောက်ရွံ့ နေမိတော့သည်။ နောက်ဆုံးမိနစ်အထိတောင်မှ စိတ်မချနိုင်သေးဘဲ သူမ၏ ထွက်ခွာခွင့်သည် ပြောင်းပြန်ဖြစ်သွားနိုင်သေးသည်။

နောက်ဆုံးတွင် လေယာဉ်မောင်းသည် လေယာဉ်ကိုမြေပြင်မှ တက်ရန် အင်ဂျင်စက်ကို မြှင့်တင်လိုက်သည်။ ခရီးသည်တစ်ဝက်စာနေရာ လွတ်နေသော လေယာဉ်သည် မြေပြင်မှ ကြွတက်သွားပြီး လျင်မြန်စွာ ပျံ တက်သွားတော့လေသည်။ အင်တာကွန်မှ လေယာဉ်မှူး၏ အသံထွက်ပေါ်လာသည်။

"ကျေးဇူးပြု၍နားဆင်ပါ။ လူကြီးမင်းများခင်ဗျား။ ကျွန်တော်တို့ လေယာဉ်ဟာ နောက်ဆုံးမှာတော့ ကလကတ္တားကိုသွားမဲ့ လမ်းကြောင်းပေါ်မှာ ရောက်ရှိနေပါပြီ။ ကျွန်တော်တို့ရဲ့ပျံသန်းချိန်က ၂ နာရီဖြစ်ပါတယ်။ ကျွန်တော် အထူးသတိပေးချင် တာကတော့ ကျွန်တော်တို့လေယာဉ်ဟာ အခုထိ ဗမာ့လေပိုင်နက်အတွင်းမှာသာ ရှိနေပါသေးတယ်။ သူတို့အမိန့်အတိုင်း လိုက်နာရမှာဖြစ်ပါတယ်။ ကျေးဇူးတင်ပါတယ်"

သူဘာလို့ ဒီလိုပြောရတာလဲ သုစန္ဒီ အံ့သွားရသည်။ သူတို့က အခုထိ

www.nyisay.com



လေယာဉ်ကို ပြန်လှည့်ဖို့ အမိန့်ပေးနိုင်တာလား။ နောက်ဆုံးအချိန်အထိ သူမတို့သည် ဘဝသစ်စဖို့ အလွန်ခက်ခဲသော ဘဝကိုရင်ဆိုင်ဖို့ အခုထိ မယုံရဲသေးပါလားဟု တွေးနေမိလေသည်။ သမီးတို့သည် ဘဏ္ဍာစိုးပေးလိုက်သော လက်ဆောင်တွေကို ထုတ်ပြနေသည်။ ဖယောင်းပုံဆွဲတောင့်များ၊ စာအုပ်များ၊ ကစားစရာအရုပ်များ၊ ဖဲချပ်များ၊ ဆံညှပ်များသည် သည်အချိန်တွင် သူတို့အတွက် အဖိုးတန်ရတနာများဖြစ်နေလေသည်။ သုစန္ဒီ၏အတွေးတွေကို မြေပြင်ဆီပြန်လွှတ်လိုက်တော့သည်။ စဝ်ထံသို့အပြေးပြန်သွားလိုက်တော့သည်။ လွန်ခဲ့သော ၁၁ နှစ်က သူနှင့်အတူ ကုန်လွန်ခဲ့သောအချိန်သို့ ပြန်သွားလိုက်လေသည်။ ထိုဘဝတစ်စိတ်တစ်ပိုင်းသည် ပြီးဆုံးသွားခဲ့ပြီဟု ခံစားလိုက်ရသည်။ သူမကိုယ်တိုင်လည်း ဘာမှမတတ်နိုင်။ ဒါမှမဟုတ် ဘယ်သူမှလဲ နှစ်ပေါင်းများစွာ ပြန်မလာနိုင်တော့ချေ။ ရှေ့ဆက်ပြီး သူမ၏ အင်အားတွေကို အနာဂတ်ကိုသာ ဆက်သွယ်ဖို့ရှိသည်။ အတိတ်ကိုနောက်မှာပဲ ထားခဲ့လိုက်တော့သည်။ စိန်ခေါ်မှုပေါင်းများစွာက ရှေ့မှာရှိနေသည်။

သူမသည် အနောက်သို့ ကလေးနှစ်ယောက်နှင့် မုဆိုးမမိန်းမတစ်ယောက်အဖြစ် ပြန်သွားရသည်။ သူတို့တွေကို ဘယ်လိုထောက်ပံ့ရမလဲ သူမ မသိ။ ဒါမှမဟုတ် သူမမိဘတွေဆီ သွားတွေ့ပြီးနောက် ဘယ်မှာ အခြေချရမည်ကို မသိချေ။ သူမသည် ဩစတြီးယားလေဆိပ်ကနေ ဘယ်လို ဖုန်းခေါ်ရမည်တောင် မသိ။ ဒါမှမဟုတ် လေဆိပ်မှ ဆက်လက်သွားဖို့ ခရီးစရိတ် သူမမှာမရှိ။ သူမ အိတ်ထဲတွင် တစ်ပြားမှကို မရှိ၊ နောက်တစ်ကြိမ် လေယာဉ်မှူး၏ ကြေညာသံကြောင့် သူမအတွေးပျက်သွားရသည်။

"လူကြီးမင်းများခင်ဗျား။ အခု ကျွန်တော်တို့ ဗမာ့လေပိုင်နက်မှ ထွက်လာခဲ့ပြီ ဖြစ်ပါတယ်ခင်ဗျား"

ရုတ်တရက်ချက်ချင်းပင် ပင်အမ်လေယာဉ် ၀၀၁ အတွင်းတွင် လက်ခုပ်သံများသည် လေယာဉ်ခန်းတစ်ခုလုံး ပေါက်ကွဲ ဆူညံသွားလေသည်။ ထိုအထဲတွင် သုစန္ဒီ မာယာရီနှင့် ကိန္နရီတို့ လက်ခုပ်သံများလည်း ပါဝင်လေသည်။ သူတို့သားအမိ၏ လက်ခုပ်သံက အခြားခရီးသည်တွေ၏ လက်ခုပ်သံထက် ပိုပြီးကျယ်လောင် ပိုပြီး ကြာရှည်နေတော့သည်။

နေဝင်းပုလိပ်နိုင်ငံတော်ကြီး၏ ဘေးအန္တရာယ်မှ ထွက်ပြေး လွတ်မြောက်လာသူများမှာ သူတို့ချည်း ဟုတ်ဟန်မတူဟု သူမတွေးလိုက်မိလေသည်။ သုစန္ဒီ ပါးပြင်ပေါ်တွင် မျက်ရည်ချောင်းများသွင်သွင်စီးကျနေလေသည်။ စီးပစေလေ. . .

မြန်မာ့ခေတ်

www.nyisay.com



သူမရပ်ဖို့ မကြိုးစားတော့ပါ။ ဝမ်းနည်းလွန်းလို့ ကျနေတဲ့မျက်ရည်တွေလား၊ ဒါမှမဟုတ် ဝမ်းသာလွန်းလို့ကျနေတဲ့မျက်ရည်တွေလား၊ သူမ မသိပေ။ နစ်နစ်နဲနဲ ဝမ်းနည်းနာကျည်းပူဆွေးမှုနှင့် မီးစပြန်ညှိလိုက်သော မျှော်လင့်ချက်တို့ ရောမွှေထားသော ခံစားမှုတို့သည် သူမကို လွှမ်းခြုံထားလေသည်။ သူမ ရင်ထဲတွင် အောင့်သက်လှိုက်မောနေတော့၏။

**နိဂုံး**

နှစ်ပေါင်း ၃၀ ကျော်ကျော် ကြာမြင့်ခဲ့ပြီဖြစ်သော်လည်း သီပေါစော်ဘွား စဝ်ကြာဆိုင် ဖမ်းဆီးချုပ်နှောင်ခံရပြီး ပျောက်ဆုံးသွားမှုကို ဗမာစစ်တပ်က ဘယ်တုန်းကမှ တာဝန်ယူပြီးအသိပေးထုတ်ပြန်ပြောကြားခဲ့ခြင်း မရှိခဲ့ချေ။ စာရေးဆရာက ဗမာအစိုးရ၏ တာဝန်ယူမှုပျက်ကွက်မှုကို စွဲကိုင်ထားပြီး ဆက်လက်ကြိုးပမ်းနေခဲ့သည်။ ဩစတြေးယား၊ ဂရိတ်ဗြိတိန်နှင့် အမေရိကန်အစိုးရတို့က စော်ဘွား၏ကံကြမ္မာအတွက် ထပ်ခါထပ်ခါ စုံစမ်းမေးမြန်းနေခဲ့သော်လည်း ဘာတုန့်ပြန်မှုမှ မရခဲ့ချေ။ ကမ္ဘာ့ကုလသမဂ္ဂ၊ အပြည်ပြည်ဆိုင်ရာ ကြက်ခြေနီအဖွဲ့၊ အပြည်ပြည်ဆိုင်ရာတရားရုံး၊ အပြည်ပြည်ဆိုင်ရာ လွတ်ငြိမ်းချမ်းသာခွင့်နှင့် အခြား နိုင်ငံတကာအဖွဲ့အစည်းတွေက စဝ်ကြာဆိုင်ရှာဖွေရေးအတွက် စာရေးဆရာအား ဘာမှထောက်ပံ့အကူအညီမပေးနိုင်ခဲ့ပါ။ စော်ဘွားကို အကြမ်းဖက်ပြီး လူ့အခွင့်အရေးကို အဆုံးစွန် ချိုးဖောက်ကျူးလွန်ခဲ့မှု ရှိနေခဲ့သော်လည်း နေဝင်းနှင့်သူ့စစ်တပ်သည် သူတို့ပြုလုပ်ခဲ့သည့် အပြစ်အကျိုးဆက်မှ ကင်းလွတ်ခွင့်ရနေခဲ့ကြသည်။ သို့သော်လည်း သူတို့၏ သားကောင် လောလောဆယ်ဖြစ်နေသော ငြိမ်းချမ်းရေးနိုဘယ်လ်ဆုရှင် ဒေါ်အောင်ဆန်းစုကြည်ကြောင့် သူတို့၏ ကိုယ်ပိုင်တိုင်းသူပြည်သားများအပေါ် လူသားဖြစ်တည်မှုကို ဆန့်ကျင်ပြီး ပြစ်မှုများကျူးလွန်ထားမှုကို ကမ္ဘာကအာရုံစိုက်လာအောင် အောင်မြင်စွာဖြင့် မီးမောင်းထိုးပြနိုင်ခဲ့သည်။ ကြင်နာတတ်သော ဗမာလူထုနှင့် နှစ်ပေါင်း ၃၀ ကျော်ကြာအောင် သူတို့ဘဝတွေကို ဖိနှိပ်ချုပ်ချယ် ဖျက်ဆီးခံခဲ့ရသော ရှမ်း၊ ကချင်၊ ကရင်၊ ပလောင်နှင့် အခြားတိုင်းရင်းသားလူမျိုးစုများ အကြောင်းကိုလည်း အာရုံစိုက်လာအောင် ထုတ်ပြန်နိုင်ခဲ့သည်။

❖❖❖

**ပြောဆေး-၂**

၃း၃၅ အေအမ်၊ ၁၆ နိုဝင်ဘာ၊ ၂၀၀၇၊ ပြီးစီး၊ မူဆယ်မြို့။
၉း၀၄ ပီအမ်၊ ၂၉ နိုဝင်ဘာ၊ ၂၀၁၂၊ ပြန်ပြင်ဆင်ပြီး၊ မူဆယ်မြို့။

မြန်မာ့ခေတ်

Inge Sargent (စဝ်သုစန္ဒီ)ကို ၁၉၃၂တွင် ဩစတြီးယားနိုင်ငံ Kärnten ဒေသ၌မွေးဖွားခဲ့ပြီး နာမည်အရင်းမှာ Inge Eberhard ဖြစ်သည်။

ဒုတိယကမ္ဘာစစ်အပြီးတွင် ဩစတြီးယားမှာ ခက်ခဲလာသောကြောင့် အမေရိကန်တွင် ပညာဆက်သင်ရန် ဆုံးဖြတ်ခဲ့ပြီး ၁၉၅၁ ခုနှစ်တွင် Fullbright Scholarship ပညာသင်ဆုရရှိသော ပထမဆုံး ဩစတြီးယား လူမျိုးဖြစ်လာခဲ့သည်။

ကော်လိုရာဒိုတွင် ပညာဆည်းပူးနေစဉ် Colorado School of Mining မှ မိုင်းတူးအင်ဂျင်နီယာကျောင်းသား သီပေါစော်ဘွား စဝ်ကြာဆိုင် နှင့် ဖူးစာဆုံခဲ့ကြပြီး ၁၉၅၃ခုနှစ်တွင် ကော်လိုရာဒိုရှိသူငယ်ချင်းတစ်ဦး အိမ်တွင် လက်ထပ်ခဲ့ကြသည်။

စဝ်ကြာဆိုင် ဘွဲ့ရပြီးနောက် မြန်မာနိုင်ငံသို့ ပြန်လာကြရာ ရန်ကုန် ဆိပ်ကမ်းသို့ သင်္ဘောဆိုက်ကပ်စဉ် ကြိုဆိုသူများကို မြင်တွေ့မှသာ ခင်ပွန်းဖြစ်သူက သီပေါစော်ဘွားဖြစ်ကြောင်း သိခဲ့ရသည်။ သီပေါသို့ ရောက်ပြီး ရိုးရာလက်ထပ်အခမ်းအနားကို ကျင်းပခဲ့ပြီးနောက် မဟာဒေဝီ စဝ်သုစန္ဒီဟူသောရှမ်းအမည်ကို ရရှိခဲ့သည်။ စဝ်သုစန္ဒီသည် မိမိကိုယ်ကို ရှမ်းလူမျိုး၊ ဗုဒ္ဓဘာသာတစ်ဦးအဖြစ်ခံယူခဲ့ပြီး အချိန်အနည်းငယ် အတွင်းမှာပင် မြန်မာ၊ ရှမ်း ဘာသာစကားများကို သင်ယူတက်မြောက် ခဲ့သည်။ သီပေါ ဒေသခံများကလည်း သူမအား ရှမ်းလူမျိုး မဟာဒေဝီ တစ်ဦးအဖြစ် လက်ခံလာကြသည်။

စဝ်သုစန္ဒီသည် ခင်ပွန်းဖြစ်သူနှင့်အတူ တွဲဖက်ကာ သီပေါဒေသ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို တည်ထောင်ရင်း ကိုယ်တိုင်ပါဝင် လုပ်အားပေးကူညီခဲ့သည်။ မာယာရီနှင့် ကိန္နရီအမည်ရှိ သမီးနှစ်ဦး ထွန်းကားခဲ့သည်။

၁၉၆၂ ခုနှစ် စစ်တပ်မှ အာဏာသိမ်းချိန်တွင် သီပေါပြည်နယ် လွှတ်တော်အမတ် အဖြစ် တာဝန်ထမ်းဆောင်နေသော သီပေါစော်ဘွား စဝ်ကြာဆိုင်သည် ဖမ်းဆီးခံခဲ့ရသည်။ စဝ်သုစန္ဒီကိုလည်း အမေရိကန် ထောက်လှမ်းရေးအဖြစ်စွပ်စွဲကာ သမီးနှစ်ဦးနှင့်အတူ ၂ နှစ်ခန့် အကျယ်ချုပ် ချထားခဲ့သည်။

၁၉၆၄ ခုတွင် ဩစတြီးယားသံအမတ်ကြီး အကူအညီဖြင့် မြန်မာ ပြည်မှ ထွက်ပြေးလွတ်မြောက်ခဲ့ပြီး ဩစတြီးယားနိုင်ငံတွင် ၂ နှစ်ကြာ နေထိုင်ခဲ့ပြီးနောက် အမေရိကန်နိုင်ငံ ကော်လိုရာဒိုပြည်နယ်သို့ ပြောင်းရွှေ့လာခဲ့သည်။ ကော်လိုရာဒိုတွင် ကျောင်းဆရာအသိအမှတ် ပြုလက်မှတ်ရယူခဲ့ပြီး Boulder Junior နှင့် Fairview အထက်တန်း ကျောင်းများတွင် ဂျာမန်ဘာသာသင်ဆရာမအဖြစ် ဝင်ရောက်လုပ်ကိုင် ခဲ့သည်။

၁၉၆၈ တွင် Boulderမြို့သား Tad Sargent နှင့် ဒုတိယအိမ်ထောင် ထူထောင်ခဲ့သည်။

၁၉၉၅ တွင် မြန်မာပြည်မှ ဒုက္ခသည်များအား ကူညီရန် Burma Life Line အဖွဲ့ကို ဖွဲ့စည်းခဲ့ပြီး ထိုင်းမြန်မာနယ်စပ်တစ်လျှောက်ရှိ ရှမ်းပြည်တွင်း ရွှေ့ပြောင်းဒုက္ခသည်များအား ကူညီခဲ့သည်။ ၂၀၀၀ပြည့် နှစ်တွင် ကုလသမဂ္ဂမှ ပေးအပ်သည့် United Nations Association International Human Rights ဆုကို ရရှိခဲ့ပြီးနောက် ၂၀၀၈ခုနှစ်မှ စ၍ ရှမ်းပြည်နယ်တိုးတက်ရေးကို ကြိုးပမ်းလျက်ရှိကြသော လူငယ်များ အတွက် စဝ်သုစန္ဒီဆု ဒေါ်လာ (၃၀၀၀) စတင် ချီးမြှင့်ခဲ့ရာ ယခုအခါ (၄) ကြိမ်မြောက်ရှိပြီ ဖြစ်သည်။



စာရေးသူ Inge Sargent (စဝ်သုစန္ဒီ) သည် မြန်မာနိုင်ငံ၊ ရှမ်းပြည်နယ်တွင် (၁၂)နှစ်နီးပါးခန့် နေထိုင်သွားခဲ့သည်။ ၁၉၉၃ ခုတွင် ကျောင်းဆရာမ ဘဝမှ အနားယူပြီးနောက် သူမ၏ ကိုယ်ပိုင် အချိန်များကို စာရေးသားခြင်း၊ ခရီး သွားခြင်းနှင့် ရုံဖန်ရံခါ စာသင်ခြင်း များဖြင့် ဖြတ်သန်းလျက်ရှိသည်။ သူမ၏ မဟာဒေဝီနေ့ရက်များကို Twilight Over Burma: My life as a Shan Princess အမည် ဖြင့် ၁၉၉၄ ခုတွင် ရေးသားထုတ်ဝေ ခဲ့ပြီး ၂၀၀၁ ပြည့်နှစ်တွင် The last Mahadevi အမည်ရှိ မှတ်တမ်းရုပ်ရှင်ကားကို ရိုက်ကူးခဲ့သည်။ ယခုအခါ စဝ်သုစန္ဒီ သည် အမေရိကန်ပြည်ထောင်စုတွင် အေးချမ်းပျော်ရွှင်စွာ နေထိုင်လျက် ရှိသည်။

www.facebook.com/NyisayEbookCreator